# မြန်မာပြည်ရောက်ဗုဒ္ဓသာသနာ

(ဦးသော်ဇင်)

စ

ရ၀၅၉

စာပလွေစာစဉ် ၆

# မြန်မာပြည်ရောက်ဗုဒ္ဓသာသနာ

ဦးသော်ဇင်

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုအမှတ်(၁၇၅၇)

စာပလွေဖြန့်ချိရေး
အခန်း ၇၊ တိုက် ၁၁၆
ရန်ကင်းစာတိုက်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ။ ။ ပထမ အကြိမ်

ထုတ်ဝေနေ့စွဲ ။ ။ ၁၊ အောက်တိုဘာ ၁၉၆၇။

ရိုက်နှိပ်စောင်ရေ ။ ။ ၄၀၀၀။

—

မျက်နှာဖုံး ။ ။ တင်လှဝင်း

ဘလောက် ။ ။ ဘသစ်အင်ဆန်း

အဖုံးရိုက် ။ ။ ကာလာမောင်မောင်လှ (၉၅ လမ်း)

စာအုပ်ချုပ် ။ ။ ညွှန့်ညွှန့်နှင့် မောင်များ

—

ဖြန့်ချိရေး

စာပလွေ စာအုပ်တိုက်

အခန်း ၇၊ တိုက် ၁၁၆

ရန်ကင်းစာတိုက်၊ ရန်ကုန်မြို့။

—

ပုံနှိပ်သူနှင့် ထုတ်ဝေသူ

ဒေါ်သိန်းတင်(၀၂၁၆)၊ ဇေယျာဝတီစာပေတိုက်၊ ရွှေတိဂုံဘုရားကြီးဈေး ရန်ကုန်ကထုတ်ဝေ၍၊ မောင်ကိုဦး (၀၇၃၆) ကုမာရပုံနှိပ်တိုက်၊ (ပုဂံစာအုပ်တိုက် အဆောက်အဦ)၊ အမှတ် ၁၂၃၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က 'ကုမာရစက်' ဖြင့် တာဝန်ခံပုံနှိပ်သည်။

၇၀၅၉

# မာတိကာ


**နိဒါန်း .... .... .... .... ၁၁–၂၇**

တောထွက်ခန်း .... .... .... ၁၃
ဗာရာဏသီသို့ .... .... .... ၁၈

**ဘိက္ခုသံဃာ .... .... .... ၂၉–၉၅**

သေဌေးသား ယသ.... .... .... ၃၁
ဘဒ္ဒ ဝဂ္ဂိယ .... .... .... ၃၄
ကဿပညီနောင် သုံးဦး .... .... ၃၇
သာရိပုတ္တာနှင့် မောဂ္ဂလ္လာန .... .... ၄၁
မဟာကဿပ .... .... .... ၄၅
ကစ္စာယန .... .... .... ၅၆
ဥပါလိနှင့် သကျခြောက်ဦး .... .... ၆၀
သုဒိန္န .... .... .... ၆၇

ရဋ္ဌပါလ .... .... .... .... ၇၀
သေလ ဗြာဟ္မဏ .... .... ၈၁
ကာသိ ဘာရဒွါဇ .... .... ၈၅
အင်္ဂုလိမာလာ .... .... .... ၈၈

**ဘိက္ခုနီသံဃာ** .... .... .... ၉၇—၁၃၅
မဟာ ပဇာပတိ ဂေါတမီ .... .... ၉၉
ပဋ္ဌာစာရာ .... .... .... ၁၀၄
ကိသာ ဂေါတမီ .... .... ၁၁၁
ကုဏ္ဍလ ကေသီ.... .... .... ၁၁၆
ဥပ္ပလ ဝဏ္ဏာ .... .... .... ၁၂၅
ရူပ နန္ဒာ .... .... .... .... ၁၂၈
ရောဟိဏီ .... .... .... ၁၃၃

**ဥပါသကာ** .... .... ၁၃၇-၂၃၀
ဗိမ္ဗိသာရ .... .... .... ၁၃၉
အနာထ ပိဏ္ဍိက .... .... ၁၄၃
ဥပါလိ .... .... .... .... ၁၅၁
သေနာပတိ သီဟ .... .... ၁၆၆
မေဏ္ဍက .... .... .... .... ၁၇၁
သိင်္ဂါလ .... .... .... .... ၁၇၃
ဝေရဉ္စ .... .... ၁၈၃
ပေါတလိယ .... .... ၁၉၀
အဿလာယန .... .... ၁၉၈
အမ္ဗဋ္ဌ .... .... ၂၀၅
သောဏ ဒဏ္ဍ .... .... ၂၂၃

**ဥပါသိကာ** .... ၂၃၁—၂၀၄

သုဇာတာ .... .... ၂၃၃
ဝိသာခါ .... .... ၂၃၅
သာမာဝတီ .... .... ၂၅၂
ဥတ္တရာ .... .... ၂၆၅
သုဘဒ္ဒါ .... .... ၂၇၇
ယက်ကန်းသည်မလေး .... ၂၀၀

**သက္ကနှင့် ယက္ခ** .... .... ၂၀၅—၃၀၀

သက္ကပဥ္ဇာ .... .... ၂၀၇
ယက္ခပဥ္ဇာ .... .... ၂၉၂

**ဒေဝဒတ်** .... .... ၃၀၁—၃၂၁

ပကာသနိယကံ .... .... ၃၀၃
အဖသတ်ရန် .... .... ၃၀၆
လေးသည်တော် .... .... ၃၀၀
ကျောက်တုံးလှိမ့် .... .... ၃၁၀
နာဠာဂိရိဆင် .... .... ၃၁၂
ဥပဒေငါးချက် .... .... ၃၁၄
သံဃဘေဒ .... .... ၃၁၆
နေခင်တ .... .... ၃၁၉

**မဟာပရိနိဗ္ဗာန်** .... .... ၃၂၃—၃၆၀

ရာဇဂြိုဟ် .... .... ၃၂၅
အမ္ဗလဋ္ဌိက .... .... ၃၃၀

နာလန္ဒာ .... .... ၃၃၀
ပါဋလိရွာ .... .... ၃၃၁
ပါဋလိပုတ် .... .... ၃၃၂
ကောဋိရွာ .... .... ၃၃၄
နာဒိကရွာ .... .... ၃၃၅
ဝေသာလီ .... .... ၃၃၆
ဝေဠုရွာ .... .... ၃၃၉
ဘောဂမြို့ .... .... ၃၄၃
ပါဝါပြည် .... .... ၃၄၄
သုဘဒ္ဒ .... .... ၃၅၀
နောက်ဆုံးစကား .... .... ၃၅၄
ပရိနိဗ္ဗာန် .... .... ၃၅၅
ဓာတ်တော်ဝေခန်း .... .... ၃၅၇

## သံဂီတိ ၃၆၁—၄၃၃

သံဂါယနာ .... .... ၃၆၃
ရာဇဂြိုဟ်တွင် .... .... ၃၆၇
အာနန္ဒ .... .... ၃၇၀
ဝိနယ သံဂီတိ .... .... ၃၇၂
ဓမ္မ သံဂီတိ .... .... ၃၇၄
အရှင်ဒါသက .... .... ၃၇၈
အရှင်သောဏက .... .... ၃၈၀
အရှင်သိဂ္ဂဝ .... .... ၃၈၁
ဒုတိယ သံဂီတိ .... .... ၃၈၂
မဟာ သံဂီတိ .... .... ၃၈၅

| | | |
|---|---|---|
| မောဂ္ဂလိ ပုတ္တ တိဿ.... | .... | ၃၈၇ |
| အသောက .... | .... | ၃၉၄ |
| နိဂြောဓ သာမဏေ .... | .... | ၃၉၆ |
| အိမ်ရှေ့မင်း တိဿ .... | .... | ၄၀၀ |
| သာသနာ့အမွေ .... | .... | ၄၀၃ |
| သာသနာ့ဘေးရန် .... | .... | ၄၀၇ |
| ဘာတိယ သံဂီတိ .... | .... | ၄၁၂ |
| သာသနာပြုအဖွဲ့ .... | .... | ၄၁၅ |
| ပေထက် အက္ခရာတင် | .... | ၄၂၆ |
| နာဂသေနနှင့် မိလိန္ဒ.... | .... | ၄၃၀ |
| ဗုဒ္ဓဃောသ .... | .... | ၄၃၁ |

## မြန်မာပြည် .... .... ၄၃၅–၄၉၀

| | | |
|---|---|---|
| တပုဿနှင့် ဘလ္လိက .... | .... | ၄၃၇ |
| ဂဝံပတိ .... | .... | ၄၃၉ |
| ရွှေစက်တော် .... | .... | ၄၄၁ |
| ရှင်အရဟံ .... | .... | ၄၄၂ |
| သုဘဒ္ဒာဒေဝီ .... | .... | ၄၄၇ |
| နန္ဒဂူ .... | .... | ၄၅၀ |
| ဥတ္တရဇီဝနှင့် ဆပဒ .... | .... | ၄၅၁ |
| စွေယ်ရှင် .... | .... | ၄၅၂ |
| မြန်မာဖြစ် ပါဠိသဒ္ဒါ | .... | ၄၅၅ |
| ပလောင် ရှင် ကဿပ | .... | ၄၅၆ |
| တက်သေးသူမြတ် .... | .... | ၄၅၇ |
| သံပြင်ဋီကာ .... | .... | ၄၅၈ |

ကျစ္စာမင်းကြီး .... .... ၄၅၈
ဒိသာပါမောက္ခ .... .... ၄၅၉
ရှင်ယောင်အရည်း .... .... ၄၆၁
လက်ဝှေ့သတ်ရဟန်းကြီး .... .... ၄၆၂
ဆူးတွင်းပစ်ဆရာတော် .... .... ၄၆၃
ရှင်ခေမာစာရ .... .... ၄၆၅
သံဃရာဇာ မင်းဆရာ .... .... ၄၆၆
ပင်းယ စာကြို သူမြတ် .... .... ၄၆၇
ရေငုံဘုန်းကြီးနှင့် အရိယဝံသ.... .... ၄၆၈
သာချင်းသည် .... .... ၄၇၂
တောင်ငူ ရှင် တိသာသန ဓဇ.... .... ၄၇၃
တူးရှမ်းတောင်ခြေနေ ဘုန်းကြီး .... ၄၇၆
သာမဏေကျော် ပဍ္ဍင်းကျောင်း .... ၄၇၈
သံဃရာဆရာတော် .... .... ၄၈၀
ရေနံ့နတ်စက်ရောင် .... .... ၄၈၁
အိမ်သာတက်သော စည်းစိမ်.... .... ၄၈၂
လူထွက်မည့် ရဟန်းပျို .... .... ၄၈၃
ရွှေဥမင်နှင့် တောင်ဘီလာ .... .... ၄၈၅
တင်ဂိုဏ်း ရှုံဂိုဏ်း .... .... ၄၈၆

နိဂုံး .... .... ၄၉၁–၄၉၈

သာသနာကွယ်ခြင်း .... .... ၄၉၃

သစ္စာလေးပါး အမှန်တရားကို
ကိုယ်တိုင်ထင်ထင် သိမြင်တော်မူသော
အထူးပူဇော်ခံတော်မူထိုက်သော
ဘုန်းတော်သခင် ဘုရားရှင်အား
ရှိသေမြတ်နိုး ရှိခိုးပြီး၍
လူငယ်အများ စီးပွားဖြစ်စေရန်
ပိဋကစာပေ အထွေထွေတို့မှ
ရွေးချယ်တီထွင် စီရင်ပါသော
ဗုဒ္ဓသာသနာကျမ်း ကြိုးပမ်းပါအံ့။

—သော်ဇင်

ငါအလိုရှိပါက ယခုပင် ဘဝသံသရာမှ
လွတ်မြောက်နိုင်ပါ၏။ သို့ရာတွင်
မိမိ အား အစွမ်းကို သိသောသူဖြစ်လျက်
ဘယ့်ကြောင့် တကိုယ်တည်းကျူးမည်နည်း။
သတ္တဝါတို့သည် ဘဝသံသရာရေလျဉ်ကြောတွင်
မြော၍နေကြရလျက် ဆင်းရဲဒုက္ခအထပ်ထပ်ကို
အဆက်မပြတ် ခံနေကြရ၏။ ငါသည် ထိုသနားစရာ
သတ္တဝါတို့ကို ဘဝသံသရာမှ ထုတ်ဆောင်ကယ်တင်ရန်
ဗုဒ္ဓအဖြစ်သို့ ရောက်အောင်ကျင့်ပေအံ့။

—သုမေဓ

# နိဒါန်း

# တောထွက်ခန်း

ခရစ်တော်မပေါ်မီ ၆၂၃ နှစ်။
နီပေါလ်နယ်၏ တောင်ဘက် နယ်စပ်ဒေသ။

ရောဟိဏီမြစ်၏ အနေ့ာက်ဖက်ကမ်းပေါ်၌ သာကီဝင်မင်းတို့၏ ကပိလဝတ္ထု နေပြည်တော်ရှိ၏။ ထိုပြည်တွင် သုဒ္ဓောဒန မင်းကြီး အုပ်ချုပ် မင်းပြုလုပ်၏။ သူ့အား မာယာနှင့် ပဇာပတိ ဟူသော မိဖုရားနှစ်ပါး ရှိ၏။ မင်းကြီး အသက် ၄၅ နှစ်တွင် မာယာဒေဝီအား ပဋိသန္ဓေ တည်၏။ ဖွားမြင်ရန် အချိန်နီးသောအခါ မာယာဒေဝီသည် သူ၏ မိဘရပ်ထံဖြစ်လော ကောလိယ မင်းတို့၏ နေပြည်တော် ဒေဝဒဟသို့ သွားလိုကြောင်း မင်းကြီးအား ပန်ကြား၏။ မင်းကြီးသည် ကပိလဝတ်မှ ဒေဝဒဟတိုင်အောင် ခရီးလမ်း အစီအစဉ်ကို ကောင်းစွာ စီရင်ပေး၏။ သို့ရာတွင် မိဖုရားကြီးသည် ဒေဝဒဟသို့ မရောက်တော့ချေ။ လမ်းခရီးအကြား လုမ္ဗိနီ ဥယျာဉ်အတွင်း အင်ကြင်းပင် အောက်မှာပင် သားတော်ကလေး ဖွားမြင်ခဲ့လေသည်။ သားဖွားပြီးနောက် မာယာဒေဝီ

သည် လူ့ပြည်တွင် ကြာရှည်စွာ မနေရတော့ချေ။ ရက်သတ္တတ ပတ်အတွင်းမှာပင် နတ်ရွာ စံခဲ့ရလေ၏။

သားတော်ကို သိဒ္ဓတ္ထဟု အမည်ပေးပြီး မိထွေးတော် ပဇာပတိဂေါတမီက သားအတူ မွေးမြူ၏။ သိဒ္ဓတ္ထသည် ငယ်စဉ်ကပင် လျှပ်မြန်ဖျတ်လတ်သော ဉာဏ်ရှိ၏။ အရာရာတွင် ဆင်ခြင် စဉ်းစားတတ်သော အလေ့ရှိပြီး၊ ဆိတ်ငြိမ်ရာ အရပ်ကိုလည်း နှစ်သက် မြတ်နိုး၏။ ဤဝါသနာသည် မည်သည့်ဘက်သို့ သွဲ့ဆောင်သွားမည်နည်းဟု ခမည်းတော်မင်းကြီး တွေး၍ ပူဆွေး၏။ ထို့နောက် အရွယ်သို့ ရောက်သောအခါ မင်းကြီးသည် အမတ်တို့နှင့် တိုင်ပင်ပြီး သိဒ္ဓတ္ထအား ကောလိယမင်းသမီး ယသောဓရာနှင့် ထိမ်းမြားပေးကာ နန်းတင်လိုက်လေ၏။

တပက်တွင် ပြည်စုံကြွယ်ဝသော ခမည်းတော်၊ မယ်တော်၊ ဇနီးတော်၊ မျိုးတော်စသော အခြံအရံ အသိုင်းအဝိုင်းတို့၏ မွေ့လျော်ဘွယ်တို့ဖြင့် ခံပယ်နေသော ဘဝဖြစ်၏။ အခြား တဖက်တွင် တွေးခေါ် မြော်မြင် ဆင်ခြင် စဉ်းစားမှုတို့ဖြင့် ပြည့်နက်နေသော လှုတ်မြောက်မှု ဖြစ်၏။ သို့ရာတွင် မွေ့လျော်ဘွယ်အတိပြီးသော ဘဝသည် သူ၏ လွတ်မြောက်ရေး အတွေးကို ပြောင်းလဲမပစ်နိုင်ချေ။

တနေ့ သိဒ္ဓတ္ထသည် ရထားဖြင့် ဥယျာဉ်သို့ ထွက်ရာ လမ်းတွင် တောင်ဝှေး အကူအညီဖြင့် ကြိုးစားကာ သွားနေသော အဖိုးအိုတယောက်ကို တွေ့ရ၍ ရထားထိန်းအား မေး၏။

“အချင်း ဆန္နက၊ သူ ဘာဖြစ်နေသနည်း။ သူ ဘယ့်ကြောင့် ကောင်းမွန်စွာ မသွားသနည်း။ ဆံပင်တို့လည်း ဝါဂွမ်းဆိုင်သဖွယ် ဖြစ်နေ၏။ သူ ဘယ့်ကြောင့် တုန်တုန် ချည့်ချည့် ဖြစ်နေသနည်း”

"ရာဇာကုမာရ၊ သူသည် ရှေးအခါက ဤကဲ့သို့ မဟုတ်ပါ။ ငယ်ရွယ်စဉ် အခါက သင်ကဲ့သို့ပင် အမိန့်ကို သောက်စို့ လာခဲ့ပါ၏။ ပျို့ရွယ်သောအခါကမူ လေး လက်နက်တို့ကို ပစ်ခတ် လာခဲ့ပါ၏။ ယခုအခါ အိုမင်း မစွမ်း ဖြစ်နေပါ၏"

"ဆန္နက၊ လူတိုင်းပင် ဤသို့ အိုမင်း မစွမ်း ဖြစ်ကြမည်လော"

"မှန်ပါ၊ ရာဇာကုမာရ။ လူတိုင်း၏ အစဉ်အလာ ဖြစ်ရိုး ဖြစ်စဉ် ဓမ္မတာ သဘာဝ ဖြစ်ပါ၏"

"သို့ဖြစ်လျှင် ဆန္နက ရထားကို ပြန်လှည့်ပါလော့။ ငါ ဥယျာဉ်သို့ မသွားချင်တော့ပါ။ နန်းတော်သို့ ပြန်ကြပါစို့"

အိုမင်းမစွမ်းသော သဘောတရားသည် သူ၏ စိတ်ကို အပြင်းအထန် နှိပ်စက်တော့၏။ အိုခြင်းရှိလျှင် မအိုခြင်းလည်း ရှိရမည်ဟူသော သဘာဝကို သူ ဆက်လက်စဉ်းစား၏။ သို့ရာတွင် အဖြေမပေါ်ချေ။ ချာချာလည်နေ၏။ သို့ဖြင့် တနေ့တွင် ဥယျာဉ်သို့ ထွက်ပြန်ရာ လမ်းတွင် သေလုနီးပါး ဝေဒနာ ခံစားနေရသော သူနာတဦးကို တွေ့မြင်ရပြီး၊ တတိယအကြိမ်တွင် သေနေသော အလောင်းကို တွေ့မြင်ရ၏။

'လောကတွင် အိုခြင်း၊ နာခြင်း၊ သေခြင်းသာ ရှိသလော။ မအို၊ မနာ၊ မသေသော နည်းလမ်း မရှိနိုင်ဘူးလား။ အပူရှိသကဲ့သို့ ဆန့်ကျင်ဘက် အအေး ရှိ၏။ ထို့အတူ အိုခြင်း၊ နာခြင်း၊ သေခြင်း ရှိလျှင် မအို၊ မနာ၊ မသေလည်း အမှန်ပင် ရှိရမည်' ဟု စဉ်းစားလျက် စတုတ္ထအကြိမ် ဥယျာဉ်သို့ ထွက်ပြန်ရာ လွန်စွာငြိမ်သက် တည်ကြည်လှသော ရသေ့တဦးကို ဖူးတွေ့ရ၏။ ရသေ့သည် သစ်ပင်ရင်းတွင် ဘည်ငြိမ်စွာ ထိုင်နေ၏။ ရှေ့တွင် လွန်စွာ ကြည်လင်သော စမ်းရေလျှဉ်သည် လှပစွာ စီးဆင်းနေ၏။ ပတ်ဝန်းကျင်တွင်လည်း အရောင်မျိုးစုံ ဖူးပွင့်နေသော သစ်ပင်တို့နှင့်

ကျေးငှက်မျိုးရိုသို့ မေ့ထုံ့နေကြ၏။ သို့ရာတွင် ရသေ့သည် ထိုအလုပ်အပ အခြားတို့ကို သုံးသပ်နေပုံမရချေ။ သူ၏စိတ်သည် ရေကဲ့သို့ ကြည်၍ သူ၏ သမာဓိမှာ မြေကဲ့သို့ ခိုင်ခန့်ပုံ ရလေသည်။

ထိုရသေ့ကို တွေ့ရသောအခါ သိဒ္ဓတ္ထသည် သူ၏ မအိုမနာ မသေ ပြဿနာအတွက် အဖြေရှာရေး လမ်းစရ၍ ခိုင်ခန့်စွာ ဆုံးဖြတ်လိုက်၏။ ထိုရသေ့ကဲ့သို့ကျင့်ကာ မအို မနာ မသေနိုင်သည့် အကြောင်းကို ရှာဖွေရန်ပင် ဖြစ်၏။

မင်းသားအတွက် ဘယ်မျှကြီးမားသောစင်ပွဲဖြစ်မည်နည်း။တဘက်တွင် ပဇာပတိ ဂေါတမီ အပေါ် တွယ်တာနေသောအမေဟူသော အချင်၊ လှကလျာ ယသောဓရာ၏ လင့်အပေါ် တာဝန်ကျေပွန်ခြင်း၊ အလှန်တရာ ချစ်ရှာကောင်းသော သားတော် ကလေး၊ ထို့ပြင် နန်းမ သုံးဆောင်၏ ထွန်းလင်းတောက်ပြောင်သော ပျော်မွေ့ဖွယ်ရာ အဖြာဖြာတို့ ဖြစ်လျက်၊ အခြားတဖက်တွင် မထင်မရှား လှုပ်ရှား တောက်ပနေသော နိဗ္ဗာန ဖြစ်၏။ သို့ရာတွင် မင်းသား၏ ထက်မြက်သော အမြော်တရားသည် ချစ်ခင်စွဲလမ်းဖွယ်ရာ အဖြာဖြာကို အနိုင်ယူသွားလေ၏။ သူသည် တညတွင် ရထားထိန်း ဆန္နကကို ခေါ်ပြီး ကဏ္ဍကမြင်းဖြင့် တိတ်တဆိတ် နေပြည်တော်မှ ထွက်ခွာသွားလေ၏။

မထင်မရှား မင်းသားသည် သာကီဝင်တို့၏နယ်မှ ထွက်ခွာ၍ မလ္လာမင်းတို့၏နယ်တွင် လှည့်လည်ပြီး ဂင်္ဂါမြစ်ကိုကူးကာ ရာဇဂြိုဟ်သို့ သွားလေ၏။ လမ်းတွင် အာဠာရ၊ ဥဒကနှင့် အခြားသော ရသေ့ အများအပြား တွေ့ကြုံခဲ့ရ၏။ သို့ရာတွင် သူတို့၏ ကျင့်စဉ်နှင့် နည်းတို့သည် သိဒ္ဓတ္ထ၏ မွတ်သိပ်နေသော စိတ်နှလုံးကို ငြိမ်းအေးရန် မစွမ်းနိုင်ချေ။ သူလိုချင်သော ပြဿနာအဖြေကို

မရသဖြင့် ထိုမှထွက်ခွာခဲ့၍ ရာဇဂြိုဟ်သို့ ရောက်သောအခါ ဗိမ္ဗိသာရမင်းက သူ့အား ဖိတ်ကြား၏။

"ချစ်သား၊ သင်၏အရွယ်မှာ နုနယ်လှပါသေး၏။တောထွက်ရန် အခါမဟုတ်သေးပါ။ ကာမစည်းစိမ် ခံစားရန် အကောင်းဆုံးအချိန်ဖြစ်၍ သင်၏ မိဘရပ်ထံ ကပိလဝတ်သို့ ပြန်လိုက ပြန်ပါ။ သို့မဟုတ် ငါ၏ထံတွင် ပျော်စံ၍နေပါ။ ငါ၏တိုင်းပြည် တဝက်သည် သင့်အတွက် ဖြစ်ပါစေ"

မင်းသားသည် တောတောင် ကန္တာရတွင် တွေ့ကြုံ ခံစားရမည့်ဒုက္ခကို မသိမဟုတ်ချေ။ ထိုဒုက္ခတို့ကို သူ ကောင်းစွာ ခံစားပြီး ဖြစ်၏။ သို့ရာတွင် ဗိမ္ဗိသာရ၏ တောင်းပန်ချက်သည် ရင့်ကျက်သော ကိုယ်ပိုင် ဆုံးဖြတ်ချက်ကြောင့် လမ်းကြောင်း လွှဲပြောင်းရန် မစွမ်းနိုင်ချေ။ မင်းသားအတွက် အဖြေတချက်သာ ရှိ၏။ ယင်းမှာ ဗုဒ္ဓဖြစ်ခြင်းပင်တည်း။

မင်းသားသည် ရာဇဂြိုဟ်မှ ထွက်ခွာခဲ့ပြီးလျှင် ဂယာအရပ်ရှိ တောတောင်ထူထပ်သော နေရာများသို့ ကြွသွား၏။ နေရဉ္ဇရာ မြစ်ကမ်းပါး ဥရုဝေလ တောအုပ်တွင် ခြောက်နှစ်တိုင်မျှ အကျင့်မျိုးစုံကို အကုန်ကျင့်၏။ အစာ အာဟာရကိုပင် ဖြတ်၍ကျင့်၏။

'ငါ၏ အရေအကြောတို့သာ ကျန်ပါစေ။ အသွေးအသားတို့ ခန်းခြောက်ပါစေ။ ဗောဓိဉာဏ်ကိုမရလျှင် ဤနေရာက ငါမထတော့။'

သူသည် အကျင့်မျိုးစုံတို့ကို အထွတ် အထိပ် ရောက်အောင် စမ်းသပ်ပြီးနောက် သူ၏ ကြမ်းတမ်းသော အလေ့ဝါသနာတို့ အပေါ် အောင်မြင်မှုကို ရခဲ့လေ၏။

'ဘဝသံသရာတွင် လှည့်လည်ကာ ခန္ဓာအိမ်ဆောက်
လုပ်သော လက်သည်ကို ငါရှာဖွေခဲ့၏။ ဆင်းရဲဒုက္ခ အ

မျိုးမျိုး ခံခဲ့ရ၏။ ယခု ငါ သူ့ကို တွေ့ပါပြီ။ ဟယ် လက်သမား၊ သင် နောက်ထပ် အိမ်ဆောက်ရတော့မည် မဟုတ်ပါ။ သင်၏ အိမ်အဆောက်အဦများကို ငါ ဖျက်ဆီးပစ်လိုက်ပြီ။ ငါ့မှာ တွယ်တာမှု မရှိတော့ပါ။'

သူသည် တယောက်ကောင်း နေလိုက သူ ရှာဖွေတွေ့ရှိသော ဗောဓိဉာဏ်ဖြင့် ချမ်းသာစွာ နေနိုင်လေပြီ။ သို့ရာတွင် သူ၏စိတ်နှလုံးသည် သတ္တဝါအများ၏ ကောင်းကျိုးချမ်းသာအတွက် လှုပ်ရှားနေလေ၏။

× × ×

## ဗာရာဏသီသို့

သိဒ္ဓတ္ထမင်းသားသည် ဗုဒ္ဓ အဖြစ်သို့ ရောက်သောအခါ သတ္တသတ္တာဟခေါ် ခုနစ်ရက် ခုနစ်လီ စံတော်မူလေ၏။ ထိုအတွင်း အဇပါလခေါ် ဆိတ်ကျောင်း ညောင်ပင်တွင် စံနေစဉ်အခါ မိမိ တွေ့မြင်သော ဓမ္မတရားနှင့် လောကသားတို့ကို ဆက်စပ်လျက် စဉ်းစား၏။

'ဘဝများစွာ သံသရာ ကာလပတ်လုံး၊ ပါရမီဆယ်ပါးကို ဆည်းပူးခဲ့သောကြောင့် ငါသည် ယခုအခါ ဗုဒ္ဓအဖြစ်သို့ ရောက်ခဲ့ပေ၏။ အလွန် ခက်ခဲစွာ ဖြည့်ကျင့်လေသောကြောင့် ဤဘဝ သံသရာ၏ ကြောင်းကျိုးဆက် သဘောတရားကို တွေ့မြင်ရခြင်း ဖြစ်၏။ ဤသဘောတရားမှာ လွန်စွာ သိမ်မွေ့ နက်နဲ၍ သိမြင်နိုင်ရန် ခဲယဉ်းလှပေ၏။ လောကသားတို့မှာ လောဘ ဒေါသ မောဟတို့၏ နှိပ်စက်ခြင်းဒဏ်ကို အပြင်းအထန် ခံနေကြရ၍ သူတို့သည် ဤကြောင်းကျိုးဆက် သဘာဝကို တွေးဆရန် အခွင့်မရ

ကြချေ။ လောက၏ အခိုက်အတန့် အပျော်အပါးတွင် နစ်မြုပ်နေကြ၏။ အကယ်၍ သူတို့အား ဤသဘာဝတရားကို ဟောကြားပါသော်လည်း သူတို့၏အသဲနှလုံးတို့ ရောက်လိမ့်မည် မဟုတ်ချေ။ ဘဝသံသရာတွင် အကြောင်းကို ကြီးစိုးသူ အလွန်တွေ့နိုင်ခဲလှပေ၏။ ဝါသနာစရိုက်ကို တိုက်လှန်ပြီးသူသည်သာ လွတ်မြောက်ခြင်း တန်ခိုးကို ကြီးစိုးနိုင်၏။ ဤကဲ့သို့သော သူသည်သာ ကြောင်းကျိုးဆက် သဘာဝကို သိမြင်၍ ငြိမ်းအေးခြင်း သန္တိသုခကို တွေ့မြင်နိုင်၏။ ရာဂ ဒေါသ မောဟတို့ နှိပ်စက်ခြင်းကို အပြင်းအထန် ခံနေရသောသူသည် ကြီးစိုးသူ မဖြစ်နိုင်ချေ။

ထိုသူတို့သည် ငါ၏ အလင်းရောင်သစ် ဖြစ်သော သဘောဉာဏ်ကိုလည်း သိကြမည် မဟုတ်ချေ။ ဤကဲ့သို့သော သူတို့အား ဥပဒေသ ပေးခြင်းမှာ အချည်းနှီးသာတည်း။ ယခုအခါ ငါသည် ဘယ်သို့ လုပ်ရပါမည်နည်း။ လေးနက်သော သဘောတရားကို လက်ခံနိုင်မည့်သူ ဘယ်မှာနည်း။ လောကသားတို့သည် မောဟမြူ ရှုသွပ်နေကြ၏။ သူတို့၏မျက်လုံးတွင် မောဟ ဖုံးကွယ်နေ၏။ သူတို့သည် လောကအပေါ်သို့ ကျော်၍ မမြင်ကြချေ။ ခွေးတိရစ္ဆာန်သည် ခြောက်သွေ့သော အမဲရိုးကိုဝါးပြီး သူ၏ သွားချေးပြင့်ပင် အာသာပြေနေသကဲ့သို့ မျက်မှောက် လောကသားတို့လည်း ထိုနှင့် မခြားကြချေ။ သူတို့သည် စင်စစ် သနားစရာများဖြစ်ကြ၏။ လေးနက်သော ကြောင်းကျိုးဆက် သဘောတရားကို စိတ်ဝင်စားခြင်း မရှိကြချေ။ ခက်ခဲစွာ ရှာဖွေတွေ့ရှိသော သစ္စာတရားတို့သည် ငါနှင့်အတူ တကွပင် ကွယ်ပျောက်တော့မည်လော။ လောကတွင် ထင်ရှားသော ပညာရှိ ကဝိသုခမိန်တို့သည် အစဉ်အလာ၏ ပူဇော်ခြင်း၊ ပိုက်ကွန်တွင် နှောင်ဖွဲ့ခြင်း ခံနေကြရ၏။ သာမန် လူတန်းစားများလည်း လေးနက်သော သဘောတရား

ရေး ဆိုင်ရာတို့ကို ဂရုမပြု လျစ်လျူရှုနေကြ၏။ သို့ကြောင့် ထို နှစ်ဦးလုံးပင် စင်စစ် ကြီးစိုးသူ မဖြစ်နိုင်ချေတကား'

ဗုဒ္ဓသည် ဤသို့ စဉ်းစားနေစဉ် ရုတ်တရက် လျှပ်ပြက်လိုက် သကဲ့သို့ သူ၏စိတ်တွင် ဥဒက (ရုဒြက)မည်သော ရသေ့ကြီး ပေါ်ပေါက်လာ၏။ ထိုအခါ သူ၏ အသဲနှလုံးသည် နှစ်သက် ကြည်နူးခြင်း ရသတွင် နစ်မြုပ်သွား၏။ 'ဥဒကကား အသက်ကြီး လေပြီ။ စောင့်စည်းခြင်း သံယမတရား အပြည့်အဝ ရှိသော ယောကျ်ားဖြစ်၏။ သူ၏ အသဲနှလုံးသည် ကာလကြာမြင့်စွာ အ ကျင့်တပဖြင့် ထုံမွမ်းထားသောကြောင့် သန့်ရှင်း စင်ကြယ်နေ၏။ သူ့ကို နှောင်ဖွဲ့ထားသော အကုသိုလ်တရားတို့မှာ အင်အား မရှိ တော့ချေ။ သူ၏ ဉာဏ်အမြင်လည်း စင်ကြယ်နေ၏။ သူသည် အ မှန်စင်စစ် ဤလွတ်မြောက်ရေး လမ်းစဉ်ကို တွေးဆနိုင်ပေလိမ့် မည်'

ဗုဒ္ဓသည် ဤသို့လျှင် ဥဒက၏ အကြောင်းကို ပြန်ပြောင်း စဉ်းစားပြီးလျှင် သူ့ထံသို့ သွားရန်အတွက် ယခုအခါ သူ ဘယ် မှာ နေသည်ကို စူးစမ်းထောက်လှမ်း၏။ သို့ရာတွင် ဥဒကသည် လူ့ပြည်လောကမှာ မရှိတော့ချေ။ ကွယ်လွန်ခဲ့လေပြီ တကား။

"အို ဥဒက၊ သင်ကား ဆုံးရှုံးခဲ့လေပြီ။ သင်သည် ဤလောက မှကြာမြင့်စွာ ထွက်ခွာသွားပြီဖြစ်၍ ငါ၏လေးနက်သော သဘော တရားတို့ကို သင် မနာကြားရတော့ပေ။ သင်သည် အကယ်၍ အ သက်ထင်ရှား ရှိဘိမူ ငါ၏ အလင်းရောင်သစ်ကို အဘယ်မျှ နှစ် သက် ကြည်နူးမည်နည်း"

ဤသို့ မြည်တမ်းပြီးနောက် ဗုဒ္ဓသည် ဆက်လက်၍ စဉ်းစား ပြန်၏။

'ဥတ္တမ(အမြတ်)ကို မရလျှင် မဇ္ဈိမ(အလတ်)ကို မှီဝဲအပ်၏။ အလတ်တန်းလည်း အလတ်တန်း အလျောက်ပင် ငါ၏ ဥပဒေသကို သဘောပေါက်ထိမ့်မည်။သဘောပေါက်သလောက်လည်း အကျိုး ပြီးမြောက်နိုင်၏။သို့ဖြင့် ငါ၏ အလင်းရောင်သစ်လည်း အဆက်ဆက် ထွန်းရစ်ပေတော့မည်။'

ဗုဒ္ဓသည် ဤသို့ စဉ်းစားပြီးလျှင် ဒုတိယ သင့်လျော်မည့်သူကို စူးစမ်းပြန်၏။ ချက်ချင်းပင် အာဠာရ အမည်ရှိသော ရသေ့ သူတော်စင်ကို သွား၍မြင်၏။ ဤရသေ့သည် ဥဒကကဲ့သို့ ထိပ်တန်းစားကား မဟုတ်ချေ။ သို့ရာတွင် သာမည ရသေ့များနှင့် မနှိုင်းယှဉ်နိုင်လောက်အောင်ဂုဏ်မြောက်သူဖြစ်၏။ဥဒကမရှိလျှင် သူပင် ထိပ်တန်းဖြစ်၏။ ဗုဒ္ဓသည် သူ၏ အသစ်ဖြစ်သောဓမ္မကို အာဠာရ အား ညွှန်ပြ ထွန်းလင်းစေရန် ဆုံးဖြတ်လိုက်၏။ ထို့နောက် အာဠာရကို စူးစမ်းရာ မကြာမီကပင် ကွယ်လွန်သွားကြောင်း သိရ၍ ဗုဒ္ဓမှာ မျှော်လင့်စရာမရှိအောင် ဖြစ်သွား၏။သူ၏စိတ်သည် အတွယ်အတာ အကွယ်အကာမရှိသော ကောင်းကင်တွင် လွင့်သကဲ့သို့ ဖြစ်သွား၏။

"ငါတကိုယ်တည်းပင် ဤလွတ်မြောက်မှု ရသကို ခံစားနေတော့မည်လော။ သို့ဖြစ်လျှင် ငါသည် သာမညလူစားနှင့် အဘယ်မှာ ခြားနားတော့မည်နည်း။ သတ္တဝါတို့သည် အဆုံးအပိုင်း မရှိသော ဆင်းရဲဒုက္ခကို ခံစားနေကြရ၏။ ငါမူ အစဉ်ထာဝရ နှစ်သက်ဖွယ် အတိပြီးသော လွတ်မြောက်ခြင်း သုခချမ်းသာ ခံစားနေ၏။ သတ္တဝါအများ ဆင်းရဲဒုက္ခ ရောက်နေကြပြီး ငါ တယောက်တည်း လွတ်မြောက်နေသဖြင့် ဘယ်အကျိုး ရှိအံ့နည်း။ သို့ဖြစ်ပါလျှင် မြတ်သောရည်ရွယ်ချက်သည် ဘယ်မှာနည်း။ ရှေးအခါက မကြားဘူးသော တရားထူးကို ငါ ရရှိထား၏။ ထိုတရား

သည် သတ္တဝါတို့ကို ရှင်ပြုံး နှစ်သက်စေနိုင်၏။ သို့ဖြစ်ပါလျှင် သတ္တဝါများ၏ အကျိုးစီးပွားအတွက် မဖြစ်ပါလျှင် သင့်တော်ပါမည်လော။ သို့ရာတွင် ယခုအခါ ဘယ်သူ့အား ဟောကြားရပါမည်နည်း။ စဉ်းစားဝေဘန်ဉာဏ် မရှိသူအား ဥပဒေသ ပေးခြင်းမှာ မမှန်ချေ။ ကျတ်တီးမြေပြင်မှာ စိုက်ပျိုးသော မျိုးစေ့သည် အသီးမသီးနိုင်သကဲ့သို့ ဝေဘန်ဉာဏ် မရှိသူတို့အား လေးနက်သော သဘောတရားပေးခြင်းမှာ အချည်းနှီးသာတည်း။လူတို့သည် မကောင်းမှုတို့တွင် နှစ်မြုပ်နေကြ၏။ သူတို့တွင် ဖုံးကွယ်နေသော မောဟကို အဘယ်ပုံ ဖယ်ရှားပြီး အမှန်တရားကို ညွှန်ကြားပါရမည်နည်း။

ဗုဒ္ဓသည် တတိယအကြိမ်မြောက် စဉ်းစားပြန်ရာ သူ၏ တပည့်များ ဖြစ်ခဲ့ဘူးသော ငါးဦးသောသူ (ပဥ္စဝဂ္ဂိယ)တို့အား သွား၍ သတိရ၏။သူတို့သည် တရံသောအခါက သိဒ္ဓတ္ထနှင့်အတူ ဥရုဝေလတောအုပ်တွင် နေကြလျက် သိဒ္ဓတ္ထအား မျှော်လင့်ကြီးစွာဖြင့် လုပ်ကျွေး ပြုစုခဲ့ကြ၏။ သို့ရာတွင် သိဒ္ဓတ္ထသည် အာဟာရဖြတ်သော ပြင်းထန်လွန်းလှသည့် လမ်းစဉ်အကျင့်ကို စွန့်ခွာ၍ မလျော့လွန်း မတင်းလွန်းသော အလယ်လမ်း (မဇ္ဈိမ ပဋိပဒါ)သို့ လိုက်သောအခါ သူတို့သည် မကျေမနပ်ဖြစ်ကြပြီး ဗာရာဏသီပြည်အနီး ဣသိပတန အမည်ရှိသော မိဂဒါယ(မိဂဒါဝုန်)တောသို့သွားနေကြ၏။ သူတို့ကို သတိရသောအခါ ဗုဒ္ဓ၏ အသဲနှလုံးမှာ မျှော်လင့်ချက်ဖြင့် တဖန် လှုပ်ရှား၍ လာပြန်၏။

'ပထမနှင့် ဒုတိယ'မရှိလျှင် တတိယသည် မှန်မြတ်သော ဥတ္တမဖြစ်၏။ သူတို့ထံသွားပြီး ငါ၏ တရားအသစ်ကို ဖွင့်လှစ်ရပါမူ ကောင်းလေစွ။ စင်စစ် သူတို့၏အသဲနှလုံးမှာ သာမညလူတို့၏ အသဲနှလုံးထက် သန့်ရှင်း၏။ စိတ်ဖြူစင်၏။ ငါ၏ ဥပဒေသကို ခံယူ

နိုင်လိမ့်မည်။ ထိုမှတပါး အခြားသူတို့ကား ငါ၏ဒေသနာကို အယူဝါဒကို လက်ခံနိုင်လောက်သော အသဲနှလုံး မရှိကြချေ'

ဤသို့ စဉ်းစားပြီးလျှင် ဗုဒ္ဓသည် သပိတ်သင်္ကန်းကိုယူပြီး သူတို့ရှိရာ ဗာရာဏသီပြည်ဘက်သို့ ခရီးထွက်ခဲ့လေ၏။ မဟာဗောဓိနှင့် ဂယာ၏အကြားသို့ ရောက်သောအခါ အာဇီဝက ဂိုဏ်းသားတဦးဖြစ်သော ဥပက အမည်ရှိသော ပုဂ္ဂိုလ်နှင့် တွေ့ကြုံ၏။

ဥပကသည် ဗုဒ္ဓ၏ ထွန်းလင်းတောက်ပသော ရုပ်သွင်ကို တွေ့မြင်ရသောအခါ အလွန် ကြည်လင် အံ့ဩသွား၏။ သူသည် ရှေးအခါက ဤကဲ့သို့ ထွန်းလင်းတောက်ပသော ရုပ်သွင်ကို တခါမျှ မတွေ့မမြင်ဘူးချေ။ အလှအပတွင် ယေဘုယျအားဖြင့် ဒေါသမာန ရှိတတ်သော်လည်း ဤပုဂ္ဂိုလ်၏ အလှကား သိရိကျက်သရေ ရှိ၏။ မေတ္တာ ကရုဏာတို့ဖြင့် အေးမြ ငြိမ်သက်နေရကား သူ၏ သဒ္ဓာတရား လှုပ်ရှား ထက်မြက်သွား၏။

“အရှင်၊ သင်၏ မျက်နှာလဝန်းမှာ ထွန်းလင်းတောက်ပ အေးမြပေစွ တကား။ ကြည်နူးဘွယ်အပြည့် တွေ့မြင်ရပါ၏။ သို့ကြောင့် သင့်အား မြတ်သောဉာဏ်အမြင်နှင့် စပ်ယှဉ်သူဟု ငါ ယူဆ၏။ သင်သည် ဘယ်သူ၏ထံမှ ဤမှန်မြတ်သော အသိဉာဏ်ကို ရခဲ့ပါသနည်း”

မှန်မြတ်သော အသိဉာဏ်ရှိသူတို့သည် ထွန်းလင်းတောက်ပပြီး အေးမြ ကြည်လင်၏။ ငြိမ်သက် တည်ကြည်၏။ သူတို့၏ တောက်ပခြင်းမှာ နေရောင်ကဲ့သို့ ပူပြင်း တောက်လောင်ခြင်း မရှိချေ။ လရောင်ကဲ့သို့ အေးမြ၏။ လေကဲ့သို့ နူးညံ့၏။ ကျောက်တောင်ကဲ့သို့ တည်ငြိမ်၏။ သူတို့၏ အတွင်းတွင် ကိန်းအောင်းသော အသိဉာဏ်နှင့် မေတ္တာတရား၏ မှန်မြတ်ခြင်းကို အကဲဖြတ်နိုင်ရကား ဥပက အံ့ဩစွာ မေးခြင်းဖြစ်၏။

“အချင်း အာဇီဝက၊ ဘဝသံသရာ၏ ကြောင်းကျိုးဆက် (ပဋိစ္စသမုပ္ပါဒ်)သဘောတရားကို ငါကိုယ်တိုင် တွေ့မြင်ခဲ့ပါ၏။ လောကဓာတ်ဘုံ ကာမဂုဏ် အလုံးစုံကို အကုန်စွန့်လွှတ်ပြီးဖြစ်သည့် အတွက် ငါသည် အာရုံတို့ဖြင့် လိမ်းကျံခြင်း မရှိတော့ပါ။ တဖန် မွေးဖွားခြင်း၏ အကြောင်းရင်းဖြစ်သော တပ်မက်ခြင်းတဏှာကို လည်း စွန့်ခွာခဲ့ပါပြီ။ အချင်း အာဇီဝက၊ သို့ကြောင့် ငါသည် ဘဝမှလွတ်မြောက်သူ ဖြစ်ပါ၏။ အလုံးစုံ အကုန် ထိုးထွင်းသိမြင် သော သဗ္ဗညုတဉာဏ်ကို ရရှိထားသည့်အတွက် ငါ့ကို ဥပဒေသ ပေးမည့်ဆရာ ဘယ်မှာ ရှိတော့မည်နည်း”

“ဖြစ်နိုင်ပါ၏။ ယခု သင် ဘယ်သို့ သွားမည်နည်း”

ဥပကသည် ကျေနပ်စွာဝန်ခံပြီး ဆက်လက် မေးလိုက်၏။

“ငါ ဗာရာဏသီသို့ သွားပါမည်။ ထိုတွင် ငါ နောက်ဆုံး တွေ့ရသော သစ္စာတရားကို ဟောကြားပါမည်။ ထိုတရားကို လောကတွင် ဘယ်သူမျှ တွန်းလှန်နိုင်မည် မဟုတ်ပါ”

ထိုအခါ ဥပကသည် ခေါင်းညိတ်ပြီးလျှင် ရှေ့သို့ ဆက်လက် ထွက်ခွာသွားလေ၏။

ဗုဒ္ဓလည်း ဗာရာဏသီပြည်ဘက်သို့ ဆက်လက်သွားလေရာ ဂင်္ဂါမြစ်သို့ အရောက်တွင် မိုးကြီး သည်းထန်စွာ ရွာသွန်းခြင်း ကြောင့် မြစ်ရေလျှံနေသည်ကို တွေ့ရ၏။ သူသည် မြစ်တဖက်သို့ ကူးပြီးလျှင် ပဉ္စဝဂ္ဂီတို့နေရာ ဣသိပတန အမည်ရှိသော မိဂဒါဝုန် တောအုပ်သို့ ရှေ့ရှုသွားလေ၏။ ထိုတွင် တရံသောအခါက သူ၏ တပည့်များ ဖြစ်ကြဘူးသော ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ အဿဇိတနှင့် မဟာနာမ အမည်ရှိသော ရသေ့ငါးဦးတို့ နေကြ၏။ သူတို့သည် ဗုဒ္ဓလာသည်ကို တွေ့မြင်ရသောအခါ အချင်းချင်း ဗုဒ္ဓကို ပြက်ရယ်ပြုနေကြ၏။

"သိဒ္ဓတ္ထကို ကြည့်ကြလော့၊ အရပ်တကာ လှည့်ကာ တောင်းရမ်း စားသောက်သဖြင့် ဆူဖြိုး၍ နေ၏။ သူသည် ဘယ် မျှော်လင့်ချက်ဖြင့် ဤသို့ လာပြန်သည် မသိချေ။ ဤပုံစံဖြင့် ငါတို့၏ အလုပ်အကျွေး ခံရန်ကား မဖြစ်နိုင်တော့ချေ။ သူသည် ဘယ်နည်းနှင့်မျှ ငါတို့လိုလားသော လွတ်မြောက်ခြင်း မောက္ခကို ညွှန်ပြနိုင်မည် မဟုတ်ချေ။ စင်စစ် သံသရာ အနှောင်အဖွဲ့ကို ပိုမိုခိုင်မြဲစေရန်သာ ဖြစ်လိမ့်မည်။ သို့ကြောင့် ဤတွင် သူ ကြာရှည်စွာ မနေနိုင်စေရန် ငါတို့ သူ့ကို ဥပေက္ခာ ပြုသင့်ပေ၏"

ဗုဒ္ဓသည် သူတို့၏ စိတ်နေသဘောထားကို ကောင်းစွာပင် သိ၏။ သို့ရာတွင် လျစ်လျူရှုကာ သူတို့၏ သခ်မ်းကျောင်း အတွင်းသို့ ငြိမ်သက်စွာ ဝင်သွား၏။ သူတို့သည် ဗုဒ္ဓ၏ တန်ခိုးအရှိန်အဝါကို မခံနိုင်ကြချေ။ ဗုဒ္ဓ ဝင်လာသောအခါ ရိုသေစွာ ခရီးဦးကြိုဆိုကြပြီးလျှင် မြတ်သောနေရာကို ပေးကြပြီးလျှင် အကြောင်းကို မေးကြ၏။

"အချင်းသိဒ္ဓတ္ထ၊ ဘယ်အတွက် ဤသို့ လာဘိသနည်း"

"ဘိက္ခဝေ ရဟန်းတို့၊ ငါသည် အလုံးစုံကို ထိုးထွင်း သိမြင်သော သဗ္ဗညုတ ဉာဏ်ကိုရ၍ သင်တို့အား လွတ်မြောက်ကြောင်း ဓမ္မတရား ဟောကြားရန် လာခဲ့ပါ၏"

သို့ရာတွင် သူတို့သည် ဗုဒ္ဓ၏စကားကို ယုံကြည် ကိုးစားခြင်း မရှိကြချေ။ အချည်းနှီး ဝါကြွားသည်ဟု ထင်ကြ၏။ သူသည် အစာ အာဟာရကိုမျှ မမှီဝဲဘဲ အကျင့်တပကို ပြင်းထန်စွာ ကျင့်စဉ်ကပင် ထူးခြားသော အသိဉာဏ် မဖြစ်ပေါ်ခဲ့ချေ။ ယခု ကဲ့သို့ အရပ်တကာ လှည့်လည်ပြီး တောင်းရမ်း စားသောက်ကာ ဆူဖြိုးနေသဖြင့် အဘယ်မှာ သဗ္ဗညူ ဖြစ်နိုင်မည်နည်းဟု စဉ်းစားနေကြ၏။

"ရဟန်းတို့၊ သင်တို့သည် ငါ့အား ယုံမှား၍ မနေကြလင့်။ ငါသည် တရားအလုံးစုံကို အကုန်သိသော ဗုဒ္ဓအဖြစ်သို့ ရောက်ခဲ့ပေပြီ။ ဘဝသံသရာ၏ ကြောင်းကျိုးဆက် သဘောတရားကို တွေ့မြင်ရပြီဖြစ်၍ ငါသည် ဘဝမှ လွတ်မြောက်ပြီး သောကကင်းနေ၏။ ထိုတရားကို သင်တို့အား ဟောကြားရန် ငါလာခဲ့ခြင်းဖြစ်ပါ၏"

ထိုအခါ သူတို့အထဲတွင် အသက်ဂုဏ် ဝါသိက္ခာကြီးသော ကောဏ္ဍည ရသေ့က သူတို့အား ဩဝါဒပေး၏။

"အသေ့တို့၊ ငါတို့သည် သူ၏တရားကို မနာကြားရသေးဘဲ ဗုဒ္ဓ မဖြစ်နိုင်ဟု ဆုံးဖြတ်ရန် မသင့်ပေ။ စင်စစ် သူ၏တရားကို နာကြားပြီးမှ ဆုံးဖြတ်သင့်၏"

ထိုစကားကို သူ့အဖော်များ သဘောတူ လက်ခံကြသဖြင့် ဗုဒ္ဓသည် သူတို့အား ဓမ္မတရား ဟောကြားလေ၏။

"ဘိက္ခဝေ ရဟန်းတို့၊ ဘိက္ခုသည် အန္တ (အဆုံး) နှစ်ပါးကို မမှီဝဲသင့်ချေ။ ယင်းနှစ်ပါးမှာ ကာမဂုဏ်ခံစားခြင်းနှင့် ကိုယ်ကို ပင်ပန်းစေမှုပင် ဖြစ်၏။ ကာမဂုဏ် ခံစားခြင်းမှာ လူအများ လိုက်စားနေသော အယုတ်တရား ဖြစ်၏။ ကိုယ်ကို ပင်ပန်းအောင် ပြုမှုမှာလည်း ယုတ်ရင်း ကြမ်းတမ်းသော အမှုသာ ဖြစ်၏။ ထိုတရား နှစ်ပါးလုံးပင် သန့်ရှင်းသော ဉာဏ်အမြင်ကို မရနိုင်ချေ။ အစွန်း (အန္တ) နှစ်ဖက်၏ အလယ်ဗဟိုတွင် လမ်းစဉ် ရှစ်ပါးရှိ၏။ ယင်းတို့မှာ ကောင်းစွာ ကြည့်ခြင်း၊ ကြံခြင်း၊ ပြောခြင်း၊ လုပ်ခြင်း၊ အသက်မွေးခြင်း၊ ကြိုးစားခြင်း၊ သတိပြုခြင်းနှင့် တည်ကြည်ခြင်းတို့ပင် ဖြစ်၏။ ဤ လမ်းရှစ်ပါးသည်သာ ဖြူစင်မြင့်မြတ်၍ သန့်ရှင်း မှန်ကန်သော အသိဉာဏ်ကို ရမည်ဖြစ်၏။

"ဘဝသံသရာသည် ဆင်းရဲမှု အမှန်ဖြစ်၏။ တဏှာ မက်မောခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းရင်း အမှန်ဖြစ်၏။ တဏှာမှု မရှိခြင်းသည် ငြိမ်းချမ်းမှု အမှန်ဖြစ်၏။ အဆိုပါ လမ်းစဉ် ရှစ်ပါးသည် ငြိမ်းချမ်းခြင်း၏ အကြောင်းရင်း အမှန်ဖြစ်၏"

ထိုအခါ သူတို့သည် ဗုဒ္ဓထံပါးတွင် ဝပ်တွား တောင်းပန်ကြ၏။

"ဘန္တေ၊ ငါတို့အား သနားသဖြင့် ရဟန်းပြုပေးပါလော့"

ထိုအခါ ဗုဒ္ဓသည် လက်ကိုဆန့်၍ သူတို့အား "ဧဟိ ဘိက္ခု" ဟု ခေါ်တော်မူ၏။

"ရဟန်းတို့၊ လာကြကုန်။ ဓမ္မတရားကို ကောင်းစွာ ငါ ဟောကြားခဲ့ပြီ။ ဆင်းရဲဒုက္ခ၏ အဆုံးကို ပြုနိုင်သော အကျင့်ကို ကျင့်ကြလော့"

ဘိက္ခု သံဃာ

# သေငွေးသား ယသ

ဗုဒ္ဓသည် ပဉ္စဝဂ္ဂီယတို့အား ဓမ္မတရား ဟောကြားပြီးလျှင် ဗာရာဏသီပြည်အနီး ဣသိပတန အမည်ရှိသော မိဂဒါဝုန် တောအုပ်မှာပင် စံနေတော်မူလေ၏။

ထိုအခါ ဗာရာဏသီ သေဋ္ဌေးအား 'ယသ' အမည်ရှိသော သား ဘယောက် ရှိ၏။ သူသည် ဆောင်း၊ နွေ၊ မိုး ဥတုသုံးပါးအားလျော်သော ပြာသာဒ်ဆောင်တို့တွင် ကခြေသည် အချိုးသမီးများသော ခြံရံလျက် လှည့်လည် စံမြန်း နေ၏။ မိုးဥတု ပြာသာဒ်ဆောင်တွင် စံမြန်းနေစဉ်အခါ တညဉ့် အိပ်ရာမှ ရုတ်တရက် နိုးလေရာ ကခြေသည်များ သူ့အပါးတွင်ဝိုင်းရံလျက် မတော်မလျော် အိပ်ပျော်နေကြသည်ကို အာရုံစိုက်မိလေ၏။ အချို့မှာ ဝတ်လစ်စလစ် ဖြစ်နေ၏။ အချို့မှာ ဟောက်လျက်။ သွားကြိတ်လျက်။ ယောင်ယမ်းလျက်။ သွားပုပ်ရေများ ယိုစီးလျက်။အချို့မှာ စောင်းကိုပိုက်လျက်။ မရိုးစည်ကို လွယ်လျက်။ အမျိုးမျိုး

ဖောက်ပြန်ကာ အိပ်စက်နေသည်များကို တွေ့မြင်ရ၏။ သူသည် ထိုအရုပ်တို့ကို စက်ဆုပ်ရွှာကြည့်ပြီးနောက် မြည်တမ်း၏။

"ပင်ပန်းလေစွ တကား၊ ပူလောင်လေစွ တကား"

ထိုနောက် သူသည် ထိုင်ရာမှ ထ၏။ ထိုအခန်းတွင် ဆက်လက် မနေနိုင်၍ အပြင်သို့ ထွက်၏။ နှုတ်မှလည်း ထိုစကားကိုပင် အထပ်ထပ် အခါခါ တီးတိုး ရေရွတ်နေ၏။ "ပင်ပန်းလေစွ တကား၊ ပူလောင်လေစွ တကား"

ထိုနောက် ပြာသာဒ်ပေါ်မှ ဆင်းခဲ့၏။ အေးမြသော အပလေနှင့် သာယာသော လောကကို တွေ့ထိ ခံစား လိုက်ရသောအခါ ကြည်နူးသွား၏။ သူသည် ဤကြည်နူးခြင်းကို လက်လွှတ်မခံနိုင်ချေ။ နှပ်နှပ်သက်သက် ရှေ့သို့ဆက်လက်သွား၏။ တလှမ်းထက် တလှမ်း သွက်လာ၏။ ထို့အတူ ကြည်နူးသည်ထက်ကြည်နူးလျက်၊ နှစ်သက်သည်ထက် နှစ်သက်လာ၏။

သူ ရှေးရှုသွားနေသော အရပ်မှာ ဣသိပတန မိဂဒါဝုန် တောရုံ ဖြစ်၏။ မိုးသောက်အခါဖြစ်၍ ဗုဒ္ဓသည် သင်္ခမ်း ကျောင်းနှင့် မနီးမဝေး လွင်တီးခေါင်တွင် စင်္ကြံသွားနေ၏။ ထို စဉ်တွင် သေဌေးသား ယသ 'ပင်ပန်းလေစွ၊ ပူလောင်လေစွ' ဟု အထိတ်တလန့် မြည်တမ်းလာနေသည်ကို တွေ့ရ၍ ဗုဒ္ဓသည် သူ့ အား ကရုဏာရေချမ်းဖြင့် ဆီး၍ ပက်ဖြန်းလိုက်လေ၏။

"ယသ လာလှည့်၊ ဤနေရာမှာ ပင်ပန်းခြင်းလည်း မရှိပါ၊ ပူလောင်ခြင်းလည်း မရှိပါ။ ချမ်းသာ၏။ အေးမြ၏။ ဤနေရာမှာ ထိုင်ပါ။ သင့်အား ငါ တရားပြမည်"

ထိုအခါ ယသသည် ဗုဒ္ဓ၏ထံပါးသို့ ကပ်ကာ ရိုသေစွာ ရှိခိုး လျက် ထိုင်လေ၏။

ဗုဒ္ဓသည် သူ့အား ကာမဂုဏ်ခံစားခြင်း၏ အကျိုး အပြစ်ကို စိစစ် ဝေဘန်ပေးပြီးနောက် စွန့်လွှတ်ခြင်း၏ ကြီးမား မြင့်မြတ်သော ဥပဒေသကို ပေး၏။ သို့ဖြင့် သူ၏ စိတ်ထား သိမ်မွေ့သွားသောအခါ သမုဒယ နိရောဓနှင့် အရိယမဂ္ဂ လမ်းစဉ်ကို ညွှန်ပြလေ၏။ ထိုအခါ သူ့တွင်ရှိသော တွယ်တာမှု ဟူသမျှ ချုပ်ငြိမ်း ကင်းကွာသွားပြီး အညစ်အကြေး ကင်းသော သန့်ရှင်း စင်ကြယ်သော ဓမ္မစက္ခု ဖြစ်ပေါ်သွား၏။ သူသည် ဗုဒ္ဓ၏ ခြေတို့ကို ပွေ့ဖက်ကာ အသနားခံလေ၏။

"ဘန္တေ အရှင်ဘုရား၊ ကျွန်ုပ်အား အစဉ်သနားသဖြင့် ရဟန်းပြုတော်မူပါ"

"ဟေ့ ဘိက္ခု၊ ငါသည် ဓမ္မတရားကို ကောင်းစွာ ဟောကြားအပ်လေပြီ။ သင်သည် ဒုက္ခ၏အဆုံးကို ပြုတတ်သော အကျင့်မြတ်ကို ကောင်းစွာ ကျင့်ပါလော့"

ဤသို့ မြတ်စွာဘုရား မြွက်ကြားသောအခါ ယသ ရဟန်း ဖြစ်သွားလေ၏။

ဗာရာဏသီတွင် ယသ၏ သူငယ်ချင်း သူဌေးသား လေးဦး ရှိလေ၏။ သူတို့ကား ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇိတနှင့် ဂဝံပတိ တို့ ဖြစ်ကြ၏။ သူတို့သည် ယသ ရဟန်းပြုသွားသော သတင်းကို ကြားရသောအခါ လွန်စွာ အံ့သြနေကြ၏။ ယသ ကား သူတို့ထက် စီးပွားဥစ္စာအားဖြင့်ရင်း၊ စည်းစိမ်ခံခြင်းအားဖြင့်ရင်း၊ ရုပ်ရည် ရူပကာယအားဖြင့်ရင်း၊ ပညာ အရည်အချင်းအားဖြင့်ရင်း မနှိုင်းယှဉ်လောက်အောင် အဖက်ဖက်က သာလွန်၏။ သို့ဖြစ်ပါလျက် ရဟန်းပြုသွားသည်မှာ စဉ်းစားစရာဖြစ်၏။ ထိုထို စည်းစိမ်ချမ်းသာ ဂုဏ်သိက္ခာတို့ထက် သာလွန် ကောင်းမွန်၍သာ ဖြစ်လိမ့်ဟု အပြန်ပြန် အလှန်လှန် တွေးဆ တိုင်ပင်ကြကာ နောက်

ဆုံးတွင် သူတို့ လေးယောက်သည် ယသ နောက်သို့ လိုက်သွားကြ၏။

ယသ သည် သူတို့လေးဦးကို ကြည်နူးစွာ လက်ခံပြီး ဗုဒ္ဓထံသို့ ပို့ပေး၏။ ဗုဒ္ဓသည် သူတို့အား ဘဝသံသရာ၏ အကျိုးအပြစ်ကို စိစစ်ဝေဘန်ပေးပြီး သူတို့၏ အသဲနှလုံးတွင် ရာဂကင်းကွာသော ဝိရာဂ မျိုးစေ့ ချပေးလိုက်၏။ သူတို့လည်း ဘဝသံသရာ၏ အပြစ်နှင့် ဝိရာဂ၏ ဂုဏ်ကျေးဇူးကို ကောင်းစွာ သဘောပေါက်ကြပြီး ဗုဒ္ဓ၏ထံတွင် ရဟန်းအဖြစ် တောင်းခံကြ၏။ ဗုဒ္ဓသည် သူတို့ကိုလည်း 'ဧဟိ ဘိက္ခု'ဟု ခေါ်ကာ ရဟန်းအဖြစ် အသိအမှတ်ပြုလေ၏။

ယသ တွင် ထိုမှတပါး ကျေးရွာသား မိတ်ဆွေ သင်္ဂဟများလည်း ရှိသေး၏။ သူတို့လည်း ယသ ရဟန်းပြုသော သတင်းကို ကြားရ၍ ယသ နောက်သို့ စုပေါင်းလိုက်ကြ၏။ ယသ သည် သူတို့ကိုလည်း ကြည်နူးစွာ ကြိုဆိုလျက် ဗုဒ္ဓထံပါးသို့ ခေါ်သွား၏။ ဗုဒ္ဓသည် သူတို့အားလည်း ကာမဂုဏ်၏ အပြစ်ကို စိစစ် ဝေဘန်ပေးပြီး ဝိရာဂ၏ အကျိုးအာနိသင်ကို ညွှန်ပြရာ တညီတညွတ်တည်းပင် ရဟန်းအဖြစ်ကို တောင်းပန်ကြလေ၏။ ဗုဒ္ဓသည် သူတို့ကိုလည်း 'ဧဟိ ဘိက္ခု'ဟု ခေါ်ကာ ရဟန်းအဖြစ် အသိအမှတ်ပြုလေ၏။

× × ×

## ဘဒ္ဒဝဂ္ဂိယ

မြတ်စွာဘုရားသည် ဗာရာဏသီ မိဂဒါယ တောတွင် သီတင်းသုံး စံနေတော်မူ၏။ မိုးဥတု ကုန်ဆုံးသောအခါ ရဟန်းတို့ကို ခေါ်၍ မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ အစ အလယ် အဆုံး သုံးပါးလုံး ကောင်းမွန်သော ဓမ္မတရားကို လူအများ အကျိုးစီးပွားဖြစ်ထွန်းစေရန်၊ ချမ်းသာသုခဖြစ်စေရန် ခရီး ဒေသစာရီ လှည့်လည်ပြီး ဟောကြားကုန်လော့"

ထို့ကြောင့် ရဟန်းများသည် အသစ်ဖြစ်သော ဓမ္မတရား ဟောကြားရန်အတွက် အရပ်မျက်နှာ အသီးသီးသို့ ခရီး ဒေသစာရီ လှည့်လည်ကြ၏။ မြတ်စွာဘုရား ကိုယ်တော်တိုင်လည်း ဥရုဝေလ ဘက်သို့ ကြွသွား၏။ လမ်းတွင် ကာပါသျအမည်ရှိသော တောအုပ်ရှိ၏။ ထိုတောအုပ်တွင် ဘဒ္ဒဝဂ္ဂိယ အမည်ရှိသော မင်းသား သုံးဆယ်တို့သည် အသီးအသီး မိန်းမကိုယ်စီဖြင့် တောကစားကာ ပျော်ပါးနေကြ၏။ သူတို့အထည်းတွင် အငယ်ဆုံးဖြစ်သော မင်းသားမှာ မယားမရှိသဖြင့် ပြည့်တန်ဆာ တဦးကို အငှားမယား အဖြစ်ဖြင့် ခေါ်ဆောင်လာ၏။

ညတွင် မင်းသားများ သောက်စား မူးယစ်ကာ အစွမ်းကုန် ပျော်မြူးပြီးနောက် ကုံးလုံးပက်လက် အိပ်စက်နေကြ၏။ ထိုစဉ်အခါ ပြည့်တန်ဆာသည် သူတို့၏ အဖိုး အနဂ္ဃ ထိုက်တန်သော အဝတ်တန်ဆာ ရတနာတို့ကို ယူဆောင်ပြီး ထွက်ပြေး၏။ နံနက်မိုးသောက် အလင်းရောက်၍ အိပ်ရာမှ အသီး အသီး နိုးကြသောအခါ အဝတ်တန်ဆာ ရတနာတို့နှင့် ပြည့်တန်ဆာကို မတွေ့သဖြင့် သူတို့သည် အမျက်ထွက်ကာ ပြည့်တန်ဆာ၏ နောက်သို့ လိုက်ကြ၏။ ထိုတောအုပ် တနေရာတွင် မြတ်စွာဘုရား တင့်တယ်စွာ စံပယ်လျက် ရှိသည်ကို တွေ့မြင်ကြရ၍ ထံပါးသို့ ချဉ်းကပ် မေးလျှောက်ကြ၏။

"အရှင်ဂုဟာန်း၊ ဤလမ်းတွင် မိန်းမ တယောက် သွားသည်ကို တွေ့မြင်လိုက်ပါသလော"

"မင်းသားတို့ သင်တို့သည် မိန်းမတယောက် ပျောက်၍ လိုက်ရှာနေကြသလော"

"မှန်လှပါ။ သူသည် ကျွန်ုပ်တို့၏ အဖိုးတန် ပစ္စည်းဥစ္စာ ရတနာများကို ခိုးယူ၍သွားပါ၏"

"မင်းသားတို့၊ သင်တို့သည် ဘယ့်ကြောင့် မိန်းမကို ရှာဖွေနေကြပါသနည်း။ မိန်းမဟူသည် လှန်ဝှာ မူရာ မာယာများ၏။ တံလှပ်နှင့် တူ၏။ စိုးရိမ်ပူဆွေးခြင်း သောကကို ဖြစ်စေ၏။ တပ်မက် ပူလောင်သော ရာဂကို ဖြစ်စေ၏။ ဘေးရန် အန္တရာယ် ဖြစ်စေတတ်၏။ ခက်ထန် ကြမ်းတမ်း၏။ နှောင်ဖွဲ့တတ်၏။ ထို့ကြောင့် မိန်းမလိုက်သောသူသည် ယုတ်ညံ့၏။ သင်တို့သည် မိန်းမကို ရှာဖွေမည့်အစား မိမိကိုယ်ကို ရှာဖွေသင့်၏။ မိမိကိုယ်ကို ရှာဖွေခြင်းသည်သာ မှန်မြတ်၏"

မင်းသားတို့ကား ထက်မြက်သောသူများ ဖြစ်ကြ၏။ လေးနက်သော မြတ်စွာဘုရား၏ စကားကို လက်ခံနိုင်လောက်သော အသိဉာဏ်ရှိ၏။ သူတို့သည် မြတ်စွာဘုရား၏ စကားကို ဒူးဖူးဝိုက်စိုက် စဉ်းစားပြီးလျှင် အချင်းချင်း တိုင်ပင်ကာ တသံတည်း လျှောက်ဟင်ကြ၏။

"အို မြတ်စွာဘုရား၊ ကျွန်ုပ်တို့သည် သူတပါးကို အချည်းနှီး ရှာလိုကြတော့ပါ။ မိမိကိုယ်ကိုပင် မျက်ဝါးထင်ထင် တွေ့မြင်သည်အထိ ရှာဖွေလိုကြပါ၏။ သနားသဖြင့် ညွှန်ကြားတော်မူပါ အရှင်ဘုရား"

"အို မင်းသားတို့၊ ကောင်းလှပေ၏၊ ထိုင်ကြလော့။ ငါသည် သင်တို့အား သင်တို့၏ ကိုယ်နှင့်ပတ်သက်သော ဓမ္မတရားကို ဟောကြားပေအံ့"

မြတ်စွာဘုရားသည် ဤသို့လျှင် ဝန်ခံကာ သူတို့အား ကာမဂုဏ် ခံစားခြင်း၏ အပြစ်နှင့် ကာမဂုဏ်ကို ရှောင်ကြဉ်ခြင်း၏ အကျိုးအာနိသင်ကို မျက်မှောက်ထင်ထင် သိမြင်စေပြီးနောက် မဖောက်မပြန် မှန်ကန်သော ပရမတ္ထသစ္စာ အရိယသစ္စာကို အသီးသီး ခွဲခြား၍ ဟောကြားတော်မူ၏။

မင်းသားတို့သည် သစ္စာအမည်ခံ တရားမှန် များစွာကို ကြားနာဘူး၏။ ကြည့်ရှုလေ့လာဘူး၏။ ပရမတ္ထအားဖြင့် သတ္တုချလိုက်သောအခါ ဘယ်သစ္စာအမည်ခံ တရားမှန်မှ အဟုတ်တကယ် မှန်ကန်သည်ကို မတွေ့ရချေ။ ဗုဒ္ဓ၏သစ္စာသည်သာ မဖောက်မပြန် မှန်ကန်တည့်ကျကြောင်း တွေ့ရ၍ အလွန် ကြည်နူးစွာဖြင့် မြတ်စွာဘုရားထံ တောင်းပန်ကြ၏။

"အို မြတ်စွာဘုရား၊ ကျွန်ုပ်တို့အား အစဉ်သနားသဖြင့် တပည့်သား ပြုတော်မူပါ"

"အို ရဟန်းတို့၊ လာကြလော့"

ဤသို့ မြတ်စွာဘုရား မိန့်ကြားလိုက်လေလျှင် မင်းသားသုံးဆယ်တို့သည် ဟော် ဘိက္ခု ရဟန်းအဖြစ်သို့ ရောက်သွားကြ၏။

× × ×

## ကဿပ ညီနောင်သုံးဦး

ဥရုဝေလတောအနီး နေရဉ္ဇရာ မြစ်ကမ်းပါးတွင် ကဿပ အမျိုးအနွယ်ဖြစ်သော ဗြာဟ္မဏ ပညာရှိ ညီနောင် သုံးဦးရှိ၏။ သူတို့၏ အမည်မှာ ဥရုဝေလကဿပ၊ နဒီကဿပနှင့် ဂယာကဿပ ဖြစ်

၏။ သူတို့သုံးဦးသည် ညီအကိုရင်းဖြစ်၏။ သုံးဦးလုံးပင် နာမည်ကျော် ဒဿန ဆရာကြီးများ ဖြစ်ကြ၍၊ အသီးသီးမှာပင် တပည့်အများ ခြံရံလျက်ရှိ၏။

ဥရုဝေလကဿပမှာ တပည့်ငါးရာ အခြံအရံရှိ၏။ သူသည် တပည့်များကို ဝေဒ သင်ကြားပေးကာ ဥရုဝေလ တောတွင်နေ၏။ ထို့ကြောင့် သူ့ကို ဥရုဝေလကဿပဟု ခေါ်ကြခြင်းဖြစ်၏။

ညီအလတ်ဖြစ်သော ကဿပသည် တပည့်သုံးရာကို ဝေဒ သင်ကြားပေးလျက် နေရဉ္စရာ မြစ်ကမ်းပါးတွင် နေ၏။ ထို့ကြောင့် သူ့ကို နဒီကဿပဟု ခေါ်ခြင်းဖြစ်၏။ မြစ်ကို ပါဠိဘာသာအားဖြင့် နဒီဟု ခေါ်၏။

ညီအငယ်ဖြစ်သော ကဿပသည် တပည့်နှစ်ရာကို ဝေဒ သင်ကြားပေးလျက် ဂယာတွင်နေ၏။ ထို့ကြောင့် သူ့ကို ဂယာကဿပဟု ခေါ်ကြခြင်းဖြစ်၏။

ထိုညီနောင်သုံးဦးလုံးပင် အဂ္ဂိပူဇာခေါ် မီးပူဇော်ခြင်းအမှုကို မပြတ်ပြုပြီး ယောဂ အကျင့်ကို အပြင်းအထန် ကျင့်နေကြ၏။

မြတ်စွာဘုရားသည် ကာပါသျ တောတွင် ဘဒ္ဒဝဂ္ဂိယ အမည်ရှိသော မင်းသား သုံးကျိပ်တို့ကို ရဟန်းပြုပေးပြီးနောက် ကိုယ်တော် တပါးတည်း ဥရုဝေလတောသို့ ကြွသွား၏။ ထိုအခါ ဥရုဝေလကဿပသည် သူ၏တပည့်များကို ဝေဒ သင်ကြားလျက်ရှိ၏။ သူတို့၏ အဂ္ဂိပူဇာ မီးလျှံသည် ကောင်းကင်ကို ရဲရဲတောက်စေလျက် အရပ်မျက်နှာတို့တွင် အခိုးလျှံများ ဖုံးအုပ်နေ၏။ ဗုဒ္ဓသည် သူ၏ ကျောင်းသခမ်း အနီးအပါးတွင် တည်းခိုချင်သဖြင့် သူ့ထံတွင် ခွင့်ပန်၏။

“အချင်း ကဿပ၊ သင့်မှာ ဝန်မလေးခဲ့ပါလျှင် ငါ့အား သင်၏ သင်္ခမ်းကျောင်းအနားတွင် တညဉ့်မျှ တည်းခိုခွင့် ပြုစေလိုပါ၏”

“အချင်း ဂေါတမ၊ သင်ချမ်းသာသလို နေနိုင်ပါ၏”

ဗုဒ္ဓသည် သူ၏ထံမှ အခွင့်ရသောအခါ သူ၏ ကျောင်းသင်္ခမ်း အနီးတွင်ရှိသော သစ်ပင်အောက်တွင် ထိုင်လျက် ဝိမုတ္တိခေါ် လွတ်မြောက်မှု သုခကို ခံစားနေ၏။ ကဿပသည် တပည့်များအား ပညာသင်ကြားပေး၍ ပြီးသောအခါ သူ၏ ဧည့်သည် ဖြစ်သော ဗုဒ္ဓကို စူးစမ်းထောက်လှမ်း၏။ ဗုဒ္ဓ၏ သိမ်မွေ့ခြင်း၊ နက်နဲခြင်း၊ တည်ကြည်ခြင်း၊ ငြိမ်သက်ခြင်းတို့ကို တွေ့မြင်ရသောအခါ လွန်စွာ ကြည်နူး နှစ်သက်သွားပြီး ဗုဒ္ဓထံပါးသို့သွားကာ မိတ်ဖွဲ့၏။ ဗုဒ္ဓသည် သူ၏အလိုသို့လိုက်၍ သူကလည်း ဗုဒ္ဓ၏ အလိုသို့ လိုက်၏။ သို့ဖြင့် အချင်းချင်း အပေးအယူ မျှတသောအခါ ဗုဒ္ဓသည် သူ့အား ယုံမှား သံသယ ငြောင့်ကို နုတ်ပယ် ပေးလိုက်လေ၏။

“အချင်း ကဿပ၊ ယုံမှား သံသယ မည်သည် လွန်စွာဆိုးရွား၏။ ယုံမှားသံသယမှ လွန်မြောက်ခြင်း မရှိပါလျှင် ဘယ်ကဲ့သို့သော အကျင့်မျိုးကို ကျင့်သည်ဖြစ်စေ၊ ဖြူစင်သန့်ရှင်းမှုကို ရလိမ့်မည် မဟုတ်ချေ။ စိတ်ဓာတ်သန့်ရှင်း ကြည်လင်ခြင်း မရှိပါလျှင်လည်း အမတခေါ် အမြိုက်ကို ရလိမ့်မည် မဟုတ်ချေ။ အဝတ်မဝတ်ဘဲ ကျင့်ခြင်း၊ ဆံကျစ်ထုံး၍ ကျင့်ခြင်း၊ ရွှံ့ညွံ့ထဲတွင်နေ၍ ကျင့်ခြင်း၊ ဆူးပုံပေါ်တွင် နေ၍ ကျင့်ခြင်း၊ ပုတ်မှုန့်ထဲတွင် နေ၍ ကျင့်ခြင်း၊ ရပ်၍ကျင့်ခြင်း၊ ဆောင့်ကြောင့်ထိုင်၍ ကျင့်ခြင်း စသော အကျင့် တပတို့မှာ ဘာမျှ အဓိပ္ပာယ်မရှိချေ။ ပင်ပန်းရုံမျှသာ ဖြစ်၏။ စိတ်ဓာတ်ဖြူစင်သန့်ရှင်းမှု ငြိမ်းချမ်းမှုကို မရနိုင်ပါ။

ယုံမှား သံသယ ဆုံးဖြတ်ခြင်းကို ဖယ်ခွာပြီး မဂ္ဂဖိုလ်ရသော ဖြစ်သည့် မယုတ်မာနိုင်သော ဓမ္မသဘာဝ လမ်းစဉ်သည်သာ အမြင့်ကောက် အတွက်ဖြစ်၏”

ဤသို့ စသဖြင့် မြတ်စွာဘုရားဟောကြားသောအခါ ကဿပ ၏ လက်မြင့်သော အသိတရားမှာ လုပ်ရှားသွား၏။

‘ငါသည် အချည်းနှီး သက်သက် မီးကို ပူဇော်နေခဲ့၏။ ဘဝ နှင့် ပတ်သက်သော သဘာဝ အချက်အလက်ကို သတိမမူမိခဲ့ချေ။ စင်စစ် မီးဘဝ၏ အကြောင်းအကျိုးကို စဉ်းစားခြင်းသည်သာ အကောင်းဆုံး ဖြစ်ပေမည်။ ငါ၏ ဘဝမှာ ပြတ်သားခြင်း မရှိ၍ ဘယ်အရာမဆို ငါ ယုံမှားနေခဲ့ခြင်းဖြစ်၏။ ယုံမှားခြင်း သည် မသန့် ရှင်းခြင်း၏ အမှတ်လက္ခဏာ ဖြစ်၏’

ဥရုဝေလကဿပသည် ဤသို့စသဖြင့် စဉ်းစားပြီးလျှင် ဗုဒ္ဓ အား ဘဝ၏ ကြောင်းကျိုးဆက် သဘောတရားကို မေး၏။ အကြောင်းကြောင့် အကျိုးဖြစ် ပေါ်လာပုံဖြစ်သော ပဋိစ္စ သမုပ္ပါဒ် တရားနှင့် မပေါက်မပြန် မှန်ကန်သော အရိယသစ္စာကို ဗုဒ္ဓသည် သူ့အား ရှင်းပြ၏။ သူသည် လှန်စွာနက်နဲ သိမ်မွေ့၍ ကောင်းစွာမြတ်လှသော မေ့ယာစ်ကို ကြားနာရသော် ကြက်သီး တဖြန်းဖြန်းထကာ နှစ်သက်ကြည်နူးလျက် ဗုဒ္ဓ၏ထံတွင် တပည့် ခံရန် တောင်းပန်၏။ ဗုဒ္ဓသည်း သူနှင့် တကွသော သူ၏ တပည့် လက်သား ငါးရာတို့ကို တပြိုင်နက် ရဟန်းပြုပေးလိုက်၏။

ထိုသတင်းကို သူ၏ ညီများဖြစ်ကြသော နဒီကဿပနှင့် ဂယာ ကဿပတို့ ကြားကြသောအခါ သူတို့လည်း အသီးအသီး တ ပည့်လက်သား အခြံအရံများဖြင့် ဗုဒ္ဓထံမှောက်သို့ ရောက်လာ ပြီး ဓမ္မတရားနှင့် ပတ်သက်၍ လေးလေးနက်နက် ဆွေးနွေးကြ ၏။ ဗုဒ္ဓအပေါ်တွင်ရင်း၊ ဓမ္မတရား အပေါ်တွင်ရင်း၊ သံဃာ၏

အပေါ်တွင်ငှင်း ယုံမှား ကင်းပျောက်၍ အလင်း ပေါက်သော အခါ သူတို့၏ နှောင်တော်ကြီး နည်းတူ ဗုဒ္ဓ၏ထံတွင် တပည့်ခံရန် တောင်းပန်ကြ၏။ ဗုဒ္ဓသည် သူတို့ကိုလည်း ရဟန်းအဖြစ် လက်ခံပြီးလျှင် ဂယာသီသသို့ အလုံးစုံ ခေါ်ဆောင်သွား၏။ ထိုတွင် 'အာဒိတ္တ ပရိယာယ'သုတ်ကို ဟောကြားလေရာ အလုံးစုံပင် အာသဝတရား လေးပါးမှ လွတ်မြောက်သွားကြလေ၏။

× × ×

## သာရိပုတ္တနှင့် မောဂ္ဂလ္လာန

ထိုနောက် မြတ်စွာဘုရားသည် ဥရုဝေလ ကဿပက စသည် ညီနောင် ရှင်တထောင်အား တိမ်မှောင်မိစ္ဆာ ဒိဋ္ဌိခွာ၍ အရာ နောက်တော် ပါအောင်ခေါ်ပြီး ပြည်ကျော်နဂိုရ် ရာဇဂြိုဟ်တွင် စံနေတော်မူ၏။ ထိုအခါ ရာဇဂြိုဟ်တွင် သဉ္စယ အမည်ရှိသော ပရိဗ္ဗာဇက(ပရိဗိုဇ်)သည် တပည့် နှစ်ရာငါးဆယ်နှင့် အတူနေ၏။ သူ့တွင် ပဓာနတပည့်ကြီး နှစ်ယောက်ရှိ၏။ တဦးမှာ သာရိပုတ္တ ဖြစ်၍ အခြားတဦးမှာ မောဂ္ဂလ္လာန ဖြစ်၏။

သာရိပုတ္တသည် ဥပတိဿရွာတွင် လွန် စွာ ကြွယ် ဝ သော ဝင်္ကန္တ အမည်ရှိသော ဗြာဟ္မဏ၏ သားဖြစ်၏။ သူ၏ အမေမှာ ရူပသာရီဖြစ်၍ လူတို့က သူ့အား သာရီ၏သား (သာရိပုတ္တ)ဟု ခေါ်ကြ၏။ မောဂ္ဂလ္လာနကား ကောလိတရွာနေ သုဇာတ အမည် ရှိသော ဗြာဟ္မဏ၏ သားဖြစ်၏။ သူ၏ အမေမှာ မောဂ္ဂလီ ဖြစ်၍ သူတို့က သူ့အား မောဂ္ဂလီ၏သား(မောဂ္ဂလ္လာန)ဟု ခေါ်ကြ၏။

သာရိပုတ္တာနှင့် မောဂ္ဂလ္လာနသည် အချင်းချင်း လွန်စွာခင်မင်ကြသော သူငယ်ချင်း နှစ်ယောက်ဖြစ်၏။ စိတ်နေ သဘောထားချင်းလည်း တူမျှ၍ အမြဲပင် အတူတကွ နေကြ၏။ တနေ့တွင် သူတို့နှစ်ယောက်သည် ရာဇဂြိုဟ်တွင် လွန်စွာ နာမည် ကျော်သော 'သုပတိဋ္ဌိတတိတ္ထ' မည်သော ပွဲသဘင်ကို သွားပြီး ကြည့်ကြ၏။ သူတို့သည် ပွဲကြည့်နေရင်း လူသားတို့ ပျော်ရွှင် ရယ်မောကြခြင်း၊ လွမ်းတ ပူဆွေး ငိုကြွေးကြခြင်းတို့ကို ထွင်းဖောက် ဆင်ခြင်ကြပြီးလျှင် တပ်မက်ခြင်း ကင်းကွာမှု ဝိရာဂ သဘောတရားဘက်သို့ အလေး အနက် ပြုခဲ့ကြ၏။ ထိုနောက် သူတို့သည် ထိုဝိရာဂ သဘောတရားရေးအတွက် အိမ်ယာတည်ထောင် လူ့ဘောင်လောကတွင် မနေနိုင်ကြဘဲ အတူတကွ တိုင်ပင်ကာ သဥ္စယ ဆရာကြီးထံသွားပြီး တပည့်ခံနေကြ၏။

အထက်တန်းစား ပြာဟ္မဏ လူငယ်များလည်း ဖြစ်ကြ၏။ ဉာဏ်ပညာထက်မြက်စူးရှ၍ စိတ်နေသဘောထား ဖြူစင်မြင့်မြတ်သူများလည်း ဖြစ်ကြပေရာ ရက်များမကြာမီ ကာလအတွင်းမှာပင် သူတို့သည် သဥ္စယ ဆရာကြီး၏ ပဓာန တပည့်ကြီးများ ဖြစ်သွားကြ၏။ သို့ဖြင့် နှစ်ကာလ ကြာမြင့်လေပြီ ဖြစ်သော်လည်း သူတို့လိုလားသော ဝိရာဂ၏ လမ်းစကို တစွန်းတစမျှ မတွေ့ကြရသေးချေ။ တနေ့ တွေ့နိုး တနေ့ တွေ့နိုးဖြင့်မျှော်ကိုးလျက် နေကြ၏။ တနေ့တွင် သာရိပုတ္တာသည် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်လေရာ ပဥ္စဝဂ္ဂီယ ငါးဦးတို့တွင် တဦးအပါအဝင်ဖြစ်သော ရှင်အဿဇိနှင့် တွေ့ကြုံ၏။ သူသည် ရှင်အဿဇိ၏ ရင့်ကျက် သိမ်မွေ့သော ဣန္ဒြေ သိက္ခာ သမာခိကို တွေ့မြင်ရသောအခါ နှစ်သက်ရွှင်မြူး ညွတ်နူးသွား၏။

'လောကတွင် ရဟန္တာ သို့မဟုတ် ရဟန္တာ၏ လမ်းစဉ်သို့ လျှောက်သောသူရှိပါလျှင် သူ့ကို စူးစမ်းသင့်၏။ သူ၏ အသွင်အပြင်ကား ကြည်လင် ဝင်းပ၏။ သူ၏ အတွင်း သန္တာန်မှာ ကိန်းအောင်းသော မှန်မြတ်မှန်ကန်သော ဓမ္မတရားသည် အပြင်သို့ ဖြာထွက်နေယောင်တကား၊ သူ၏ အယူဝါဒကား အဘယ်နည်း၊ သူ၏ ဆရာကား ဘယ်သူနည်းဟု စူးစမ်းမေးမြန်းရဘိမူ ကောင်းလေစွ'

သူသည် ဤသို့ အကြံဖြစ်ပေါ်ပြီးနောက် တဖန် စဉ်းစားပြန်၏။

'ယခုအခါ မေးမြန်း စူးစမ်းရန် အခါမဟုတ်ချေ။ ဆွမ်းကိစ္စပြီးမှသာ မေးမြန်း စူးစမ်းသင့်ပေ၏'

သာရိပုတ္တသည် ဤသို့ဆင်ခြင်ကာ ရှင်အဿဇိ ဆွမ်းကိစ္စပြီးဆုံးသည်အထိ စောင့်ဆိုင်းနေ၏။ ဆွမ်းကိစ္စ ပြီးသောအခါ ရှင်အဿဇိ၏အပါးသို့ ချဉ်းကပ်ကာ ရိုသေစွာ မေးလျှောက်၏။

"အရှင်မြတ်၊ သင်၏ ဣန္ဒြေတို့မှာ တည်ငြိမ်လှစွာ၏။ ထို့အတူ အရှင်၏ ကိုယ်ကာယလည်း ကြည်လင်တောက်ပ၏။ မေးပါရစေ။ အရှင်သည် ဘယ်အယူဝါဒကို ယူဆ၍ အရှင်၏ ဆရာသည် ဘယ်သူပါနည်း"

"ငါ့ရှင်၊ သကျမျိုးမှ ရဟန်းပြုသော ဂေါတမသည် ငါ၏ ဆရာဖြစ်ပါ၏။ ငါသည် သူညွှန်ကြားသော ဓမ္မတရားကို လေးစားစွာ လိုက်နာကျင့်သုံးပါ၏"

"အရှင်မြတ်။ သင်၏ ဆရာသည် ဘယ်အယူဝါဒကို ယုံကြည်လက်ခံပါသနည်း။ သူသည် သင့်အား ဘယ်အယူဝါဒကို ညွှန်ပြပါသနည်း"

“ငါ့ရှင်၊ ငါကား ရဟန်းပြုသည်မှာ မကြာလှသေးပါ။ သို့ကြောင့် ဆရာ၏ အယူဝါဒကို အကုန်အစင် ရှင်းမပြနိုင်ပါ။ သင် အလိုရှိပါမူ အသင့်အတင့် တစိတ်တဒေသမျှ ပြောပြပါမည်”

“အို မြတ်သော အရှင်၊ အနည်း အများ အကျဉ်း အကျယ်မှာ ပဓာန အကြောင်း မဟုတ်ပါ။ အနှစ်သာရသည်သာ အချက်အချာ ဖြစ်ပါ၏။ ထို့ကြောင့် အရှင်တတ်အားသမျှ ဟောပြပါ။ ခွဲ့ထွင်၍ သိမြင်ရန်မှာ နာကြားသူ၏ တာဝန် ဖြစ်ပါစေ”

ထိုအခါ ရှင်အဿဇိသည် သာရိပုတြာအား ဤသို့ ဟောကြားလိုက်၏။

“တထာဂတသည် အကြောင်း ဟေတု ရှေ့သွားရှိ
သော ဓမ္မတရားတို့၏ အကြောင်း ဟေတုကိုရင်း၊ ထို
တရားတို့ ချုပ်ငြိမ်းခြင်း နိရောဓကိုရင်း ဟောပြတော်
မူ၏။ ဤသို့ မဟာသမဏ ယူဆပါ၏”

သူ၏ ဥပဒေသမှာ အကျဉ်းချုပ် ဆောင်ပုဒ်မျှသာ ဖြစ်သော်လည်း သာရိ ပုတြာကား အကျယ် ခွဲ့ထွင်၍ သိမြင်သွား၏။

‘အကြင် ဇာတိ ဇရာ ဗျာဓိ မရဏ စသော ဒုက္ခတရားတို့သည် တဏှာ ရာဂ တည်းဟူသော တွယ်တာတပ်မက်မှု သမုဒယလျှင် အမွန်ရှိ၏။ ရှေ့သွား ရှိ၏။ တွယ်တာ တပ်မက်မှု သမုဒယကြောင့် အကြင် ဇာတိ ဇရာ ဗျာဓိ မရဏ စသော ဒုက္ခတရားတို့ ထင်ရှားဖြစ်ကုန်၏။ ထိုဒုက္ခနှင့် သမုဒယ၏ ချုပ်ရာ ချုပ်ကြောင်းကို တထာဂတ ပြောပြ၏။ တထာဂတသည် ဤသို့ အယူဝါဒရှိ၏’ဟု သဘောပေါက်ကာ သူ၏ ဉာဏ်အမြင် ကြည်လင်သွားပြီး သူ၏ တွယ်တာ တပ်မက်မှု သမုဒယလည်း ချုပ်ငြိမ်း ကွယ်ပျောက် သွားလေ၏။

သာရိပုတ္တာသည် ရှင်အဿဇိကို အလွန်ရိုသေစွာ ရှိခိုးပြီးလျှင် သူ၏ ချစ်မိတ်ဆွေ မောဂ္ဂလ္လာနထံသို့ ပြန်သွား၏။ မောဂ္ဂလ္လာန သည် သူ၏ ထူးခြားစွာ တည်ကြည်သောဣန္ဒြေကို တွေ့ရ၍ အံ့ဩ စွာ ဆီး၍ မေး၏။

"အဆွေ၊ သင်၏ ဣန္ဒြေတို့မှာ ငြိမ်သက် တည်ကြည်လှပေ၏။ အေးမြ ကြည်လင်လှပေ၏။ ထို့အတူ သင်၏ ကိုယ်ရောင်လည်း ဝင်းပြောင်နေ၏။ ဘယ်ကဲ့သို့သော အမြိုက်ရေစင်ကို သုံးဆောင် ခဲ့ပါသနည်း"

"အဆွေ၊ ငါသည် အမှန်ပင် အမြိုက်ရေစင်ကို သောက်ခဲ့ရ ပါ၏"

"အဆွေ၊ ဘယ်ကဲ့သို့သော အမြိုက်ရေစင်ပေနည်း"

ထိုအခါ သာရိပုတ္တာသည် ရာဇဂြိုဟ်တွင် ရှင်အဿဇိ နှင့် တောင် တွေ့မြင်ရသည်မှစ၍ ဓမ္မတရား ဟောကြားသည့် အထိ ပြန်လည် ပြောပြ၏။ ထိုအခါ မောဂ္ဂလ္လာနလည်း သဘောတရား ကို ပေါက်ထွင်း သိမြင်သွားလေ၏။

"အဆွေ၊ ငါတို့ တထာဂတ၏ထံသို့ သွားကြပါစို့။ သူသည် သာသနာတို့၏ ဆရာစင်စစ် ဧကန်ဖြစ်၏"

ထို့နောက် သူတို့နှစ်ဦးသည် သဉ္စယ ဆရာကြီးထံ သွား၍ ခွင့် ပန်ကြ၏။

"အို ဆရာအရှင်၊ ကျွန်ုပ်တို့သည် တထာဂတ၏ထံသို့ သွား ကြပါတော့မည်။ ကျွန်ုပ်တို့အား သွားခွင့်ပြုပါလော့"

"ချစ်သားတို့၊ သင်တို့သည် သကျ ဂေါတမထံသို့ သွားပြီး တပည့် မခံကြလင့်။ ငါတို့သုံးဦးပေါင်းပြီး ပရိဗာဇက အဖွဲ့ကို

ကျယ်ပြန့်စွာ ဖွဲ့စည်းကြမည်။ ထိုအဖွဲ့တွင် သင်တို့နှစ်ဦးသည် ငါနှင့်အတူတကွ ခေါင်းဆောင်ကြလော့”

သို့ရာတွင် သူတို့နှစ်ဦးကား အဖွဲ့ခေါင်းဆောင် အဖြစ်ကို လက်သင့် မခံကြချေ။ တထာဂတ၏ တပည့်ခံရန်သာ အဖန်တလဲလဲ တောင်းဆိုနေကြ၏။ မည်သို့ပင် တောင်းဆိုသော်လည်း သဥ္စယ ဆရာကြီးသည် သူတို့အား ခွင့်မပေးချေ။ နောက်ဆုံးတွင် သူတို့သည် ဆက်လက် ခွင့်ပန် မနေကြတော့ဘဲ ဗုဒ္ဓ၏ထံသို့ တပည့်ခံရန် သွားကြ၏။ သာရိပုတ္တ၏ တပည့် နှစ်ရာ့ငါးဆယ် နှင့် မောဂ္ဂလ္လာန၏ တပည့် နှစ်ရာ့ငါးဆယ်လည်း သူတို့နှစ်ဦးနောက်သို့ အစဉ် လိုက်ကြ၏။

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတွင် သီတင်းသုံးလျက် ရဟန်းများအား ဓမ္မတရား ဟောကြား နေစဉ် သူတို့နှစ်ဦး ဘပည့်ငါးရာ ခြံရံလျက်လာသည်ကို အဝေးမှပင် တွေ့မြင်ရ၍ ရဟန်းတို့အား ညွှန်ကြားတော်မူ၏။

“ရဟန်းတို့၊ ကြည့်ရှုကြလော့။ မိတ်ဆွေနှစ်ဦး လာနေကြ၏။ ကောလိတ (မောဂ္ဂလ္လာန)နှင့် ဥပတိဿ(သာရိပုတ္တ)ဖြစ်၏။ သူတို့နှစ်ဦးသည် ငါ၏ ပဓာန တပည့်ကြီးများ ဖြစ်လိမ့်မည်”

မြတ်စွာဘုရားသည် သူတို့ ရှေ့တော်သို့ မရောက်မီကပင် ကြိုတင်၍ ဗျာဒိတ်စကား မြွက်ကြားခဲ့၏။ မှန်ပေသည်။နောင်သောအခါတွင် သာရိပုတ္တာသည် ပညာတွင် ထူးချွန် သာလွန် မြင့်မြတ်သော တေဒဂ် ဘွဲ့ထူးဖြင့် လက်ယာရံ အဂ္ဂသာဝက ဖြစ်၍ မောဂ္ဂလ္လာနသည် တန်ခိုးတေဇော် အာနုဘော်အရာတွင် သာလွန် ထူးချွန် မြင့်မြတ်သော တေဒဂ် ဘွဲ့ထူးဖြင့် လက်ဝဲရံ အဂ္ဂသာဝက ဖြစ်သွား၏။

× × ×

## မဟာကဿပ

ပိပ္ပလိလုလင်သည်မဂဓတိုင်း မဟာတိတ္ထရွာ ကပိလအမည်ရှိသော ဗြာဟ္မဏ၏ သားဖြစ်၏။ ဘဒ္ဒကပိလာနီသည် မဒ္ဒတိုင်း သာဂလမြို့ ကောသိကအမျိုး ဗြာဟ္မဏ၏ သမီးဖြစ်၏။ ပိပ္ပလိ လုလင် အသက် နှစ်ဆယ်၊ ဘဒ္ဒကပိလာနီ ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သော တနေ့တွင် အမိအဖတို့က ပိပ္ပလိ လုလင်အား ပြောပြကြ၏။

"ချစ်သား၊ သင်ကား အရွယ်သို့ ရောက်လေပြီ။ အမျိုးအနွယ်ကို စောင့်ရှောက်ရန်မှာ သင်၏ တာဝန်ပင် ဖြစ်၏"

ပိပ္ပလိ ပြန်ကြား၏။

"အကျွန်ုပ်အား ဤကဲ့သို့ မပြောသင့်ပါ။ သင်တို့ အသက်ထင်ရှား ရှိနေသမျှ ကာလပတ်လုံး အကျွန်ုပ် သင်တို့အား လုပ်ကျွေးနေမည်။ သင်တို့ ကွယ်လွန်ပြီးနောက် အကျွန်ုပ် ရဟန်းပြုပါမည်"

သို့ရာတွင် မိဘတို့က သူ၏စကားကို လက်မခံကြချေ။ အကြိမ်ကြိမ် အခါခါ ပြောဆို တိုက်တွန်းနေကြသဖြင့် တနေ့တွင် သူက 'စေ့စပ်သေချာသော အမေ၏ ဉာဏ်ကို လှည့်ဖျားသင့်၏' ဟု စဉ်းစားပြီး ရွှေပန်းတိမ်သည် တဦးအား ရွှေငွေ ရတနာများ ပေးပြီး လှပသော ရွှေစင်ရုပ်ကို ထုလုပ်စေ၏။ ထို့နောက် ရွှေစင်ရုပ်ကို တန်ဆာဆင်ပြီး သူ့ အမေကို ပြကာ ပြောပြလေ၏။

"အမေ၊ ဤရွှေစင်ရုပ်နှင့် တူသော အမျိုးသမီးကို ရပါလျှင် အိမ်ထောင်ပါမည်"

သူ့အမေကား ဉာဏ်ရှိ၏။ ချက်ချင်းပင် စဉ်းစားလိုက်၏။

'ငါ့သားကား ကံကောင်းသူဖြစ်၏။ သူသည် ရှေးအတိတ်က တဦးတည်းသော ကောင်းမှု ပြုခဲ့လိမ့်မည် မဟုတ်ချေ။ အမှန်ပင် သူနှင့် ထိုက်တန်သော ဤရွှေစင်ရုပ်ကဲ့သို့ သမီးကညာ ရှိတန် ရာ၏'

ဤသို့ တွေးတောပြီး ပုဏ္ဏားရှစ်ဦးကို ရွေးချယ်၏။ သူတို့အား ရိက္ခာ အလုံအလောက် ပေးပြီး ငွေ့ရွှေစင်ရုပ်ကို အပ်နှင်းကာ အတိုင်း တိုင်း အပြည်ပြည်သို့ လှည့်လည်စေ၏။

"ငါတို့နှင့် အမျိုး အနွယ် စည်းစိမ် ဥစ္စာဖြင့် တူညီသော အိမ်မှ ဤရွှေစင်ရုပ် ကဲ့သို့သော သမီးကညာကို ရအောင် ရှာဖွေပြီး ဆောင်ခဲ့ကြလော့"

"ဤကိစ္စသည် ငါတို့၏ တာဝန်ပင် ဖြစ်သည်"

ပုဏ္ဏားများသည် ဤသို့ ဝန်ခံပြီး ငွေ့ရွှေစင်ရုပ်ကို ရထားပေါင်း ချုပ်ဖြင့် တင်ဆောင်ကာ မဒ္ဒဒေသသို့ ထွက်ခွာသွားကြ၏။ မဒြ သို့မဟုတ် မဒ္ဒတိုင်းကား ကမ္ဘာကျော် မိန်းမချော မိန်းမလှတို့ ထွက်ပေါ်သော အရပ်ဒေသဖြစ်၏။ သူတို့သည် သာဂလပြည် သို့ ရောက်သောအခါ ရွှေစင်ရုပ်ကို ရေဆိပ်တခုတွင် ထားပြီး အ ပန်းဖြေ နားနေကြ၏။ သူတို့ မရောက်မီ အချိန်အနည်းငယ် အ တွင်းမှာ ဘဒ္ဒကပိလာနီ၏ အထိန်းသည် သူ့ သခင်မကို ရေချိုး ပေးပြီးလျှင် တန်ဆာဆင်ယင်ပေးကာ ပြာသာဒ်ဆောင်တွင် ထား ခဲ့၏။ တဖန် သူကိုယ်တိုင် ရေချိုးပြန်၏။ အပြီးတွင် ရွှေစင်ရုပ်ကို တွေ့ရ၍ စိတ်ထဲက ကြိမ်းမောင်း၏။

"ဘဒ္ဒာသည် အဘယ်မျှ အပြောရခက်သနည်း။ ယခုပင် ရေမိုး ချိုးပေးပြီး အဝတ်တန်ဆာ လဲလှယ်ကာ အိမ်မှာ ထားခဲ့ သေး၏။ ယခုပင် ဤသို့ ရောက်နေသည်မှာ မလွန်ပေဘူးလား"

ဤသို့လျှင် စိတ်တွင်းက အပြစ်တင်ပြီး ရွှေစင်ရုပ်ကို ဖက်လိုက်၏။ ထိုအခါတွင်မှ ဘဒ္ဒာမဟုတ်ဘဲ ရွှေစင်ရုပ် ဖြစ်နေကြောင်း သိရ၍ သူက ပြောပြ၏။

"ငါသည် ဤရွှေစင်ရုပ်ကို ငါ၏ သခင်မလေးဟု ယုံမှားမိခဲ့၏။ သေချာစွာကြည့်မှ သခင်မ မဟုတ်ကြောင်း သိရ၏။ စင်စစ် ဤအရုပ်သည် သခင်မနှင့် မတူပါ။ သခင်မ၏ ခြေရင်း အလုပ်အကျွေးပင် မလုပ်ထိုက်ပါ"

ထိုအခါ ပုဏ္ဏားတို့လာပြီး သူ့ကို မေးကြ၏။

"သင်၏ သခင်မသည် ဤရွှေစင်ရုပ်ကဲ့သို့ လှပါသလော"

"ဟုတ်ပါ၏။ ကျွန်ုပ်၏ သခင်မသည် ဤရွှေစင်ရုပ်ထက် ပိုပြီး လှပါ၏။ သခင်မနေရာ ဆယ့်နှစ်တောင် ပတ်ဝန်းကျင်တွင် မီး ထွန်းရန် မလိုပါ။ ကိုယ်ရောင်မှာ အမှောင်ပယ်ခွင်းပြီး ထွန်း လင်းနေပါ၏"

ထိုအခါ ပုဏ္ဏားတို့သည် ရွှေစင်ရုပ်ကို ယူဆောင်ကြပြီး အထိန်းသည်နှင့်အတူ ဘဒ္ဒာ၏ မိဘအိမ်သို့ လိုက်သွားကြ၏။ ဘဒ္ဒာ၏အဖ ကောသိက အနွယ်ဖြစ်သော ပြာဟ္မဏသည် သူတို့အား ခရီး ဦးကြိုဆိုပြီး လာခြင်းအကြောင်းကို မေး၏။

"သင်တို့သည် ဘယ်အရေးအခင်းကြောင့် ဤသို့ လာကြပါ သနည်း"

"ငါတို့သည် မဂဓဒေသ မဟာတိတ္ထရွာ ကပိလပြာဟ္မဏအိမ်မှ ဖြစ်ကြ၍ သင်၏ သမီးကညာအတွက် လာကြခြင်းဖြစ်ပါ၏"

"သူသည် ငါတို့နှင့် အမျိုးအနွယ် စီးပွား ဉစ္စာ တူမျှပါ၏။ သို့ကြောင့် ငါတို့၏ သမီးကို ဆောင်နှင်းရန်အတွက် ငြင်းပယ်ရန် အကြောင်းမရှိပါ"

ဤသို့ ပြန်ကြားကာ သူတို့၏ လက်ဆောင်ပဏ္ဏာများကို လက်ခံလိုက်လေ၏။ ထိုအခါ ပုဏ္ဏားတို့သည် ကပိလဗြာဟ္မဏထံသို့ စာအားဖြင့် အကြောင်းကြား၏။

'သတ္တိသမီး ကညာကို ရပါပြီ၊ ယခုအခါ အရှင်တို့၏
လုပ်ဆောင်ဘွယ်များကိုသာအသင့်စီစဉ်ထားကြပါလော့'

ဤသတင်းကို ကြားသိသောအခါ ပိပ္ပလိမှာ ဗျာများသွား၏။

'ဤရွှေစင်ရုပ်ကဲ့သို့သော သတ္တိသမီးကို ရလိမ့်မည်ဟု ငါမမျှော်လင့်ခဲ့ချေ။ ယခုအခါ ငါထင်သလို မဟုတ်၊ ဤကဲ့သို့သော သတ္တိသမီးကို ရနေလေပြီ'

သူသည် ဤသို့ စဉ်းစားပြီး သဝဏ်လွှာရေး၏။

'ဘဒ္ဒေ အဘယ်–

သင်သည် သင်နှင့် အမျိုး အနွယ် ဥစ္စာ စီးပွား တူညီသော အခြားတစ်ယောက်နှင့် ဝိဝါဟမင်္ဂလာ ပြုသင့်၏။ ငါနှင့် လက်ထပ်ပါလျှင် သင် ချမ်းသာသုခ ဖြစ်လိမ့်မည်မဟုတ်ပါ။ အကြောင်းမှာ ငါသည် ရဟန်းပြုမည့်သူ ဖြစ်ပါ၏။ သင် နောင်တ တဖန် ပူပန်မှု မဖြစ်စေရန်အတွက် ကြိုတင် သိစေရခြင်းဖြစ်ပါ၏။'

ဘဒ္ဒါလည်း သူနှင့် ပိပ္ပလိ လက်ထပ်ရမည့် အကြောင်းကို သိရသောအခါ ပိပ္ပလိထံသို့ သဝဏ်လွှာ ရေး၏။

'အယျပုတ္တ အရှင့်သား–

အရှင်သည် မိမိနှင့် အမျိုးအနွယ် ဥစ္စာစီးပွား တူညီသော အခြား တစ်ယောက်နှင့် ဝိဝါဟမင်္ဂလာ ပြုသင့်

ပါ၏။ အကျွန်ုပ်နှင့် လက်ထပ်ပါလျှင် အရှင်ချမ်းသာ သုခ ဖြစ်လိမ့်မည် မဟုတ်ပါ။ အကြောင်းမှာ အကျွန်ုပ်သည် ရဟန်းပြုမည့်သူ ဖြစ်ပါ၏။အရှင် နောင်တ တဖန်ပူပန်မှု မဖြစ်စေရန်အတွက် ကြိုတင် သိစေရခြင်း ဖြစ်ပါ၏'

စာပို့ တမန်နှစ်ဦးသည် ခရီးလမ်းကြားမှာ ဆုံတွေ့ကြ၍ အချင်းချင်း အပြန်အလှန် မေးမြန်း စူးစမ်းကြ၏။

"သင်၏လက်တွင် ဘယ်သူ၏သဝဏ်လွှာ ဖြစ်ပါလဲ"

"ပိပ္ပလိလုလင်က ဘဒ္ဒာအား ပေးရန် သဝဏ်လွှာ ဖြစ်ပါ၏။ သင်၏လက်တွင်လည်း ဘယ်သူ၏ သဝဏ်လွှာ ပါနည်း"

"ဘဒ္ဒာက ပိပ္ပလိလုလင်အား ပေးရန် သဝဏ်လွှာ ဖြစ်ပါ၏"

ထိုအခါ သူတို့နှစ်ဦးသည် သဝဏ်လွှာကို အသီးသီး ဖွင့်၍ ဖတ်ရှုပြီးလျှင် သတို့သား သတို့သမီး နှစ်ဦးတို့၏ တူညီသော စိတ်နေသဘောထားကို အံ့ဩသွားကြ၏။ ထိုနောက် သူတို့နှစ်ဦး တိုင်ပင်ကာ မူရင်းစာများကို ဖျက်ဆီးပစ်လိုက်ကြပြီးလျှင် ချစ်မေတ္တာ သဝဏ်လွှာကို လုပ်ကြံ ရေးသားကြပြီး လဲလှယ်၍ ယူဆောင်သွားကြ၏။ သတို့သားသည် သတို့သမီး၏ မေတ္တာစာကိုရ၍ စိတ်မချမ်းမသာ ဖြစ်သကဲ့သို့ပင် သတို့သမီးလည်း သတို့သား၏ စာကို တွေ့ရ၍ တုန်လှုပ် ချောက်ချားသွားလေ၏။ သို့ဖြင့် သူတို့နှစ်ဦးသည် အသီးအသီး မလိုလားဘဲနှင့် လွန်စွာ ကြီးကျယ် ခမ်းနားသော ဝိဝါဟ လက်ထပ်မင်္ဂလာပွဲကြီးတွင် ပါဝင် ဆင်နွှဲလိုက်ကြရ၏။

လက်ထပ်ပွဲအခမ်းအနား ပြီးသောအခါ ဝိဝါဟ မင်္ဂလာကို ဆောင်ရွက်သော သူများသည် သတို့သားနှင့် သတို့သမီးအား အခန်းအပ်ကြ၏။ သူတို့နှစ်ဦးတွင် မင်္ဂလာပန်းကုံးများ အသီး

အသီး ပါလာလေရာ သူတို့သည် ထိုပန်းကုံးကို အိပ်ရာ၏အလယ်တွင် စည်းတားသကဲ့သို့ ချထားကြ၏။ ပိပ္ပလိသည် ယာဘက်သို့ စောင်းလျက်ငင်း၊ ဘဒ္ဒာသည် ဝဲဘက်သို့ စောင်းလျက်ငင်း အိပ်စက်ကြရာ ညဦးက အိပ်စက်သည့်အတိုင်းပင် နံနက်တွင် အသီးအသီး အိပ်ရာမှ ထကြ၏။ သူတို့သည် မိမိတို့ တာဝန်ဝတ္တရားများကို ရိုးသားစွာ မပျက်မကွက် ဆောင်ရွက်ကြ၏။ ကိလေသာ တဏှာ ပေမဖြင့် ကြည့်ပင် မကြည့်ကြချေ။ လင်မယားဟူသော အမည်နာမဝေါဟာရကို ခံယူထားကြသော်လည်း တဏှာချစ်ဖြင့် ထွေးရစ်ခြင်း မရှိကြချေ။ သို့ဖြင့် ကာလကြာမြင့်သောအခါ ပိပ္ပလိ၏ မိဘနှစ်ပါး ကွယ်လွန်ခဲ့၍ သူသည် အလုံးစုံသော ပစ္စည်းဥစ္စာတို့ကို တဦးတည်း တာဝန်ခံ၍ ထိန်းသိမ်းရ၏။

တနေ့တွင် ပိပ္ပလိသည် မြင်းရထားဖြင့် သူ၏ လယ်ယာ မြေများကို ကြည့်ရှုစစ်ဆေးရန် သွား၏။ ထိုအခါ သူ၏လယ်ယာတို့တွင် ထွန်ယက်ထားသဖြင့် မြေအောက်မှ ပိုးရွ ခြပုန်းတို့ အပေါ်သို့ရောက်ကာ ကျီးငှက်တို့၏ စားခြင်းကို ခံနေကြရ၏။ ပိပ္ပလိလုလင်သည် ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်းကို ဆင်ခြင်ကာ စိတ်မကောင်း ဖြစ်သွား၏။ သူသည် စိတ်လက် မချမ်းသာစွာဖြင့် လှည့်လည် ကြည့်ရှုပြီး ဆုံးဖြတ်ချက်တခုကို ခိုင်မြဲစွာ ချမှတ်လျက် အိမ်သို့ ပြန်ခဲ့၏။

ဤတွင်လည်း ဘဒ္ဒာသည် အလုပ်သမား အမျိုးသမီးများ ကျီတွင်းသို့ ကောက်ပဲသီးနှံများ သွင်းကြသည်ကို ကြီးကြပ် စီစဉ်ရ၏။ ကျီတွင်တွယ်ကပ်နေကြသော ပိုးရွ ခြပုန်းကလေးများကို ကျီးငှက်တို့ ရုတ်ရုတ်သဲသဲ စားနေသည်ကို တွေ့ရ၍ သူလည်း အတွေးနက်နေ၏။ စိတ် မချမ်းသာစွာနှင့်ပင် လုပ်ငန်းကို ပြီးဆုံးစေခဲ့ပြီး ဆုံးဖြတ်ချက်တခုနှင့်ပင် အိမ်သို့ ပြန်ခဲ့၏။

သူတို့သည် ညစာထမင်း စားသောက်ပြီးကြသောအခါ အချင်းချင်း တယောက်ကို တယောက် တွေ့ဆုံရန် ကြိုးစားကြ၏။ အကြံတူ ဥာဏ်တူ သဘာဝတူချင်း ဖြစ်ကြသဖြင့် လသာဆောင်တွင် အေးအေးဆေးဆေး ဆွေးနွေးမိကြ၏။ ထိုအခါ ပိပ္ပလိကစတင်ဆွေးနွေး၏။

"ဘဒ္ဒေ၊ အဘယ်။ သင် ငါတို့ အိမ်သို့လာစဉ်အခါက သင်၏ မိဘထံမှ ဥစ္စာ အဘယ်မျှ ပါခဲ့ပါသလဲ"

"အယျအရှင်၊ ငါးသန်း ငါးသိန်းမျှသော ဥစ္စာများ ပါ၍ လာပါ၏"

"ထို ဥစ္စာများနှင့် ငါ့တွင်ရှိသမျှ ဥစ္စာများကို သင့်အား ပေးအပ်ပါ၏"

"အယျ၊ သင် ဘယ်ကိုသွားမည်နည်း"

"ငါ ရဟန်းပြုမည်"

"အကျွန်ုပ်သည် အရှင်၏အလာကို စောင့်နေခဲ့ပါ၏။ အကျွန်ုပ်လည်း ရဟန်းပြုပါမည်"

သူတို့၏ ဖိတ်ဖိတ်တောက်နေသော ဘုံဗိမာန်တို့ကို သစ်ခက်တဲလောက်သာ ယူဆထင်မြင်ကြလျက် သူတို့သည် အသီးသီး ရဟန်းပြုကာ ပြာသာဒ်ပေါ်မှ တိတ်တဆိတ် ဆင်းသွားကြရာ ဘယ်သူမျှ မသိလိုက်ချေ။ သူတို့သည် ရဟန်းအသွင်ဖြင့် ရုပ်ဖျက်ကာ သူတို့၏ ပိုင်နက်ရွာများမှ ကြိုးစား၍ ထွက်ကြသော်လည်း အချိန်မီ မထွက်နိုင်ချေ။ သူတို့၏ လုပ်သား ကျေးရွာသားများနှင့် မလွဲမရှောင်သာဘဲ သွား၍ တွေ့ကြုံသိရှိသွားသဖြင့် ဝိုင်းဝန်း၍ တားမြစ်ကြ၏။

"အရှင်၊ အကျွန်ုပ်တို့ကို အားကိုးရာမဲ့ မပြုပါလင့်"

"အချင်းတို့၊ မတားမြစ်ကုန်လင့်။ ငါတို့သည် ဤဘဝကို သစ်ခက်တဲသမျှ ယူဆထင်မြင်ကြ၏။ နောက်တချက်မှာ သင်တို့အတွက်ပင် ဖြစ်၏။ သင်တို့၏ ကိုယ်ရေးကိုယ်တာကို ပြန်လည် စဉ်းစားကြပါ။ ငါတို့သည် အကယ်၍ သင်တို့အား တယောက်စီ တယောက်စီ ကျေးကျွန်အဖြစ်မှ လွတ်သည် ထားဘိဦး၊ အနှစ်တရာတိုင်သော်လည်း ကုန်နိုင်ဘွယ် မရှိပါ။ ယခုမှ သင်တို့ဘာသာ ခေါင်းဆေးပြီး ကျွန်အဖြစ်မှ လွတ်မြောက်နိုင်ကြပါ၏"

သို့ရာတွင် သူတို့ကား သူတို့၏ အရှင်နှစ်ပါးကို ငိုကြွေးကာ တားနေကြ၏။ သူတို့ ငိုကြွေးကြစဉ်ပင် အရှင်နှစ်ပါးလည်း ဆက်လက်၍ ခရီးထွက်ခဲ့ကြ၏။ အတန် သွားကြသောအခါ ခရီးလမ်းဆုံသို့ ရောက်၍ ပိပ္ပလိက ပြောပြ၏။

'ဘဒ္ဒေ အဘယ်၊ ငါတို့သည် တွယ်တာဘွယ်ရာတို့ကို ဖယ်ခွာပြီး လောကီကို စွန့်လွှတ်ခဲ့ကြ၏။ နှစ်ဦးနှစ်ဝ အတူတကွသွားခြင်းဖြင့် တွယ်တာခြင်းကို ဖယ်ခွာရန် ခက်၏။ လူအများသည် ငါတို့အား ယုံမှားခြင်းဖြင့် မကောင်းမှု ပွားချိမ့်မည်။ သို့ကြောင့် ယခုအခါ ငါတို့နှစ်ဦး ခွဲခွာခြင်းသည်သာ အကောင်းဆုံး ဖြစ်မည်။ ဤနေရာတွင် လမ်းနှစ်သွယ် ခြားနားနေသည်ကို ကြည့်ပါ။ တလမ်းမှာ ယာဘက်ဖြစ်၍ အခြားတလမ်းမှာ ဝဲဘက်သို့ သွားရန် ဖြစ်၏။ ဤနှစ်လမ်း ရှိလေရာ သင် သွားလိုရာလမ်းကို သွားပါဘိ။ အခြားတလမ်းသို့ ငါ သွားပါမည်"

"မှန်ပေ၏ အရှင့်သား။ ရဟန်းအဖြစ်နှင့် အမျိုးသမီးမှာ ဆန့်ကျင်ပါ၏။ လူအများ အကျွန်ုပ်တို့အား ကဲ့ရဲ့ကြပါလိမ့်မည်။ သို့ကြောင့် အရှင်က တလမ်းသွားပါ။ အကျွန်ုပ်က တလမ်းသွားပါမည်။ အရှင်မှာ ယောကျ်ားမြတ်ဖြစ်သည့်အတွက် လက်ယာလမ်းကို ယူပါ။ အကျွန်ုပ်က လက်ဝဲလမ်းကို ယူပါမည်"

ထိုနောက် ဘဒ္ဒာသည် ပိပ္ပလိ၏ခြေတွင် ဦးတိုက်ကာ ချောက်သွေ့သောလည်ချောင်းဖြင့် ပြောပြ၏။

"အို အသက်သခင် ကျေးဇူးရှင်၊ အကျွန်ုပ်သည် အရှင်၏ ကျွန်မ ဖြစ်ပါ၏။ အရှင်၏အမိန့်ကို နာခံရန်မှာ အကျွန်ုပ်၏ ဓမ္မတရား ဖြစ်ပါ၏။ အရှင်၏ အလိုဆန္ဒ ပြည့်ဝပါစေ"

ထိုနောက် အရှင်၏ ခြေမှုန့်ကိုယူကာ သူ၏နဖူးမှာ သုတ်လိမ်းပြီး လက်ဝဲဘက်လမ်းသို့ ထွက်ခွာသွားလေ၏။ ပိပ္ပလိလည်း လက်ယာဘက်လမ်းအတိုင်း လျှောက်သွား၏။

ထိုအခါ ဗုဒ္ဓသည် ဝေဠုဝန်ကျောင်း၌ စံနေတော်မူ၏။ ပိပ္ပလိ မောင်နှံသည် မိမိကို ရည်မှန်းပြီး ရဟန်းပြုလာသည့် အကြောင်းကို သိရသောအခါ ကိုယ်တော်တပါးတည်း ထွက်လာခဲ့ကာ ရာဇဂြိုဟ်နှင့် နာလန္ဒာ၏အကြား ဗဟုပုတ္တကရွာ သစ်ပင်ရင်းတွင် ထိုင်လျက် စောင့်ကြိုနေလေ၏။ မကြာမီအတွင်းမှာ ပိပ္ပလိရောက်လာပြီး ရိုသေစွာ ရှိခိုးလျှောက်ကြား၏။

"အရှင်၊ အရှင်သည် အကျွန်ုပ်၏ ဆရာဖြစ်ပါ၏။ အကျွန်ုပ်သည် အရှင်၏တပည့် ဖြစ်ပါ၏"

ဗုဒ္ဓသည် သူ့အား ဥပဒေသ သုံးပါးကိုပေးပြီး ရဟန်းပြုလိုက်၏။ ပိပ္ပလိ၏ အမျိုးအနွယ်မှာ ကဿပဖြစ်၏။ သို့ကြောင့် သူ့အား အမျိုးအနွယ်အားဖြင့်ပင် ကဿပဟု ခေါ်ကြ၏။ ဗုဒ္ဓသည် ကဿပအား ရဟန်းအဖြစ် ခွင့်ပြုလက်ခံပြီးလျှင် တပည့်အဖြစ်ဖြင့် နောက်မှ လိုက်စေလျက် ဗဟုပုတ္တကရွာမှ ထွက်ခွာခဲ့လေ၏။ အတန်သွားမိသောအခါ ဗုဒ္ဓသည် တခုသော သစ်ပင်ရင်းတွင် အပန်းဖြေ နားနေလိုသောဆန္ဒကို ပြ၏။ ထိုအခါ ကဿပသည် သူ၏ အပေါ်ရုံကို ဗုဒ္ဓထိုင်ရန်အတွက် ခင်းပေးလိုက်၏။ ဗုဒ္ဓသည်

ထိုအပေါ်ရုံသင်္ကန်းပေါ်တွင်ထိုင်ကာ လက်ဖြင့် စမ်းသပ်ကြည့်ပြီး ပြောပြ၏။

"ကဿပ၊ သင်၏ ဤသင်္ကန်းမှာ လွန်စွာ အဖိုးထိုက်ပေ၏"

'ငါ၏သင်္ကန်းကို ဗုဒ္ဓ ချီးကျူးတော်မူနေသည်'ဟု စဉ်းစားကာ ကဿပသည် ဗုဒ္ဓအား တောင်းပန်၏။

"ဘန္တေ၊ အကျွန်ုပ်၏ ဤအပေါ်ရုံကို ဆောင်တော်မူပါ"

"ကဿပ၊ သင် ဘာကိုဆောင်မည်နည်း"

"ဘန္တေ၊ အရှင်၏ခါးဝတ်ကို ရပါလျှင် ဆောင်ပါမည်"

"ကဿပ၊ သင်သည် ငါ၏ ဤဟောင်းနွမ်းလှပြီ ဖြစ်သော သင်္ကန်းကို ဆောင်မည်လော။ သို့ရာတွင် ဗုဒ္ဓ၏သင်္ကန်းသည် သာမညဂုဏ်ရှိသူတို့နှင့် မထိုက်တန်ပါ။ ပဋိပတ္တိ (အဓိစိတ္တ သိက္ခာ)နှင့် ပြည့်စုံသောသူသာ ဆောင်ထိုက်၏။ ဤသင်္ကန်းသည် ပံသုကူလ (မြေမှုန့်လူးသည်)ဖြစ်၍ ကျင့်ဝတ်ပဋိပတ်နှင့်ပြည့်စုံသောသူမှသာ ဆောင်ထိုက်၏"

ဗုဒ္ဓသည် ကဿပ၏ အဖိုးတန်သင်္ကန်းကို ဆောင်၍ သူ၏ ပံသုကူလ သင်္ကန်းကို ကဿပအား ဆောင်စေခြင်းဖြင့် မြောက်စားလိုက်၏။ ကဿပသည် ဗုဒ္ဓ၏သင်္ကန်းကိုရသဖြင့် မာန်မာန တက်ကြွခြင်း မရှိချေ။ သူသည် ဗုဒ္ဓထံမှ ဓုတင် တဆဲ့သုံးပါး အကျင့်ကို ယူပြီးနောက် ရှစ်ရက်မြောက်တွင် ပဋိသမ္ဘိဒါနှင့် တကွသော ရဟန္တာအဖြစ်သို့ ရောက်သွားလေ၏။

× × ×

## ကစ္စာယန

ဥဇ္ဇေနီပြည် ပုရောဟိတ်ပုဏ္ဏား၏သားဖြစ်၍ သူ၏အမည်မှာ ကဉ္စန ဖြစ်၏။ ဝေဒသုံးပုံကို တဖက်ကမ်းရောက် တတ်မြောက်၍

သူ၏အဖ ကွယ်လွန်သောအခါ ဘုရင့်ပုရောဟိတ်ရာထူးကို ရခဲ့၏။ ကဥ္စန ပုရောဟိတ်ဖြစ်သောအခါ အမျိုးအနွယ်၏ အမည်အားဖြင့် ကစ္စာယနဟု တွင်၏။ တနေ့တွင် ဘုရင်စန္ဒပဇ္ဇောတ ပြောပြ၏။

"အမတ်တို့၊ လောကမှာ ဗုဒ္ဓ ပွင့်ထွန်း ပေါ်ပေါက်သည်ဟု ကြားရ၏။ ထိုဘုရားသခင်ကို ဘယ်သူသည် ငါတို့နိုင်ငံသို့ ပင့်ဆောင်နိုင်မည်နည်း"

"ဒေဝ ဘုရင်မင်းမြတ်၊ ဆရာကစ္စာယနသည် ဘယ်အရေးကိစ္စမဆို စွမ်းဆောင်နိုင်သော ပညာရှိ ပုရောဟိတ် ဖြစ်ပါ၏။ သူ့အား တာဝန်ပေးသင့်လှပါ၏"

အမတ်တဦးက လျှောက်ကြားလိုက်ခြင်းဖြစ်၏။ ထိုအခါ မင်းကြီးသည် သူ့ကိုခေါ်၍ ပြောပြ၏။

"ချစ်သား၊ ဒသဗလ ဗုဒ္ဓထံသို့ သွားနိုင်ပါမည်လော"

"မဟာရာဇ၊ အကယ်၍ ရဟန်းပြုခွင့်ရပါလျှင် သွားပါမည်"

"ချစ်သား၊ ဘယ်နည်းဖြင့်မဆို ဗုဒ္ဓကို အပင့်ဆောင်ခဲ့ပါ"

ဆရာ ကစ္စာယနသည် အခွင့်ရသောအခါ သင့်တင့် လျောက်ပတ်သော လူခုနစ်ယောက် ရွေးကောက်ပြီး ဗုဒ္ဓကို ပင့်ဆောင်ရန် သွားလေ၏။ သူတို့ကား ဉာဏ်ပညာ ထက်မြက်သော သူများ ဖြစ်ကြ၏။ လောက၏ ဖောက်ပြန်မှုတို့ကိုလည်း မရှုချင် ဖြစ်နေကြ၏။ ဗုဒ္ဓသည် သူတို့အား တရားမဟောကြား၏။ သူတို့အားလုံးပင် ပဋိသမ္ဘိဒါ ရဟန္တာ ဖြစ်သွားကြ၏။ ထိုအခါ ဗုဒ္ဓသည် လက်ကို ဆန့်တန်းပြီး "ရဟန်းတို့ လာလှည့်ကုန်"ဟု ခေါ်လိုက်ရာ ချက်ချင်းပင် ရဟန်းအသွင်သို့ ကူးပြောင်းသွားကြ၏။

သူတို့သည် ရဟန်းကိစ္စ ပြီးသောအခါ သူတို့လာကြရင်း အကြောင်းကို ဗုဒ္ဓအား လျှောက်ကြား၏။ ဗုဒ္ဓသည် ယခုအခါ ဥဇ္ဇေနီသို့ ကိုယ်တိုင် လိုက်ရန် မသင့်ဟု ယူဆသဖြင့် ကစ္စာယန နှင့် သူ၏အဖော်များကို ရွေးဦးစွာ သွားနှင့်ရန် လွှတ်လိုက်၏။ သို့ကြောင့် သူတို့သည် ဗုဒ္ဓအား ရှိခိုးပူဇော်ကြပြီးလျှင် ဥဇ္ဇေနီသို့ ပြန်လည်လာကြ၏။

လမ်းခရီး အကြားတွင် တေလပ္ပနာလိ အမည်ရှိသော ရွာကြီး တရွာရှိ၏။ ကစ္စာယန အမှူးရှိသော ရဟန်းများသည် ထိုရွာသို့ ဝင်၍ ဆွမ်းခံကြ၏။ ရွာစဉ်လျှောက်၍ ဆွမ်းရပ်ပါသော်လည်း ပြည့်စုံလုံလောက်သောဆွမ်းကို မရကြချေ။ ရဟန်းတော်များ ဆွမ်းမရသည့် အကြောင်းကို အမျိုးသမီးတဦးသိရ၍ ရဟန်းများ အား သူ့အိမ်တွင် ဆွမ်းစားရန် ပင့်ဖိတ်လေ၏။

ထိုအမျိုးသမီးကား တရံသောအခါက ပစ္စည်းဥစ္စာ ကြွယ်ဝသော သေဋ္ဌေးသမီးဖြစ်၏။ သို့ရာတွင် ယခုအခါမှာ မိဘများ လည်း မရှိ၊ ပစ္စည်းဥစ္စာလည်း မရှိချေ။ ကျေးဇူးသစ္စာ ထောက် ထားသော သူ၏ အထိန်းတော်ကို မှီခိုပြီး နေရ၏။ သို့ရာတွင် သူ့မှာ ထက်သန်သောသဒ္ဓါရှိ၏။ ပညာရှိ၏။ လိမ်မာယဉ်ကျေး ၏။ ရုပ်ရည် ရူပကာယ လှပ၍ အထူးသဖြင့် ဆံပင်ကောင်း၏။ ထိုဆံပင်ကိုပင် အကြောင်းပြုပြီး ရဟန်းတို့အား ဆွမ်းဖိတ်ထား ခြင်းဖြစ်၏။

တခါက သူ၏ဆံပင်ကို သေဋ္ဌေးသမီးတဦး အသပြာ ရာ ထောင်ပေး၍ ဝယ်ဘူး၏။ သို့ရာတွင် သူ၏ ဆံပင်ကို လွန်စွာ မြတ် နိုးသဖြင့် မရောင်းခဲ့ချေ။ ယခုမူ ရဟန်းတို့ကို ဆွမ်းကျွေးလို၍ ဆံပင်ကို ဖြတ်ပြီး ရသမျှနှင့် ရောင်းရန် သူ၏ အထိန်းတော်ကို လွှတ်လိုက်၏။ ထိုသေဋ္ဌေးသမီးသည် တခါက ထို ဆံပင်ကို

တရာ တထောင်ပေးခဲ့ဘူးသော်လည်း ယခုအခါမူ ရစ်အသပြာနှင့်သာ ဝယ်ယူလိုက်၏။ အထိန်းတော်လည်း မှာလိုက်သည့်အတိုင်း ရသမျှနှင့်ပင် ရောင်းခဲ့ပြီး ရဟန်းတို့အား ဆွမ်းလုပ်ကျွေးလိုက်၏။

ကစ္စာယန အမှူးရှိသော ရဟန်းတို့သည် ထိုအိမ်တွင် ဆွမ်းစားပြီးသောအခါ ဥဇ္ဇေနီပြည်ဘက်သို့ ခရီးဆက်ကြ၏။ ဥဇ္ဇေနီပြည်သို့ ရောက်လျှင် မိမိတို့အနေဖြင့် ရှေးယခင်ကကဲ့သို့ မြို့တွင်းသို့ဝင်ရန် မသင့်ဟု ယူဆသဖြင့် မြို့ပြင် ကဉ္စန အမည်ရှိသော ဥယျာဉ်တွင် နေကြ၏။ ထိုအခါ ဥယျာဉ်မှူးသည် ဆရာကစ္စာယန ရဟန်းအဖြစ်နှင့် ဥယျာဉ်တော်သို့ ရောက်နေကြောင်း စန္ဒပဇ္ဇောတ မင်းကြီးအား သွားရှုံလျှောက်၏။ မင်းကြီးသည် အလွန်ဝမ်းသာစွာဖြင့် ချက်ချင်းပင် ဥယျာဉ်သို့ ထွက်တော်မူပြီး ရဟန်းတို့အား ရိုသေစွာ ရှိခိုးလျက် မေးလျှောက်၏။

"ဘန္တေ၊ ယခုအခါ ဗုဒ္ဓမြတ်စွာ အဘယ်မှာပါနည်း"

"မဟာရာဇ၊ ယခုအခါ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် မကြွလာသေးပါ။ ငါတို့ကိုပင် ရှေးဦးစွာ စေလွှတ်လိုက်ပါ၏"

မင်းကြီးသည် ဗုဒ္ဓအား ကိုယ်တိုင် မဖူးတွေ့ရသေးပါ။ သို့ရာတွင် သူ၏ တပည့်သား ရဟန်းများကို ဖူးတွေ့ရရုံမျှနှင့်ပင် လွန်စွာ ကြည်နူး ရွှင်မြူးနေ၏။ ကစ္စာယနသည် စကားစဉ်အတိုင်း လမ်းခရီးအကြား တေလပ္ပနာလိ ကျေးရွာတွင် တွေ့ကြုံခဲ့ရသော သေဋ္ဌေးသမီး ဆင်းရဲသူ၏ အကြောင်းကို မင်းကြီးအား ပြောပြ၏။ မင်းကြီးသည် ထိုသတင်းကိုကြားရ၍ လွန်စွာ စိတ်ဝင်စားရကား တေလပ္ပနာလိ ကျေးရွာသို့ သွားပြီး ထိုသေဋ္ဌေးသမီး ဆင်းရဲသူကို ခေါ်ဆောင်ကာ မိဖုရားကြီးအဖြစ် တင်မြှောက်လိုက်၏။ ဤအမျိုးသမီးမှာ ဤဘဝမှာပင် စေတနာသဒ္ဓါတရာ

၏ အကျိုးဖလကို ရခဲ့၏။ ထိုနောက် မင်းကြီးသည် ရဟန်းတို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လိုလေသေး မရှိရအောင် ရိုသေလေးမြတ်စွာ ဆည်းကပ် လုပ်ကျွေး၏။

သေဋ္ဌေးသမီး မိဖုရားသည် ဆယ်လလွန်သောအခါ သားတယောက် ဖွားမြင်၏။ သူ၏ အမည်ကို အမေ၏ အနွယ်အားဖြင့် ဂေါပါလ ဟု မှည့်ခေါ်၏။ သားကိုအကြောင်းပြု၍ သေဋ္ဌေးသမီး မိဖုရားကိုလည်း ဂေါပါလ မာတာ(ဂေါပါလ အမေ)ဟု ခေါ်ကြ၏။ သူသည် ကစ္စာယနကို လွန်စွာ ကြည်ညိုသူ ဖြစ်၏။ မင်းကြီး၏ ခွင့်ပြုချက်အရ ကဥ္စနဥယျာဉ်တွင် ကျောင်းဆောက်၍ ထိုရဟန်းအား လှူဒါန်း၏။ အရှင်သည် ဥဇ္ဇေနီပြည်သူ ပြည်သားတို့အား သဒ္ဓါပသန္နဖြစ်စေလျက် သင့်လျော်သော အချိန်တွင် ဗုဒ္ဓ၏အထံသို့ ပြန်သွားလေ၏။

× × ×

## ဥပါလိနှင့် သကျခြောက်ဦး

ဗုဒ္ဓသည် ရာဟုလ သတို့သားကို ရှင်ပြုပြီးနောက် ကပိလဝတ္ထုပြည်မှ မလ္လတိုင်း အနုပိယ အမည်ရှိသော သရက်ဥယျာဉ်သို့ သွားနေလေ၏။

ထိုအခါ ကုလိန အမည်ရှိသော သကျကုမာရသည် ဗုဒ္ဓ၏ နောက်သို့လိုက်ပြီး ရဟန်းပြု၏။

ကပိလဝတ္ထုပြည်တွင် မဟာနာမနှင့် အနုရုဒ္ဓအမည်ရှိသော ညီနောင်နှစ်ဦး ရှိ၏။ အနုရုဒ္ဓကား အလွန်သိမ်မွေ့ ယဉ်ကျေးစွာ နေတတ်၏။ သူ့အတွက် ဥတုသုံးလီနှင့်အညီ လှပသော ဘုံဗိမာန် သုံးဆောင် ဆောက်လုပ်ထားရ၏။ ဆောင်းအခါ ဆောင်းဥတု

နှင့်၊ နွေအခါ နွေဥတုနှင့်၊ မိုးအခါ မိုးဥတုနှင့်လျော်သော ဗိမာန်တွင် ကခြေသည် အမျိုးသမီးများဖြင့် ပျော်စံနေ၏။

သူ၏ နောင်တော် မဟာနာမသကျသည် တနေ့တွင် စဉ်းစားနေ၏။

'ယခုအခါ ကုလိနသကျ ကုမာရသည် ဗုဒ္ဓနောက်သို့ လိုက်ပြီး ရဟန်းပြုလေပြီ။ ငါတို့၏ အမျိုးအနွယ်ထဲက တစုံတယောက်မျှ ရဟန်းပြုခြင်း မရှိကြသေးချေ။ ငါသော်၎င်း၊ အနုရုဒ္ဓသော်၎င်း ရဟန်းပြုရလျှင် မသင့်ပါလော'

သူသည် ဤသို့တွေးပြီးလျှင် ညီငယ် အနုရုဒ္ဓသကျအား ပြော၏။

"ညီငယ် အနုရုဒ္ဓ၊ယခုအခါ ငါတို့အထဲက ဘယ်သူမျှ ရဟန်း မပြုကြသေး။ သို့ကြောင့် ငါဖြစ်စေ၊ သင်ဖြစ်စေ ရဟန်းပြုလျှင် ကောင်းမည်"

"နောင်တော်၊ ငါကား လွန်စွာနုလှ၏။ သို့ကြောင့် ရဟန်း ပြုရန် သင့်မည်မဟုတ်ပါ။ သင်ပြုလိုက ပြုပါဘိ"

"သင်းဖြင့် ညီငယ်၊ အိမ်မှာပင် နေပါလော့။ ငါ ရဟန်းပြုပါမည်။ အိမ်တွင် နေပါလျှင် အိမ်မှုကိစ္စများကို သင် ထမ်းဆောင်ရပေလိမ့်မည်"

"ဘယ်ပုံ ထမ်းဆောင်ရမည်ကို ပြောပြခဲ့ပါ နောင်တော်"

"ငါပြောပြပါမည်။ သာမန်အားဖြင့် ပထမ လယ်ယာထွန်ယက်ရမည်။ထိုနောက် စိုက်ပျိုးရမည်။စိုက်ပျိုးပြီးနောက် ရေသွန်းလောင်းရမည်။ ထို့နောက် ရေကို ထုတ်ပစ်ပြီး မြေကို ခြောက်သွေ့စေရမည်။ စပါးရိတ်ရမည်။ ရိတ်ပြီးနောက် တလင်းသို့သွင်းပြီး နယ်ရမည်။ လှေ့ရမည်။ နောက် စပါးကျီသို့ သွင်းရမည်။ ဤသို့လျှင် နှစ်စဉ် ပြုလုပ်ရမည်"

"ဘယ်အခါ အလုပ် အားလပ်ပြီး ကာမဂုဏ်ကို ခံစားရမည်နည်း"

"ညီငယ် အနုရုဒ္ဓ၊ တာဝန်ရှိသော လူတယောက်မှာ အလုပ်အားလပ်ချိန် မရှိပါ။ အလုပ် မရှိဟူ၍ မရှိပါ။ အစဉ် ထာဝရ အလုပ် ရှိနေပါ၏။ ထိုအလုပ်သည် ပြီးဆုံးခြင်းလည်း မရှိပါ။ ငါတို့၏ ဘိုးဘွားစသူများလည်း အလုပ် မပြီးသေးဘဲနှင့် သေသွားကြ၏"

"သို့ဖြစ်ပါလျှင် နောင်တော်ဘဲ အိမ်မှာနေပါ။ ငါ ရဟန်းပြုပါမည်"

အနုရုဒ္ဓသကျသည် သူ၏ အမေ့ထံသွားပြီး ခွင့်ပန်၏။

"အမေ၊ အကျွန်ုပ် ဘဝသံသရာကို စွန့်ခွာပြီး ရဟန်းပြုချင်ပါ၏။ အကျွန်ုပ်အား ရဟန်းပြုခွင့် ပေးပါ"

"ချစ်သား အနုရုဒ္ဓ၊ သင်တို့ ညီနောင် နှစ်ယောက်သည် ငါ့မျက်လုံး၏ အရုပ်ကလေးများပင် ဖြစ်၏။ သေပြီးနောက်မှာပင် ငါသည် သင်တို့နှင့် ခွဲ၍ မနေလိုပါ။ အသက်ထင်ရှားရှိပါလျက် ဘယ်နည်းနှင့် ရဟန်းပြုခွင့် ပေးနိုင်ပါမည်နည်း"

ဤသို့လျှင် အနုရုဒ္ဓသည် နှစ်ကြိမ် သုံးကြိမ် ခွင့်ပန်ခဲ့၏။ ထိုအခါ ဘဒ္ဒိယအမည်ရှိသော သကျသည် မင်းအဖြစ်သို့ ရောက်ခဲ့၏။ သူသည် အနုရုဒ္ဓနှင့် လွန်စွာ ခင်မင်ရင်းနှီး၏။

အနုရုဒ္ဓ၏ အမေက စဉ်းစား၏။

'ဘဒ္ဒိယသည် အနုရုဒ္ဓ၏ မိတ်ဆွေဖြစ်၏။ သူကား ရှင်ဘုရင်ဖြစ်သွားပြီ။ ဤကဲ့သို့ အထွတ်အထိပ်ရောက်သော သူများသည် ဘယ်နည်းနှင့်မျှ ရှင်ရဟန်း မပြုနိုင်ချေ'

ဤသို့ စဉ်းစားပြီးလျှင် အနုရုဒ္ဓအား ပြောပြ၏။

"ချစ်သား အနုရုဒ္ဓ၊ အကယ်၍ သကျမင်းဖြစ်သည့် ဘဒ္ဒိယ ရဟန်းပြုပါလျှင် သင်လည်း ရဟန်းပြုချင် ပြုနိုင်၏"

ထိုအခါ အနုရုဒ္ဓသည် ချက်ချင်းပင် ဘဒ္ဒိယထံသွားပြီး တိုင်ပင်၏။

"အဆွေ၊ ငါရဟန်းပြုရန် စိတ်သန်နေပါ၏။ ငါ ရဟန်းပြုရေးမှာ သင်နှင့် ဆက်စပ်နေပါ၏"

"အဆွေ၊ အကယ်၍ သင်၏ ရဟန်းအဖြစ်သည် ငါနှင့်ဆက်စပ်နေပါလျှင် ငါ သင့်အား ဆက်စပ်သည့်အဖြစ်မှ လွတ်မြောက်ခွင့် ပေးပါ၏။ သင် လွတ်လပ်စွာ ရဟန်းပြုပါဘိ"

"သို့ဖြစ်ပါလျှင် လာသွားကြပါစို့ အဆွေ။ ငါတို့နှစ်ယောက် ရဟန်း ပြုကြမည်"

"အဆွေ၊ ငါရဟန်းပြုရန် မဖြစ်သေးပါ။ သင် ရဟန်းပြုပါ။ သင့်အတွက် အခြားကူညီစရာ ဘယ်အရာရှိ ပါသနည်း။ ငါ ကူညီရန် အသင့်ရှိပါ၏"

"အဆွေ၊ ငါ့အမေက ပြောပြ၏။ ဘဒ္ဒိယသကျ ရဟန်းပြုလျှင် သင်လည်း ရဟန်းပြုချင် ပြုနိုင်၏။ အဆွေ သင် ငါ့ကို ပထမပြောခဲ့၏။ 'အကယ်၍ သင်၏ ရဟန်းအဖြစ်သည် ငါနှင့် ဆက်စပ်နေပါလျှင် ငါ သင့်အား ဆက်စပ်သည့်အဖြစ်မှ လွတ်မြောက်ခွင့် ပေးပါ၏။ သင် လွတ်လပ်စွာ ရဟန်းပြုပါဘိ။' လာပါ အဆွေ၊ ငါတို့နှစ်ယောက် ရဟန်းပြုကြပါမည်"

ထိုစဉ်အခါ လူတို့သည် လုန်စွာ သစ္စာရှိကြ၏။ ထိုအခါ သကျမင်း ဘဒ္ဒိယသည် အနုရုဒ္ဓအား ပြောပြ၏။

"အဆွေ၊ ခုနစ်နှစ်စောင့်ပါ။ ထိုနောက် ငါတို့နှစ်ယောက် ရဟန်းပြုကြမည်"

"အဆော့ မစောင့်နိုင်ပါ။ ယနေ့ပင် ပြုချင်ပါ၏"

"ခြောက်နှစ်။ ငါးနှစ်။ ....။ ....။ လခွဲမျှ စောင့်ပါ"

"အဆော့ မစောင့်နိုင်ပါ။ ယနေ့ပင် ပြုချင်ပါ၏"

"အဆော့၊ ခုနစ်ရက်ပြင့် စောင့်ပါ။ ဤအတွင်းမှာ မင်းမှုကိစ္စအဝဝတို့ကို ညီတော်နှင့် သားတော်များကို လွှဲအပ်ပေးရပါမည်"

ခုနစ်ရက် ကျော်လွန်သောအခါ သကျမင်း ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒါ၊ ဘဂု၊ ကိမိလ နှင့် ဒေဝဒတ္တတို့သည် ဆတ္တာသည်၏သား ဥပါလိကို ခေါ်၍ စစ်အင်္ဂါလေးပါးခြံရံလျက် ဗုဒ္ဓ၏ နောက်သို့ လိုက်ကြ၏။ နယ်ခြားသို့ ရောက်သောအခါ စစ်သည် တပ်သားတို့ကို ပြန်လွှတ်လိုက်၏။ ထို့နောက် တစခန်းသို့ ရောက်သောအခါ သူတို့၏ မင်းမြောက်တန်ဆာများကို ချွတ်ကာ ဆတ္တာသည်၏သား ဥပါလိအား ပေးအပ်၍ ပြန်လွှတ်ပြန်၏။

"ဥပါလိ၊ သင်ပြန်တော့။ ဤ မင်းမြောက် တန်ဆာတို့ကို သင်အလိုရှိသည့်အတိုင်း ထုခွဲရောင်းချပြီး အသက်မွေးပါတိ"

ဥပါလိသည် မင်းသားတို့ ပေးအပ်လိုက်သော အဝတ်တန်ဆာ ရတနာတို့ကို ဆောင်ယူပြီး ပြန်လာခဲ့၏။ ပြန်လာစဉ် စဉ်းစား၏။

'သကျမျိုးတို့ကား လွန်စွာ မျက်မာန်ကြီး၏။ မဆင်မခြင် ပြုမူတတ်၏။ နေပြည်တော်သို့ ရောက်လျှင် မင်းသားတို့ကိုသတ်ပြီး အဝတ်တန်ဆာတို့ကို ချွတ်ယူလာသည်ဟု ငါ့အား စွပ်စွဲပြီး သတ်ချင်သတ်မည်။ သူတို့ကား တန်ခိုးရှိန်စော် အာနုဘော်ကြီးသော မင်းညီမင်းသားများ ဖြစ်ကြ၏။ သူတို့ပင် ရဟန်းပြုကြပေသေး၏။ ငါကား အဘယ်နည်း'

ဤသို့ စဉ်းစားပြီးလျှင် သူသည် အဝတ်တန်ဆာ ရတနာ ထုပ်ကို သစ်ပင်တပင်ပေါ်သို့တင်ပြီး 'အလိုရှိသူ ယူပါလော့'ဟု စာရေးထားခဲ့ကာ မင်းသားတို့နောက်သို့ အမီလိုက်လေ၏။

"ဥပါလိ၊ သင် ဘယ့်ကြောင့် လိုက်လာဘိသနည်း"

ထိုအခါ ဥပါလိသည် လမ်းတွင် သူစဉ်းစား ဆုံးဖြတ်သည့် အတိုင်း မင်းသားတို့အား ပြန်ပြော၏။

"ဥပါလိ၊ သင်၏ စဉ်းစား ဆုံးဖြတ် ချက်မှာ ကောင်းလှ ပါ၏"

မင်းသားတို့သည် ဥပါလိကိုပါ ခေါ်ဆောင်ပြီး ဗုဒ္ဓထံသို့ သွားကြ၏။ သူတို့သည် ဗုဒ္ဓအား ရှိခိုးပူဇော်ပြီးလျှင် ရဟန်းအဖြစ်ကို တောင်းဆိုကြ၏။ အခွင့်ရသောအခါ သူတို့သည် ဗုဒ္ဓထံတွင် ခွင့်တောင်းကြပြန်၏။

"ဘန္တေ၊ သကျတို့သည် အဘိမာနီ လွန်စွာ မာနကြီးကြပါ၏။ဤဆတ္တာသည်၏သား ဥပါလိသည် ကျွန်ုပ်တို့၏ ကျေးကျွန် ဖြစ်ပါ၏။ သို့ကြောင့် သူ့အား အခွင့်အရေး ပေးသော အားဖြင့် ရှေးဦးစွာ ရဟန်းပြုတော်မူပါ။ သို့မှ ကျွန်ုပ်တို့သည် သူ့ကို ရှိခိုးပူဇော်ကြလျက် သကျတို့၏ ဇာတိမာန် လျှော့ကျမည် ဖြစ်ပါ၏"

ဗုဒ္ဓသည် ပြုံးလျက် ဆတ္တာသည်၏သား ဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေး၏။ ထိုနောက်မှ သကျ ကုမာရတို့အား ရဟန်းပြုပေး၏။ ထိုနှစ်အတွင်းမှာပင် ဘဒ္ဒိယသည် ဝိဇ္ဇာသုံးပါးကို ရ၏။ အနုရုဒ္ဓသည် ဒိဗ္ဗစက္ခုကို ရ၏။ အာနန္ဒသည် သောတာပန် အဖြစ်သို့ရောက်၍ ဒေဝဒတ္တသည် လောကီ ယောဂ အစွမ်းကို ရ၏။

ဘဒ္ဒိယသည် ထောတောင် ချောင်ကြားသို့ ရောက်တိုင်း ဥဒါန်းကျူးလေ့ရှိ၏။

"အဟောသုခံ၊ အဟောသုခံ၊ အော် ချမ်းသာစွ၊ အော် ချမ်းသာစွ"

သူ၏ ဥဒါန်းစကားကို မကြာခဏ ကြားရသော ရဟန်းတပါးသည် ထိုအကြောင်းကို ဗုဒ္ဓအား လျှောက်ကြား၏။

"ဘန္တေ၊အရှင်ဘဒ္ဒိယသည် တောတွင်း ဆိတ်ငြိမ်ရာသို့ ရောက်တိုင်း ရောက်တိုင်း 'အဟောသုခံ အဟောသုခံ'ဟု ဥဒါန်းကျူးလေ့ရှိပါ၏။သူ့အား မြတ်သော ဗြဟ္မစာရီအကျင့်ကို ကျင့်နေ၏ဟု အကျွန်ုပ် သိပါ၏။ သို့ရာတွင် သူသည် ရှေးမင်းဖြစ်စဉ်အခါက ချမ်းသာသုခကို သတိရပြီး ဤသို့ ရင့်ကျူးသည်ထင်ပါ၏"

"အို ဘိက္ခု၊ ဘဒ္ဒိယကို ငါခေါ်၏ဟု ပြောပါလေ"

ထိုရဟန်းသည် ဗုဒ္ဓ၏အခေါ်ဖြင့် ဘဒ္ဒိယအား သွား၍ ခေါ်၏။ ဘဒ္ဒိယ ရောက်လာသောအခါ ဗုဒ္ဓက မေး၏။

"ဘဒ္ဒိယ၊ သင် ဆိတ်ငြိမ်ရာသို့ ရောက်တိုင်း ဥဒါန်းကျူးသည်မှာ မှန်ပါသလော"

"ဧဝံဘန္တေ၊ မှန်ပါသည် အရှင်ဘုရား"

"ဘာ့ကြောင့်နည်း ဘဒ္ဒိယ"

"ဘန္တေ၊ အကျွန်ုပ် မင်းအဖြစ်နှင့် နေစဉ်အခါက နန်းတွင်း၌၎င်း၊ မြို့တွင်း၌၎င်း၊ အရပ်ဒေသများ၌၎င်း အမျိုးမျိုးသော အစောင့် အရှောက်များ ထားခဲ့ရပါ၏။ သို့ရာတွင် အကျွန်ုပ်သည် အမြဲပင် စိုးရိမ်ကြောင့်ကြ၍ နေရပါ၏။ ယခုမူ ထိုသို့ အစောင့် အရှောက် အကာအကွယ် မရှိပါဘဲလျက် စိုးရိမ်ကြောင့်ကြဘွယ် မရှိသောကြောင့် ဤသို့ ကျူးရင့်ခြင်း ဖြစ်ပါ၏"

ထိုအခါ ဗုဒ္ဓသည်လည်း ဥဒါန်းကျူးရင့်လေ၏။

"အကြင် သူ၏ အတွင်း၌ အမျက်ဒေါသတို့ မရှိကုန်။ ဘဝရှိခြင်း မရှိခြင်း ပြဿနာလည်း မရှိချေ။ ဘေးဥပါဒ်ကင်းသော ချမ်းသာသုခလည်း ရှိ၏။ စိုးရိမ်ခြင်းလည်း မရှိ။ ထိုသူ့ကို နတ်တို့ပင် မမြင်နိုင်ချေ"

× × ×

# သုဒိန္န

ဝေသာလီနှင့် မနီးမဝေးတွင် ကလန္ဒက အမည်ရှိသော ကျေးရွာရှိ၏။ ထိုရွာတွင် သုဒိန္နအမည်ရှိသော သေဋ္ဌေးသားတဦး နေ၏။ သူသည် တနေ့တွင် ကိစ္စတခုရှိ၍ အပေါင်း အဖော်များနှင့် အတူ ဝေသာလီသို့ သွား၏။ ထိုအခါ မြတ်စွာဘုရားသည် များပြားလှစွာသော ပရိသတ်အလယ်တွင် ဓမ္မတရား ဟောကြားနေ၏။ သုဒိန္နသည် မြတ်စွာဘုရား တရားဟောနေသည်ကို တွေ့ရ၍ 'ငါလည်း တရားနာရလျှင် ကောင်းမည်'ဟု ဆင်ခြင်၏။

ထိုနောက် သူသည် ပရိသတ် အတွင်းသို့ ဝင်၍ တရားနာ၏။ မြတ်တရားကို နာကြားရင်း သူသည် ဓမ္မ၏ သဘာဝကို စဉ်းစား၏။

'ဗုဒ္ဓ၏ ဥပဒေသတို့မှာ လုံးဝ သန့်ရှင်း ဖြူစင်၏။ ကြီးကျယ်မြင့်မြတ်၏။ ဤမြတ်သော အကျင့်ကို အိမ်ရာတည်ထောင် လူ့ဘောင် လောကတွင် နေလျက် ကျင့်ခြင်းငှာ မစွမ်းနိုင်ပေ။ လောကီနှင့် လုံးဝ မပတ်သက်သော ရဟန်းတို့သာ ကျင့်သုံးနိုင်သော တရားဓမ္မ ဥပဒေသတို့ ဖြစ်ပေ၏'

တရားပွဲ ရုတ်သိမ်းသောအခါ သုဒိန္နသည် ဗုဒ္ဓ၏ အထံသို့ ချဉ်းကပ်ပြီး ရှိခိုးတောင်းပန်၏။

"မြတ်စွာဘုရား၊ အရှင်ဘုရား၏ တရားဓမ္မ ဥပဒေသတို့ကို နာကြားရ၍ အကျွန်ုပ် ကျင့်ဆောင်လိုပါ၏။ အိုးအိမ် တည်ထောင် လူ့ဘောင်တွင်နေ၍ ဖြူစင်ခြင်း ကြယ်သောအကျင့်ကို ကျင့်ရန် မလွယ်ပါ။ အစဉ်သနားသဖြင့် အကျွန်ုပ်အား ရဟန်းပြုတော်မူပါ"

"သုဒိန္န၊ ရဟန်းပြုရန်အတွက် သင်သည် မိဘများထံမှ အခွင့်ရပါသလော"

"ဘန္တေ၊ အကျွန်ုပ် ခွင့်မပန်ရသေးပါ"

"သုဒိန္န၊ အမိအဖတို့ ခွင့်မပြုသောသူကို ငါ ရဟန်းပြုမပေးပါ"

"သို့ဖြစ်ပါလျှင် အကျွန်ုပ် ခွင့်ခံပြီး လာခဲ့ပါမည်"

ထိုအခါ သုဒိန္နသည် ဝေသာလီတွင် ပြုလုပ်ရန်ကိစ္စများကို ပြုလုပ်ပြီး ကလန္ဒက ရွာသို့ ပြန်သွား၏။ အိမ်သို့ ရောက်သောအခါ သူသည် မိဘများအား ဝေသာလီတွင် ဗုဒ္ဓ၏တရား နာကြားရကြောင်းကို ပြန်လည်ပြောပြပြီးနောက် ရဟန်းပြုရန် ခွင့်ခံလေ၏။ အမိအဖများကား ခွင့်မပေးနိုင်ကြချေ။

"ချစ်သားသုဒိန္န၊ သင်သည် အလွန်ယုယစွာ မွေးမြူအပ်သော တဦးတည်းသော သားဖြစ်၏။ တခါတရံမျှ ဒုက္ခကို မခံရဘူးချေ။ ဒုက္ခဟူသည် ဘယ်သို့ဟူပင် သင့်အား ပြောပြ၍ သဘောပေါက်မည် မဟုတ်ပါ။ ဒုက္ခဘုံတွင် ဒုက္ခနှင့် မကြုံမတွေ့စေဘဲ ငါတို့ သင့်အား မွေးမြူလာခဲ့၏။ ငါတို့၏ အသက်မှာ သင်ပင် ဖြစ်၏။ သင် ရဟန်းပြုခြင်းသည် ငါတို့၏ သေခြင်းပင်ဖြစ်၍ သင့်အား ဘယ်နည်းနှင့်မျှ ခွင့်မပေးနိုင်ပါ"

သို့ရာတွင် သုဒိန္နသည် ထပ်၍ အရေးဆို၏။ အကြိမ်ကြိမ် တောင်းခံ၏။ မရခဲ့၍ သူသည် အစာ အာဟာရကို လုံးဝ မမှီဝဲဘဲ

မြေပေါ်တွင် အိပ်လျက် ဆန္ဒပြ၏။ ယခုအခါ သူသည် အစာ မစား၍ သေခြင်းနှင့် ရဟန်းပြုရခြင်း၏ အလယ်၌ ရှိ၏။

သုဒိန္နသည် အစာမစားဘဲ လွင်တီးခေါင် မြေပြင်တွင် အိပ်စက်၍ နေ၏။ ခုနစ်ရက်မြောက်သောနေ့တွင် သူ၏ မိဘများက ပြောပြကြ၏။

"ချစ်သား သုဒိန္န၊ ထလော့။ အစာကို စားလော့။ သင်သေခြင်းနှင့် ရဟန်းပြုခြင်းမှာ ငါတို့တွင် ထူးခြားခြင်း မရှိပါ။ သို့ကြောင့် သင့်အား ဘယ်နည်းနှင့်မျှ ရဟန်းပြုခွင့် မပေးနိုင်ပါ"

သူတို့ အကြိမ်ကြိမ် သွေးဆောင်ကြသော်လည်း သုဒိန္နကား မတုန်လှုပ်ချေ။ ထို့နောက် သူ၏ အပေါင်းအသင်း သူငယ်ချင်းများ လာကြပြီး သွေးဆောင်ကြ၏။

"အဆွေ၊ သင်သည် မိဘနှစ်ပါး၏ အမျိုးကို ဆက်ခံမည့် တဦးတည်းသော သားဖြစ်၏။ သို့ကြောင့် သေသည့်တိုင်အောင် သင့်ကို ခွင့်ပေးကြလိမ့်မည် မဟုတ်ပါ။ ထပါ သူငယ်ချင်း။ အစားအစာ စားသောက်ပြီး အရင်ကကဲ့သို့ ပျော်ပျော်ပါးပါးနေပါဘိ"

သို့ရာတွင် သုဒိန္နသည် သူတို့၏ အကြံပေးချက်ကို လက်မခံချေ။ မကြားသကဲ့သို့ပင်နေ၏။ထိုအခါ သူ၏ သူငယ်ချင်းတို့သည် သုဒိန္န၏ မိဘများထံသွားပြီး သူတို့၏အမြင်ကို တင်ပြကြ၏။

"သင်တို့သည် သူ့အား အခွင့်မပေးပါလျှင် အမှန်ပင် သူ၏ အသက်ကို စိုးရိမ်ရပါ၏။ အကယ်၍ သူ သေဆုံးခဲ့ပါလျှင် သင်တို့သည် သူ့ကို ဘယ်နည်းနှင့်မျှ တွေ့မြင်ကြရမည် မဟုတ်တော့ပါ။ ရဟန်း ပြုပါမူ တနေ့မဟုတ် တနေ့ တွေ့ နိုင် ပါသေး ၏။ သို့ကြောင့် ယခုအခါ သူ့အား အခွင့်ပေးလိုက်ခြင်း သည်သာ အကောင်းဆုံး ဖြစ်ပေလိမ့်မည်"

“ချစ်သားတို့၊ သို့ဖြစ်ပါလျှင် ငါတို့ သူ့အား အခွင့်ပေးပါ၏”

ထိုအခါ သူတို့သည် သုဒိန္နထံသို့သွားပြီး အကြောင်းကို ပြောပြကြ၏။

“အဆွေ၊ သုဒိန္န ထလော့။ သင်၏ မိဘတို့သည် သင့်အား ရဟန်းပြုခွင့် ပေးလိုက်ပါပြီ”

ထိုအခါ သုဒိန္န၏ အသဲနှလုံးမှာ ဝမ်းသာ ရွှင်ပြုံးခြင်းဖြင့် ပြည့်လျှံသွား၏။ သူသည် မြေပြင်မှထပြီး ရေမိုးချိုးကာ အစားအသောက် စားသောက်ပြီးနောက် ဗုဒ္ဓထံသို့သွားလေ၏။

“ဘန္တေ အရှင်ဘုရား၊ အကျွန်ုပ်၏ မိဘများ ခွင့်ပြုလိုက်ပြီး ဖြစ်ပါ၍ အကျွန်ုပ်အား အစဉ်သနားသဖြင့် ရဟန်းပြုတော်မူပါ”

ဗုဒ္ဓသည် သင့်လျော်လျောက်ပတ်သော အချိန်တွင် သူ့အား ရဟန်းပြုပေးလိုက်၏။ ထိုနောက် သူသည် ဓုတင်တို့ကို ဆောက်တည်ပြီးလျှင် ဝဇ္ဇီတိုင်း တောအုပ်များတွင် လှည့်လည်နေလေ၏။

× × ×

## ရဋ္ဌပါလ

တစ်ရံသောအခါ ဗုဒ္ဓမြတ်စွာသည် ဓမ္မတရား ဟောကြားလျက် ဘိက္ခုသံဃာနှင့်တကွ ကုရုတိုင်း ထုလ္လကောဋ္ဌိတ ကျေးရွာသို့ ရောက်သွား၏။

‘သကျပုတ္တာဖြစ်သော သမဏဂေါတမသည် ထုလ္လကောဋ္ဌိတ ကျေးရွာသို့ ရောက်လာ၏’ ဟူသော သတင်းစကားကို ကြားရ၍ ထိုကျေးရွာတွင်နေသော ပုဏ္ဏားသူကြွယ်သည် ‘ဤကဲ့သို့သော

မဟာပုရိသ ယောကျ်ားမြတ်ကို ဖူးမြော်ရန် သင့်၏’ဟု အကြံဖြစ်၍ ဗုဒ္ဓထံသို့ ချဉ်းကပ်ပြီး ရိုသေစွာ ရှိခိုးလျက် ဆိတ်ငြိမ်စွာ ထိုင်နေ၏။ ဗုဒ္ဓသည် ထိုသူကြွယ်အား သင့်လျော်လျောက်ပတ်သော ဓမ္မတရား ဟောကြားတော်မူ၏။

ထိုအခါ ထိုကျေးရွာမှ သေဌေးကြီး ကုလိန်၏သား ရဋ္ဌပါလလည်း ထိုနေရာသို့ ရောက်လာပြီး ဗုဒ္ဓ၏ ဓမ္မတရားကို နာကြား၏။ သူသည် တရားနာပြီးနောက် ခက်ခဲစွာ မိဘတို့ထံခွင့်ပန်ပြီး ရဟန်းပြုလေသည်။

မြတ်စွာဘုရားသည် ရဋ္ဌပါလအား ရဟန်းပြုပြီးနောက် သာဝတ္ထိပြည်သို့ ကြွသွားပြီး ဇေတဝန်ကျောင်းမှာ စံနေတော်မူလေ၏။ ရဋ္ဌပါလလည်း ဗုဒ္ဓမြတ်စွာနှင့် အတူလိုက်၍ နေ၏။ ရဟန်းတရား ပြီးဆုံးသော တနေ့တွင် သူသည် ဗုဒ္ဓထံပါးသို့ သွား၍ ရှိခိုးကာ ခွင့်တောင်းလေ၏။

“အရှင်ဘုရား၊ အကျွန်ုပ် အခွင့်ရပါလျှင် မိဘများထံ တွေ့ဆုံရန် သွားလိုပါ၏။

ဗုဒ္ဓသည် ရဋ္ဌပါလ၏ အကြောင်းကို ကောင်းစွာသိထား၏။ သူနှင့် ဘဝသံသရာမှာ ဘယ်သို့မျှ ဆက်သွယ်ခြင်း မရှိပါ၍ ဘေးရန် မရှိနိုင်ချေ။ သို့ကြောင့် မြတ်စွာဘုရားသည် သူ့အား အနုအညာတ် ခွင့်လွှတ်လိုက်လေ၏။

“ရဋ္ဌပါလ၊ သင်သွားလိုလျှင် သွားနိုင်ပါ၏”

ထိုအခါ ရဋ္ဌပါလသည် ဗုဒ္ဓအား ရိုသေစွာ ရှိခိုးလျက် လက်ယာရစ်လှည့်ကာ ပူဇော်ပြီးလျှင် သူ၏ သပိတ်သင်္ကန်းကို ယူ၍ ထုလ္လကောဋ္ဌိတ ကျေးရွာဘက်သို့ ထွက်သွားလေသည်။ ထိုအခါ ကုရုဒေသ၏ အရှင် ဘုရင်ကောရဗျသည် မိဂစီရ အမည်ရှိသော ပမောဒ ဥယျာဉ်တွင်စံနေ၏။

နောက်တနေ့တွင် ရဋ္ဌပါလသည် တုလ္လကောဋ္ဌိတရွာသို့ အိမ်စဉ်အတိုင်း ဆွမ်းခံဝင်၏။ သူ၏ မိဘအိမ်အနီးသို့ ရောက်သောအခါ အိမ်တွင်းမှ ကျွန်မ(အိမ်ဖော်) အမျိုးသမီး တယောက်သည် သိုးပုပ်ရှိနေသော မုယောမုန့်များကို စွန့်ပစ်ရန် ထွက်လာ၏။ ရဋ္ဌပါလသည် ကျွန်မ၏လက်တွင် စွန့်ပစ်မည့် မုန့်တို့ကို တွေ့၍ မေတ္တာရပ်ခံ၏။

"ဘဂိနီ ငမ၊ အကယ်၍ ဤမုန့်များကို စွန့်ပစ်မည် ဖြစ်ပါလျှင် ငါ၏ သပိတ်တွင် ထည့်ပါလော့"

ကျွန်မသည် ရဋ္ဌပါလ၏ အသံနှင့် လက်ခြေ လှုပ်ရှားမှု စသော အမူအရာတို့ကို အကဲခတ်ပြီး အရှင့်သား ဖြစ်လိမ့်မည်လားဟု ယုံမှား၏။ သို့ကြောင့် အလျင်အမြန် အိမ်ပေါ်သို့ သွားပြီး ရဋ္ဌပါလ၏ အမေအား ဝမ်းသာစွာ ပြောကြား၏။

"အမေ၊ အရှင့်သား ရဋ္ဌပါလ ဤသို့ ရောက်နေသည့် သတင်းကို ကြားပါပြီလား"

"ဟေ့ ကျွန်မ၊ သူသာ အကယ်၍ ဤသို့ အမှန်ရောက်ပါလျှင် သင့်အား ကျွန်အဖြစ်မှ လွတ်မြောက်ခွင့်ပေးမည်"

ရဋ္ဌပါလ၏ အမေသည် ဤသို့ပြောပြီးလျှင် ရဋ္ဌပါလ၏အဖေ့ထံသို့ သွား၍ ပြော၏။

"အို အိမ်ရှင်၊ ရဋ္ဌပါလ ဤသို့ရောက်နေသည်ကို သိပါပြီလား"

ရဋ္ဌပါလသည် ဆွမ်းခံပြီးနောက် ချုံရိပ်တခုတွင် ထိုသိုးပုပ်နေသော မုယောဆွမ်းကို စားနေ၏။ ထိုအခါ သူ၏အဖ ရောက်လာပြီး ဝမ်းနည်းစွာဖြင့် ပြောပြ၏။

"ရဋ္ဌပါလ၊ သင်သည် မုန့်အသိုးတို့ကို စားနေသလော။ ကိုယ့်အိမ် ကိုယ့်ယာ ရှိလျက် ဘယ့်ကြောင့် ဤမှာ နေဘိသနည်း"

"ဂဟပတိ၊ ရဟန်းပြုသည့်အခါမှစ၍ ငါ့အား အိုးအိမ် ဘယ်မှာ ရှိတော့မည်နည်း"

"သို့ရာတွင် အိမ်သို့ လိုက်ခဲ့ပါဦး ရဋ္ဌပါလ"

"ဂဟပတိ၊ ငါကား ရဟန်းဖြစ်၏။ သင်သာ အိမ်သို့ပြန်ပါလေ"

"အိမ်တွင် ကောင်းမွန်သော စားသောက်ဖွယ်များ ရှိပါ၏ ရဋ္ဌပါလ"

"ဂဟပတိ၊ ယနေ့ ငါ၏ စားသောက်ခြင်း ကိစ္စ ပြီးပါပြီ"

"သို့ဖြစ်ပါလျှင် နောက်နေ့အတွက် ဖိတ်ကြားခြင်းကို လက်ခံပါလော့"

အရှင်ရဋ္ဌပါလသည် တိတ်ဆိတ်နေခြင်းဖြင့် လက်ခံ လိုက်၏။ ထိုအခါ ဂဟပတိသည် သူ၏ အိမ်သို့ ပြန်သွားပြီး ရွှေငွေ များကို စေတီသဖွယ် စုပုံ၏။ ယင်းတို့ကို တင်းတိမ်တို့ဖြင့် ကာရံပြီး ရဋ္ဌပါလ၏ မယားဟောင်းတို့အား ပြောပြ၏။

"ချွေးမအပေါင်းတို့၊ သင်တို့ ရှေးအခါ ဘယ်အဝတ်တန်ဆာကို ဝတ်ဆင်လျှင် ရဋ္ဌပါလ ကြိုက်နှစ်သက်သနည်း။ ထိုအဝတ်တန်ဆာတို့ကို ဝတ်ဆင်ကြလော့"

နောက်တနေ့ သင့်လျော်သော အချိန်တွင် ရဋ္ဌပါလသည် သူ၏အဖ အိမ်သို့ ကြလာ၏။ ထိုအခါ သူ့အဖသည် သူ့အား ရွှေငွေပုံကို ပြ၍ ပြောပြ၏။

"လူကလေး ရဋ္ဌပါလ၊ ဤသည် တို့ကား သင့်အမေ၏ ဥစ္စာတည်း။ ဤသည်တို့ကား သင့်အဖေ၏ ဥစ္စာတည်း။ ရဋ္ဌပါလ၊ ဤအလုံးစုံသော ဥစ္စာတို့ဖြင့် ကာမသုခကို ခံစားပါ။ အလှူဒါနပြုပါ။ ရဟန်းအဖြစ်ကို စွန့်ခွာပြီး အိမ်တွင်နေကာ ဤအလုံးစုံကို ခံစားပါ။ အလှူဒါနလည်း ပြုပါ"

"ဂဟပတိ၊ သင်သည် အကယ်၍ ငါ၏စကားကို နာယူမည်ဖြစ်ပါလျှင် သင့်အား အကြံပေးချင်ပါ၏။ ဤရွှေငွေတို့ကို လှည်းပေါ်တွင် တင်ပြီး ဂင်္ဂါမြစ်သို့ သွားကာ စွန့်ပစ်လိုက်ပါဘိ။ ဤသို့ပြုပါလျှင် ဤအလုံးစုံတို့ကြောင့် အနာဂတ်တွင် ဘယ်ကဲ့သို့သော စိုးရိမ်ကြောင့်ကြမှုမျှ ဖြစ်လိမ့်မည်မဟုတ်ချေ"

ထိုအခါ သူ၏မယားဟောင်းတို့ အသီးသီး ရောက်လာပြီး သူ၏ခြေကို ဖက်ကာပြောကြ၏။

"အယျပုတ္တ အရှင့်သား၊သင်သည် နတ်ကညာတို့ကိုလိုချင်၍ ဗြဟ္မစရိယ အကျင့်ကို ကျင့်နေ၏။ သူတို့ကား ဘယ်သို့နည်း"

"ဘဂိနီ၊ နတ်ကညာတို့အတွက် ဗြဟ္မစရိယကို ကျင့်သည် မဟုတ်ပါ"

ထိုအခါ သူတို့က အရှင့်သားသည် ငါတို့အား ဘဂိနီ (နှမ) ဟု ခေါ်လေပြီ ဟု စိတ်ထိခိုက်ကာ အလုံးစုံ မေ့မြော၍ သွားကြ၏။ ထိုအခါ ရဋ္ဌပါလသည် အဖအား ပြောပြ၏။

"ဂဟပတိ၊ ငါ့အား ဆွမ်းဘောဇဉ်ပေးမည် ဖြစ်ပါက ပေးပါဘိ။ အချည်းနှီး ငါ့အား နှိပ်စက်ခြင်းမှာ ဘာမျှအကျိုးမရှိပါ"

"လူကလေး ရဋ္ဌပါလ၊ ဆွမ်းဘောဇဉ် အသင့် ပြင်ဆင်ပြီးပါပြီ။ စားပါဦးလော့"

ရဋ္ဌပါလအား သူ့အဖသည် ကိုယ်တိုင်ပင် ဆွမ်းလုပ်ကျွေး၏။ ဆွမ်းစားပြီးသောအခါ သူသည် မေ့လျော့နေကြသော အမျိုးသမီးများကို ရည်ရွယ်၍ အဖအား ပြောပြ၏။

"အကြင်သူတို့သည် အမြဲမတည်။ အပုပ်နံ့ အတိ ပြီး၏။ များစွာသော အကြံအစည်နှင့်လည်း ယှဉ်၏။ တန်ဆာ ဆင်အပ်သော အဆင်းနှင့်ပြည့်စုံ၍ ဆန်းကြယ်သော အရုပ်နှင့်တူသည့် ထိုသူတို့ကို ကြည့်လော့။

"အရိုးကို အရေဖုံးလွှမ်းပြီး အဝတ်တန်ဆာ ရတနာတို့ဖြင့် တင့်တယ်နေပါသော ဤဆန်းကြယ်သော အသွင်ကို ရှုဆင်ခြင်ပါလော့။

"ချိပ်ရည်ဖြင့် ဆိုးထားသော ခြေနှင့်၊ အမွှေးနံ့သာ ခြယ်သထားသော မျက်နှာသည် သူမိုက်အား တွေဝေခြင်းကို ဖြစ်စေ၏။ သို့ရာတွင်ဘဝသမုဒ္ဒရာ တဖက်သို့ ကူးနေသူသည် ထိုအရာတွင် တွေဝေခြင်းမရှိချေ။

"ရှစ်ပါးအပြားအားဖြင့် ဝေဘန်အပ်သော ဆံထုံး၊ မျက်ကွင်းခြယ်ထားသော မျက်လုံးသည် သူမိုက်အား တွေဝေခြင်းကို ဖြစ်စေ၏။ သို့ရာတွင် တဖက်ကမ်းကို လက်လှမ်းသူသည် ထိုအရာတို့တွင် တွေဝေခြင်းမရှိချေ။

"ပြုပြင်ခြယ်သခြင်းကြောင့် ဆန်းကြယ်သော ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီးသည် သူမိုက်အား တွေဝေခြင်းငှာ စွမ်းနိုင်၏။ သို့ရာတွင် ကမ်းတဖက်ကို လက်လှမ်းသူသည် ထိုတွင် တွေဝေခြင်းမရှိချေ။

"မုဆိုးသည် ပိုက်ကွန်ကို ထောင်ထား၏။ သို့ရာတွင် ပိုက်ကွန်မှာ သားကောင်ကို မမိချေ။ ထိုအခါ မုဆိုးသည် စိတ်ပျက်ကာ ပြန်သွားလေ၏"

ရဋ္ဌပါလသည် ဤသို့ ပြောပြီးလျှင် ဘုရင်ကောရဗျ၏ မိဂစိရ ဥယျာဉ်သို့ သွားကာ သစ်ပင်တပင်၏အောက်တွင် ထိုင်နေ၏။

ထိုအခါ ဘုရင်သည် မိဂဝ အမည်ရှိသော ဥယျာဉ်မှူးအား ပြောပြ၏။

"အချင်း မိဂဝ၊ မိဂစိရ ဥယျာဉ်ကို သုတ်သင်ပါလော့။ ယနေ့ငါ ထိုဥယျာဉ်တွင် လှည့်လည်မည်"

ဥယျာဉ်မှူးသည် ဘုရင်၏ အမိန့်အတိုင်း ဥယျာဉ်ကို သုတ်သင်ရန် သွားလေရာ သစ်ပင်တပင်အောက်တွင် ရဋ္ဌပါလ ထိုင်နေသည်ကို တွေ့ရ၍ ဘုရင်ထံ ပြန်သွား၍ ပြောပြ၏။

"ဒေဝ အရှင်မင်းကြီး၊ ဥယျာဉ်ကို သုတ်သင်၍ ပြီးပါပြီ။ ဥယျာဉ်တွင်းက သစ်ပင်တပင်အောက်မှာ အရှင်မင်းကြီး မကြာခဏ ပြောပြသော သေဋ္ဌေးသား ရဋ္ဌပါလ ထိုင်နေပါ၏"

"အို မိတ္တ၊ သို့ဖြစ်ပါလျှင် ယနေ့ ငါ ဥယျာဉ်လှည့်လည်ခြင်း အမှုကို မပြုတော့ပါ။ ရဋ္ဌပါလထံ သွားမည်"

မင်းကြီးသည် ထိုအခါ ပွဲတော်တည်မည့်ဆဲဆဲ ဖြစ်၏။ သို့ရာတွင် သူသည် ပွဲတော် မတည်တော့ဘဲ အဆောတလျင် ယာဉ်ဖြင့် ဥယျာဉ်သို့ သွားလေ၏။ ဥယျာဉ်သို့ ရောက်သောအခါ ရဋ္ဌပါလ ထံ ချဉ်းကပ်ပြီး ရိုသေမြတ်နိုးစွာ နှုတ်ခွန်းဆက်ပြီးလျှင် ပြောပြ၏။

"ရဋ္ဌပါလ၊ သင် ဤကောဇောပေါ်မှာ ထိုင်ပါလော"

"ရှိပါစေ မင်းကြီး။ သင် ထိုင်ပါ။ ငါ မိမိနေရာမှာပင် ထိုင်ပါမည်"

ဘုရင် ကောရဗျသည် ကောဇောပေါ်ထိုင်ကာ ရဋ္ဌပါလအား ပြောပြ၏။

"ရဋ္ဌပါလ၊ လောကတွင် ခေါင်းတုံးရိတ်ပြီး သင်္ကန်းဝတ်ကာ ရဟန်းပြုသူမှာ လေးမျိုးရှိပါ၏။ ထိုလေးမျိုးမှာ ဇရာ ဗျာဓိ သမ္ပတ္တိနှင့် ဉာတိပင် ဖြစ်၏။ အချို့မှာ ဇရာနှိပ်စက်ကာ အိုမင်းမစွမ်း ဖြစ်၍ ရဟန်းပြု၏။ အချို့မှာ ဗျာဓိခေါ် အနာရောဂါကြောင့် ရဟန်းပြု၏။ အချို့မှာ ဝည်းစိမ်ဥစ္စာ သမ္ပတ္တိ၏ ပြည့်စုံခြင်းမှ လျော့ကျ၍ ရဟန်းပြု၏။ အချို့မှာ ဆွေမျိုးဉာတိ လုံးဝ မရှိတော့၍ ရဟန်းပြု၏။ သို့ရာတွင် သင်မှုကား ထိုလေးပါး

မှ တခြားဖြစ်၏။ အရွယ်လည်း အကောင်းဆုံးအရွယ် ဖြစ်၏။ ကျန်းမာရေးလည်း ကောင်းလှ၏။ စည်းစိမ်ဥစ္စာ၏ ပြည့်စုံ ကြွယ်ဝခြင်းမှာလည်း ပြိုင်ဘက်ကင်း၏။ ဆွေမျိုးဉာတိ၏ အင်အားလည်း တောင့်တင်းလှပါ၏။ သို့ဖြစ်ပါလျက် သင်သည် အဘယ်ကြောင့် ပိတုန်းရောင်ကဲ့သို့ ညိုမှောင်သော ဆံပင်တို့ကို ရိတ်သင်ကာ သင်္ကန်းဆင်မြန်းပြီး ရဟန်းပြုလေသနည်း”

ရဋ္ဌပါလသည် မင်းကြီးစကားကို သေချာစွာ နားထောင်ပြီး ပြောပြ၏။

“မဟာရာဇ၊ ငါလည်း ထိုတရားလေးပါးကြောင့်ပင် ရဟန်းပြုခြင်း ဖြစ်ပါ၏။ သို့ရာတွင် ထိုတရားတို့သည် လောလောဆယ်ဆယ် ငါ့အပေါ်သို့ မကျရောက်သေးပါ။ နောင်အခါ ကျရောက်မည်ကား အမှန်ပင်ဖြစ်၍ ကြိုတင် ရှောင်ရှားသည့် အနေဖြင့် ရဟန်းပြုခြင်းဖြစ်၏။ ရဟန်းမပြုလျှင် မနေနိုင်လောက်အောင် ဖြစ်ခဲ့သော အကြောင်းရင်းကား ဗုဒ္ဓမြတ်စွာ ဟောကြားသော တရားလေးပါးကို နာကြားရသောကြောင့်ပင် ဖြစ်ပါ၏”

“ရဋ္ဌပါလ၊ ထိုတရားလေးပါးကို ငါ့အား တဆင့် ဟောကြားပါလော့”

“မဟာရာဇ၊ ဗုဒ္ဓ ဟောကြားသော တရားလေးပါးမှာ (၁) ဤလောကသည် အစဉ ‌အမြဲမရှိ။ (၂) ပါဏာရဟိတ အသက်မှ ကင်း၏။ (၃) လောကတွင် အတ္တဟု ပြောစရာ ဘာမျှမရှိ။ (၄) လောကသည် မရောင့်ရဲနိုင်သော တဏှာ၏ကျေးကျွန်ဖြစ်၏။ မင်းကြီး ဤသည်လျှင် ဗုဒ္ဓ၏ ဥပဒေသ လေးပါး ဖြစ်ပါ၏”

“ရဋ္ဌပါလ၊ ဤဗုဒ္ဓ ဥပဒေသလေးပါး၏ လိုရင်းသဘောကား အဘယ်သို့ပါနည်း”

“မဟာရာဇ၊ အကြင် လူ့လောက၌ ခန္ဓာငါးပါးကို ရကြသော သတ္တဝါဟူသမျှသည် နိစ္စ ဓုဝ သဘောမဟုတ်။ ပျက်စီးလတံ့သော ဗျသန သဘော ထင်ရှား၏။ ထွက်သက် ဝင်သက် နှစ်ပါးသော သတ္တဝါတို့ကို ကပ်၍ ဆောင်၏။ မအို မနာ မသေခြင်းငှာ တားမြစ် စောင့်ရှောက်အံ့သော သူလည်း မရှိ။ ဒုဂ္ဂတိသို့ မလားရအောင် ကိုးစားမှီခိုရာလည်း မရှိ။ သုဂတိသို့ ရောက်အောင် ပို့ဆောင်တတ်သော အဖော်သဟာယလည်း မရှိ။ စည်းစိမ်ဥစ္စာ သားမယား စသော အဖော်ဟူသမျှသည် ဒုဂ္ဂတိ ဘဝသို့ ပို့ဆောင်တတ်သော ကူးတို့သမားများသာ ဖြစ်ကြ၏။ ဤကာမဂုဏ်ကို တလုံလဲလဲ မြင့်မြဲရှည်စွာ ခံစားငြားသော်လည်း အားရခြင်း၊ ရောင့်ရဲခြင်း မဖြစ်နိုင်။ နွံအိုင်သို့ ဆင်းစေတတ်သော တဏှာ၏ ကျွန်ချည်းသာ ဖြစ်ချေ၏”

ဘုရင် ကောရဗျသည် ဓမ္မတရားကို အလွန် စိတ်ဝင်စားစွာဖြင့် နားကြားနေ၏။ သို့ကြောင့် ရဋ္ဌပါလသည် ဆက်လက်၍ သဘာဝတရားကို ရှင်းပြပြန်၏။

“ငါသည် လောကတွင် များစွာသော ဓနရှင်တို့ကို တွေ့မြင်ဘူး၏။ သူတို့သည် များစွာသော ဥစ္စာတို့ကို ရသော်လည်း မောဟကြောင့် ပေးလှူခြင်း မရှိချေ။ လောဘကြောင့် စုဆောင်းထား၏။ သို့ကြောင့်လည်း အတိုင်းထက်အလွန် ရနေခြင်း ဖြစ်၏။

“ရာဇာ၊ မင်းတို့သည်လည်း အင်အားဗလဖြင့် နိုင်ငံများကို သိမ်းပိုက်ပြီး သမုဒ္ဒရာနှင့် မြေပြင်ကို အုပ်ချုပ်နေကြ၏။ သမုဒ္ဒရာ

သည် ကမ်းဖြင့် မရောင့်ရဲနိုင်သကဲ့သို့ မင်းတို့လည်း ကာမဂုဏ် ကမ်းတဖက် မရှိကြချေ။

"မင်းများနှင့် အခြားသော လူများသည် တဏှာ၏အလိုသို့ လိုက်ကြလျက်ပင် သေမင်းခံတွင်းသို့ ရောက်သွားကြ၏။ တင်းတိမ် ရောင့်ရဲခြင်း မရှိသေးဘဲ ကိုယ်ခန္ဓာကို စွန့်ခွာသွားကြရ၏။ လောကတွင် ကာမဂုဏ်မှာ တင်းတိမ်ခြင်း မရှိချေ။

"ဆွေမျိုးဉာတိတို့သည် ဆံပင်ဖြန့်ကျဲကာ ငိုကြွေးကြ၏။ ဟယ် သေခဲ့လေပြီ။ ထိုနောက် လူသေကောင်ကို ထုပ်ပိုးပြီး သုသာန်သို့ သွားပို့ကြလေ၏။

"သေသောသူသည် အလုံးစုံသော စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်လျက် အဝတ်တထည် ကိုယ်တခုဖြင့် ထင်းပုံထက်သို့ တက်ရ၏။ ထို့နောက် သူ့အား ထိုးဆွကာ မီးတိုက်လေ၏။ ဤလောကတွင် သေသူအား တစုံတယောက်မျှ အကူအညီ မပေးကြချေ။

"သူတို့သည် သေသူ၏ ဥစ္စာကို သုံးဆောင် ခံစားကြ၏။ သို့ရာတွင် သူတို့လည်း ထိုနည်းတူပင် သွားကြပေဦးမည်။ သားမယား ဥစ္စာ သို့မဟုတ် တိုင်းနိုင်ငံသည် သေသူ၏ နောက်သို့ မလိုက်ချေ။

"ဓနကြောင့် အသက်ရှည်ခြင်းလပ်ကို မရနိုင်ပါ။ ပြည့်စုံ ကြွယ်ဝခြင်း သမ္ပတ္တိကြောင့် အိုမင်းခြင်းကို ရှောင်ကွင်း၍ မရပါ။ ပညာရှိတို့သည် ဤအသက်ကို မကြာမတင် ပျက်စီးလိမ့်မည်ဟု ဆင်ခြင်နေကြ၏။

"ဓနရှင်၊ ဆင်းရဲသား၊ ပညာရှိ၊ သူမိုက် အားလုံးပင် ကာမ မဂုဏ် ခံစားကြ၏။ သူမိုက်သည် မိုက်မဲသည့်အတွက် ကာမဂုဏ် ခံစားရမှာ တုန်လှုပ် ချောက်ချား၏။ ပညာရှိသောသူကား တုန်လှုပ်ခြင်း မရှိချေ။

"သို့ကြောင့် ဓနထက် ဉာဏက မြတ်၏။ သို့ဖြစ်၍ သဘော ဉာဏ်ရအောင် ပြုသင့်၏။ မောဟ၏ အလိုသို့ လိုက်ပါလျှင် မွေးဖွားတိုင်းပင် မကောင်းမှုကို ပြုပေလိမ့်မည်။

"သတ္တဝါတို့သည် ဤဘဝ သမုဒ္ဒရာမှာ မျောလျက် မွေးခြင်းနှင့် သေခြင်းကို ရနေကြ၏။လွတ်မြောက်မှုကို မရသည်မှာ မောဟ အလိုသို့ လိုက်ကာ အဖန်ဖန် မွေးဖွားခြင်းကို ဆောင်ပြီး မကောင်း မှုတို့ကို ပြုနေ၍ ဖြစ်၏။

"ခေါင်းပြတ်သော ခိုးသူသည် သူ၏ အလုပ်ဖြင့် သေလွန်ရ သကဲ့သို့ ထို့အတူ သူယုတ်မာသည်လည်း သူ၏ မကောင်းမှုဖြင့် ပရ လောကတွင် များစွာသော မကောင်းကျိုးတို့ကို ခံစားရ၏။

"အို မင်းကြီး၊ ဆန်းကြယ်သော၊ ချိုသော၊ မွေ့လျော်ဘွယ် ကောင်းသော ကာမဂုဏ်သည် အမျိုးမျိုးသော အသွင်ဖြင့် စိတ်ကို လှည့်ဖြားနေပါ၏။ သို့ကြောင့် ကာမဂုဏ်ခံစားမှု မရှောင့်ရဲ နိုင် ဖြစ်နေသည်ကို တွေ့ရ၍ ငါ ရဟန်း ပြုခြင်း ဖြစ်၏။

"သစ်သီးနှင့် တူစွာ လူကြီး လူငယ်တို့သည် ကိုယ်ခန္ဓာကို စွန့်ခွာပြီး သွားကြရ၏။ ဤသည်တို့ကို တွေ့မြင် ဆင်ခြင်ပြီး ငါ ရဟန်းပြုခြင်း ဖြစ်၏။ရဟန်း တရားသည် လောကတွင် အမြတ်ဆုံး ဖြစ်၏"

ရဋ္ဌပါလသည် ဤသို့လျှင် ကောရဗျမင်းကြီးအား ဓမ္မတရား ဟောကြားပြီးလျှင် ဗုဒ္ဓ မြတ်စွာရှိရာ သာဝတ္ထိသို့ ခရီးဆက်လက် ထွက်ခွာ သွားလေ၏။

× × ×

တရံသောအခါ မြတ်စွာ ဘုရားသည် ဓမ္မတရားဟောကြားရင်း အင်္ဂတိုင်း · အာပဏ အမည်ရှိသော နိဂမသို့ ရောက်သွားလေ၏။ ထိုအခါ ကေဏိယ အမည်ရှိသော ဆံကျစ် ရသေ့သည် ဗုဒ္ဓ၏တရားကို နာကြားပြီး ကြည်ညိုလှသဖြင့် နောက်နေ့ အတွက် ဗုဒ္ဓနှင့် တကွ သံဃာအား ဆွမ်းဖြင့် ဖိတ်ကြား၏။ ဗုဒ္ဓ သည် ကေဏိယ ရသေ့အား သက်ညှာသဖြင့် သူ၏ ဖိတ်ကြားခြင်းကို သုံးကြိမ်တိုင်မျှ ငြင်းပယ်ခဲ့၏။ နောက်ဆုံးတွင် သူ၏ စေတနာ သဒ္ဓါတရားကို ထောက်ထားသဖြင့် ဆိတ်ဆိတ် နေခြင်းဖြင့် ဝန်ခံလိုက်လေ၏။

ကေဏိယ ရသေ့သည် ဗုဒ္ဓ၏ ခွင့်ပြု လက်ခံခြင်းကို ရသောအခါ ဝမ်းသာစွာဖြင့် သူ၏ ကျောင်းသင်္ခမ်းသို့ ပြန်သွားပြီး တပည့်များအား အကြောင်းကြားကာ နက်ဖြန် ဆွမ်း အတွက် စီစဉ်လေ၏။ သူ၏ တပည့်များတွင် အချို့က နေရာ ရှင်း၏။ အချို့က နေရာ ခင်း၏။ အချို့က ပန်းကန် အိုးခွက်များကို ဆေးကြောသုတ်သင်၏ အချို့က သောက်ရေ သုံးရေ တည်၏။ ဤသို့ စသည်ဖြင့် အသီးသီး တာဝန်ယူ၍ ဆောင်ရွက်ကြ၏။ ကေဏိယ ရသေ့ကြီး ကိုယ်တိုင်လည်း မဏ္ဍပ်ကို ပြင်ဆင်နေ၏။

ထိုစဉ်အခါ အာပဏ ရွာတွင် လွန်စွာ နာမည်ကျော်ကြားသော သေလ အမည်ရှိသော ဗြာဟ္မဏ ဆရာကြီး တဦး ရှိ၏။ သူသည် ဝိဇ္ဇာကျမ်း သိပ္ပကျမ်းတို့တွင် တဖက်သို့ လှမ်း၍ မြင်သော ပညာရှိကြီး ဖြစ်၏။ သူ၏ထံတွင် ပညာသင် တပည့်ပေါင်း သုံးရာ ရှိ၏။ ထိုနေ့တွင် သူသည် တပည့်များနှင့် အတူ တကွ လှည့်လည်ရာ ကေဏိယ ရသေ့ကျောင်းသင်္ခမ်းသို့ ရောက်သွား၏။

ကောဏ္ဍိယ ရသေ့ကြီး တပည့်များနှင့် တကွ အလုပ်များနေသည်ကို တွေ့မြင်ရသောအခါ 'အာဝါဟ ဝိဝါဟ မင်္ဂလာ အခမ်းအနား ပေလော၊ သို့မဟုတ် ယဇ် ပူဇော်ရန် အတွက် စီစဉ်နေခြင်းလော၊ သို့မဟုတ် မဂဓမင်း ဗိမ္ဗိသာရအား ဧည့်ခံရန် ပင်လော' ဟု စဉ်းစားကာ ကောဏ္ဍိယအား မေးမြန်းလေ၏။

"ကောဏ္ဍိယ၊ သင်တို့သည် ဘယ်အတွက် ဤမျှ ဆောင်ရွက်နေကြပါသနည်း"

"သေလ၊ နက်ဖြန် အတွက် ဗုဒ္ဓနှင့် သူ၏ တပည့်များကို ဆွမ်းဖြင့် ဖိတ်ကြား ထားပါ၏"

"အို ကောဏ္ဍိယ၊ သင်သည် ဗုဒ္ဓ ဟု ပြောလိုက်ပါသလော"

"မှန်ပါ၏ သေလ။ ငါသည် 'ဗုဒ္ဓ' ဟု ပြောလိုက်ပါ၏"

"အို ကောဏ္ဍိယ၊ ယခုအခါ ဗုဒ္ဓသည် အဘယ်မှာနည်း"

ကောဏ္ဍိယသည် ဗုဒ္ဓ စံနေသော နေရာကို သေချာစွာ ညွှန်ပြလိုက်၏၊ ချက်ချင်းပင် သေလငြာဟ္မဏသည် တပည့်များနှင့် အတူ ဗုဒ္ဓရှိရာသို့ သွား၍ ဗုဒ္ဓအား ဗုဒ္ဓဖြစ်နိုင် မဖြစ်နိုင်ကို အကဲခပ် ကြည့်ရှု လေ့လာ၏။ သူကား သာမုဒ္ဒိက ကျမ်းအတတ်တွင် တဖက်ကမ်းကို လှမ်း၍ မြင်သူ ဖြစ်၏၊ ထိုနောက် သူက ဗုဒ္ဓအား ပြောပြ၏။

"မြတ်စွာဘုရား၊ သင်သည် သမုဒ္ဒရာ လေးစင်း ဝန်းရံသော ဇမ္ဗူ မြေပြင်ကို အောင်မြင်ကာ ရတနာ့စီး မင်းအပေါင်းကို စိုးမိုးသော စကြာမင်း ဖြစ်လိုက်သူ ဖြစ်ပါ၏"

ထိုအခါ ဗုဒ္ဓ ပြန်လည် ပြောပြ၏။

"သေလ၊ ငါသည် စင်စစ် ရာဇာမင်း ဖြစ်၏။ အတု မရှိသော ဓမ္မရာဇာ တရားမင်း ဖြစ်၏။ လောက၌ မတားနိုင်သော စကြာကို တရားသဖြင့် လည်စေ၏။

"ဗြာဟ္မဏ၊ ငါသည် သိသင့် သိထိုက်သည်တို့ကို သိ၏။ပွားသင့် ပွားထိုက်သည်တို့ကို ပွား၏။ပယ်သင့် ပယ်ထိုက်သည်တို့ကို ပယ်၏။ သို့ကြောင့် ငါသည် ဗုဒ္ဓ ဖြစ်၏။ ဗုဒ္ဓအပေါ်တွင် ယုံမှား သံသယ ရှိနေသည်များကို ပယ်ရှား ပါလော့။ ဗုဒ္ဓနှင့် မကြာ ခဏ တွေ့ဆုံ ရန်မှာ မဖြစ်နိုင်။ ငါသည် ရာဂ အစရှိသော ကိလေသာတို့ကို စွန့်ပယ်၍ ဥပမာမဲ့ ဗုဒ္ဓအဖြစ်သို့ ရောက်၏။ လောကတွင် ဗုဒ္ဓ ဖြစ်ပေါ်ရန်မှာ လွန်စွာ ခက်ခဲ၏။ ငါသည် ဗြဟ္မာလည်း ဖြစ်၏။ မာရ် စစ်သည် (ရာဂ စသော ရန်သူ) ကို နှိမ်နင်းခဲ့၏။ ငါသည် ဘယ်သူ့ကိုမျှ နှောင့်ယှက်ခြင်း မရှိ၍ ငါ၏ စိတ်မှာ ကြည်လင် နေ၏။ သို့ကြောင့် ဘယ်သူသည် ငါနှင့် တွေ့ဆုံရာတွင် ရောင့်ရဲ မည်နည်း"

ဗုဒ္ဓသည် သေလအား သူ၏ အကြောင်းကို ရှင်းပြ၏။ သေလ ကိုယ်တိုင်လည်း အသေးမြင် အသင့်သိသော ပဏ္ဍိတ်ကြီး ဖြစ်လေ ရာ သူ့အား ဗုဒ္ဓအဖြစ် လက်ခံ ယုံကြည်၍ တပည့်များအား ပြော၏။

"တပည့်တို့၊ သင်တို့တွင် ဘယ်သူဖြစ်စေ ငါနှင့် အတူ နေလိုက နေနိုင်၏။ အခြားတပါးသို့ သွားလိုပါက သွားနိုင်၏။ ငါသည် ဗုဒ္ဓ၏ ထံတွင် ရဟန်းပြု၍ နေပါတော့မည်"

"အာစရိယ၊ အကယ်၍ သင်သည် ဗုဒ္ဓထံတွင် ရဟန်းပြုပါ လျှင် ငါတို့လည်း သင်နှင့်အတူပင် ရဟန်းပြုကြပါမည်"

ထိုအခါသေလသည် ဗုဒ္ဓအား လျှောက်ကြား၏။

"မြတ်စွာဘုရား၊ အကျွန်ုပ်နှင့်တကွ တပည့်သုံးရာသည် အရှင့် အား ရှိခိုး တောင်းပန်ပါ၏။ အကျွန်ုပ်တို့အား အစဉ်သနား သဖြင့် ရဟန်းပြုခွင့် ပေးတော်မူပါ"

မြတ်စွာဘုရား မိန့်ကြား၏။
"ဗြာဟ္မဏအပေါင်းတို့၊ သင်တို့သည် ဗြဟ္မစရိယအကျင့်ကို ကျင့်ကြလော့။ ဗြဟ္မစရိယ အကျင့်သည် မျက်မှောက်အကျိုးပေး ကြောင့် အခါ မလင့်ကြောင်းနှင့် ကောင်းစွာ ငါဟောကြား သား၏။ မမေ့မလျော့ စောင့်ရှောက်ပါလျှင် ရဟန်း ပြုလုပ် ခြင်းမှာ အချည်းနှီး မဖြစ်ချေ"
သေလသည် တပည့်များနှင့်အတူ ဗုဒ္ဓ၏ ထံတွင် ရဟန်း အဖြစ်ကို ခံယူလိုက်လေ၏။ နောက်တနေ့ နံနက်တွင် ဗုဒ္ဓသည် တပည့်များနှင့်အတူ ကေဏိယရသေ့၏ ကျောင်းသခ်မ်းသို့ ကြွ သွားပြီး ဆွမ်းစား၏။ ဆွမ်းစားပြီးသော အခါ ဗုဒ္ဓသည် ရသေ့တို့အား ဒါနအနုမောဒနာ တရား ဟောကြား၏။
"ယဇ်တို့တွင် အဂ္ဂိဟုတ မီးပူဇော်ခြင်း၊ ဆန်းကျမ်း တို့တွင် သာဝိတြီ၊ လူတို့တွင် ရာဇာ၊ မြစ်တို့တွင် သမုဒ္ဒြာ၊ အလင်းရောင်တို့တွင် နေမင်း၊ ကောင်းမှု ပြုရာ တွင် သံဃာသည် အမြတ်ဆုံးဖြစ်၏"
အာယသ္မာ ဒရှင်သေလလည်း တပည့်များနှင့်အတူ မမေ့ မလျော့ ကြိုးစားကာ ဗြဟ္မစရိယ အကျင့်ကို ကျင့်လေရာ မ ကြာမီအတွင်းမှာပင် နိဗ္ဗာန်ကို မျက်မှောက်ပြုလေ၏။ ထိုအခါ သူသည် ဗုဒ္ဓထံသွားပြီး လျှောက်ကြား၏။
"အို မြတ်စွာဘုရား၊ အကျွန်ုပ်သည် ရှစ်ရက်၏ ရှေ့အဖို့က အရှင့်အား ကိုးကွယ်ခဲ့ပါ၏။ အရှင်ဘုရား၏ သာသနာတွင် ခုနစ် ညမှာ အကျွန်ုပ်သည် ဣန္ဒြေတို့ကို စောင့်စည်းနိုင်ခဲ့ပါ၏။အရှင် သည် ဗုဒ္ဓ၊ အရှင်သည် သတ္ထာ၊ အရှင်သည် မာရ ဝိဇယီ မုနိ၊ အရှင်သည် ရာဂ စသော အနုသယကို ဖြတ်၍ ကိုယ်တိုင်ကယ် တင်ပြီး သတ္တဝါတို့၏ ကယ်တင်ရှင် ဖြစ်ပါ၏။ အို မြတ်စွာ

ဘုရား၊ ဤသုံးရာသော ရဟန်းတို့သည် အရှင်၏ ခြေကို ပူဇော်လိုကြပါ၏”

သူတို့သည် ဗုဒ္ဓ၏ကျေးဇူးကြောင့် မြင့်မြတ်သော ရဟန္တာအဖြစ်သို့ ရောက်သွားကြ၏။ ကိုယ့်အကြောင်းကို ကောင်းစွာသိမြင်ကြသောကြောင့် အလွန်မှင်လန်းကာ မြတ်စွာဘုရားအား လိုက်လိုက်လှဲလှဲ ပူဇော်ကြခြင်းဖြစ်၏။

× × ×

## ကသိ ဘာရဒွာဇ

တရံသောအခါ မြတ်စွာဘုရားသည် မဂဓတိုင်း တောင်ပိုင်း ဗြာဟ္မဏ ရွာတရွာတွင် စံနေတော်မူ၏။ တနေ့နံနက်ခင်းတွင် သူသည် သပိတ်သင်္ကန်းကို ယူဆောင်၍ ကသိဘာရဒွာဇ လယ်လုပ်ရာသို့ ရောက်သွား၏။ ထိုနေ့တွင် ဗြာဟ္မဏတို့သည် ထွန်ချပွဲ ကျင်းပနေ၏။ ဗုဒ္ဓ ဆွမ်းခံရပ်သောအခါ လယ်သမား ဘာရဒွာဇ ပြောပြ၏။

“ငါတို့သည် လယ်ယာလုပ်ကိုင်ပြီး ဝမ်းစာ သိုလှောင် ထားကြ၏။ သင်မူ ဘယ့်ကြောင့် လယ်ယာလုပ်ပြီး ဝမ်းစာမထားသနည်း”

“ဗြာဟ္မဏ၊ ငါလည်း လယ်ယာ စိုက်ပျိုးပြီး ဝမ်းစာ ထားပါ၏”

ဗြာဟ္မဏသည် အံ့ဩသွားပြီးနောက် ပြုံးကာ ပြောပြ၏။

“ဂေါတမ၊ ငါ့မှာမူ ထွန်တုံး ထွန်သန် စသော လယ်လုပ်ကရိယာများ ရှိ၏။ သင့်မှာ ဘာမျှ မရှိပါဘဲလျက် ငါ လယ်သမားဟု သင်ဆို၏”

ထိုအခါ ဗုဒ္ဓက ပြောပြ၏။

"ဗြာဟ္မဏ၊ ယုံကြည်ခြင်း သဒ္ဓါသည် ငါ၏ မျိုးစေ့ဖြစ်၏။ အကျင့်တပသည် မိုးရေဖြစ်၏။ ပညာသည် ထွန်တုံးဖြစ်၏။ ဝီရိယသည် ထွန်သွားဖြစ်၏။ စောင့်စည်းခြင်းသည် ထွန်ကိုင်းဖြစ်၏။ စိတ်သည် ကြိုးဖြစ်၏။ ငါ၏ကိုယ်နှုတ်ကို ကောင်းစွာ စောင့်ရှောက်၏။ ဘောဇဉ်သည် ငါ၏ အတိုင်းအရှည် ပမာဏဖြစ်၏။ မောဟ တည်းဟူသော အကွယ်အကာကို ဖယ်ခွာ၍ သစ္စာသည် ငါ၏ လက်နက်ဖြစ်၏။ ထိုမှတပါး လွတ်မြောက်မှုသည် ငါ၏ အမှန်တရားဖြစ်၏။ ဝီရိယသည် ငါ၏ ဝန်ဆောင် နွားလားဖြစ်၏။ ထို့အတူ ယောဂ၏ ကုန်ခြင်းသည် ငါ၏ မြင်း ဖြစ်၏။ ထိုအရာတို့သည် ငါ့အား နိဗ္ဗာန်သို့ ရှေ့ရှုယူဆောင် သွားနေကြ၏။ သူတို့ ယူဆောင်သွားသော နေရာမှာ တဖန် ဒုက္ခ ဖြစ်ခြင်း မရှိ။ တဖန် ပြန်ခြင်း မရှိချေ။ အို ဗြာဟ္မဏ၊ ငါသည် ဤကဲ့သို့သော လယ်ယာအလုပ်ကို လုပ်ကိုင်နေပါ၏။ ဤလယ်ကို လုပ်သော ကြောင့် ငါ့အား အမြိုက်အတိပြီးသော စပါးကို ရပါ၏။ အကြင်သူသည် ဤကဲ့သို့သော လယ်ကို လုပ်အံ့။ ထိုသူသည် ဒုက္ခကင်းသော လွတ်ငြိမ်းချမ်းသာခြင်းကို အစဉ်ထာဝရ ရလိမ့်မည်"

ဘာရဒွါဇသည် ဗုဒ္ဓ၏ ဥပဒေသကို ကြားနာရသောအခါ သဒ္ဓါတရား ပေါက်ကာ ကြေးလင်ပန်းတွင် နို့ဆွမ်း ထည့်ပြီး အနားသို့ ယူဆောင်ကာ ပြောပြ၏။

"အို ဂေါတမ၊ ဤနို့ဆွမ်းကို ခံယူပြီး သုံးဆောင်ပါလော့။ သင်သာ တကယ့်လယ်သမားဖြစ်ကြောင်း ငါသိပါပြီ။ သင်၏ လယ်မှာ အမြိုက် စပါး သီးပါ၏။ ယင်းကို စားသုံးသူသည် အမှန်ပင် မွေးဖွားရခြင်း၊ အိုမင်းခြင်း၊ ဖျားနာခြင်းနှင့် သေခြင်းမှ လွတ်မြောက်ပြီး ငြိမ်းချမ်းရေးကို ထာဝစဉ်ရမည်"

ထိုအခါ ဗုဒ္ဓ ပြောပြ၏။

"အို ဗြာဟ္မဏ၊ တရားဓမ္မ ဥပဒေသကို ပေးပြီးလျှင် ငါသည် ဘယ်အရာဝတ္ထုကိုမျှ လက်မခံပါ။ သို့ကြောင့် ငါသည် သင်၏ နို့ဆွမ်းကို လက်မခံနိုင်ပါ။ ဗုဒ္ဓတို့သည် ဤကဲ့သို့သော ဘောဇဉ်မျိုးကို အခါခပ်သိမ်း ရှောင်ရှား၏။ အကြွင်းသူသည် မြတ်သော ရသေ့ကြီးဖြစ်၏။ အကြွင်းသူသည် ရန်သူ အပေါင်းကို ဆုံးမ၏။ အကြွင်းသူသည် မှားသောအကျင့်ကို ဖယ်ခွာ၍ ငြိမ်းချမ်းရေး လပ်ကို ပြု၏။ ဤကဲ့သို့သော သူအား အစာရေစာဖြင့် အခြင်းခပ်သိမ်း ပူဇော်အပ်၏။ အကြောင်းမှု သူသည် လူတို့၏ အတုမရှိသော ကောင်းမှုစိုက်ပျိုးရာ လယ်ယာမြေအမည်ကို ခံယူထိုက်သောကြောင့် ဖြစ်၏"

ဘာရဒွာဇ ပြောပြ၏။

"မြတ်စွာဘုရား၊ သို့ဖြစ်ပါလျှင် ဤ နို့ဆွမ်းကို ဘယ်သူ့အား ပေးလှူရပါမည်နည်း"

"ဗြာဟ္မဏ၊ ဗုဒ္ဓအား ရည်ညွှန်းပြီးသော ဤနို့ဆွမ်းကို စားသဖြင့် အစာကြေညက်မည့်သူ ဗုဒ္ဓနှင့် သာဝက တို့မှ တပါး လောကတွင် ဘယ်သူ့ကိုမျှ မမြင်ချေ။ သို့ကြောင့် ဤ နို့ဆွမ်းကို ပိုးမရှိသော ရေ သို့မဟုတ် မြက်မရှိသော မြေပေါ်မှာ စွန့်ပစ်ပါလော့"

ကသိဘာရဒွာဇသည် မြတ်စွာဘုရား၏ အမိန့်အတိုင်း နို့ဆွမ်းများကို စွန့်ပစ်လိုက်ပြီးနောက် ဗုဒ္ဓ၏ခြေကိုကိုင်ကာ ရဟန်းအဖြစ်ကို တောင်းပန်၏။ ဗုဒ္ဓသည် သူ့အား သင့်လျော်သော အချိန်တွင် ရဟန်းပြုပေးလိုက်လေ၏။

× × ×

# အင်္ဂုလိမာလာ

တရံသောအခါ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ စံနေတော်မူ၏။ ထိုအခါ ပသေနဒီ (ပရသေနဇိတ)အမည်ရှိသော ကောသလမင်း၏ ပုရောဟိတ်ဖြစ်သော အန္တက အမည်ရှိသော ဗြာဟ္မဏနှင့် ဇနီး မန္တာနီတို့မှ အဟိံသက အမည်ရှိသော သားတယောက် ဖွားမြင်၏။ အဟိံသက အရွယ်သို့ရောက်သောအခါ တက္ကသိုလ်သို့ ပညာသင် သွား၏။ သူသည် လုံ့လဝီရိယကောင်း၏။ ဉာဏ်ပညာ ထက်မြက်၏။ အကျင့် စာရိတ္တကောင်း၏။ ကျင့်ဝတ်နှင့် ပြည့်စုံ၏။ ဆုံးမသြဝါဒကို မြတ်နိုးစွာ နာခံ၏။ သို့ကြောင့် ပါမောက္ခဆရာကြီး၏ ဓမ္မန္တေ ဝါသိ ခေါ် ပဓာန တပည့်ကြီး အဖြစ်သို့ မကြာမီ ရောက်သွား၏။

စင်စစ် အဟိံသကသည် အရည်အချင်းအလျောက် ပဓာနတပည့်ကြီးဖြစ်ထိုက်၍ ဖြစ်ခြင်း ဖြစ်၏။ သို့ဖြစ်ခြင်းကို အခြားသော တပည့်များ မနာလိုကြချေ။ 'ပုဏ္ဏားသားက မင်းသားများ အပေါ်တွင် ကြီးစိုးလွှမ်းမိုးရမည်လော'ဟု မကျေ မနပ် ဖြစ်ကြ၏။ သူတို့သည် အဟိံသကကို အမျိုးမျိုး ဆန့်ကျင်ကြ၏။ သို့ရာတွင် အဟိံသကသည် သူတို့ထက် အဖက်ဖက်က သာလွန်နေပေ၏။ နောက်ဆုံးတွင် ပါမောက္ခဆရာကြီးနှင့်လှည့်၍တိုက်ပေး၏။

ပါမောက္ခကတော်မှာ နုပျို၍ ချောမောလှပ၏။ တာဝန်ကျေပွန်သော အဟိံသကနှင့်လည်း အကျွမ်းဝင်၏။ မနာလိုသော တပည့်များသည် ဆရာကတော်နှင့် အဟိံသက ဖောက်ပြန်နေကြောင်း ဆရာကြီးအား ပြောပြကြ၏။ သို့ရာတွင် ဆရာကြီး အယုံအကြည် မရှိချေ။ ပြောလာသော တပည့်များကိုပင် မောင်းမဲ၍ လွှတ်လိုက်သေး၏။ အကြောင်းကား ဆရာကြီးသည် သူ၏

ချစ်ဇနီးကိုလည်း ယုံကြည်၏။ တပည့်ကြီး အဟိံသက၏ သိက္ခာကိုလည်း ယုံကြည်၏။ သို့ရာတွင် မနာလိုသော တပည့်များကား ထိုမျှဖြင့် လက်လျှော့၍ မနေကြချေ။ ထိုအကြောင်းကို ခိုင်လုံအောင် လူစုခဲ့ပြီး ဆရာကြီးအား ပြောကြားကြ၏။ မျက်နှာသာမရ မောင်းမဲလွှတ်သည့် အတွင်းကပင် ကယောက်ပြီး တယောက် ပြောလာကြ၏။

'သူတို့သည် ငါ၏အကျိုးငှာ အနစ်နာခံပြီး ပြောနေကြခြင်း ဖြစ်လိမ့်မည်လား' ဟု ဆရာကြီး စိတ်ကစားသောအခါ သူတို့သည် အစွမ်းကုန် တိုက်ခိုက်ကြ၏။ တခါနိတ်တွင် ဆရာကတော် နှင့် အဟိံသက ကြည်နူးစွာ အပြန်အလှန် စကားပြောနေသော ရှုခင်းကို ဆရာကြီး တွေ့မြင်သွား၏။ ဆရာကြီး၏မျက်လုံးအစုံမှာ မီးဝင်းဝင်း တောက်သွား၏။ တပည့်ကြီးသည် ရန်သူကြီးဖြစ်သွား၍ ထိုနေရာမှာပင် သတ်ပစ်လိုက်ချင်၏။ သို့ရာတွင် ဆရာက တပည့်ကို သတ်သည်ဟူသော သတင်းမှာ မကောင်းချေ။ ပညာရှိအမျက် အပြင်မထွက်ရအောင် ကြိုးစား၍ ထိန်းသိမ်းထားလိုက်၏။

တနေ့တွင် ပါမောက္ခသည် အဟိံသကကို ခေါ်၍ အေးအေးဆေးဆေး ပြောပြ၏။ "ချစ်သား၊ ငါသည် သင့်အား ပညာသမုဒ္ဒရာ၏ ကမ်းတဖက်သို့ ရောက်အောင် ပို့လိုက်ပြီ။ သင့်အား ပညာသင်ကြားပေးရန် မကျန်တော့ချေ။ သင်သည် ယခုအခါ ဆရာအား ပူဇော်ရလိမ့်မည်"

"အရှင်၊ အမှန်ပင် ပူဇော်ရပါမည်။ ဘယ်သို့ ပူဇော်ခြင်းသည် အမြတ်ဆုံးသော ပူဇော်ခြင်း ဖြစ်ပါမည်နည်း"

"သင်ကား စင်စစ် အမြတ်ဆုံးတပည့် ဖြစ်၍ အမြတ်ဆုံး ပူဇော်ထိုက်၏"

"အရှင်၊ အမြတ်ဆုံးပင် ပူဇော်ချင်ပါ၏"

"ချစ်သား၊ သို့ဖြစ်ပါလျှင် လူတထောင်ကိုသတ်ပြီး ပူဇော်ပါဘိ"

"အရှင်၊အကျွန်ုပ်ကား သတ္တဝါတို့ကိုမညှဉ်းဆဲသော အဟိံသကမျိုး ဖြစ်၏။ဘယ်သို့လျှင် သူ့အသက်ကို သတ်နိုင်ပါမည်နည်း"

"ချစ်သား၊ ထိုသို့မဟုတ်ပါလျှင် မြတ်သော ပူဇော်ခြင်း မဖြစ်နိုင်ချေ။ သင်သည် ငါ၏အမိန့်ကို နာခံလော"

"အရှင်၊ ကောင်းပါပြီ"

အဟိံသကသည် ဆရာ၏ခြေကို ကိုင်ကာ ရှိခိုးဝန်ခံပြီးလျှင် လက်နက်ကိုယူ၍ တက္ကသိုလ်မှ ထွက်ခွာသွား၏။ တိုင်းစွန် ပြည်စွန် မြို့စွန် နယ်ခြားတို့တွင် လှည့်လည်ပြီး တွေ့ရာလူများကို သတ်၏။ တစုံတရာ ပစ္စည်းဥစ္စာကို မယူချေ။ လူတထောင်ပြည့်အောင် တွင်တွင် သတ်၏။ ကြာသော် မမှတ်မိသဖြင့် အမှားရှုယ်စေရန် လူတယောက်သတ်ပြီးတိုင်း လက်ညှိုးတချောင်း ဖြတ်ယူထားလိုက်၏။ လက်ညှိုးများကို တနေရာတွင် စုပုံသားပြီး သတ်ရန် အတွက် လူရှာထွက်၏။ထိုအခါတွင် သူသိမ်းဆည်း ထားသော လက်ညှိုးများကို သိန်း၊ စွန်၊ လင်းတနှင့် ကျီးများ ဆောင်ယူ သွား၏။ ထို့ကြောင့် အဟိံသကသည် လက်ညှိုးများကို နွယ်ကြိုးဖြင့် သီကုံးပြီး လည်တွင်ဆွဲကာ သွားလေရာသို့ ဆောင်ယူသွားဘတ်၏။လက်ညှိုးကို ပါဠိဘာသာအားဖြင့် အင်္ဂုလိ ဟု ခေါ်၏။ အင်္ဂုလိများကို ပန်းမာလာသဖွယ် သီကုံးကာ လည်တွင် ဆွဲထားသောကြောင့် လူအများသည် သူ့အား အင်္ဂုလိမာလာဟု ခေါ်ကြ၏။

လူတို့သည် အင်္ဂုလိမာလာ၏ သတင်းကို ကြားလျှင် ယူဇနာပေါင်းများစွာက ရှောင်ရှားကြ၏။ကြာသော် တောလမ်းခရီးတွင် သတ်ရန်လူကို ရှာဖွေ၍မတွေ့နိုင်အောင် ဖြစ်၏။အင်္ဂုလိမာလာ

သည် ညဥ့်အခါ ကျေးရွာများသို့ဝင်ပြီး လူသတ်ကာ လက်ညှိုးဖြတ်၏။ သူသည် လက်ညှိုးဖြတ်ရုံသာမဟုတ်ချေ။ လူကိုပါ သတ်၏။ လူသတ်ပြီးမှ လက်ညှိုးကို ဖြတ်ယူ၏။ လူတို့သည် မိမိတို့ ကျေးရွာများတွင် မနေဝံ့ကြတော့ချေ။ လုံခြုံစိတ်ချရသော မြို့ကြီးများသို့ ပြောင်းရွှေ့နေကြသဖြင့် ကျေးရွာများ ပျက်စီး ဆိတ်သုဉ်းနေ၏။

ကောသလတိုင်းကိုအုပ်ချုပ်သော ပသေနဒီ မင်းကြီးသည် အင်္ဂုလိမာလာ သောင်းကျန်းသော သတင်းကို ကြားရ၍ နှိမ်နင်းရန် အစီအစဉ် ပြုလုပ်၏။ ပုရောဟိတ်ဗြာဟ္မဏကြီး အဂ္ဂကသည် ထိုသတင်းကို သူ၏ဇနီး မန္တာနီအားတဆင့်ပြောပြ၏။ အဟိံသက အဘယ်မျှ ဆိုးသွမ်း နေသော်လည်း သူတို့ အနေဖြင့်ကား သားဟူသော အစွဲအလမ်းကို ဖယ်ခွာရန် မစွမ်းနိုင်ကြချေ။ ပုရောဟိတ်သည် ပုရောဟိတ်အနေဖြင့် နိုင်ငံအတွက် အကောင်းဆုံး ဆောင်ရွက်ခဲ့၏။ တဖန် အဖအနေဖြင့် သားသံယောဇဉ် အမျှင်လည်း ရှိပေသေး၏။

"အဟိံသကကို ငါကိုယ်တိုင် သတ်ရလိမ့်မည်" ဟု ကြိမ်းမောင်းသည်မှာ စင်စစ် မေတ္တာကရုဏာ၏ ပြင်းထန်သော သောကပင် ဖြစ်၏။ သူတပါးတို့ ရက်စက်ကြမည်ကို မကြည့်ရက်ခြင်းလည်း ပါဝင်ပေလိမ့်မည်။ အမေဖြစ်သူအား သက်သာမှုရစေရန်နှင့် ကယ်တင်ရန် အကြံသစ် ဉာဏ်သစ် ထွက်ပေါ်လာရန်လည်း ဖြစ်နိုင်၏။ သူကိုယ်တိုင်အနေဖြင့်ကား ပုရောဟိတ်ဖြစ်နေ၍ ဘာမျှ မတတ်နိုင်ချေ။ တိုင်းပြည် ငြိမ်းချမ်း သာယာရေးကိုသာ အလေးပေးရမည် ဖြစ်၏။

မန္တာနီသည် ညဥ့်အခါ တိတ်တဆိတ် ရုပ်ဖျက်ပြီး အိမ်မှ ထွက်သွား၏။ သူ့သား အဟိံသက (အင်္ဂုလိမာလာ) ခိုအောင်းနေသော တောအုပ်သို့ သွားခြင်းဖြစ်၏။

နောက်တနေ့ မနက်တွင် ဗုဒ္ဓမြတ်စွာလည်း သပိတ်သင်္ကန်းကို ယူဆောင်ကာ ဇေတဝန်ကျောင်းမှ တပါတည်း ထွက်တော်မူ၏။ အင်္ဂုလိမာလာ ရှိရာသို့ပင် မှန်းဆ၍ သွားခြင်းဖြစ်၏။ လမ်းတွင် လယ်သမားများ၊ နွားကျောင်းသားများ၊ မုဆိုးများနှင့် တွေ့၍ ရှေ့သို့ ဆက်လက် မကြွရန် တားမြစ်ကြ၏။ သို့ရာတွင် ဗုဒ္ဓကား ဘယ်သူ၏ စကားကိုမျှ လက်မခံချေ။ လူဆိုးကြီး အင်္ဂုလိမာလာ ရှိရာသို့သာ ရှေ့ရှု ကြွသွား၏။

အင်္ဂုလိမာလာ လူမသတ်ရသည်မှာ ကြာလှလေပြီ။ သူသည် ပထမ တာဝန်အရ သတ်သည်။ ယခုမူ တာဝန်တွင် အပျော်ဆင့်၍ သတ်ချင်နေ၏။ ထို့ပြင် သူ၏ အသဲနှလုံးတို့လည်း ခက်ထန်နေ၏။

"သားရေ၊ သား သား၊ အဟိံသက"

မေတ္တာ ကရုဏာတို့ ပြည့်နှက် ဝေလျှံသော အသံဖြင့်၏။ အင်္ဂုလိမာလာ အနေဖြင့်ကား စားရကံ ကြုံ၍ မုတ်ဆိတ်တွင် ပျားစွဲခြင်းဟု ယူဆ၏။ သူသည် အလွန် အားရစွာဖြင့် ဓားကို ဆွဲကာ အသံလာရာဆီသို့ လိုက်၏။ အသံမှာ မိန်းမတဦး၏ အသံ ဖြစ်၍ ယခု တွေ့ရသည်မှာ သမဏ ဂေါတမ ဖြစ်နေ၏။ မိန်းမ လည်း လူပင် ဖြစ်၏။ သမဏလည်း လူပင် ဖြစ်၏။ မိမိ လိုချင် သည်မှာလည်း လူပင် ဖြစ်၏။ လူကို သတ်ရန် အတွက် သမဏ ဂေါတမ၏ နောက်သို့ လိုက်၏။ ဗုဒ္ဓမြတ်စွာသည် ယောဂ အကျင့် ဖြင့် ဣဒ္ဓိမပျက် ကြွသွားနေ၏။ အင်္ဂုလိမာလာသည် လေအဟုန် ကဲ့သို့ အလွန် လျင်မြန်စွာ လိုက်၏။ သို့ရာတွင် မမှီနိုင်ဘဲ ဖြစ် နေ၏။ သူသည် ခြသေ့ သစ် ကျားကိုရင်း၊ ဆင်ပြောင်ကြီးကို သော်ငင်း ထိုမျှ ပင်ပန်းကြီးစွာ မလိုက်ရချေ။ ယခုမူ ဆက် လက်၍ မလိုက်နိုင်လောက်အောင် ဖြစ်၍ ရပ်ကာ မေး၏။

"အို သမဏ၊ လွန်စွာ ပြေးလှ၏ တကား၊ ရပ်ပါဦးလော့"

"အို အင်္ဂုလိမာလာ၊ငါမပြေးပါ။ရပ်နေ၏။ပြေးနေသူမှာ သင်သာ ဖြစ်၏"

"အို သမဏ၊ သင်တို့ကား မုသားစကား မပြောကြားဟု ငါကြားဘူး၏။ ယခုမူ ဘယ့်ကြောင့် မုသား စကား ပြောကြားပါသနည်း"

"အို အင်္ဂုလိမာလာ၊ ငါတို့ မုသား စကား ပြောကြားခြင်း မရှိပါ။ အမှန်ကိုသာ ပြောဆိုကြပါ၏။ ငါသည် ဒုစရိုက်တို့မှ ရှောင်ကြဉ်၏။ အရဟတ္တ မဂ်ဉာဏ်ဖြင့် ကိလေသာတို့ကို ဖယ်ရှား၍ ဘဝတပါးသို့ သွားရန် မရှိဘဲ ရပ်နေ၏။ သင်ကား ဘဝများစွာ သံသရာတွင် လှည့်လည် ပြေးသွားနေ၏။

အင်္ဂုလိမာလာသည် ထိုမျှဖြင့် သဘော ပေါက် ကာ သူ၏ လက်နက်နှင့် လက်ညှိုးကုံးတို့ကို ရေအိုင်ထဲသို့ စွန့်ပစ်လိုက်ပြီး ဗုဒ္ဓခြေကို ဖက်ကာ တောင်းပန်၏။ ထိုနောက် ရဟန်း ပြုပေးရန် ခွင့်တောင်း၏။

"ဟေဘိက္ခု၊ လာလော့ ရဟန်း" ဟု ခေါ်လိုက်ရာ အင်္ဂုလိမာလာ ရဟန်းဖြစ်သွား၏။ ထိုနောက် ဗုဒ္ဓ မြတ်စွာသည် အရှင်အင်္ဂုလိမာလာကို ခေါ်၍ ဇေတဝန်ကျောင်းသို့ ပြန်လာခဲ့၏။

တနေ့တွင် ကောသလ မင်းကြီးသည် စစ်အင်္ဂါ လေးပါး ခြံရံလျက် နေပြည်တော်မှ ထွက်၏။ ဇေတဝန်ကျောင်းအနီးသို့ ရောက်သောအခါ စစ်တပ်ကို ခေတ္တ ရပ်ဆိုင်းပြီး ဗုဒ္ဓအား ပူဇော် ကန်တော့ရန် ကျောင်းပေါ်သို့ တက်သွား၏။

"မင်းကြီး၊ သင်သည် များစွာသော စစ်အင်္ဂါဖြင့် ထွက်ခဲ့၏ တကား။မဂဓမင်း ဗိမ္ဗိသာရ သို့မဟုတ် ဝေသာလီ လိစ္ဆဝီ သို့မဟုတ် အခြား မင်းတပါးသည် သင့်အား ဆန့်ကျင်ဘက် ပြုလေသလော"

မြတ်စွာဘုရား နှုတ်ဆက်စကား မေးသော အခါ ပရသေန ဇိတ မင်းကြီး လျှောက်ကြား၏။

"အရှင်၊ မဟုတ်ပါ။ ဘယ်နိုင်ငံ ဘယ်မင်းမျှ ကျွန်ုပ်အား ဆန့်ကျင်ခြင်း မပြုကြပါ။ စင်စစ် သော်ကား နိုင်ငံတွင် လွန်စွာ ဆိုးသွမ်းနေသော ခိုးသားကြီး အင်္ဂုလိမာလာကို ဖမ်းရန် အတွက် ထွက်ခဲ့ခြင်း ဖြစ်ပါ၏"

"မင်းကြီး၊ အင်္ဂုလိမာလာသည် ရှေးကကဲ့သို့ မဟုတ်ဘဲ အကယ်၍ ရဟန်းပြုကာ ဗြဟ္မစာရီ အကျင့်ကို ကျင့်နေပါမူ သင် ဘယ်သို့ ပြုမည်နည်း"

"အကယ်၍ ရဟန်းပြုပြီး ဗြဟ္မစာရီ ကျင့်နေပါလျှင် ဝမ်းမြောက် ဝမ်းသာ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းနေမည် ဖြစ်ပါ၏။ သို့ရာတွင် လွန်စွာ ကြမ်းကြုတ် ရက်စက်သော ခိုးသားနှင့် ရဟန်း အဖြစ်မှာ မအပ်စပ်ပါ"

ထိုအခါ အရှင် အင်္ဂုလိမာလာသည် ဗုဒ္ဓနှင့် မလှမ်း မကမ်းတွင် ထိုင်နေ၏။ ဗုဒ္ဓသည် အင်္ဂုလိမာလာအား လက်ညွှန်၍ "မင်းကြီး ရှုလော့။ ဤသူသည်ပင် အင်္ဂုလိမာလာ ဖြစ်၏" ဟု မိန့်ကြား၏။

မင်းကြီး ထိတ်လန့် သွားသည်ကို တွေ့ရ၍ မြတ်စွာ ဘုရား ဆက်လက် မိန့်ကြားတော်မူ၏။

"မင်းကြီး၊ အင်္ဂုလိမာလာသည် ကြောက်မက်ဖွယ် ကောင်းသော လူဆိုးမဟုတ်ပါ။ ဆိုးသွမ်း သည်မှာလည်း အင်္ဂုလိမာလာ မဟုတ်ပါ။ သူ့အတွင်းမှာ ရှိနေသော လောဘ ဒေါသနှင့် မောဟ တို့ ဖြစ်၏။ ယခုအခါ သူ့မှာ ထိုတရားတို့ မရှိတော့ပါ"

"အရှင်ဘုရား၊ အဲ့ဘွယ်ပေတကား။ ကျွန်ုပ်သည် အရှင် အင်္ဂုလိမာလာအား ပစ္စည်းလေးပါး ဒါယကာ ခံယူပါ၏။ အလိုရှိရာ မိန့်ကြားတော်မူပါ"

"မင်းကြီး၊ ငါ့အား အလုံးစုံ အကုန် ပြည့်စုံ၏"

အရှင် အင်္ဂုလိမာလာကား ကျောင်းအရံတွင် မနေ၊ သစ်ပင်အောက်မှာ နေ၏။ သင်္ကန်း သုံးထည်မှ တပါး အခြား အပိုသင်္ကန်းကို မဆောင်ချေ။ အိမ်စဉ် လျှောက်ကာ ဆွမ်းခံ၍ တထပ်တည်းသောဆွမ်းကို တနေ့ရာတည်းမှာ သုံးဆောင်၏။ သို့ကြောင့်သူ့အတွက် ဘာမျှ မလိုခြင်း ဖြစ်၏။ သို့ရာတွင် သူ ဆွမ်းခံ ထွက်ရာတွင်ကား အနှောင့် အရှက် များ၏။ ဆွမ်းခံ ထွက်သောရပ်ကွက်တိုင်းမှာပင် အဖ၊ ဦးကြီး၊ ဦးလေး၊ ညီ၊ အကို စသည်ဖြင့် အသတ်ခံရဘူးသူများ ဒေါသ အမျက် မပြေနိုင်ဘဲ သူ့အား ရိုက်ပုတ်ကြ၏။ ခဲဖြင့် ပေါက်ကြ၏။ ဆဲဆို ကြိမ်းမောင်း ကြ ၏။ ထို အကြောင်းကို မြတ်စွာ ဘုရား သိတော်မူ၍ သူ့အား သစ္စာမန္တာန်တခု သင်ကြား ပေး၏။

"နှမ၊ ငါသည် အရိယာ အဖြစ်သို့ ရောက်သည်မှ စ၍ စေတနာဖြင့် သူ့အသက်ကို မသတ်ခဲ့ပါ။ ဤစကား မှန်ပါလျှင် သင့်အား ချမ်းသာ လွယ်ကူစွာ မီးဖွားပါစေသတည်း"

အရှင် အင်္ဂုလိမာလာသည် ကလေး မီးမဖွားနိုင်၍ ဆင်းရဲပင်ပန်းသော အမျိုးသမီးအား ဤသစ္စာ မန္တာန်ကို ရွတ်ဆိုခြင်းဖြင့် ချမ်းသာ လွယ်ကူစွာ ဖွားမြင်စေခဲ့၏။ ယခုအခါ အင်္ဂုလိမာလာသည် စင်စစ် သူ့အသက်ကို မသတ်တော့ကြောင်း ထင်ရှား စေခြင်းပင်ဖြစ်၏။

# ဘိက္ခုနီ သံဃာ

# မဟာပဇာပတိ ဂေါတမီ

မြတ်စွာဘုရားသည် တရံသောအခါ ကပိလဝတ္ထုပြည် နိဂြောဓာရုံကျောင်း၌ စံနေတော်မူ၏။ ဘုရင်သုဒ္ဓောဒန ကွယ်လွန်ပြီးနောက်၊ နောက်တနေ့တွင် မဟာပဇာပတိ ဂေါတမီသည် ဗုဒ္ဓထံသို့ သွားပြီး လျှောက်ကြား၏။

"မြတ်စွာဘုရား၊ အရှင်သည် အမျိုးသမီး တို့အား အရှင်၏ သာသနာတွင် ရှင်ရဟန်း ပြုခွင့် ပေးပါက ကျွန်ုပ်အား များစွာ ချီးမြှောက်ခြင်း ဖြစ်ပါလိမ့်မည် အရှင်။ အရှင်သည် အမျိုးသမီး တို့အား ရှင်ရဟန်း ပြုခွင့် ပေးတော်မူပါလော့"

"ဂေါတမီ အမျိုးသမီးတို့၊ အိုးအိမ်ကို စွန့်ခွာ၍ မြတ်သော ဗြဟ္မစာရီအကျင့်ကို ကျင့်ပြီး ဘိက္ခုနီ ပြုလုပ်ရန် လုံးဝ မသင့် လျော်ချေ"

ဤသို့ပြောကြားကာ မြတ်စွာဘုရား ငြင်းပယ်၏။ သို့ရာတွင် ထပ်၍ ခွင့်ပန်၏။ နှစ်ကြိမ် သုံးကြိမ် လျှောက်ကြားသော်လည်း အခွင့် မရသဖြင့် စိတ်မကောင်းစွာဖြင့် ပြန်သွားရ၏။

မြတ်စွာဘုရားသည် ကပိလဝတ္ထုတွင် မွေ့လျော်သမျှ စံနေပြီးလျှင် ဝေသာလီသို့ ကြွသွား၍ တခါ်တွင် ဝေသာလီတွင် ရှိသော ကူဋာဂါရတွင် စံနေတော်မူ၏။

တနေ့တွင် မဟာပဇာပတိဂေါတမီသည် ခေါင်းရိတ် စေပြီး ကိုယ်တိုင် သင်္ကန်းဝတ်ကာ သကျသာကီ အမျိုးသမီး ငါးရာနှင့်အတူ ဝေသာလီသို့ ရောက်လာ၏။ ခြေလျှင် ခရီးဖြင့် ပင်ပန်းကြီးစွာလာရသဖြင့် လွန်စွာ နွမ်းနယ်နေကြ၏။ သူတို့သည် ကူဋာဂါရ တံခါးဝတွင် လဲလျောင်းလျက် ငိုကြွေးနေကြ၏။ အာနန္ဒာ တွေ့မြင်၍ သူတို့အနားသို့ သွားကာ အကြောင်းကို မေး၏။ သူတို့အား သောက ဒုက္ခ နှိပ်စက်နေသဖြင့် အဖြေ မပေးနိုင်ကြချေ။ ငိုကြွေးလျက်သာ နေကြ၏။ အာနန္ဒာ အတန်ကြာမျှ ဖြေသိမ့်သော အခါတွင် ဂေါတမီသည် ငိုကြွေးလျက် အကြောင်းကို ပြောပြ၏။

"အာနန္ဒာ၊ ငါ ကပိလဝတ္ထုတုန်းက မြတ်စွာဘုရားအား ရှင်ရဟန်းပြုခွင့် တောင်းခဲ့ပါ၏။ သို့ရာတွင် သူသည် ထိုတောင်းပန်ချက်ကို ငြင်းပယ်ခဲ့ပါ၏။ ငါတို့သည် သံသရာကို တွယ်တာမှု မရှိကြပါ။ အလုံးစုံသော လောကကို ဆင်းရဲဒုက္ခအတိ သိမြင်နေကြပါ၏။ သို့ကြောင့် ငါသည် သကျသာကီ အမျိုးသမီးများနှင့်အတူ ရှင်ရဟန်းပြုခွင့် တောင်းဆိုရန်အတွက် ကပိလဝတ္ထုမှ ခြေလျှင် လာခဲ့ ပါ၏။ ဗုဒ္ဓသည် နောက်တဖန် ငါတို့၏ တောင်းခံခြင်းကို ငြင်းပယ်မှာကြောက်သည့်အတွက် ငါတို့ သူ၏ ထံသို့ မသွားဝံ့ဖြစ်နေကြ၏။ သို့ကြောင့် ယခုအခါ ငါတို့မှာ မိမိတို့၏ ကံကြမ္မာကိုသာ ပြစ်တင်ရှုတ်ချနေရပါ၏"

အာနန္ဒာသည် သူတို့အား နှစ်သိမ့်မှု ပေးပြီးလျှင် ဗုဒ္ဓ၏အထံသို့ သွားကာ အလုံးစုံသော အကြောင်းအရာတို့ကို လျှောက်ကြား၏။ ဗုဒ္ဓသည် လက်မခံဘဲ ပြောပြ၏။

“အမျိုးသမီးများ ရှင်ရဟန်းပြုရန် မသင့်လျော်။ ဗြဟ္မစာရိသည် လွန်စွာခက်ခဲသော အကျင့်ဖြစ်၏။ အမျိုးသားတို့ပင် ခက်ခဲစွာ ကျင့်ရသော အကျင့်မြတ်ကို အမျိုးသမီးများ ကျင့်နိုင်လိမ့်မည်ဟု ငါမယူဆဘူး”

အာနန္ဒာသည် ထပ်၍ တောင်းပန်၏။ ငြင်းပယ် ပြန်သဖြင့် ပြန်၍ တောင်းပန်၏။ သို့ရာတွင် အခွင့်မရသဖြင့် စဉ်းစား၏။ ‘ဗုဒ္ဓသည် တိုက်ရိုက်အကြပ်ကိုင်သဖြင့် အခွင့်ပြုမည် မဟုတ်ချေ။ အခြားတနည်းတလမ်းဖြင့် စမ်းရန်သင့်၏’ ထို့နောက် အာနန္ဒာသည် ဗုဒ္ဓအား ရိုခိုး လျှောက်ကြားပြန်၏။

“ဘန္တေ အရှင်ဘုရား၊ အမျိုးသမီးများ အရှင်၏ သာသနာတွင် ရှင်ရဟန်းပြုပါလျှင် သူတို့အား သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်နှင့် အရဟတ္တမဂ်ကို ရနိုင်ပါမည်လား”

“ရနိုင်၏ အာနန္ဒာ။ သူတို့သည် မဂ်ဖိုလ်ကို ရနိုင်၏”

“အရှင်၊ သို့ဖြစ်ပါလျှင် မဟာပဇာပတိဂေါတမီသည် အရှင်အား အရှင်၏ မယ်တော်ကွယ်လွန်ပြီးနောက် နို့ချိုတိုက်၍ မွေးမြူခဲ့ပါသဖြင့် သူ၏ကျေးဇူးကား ကြီးမားလှပါ၏။ သို့ကြောင့် အရှင်သည် သူ၏ထိုကျေးဇူးကို ထောက်ထားကာ အမျိုးသမီးများ ရှင်ရဟန်းပြုရန် ခွင့်ပြုသင့်ပါ၏”

“အာနန္ဒာ၊ အကယ်၍ မဟာပဇာပတိဂေါတမီသည် ဂရုဓမ္မ တရား ရှစ်ပါးကို စောင့်ရှောက်ရန် လက်ခံပါလျှင် ထိုတရားသည် သူ့အား ရဟန်းဖြစ်စေလိမ့်မည်”

"အရှင်၊ ဂရုဓမ္မတရား ရှစ်ပါးကား အဘယ်တို့ပါနည်း"

"(၁) ဘိက္ခုနီသည် ဝါတရာ ရစေကာမူ ယနေ့ ပြု သစ်စဖြစ်သော ဘိက္ခုအား အရိုအသေပြုရမည်။ ခရီးဦး ကြိုရမည်။ ရှိခိုးပူဇော်ရမည်။

"(၂) ဘိက္ခုမရှိသော ကျောင်းတွင် ဝါမဆိုရ။

"(၃) လခွဲတိုင်း(တလ နှစ်ကြိမ်)ဘိက္ခုသံဃာ၏ အ ထံတွင် ဥပုသ်ပြု၍ ဥပဒေသ တောင်းခံရမည်။

"(၄) ဝါကျွတ်သောအခါ ဘိက္ခုနှင့် ဘိက္ခုနီသံဃာ နှစ်ရပ်တွင် ပဝါရဏာ ပြုရမည်။

"(၅) ကြီးလေးသော အပြစ်ကို ပြုမိသော ဘိက္ခု နီသည် သံဃာနှစ်ရပ်တွင် တဆယ့် ငါးရက်တိုင်တိုင် မာ နတ် အကျင့်ကို ကျင့်ရမည်။

"(၆) ဘိက္ခုနီသည် ဘယ်နည်းနှင့်မျှ ဘိက္ခုအား ဆဲ ဆိုကြိမ်းမောင်းခြင်း မပြုရ။

"(၇) ဘိက္ခုနီပြုလိုသော အမျိုးသမီးသည် ၂နှစ် တိုင်မျှ တရား ခြောက်ပါးကို ကျင့်ပြီးလျှင် သံဃာ နှစ် မျိုးတွင် ရဟန်း ပြုရမည်။

"(၈) ဘိက္ခုတို့ ပြောဆိုဆုံးမသည့်အတိုင်း လိုက်နာ ကျင့်သုံးရမည်။

"အာနန္ဒာ၊အကယ်၍ ဂေါတမီသည် ဤရှစ်ပါးသော ပညတ် ချက်ကို လိုက်နာလက်ခံပါလျှင် ထိုတရားတို့သည် သူ့အား ရဟန်း ဖြစ်စေလိမ့်မည်"

ထိုနောက်အာနန္ဒာသည် ဆိုခဲ့သော ပညတ်ချက် ရှစ်ပါးကို မြတ်စွာဘုရား၏ ထံပါးတွင် သင်ကြားပြီး ဂေါတမီ၏ ထံသို့ သွား၍ ပြောပြ၏။

"ဂေါတမီ၊ သင်သည် အကယ်၍ ဤပညတ်ချက် ရှစ်ပါးကို စောင့်ရှောက်ရန် လက်ခံပါလျှင် ထိုတရားတို့သည် သင့်အား ရဟန်းဖြစ်စေလိမ့်မည်"

"ချစ်သားအာနန္ဒာ၊ ဝေသာလီ ပျိုကညာတို့သည် ရေချိုးပြီး ပန်းမာလာပန်ဆင်ကြသကဲ့သို့ ငါလည်း ထိုဥပဒေသ ရှစ်ပါးတို့ကို ပန်းအသွင် ပန်ဆင်ပါမည်"

ထိုနောက် အာနန္ဒာသည် မြတ်စွာဘုရားထံ ပြန်သွားပြီး ထို အကြောင်းကို လျှောက်ကြား၏။

"ဘန္တေ၊ မဟာပဇာပတိဂေါတမီသည် ထိုဂရုဓမ္မ တရားတို့ကို အသက်ထက်ဆုံး လိုက်နာပါမည်ဟု ဝန်ခံပါ၏"

"အာနန္ဒာ၊အကယ်၍ အမျိုးသမီးတို့ ရှင်ရဟန်းပြုခွင့် မရကြပါလျှင် ဤဗြဟ္မစာရီအကျင့်သည် ရှည်မြင့်စွာသော ကာလပတ်လုံး တည်တံ့လိမ့်မည်။ သူတော်ကောင်းတရားသည် အနှစ်တထောင် တိုင်မျှ စင်ကြယ်ပေလိမ့်မည်။ သို့ရာတွင် အမျိုးသမီးများ ရဟန်း ပြုခွင့်ရကြ၍ ဗြဟ္မစာရီသည် ကြာရှည်စွာ တည်တံ့လိမ့်မည် မဟုတ်ချေ။ အနှစ် ငါးရာမျှသာ သူတော်တရား ထွန်းကား လိမ့်မည်။

"အာနန္ဒာ၊ များစွာသော မိန်းမတို့နှင့် အနည်းငယ်သော ယောကျ်ားတို့ ရောနှောခြင်းကြောင့် အမျိုးမျိုးသော အပြစ်များ ဖြစ်ပေါ်နိုင်သကဲ့သို့ အမျိုးသမီးများ ရှင်ရဟန်းအဖြစ် ခွင့်ပြုခြင်း ကြောင့် ဓမ္မတရားလည်း မကြာမြင့်မီ ပျောက်ပျက်လိမ့်မည်။

"အာနန္ဒာ၊ အသီးအနှံနှင့် ပြည့်စုံသော လယ်ကို သေတဝဏ္ဏ ရောဂါ ဖြစ်သဖြင့် ပျက်စီးသကဲ့သို့ ဓမ္မတရားသည် အမျိုးသမီး များ ရဟန်းပြုသဖြင့် ပျက်စီးလိမ့်မည်။

"အာနန္ဒာ၊ ကြံခင်းတွင် ဆစ်ပိုးဝင်၍ ပျက်စီးသကဲ့သို့ အမျိုး သမီးများ ရဟန်းပြုသဖြင့် ဓမ္မတရား ပျက်စီးလိမ့်မည်။

"အာနန္ဒာ၊ ရေကို အလိုရှိသော သူသည် မိုးမရွာမီ ကန်ဆည် ထားသကဲ့သို့ ငါလည်း အမျိုးသမီးများ ရဟန်းမပြုမီ ကြိုတင်၍ ဂရုဓမ္မ တရား ရှစ်ပါးကို ပညတ်ထားလိုက်ခြင်း ဖြစ်၏"

× × ×

## ပဋာစာရာ

သာဝတ္ထိပြည်တွင် သူဌေးကြီး တဦးအား လွန်စွာ လှပသော သမီးကညာ တဦး ရှိ၏။ ထိုသမီးကညာ ဆယ့်ခြောက်နှစ် အရွယ် သို့ ရောက်သောအခါ မိဘတို့သည် သူ့အား ခုနစ်ဆင့်ရှိသော ပြာသာဒ်တွင် ထား၍ အမျိုးမျိုးသော သုခ ချမ်းသာ မင်္ဂလာတို့ ဖြင့် ဝန်းရံစေ၏။ သူဌေးသမီးကား အခိုင်း အစေ တဦးနှင့် ချစ် ကြိုး နှောင်ဖွဲ့နေ၏။ မိဘများသည် အမျိုးအနွယ် စည်းစိမ် ဥစ္စာ အဆင့်အတန်း တူညီသော လုလင်တဦးနှင့် သူ့အား ထိမ်းမြား ရန် စေ့စပ် ကြောင်းလှမ်းပြီး လက်ထပ်မည့်ရက် ကန့်သတ်၏။ ထိုသတင်းကို သူဌေး သမီးကြားသောအခါ ချစ်သူအစေခံအား ခေါ်၍ ပြောပြ၏။

"ငါ့အား လက်ထပ်ရန် ကြောင်းလှမ်းပြီးပြီ။ လက်ထပ်ပြီး ပါက သင်သည် ငါနှင့် တွေ့နိုင်တော့မည် မဟုတ်ချေ။ သို့ကြောင့်

သင်သည် ငါ့အား တနည်းတလမ်းအားဖြင့် ဆောင်ယူ၍ ပြေးပါလော့”

“သို့ဖြစ်လျှင် ငါသည် ရှေးဦးစွာ သွားနှင့်ပြီး မြို့တံခါးက စောင့်နေပါမည်။ သင် ထိုနေရာသို့ ရုပ်ဖျက်ကာ ထွက်လာခဲ့ပါလော့”

ဤသို့ မှာကြားပြီးလျှင် ချစ်သူ အစေခံသည် ချိန်းဆိုသော မြို့တံခါးဝသို့ သွားပြီး စောင့်နေ၏။ သေဌေး သမီးသည် တနေ့ နံနက်တွင် ညစ်နွမ်းသော အဝတ်များကို ဝတ်ဆင် ရုပ်ပြောင်းကာ ရေအိုးတလုံးကို ပွေ့လျက် ကျွန်မများနှင့်အတူ အပြင်သို့ ထွက်ခဲ့ပြီး ချစ်သူ စောင့်မျှော် နေရာသို့ သွား၏။

သူတို့ နှစ်ယောက်သည် ဝေးကွာသော အရပ်သို့ သွားပြီး လင်မယားအဖြစ် ပေါင်းသင်း နေကြ၏။ လင်သည် တောသို့သွားကာ ထင်းခုတ်ပြီး ရောင်း၏။ မယားသည် အိမ်မှုကိစ္စကို ပြုလုပ်လျက် မကောင်းမှု အကုသိုလ်၏ အကျိုးကို အပြည့်အဝ ခံစားနေ၏။ နောက်သောအခါတွင် ကိုယ်ဝန်တည်သဖြင့် လင်အား ပြောပြ၏။

“အရှင်၊ ငါ၏ ကိုယ်ဝန်သည် ရင့်မာလေပြီ ဖြစ်၍ မကြာမီ ရက်အတွင်းမှာ ဖွားမြင်လိမ့်မည်။ မိန်းမတို့ အတွက် မီးဖွားရခြင်းသည် လွန်စွာ စိုးရိမ်ရသော ကိစ္စဖြစ်၏။ ဤမှာလည်း ငါတို့ အတွက် အားကိုးဘွယ်ရာ တစုံတယောက်မျှ မရှိချေ။ သို့အတွက် မိဘတို့ထံ ပြန်ချင်၏။ အဘယ်မျှ အပြစ်ပြုစေကာမူ သားသမီး အပေါ် မိဘတို့ထံ မုန်းရိုး မရှိပါ”

“ရှင်မ၊ ဘယ်သို့ ဆိုဘိသနည်း။ သင်၏ မိဘများသည် ငါ့ကို တွေ့ပါက မုန့်မုန့် ညက်ညက် ချေပစ်ကြလိမ့်မည်”

သေဌေး သမီးသည် အခွင့်သင့်တိုင်းပင် ထိုစကားကို ပြောကြား၍ လင်အား ပူဆာ၏။ လင်ကား အမြဲပင် ကန့်ကွက်၏။ တနေ့တွင် သူ၏လင် တောသို့ ထင်းခုတ် သွားနေခိုက် သေဌေးသမီးသည် အိမ်နီးနားလူတို့အား မှာကြားပြီး တကိုယ်တည်းပင် မိဘများရှိရာသို့ ထွက်သွား၏။

လင်ယောကျ်ား ထင်းခုတ်သမား အိမ်သို့ ပြန်ရောက်သောအခါ ချစ်ဇနီးကို မမြင်၍ အိမ်နီးနား လူတို့အား မေး၏။ ထိုသူတို့က မှာခဲ့သည့်အတိုင်း ပြောကြရာ သူသည် ချက်ချင်းပင် လိုက်၏။ အတန်ကြာမျှ လိုက်သောအခါ တောလမ်း တနေရာတွင် တွေ့ရ၍ အိမ်သို့ပြန်လိုက်ရန် အနူးအညွတ် တောင်းပန်၏။ သေဌေးသမီးလည်း မိဘထံသို့သာ ပြန်လိုကြောင်းနှင့် အကြောင်း အမျိုးမျိုး ပြ၏။ သို့ဖြင့် ကမ္ဘာလေ လှုပ်ရှားလာ၍ အရိပ်အာဝါသကောင်းသော သစ်ပင် တပင်အောက်သို့ ဝင်ကာ ဖွားမြင်လိုက်၏။ သားဖွားပြီးသောအခါ သေဌေး သမီးက ပြောပြ၏။

"အရှင်၊ ငါသည် သားဖွားရန် အတွက် မိဘအိမ်သို့ပြန်လိုခြင်းဖြစ်၏။ ယခုအခါ သားကလေး ဖွားမြင်ပြီးဖြစ်၍ မိဘအိမ်သို့ သွားဘို့ မလိုတော့ပါ။ ကိုယ့်အိမ်ကိုယ် ပြန်ကြပါစို့"

ထိုနောက် သူတို့ နှစ်ယောက်သည် ဝမ်းမြောက်စွာဖြင့် သားကလေးနှင့် အတူ မိမိတို့ အိမ်ဂေဟာသို့ ပြန်လာကြ၏။ လွန်စွာဆင်းရဲလှသော်လည်း သားကလေး သံယောဇဉ်ဖြင့် ပျော်ရွှင်နေကြ၏။ ထိုစဉ်တွင် သေဌေး သမီးမှာ ဒုတိယအကြိမ် ကိုယ်ဝန်တည်ပြန်၏။ ကိုယ်ဝန် ရင့်မာလာသောအခါ ရှေးနည်း တူစွာပင် မိဘအိမ် လိုက်ပို့ရန် လင်အား ပူဆာပြန်၏။ သူ၏ လင်လည်း မလိုက်ဝံ့သဖြင့် ရှေးနည်း တူစွာပင် အမျိုးမျိုးအထွေထွေ တားမြစ် နှစ်သိမ့်စေ၏။ ဤသို့ရာတွင် သေဌေး သမီးသည် လင်၏ စကား

ကို မနှာယူချေ။ သားကို ချီကာ အိမ်မှ ထွက်သွားလေရာ ထင်းထမ်း ယောကျ်ားလည်း ဤအခါတွင် နောက်မှ လိုက်ရလေ၏။

သူတို့သည် သားကလေးကို တလှည့်စီ ချီကာ သာဝတ္ထိပြည်ဘက်သို့ ခရီးထွက်ခဲ့ကြ၏။ အတန် ခရီးပေါက်သောအခါ ရုတ်တရက် တခဲနက် မိုးတိမ်တိုက်တို့ တက်လာပြီး ကြောက်မက်ဖွယ် မိုးကြီး သည်းထန်စွာ ရွာသွန်းလေ၏။ ထိုစဉ်တွင် သေဋ္ဌေးသမီးလည်း ကိုယ်ဝန် ဖွားမြင်ချင်သော ဝေဒနာကို ခံစားနေရ၍ လင်အား ပြောပြ၏။

"အရှင်၊ ငါ့အား သားဖွားမှု ဝေဒနာ ဖြစ်နေပါ၍ ဆက်လက် မသွားနိုင်တော့ပါ။ မိုးလုံမည့် တနေရာကို ရှာဖွေပါဘိ"

သူသည် ချက်ချင်းပင် နေရာရှာဖွေ၏။ တောင်ပို့ကြီး တခုပေါ်တွင် အုပ်မိုင်းနေသော ချုံကို တွေ့ရ၍ ကလေးဖွားမြင်ရန် အတွက် သုတ်သင် ရှင်းလင်း၏။ထိုစဉ်တွင် တောင်ပို့အတွင်းမှ မြွေ တကောင် ထွက်လာပြီး သူ့အား ကိုက်လိုက်၏။

ဤတွင် သေဋ္ဌေးသမီးသည် မိုးရေထဲမှာပင် ကလေး မီးဖွားလိုက်ရ၏။ကလေးနှစ်ယောက်မှာ မိုးနှင့်လေကြောင့် ခိုက်ခိုက်တုန်လျက် ငိုကြွေးကြ၏။ သူသည် ကလေးနှစ်ယောက်ကို ရင်ခွင်တွင် ထားကာ တညလုံး မိုးနှင့် လေ၏ ဒဏ်ကို ခံ ကာကွယ်ထားရ၍ သူ၏ အရောင် အသွေးမှာ ဖြူဖပ် ဖြူယော် ဖြစ်နေ၏။ နေထွက်သောအခါ မွေးစကလေးကို ရင်မှာပိုက်၍ နို့ညှာကလေးကို ခါးတွင်တင်ကာ ပြန်မလာသော လင်ကို လိုက်ရှာ၏။ အတန် သွားမိသောအခါ လင်၏ အလောင်းကို တွေ့ရ၏။

"အလို၊ အရှင်သည် ငါပြုသောအမှု၏ အကျိုးကို ခံနေရပါပြီကော"

ဤသို့ ညည်းတွားကာ အလွန် ဆင်းရဲပင်ပန်းစွာဖြင့် မိန်းမောတွေဝေသွား၏။ ထိုရာတွင် ဤကိစ္စမှာ သူတတ်နိုင်သော အလုပ်မဟုတ်ချေ။ မျှော်လင့်ဘွယ်ရာ လုံးဝမရှိသဖြင့် သူသည် သာဝတ္ထိဘက်သို့ပင် ခရီး ဆက်လက် ထွက်ခွာသွားလေ၏။ ညက လွန်မင်းစွာရွာသောမိုးကြောင့် အစိရာဝတီမြစ်မှာ ရေလျှံနေ၏။ သေဋ္ဌေးသမီးသည် မြစ်ကမ်းပါးသို့ သွားကာ သားကြီးအား မြစ်ကမ်းပါးတွင်ထားခဲ့ပြီး သားငယ်ကို မြစ်တဖက်သို့ ကူးပို့၏။ ကမ်းထိပ်မှ သစ်ပင်အောက်တွင် သစ်ရွက်တို့ဖြင့် ဖွဲ့ရှက်ကာ ကလေးကို သိပ်ထားခဲ့ပြီး ကလေးအကြီးကိုခေါ်ရန် တဖန် မြစ်တဖက်သို့ ကူးသွားပြန်၏။ သူ မြစ်လယ်သို့ ရောက်သောအခါ သိန်းငှက်တကောင်သည် မွေးစကလေးကို သားတစ်သင်၍ ထိုးသုတ်ရန် ပျံဝဲနေ၏။ သူသည် သိန်းငှက်ကိုမြင်ရ၍ လက်ခုပ်တီးကာ ချောက်လှန့်၏။ ကလေးအကြီးသည် သူ့ကို အမေခေါ်သည်ထင်၍ ရေထဲဆင်းလိုက်လာရာ ရေစီးသည် ကလေးကို ခေါ်ဆောင်သွားလေ၏။ ဤတွင် သိန်းငှက်သည် သူ၏ ခြောက်လှန့်သံကို အမှုမထားဘဲ ကလေးကို သုတ်ချီ၍ သွားလေ၏။

သေဋ္ဌေးသမီးသည် လင်နှင့် ကလေးနှစ်ယောက် ဆုံးရှုံး၍ ငိုကြွေးလျက် သာဝတ္ထိဘက်သို့ တယောက်တည်း ဝမ်းနည်းစွာဖြင့် ဆက်လက်ထွက်လာခဲ့၏။ လမ်းတွင် လူတယောက်နှင့်တွေ့၍မေး၏။

"သင် ဘယ်အရပ်က ဖြစ်ပါသနည်း"

"ငါ သာဝတ္ထိပြည်သား ဖြစ်ပါ၏"

ထိုအခါ သူသည် အတန်အားတက်လာပြီး သူ့အဖ သေဋ္ဌေးကြီး၏သတင်းကို စုံစမ်းထောက်လှမ်း၏။

"အမိ၊ သူတို့အကြောင်းကို မမေးပါလင့်။ မေးဘွယ်ရာရှိပါလျှင် အခြားအကြောင်းကိုသာ မေးပါ"

"အခြားအကြောင်း ငါ့မှာ မေးစရာ မရှိပါ။ သူတို့၏ သတင်းကိုသာ သိချင်ပါ၏"

"လွန်ခဲ့သောညဉ့်က မိုးကြီး လေကြီး ကျသည်ကို သိပါ၏လော"

"ဟုတ်ကဲ့၊ သိပါ၏။ ဤမိုးကြီး လေကြီးသည် ငါ၏ သေမင်းတမန်ညဉ့်ဖြစ်၍ ဘယ်နည်းနှင့်မျှ မေ့ပျောက်နိုင်မည်မဟုတ်ပါ"

"အမိ၊ လွန်ခဲ့သောညဉ့်က မိုးကြီးလေကြီး အကျမှာ အိမ်ပြိုကျ၍ သေဌေးကြီးရော သေဌေးကတော်ကြီးရော သားပါ သုံးယောက်လုံး ဆုံးရှုံးကြပါ၏။ သူတို့ သုံးယောက်လုံးကိုပင် ထင်းပုံတခုတည်းမှာ တပြိုင်နက်တည်း မီးသင်္ဂြိုဟ်ရပါ၏။ ထိုမှာ ကြည့်ပါ။ ယခုပင် မီးခိုးထွက်နေပါသေး၏"

သူ၏နားမှ ဝင်သွားသော ထိုသတင်းသည် သူ၏နှလုံးသားကို အစိတ်စိတ် ခွဲပစ်လိုက်၍ သူ့မှာ အမှတ်သညာ မရှိတော့ချေ။ သူ၏ စိတ်လွတ်သည်နှင့် အတူတကွပင် အရှက်အကြောက်ကို ကာကွယ်သော အဝတ်လည်း ကျွတ်ခဲ့၏။

"ဟယ်၊ ငါ၏ ကလေးနှစ်ယောက် ဆုံးပျောက်ခဲ့ပြီ။ လင်လည်း လမ်းထက်ဝက်မှာ မြွေကိုက်၍ သေပွဲဝင်ခဲ့ပြီ။ မိဘနှင့် မောင်လည်း ထင်းပုံတခုတည်းမှာ ပြာဖြစ်နေလေပြီ"

သူသည် ဤသို့ ငိုကြွေးကာ အဝတ်မပါ ပလာကိုယ်တည်းဖြင့် လှည့်လည်ပြေးသွားနေ၏။ လူတို့သည် သူ့အား အရူးမဟုယူဆကာ အချို့က မြူမှုန်ဖြင့် ပေါက်ကြ၏။ အချို့က ခဲဖြင့် ပေါက်ကြ၏။ အချို့က ပြောင်လှောင်၍ အချို့က ကြိမ်းမောင်းကာ ရိုက်နှက်ကြ၏။

တနေ့တွင် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း သဘင်မဏ္ဍပ်တွင် များစွာသော လူတို့အား ဓမ္မတရား ဟောကြားနေ၏။

ထိုစဉ်တွင် အရူးမသည် သဘင်မဏ္ဍပ်သို့ ရှေးရှု ချဉ်းကပ်လာသဖြင့် လူအချို့သည် အရူးမ မလာစေရန် တားမြစ်ကြ၏။ ထိုအခါ ကရုဏာအတိပြီးသော ဗုဒ္ဓ မိန့်ကြားတော်မူ၏။

"သူ့ကို မတားကြပါလင့်။ လာပါစေ"

အရူးမသည် ရဲရင့်စွာဝင်လာပြီး ဗုဒ္ဓ၏ခြေကို ဖက်ထား၏။ ဗုဒ္ဓသည် သူ့အား ကရုဏာ အပြည့်ရှိသော လည်ချောင်းဖြင့် ပြောပြ၏။

"ဘဂိနီ နှမ၊ ငှေးကအတိုင်း သတိပြန်ရပါလော့"

သူသည် သာယာသော အသံကို ကြားရ၍ သတိပြန်ရပြီးလျှင် မိမိ ကိုယ်လုံးတည်း ဖြစ်နေသည်ကို သိ၍ အရှက်အကြောက်သည် တဖန် သူ့ထံသို့ ပြန်ရောက်လာ၏။ ထိုအကြောင်းကို သိသောသူတို့သည် မိမိတို့၏အပေါ်ရုံကိုချွတ်ကာ ပေးကြ၏။ သူသည် ထိုအဝတ်ကိုခြုံပြီး မြတ်စွာဘုရားအား လျှောက်ကြား၏။

"ဘန္တေ၊ ငါ၏ ကိုးကွယ်ရာပြုပါလော့။ ငါ၏ သားတယောက်ကို သိန်းငှက် ချီသွား၏။ တယောက် ရေနစ်သွား၏။ လမ်းမှာ လင်ကို မြွေကိုက်၏။ အမေ အဖနှင့် မောင်မှာ အိမ်ပြိုကာ သေ၍ ထင်းပုံတခုတည်းမှာ ပြာဖြစ်သွားကြ၏"

"ချစ်သမီး၊ စိုးရိမ်နေသင့်၍ ကြောင့်ကြခြင်း မဖြစ်လင့်။ သင်၏ အသက် သို့မဟုတ် ကိုးကွယ်ရာကို ပေးမည့်သူ၏ အနားသို့ ယခု သင် ရောက်နေ၏။ သား၊ လင်၊ မိဘ၊ မောင်တို့ သေခဲ့သည်မှာ ယခုသာ မဟုတ်ပါ။ ဘဝပေါင်း မြောက်မြားစွာကပင် ဤနည်းဖြင့် သေခဲ့၍ သင် ငိုကြွေးခဲ့သော မျက်ရည်တို့မှာ များလှပါပြီ။ ဘဝအသချေ်ကာ ထိုမျက်ရေတို့ကို အကယ်၍ စုပေါင်းထားပါက သမုဒ္ဒရာလေးစင်းက ရေတို့ထက်ပင် များကောင်း များပေလိမ့်ဦးမည်"

မြတ်စွာဘုရားသည် ဤသို့လျှင် သူ၏ အနန္တ ဘဝက အကြောင်းကို ပြောပြရာ သူ၏သောကသည် ငြိမ်းအေးသွား၏။ သူ၏ သောက အေးငြိမ်းသွားသည်ကို တွေ့မြင်ရသောအခါ ဗုဒ္ဓသည် တဖန် မိန့်ကြားပြန်၏။

"ချစ်သမီး၊ သား စသည် သေဆုံးခြင်းကြောင့် စိုးရိမ် ပူဆွေးငိုကြွေးကြ၏။ ဆောက်တည်ရာမရ ဖြစ်ကြ၏။ သို့ဖြင့် ထိုသူတို့ ပြန်ပြီး အသက်ရှင်ကြလိမ့်မည် မဟုတ်ချေ။ သူတို့သည်ရင်း၊ သင်သည်ရင်း သေခြင်း၏ လမ်းပေါ်တွင် သွားနေကြရာ အမှန်ပင် တနေ့မှာ သေကြရမည်။ မသေစေချင်လျှင်၊ မသေချင်လျှင် သေခြင်း၏ လမ်းပေါ်တွင် သွားမနေသင့်။ သေခြင်းမှ လွတ်မြောက်သော မောက္ခလမ်းသည် စင်ကြယ်၍ မြင့်မြတ်၏။ အပြစ်ကင်းသော ထိုလမ်းသို့ သွားပါလေ"

မြတ်စွာဘုရား၏ တရားဆုံးသောအခါ ပဋာစာရာသည် သောတာပတ္တိဖိုလ်သို့ ရောက်သွား၍ ရဟန်းပြုခွင့် တောင်းပန်၏။ ဗုဒ္ဓသည် သူ့အား ဘိက္ခုနီများထံ ပို့ပေးပြီး ရဟန်းပြုစေ၏။ ရဟန်းပြုပြီးနောက် အဝတ် အချည်းအနှီး ဖြစ်ခဲ့ဘူး၍ သူ့အား 'ပဋာစာရာ'ဟု ခေါ်ကြခြင်း ဖြစ်၏။ အဝတ်ကျွတ်ခြင်းကို ပဋာစာရာဟု ခေါ်၏။

× × ×

## ကိသာဂေါတမီ

သာဝတ္ထိပြည်တွင် သေဋ္ဌေးကြီးတဦး၏ ကုဋေပေါင်း များစွာသော ရွှေများ မီးသွေး ဖြစ်သွား၏။ သေဋ္ဌေးကြီးသည် ထိုအရာတို့ကို တွေ့မြင်ရ၍ သောကရောက်ကာ မစားမသောက်နိုင် ဖြစ်နေ

၏။ ထိုသတင်းကို သူ၏မိတ်ဆွေတဦး ကြားသိရသောအခါ သူ့အား အကြံပေး၏။

"အဆွေ၊ ပူပန်မနေပါလင့်။ ငါ ဥပါယ်တခု စဉ်းစားမိ၏။ ငါ၏ဥပါယ်ကို ယူမည်ဖြစ်ပါက ပြောပြပါမည်"

"အဆွေ၊ သင်၏ဥပါယ်ကား အသို့နည်း"

"အဆွေ၊ ဤဖြစ်ရပ်ကား ရိုးရိုးသားသား မဟုတ်ချေ။ ရှေးအခါက မဖြစ်စဖူးသော အထူးအဆန်း အံ့ဘနန်းဖြစ်ပါ၏။ အထူးအဆန်းကို အထူးအဆန်းဖြင့် စမ်းသပ်ခြင်းသာ အကောင်းဆုံးဟု ယူဆပါ၏။ ငါ၏ဥပါယ်မှာ ဤမီးသွေးတို့ကို ဈေးတွင်ချပြီး ရောင်းချရန်ပင် ဖြစ်၏"

"အဆွေ၊ ဈေးတွင် ဘယ်သူမျှ မီးသွေးရောင်းခြင်း မရှိပါ"

"မှန်ပါ၏ အဆွေ။ ဘယ်သူမျှ မရောင်းသော မီးသွေးကို ရောင်းချခြင်းမှာ အထူးအဆန်းပင် ဖြစ်ပါ၏။ မီးသွေးကို ဖြစ်စေ၊ ရွှေကိုဖြစ်စေ ဘယ်သူမျှ ဖြန့်ခင်း ရောင်းချခြင်း မရှိပါ။ ထို့ပြင် ဘယ်သူမျှလည်း ဝယ်ယူကြမည် မဟုတ်ပါ။ ရွှေမှ မီးသွေးဖြစ်ရသော အဖြစ်ဆန်းကို အဖြစ်ဆန်းဖြင့် စူးစမ်းရန် အတွက်ပင် ဖြစ်ပါ၏"

သေဌေးကြီးသည် သူ၏မိတ်ဆွေ အကြံပေးချက်အတိုင်း မီးသွေးများကို ဈေးတွင်စုပုံကာ ရောင်း၏။ များစွာသော သူတို့သည် ထိုအပုံကြီးကိုကြည့်ကာ ရယ်မောကြလျက် "ဘယ့်ကြောင့် မီးသွေးများကို ရောင်းနေဘိသနည်း" ဟု မေးကြ၏။ သူကလည်း "အေး၊ ဟုတ်၏။ မီးသွေးများကို ရောင်းနေပါ၏" ဟု ပြန်ကြား၏။ ဤအတွင်းတွင် အမျိုးသမီးတဦး ရောက်လာ၏။ သူ၏အမည်မှာ ကိသာဂေါတမီဖြစ်၏။ ကံအားလျော်စွာ ဆင်းရဲနွမ်းပါးသော်လည်း မြင့်မြတ်သော အမျိုးအဆွေဖြစ်၍ ယဉ်ကျေး သိမ်

မေ့၏။ သူသည် ထိုနေ့က ကိစ္စတခုဖြင့် ဈေးသို့ ရောက်လာရာ သေဌေးကြီး ဈေးရောင်းနေသည်ကိုတွေ့၍ အံ့သြစွာ မေး၏။

"အဖ၊ အဘယ်ကြောင့် ရွှေများကို ရောင်းနေဘိသနည်း"

"အမိ၊ ရွှေ ဘယ်မှာနည်း"

"အရှင်သည် များစွာသော ရွှေတို့ကို ရွှေတွင်ထားပြီး ထိုင်နေသည် မဟုတ်လော"

"ငါ့လက်တွင် ထည့်ပေးပါဘိ"

ဆင်းရဲသူမကလေးသည် လက်တဆုပ်မျှယူပြီး သေဌေးကြီး လက်တွင်းသို့ ထည့်ပေးလိုက်၏။ ထိုအရာတို့သည် အမှန်ပင် ရွှေဖြစ်နေ၏။ သေဌေးကြီးက မေး၏။

"အမိ၊ သင်၏အိမ် ဘယ်မှာနည်း"

ထိုနောက် သူ၏အမျိုးအနွယ် အကျင့်စရိုက် စသည်တို့ကို စုံးစမ်းပြီး သူ့ကိုဆောင်ယူလျက် မိမိသားနှင့် ထိမ်းမြားပေးကာ အလုံးစုံသော ပစ္စည်းဥစ္စာတို့ကို စိုးမိုးပိုင်ဆိုင်ခွင့် ပေးလိုက်၏။ သူ၏လက်ထဲတွင် အလုံးစုံသော မီးသွေးများ ပြန်လည်၍ ရွှေဖြစ်သွား၏။ အချိန်တန်သောအခါ သူသည် သားတယောက်ဖွားမြင်၏။ စကားသင်စအရွယ်တွင် ရုတ်တရက် ရောဂါနှိပ်စက်၍ ကလေးသည် သေမင်းခံတွင်းသို့ ကျသွား၏။

ကိသာဂေါတမီကား ငယ်ရွယ်သူဖြစ်၏။ ထို့ပြင် သူ၏ သွေးရင်း သားရင်းထည်းမှ သေကြေပျက်စီးသူ မတွေ့မမြင်ဘူး၍ သောကကို ဆောက်တည်ရာ နေရာမပေးနိုင်ဘဲ ကလေးအလောင်းကို ပိုက်ကာ အရူးသဖွယ် လှည့်လည်နေ၏။ ကလေး အသက်တဖန် ပြန်၍ရှင်စေနိုင်မည့် ဆေးကို လိုက်ရှာ၏။ လူတို့သည် သူကို ကြင်နာစွာကြည့်ပြီး ပြောကြ၏။ "မိန်းကလေးကား ရူးသွပ်လေပြီ။ သေပြီးသူကို တဖန်ရှင်မည့်ဆေး ဘယ်မှာရှိမည်နည်း"

သူသည်ကား ဘယ်သူ၏စကားကိုမျှ မကြားချေ။ တအိမ်မှတအိမ်၊ တရွာမှတရွာ လှည့်လည်ကာ ဆေးရှာနေ၏။ ဤအတွင်းမှာ လူတယောက်က စဉ်းစား၏။ 'ဤကလေးသည် သူ၏ ပထမဆုံးကလေး ဖြစ်လိမ့်မည်။ သို့ကြောင့်လည်း သေသာကို သည်းမခံနိုင်ဘဲ ဖြစ်နေ၏။ ငါ သူ့ကို နှစ်သိမ့်ရဘိမူ ကောင်းလေစွ'ဟု တွေးကာ သူ့အား ပြောပြ၏။

"အမိ၊ သေသူ တဖန် ပြန်ရှင်လာမည့်ဆေးကို ငါမသိပါ။ သို့ရာတွင် သိသောပုဂ္ဂိုလ်တဦး ရှိပါ၏"

"အဖ၊ ဘယ်သူသိပါသလဲ"

"မြတ်စွာဘုရား သိပါ၏။ သူ့ထံသွားပြီး မေးကြည့်ပါ"

သူသည် မျှော်လင့်ကြီးစွာဖြင့် မြတ်စွာဘုရားထံ သွားပြီး မေးလျှောက်၏။

"ဘန္တေ၊ အရှင်သည် သေသူ ပြန်ရှင်သည့်ဆေးကို သိပါသလော"

"အေး၊ ငါသိ၏"

"ဘယ်ကဲ့သို့သော ဆေးမျိုးဖြင့် ကုသရပါမည်နည်း"

"လူမသေဘူးသောအိမ်မှ မုန်ညင်းစေ့တဆုပ်ကို ရအောင်ရှာပါလေ"

သူသည် သားသေကိုပိုက်လျက် ရွာတွင်းသို့ဝင်သွားပြီး အိမ်တအိမ်သို့ ဝင်ကာ မေး၏။

"ငါ၏ကလေးကို ဆေးကုရန်အတွက် မုန်ညင်းစေ့ တဆုပ်မျှ ရနိုင်ပါမည်လား"

"တဆုပ် မဟုတ်ပါ။ လိုသလောက် ရနိုင်ပါ၏"

"အများအပြား မလိုပါ။ တဆုပ်မျှရလျှင် တော်ပါပြီ"

အိမ်ရှင်သည် မုန်ညင်းစေ့များ ယူလာပြီး ပေးသောအခါ သူက မေးပြန်၏။

"ဤအိမ်မှာ တစုံတယောက် သေဘူးသူ ရှိပါသလား"

"ဘယ်နှယ်ပြောပါလိမ့်။ ငါတို့အိမ်တွင် ရှင်သူထက် သေသူဦးရေက ပိုပြီး များပါ၏"

"သို့ဖြစ်ပါလျှင် ဤမုန်ညင်းစေ့သည် ငါ့အတွက် အသုံးမပါဝင်ပါ"

ဤသို့လျှင် တရွာလုံး လှည့်လည်မေးမြန်းကာ မုန်ညင်းစေ့ရှာဖွေ၏။ သို့ရာတွင် လူမသေသောအိမ် တအိမ်မျှ မတွေ့ရချေ။ သို့ဖြင့် ညနေစောင်းသောအခါ သူ တွေးမိ၏။

"အဟော၊ ငါ့ကလေးတယောက်သာ သေ၏ဟု ငါ အထင်မှားခဲ့၏။ အခု ငါသိပြီ။ အိမ်တိုင်း အိမ်တိုင်းမှာ ရှင်သူဦးရေထက် သေသူဦးရေက ပိုပြီး များပါကလား"

ဤသို့ စဉ်းစားမိသောအခါ သူ၏သောကမှာ ဆောက်တည်ရာ ရသွား၏။ ထိုအခါ သူသည် ကလေးအလောင်းကို တောထဲတွင် စွန့်ပစ်ခဲ့ကာ ဗုဒ္ဓ၏အထံသို့ ပြန်သွား၏။ ဗုဒ္ဓက မေး၏။

"သင် မုန်ညင်းတဆုပ် ရခဲ့ပြီလော"

"မရပါ အရှင်။ တရွာလုံးတွင် ဘယ်အိမ်မှ လူမသေသော အိမ် မရှိ၍ မုန်ညင်းစေ့ မရခဲ့ပါ"

"သင်၏ ကလေးသာ သေသည်ဟု သင်ထင်နေခဲ့၏။ သို့ရာတွင် မဟုတ်ပါ။ သေခြင်းသည် လောက၏ ရိုးသားသော သဘောတရား ဖြစ်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းဝတ်ရုံကို ဝတ်ဆင်ထားကြ၏။ ထိုဝတ်ရုံကို ဘယ်သူမျှ ဖယ်ရှားခြင်းငှာ မစွမ်းနိုင်ကြချေ"

ဗုဒ္ဓ၏ အမြိုက်ရေစင်ကို သောက်သုံးလိုက်ရသောအခါ သူသည် သောတာပတ္တိဖိုလ်သို့ ရောက်၍ ရဟန်းအဖြစ် တောင်းပန်၏။ မြတ်စွာဘုရားသည် သူ့အား ဘိက္ခုနီတို့ထံပို့ပြီး ရဟန်းခံစေ၏။ သူသည် ရဟန်းအဖြစ်သို့ ရောက်သောအခါ ကိသာဂေါတမီအမည်ဖြင့် ထင်ရှား၏။

× × ×

## ကုဏ္ဍလ ကေသီ

ရာဇဂြိုဟ်တွင် သေဋ္ဌေးကြီးတဦး၏ ဆယ့်ခြောက်နှစ်အရွယ်အလှကြွယ်သော သမီးကညာတဦး ရှိ၏။ အများအားဖြင့် ဤအရွယ်မိန်းကလေးများသည် ယောကျ်ားတို့နှင့် ရောနှောခြင်း သံသဂ္ဂကို များစွာ လိုလားကြ၏။ သို့ကြောင့် သူ၏မိဘတို့သည် သူ့အား ခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်မှာ ထား၏။ ကျွန်မတဦးသာ သူ၏ အလုပ်အကျွေးအတွက် ရှိ၏။ သူသည် ယောကျ်ားတို့၏ မျက်နှာကို မြင်ခွင့်မရချေ။

တနေ့တွင် သေဋ္ဌေးသမီးသည် ပြတင်းဝတွင် ရပ်နေ၏။ ထိုခဏအခါ မြို့ဝန်သည် ခိုးသူတဦး ဖမ်းဆီးသွားသည်ကို သူမြင်လိုက်ရ၏။ မြင်ခါမျှဖြင့် ထိုခိုးသူ၏ အပေါ်တွင် တွယ်တာမက်မောခြင်း လုပ်ရှားသွား၏။ သူသည် မစား မသောက်နိုင်တော့ဘဲ အိပ်ရာပေါ်တွင် လဲလျောင်းနေ၏။ သူ၏ အမေလာပြီး သူ့ကို မေး၏။

"သင့်အား ဘာဖြစ်သနည်း"

"အမေ၊ သတ်ရန် ခေါ်ဆောင်သွားသော ခိုးသူကိုရပါလျှင် ငါ၏ အသက်ရှင်မည်။ မရပါလျှင် အစာမစားဘဲသေရပါမည်"

"ဤစကားမျိုးကို ကြံဆခြင်းမျှ မပြုသင့်ပေဘူး။ ငါတို့နှင့် အဆင့်အတန်း တူသော လုလင်တဦးနှင့် သင့်အား ထိမ်းမြားမည်"

"ငါ့အတွက် အရှင်သခင်သည် အကျိုးမရှိပါ။ သူ့ကိုရလျှင် ငါ၏ အသက်ရှင်ပါမည်။ မရလျှင် ငါ၏ အသက်ကို စွန့်ပြီး သေလိုက်ပါမည်"

သေဋ္ဌေးကတော်သည် သမီးကို နားချရန် မစွမ်းနိုင်သဖြင့် ဤသတင်းကို သေဋ္ဌေးကြီးအား ပြောကြားလိုက်၏။ သေဋ္ဌေးကြီးလည်း များစွာ ကြိုးစားလျက် သမီးအား နားချ၏။ သို့ရာတွင် မရသဖြင့် နောက်ဆုံးတွင် သမီး၏ အလိုသို့လိုက်ပြီး မြို့ဝန်အား အသပြာတထောင် လပ်ထိုးကာ ခိုးသူကို ခေါ်ဆောင်ခဲ့၏။ သေဋ္ဌေးသမီးသည် ခိုးသူအား ဝတ်စားပြုပြင် တန်ဆာဆင်၍ လင်အဖြစ်နှင့် ပေါင်းသင်းနေ၏။ ကိုယ်တိုင် ချက်ပြုတ်၍ ကျွေးမွေး၏။ သို့ရာတွင် ခိုးသားလင်ကား တင်းတိမ်ရောင့်ရဲခြင်း မရှိချေ။ သူက စဉ်းစား၏။

'သူ့ကို သတ်ပြီး သူ၏ လက်ဝတ်တန်ဆာတို့ကို ရောင်းချကာ သေရည်သောက်စားရလျှင် အဘယ်မျှ ကောင်းမည်နည်း'

ဤသို့ စဉ်းစားပြီး ဥပါယ်တခုကို ဆောက်တည်ကာ အစာမစားဘဲ နေ၏။ သေဋ္ဌေးသမီးသည် အလွန် ကြင်နာစွာဖြင့် မေး၏။

"အရှင်၊ သင့်အား အဘယ် မချမ်းသာဘွယ် ဖြစ်သနည်း"

"မဖြစ်ပါ။ ငါ့အား အဘယ်မချမ်းသာဘွယ်မျှ မဖြစ်ပါ"

"ငါ၏မိဘသည် သင့်အပေါ် အဘယ်ကဲ့သို့ မကောင်းသော ဆက်ဆံရေးမျိုး ပြုပါသလဲ"

"မပြုပါ ရှင်မ။ ငါသည် ခိုးမှုနှင့် ဖမ်းစဉ်က နတ်ကွန်းမှာ ဆုတောင်း ပတ္ထနာပြုခဲ့ပါ၏။ သို့ကြောင့်ပင် ဤပြစ်မှုမှ ငါလွတ်မြောက်ခဲ့၏။ နတ်မင်း၏ အာနုဘော်ကြောင့် သင့်ကိုလည်း ရခြင်းဖြစ်၏။ ယခုအခါ ငါဘယ်ကဲ့သို့သော အမှုကိစ္စ ဆောက်တည်ရပါမည်နည်းဟု စဉ်းစားနေခြင်းဖြစ်၏"

"အသက်သခင်၊ ထိုအတွက် စိုးရိမ် မနေပါလင့်။ ဘယ်သို့ စီစဉ်ရမည်ကိုသာ ကျေးဇူးပြု၍ ငါ့အား ပြောပါဘိ"

"ရေမပါသောနို့ ထမင်းနှင့် ပန်းငါးမျိုးရလျှင် တော်လောက်ပါပြီ"

သူသည် မိဘများအား ပန်ကြားပြီး အလုံးစုံတို့ကို စီစဉ်ကာ ပြောပြ၏။

"ပူဇော်ဘွယ်များ အသင့်ဖြစ်ပါပြီ။ ပူဇော်ရန် သွားကြစို့"

"သို့ဖြစ်လျှင် ငါတို့နှင့်အတူ ဘယ်သူမျှ မလိုက်ပါစေလင့်။ ငါတို့လင်မယား နှစ်ယောက်တည်းသာ လွတ်လွတ် လပ်လပ် ပျော်ပျော်ပါးပါး သွားချင်ပါ၏။ အခြားသူများ ပါနေပါလျှင် ငါတို့၏ လွတ်လပ်ရေးအတွက် အနှောင့်အရှက် ဖြစ်မည်။ သို့ကြောင့် သင်သည် သင်၏ အဖိုးတန်အဝတ်တန်ဆာများကို ဆင်ယင်ပါလော့"

သေဌေးသမီးသည် သူ၏ အမိန့်ကို စောင့်ရှောက်၏။ ထိုနောက် သူတို့နှစ်ယောက်သည် ပူဇော်ဘွယ်အလုံးစုံကို ယူဆောင်ပြီး အတန်ဝေးကွာသော တောင်သို့ ယာဉ်ဖြင့် သွားကြ၏။ တောင်ခြေရင်းသို့ ရောက်သောအခါ သေဌေးသမီးအား ပြောပြ၏။

"ဘဒ္ဒေ၊ အဘယ် အလုံးစုံသော ပူဇော်ဘွယ်တို့ကို သင်သည် မိမိလက်ဖြင့် ကိုယ်တိုင် ဆောင်ယူခဲ့ပါလော့"

သူခိုးသည် သူ့ကိုခေါ်ပြီး 'စောရပပါတ' အမည်ရှိသော တောင်ပေါ်သို့ ခက်ခဲစွာ တက်သွား၏။ ဤတောင်၏ တဖက်မှ လူများတက်ပြီး အခြားတဖက်မှ အပြစ်ရှိသော သူများကို ပစ်ချ၏။ ထိုသို့ကျသွားလျှင် အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်သွား၏။ သို့ကြောင့် တောင်၏ အမည်ကို စောရပပါတ (ခိုးသူပစ်) တောင်ဟု ခေါ်ကြခြင်းဖြစ်၏။ သေဋ္ဌေးသမီးသည် တောင်ပေါ်သို့ ရောက်သောအခါ သူ့အား ပြောပြ၏။

"အရှင် ပူဇော်ပသမှုကို ပြုပါဘိ"

ခိုးသူကား ဘာမျှ ပြန်မပြောချေ။ အကြိမ်ကြိမ် မေးသော အခါမှ ပြန်ပြော၏။

"ငါ့အား ပူဇော်ခြင်းသည် ဘယ်အကျိုးမျှ မရှိချေ။ သင့်အား လှည့်ပတ်ပြီး ဤသို့ ခေါ်ဆောင်လာခြင်း ဖြစ်၏"

"အဘယ်ကြောင့် ငါ့အား လှည့်ပတ်ပါသနည်း"

"သင့်အား သတ်ပြီး သင်၏ အဝတ်တန်ဆာတို့ကို ယူရန် ဖြစ်၏"

သေဋ္ဌေးသမီးသည် သေဘေးကြောင့် ထိတ်လန့်ပြီး ပြောပြ၏။

"အရှင်၊ ငါ၏ တကိုယ်လုံးပင် သင်၏ ဥစ္စာဖြစ်နေ၏။ ငါ၏ အဆင်တန်ဆာတို့ကား အဘယ်နည်း၊ သင်၏ သဘောအတိုင်း ပင် ဖြစ်၏"

သူသည် အမျိုးမျိုး အဖုံဖုံ တောင်းပန် တိုးလျှိုးပါသော်လည်း သူခိုး၏ အစီအစဉ်ကို ပြောင်းလဲခြင်းငှာ မစွမ်းနိုင်ချေ။

သူခိုးသည် သူ့ကို သတ်ရန် အသင့်ဖြစ်နေ၏။ သေဒွေးသမီးက တဖန် ပြောပြန်၏။

'အရှင်၊ ငါ့ကိုသတ်သဖြင့် ဘယ်အကျိုးရှိမည်နည်း။ ငါ၏ လက်ဝတ်တန်ဆာတို့ကို ယူပါ။ ငါ့ကို မသတ်ပါနှင့်။ ငါသည် ကျွန်အဖြစ်ဖြင့် သင့်အား လုပ်ကျွေးသမှု ပြုပါမည်"

"ငါသည် အကယ်၍ သင့်အား ချမ်းသာပေးလိုက်ပါလျှင် သင်သည် အလုံးစုံသော အကြောင်းအရာတို့ကို သင်၏ မိဘများအား ပြောကြားလိမ့်မည်။ ထိုအခါ ငါ အချည်းနှီး သေနေရမည်။ အမြန် သင်၏ တန်ဆာတို့ကို ချွတ်ပါလော့"

ထိုအခါ သေဒွေးသမီး စဉ်းစား၏။

'မိဘများ တားမြစ်ကြပါလျက် သူယုတ်မာအား အသက် အပ်နှင်းသော ငါသည် ဤယုတ်ညံ့သော အမှုကိုပြု၍ ထိုအကျိုးကို ခံစားရခြင်းဖြစ်၏။ ယခုအခါ ငါ့မှာ ဥပါယ်မရှိ ဖြစ်နေ၏။ ငါ၏စိတ်ကို ခိုင်မာစွာ ဆောက်တည် နိုင်ဘိုလို၏။ သူသည် ငါ့အား လှည့်စားသကဲ့သို့ပင် ငါလည်း သူ့အား တဖန်ပြန်၍ လှည့်စားသင့်၏'

ဤသို့ စဉ်းစားဆုံးဖြတ်ပြီးလျှင် သူ၏အရှင်ကို မြတ်နိုးလှစွာသော မျက်လုံးဖြင့် ကြည့်ကာ ပြောပြ၏။

"အသဲသခင်၊ ငါသည် သင့်အား အလွန်ပင် ချစ်ခင်ခဲ့ပါ၏။ သို့ရာတွင် ယနေ့မှစ၍ သင့်ကို တွေ့မြင်ရတော့မည် မဟုတ်ပါ။ သို့ကြောင့် ငါ့အား နောက်ဆုံးအနေဖြင့် ပွေ့ဖက်ခွင့် ပြုပါလော"

ဤသို့ တောင်းပန်သောအခါ ခိုးသူသည် ဝမ်းမြောက်စွာ ဖြစ်လျက် ရပ်ပေး၏။ ထိုအခါ သေဒွေးသမီးသည် အကြိမ်ကြိမ် ရှိခိုးကာ လက်ယာရစ်လှည့်ပြီး အရိုအသေပြု၏။ နောက် ကြော

ဘက်သို့ ရောက်သောအခါ ခိုးသားလင်အား တောင်ချောက်ထဲသို့ တွန်းချလိုက်၏။ ခိုးသားသည် မိမိကိုယ်ကို ကြိုးစား၍ ဆောက်တည်သော်လည်း မထိန်းနိုင်သဖြင့် ချောက်ထဲကျသွား၏။

'ငါတယောက်တည်း ပြန်သွားပါလျှင် အမေ အဖေသည် ငါ့လင်၏အကြောင်းကို မေးကြလိမ့်မည်။ ထိုအခါ သူတို့အား အမှန်ကို ပြောပြပါလျှင် သူတို့သည် ငါ့အား အမျိုးမျိုး အပြစ်တင်ကြလိမ့်မည်။ ထို့ပြင် အကြောင်းခြင်းတတို့ကို ရှင်းပြ၍လည်း ယုံကြည်ကြမည်မဟုတ်ချေ။ သို့ကြောင့် ငါအိမ်ကို ပြန်ရန်မသင့်ချေ'

ဤသို့ ကြံတွေးပြီးလျှင် သူသည် လက်ဝတ် တန်ဆာတို့ကို တောင်ချောက်ထည်း စွန့်ပစ်လိုက်ကာ တောတွင်းသို့ ခြေဦးတည့်ရာ လျှောက်သွား၏။ အတန်သွားမိသောအခါ ပရိဗ္ဗာဇိကာ (ရသေ့မ) တို့၏ ကျောင်းသခ်မ်းသို့ ရောက်သွား၏။ သူ့တွင် အကြံတုံး ဉာဏ်တုံး ဖြစ်နေ၏။ သို့ကြောင့် နောက်ဆုံးတွင် ပရိဗ္ဗာဇိကာတို့ထံ တောင်းပန်၏။

"ကျေးဇူးပြု၍ ငါ့အား ရဟန်းပြုပေးကြပါ"

ပရိဗ္ဗာဇိကာတို့သည် သူ၏ ဝမ်းနည်းကြေကွဲနေသော အသွင်ကို တွေ့မြင်ရ၍ သနားသဖြင့် ရဟန်းပြုပေးလိုက်ကြ၏။ သူသည် ရက်အတန်ကြာသောအခါ သူတို့အား မေးကြည့်၏။

"သင်တို့၏ ရဟန်းအဖြစ် ထူးခြားချက်ကား အဘယ်နည်း"

"ကသိုဏ်းဆယ်ပါးကို ပွား၍ သမာဓိဉာဏ် ရခြင်း သို့မဟုတ် တက္ကကျမ်းကို သင်ကြားခြင်း၊ ဤနှစ်ပါးအနက် တပါးပါးကို ကြိုးစားအားထုတ်ပြီးမြောက်ခြင်းသည် ငါတို့၏ ရဟန်းပြုခြင်း၏ ပဓာန ရည်ရွယ်ချက်ဖြစ်၏"

"ပရိဗာဇိကာတို့၊ ယခုအခါ ငါ၏အရွယ်မှာ သမာဓိဉာဏ် ဖြစ်စေရန် မဟုတ်သေးပါ။ သို့ကြောင့် တက္ကကျမ်းကို ငါသင် ကြားပါမည်"

ပရိဗာဇိကာတို့သည် သူ့အား ရက်ပေါင်းများစွာဖြင့် အလျဉ်ပေါင်း တထောင်ရှိသော တက္ကကျမ်းကို သင်ကြားပေးပြီး ပြောပြ၏။

"ယခုအခါ သင်သည် ဇမ္ဗူတခွင် လှည့်လည်ပြီး တက္ကကျမ်း တတ်သောသူကို ရှာဖွေလော့"

ဤသို့ ပြောပြီး သူ၏လက်တွင် သပြေကိုင်း တကိုင်း ထည့် ပေးကာ မှာကြားလိုက်၏။

"အကယ်၍ တစုံတယောက်သော လူပုဂ္ဂိုလ်သည် သင်၏ တက္ကကို အောင်နိုင်ပါလျှင် သူ့ကို အရှင်သခင် ပြုပါလော့။ သို့မဟုတ် တစုံတယောက်သော ရှင်ရဟန်းသည် သင်၏တက္ကကို အောင်နိုင်ခဲ့ပါလျှင် သူ၏ တပည့်ခံပါလော့"

သူသည် ဇမ္ဗူ (သပြေ)ပရိဗာဇိကာ အမည်ဖြင့် ထင်ရှားလျက် အတိုင်းတိုင်း အပြည်ပြည် လှည့်လည်လေ၏။ သူ၏ တက္ကယုတ္တိ ကို များစွာသော ထိပ်တန်းပဏ္ဍိတ်ကြီးတို့ မတွန်းလှန်နိုင်ကြချေ။ သူတို့သည် မိမိတို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်အတွက် သူလာ သည်ဟု ကြားလျှင် ဝေးစွာ ရှောင်ရှားနေကြ၏။ တက္ကအရာ မှာ လောကတွင် သူနှင့်တူသူတစုံတယောက်မျှ မရှိချေ။

သူသည် ရွာတွင်းသို့ ဆွမ်းခံဝင်သောအခါ ရွာတံခါးဝတွင် သဲပုံကာ သပြေကိုင်း စိုက်ပြီး ကြွေးကြော်၏။

"အကြင်သူသည် ငါနှင့်ယှဉ်ပြိုင်၍ တက္ကကို ပြောနိုင်ငြားအံ့၊ ထိုသူသည် ဤသပြေကိုင်းကို နှုတ်ပစ်ပါလော့"

ဤသို့လျှင် သူသည် နိုင်ငံတကာတွင် လှည့်လည်ခဲ့ရာ တနေ့တွင် သာဝတ္ထိပြည်သို့ ရောက်၍ ဆိုခဲ့သည့်အတိုင်း ရွာအဝင်တွင် သပြေကိုင်းကို စိုက်ပြီး ဆွမ်းခံဝင်၏။ သူ၏သပြေကိုင်းကို များစွာသော သူငယ်တို့ ဝိုင်းဝန်း ကြည့်ရှုနေကြ၏။ ဤအတွင်းတွင် ရှင်သာရိပုတ္တာ ဆွမ်းခံကြွလာရာ ထိုအခြင်းအရာကို တွေ့မြင်၍ မေးကြည့်၏။

"ဤအရာသည် အဘယ်နည်း"

လူငယ်များသည် သူတို့တွေ့မြင်သမျှ အကြောင်းအရာ အလုံးစုံကို အကုန်ပြန်ကြား လျှောက်ထားကြ၍ သာရိပုတ္တာက ပြောပြ၏။

"သူငယ်တို့၊ သို့ဖြစ်ပါလျှင် ဤသပြေကိုင်းကို နှုတ်ပယ်ပစ်လိုက်ကြ"

"ဘန္တေ၊ ငါတို့ မနှုတ်ဝံ့ပါ"

"ပြဿနာကို ငါဖြေမည်။ သင်တို့ သပြေကိုင်းကိုသာ နှုတ်လိုက်ကြ"

လူငယ်တို့ သပြေကိုင်းကို နှုတ်ပစ်လိုက်လေလျှင် ပရိဗာဇိကာသည် ဆွမ်းခံက ပြန်လာ၍ သူငယ်တို့အား မေး၏။

"သင်တို့ ဘယ့်ကြောင့် ဤသို့လုပ်သနည်း။ သင်တို့နှင့် ဆွေးနွေး၍ ဘယ်အကျိုးရှိမည်နည်း။ သင်တို့သည် ငါ၏ အတွဲအဖက်များ မဟုတ်ကြချေ"

လူငယ်များက ပြန်ကြား၏။

"အရှင်သာရိပုတ္တာ၏ အမိန့်အရ ငါတို့ ဤသို့ပြုရပါ၏"

ထိုအခါ ပရိဗာဇိကာသည် မလှမ်းမကမ်းတွင် ရပ်ကြည့်နေသော သာရိပုတ္တာ၏ထံသွား၍ မေး၏။

"ဘန္တေ၊ သင်သည် ငါ၏သပြေကိုင်းကို နှုတ်စေသလော"

"ဟုတ်ပါ၏ နှမ"

"သို့ဖြစ်လျှင် သင်သည် ငါ၏ပြဿနာတို့ကို ဖြေဆိုရလိမ့်မည်"

"သင်မေးလိုသော ပြဿနာ မေးပါတော့။ ကြိုးစား၍ ဖြေဆိုပါမည်"

သူသည် သာရိပုတ္တရာထံသို့ ပြဿနာမေးရန် ချဉ်းကပ်၏။ ထိုသတင်းကို ကြားရသော မြို့သူမြို့သားတို့သည် ပညာရှိနှစ်ဦး၏ တက္ကကို နားကြားရန်အတွက် စုရုံးလာကြ၏၊ ပရိဗ္ဗာဇိကာ ပြော၏။

"ဘန္တေ၊ သင်အား အဘယ်ပြဿနာမျိုး မေးရမည်နည်း"

"ဘဂိနီ နှမ၊ မေးလိုသော ပြဿနာကို မေးပါ၊ ဖြေဆိုပါမည်"

သူသည် အပြားအားဖြင့် တထောင်ရှိသော ပြဿနာတို့ကို မေး၏။ မထေရ်သည် အလုံးစုံသော ထိုပြဿနာတို့ကို ဖြေဆို၏။ ထိုနောက် အရှင်က သူ့ကိုမေး၏။

"သင်၏ ပြဿနာတို့သည် ကုန်မျှသလော။ ထိုမှတပါး ရှိပါသေးသလော"

"ကုန်မျှသာဖြစ်ပါ၏။ ထိုမှတပါး မရှိတော့ပါ"

"သင်သည် ငါ့အား ပြဿနာ အများအပြား မေးခဲ့၏။ ယခု ငါသည် သင့်အား ပြဿနာတခု မေးချင်ပါ၏"

"ဘန္တေ၊ မေးနိုင်ပါ၏"

ထိုအခါ အရှင်သည် အဘိဓမ္မာနှင့် ပတ်သက်သော ပြဿနာတခုကို မေးလိုက်၏။ သူသည် ကြိုးစားခြင်း မြောက်မြားစွာဖြင့် ဖြေဆိုရန် အားထုတ်၏။ သို့ရာတွင် ဘယ်နည်းနှင့်မျှ မဖြေနိုင်၍ မေး၏။

"ဘန္တေ၊ ဤပြဿနာသည် ဘယ်သို့နည်း"

"ဘဂိနီ၊ ယင်းသည် ဗုဒ္ဓပြဿနာ ဖြစ်၏"

"ဘန္တေ၊ ငါ့အား သင်ကြား ပေးပါလေ"

"အကယ်၍ ငါတို့ကဲ့သို့ ဖြစ်ပါလျှင် သင်ကြားပေးနိုင်ပါ၏"

"သို့ဖြစ်ပါလျှင် သင်တို့ကဲ့သို့ပင် ငါ့အား ရဟန်းပြုပေးပါလော"

အရှင်သည် ဘိက္ခုနီတို့ထံ အပ်နှံပြီး သူ့ကို ရဟန်းပြုစေ၏။ သူသည် ထိုအခါမှစ၍ 'ကုဏ္ဍလကေသီ' အမည်ဖြင့် ထင်ရှား၍ မကြာမီအတွင်းမှာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွား၏။

× × ×

## ဥပ္ပလဝဏ္ဏာ

သာဝတ္ထိပြည် သေဋ္ဌေးတဦးအား လှန်စွာလှပသော သမီးကညာ တဦးရှိ၏။ သူ၏ အရောင်အသွေးမှာ ကြာညိုပန်းနှင့်တူ၍ ဥပ္ပလ ဝဏ္ဏာဟု ခေါ်ကြ၏။ ဥပ္ပလဝဏ္ဏာသည် နိုင်ငံတလွှားတွင် အလှဖြင့် ကျော်စောထင်ရှား၏။ လူတိုင်းပင် သူ၏အလှကို တအံ့တသြ ရှုမောလျက် ချီးမွမ်းကြ၏။ သို့ရာတွင် မင်းသားနှင့် သေဋ္ဌေးသား တို့သည် သူနှင့်လက်ထပ်ရန် တောင်းဆိုခြင်းမရှိကြချေ။ လောက တွင် ဤကဲ့သို့သောအဖြစ်မျိုး ဘယ်တွင်မျှမရှိချေ။ သို့ကြောင့် သေ ဋ္ဌေးကြီးသည် သမီး၏ နောင်ရေးအတွက် စိတ်မအေး ဖြစ်ရ၏။ သူသည် သမီး၏အရေးကို အကြိမ်ကြိမ် အထပ်ထပ် ထွေးပြီး တ နေ့တွင် သမီးကိုခေါ်၍ ပြောပြ၏။

"အမိ၊ သင်သည် ရဟန်းပြုနိုင်ပါမည်လော"

အဖ၏ စကားကိုကြားရသောအခါ ဥပ္ပလဝဏ္ဏာသည် နှင်းရေနှင့် ဖြန်းလိုက်သကဲ့သို့ ရှင်လန်းသွား၏။ အလွန် ကြည်နူး နှစ်သိမ့်စွာဖြင့်ပင် အဖြေပေး၏။

“အဖ၊ ကျွန်ုပ် နေ့စဉ် အချိန်တိုင်း ကြံစည်စိတ်ကူး နေသောကိစ္စဖြစ်ပါ၏”

သေဋ္ဌေးကြီးလည်း အလွန်အားရစွာဖြင့် သူ့ကို ဘိက္ခုနီကျောင်းသို့ ခေါ်ဆောင်သွားကာ ရဟန်းပြုပေးလိုက်၏။သူသည် တေဇောကသိုဏ်းကို ပွားသဖြင့် မကြာမီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွား၏။

ဥပ္ပလဝဏ္ဏာသည် တရံသောအခါ ဇနပုဒ် ကျေးရွာများကို လှည့်လည်ပြီးနောက် အန္ဓတောအုပ်သို့ သွားနေ၏။ထိုစဉ်အခါက မြတ်စွာဘုရားသည် ဘိက္ခုနီများ တော၌ နေကြခြင်းကို တားမြစ်ပိတ်ပင်ခြင်း မရှိသေးချေ။ သူသည် အန္ဓတောအုပ်တွင် သစ်ရွက်ကျောင်းကလေး ပြုလုပ်ကာနေ၏။ တနေ့တွင် သူသည် သာဝတ္ထိသို့ ဆွမ်းခံသွားနေ၏။ထိုအခါ သူ၏ ဦးရီး၏သား နန္ဒသည် သူပြန်မလာမီ ကျောင်းသခမ်းတွင်းသို့ဝင်ကာ ညောင်စောင်းအောက်တွင် ပုန်းအောင်းနေ၏။ ဥပ္ပလဝဏ္ဏာ ရဟန်းမပြုမီက နန္ဒသည် သူ့အား လွန်စွာ ချစ်ကြိုက်နေခဲ့၏။ သို့ရာတွင် သူကား အကျင့်စာရိတ္တပျက်ပြားသူဖြစ်၍ ဥပ္ပလဝဏ္ဏာ၏ အနီးအနားသို့ ချဉ်းကပ်နိုင်ခွင့်မရချေ။

ဥပ္ပလဝဏ္ဏာ ဆွမ်းခံမှပြန်လာသောအခါ ကျောင်းတံခါးကို ဖွင့်၏။ နေပူမှလာရသောကြောင့် သစ်ခက်ကျောင်းကလေး အတွင်းက အမှောင်ကို ဖောက်ထွင်းပြီး နန္ဒကို မမြင်ရချေ။ သူသည် သပိတ်ကို သူ့နေရာတွင် ထားကာ အဝတ်သင်္ကန်းကို လဲပြီး ညောင်စောင်းပေါ်တွင် ခေတ္တ အပန်းဖြေ၏။ ထိုအခါ သူယုတ်

မာနန္ဒ ထွက်လာပြီး အတင်း ဗလက္ကာရ ပြုတော့၏။ ဥပ္ပလဝဏ္ဏာသည် အစွမ်းရှိသမျှ တားမြစ်တွန်းလှန်ပါသော်လည်း ရာဂဘီလူး၏ ရန်ကို မခုခံနိုင်တော့ချေ။ နန္ဒသည် ကိစ္စပြီးသောအခါ သစ်ခက်ကျောင်းသင်္ခမ်းအပြင်သို့ ထွက်၏။ မြေပေါ်သို့ ခြေချလိုက်သောအခါ မြေကြီးသည် သူ၏ ယုတ်မာသောဝန်ကို မထမ်းဆောင်နိုင်သဖြင့် သူ့အား မျိုချလိုက်၏။ သူသည် အသက် ထင်ရှားစွာဖြင့် မဟာအဝီစိငရဲသို့ဆင်းသွားကာ အကုသိုလ်၏ အကျိုးဖလကို အပြည့်အဝ ခံစားနေလေ၏။

ဤအကြောင်းကို ဥပ္ပလဝဏ္ဏာသည် ဘိက္ခုနီတို့အား ပြောကြား၏။ ဘိက္ခုနီတို့ကလည်း ဘိက္ခုတို့အား တဆင့် ပြောကြား၍ ဘိက္ခုတို့သည် တဆင့် မြတ်စွာဘုရားအား လျှောက်ကြားကြ၏။ ထိုအခါ ဗုဒ္ဓသည် ဘိက္ခုသံဃာတို့ကို စည်းဝေးစေပြီး မိန့်ကြားတော်မူ၏။

> "ဘိက္ခုတို့၊ မကောင်းမှု၏ အကျိုးအာနိသင် မဖြစ်သေးသမျှ မကောင်းမှုသည် လွန်စွာ ချိုမြိန်နေ၏။ သို့ရာတွင် သူ၏ အကျိုးဖလ မှည့်ဝင်းလာသောအခါ သူမိုက်တို့သည် လွန်စွာ ကြီးမားသော ဆင်းရဲဒုက္ခကို ခံစားကြရ၏"

တရံသောအခါ သဘင်မဏ္ဍပ်တွင် လူတို့သည် စကားစပ်မိစပ်ရာ ပြောဆိုနေကြ၏။

"ရဟန္တာသည် ကာမသုခကို ခံစားသလော၊ သို့မဟုတ် မခံစားဘဲ နေသလော။ သူတို့၏ကိုယ်တွင် နောက်ထပ် ရှင်ရန် အမြစ်မရှိချေ။ သွေးရဲရဲ အသားစိမ်းပုံနှင့် တူ၏။ သို့ရာတွင် ကာမဂုဏ်ကို သာယာစွာ ခံစားပေမည်"

သူတို့ကား မိမိတို့သဘောပေါက်သလို အပြန်အလှန် ဆွေးနွေး နေကြ၏။ သူတို့၏ ဆွေးနွေးချက်တို့ကို မြတ်စွာဘုရားက အဆုံးအဖြတ်ပေး၏။

"တဏှာကုန်သောသူအား ကာမ သုခကို ခံစားခြင်း မရှိချေ။ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ငှင်း၊ သမန်း ရွက် အဖျားတွင် မုန်ညင်းစေ့မတည်သကဲ့သို့ငှင်း ခီဏာသ ဝသည်လည်း ကာမ သုခ ခံစားခြင်းမရှိချေ"

တနေ့သောအခါ မြတ်စွာဘုရားသည် ဥပ္ပလဝဏ္ဏာကို အကြောင်းပြု၍ ပသေနဒီ မင်းကြီးအား မိန့်ကြား၏။

"မင်းကြီး၊ ငါ၏သာသနာတွင် ပစ္စည်းဥစ္စာ အများအပြား နှင့် များစွာသော ဆွေမျိုးတို့ကို စွန့်ခွာပြီး ရဟန်းပြုလာကြ သော အမျိုးကောင်း ကုမာရီများ ရှိကြ၏။ သူတို့သည် အန္တရာယ် အမျိုးမျိုးတို့ကြောင့် ဗြဟ္မစာရီအကျင့်ကို လွတ်လပ်စွာ မကျင့် နိုင်ကြချေ။ သင်သည် သူတို့၏ ဗြဟ္မစာရီ အန္တရာယ်ကို ကာကွယ် ပါဘိ"

မင်းကြီးသည် ဤနိဒါန်းစကားကိုယူ၍ မြို့၏ ရပ်ကွက်တခု တွင် ဘိက္ခုနီ သံဃာတို့ နေကြရန် ကျောင်းဆောက်ပေး၏။ ထို အခါမှစ၍ ဘိက္ခုနီတို့သည် လူတို့လူဒါန်းသော ကျောင်းသခ်မ်း တွင် နေကြရ၏။

× × ×

## ရူပနန္ဒာ

သူသည် သုဒ္ဓေါဒန မင်းကြီးနှင့် မဟာပဇာပတိဂေါတမီ၏ သမီး ဖြစ်၏။ တနေ့တွင် သူစဉ်းစား၏။

'ငါ၏မောင်ကြီး သိဒ္ဓတ္ထသည် မင်းစည်းစိမ်ကို စွန့်ပြီး လောက၏ ပူဇော်ရာ ဗုဒ္ဓ ပြုလုပ်နေ၏။ သူ၏ တဦးတည်းသောသား ရာဟုလာ၊ ငါ၏လင် နန္ဒာကုမာရ၊ ဤအတူ မယ်တော် ဂေါတမီလည်း ရဟန်းပြုနေ၏။ ငါ၏ အလုံးစုံသော ဆွေမျိုးဉာတကာတို့ ရဟန်းပြုနေကြ၏။ ငါတယောက်တည်းသာ အိမ်မှာနေ၏။ သို့ကြောင့် ငါလဲ ရဟန်းပြုမှသင့်မည်'

ဤသို့ စဉ်းစားပြီး ဘိက္ခုနီတို့၏ ကျောင်းသို့သွားကာ ရဟန်းပြုလေ၏။ သူသည် သံယောဇဉ်ကြောင့် ရဟန်းပြုခြင်း ဖြစ်၏။ သဒ္ဓါနှင့် ဓမ္မတရားကြောင့် မဟုတ်ချေ။ သူကား လွန်စွာ အလှမက်၍ 'ရူပနန္ဒာ'ဟူသောအမည်ကို ခံယူရရှိခြင်း ဖြစ်၏။

မြတ်စွာဘုရားသည် သူ၏ ချစ်လင် နန္ဒာကို ခေါ်ဆောင်သွား၏။ အခါခပ်သိမ်း ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဏ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဟောကြား၍ ဥပဒေသ ပေးလေ့ရှိ၏။ ရူပနန္ဒာသည် ဤစကားကို ကြားရ၍ သူ၏ အဆင်းကိုလည်း ကဲ့ရဲ့ပြစ်တင်မည်စိုး၍ တခါမျှ သူ၏အနီးသို့ မသွားချေ။

သာဝတ္ထိပြည်သူ ပြည်သားတို့သည် နံနက်တွင် အလှူဒါန ပြုကြ၍ ညနေချမ်းအခါတွင် ပန်းမာလာစသည်တို့ကို ကိုင်ဆောင်ကြလျက် ဇေတဝန်ကျောင်းသို့ သွားပြီး ဓမ္မတရား နာကြားကြ၏။ ထိုအခါ ဘိက္ခုနီများလည်း သွား၍တရားနာကြ၏။ တရားပွဲ ယုတ်သိမ်း လိုက်သောအခါ အလုံးစုံသောသူတို့သည် ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးကို ပြောဆိုလျက် သွားကြ၏။ ဗုဒ္ဓကို မတွေ့မမြင်လိုသောသူ လောကတွင် လွန်စွာ ရှားပါလှ၏။ အလှမာန် လွန်စွာ တက်ကြွနေသော သူသည်ပင် သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သော ဗုဒ္ဓ၏ ရွှေအဆင်း ဝါဝင်း

သော ကိုယ်ကို ဖူးတွေ့ရပါလျှင် မနှစ်သက်သူ မရှိပေ။ အလုံးစုံသော သူတို့သည် သူ၏ရုပ်နှင့် ဥပဒေသကို ချီးမွမ်းကြ၏။ ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးကို အခါခပ်သိမ်း သိကျူးကြ၏။

လူတကာ၏နှုတ်မှ အမြဲမပြတ် ဗုဒ္ဓဂုဏ်တော်ဖွင့်တို့ကို ကြားနေရ၍ ရူပနန္ဒာသည် တနေ့တွင် စဉ်းစား၏။

'အလုံးစုံသောသူတို့သည် အခါခပ်သိမ်း ငါ့မောင်ကြီး၏ ရုပ်အဆင်း ဂုဏ်သတင်းကို ချီးမွမ်းနေကြ၏။ သူသည် ငါ၏ အလှကို ရှုတ်ချသော်လည်း တခါတော့ သွားသင့်၏။ သူ မမြင်အောင် ဘိက္ခုနီများ အလယ်က နေပြီး သူ၏ လူတကာချီးမွမ်းကြသောအလှကို ကိုယ်တိုင် မျက်စိနှင့်ကြည့်၍ သာယာသော အသံကို ကိုယ်တိုင် နားဖြင့် ကြားနာမည်'

ထိုနောက် ဘိက္ခုနီများအား ပြောကြား၏။

"ယနေ့ ငါလည်း သင်တို့နှင့် အတူ တရားနာ လိုက်မည်။ တရားနာချိန်ရောက်လျှင် ငါ့ကိုလည်း ခေါ်ကြပါ"

ဘိက္ခုနီများ စဉ်းစားကြ၏။

'နေ့ရက် ကြာမြင့်လှလေပြီ။ အခုမှ ရူပနန္ဒာသည် ဘုရားဖူးရန် အကြံဖြစ်၏။ ဗုဒ္ဓသည် ယနေ့ ဘယ်ကဲ့သို့သော ဓမ္မ ဥပဒေသကို ပေးမည် မသိပေ'

ရူပနန္ဒာသည် အချိန်ရောက်သောအခါ ဘိက္ခုနီတို့နှင့် အတူ ကျောင်းသို့လိုက်ပြီး နောက်ကွယ်မှနေ၍ ဗုဒ္ဓကို ရှိခိုးပူဇော်၏။

လပြည့်ဝန်းကဲ့သို့ ထွန်းလင်းတောက်ပသော မြတ်စွာဘုရား ဓမ္မတရား ဟောကြားသောအခါ အလွန်လှပ ကြော့ရှင်းသော ပျိုကညာတဦးသည် ဗုဒ္ဓအား ယပ်ခတ်ပေး၏။ ထိုအမျိုးသမီးမှာ ရိုးရိုး မဟုတ်ချေ။ တန်ခိုးဣဒ္ဓိဖြင့် ဖန်ဆင်းထားခြင်း ဖြစ်၍ ရူပနန္ဒာမှတပါး အခြားဘယ်သူမျှမတွေ့မမြင်ရချေ။ ရူပနန္ဒာသည်

ထိုအမျိုးသမီးကို တွေ့မြင်ရသောအခါ သူ၏အလှကို ဟသ်ာမ၏ အနားက ကျီးငှက်မအသွင် မှတ်ထင်သွား၏။ အလှနှင့် ပတ်သက်၍ တက်ကြွသော မာန်မာနတို့လည်း မှုံ့မှုံ့ညက်ညက် ကြေပျက်သွား၏။

ဗုဒ္ဓမြတ်စွာသည် အစဉ်အတိုင်းပင် ဓမ္မတရားဟောကြားနေ၏။ လှဒေဝီလည်း ယပ်လေ ခတ်နေ၏။ ရူပနန္ဒာ၏ မျက်လုံးတို့သည် ထိုအလှမှာ စူးစိုက်နေ၏။ ကြည့်နေစဉ် ဆယ့်ခြောက်နှစ်အရွယ် လှသက်လှယ်သည် အသက်နှစ်ဆယ် အရွယ်သို့ ရောက်နေ၏။ ထိုအခါ သူ၏စိတ်သည် အတန်ငယ် ပြန့်လွင့်သွား၏။ဗုဒ္ဓ၏ တရား ဟောစဉ်အတိုင်း အလှမယ်သည် တဖြည်းဖြည်း ရင့်၍ရင့်၍ လာရာ နောက်ဆုံးတွင် နံရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်းနှင့် ဖြစ်သွားပြီး လဲကျသွား၏။ တခါက လွန်စွာလှပသော အလှဒေဝီ ဖြစ်ခဲ့ဘူးကြောင်း ပြောပြ၍ ယုံနိုင်စရာပင် မရှိချေ။

ရူပနန္ဒာသည် ကြည့်နေရင်း ကိုယ်ကာယတွင် အနှစ်သာရဘာမျှမရှိသော အသိဉာဏ် လှုပ်ရှားလာ၏။ ထိုစဉ်တွင် ယုဝတီ၏ ကိုယ်ကာယမှာ ပုပ်ပွ၍လာပြီး အပုပ်ရေများ စီးကျလာ၏။ ရူပနန္ဒာသည် ကိုယ်ကာယ၏ အပြောင်းအလဲကို ကြည့်ရှုဆင်ခြင်၏။

'ဤ အလွန်လှပသော အမျိုးသမီးကလေးသည် ကြည့်နေရင်း ဇရာ ဗျာဓိ မရဏသို့ ရောက်ခဲ့၏။ ငါ၏ကိုယ်လည်း ဤသို့ပင် ပြောင်းလဲပေမည်'

ဤသို့ အတည်မမြဲ ဖောက်လဲ ဖောက်ပြန် ဖြစ်တတ်သော အနိစ္စဉာဏ် ဖြစ်ပေါ်လာသောအခါ အလုံးစုံသော လောကီအာရုံတို့၏ ဆင်းရဲဒုက္ခနှင့် အနတ္တဉာဏ်လည်း စပ်ယှဉ်လာ၏။ ထိုအခါ လောကကြီးသည် သူ၏အနားတွင် မီးလောင်နေသော အိမ်

ကြီးသဖွယ် ဖြစ်နေ၏။ သို့မဟုတ် အလှအပသည် သူ၏လည်တွင် ဆွဲထားသော အကောင်ပုပ်နှင့် တူနေ၏။ သူ၏စိတ်သည် အလှဟူသမျှကို အသုဘ အဖြစ်နှင့်သာ မြင်နေ၏။ ဗုဒ္ဓသည် သူ၏အသိဉာဏ် ရင့်သန်လာသည်ကို သိမြင်၍ တရားအဆုံးတွင် သူ့ကိုခေါ်၍ ပြောပြ၏။

"နန္ဒာ၊ ဖြစ်ပျက်ခြင်းသဘောရှိသော ဤအကောင်ပုပ်ကြီးကို ကြည့်ပါ။ ဤအကောင်ပုပ်ကြီးကို အသိဉာဏ်မရှိသူများ တွယ်တာနေကြ၏။ အသက်ရှိသော ကိုယ်နှင့် မရှိသောကိုယ်မှာ ဘာမျှ ကွဲပြားခြားနားခြင်း မရှိချေ။ အလုံးစုံ သုံညဖြစ်ကြောင်း အသိဉာဏ်ပေါ်သူသည် တဖန် ပဋိသန္ဓေနေခြင်း မရှိတော့ချေ။ ကိုယ်ခန္ဓာ၏ အနှစ်သာရ မရှိသော အမြင်ရသူသည် ဘဝသံသရာအား တွယ်တာမှုမှ လွတ်မြောက်၍ ထာဝရ ငြိမ်းချမ်းရေးကို ရ၏"

ရူပနန္ဒာသည် ဤအမြိုက်တရားကို နာကြားရ၍ သောတာပတ္တိဖိုလ်ကို ရသွား၏။ ထိုအခါ ဗုဒ္ဓသည် တဖန် ဆက်လက်မိန့်မြွက်ပြန်၏။

"နန္ဒာ၊ ဤကိုယ်ကာယတွင် အနှစ်သာရ ဘာမျှ ရှာမရချေ။ အရိုးအသားတို့ဖြင့် ဖွဲ့စည်း တည်ဆောက်ထားခြင်း ဖြစ်၏"

ဤဉပဒေသကို ကြားနာရသောအခါ ရူပနန္ဒာသည် အရဟတ္တဖိုလ်သို့ ရောက်သွားလေတော့၏။

× × ×

# ရောဟိဏီ

ဝေသာလီတွင် ပစ္စည်းဥစ္စာ ကြွယ်ဝသော ဗြာဟ္မဏတဦး ရှိ၏။ ထိုဗြာဟ္မဏအား လှန်စွာအဆင်းလှပသည့် ရောဟိဏီ အမည်ရှိသော သမီးကညာတဦး ရှိ၏။

မြတ်စွာဘုရား ဝေသာလီတွင် စံနေစဉ်အခါ တနေ့တွင် ရောဟိဏီသည် ဗုဒ္ဓ၏ ဓမ္မတရားကို နာကြားရ၍ သောတာပတ္တိဖိုလ်သို့ ရောက်သွား၏။ သို့ကြောင့် သူသည် မိဘတို့အား စကားစပ်မိတိုင်း သကျပုတ္တာဖြစ်သော သမဏတို့၏ ဂုဏ်ကျေးဇူးကို ပြောကြား၏။ သူ၏ မိဘတို့ကား ဗြာဟ္မဏ ဓမ္မကို ယုံကြည်သူများဖြစ်၍ ဗုဒ္ဓ၏တပည့်များအား ချီးမွမ်းသောစကားကို လက်မခံနိုင်ကြချေ။ တနေ့တွင် သူ့အဖ ဗြာဟ္မဏသည် ရောဟိဏီအား ပြောပြ၏။

"အို ရောဟိဏီ၊ သင်သည် အိပ်လည်း သမဏ၊ အိမ်ရာက ထလည်း သမဏနှင့် အခါခပ်သိမ်း သမဏတို့၏ ဂုဏ်ကျေးဇူးကိုသာ ချီးကျူးနေ၏။ သင်သည် သမဏီ ဖြစ်နေရော့လား။ ရောဟိဏီ။ သင်သည် သူတို့ကို အစဉ်ရေစာဖြင့် လုပ်ကျွေးနေ၏။ ငါ သင့်ကို မေးချင်၏။ သင် သမဏတို့ကို ကျိမ့် ကြည်ညိုခြင်းမှာ ဘယ့်ကြောင့်နည်း။ သူတို့၏ အလုပ် မလုပ်ကြခြင်းလော။ ပျင်းရိကြခြင်းလော။ သူတပါးတို့ လက်ဝေခံ စားကြခြင်းလော။ သူတပါးဥစ္စာကို တောင်းရမ်းခြင်းလော။ သို့မဟုတ် အကောင်းကြိုက်ခြင်းလော။ သင်ကြည်ညိုသည်မှာ အဘယ်နည်း"

ထိုအခါ ရောဟိဏီက ပြန်ပြော၏။

"အဖ၊ ငါယနေ့ သမဏတို့၏ သီလပညာနှင့်ပတ်သက်၍ အတန်ငယ် ပြောပြချင်ပါ၏။ သူတို့၏ အလုပ်မှာ ပြီးဆုံးနေ၏။

ပျင်းရိခြင်း မရှိကြပါ။ ငြိမ်းချမ်းရေးသို့ သွားသော အလုပ်သာ လျှင် ရှိပါတော့၏။ ထို့ပြင် ရာဂဒေါသ မောဟတို့ကိုလည်း စွန့် လွှတ် ဖယ်ခွာကြ၏။ဤသန့်ရှင်းသော အလုပ်တို့သည် အကုသိုလ် မူလ သုံးပါးကို ပယ်ဖျက်၍ သူတို့၏ အလုံးစုံသော အကုသိုလ် အမျက် ပျက်စီးလေပြီ။ သူတို့၏ ကာယကံ ဝစီကံနှင့် မနောကံ အလုပ်သည် သန့်ရှင်း၏။ သူတို့၏အတွင်းနှင့်အပသည် ဆေးကြော ထား၍ အညစ်အကြေး ကင်းသော ခရုသင်းကဲ့သို့ ဖြူစင်သော ဓမ္မဖြင့် ပြည့်နက် နေပါ၏။ သူတို့၏ အကြားအမြင် ဗဟုသုတရှိ ခြင်း၊ ဓမ္မတရားကိုဆောင်ခြင်းနှင့် အကျိုးရှိသော ဓမ္မတရားကို ဟောကြားခြင်းတို့ကြောင့် သမဏတို့သည် ငါ၏ ကြည်ညိုစရာတို့ ဖြစ်ကြပါ၏။

"သူတို့၏ စိတ်သည် တည်ကြည်၏။ သတိရှိ၏။ အဝေးတွင် ကျက်စားနိုင်၏။ အကျိုးစီးပွားကို ဆိုလေ့ရှိ၏။ ဒုက္ခ၏ အဆုံး ကို ပြု၏။ သူတို့သည် ရွာမှ ထွက်ခွာသွားလျှင် ထိုရွာကို ပြန်၍ မ ကြည့်တော့ချေ။ အာသာဆန္ဒမရှိဘဲ သွားကြ၏။ သူတို့သည် ဘယ်ပစ္စည်း ဥစ္စာကိုမျှ စုဆောင်းခြင်း မရှိ။ချက်ပြုတ်စားသောက် ခြင်း မရှိ။ ဆွမ်းခံ၍ရသမျှဖြင့် မျှတကြ၏။ သူတို့သည် အထူးထူး သော အမျိုးအနွယ်၊ အထူးထူးသော အရပ်ဒေသတို့မှ ရဟန်း ဖြစ်လာကြသော်လည်း အချင်းချင်း ချစ်ခင်ကြ၏။ သို့ကြောင့် သမဏတို့သည် ငါ၏ ကြည်ညိုစရာတို့ဖြစ်၏"

ထိုအခါ ပြာဟ္မဏသည် ဝမ်းမြောက်စွာဖြင့် ပြန်ကြား၏။

"အမိ ရောဟိဏီ၊ သင်သည် ဗုဒ္ဓ၊ဓမ္မနှင့် သံဃာအား သဒ္ဓါကြည် ညိုမှုကို ဖြစ်စေရန် ငါတို့အိမ်တွင် မွေးဖွားလာခဲ့ခြင်း ဖြစ်၏။ သင် ပြောပြသော ပကတိ ကုသိုလ် လယ်မြေ ဖြစ်သည့် သူတို့အား ငါ တို့လည်း ပေးလှူပူဇော်ပါအံ့။ ဤအတုမရှိသော ကုသိုလ်လယ်

မြေတွင် ဒါနမျိုးစေ့ စိုက်ပျိုးပါက မုချ အကျိုးပေးနိုင်၏။ အကယ်၍ ဆင်းရဲဒုက္ခကိုကြောက်ရွံ့၍ ယင်းတို့ကို မလိုလားပါလျှင် ဗုဒ္ဓ ဓမ္မနှင့် သံဃာအား ကိုးကွယ် ဆည်းကပ်ရမည်။ ငါသည် ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာကို ကိုးကွယ်ဆည်းကပ်ပြီး သီလကို ဆောက်တည်ပါအံ့"

ရောဟိဏီသည် သူ့အဖအား သမဏတို့၏ ဂုဏ်ကျေးဇူးကို ပြောကြားပြီးနောက် ကိုယ်တိုင်မှု အမိ အဖတို့၏ ခွင့်ပြုချက်ဖြင့် ဘိက္ခုနီ ပြုလုပ်၏။ သို့ကြောင့် ကမ္မဋ္ဌာန်း အလုပ်ကို ကြိုးစားအား ထုတ်ခြင့် အလုံအလောက် ရပေရာ မကြာမြင့်မီပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသွား၏။ ထိုနောက် သူ၏အဖလည်း သံသရာ၏ ဒုနှစ်မရှိသည်၏ အဖြစ်ကို သဘောပေါက်ကာ ရဟန်းပြု၏။ အရဟတ္တဖိုလ်သို့ ရောက်သောအခါ အလွန် ဝမ်းမြောက်စွာဖြင့် ဥဒါန်းကျူးရင့်၏။

"ငါသည် ရှေးအခါက ဗြာဟ္မဏ၏ မိတ်ဆွေသာ ဖြစ်၏။ ယခုမှ ကိုယ်တိုင် ဗြာဟ္မဏ ဖြစ်ခဲ့လေပြီတကား"

× × ×

# ဥပါသကာ

# ဗိမ္ဗိသာရ

သိဒ္ဓတ္ထ မင်းသားသည် ရဟန်း ပြုပြီးလျှင် အနုပိယ အမည်ရှိသော သရက်တော၌ ခုနစ်ရက်နေပြီးနောက် ယူဇနာ သုံးဆယ်ခရီးကို ခြေလျင်လျှောက်၍ ဗိမ္ဗိသာရမင်းကြီး၏ ရာဇဓာနီဖြစ်သော ရာဇဂြိုဟ်သို့ ရောက်သွား၏။ ထိုနောက် သပိတ်ပိုက်ကာ မြို့တွင်းသို့ ဝင်၏။ အလုံးစုံသော မြို့သူမြို့သားတို့သည် ဓနပါလဆင် မြို့တွင်းသို့ ဝင်စဉ်အခါကကဲ့သို့ရင်း၊ အသုရာမင်း နတ်ပြည်ရောက်သောအခါ နတ်ဒေဝတာတို့၏ အနေကဲ့သို့ရင်း၊ ထို့အတူ အုတ်အော်ကျက်ကျက် တခဲနက် ဖြစ်နေကြ၏။ သူတို့အား အံ့သြခြင်းသည် တခဲနက် လွှမ်းမိုးနေကြ၏။ ထိုအခြင်းအရာ တို့ကို တွေ့မြင်ရသော မင်းမှုထမ်းတို့သည် ဘုရင်ဗိမ္ဗိသာရထံသို့ ချဉ်းကပ်၍လျှောက်တင်ကြ၏။

"ဒေဝ အရှင်မင်းကြီး၊ ရုပ်ရည်ကို သောက်သုံးကြသော၊ အလုံးစုံသော မြို့သူမြို့သားတို့ကို တွေဝေ မိန်းမောစေသော ပုဂ္ဂိုလ်တဦးသည် မြို့တွင်းမှာ အိမ်ပေါက်စေ့ ဆွမ်းခံ ဝင်နေပါ၏။ သူ့ကို လူဖြစ်မည် နတ်ဒေဝါ ဖြစ်မည်ဟု ဘယ်သူမျှ မပြောနိုင်ပါ"

မင်းကြီးသည် ပြာသာဒ်ပေါ်မှနေ၍ လှမ်းမျှော်ကြည့်ရှုရာ ရသေ့အသွင်ဆောင်သော ညှော်သည်သစ် လုလင်၏ မျက်စိကို မွေ့လျော်စေသော အရောင်အသွေးကို ဆောင်သည့် ကိုယ်ခန္ဓာကိုတွေ့မြင်ရ၍ အံ့ဩသွားပြီးလျှင် မင်းမှုထမ်းတို့အား ပြောပြ၏။

"ဤသူသည် ဘယ်သူနည်း။ သွားကြည့်ချေ။ လူ မဟုတ်လျှင် သင်တို့ကို မြင်သည်နှင့်တပြိုင်နက် ပျောက်ကွယ် သွားလိမ့်မည်။ နတ်ဒေဝါဖြစ်လျှင် ကောင်းကင်သို့ ပျံတက်သွားမည်။ နဂါးမင်းဖြစ်လျှင် မြေကြီးထဲ ခွဲဝင်သွားလိမ့်မည်။ အကယ်၍ လူဖြစ်လျှင် ဆွမ်းခံ၍ရသမျှကို ရောနှောကာ စားသုံးနေလိမ့်မည်"

ရသေ့သစ်သည် ရောနှောသော စားဘွယ်ကို ပေါင်းစုခံယူပြီး 'ယင်းသည် ငါ့အတွက် လုံလောက်ပေပြီ'ဟု ဆောက်တည်ကာ မြို့ပြင် ပဏ္ဍဝတောင်ရိပ် အရှေ့ဘက်သို့ မျက်နှာမူလျက် ဆွမ်းစားရန် ပြင်ဆင်၏။ အိမ်မျိုးစုံက အဖုံဖုံလောင်းလှူလိုက်သော ဆွမ်းမျိုးစုံနှင့် ဟင်းမျိုးစုံသည် ရောထွေးနေ၏။ သူသည် ဆွမ်းလုပ်ကို ပြင်ဆင်ပြီး ပစပ်တွင်းသို့ သွင်းမည် ပြုသောအခါ ကြက်သီးဖြန်းဖြန်း ထသွား၍ သူ့ကိုယ်သူ ဥပဒေသ ပေးရ၏။

'သိဒ္ဓတ္ထ၊ သင်ကား အစာရေစာ ရလွယ်သော မင်းမျိုး၌ မွေးဖွားခဲ့၏။ ရှေးအခါကမူ လွန်စွာ မွေးကြိုင်သော သလေးထမင်းနှင့် အရသာကိုဆောင်သည့် မွန်မြတ်သော ဟင်းတို့ကို စားသုံးလာခဲ့၏။ တနေ့ ဥယျာဉ်ထွက်ရာမှာ ညစ်နွမ်းစုတ်ပြတ်သော အဝတ်ကို ဝတ်သည့် ရသေ့တဦးကို တွေ့မြင်၍ ငါသည် ဘယ်အခါ ဤကဲ့သို့ အဝတ်သင်္ကန်းကို ဆင်မြန်းပြီး သပိတ်လက်ဆွဲကာ အိမ်ပေါက်စေ့ ဆွမ်းခံစားရပါမည်နည်း ဟု စဉ်းစားခဲ့သောသင်သည် ဖြဟ္မာကဲ့သို့သော အဖေ၊ အမိကဲ့သို့သော မိထွေး၊ အသက်

သဖွယ် ချစ်အပ်သော မယား၊ မွေးဖွားစ သားငယ်နှင့် နတ်မြို့ကဲ့သို့သော နိုင်ငံ၏ သီဟာသနပလ္လင်ကို စွန့်ပယ်ပြီး သူဆင်းရဲအသွင်ဖြင့် ထွက်ခွာလာခဲ့၏။ ယခုအခါ အရောရော အနှောနှော ဆွမ်းဘောဇဉ်ကို တွေ့မြင်ရ၍ သေမည်ကဲ့သို့ ဖြစ်သည်မှာ သင့်အား အဘယ်မှာ တင့်တယ်မည်နည်း’

ဤသို့ မိမိကိုယ်ကို ရှုတ်ချပြီး အရောရော အနှောနှော ဖြစ်သော ဆွမ်းကို သုံးဆောင်လေတော့၏။

မင်းမှုထမ်းတို့သည် ဤသတင်းကို မင်းကြီးထံသို့ သွားပြီး လျှောက်ကြားကြ၏။ သူသည် ချက်ချင်းပင် ရသေ့သစ်၏ ထံသို့ ကိုယ်တိုင်သွားပြီး စူးစမ်း၏။ အကြောင်းစုံ အကုန်သိရသောအခါ မင်းကြီးသည် ရသေ့သစ်အား မိမိနိုင်ငံတွင် နေထိုင်ရန် ဖိတ်ကြား၏။ ထိုအခါ သိဒ္ဓတ္ထက ပြန်ကြား၏။

“မင်းကြီး၊ ကာမဝတ္ထုတို့ကို ခံစားရန် ငါမလိုလားပါ။မင်းစည်းစိမ်ကို ခံစားလိုခြင်း ငါ့မှာ မရှိပါ။ ထိုအရာတို့သည် ငါ့အား အရှည်သဖြင့် ငြိမ်းချမ်းရေးကို မပေးပါ။ ယင်းတို့ကို ငါသည် အညစ်အကြေးသဖွယ် စွန့်ပယ်ခဲ့ပါပြီ။ တဏှာကုန်၍ ဗုဒ္ဓအဖြစ် ရောက်ခြင်းသည် ငါ၏ရည်ရွယ်ချက်ဖြစ်၏”

ဗိမ္ဗိသာရမင်းကြီးသည် အကြိမ်ကြိမ်တားမြစ်၍ ဖိတ်ခေါ်ပါသော်လည်း မရသဖြင့် နောက်ဆုံးတွင် ဤသို့ပြောပြ၏။

“ဘယ်မျှကြိုးစားပါသော်လည်း သင်၏အဓိဋ္ဌာန်ကို ရွေ့ရှားရန်မစွမ်းနိုင်ပါ။ သို့ကြောင့် နောက်ဆုံးအနေဖြင့် တောင်းပန်လိုပါ၏။ သင် ဗုဒ္ဓအဖြစ်သို့ ရောက်ခဲ့ပါသော် ရှေးဦးစွာ ငါ၏ နိုင်ငံသို့ ကြွလာပါ”

ဗောဓိသတ္တသည် သူ၏ တောင်းပန်ခြင်းကို လက်ခံလိုက်၏။

ခြောက်နှစ်မျှ ကျော်လွန်၍သွားလေပြီ။ တနေ့တွင် ရဟန်းသံဃာ တထောင်မျှ ခြံရံလျက် သိဒ္ဓတ္ထသည် ဗုဒ္ဓဖြစ်လျက် ရတ်တရက် ရာဇဂြိုဟ်ပြည် ယဋ္ဌိအမည်ရှိသော တောအုပ်သို့ ရောက်လာ၏။

ထိုအခါ မဂဓတိုင်းကြီးရှင် ဘုရင်ဗိမ္ဗိသာရသည် တသိန်းနှစ်သောင်းမျှလောက်သော မဂဓတိုင်းသူပြည်သား ဗြာဟ္မဏသူကြွယ်များနှင့်တကွ ဗုဒ္ဓ၏ထံသို့ သွားပြီး ရှိခိုးပူဇော်၏။ အချို့က ရှိခိုးပူဇော်နေကြသည်။ အချို့က ကျန်းမာ ချမ်းသာကြောင်း သတင်းကောင်းကို မေးကြ၏။ အချို့က ဗုဒ္ဓ၏အမျိုးအနွယ်ကို စူးစမ်းထောက်လှမ်းကြ၏။ အချို့က တိတ်တဆိတ်နေကြ၏။ ထိုအခါ ဗုဒ္ဓသည် သူတို့၏ အခြေအနေအားလျော်စွာ ဓမ္မတရားဟောကြား၏။ ထိုတရားကို ကြားနာရသော ဗိမ္ဗိသာရစသော တသိန်းတသောင်းမျှသော သူတို့သည် အညစ်အကြေးကင်း၍ သန့်ရှင်းသော ပညာမျက်စိ ပွင့်လင်းသွားကြ၏။ ကြွင်းကျန်သော တသောင်းမျှသော သူတို့သည် သရဏဂုံတည်သော ဥပါသကာတို့ဖြစ်သွားကြ၏။

ဗိမ္ဗိသာရသည် ဗုဒ္ဓအား ရှိခိုးလျှောက်ကြား၏။

"ဘန္တေ၊ အဘိသိက် မခံမီအခါက ကျွန်ုပ်သည် အချက်ငါးချက်ကို တောင့်တမိပါ၏။ ပထမအချက်မှာ ရာဇအဘိသိက် ခံယူရန်ဖြစ်၏။ ဒုတိယအချက်မှာ ကျွန်ုပ်၏ နိုင်ငံသို့ ဗုဒ္ဓမြတ်စွာ ကြွလာရန်ဖြစ်ပါ၏။ တတိယအချက်မှာ ထိုဗုဒ္ဓအား ကိုးကွယ် ဆည်းကပ်ရန်ဖြစ်၍ စတုတ္ထအချက်မှာ သူ၏ ဓမ္မတရားကို နာကြားရန်ဖြစ်၏။ ပဥ္စမအချက်မှာမူ ထိုဓမ္မတရားကို သဘောပေါက်ရန်ပင်ဖြစ်ပါ၏။ ယခုကား ကျွန်ုပ်၏ မျှော်လင့်တောင့်တချက် ငါးခုလုံး ပြည့်စုံပါပြီ။

"ဘန္တေ၊ အလှန် အံ့ဩဘွယ်ကောင်းလှပါ၏။ ရှေးက မဖြစ်ဖူး ထူးကဲလှပါပေ၏။ မှောက်ထားသော အိုးခွက်ကို လှန်၍ ပြသကဲ့သို့ရင်း၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ပြသကဲ့သို့ရင်း၊ အမိုက်တိုက်တွင်းဝယ် မီးထွန်းပြသကဲ့သို့ရင်း ထင်လင်းစွာ တွေ့မြင်ရပါ၏။ ငါသည် ဗုဒ္ဓ ဓမ္မ သံဃာ ကို ကိုးကွယ် ဆည်းကပ်ပါ၏။ ယနေ့မှစ၍ ငါ့အား ဥပါသကာဟု ယူဆပါ။ အရှင် နက်ဖြန် ရဟန်းသံဃာတို့နှင့်အတူ ငါ၏ ဆွမ်းကို လက်ခံပါဘိ"

ဗုဒ္ဓသည် တုဏှီဘာဝေ ဆိတ်ဆိတ်နေသဖြင့် လက်ခံလိုက်၏။

ဘုရင်ဗိမ္ဗိသာရသည် မြတ်စွာဘုရားအား ရှိခိုး၍ လက်ယာရစ်လှည့်ကာ အရိုအသေပြုပြီး ပြန်သွား၏။ နောက်တနေ့တွင် ရဟန်းတထောင် ခြံရံအပ်သော ဗုဒ္ဓသည် နန်းတော်သို့ ကြွကာ ဆွမ်းစားတော်မူ၏။ ထိုနောက် ဗိမ္ဗိသာရမင်းကြီးသည် မြို့နှင့် မဝေးလွန်း မနီးလွန်းတွင်တည်ရှိ၍ နှလုံး မွေ့လျော်ဘွယ်ကောင်းသော 'ဝေဠုဝန်' ဥယျာဉ်တော်ကို ဗုဒ္ဓအမှူးရှိသော သံဃာများနေရန် ပေးလှူ၏။ ဗုဒ္ဓသည် အလှူကို လက်ခံပြီးလျှင် မင်းကြီးအား ဓမ္မတရား ဟောကြားလျက် ထိုတွင် ဘိက္ခုသံဃာများနှင့်အတူတကွ စံနေတော်မူ၏။ ထိုအခါမှစ၍ ဗုဒ္ဓသည် ဘိက္ခုသံဃာတို့အား ကျောင်းအလှူခံနိုင်ခွင့် ပြုတော်မူလေ၏။

× × ×

## အနာထ ပိဏ္ဍိက

ဘုရားသောအခါ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်ပြည် သီတဝန ဥယျာဉ်တွင် စံနေတော်မူ၏။ ထိုအခါ အနာထပိဏ္ဍိက အမည်ရှိသော အနာထပိဏ် သေဋ္ဌေးသည် သာဝတ္ထိပြည်မှ တစုံတခုသောကိစ္စ

ဖြင့် ရာဇဂြိုဟ်သို့ ရောက်သွား၏။ ရာဇဂြိုဟ်တွင် သူ၏ယောက်ဖ သေဌေးတဦးရှိ၏။ သူ့ကို ရာဇဂြိုဟ်သေဌေးဟုပင် ခေါ်ကြ၏။ ရာဇဂြိုဟ်သေဌေးနှင့် အနာထပိဏ်သည် အချင်းချင်း အပြန်အလှန် နှမပေး နှမယူ ယောက်ဖတော်စပ်ကြ၏။

ရာဇဂြိုဟ်သေဌေးသည် နောက်တနေ့တွင် ဗုဒ္ဓ အမှူးရှိသော သံဃာအား သူ၏အိမ်မှာ ဆွမ်းစားရန် ဖိတ်ကြားထား၍ အလုပ်သမားတို့နှင့်အတူ အရေးတကြီး စီစဉ်နေ၏။ ယောက်ဖ အနာထပိဏ်အား ဧည့်ဝတ်သို့ အရေးတယူ ဧည့်မခံနိုင်ချေ။ ထိုအခါ အနာထပိဏ်က စဉ်းစား၏။

'ယခင်က ငါလာပါလျှင် သူသည် အလုံးစုံသောအလုပ်ကိစ္စတို့ကို စွန့်ပယ်ပြီး ငါ့ကို ဧည့်ခံ၏။ ယခုမူ အဘယ်ကိစ္စကို ဆောင်ရွက်နေသည် မသိပေ'

ရာဇဂြိုဟ် သေဌေးသည် အလုပ်သမားတို့အား စေခိုင်း တိုက်တွန်းပြီးနောက် အနာထပိဏ်ထံသို့လာ၍ နှုတ်ဆက်၏။ ထိုအခါ အနာထပိဏ်က မေး၏။

"အဆွေ၊ သင်၏အိမ်တွင် လက်ထပ်မင်္ဂလာပွဲ ရှိပါသလော။ သို့မဟုတ် ဘုရင်ဗိမ္ဗိသာရနှင့် စစ်သည်တော်တို့အား ဧည့်ခံရန် ရှိနေပါသလော။ သို့မဟုတ် ယဇ်ပူဇော်ပွဲ ရှိပါသလော"

"မရှိပါ။ မင်္ဂလာပွဲ၊ ရှင်ဘုရင် ဧည့်ခံပွဲ၊ ယဇ်ပွဲ ဘာမျှမရှိပါ။ စင်စစ်မှာ နက်ဖြန် ဗုဒ္ဓအမှူးရှိသော သံဃာကို ပင့်ဖိတ် ထားပါ၏။ သို့အတွက် သင့်ကို ယခင်ကကဲ့သို့ ဧည့်မခံနိုင်ဘဲ အရေးတကြီး စီရင်နေရပါ၏။ သို့အတွက် ခွင့်လွှတ်ပါရန်"

"ယောက်ဖ၊ သင်သည် ဗုဒ္ဓဟု ဆိုလိုက်ပါသလော"

"မှန်ပါသည် ယောက်ဖ၊ ငါ ဗုဒ္ဓဟု ဆိုလိုက်ပါ၏"

"သင် ဗုဒ္ဓဟု ဆိုလိုက်သလော ယောက်ဖ"

"မှန်သည် ယောက်ဖ၊ ငါ ဗုဒ္ဓဟု ဆိုလိုက်ပါ၏"

"ယောက်ဖ၊ ဗုဒ္ဓဟူသောစကားမှာ လွန်စွာ ကြားရခဲ၏။ ယခုအခါ သူ့ကို ဘယ်သို့ တွေ့မြင်နိုင်မည်နည်း"

"ယောက်ဖ၊ ယခုအခါ ညဉ့်နက်လှပြီ။ သူသည် မြို့အပြင် သီတဝန တောအုပ်တွင် စံနေ၏။ ယခုအခါ ထိုသို့သွားပြီး တွေ့ဆုံရန် မဖြစ်နိုင်ပါ။ မနက်ဖြန်နံနက် ကြွလာသောအခါ တွေ့ဆုံရပါလိမ့်မည်"

အနာထပိဏ်သည် မနက်ဖြန် မြတ်စွာဘုရားအား ဖူးတွေ့ရလိမ့်မည်ဟူသော စိတ်ဇောဖြင့် အိပ်၏။ သို့ရာတွင် အိပ်၍ မပျော်ချေ။ ဘယ်အခါ မိုးလင်းပါမည်နည်းဟု မျှော်လင့်တမ်းတနေ၏။ မကြာခဏ အပြင်သို့ထွက်ကြည့်၏။ တကြိမ်တွင် အရှေ့ဘက်ဆီမှ အရုဏ်ရောင်ကို တွေ့မြင်ရ၍ အိမ်ပေါ်မှ ဆင်းသွား၏။ မြို့တံခါးသို့ ရောက်သောအခါ တံခါးစောင့်သည် ဘုရင်မင်းကြီး၏ အထူးဧည့်သည်တဦး ဘုရားဖူးသွားခြင်း ဖြစ်လိမ့်မည်ဟု ယူဆကာ မြို့တံခါးကို ဖွင့်ပေးလိုက်၏။ မြို့ပြင်သို့ရောက်၍ အတန်သွားလေသောအခါ လဆုတ်ပက္ခ၏လသည် ရုတ်တရက် ဝင်သွားသောကြောင့် မြေအပြင်မှာ အမှောင်လွှမ်းမိုးသွား၏။ အနာထပိဏ်၏ကိုယ်မှာ ကြက်သည်းမွေးညင်း ထသွား၏။ သူသည် ကြောက်ကြောက်နှင့်ပင် စမ်း၍သွားရာ နောက်ဆုံးတွင် မြတ်စွာဘုရားရှိရာ သီတဝနသို့ ရောက်သွား၏။

ထိုအခါ အရုဏ်လာသဖြင့် မြတ်စွာဘုရားသည် လှင်ပြင်တွင် စင်္ကြံသွားနေရင်း အနာထပိဏ်သေဋ္ဌေးကို အဝေးမှ တွေ့မြင်ရ၍ တနေရာတွင်ထိုင်ကာ စောင့်ကြို့နေ၏။ အနားသို့ရောက်သောအခါ အနာထပိဏ်၏ ငယ်မည်ဖြင့် ခေါ်၏။

"သုဒတ္တ လာပါလော"

အနာထပိဏ်က စဉ်းစား၏။

'ငါ၏ သုဒတ္တဟူသော အမည်ကို ယခုအခါ ငါမှတပါး ဘယ်သူမျှ မသိကြချေ။ များစွာသောသူတို့သည် ငါ့အား အနာထပိဏ်ဟူ၍သာ သိကြ၏။ ဗုဒ္ဓသည် အမှန်ပင် သဗ္ဗညုတ ဖြစ်လိမ့်မည်။ သူသည် ငါ၏ငယ်မည်ဖြင့် ခေါ်၏'

ဤသို့ စဉ်းစားပြီးလျှင် သူသည် မြတ်စွာဘုရားအား ဝပ်တွားရှိခိုးပြီး မေးလျှောက်၏။

"ဘန္တေ၊ သင်သည် ကောင်းစွာ အိပ်ရပါ၏လော"

ဗုဒ္ဓ ပြန်ကြား၏။

"အကြင်သူသည် အနှောင်အဖွဲ့မှ လွတ်၏။ ဒေါသလည်း မရှိ။ ထို့အတူ လောဘလိမ်းကျံခြင်းမှလည်း ကင်း၏။ ငြိမ်းအေးခြင်းသို့ရောက်သော ထိုဗြာဟ္မဏသည် အမြဲကောင်းစွာ အိပ်ပျော်၏။ အကြင်သူသည် တွယ်တာမှုအပေါင်းကို ဖြတ်၏။ သူ၏ အသဲနှလုံးမှ ကြောက်ရွံ့ခြင်းကို ဖယ်ခွာ၏။ သူ၏စိတ်သည် ကြာမြင့်စွာ ငြိမ်းချမ်းမှုကို ရ၍ ငြိမ်သက်နေ၏။ ထိုသူ၏ ကောင်းစွာအိပ်စက်ခြင်းမှာ အနှောင့်အရှက် မရှိချေ"

ဗုဒ္ဓသည် ထို့နောက် အနာထပိဏ်အား သူ၏ စိတ်အစဉ်အားလျော်စွာ ဆက်လက်၍ ဒါန သီလ သဂ္ဂနှင့် ကာမဘောဂကာမဂုဏ်ခံစားခြင်း အပြစ် စသည်ဘို့နှင့် ပတ်သက်သော ဥပဒေသကို ပေး၏။ အနာထပိဏ်သည် ထိုနေရာမှာပင် အညစ်အကြေးကင်း၍ သန့်ရှင်းသော ဓမ္မမျက်စိ ဖြစ်ပေါ်သွား၏။ သူသည် ဗုဒ္ဓဓမ္မနှင့်ပတ်သက်၍ ယုံမှားခြင်း ဆိတ်သုဉ်းသွား၏။ ဝါဒ၊ ဝိဝါဒ ကင်းလွတ်၍ မြတ်စွာဘုရားအား လျှောက်ကြား၏။

"ဘန္တေ၊ လွန်စွာ အံ့ဩဘွယ် ကောင်းလှပါ၏။ လွန်စွာ ထူးဆန်းလှပါ၏။ မှောက်ထားသည်ကို လှန်လိုက်သကဲ့သို့ငြင်း၊ ဖုံးပိတ်ထားသည်ကို ဖွင့်လှစ်လိုက်သကဲ့သို့ငြင်း၊ မျက်စိလည်နေသူအား လမ်းပြလိုက်သကဲ့သို့ငြင်း၊ အမိုက်မှောင်တွင် မီးထွန်းလိုက်သကဲ့သို့ငြင်း၊ အရှင်သည် များစွာသော အပြားအားဖြင့် ဓမ္မတရားကို ဟောကြားတော်မူ၏။ ကျွန်ုပ်သည် ဗုဒ္ဓ ဓမ္မ သံဃာအား ကိုးကွယ်ဆည်းကပ်ပါ၏။ ယနေ့မှစ၍ ကျွန်ုပ်အား ဥပါသကာဟု ယူဆတော်မူပါ။ မြတ်စွာဘုရား နက်ဖြန်အတွက် ဘိက္ခုသံဃာနှင့်တကွ ကျွန်ုပ်၏ ဖိတ်ကြားခြင်းကို လက်ခံတော်မူပါ"

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံခြင်းကို သိစေ၏။ ထိုအခါ အနာထပိဏ်သည် မြတ်စွာဘုရားအား လေးစားစွာ ရှိခိုးပြီးနောက် လက်ယာရစ်လှည့်ကာ အရိုအသေပြုလျက် ပြန်ခဲ့လေ၏။

ရာဇဂြိုဟ်သေဌေးသည် ထိုသတင်းကိုကြားရ၍ အနာထပိဏ်အား မေး၏။

"ယောက်ဖ၊ သင်သည် ဗုဒ္ဓအမှူးရှိသော ဘိက္ခုသံဃာကို ပင့်ဖိတ်လာသည်ဟု ငါကြား၏။ သင်သည် ငါ၏ဧည့်သည် ဖြစ်၏။ သို့ကြောင့် ငါသည် သင့်အား ကူညီရပါလိမ့်မည်။ ဆွမ်းကိစ္စ အတွက် သင် ကြောင့်ကြ မပြုပါနှင့်"

"ယောက်ဖ၊ အလုံးစုံ ငါ့မှာ အသင့်ရှိပါ၏။ ဗုဒ္ဓ အမှူးရှိသော ရဟန်းသံဃာတို့အား ကျွေးမွေးလှူဒါန်းရန် ငါ စွမ်းနိုင်ပါ၏"

အနာထပိဏ်သည် ရာဇဂြိုဟ်သေဌေးအိမ်မှာပင် ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ပြင်ဆင်ပြီး နံနက်မိုးသောက် အလင်းသို့ရောက်သောအခါ မြတ်စွာဘုရားထံသို့ သွားပြီး လျှောက်ကြား၏။

"ဘန္တေ၊ ဆွမ်းဘောဇဉ်တို့ အသင့်ဖြစ်နေပါပြီ။ အချိန်ရောက်လျှင် ကြွတော်မူပါ"

အချိန်ရောက်သောအခါ ဗုဒ္ဓသည် ရဟန်းသံဃာနှင့်အတူ ရာဇဂြိုဟ်သေဌေးအိမ်သို့ ကြွလာ၏။ အနာထပိဏ်သည် ရဟန်းသံဃာအား ကိုယ်တိုင် ဆွမ်းလုပ်ကျွေး၏။ဆွမ်းစားပြီးသောအခါ အနာထပိဏ်သည် ဗုဒ္ဓအား လာမည့်နှစ်တွင် သာဝတ္ထိသို့ကြွပြီး သင်္ကန်းသုံးပါရန် တောင်းပန်၏။ ဗုဒ္ဓပြန်ကြားတော်မူ၏။

"ဂဟပတိ၊ တထာဂတသည် ဆိတ်ငြိမ်ရာတွင် နေ၏"

"မြတ်စွာဘုရား၊ ကျွန်ုပ် ထိုအကြောင်းကို သိပါပြီ။ သုဂတ၊ ထိုအကြောင်းကို ကျွန်ုပ်သိပါ၏"

အနာထပိဏ်ကား မိတ်ဆွေသဂဟ ပေါများသော သေဌေးဖြစ်၏။ သူ့ထံတွင် အကူအညီတောင်းလျှင် ဘယ်အခါမျှ ငြင်းပယ်ခြင်း မရှိချေ။ တတ်နိုင်သမျှ ထိုက်သည်အားလျော်စွာ ကူညီလိုက်၏။ သူသည် ရာဇဂြိုဟ်တွင် ပြုလုပ်ဖွယ်ကိစ္စများကို ဆောင်ရွက်ပြီးနောက် သာဝတ္ထိသို့ပြန်လာ၏။ သာဝတ္ထိသို့ရောက်လျှင်ပင် မြတ်စွာဘုရားနှင့် သံဃာများနေရန် ကျောင်းဆောက်ဖို့ နေရာရှာဖွေ၏။ ထိုနေရာသည် မြို့နှင့်မဝေးလွန်း၊ မနီးလွန်းလည်းဖြစ်ရမည်။ သွားလာရန်လည်း သက်သာလွယ်ကူရမည်။ နေ့အခါ လူသူကင်းဆိတ်၍ ညအခါ ဆူဆူညံညံ ကောလာဟလ ကင်းရမည်။ ရေကောင်း လေသန့်လည်း ရှိရမည်။ ဤကဲ့သို့ ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံ၍ကြည်နူးဘွယ်ကောင်းသောနေရာကို ရှာဖွေ၏။ ဤကဲ့သို့ ဂုဏ်အင်္ဂါ အရည်အခြင်းနှင့် ပြည့်စုံသော နေရာမှာ ဇေတ ကုမာရ အမည်ရှိသော မင်းသား၏ ပမောဒ ဥယျာဉ်မှတပါး အခြားမရှိချေ၊ သေဌေးသည် ထိုဥယျာဉ်ကို လေ့လာကြည့်ရှုပြီးနောက် မင်းသားထံသွား၍ ပြောပြ၏။

"မင်းသား၊ ငါသည် မြတ်စွာဘုရားနေရန် ကျောင်းအတွက် နေရာ ရှာနေပါ၏။ သို့အတွက် သင်၏ ပမောဒဥယျာဉ်ကို သင့်လျော်သောစျေးဖြင့် ငါ့အား ရောင်းပါ"

ဤဥယျာဉ်ကို မင်းများ လွန်စွာနှစ်သက်ကြ၏။ သို့ကြောင့် ဤဥယျာဉ်ကို ကျောင်းဆောက်ရန်အတွက် ဘယ်နည်းနှင့်မျှ ရောင်းမည် မဟုတ်ချေ။ သို့ရာတွင် သေဌေးကား အကြိမ်ကြိမ် တောင်းပန်နေ၍ မဝယ်နိုင်စေရန် ပြောပြလိုက်၏။

"သေဌေးကြီး၊ အကယ်၍ သင်သည် ငါ၏ဥယျာဉ်အပြည့် ရွှေဒင်္ဂါးပြားများ စေ့အောင်ခင်းပြီး ပေးပါလျှင် ထိုဥယျာဉ်ကို ရောင်းပါမည်"

"မင်းသား၊ သင်ဆိုသည့် အတိုင်းပေး၍ ဥယျာဉ်ကိုယူရန် အသင့်ပင်ရှိပါ၏"

ထိုနောက် အနာထပိဏ်သည် အမတ်ကြီးများကို သက်သေထား၍ ဥယျာဉ်အပြည့် ရွှေဒင်္ဂါးပြားတို့ကိုခင်း၏။ လှည်းတစီးတိုက် ရွှေဒင်္ဂါးတို့ကို ခင်းစေရာ အချို့နေရာတွင် ကွင်းကျန်နေ၍ မင်းမှုထမ်းတို့အား ပြောပြပေး၏။

"သွား။ နောက်ထပ် ရွှေဒင်္ဂါးတို့ကိုယူပြီး ဤကွင်းကျန်နေသော နေရာများကို ဆက်စပ်သွားအောင် ဖြန့်ခင်းကြပါလေ"

ထိုအခါ ဇေတမင်းသားသည် 'သူသည် ဘယ်ကြောင့် ဤမျှရက်ရော ဘိသနည်း။ လွန်စွာ အကျွမ်းတဝင် ရင်းနှီးသူ မဟုတ်ပါဘဲလျက် ဤမျှ ရက်ရောသည်မှာ ထို့ထက်လွန်ကဲသော အကျိုးကို မျှော်မြင်လိမ့်မည်'ဟု စဉ်းစားကာ ပြောပြ၏။

"သေဌေးကြီး၊ ကျေးဇူးပြု၍ ကွင်းကျန်သော ကွက်လပ်ကို မဖြည့်ပါနှင့်။ ကျွန်ုပ်၏ ကုသိုလ်အဖြစ်ထားပါ။ ဗုဒ္ဓအား လှူဒါန်းရာတွင် ကျွန်ုပ်၏ ကုသိုလ်ပါဝင်ပါရစေ"

သေဋ္ဌေးကြီးသည် ဇေတမင်းသား၏ စေတနာကို ညှာတာ ထောက်ထား၍ ရွှေဒင်္ဂါးမဆက်စပ်ဘဲ ကွက်လပ်ကျန်သော နေရာတွင် ကုဋိဆောက်လုပ်ရန် မင်းသား၏ အကျိုးအတွက် ခွင့်ပြုလိုက်၏။

အနာထပိဏ်သည် ထိုပမောဒ ဥယျာဉ်တွင် ကျောင်း အရံ ဥယျာဉ် ရေကန် ဓမ္မသဘင် ဆွမ်းစားစရပ် စသည်တို့ကို ဆောက်လုပ်စေ၏။ ဥယျာဉ်မြေနှင့်တကွ အလုံးစုံကုန်ကျသော စရိတ်မှာ ရွှေဒင်္ဂါး ငါးဆယ့်လေးကုဋေဖြစ်၏။ ဇေတမင်းသား၏ အမည် ဖြင့်ပင် ခေါ်တွင်စေ၏။ သို့ဖြင့် အနာထပိဏ္ဍိက၏ ဇေတဝန် ကျောင်းအဖြစ်ဖြင့် ထင်ရှားလေ၏။

မြတ်စွာဘုရားသည် အစဉ်အတိုင်း ဓမ္မတရား ဟောကြားလျက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ရောက်လာ၏။ အနာထပိဏ်သည် မြတ်စွာဘုရားအား ရှိခိုးလျှောက်ကြား၏။

"ဘန္တေ၊ နက်ဖြန် ရဟန်းသံဃာနှင့်အတူ ကျွန်ုပ်၏ ဆွမ်းဖြင့် ဖိတ်မန်ခြင်းကို လက်ခံတော်မူပါ"

ဗုဒ္ဓသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်၏။ အနာထပိဏ်သည် အိမ်သို့ပြန်ပြီး ဆွမ်းကျွေးရန်အတွက် အထူးသဖြင့် မွမ်းမံ ပြင်ဆင် စီရင်၏။ အချိန်ရောက်သောအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်တကွ ကြွလာ၏။ သေဋ္ဌေးသည် ကိုယ်တိုင်ပင် ဆွမ်းလုပ်ကျွေး၏။ ဆွမ်းကိစ္စပြီးသောအခါ မြတ်စွာဘုရားအား လျှောက်ကြား၏။

"ဘန္တေ၊ အရှင်အား ရည်ညွှန်း၍ ကျွန်ုပ်သည် ဇေတဝန် ကျောင်းကို ဆောက်လုပ်ခဲ့ပါ၏။ ထိုကျောင်းကို ယခုအခါ ဘယ်သို့ လှူရပါမည်နည်း"

"ဂဟပတိ သူကြွယ်၊ ဇေတဝန်ကျောင်းကို အရပ်လေးမျက်နှာမှ လာကြကုန်သော ဗုဒ္ဓအမျိုးရှိသော ဘိက္ခုသံဃာအား လှူဒါန်းပါဘိ"

အနာထပိဏ်သည် ဇေတဝန်ကျောင်းကို ထိုအစီအစဉ်အတိုင်းပင် ပေးလှူလိုက်၏။

မြတ်စွာဘုရားသည် အနာထပိဏ်၏ အရာမ်ဖြစ်သော ဇေတဝန်ကျောင်း၌ ဆယ့်ကိုးနှစ်တိုင်မျှ မျှတရှင်ပြုး သီတင်းသုံးသွားလေ၏။

ဤနေရာဌာနသည် ဗုဒ္ဓစာပေလောကတွင် ဇေတမင်းသားနှင့် အနာထပိဏ်ဟူသော အမည်နှစ်ခုကို တွဲစပ်ပြီး 'ဇေတ ဝနေ အနာထ ပိဏ္ဍိကဿ အာရမေ' ဟူ၍ ထင်ရှား၏။ ကမ္ဘာပေါ်တွင် ဗုဒ္ဓဓမ္မ ထင်ရှားရှိနေသမျှ ကာလပတ်လုံး ဇေတမင်းသားနှင့် အနာထပိဏ်၏ အမည်သည် ပျောက်ကွယ်လိမ့်မည် မဟုတ်ချေ။

× × ×

# ဥပါလိ

တရံသောအခါ မြတ်စွာဘုရားသည် ပါဝါရိက သရက်တောတွင် စံနေတော်မူ၏။

ထိုအခါ နိဂဏ္ဌ နာထပုတြ (ဂျိန်းဓမ္မထူထောင်သူ မဟာဝီရ) သည် သူ၏ များစွာသော တပည့်များနှင့်အတူ နာလန္ဒာတွင် နေ၏။

တနေ့တွင် ဒီဃတပဿီ အမည်ရှိသော နိဂဏ္ဌသည် နာလန္ဒာတွင် ဆွမ်းခံကာ စားသောက်ပြီးနောက် မြတ်စွာဘုရား စံနေတော်မူရာသို့ သွား၏။ ထိုနောက် သူသည် မြတ်စွာဘုရားနှင့် စကားဆွေးနွေး

ရန်အတွက် ရပ်နေ၏။ ဗုဒ္ဓသည် သူရပ်နေသည်ကို တွေ့မြင်ရ၍ ပြောပြ၏။

"တပဿိ၊ နေရာရှိပါ၏။ အလိုရှိပါလျှင် ထိုင်ပါဘိ"

ဒီဃတပဿိသည် နိမ့်သော တနေရာတွင် ဝင်၍ထိုင်၏။ ဗုဒ္ဓက မေး၏။

"တပဿိ၊ မကောင်းမှု အကုသိုလ်ကံ ပြုသည့်အတွက် နိဂန္ထနာထပုတ္တသည် အဘယ်မျှသော အပြားအားဖြင့် ကံကို ဆုံးဖြတ်ပါသနည်း"

"ဗုဒ္ဓ ဂေါတမ၊ ကမ္မ ကံသည် နိဂန္ထနာထပုတ္တ၏ အလို မဟုတ်ပါ။ ဒဏ္ဍ ဒဏ်သည်သာ သူ၏ အစီအရင် ဆုံးဖြတ်ချက် ဖြစ်ပါ၏"

"တပဿိ၊ သို့ဖြစ်ပါလျှင် ပါပကမ္မ မကောင်းမှုကို ပြုသည့်အတွက် နိဂန္ထနာထပုတ္တသည် အဘယ်မျှ အပြားရှိသော ဒဏ်ကို စီရင်သနည်း"

"ဂေါတမ၊ အကုသိုလ်အမှုကို ပြုသည့်အတွက် နိဂန္ထနာထပုတ္တသည် ကာယဒဏ္ဍ ဝစီဒဏ္ဍနှင့် မနောဒဏ္ဍဟူ၍ သုံးပါးသော ဒဏ်ဖြင့် ဝေဘန်၏"

"တပဿိ၊ ကာယဒဏ် ဝစီဒဏ်နှင့် မနောဒဏ်တို့သည် အချင်းချင်း သီးခြား ဖြစ်ကြပါသလော"

"မှန်ပါ၏ ဂေါတမ။ ကာယဒဏ် ဝစီဒဏ်နှင့် မနောဒဏ်တို့သည် အချင်းချင်း ခြားနားကြ၏"

"တပဿိ၊ ဆိုခဲ့သော ဒဏ်သုံးမျိုးတို့တွင် အဘယ်ဒဏ်က ပို၍ အပြစ်ကြီးသည်ဟု စီရင် ဆုံးဖြတ်ပါသနည်း"

"ဆိုခဲ့သော ဒဏ်သုံးမျိုးတို့တွင် ကာယဒဏ်ကိုသာ အပြစ်ကြီး ကြောင်း စီရင် ဆုံးဖြတ်ပါ၏။ ဝစီဒဏ်နှင့် မနောဒဏ်တို့မှာ ထို မျှ အပြစ်မကြီးကြပါ"

"တပဿီ၊ သင်တို့သည် ကာယဒဏ်သာ ပဓာန အပြစ်ရှိ ကြောင်း ပြောဆို ဆုံးဖြတ်ကြပါသလော"

"မှန်ပါ၏ ဂေါတမ။ ကာယဒဏ်သာ ပဓာန အ ပြစ် ရှိ ကြောင်းနှင့် ငါတို့ ပြောဆို ဆုံးဖြတ်ကြပါ၏"

ဤသို့လျှင် ဗုဒ္ဓသည် ဒီဃတပဿီ နိဂဏ္ဌအား ဤ အယူအ ဆ တက္ကကို ခိုင်ခန့်စေရန် သုံးကြိမ်တိုင်မျှ မေးမြန်း၏။ တပဿီ လည်း မေးတိုင်းပင် အလားတူ ခိုင်မြဲစွာ ဖြေဆို၏။

ထိုနောက် ဒီဃတပဿီ နိဂဏ္ဌလည်း ဗုဒ္ဓအား ပြန်၍မေး၏။

"ဂေါတမ၊ သင်သည် မကောင်းမှု အကုသိုလ် ပြုသည့်အတွက် အဘယ်မျှ အပြားရှိသော ဒဏ်ကို စီရင် ဆုံးဖြတ်သနည်း"

"တပဿီ၊ ဒဏ္ဍ ဒဏ်ဟူသော အစီအရင်သည် ငါတို့၏ အ ယူအဆ မဟုတ်ပါ။ ငါတို့သည် ကမ္မ ကံကိုသာ ပြောဆို ဆုံးဖြတ် ကြ၏"

"ဂေါတမ၊ သင်တို့သည် အဘယ်မျှသော အပြားဖြင့် ကံကို စီရင်ကြသနည်း"

"တပဿီ၊ ငါတို့သည် သုံးပါး အပြားဖြင့် ကံကို ဆုံးဖြတ် ကြ၏။ ယင်းတို့မှာ ကာယကံ ဝစီကံနှင့် မနောကံဖြစ်၏"

"ဂေါတမ၊ ဆိုခဲ့သော ကံတို့ အချင်းချင်း သီးခြား ဖြစ်ကြသ လော"

"မှန်ပါ၏။ သုံးမျိုးသောကံသည် သီးခြားဖြစ်ကြ၏"

"ဂေါတမ၊ ဆိုခဲ့သော ကံတို့တွင် အကုသိုလ်အမှုကို ပြုရာ၌ အဘယ်ကံ ပို၍ အပြစ်ကြီး၏ဟု ယူဆပါသနည်း"

"ဆိုခဲ့သော ကံတို့တွင် မနောကံကို ပို၍ အပြစ်ကြီး၏ဟု ငါတို့ ပြောဆို ဆုံးဖြတ်ကြ၏"

"ဂေါတမ၊ သင်သည် မနောကံကို ပဓာနဟု ဆိုသလော"

"မှန်ပါ၏ တပဿီ၊ ငါသည် မနောကံကို ပဓာနဟု ဆိုပါ၏"

ဒီဃတပဿီသည် ဤသို့လျှင် မြတ်စွာဘုရားအား အယူအဆကို ခိုင်ခံ့စေရန် သုံးကြိမ်တိုင်မျှ မေး၏။ ထိုနောက် ဒီဃတပဿီနေရာမှထ၍ နိဂဏ္ဌ နာထပုတ္တ၏ အထံသို့ သွားလေ၏။

ထိုအခါ နိဂဏ္ဌ နာထပုတ္တသည် သူ၏အိမ်သူ အိမ်သား တပည့်များနှင့် ဝိုင်းဖွဲ့ကာ စပ်မိစပ်ရာ စကား ပြောကြားနေကြ၏။ အဝေးမှ ဒီဃတပဿီ လာသည်ကို တွေ့မြင်ရ၍ မေး၏။

"အို ဒီဃတပဿီ၊ သင်သည် နေ့လယ်တွင် ဘယ်အတွက် လာဘိသနည်း"

"ဘန္တေ၊ ငါသည် သမဏဂေါတမ၏ ထံမှ လာခဲ့ပါ၏"

"သမဏ ဂေါတမနှင့် အတူတကွ သင်သည် တစုံတရာ ဆွေးနွေးခဲ့သလော"

"ဘန္တေ၊ ဆွေးနွေးခဲ့ပါ၏"

"ဘယ်အကြောင်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သနည်း"

ထိုအခါ ဒီဃတပဿီသည် ဗုဒ္ဓနှင့် အတူတကွ ဆွေးနွေးခဲ့ပုံ အလုံးစုံကို အကုန် ပြန်ကြားပြောပြ၏။

"သာဓု သာဓု တပဿီ။ သင်သည် ဆရာ၏ ဥပဒေသကို ကောင်းသော အသွင်ဖြင့် ဆောင်၍ လွန်စွာ ဉာဏ်ကြီးသော တပည့်ဖြစ်သည့်အတိုင်း မှန်ကန် တိကျစွာ ဆွေးနွေးခဲ့၏။ ထိုအချည်းနှီးသော မနောဒဏ်သည် ဤကြီးမားသော ကာယဒဏ်၏ အနားမှာ တင့်တယ်ခြင်း မရောက်နိုင်။ မကောင်းမှုကို ပြုသည့်

အတွက် ကာယဒဏ်သာ အပြစ်ကြီး၏။ မနောဒဏ်နှင့် ဝစီဒဏ်မှာ ဤသို့ မဟုတ်ချေ”

ထိုအခါ နိဂဏ္ဌ၏ တပည့်ကြီးတဦးဖြစ်သော ဥပါလိ သူကြွယ်က ပြော၏။

“ဘန္တေ၊ တပဿီသည် သင့်လျော်လျောက်ပတ်သော ဆရာ၏ဥပဒေသဖြစ်သော အယူအဆကို ဥာဏ်ထက်မြက်သော တပည့်ကြီးပီသစွာ သမဏ ဂေါတမနှင့် အတူတကွ စစ်ထိုးခြင်းပြုခဲ့၏။ ကျွန်ုပ်လည်း သွားပြီး သမဏ ဂေါတမနှင့် အတူ ဆွေးနွေးခြင်း ပြုပါမည်။ သမဏ ဂေါတမသည် ဒီဃတပဿီအား ပြောသကဲ့သို့ ကျွန်ုပ်အား အကယ်၍ ပြောဘိမူ အားကောင်းသောယောကျ်ားသည် အမွေးဖွားဖွား ဆိတ်ကြီး၏ အမွေးကို ဆွဲကာ ရမ်းပစ်သကဲ့သို့ငှင်း၊ အားကောင်းသော လူကြီးသည် ကလေး သူငယ်၏ နားရွက်ကို ဆွဲပစ်သကဲ့သို့ငှင်း ကျွန်ုပ်သည် သမဏ ဂေါတမအား အယူဝါဒ တက္ကအားဖြင့် ဝှေ့ရမ်း ပစ်ပါမည်။ဘန္တေ၊ အကျွန်ုပ်သည် ဂေါတမနှင့်အတူ ဤအယူအဆ တက္ကကို ဆွေးနွေးရန်သွားပါမည်”

ထိုအခါ သူ၏ဆရာ နိဂဏ္ဌ နာဋပုတ္တ ပြောပြ၏။

“သွားပါဘိ ဂဟပတိ။ သမဏဂေါတမနှင့် အတူတကွ ထိုတက္ကကို ပြုလုပ်ပါဘိ။သမဏ ဂေါတမနှင့်အတူ ငါ၊ သင် ထို့ပြင် ဒီဃတပဿီ၊ ဤသုံးဦး၏ အကြားမှာ ဘူသည် ဘယ်အယူဝါဒ တက္ကကို တင်ပြပံ့မည်နည်း”

ထိုအခါ ဒီဃတပဿီက ပြောပြ၏။

“ဘန္တေ၊ ဥပါလိ သူကြွယ်သွားပြီး သမဏဂေါတမနှင့် အယူအဆ တက္ကဆွေးနွေးခြင်းကို အလို မရှိအပ်ချေ။ အကြောင်းကား သမဏဂေါတမသည် လွန်စွာ မာယာများ၏။ စိတ်ပြောင်း

လဲသွားအောင် သွေးဆောင်တတ်သော အာဝတ္တနီ မာယာကို ကောင်းစွာတတ်၏။ ဤမာယာ၏ အစွမ်းဖြင့် သူတပါး တပည့် တပန်းများကို မိမိတပည့် ပြုလုပ်ခဲ့သည်မှာ များလှပေပြီ"

"တပသီ၊ ဥပါလိသူကြွယ် သမဏဂေါတမ၏ တပည့် ဖြစ်လိမ့်မည်ဟု ငါမယုံကြည်ပါ။ စင်စစ်မှာ သမဏဂေါတမသာ ဥပါလိ သူကြွယ်၏ တပည့်ဖြင်ကောင်းဖြစ်ပေလိမ့်မည်"

ဆက်လက်၍ နိဂဏ္ဌနာတ ပုတြသည် ဥပါလိအား ပြောပြ၏။

"ဂဟပတိ၊ သမဏဂေါတမနှင့်အတူ ငါ၏ဘက်မှ ဒီဃတပဿီ အယူဝါဒ တက္ကကို တင်ပြသကဲ့သို့ သင်လည်း ထို့အတူ တက္ကကို ပြုလော့"

ဒီဃတပဿီသည် ဥပါလိအား မလွှတ်ရန် အမျိုးမျိုး တားမြစ်၏။ သို့ရာတွင် နိဂဏ္ဌ နာတ ပုတြသည် သူ၏စကားကို မနာယူချေ။

ဥပါလိသူကြွယ်သည် နိဂဏ္ဌ နာတ ပုတြ၏ အပါးမှထ၍ ပါဝါရိက သရက်တောသို့သွားကာ မြတ်စွာဘုရားအား ရှိခိုးပြီး တနေရာတွင် ထိုင်လေ၏။

ထိုနောက်သူသည် ဗုဒ္ဓအား မေးလျှောက်၏။

"ဘန္တေ၊ ဒီဃတပဿီ နိဂဏ္ဌသည် ဤသို့လာခဲ့ပါသလော"

"မှန်ပါ၏ ဂဟပတိ။ လာခဲ့ပါ၏"

"သူနှင့်အတူ သင်သည် တစုံတရာ ဆွေးနွေးပါသလော"

"မှန်ပါ၏ ဂဟပတိ။ ဆွေးနွေးပါ၏"

"သူနှင့်အတူ သင်သည် ဘယ်အကြောင်းကို ဆွေးနွေး ပါသလဲ"

ထိုအခါ မြတ်စွာဘုရားသည် သူ့အား ဒီဃတပဿီနှင့် ဆွေးနွေးခဲ့သော အကြောင်းတို့ကို ပြန်၍ ပြောပြ၏။ ထိုနောက် ဥပါလိ သူကြွယ်က ပြောပြ၏။

"ဘန္တေ၊ ကျွန်ုပ်သည် ဒီဃတပဿီအား အကြွင်းမဲ့ ထောက်ခံပေးပါ၏။ အကြောင်းကား ဆရာ၏ဥပဒေသနက်နဲသော သဘောတရားကို ဥာဏ်ကြီးသော တပည့်ကြီး ပီသစွာ သင့်အား သင့်လျော်စွာ ပြောပြသောကြောင့်ဖြစ်၏။ ဤအချည်းနှီး တုန်လှုပ်ဖြစ်သော မနောဒဏ်သည် ကြီးမားသော ကာယဒဏ်ရှေ့တွင် တင့်တယ်မှု ရနိုင်ပါမည်လော။ အကုသိုလ်ပြုရာတွင် ကာယဒဏ်မှာ အပြစ်ကြီးလှစွာ၏။ ဝစီဒဏ်နှင့် မနောဒဏ်မှာ ထိုမျှ အပြစ်မထိုက်ချေ"

"ဂဟပတိ၊ အကယ်၍ သင်သည် အမှန်တရားတွင်တည်ရှိ၍တရားမျှတမှုကို လက်ခံနိုင်ပါလျှင် ငါတို့နှစ်ဦးဆွေးနွေးမှုဖြစ်နိုင်၏"

"ဘန္တေ၊ ကျွန်ုပ်သည် သစ္စာတွင်တည်၍ တရားမျှတမှုကိုလက်ခံနိုင်ပါ၏။ သို့ကြောင့် ငါတို့နှစ်ဦး ဆွေးနွေးနိုင်ပါ၏"

"ဂဟပတိ၊ အကယ်၍ တစုံတယောက်သော နိဂဏ္ဌသည် သေခြင်း၏ခံတွင်းသို့ ရောက်နေပါသော် နိဂဏ္ဌ နာထ ပုတ္တသည် ထိုသူ၏ နောက်ဘဝကို ဘယ်သို့ ညွှန်ပြပါသနည်း"

"ဘန္တေ၊ မနောသတ္တ အမည်ရှိသော ဒေဝတာ ရောက်လာသောအခါ မွေးဖွားခြင်း ပြုပါ၏"

"အကြောင်း အသို့ပါနည်း"

"ဘန္တေ၊ အကြွင်းသူသည် စိတ်စွဲလမ်းမှုကို ယူ၍ သေမင်း ခံတွင်းသို့ ရောက်၏။ သို့ကြောင့် ထိုသူသည် မနောသတ္တ ဒေဝလောက၌ ပဋိသန္ဓေယူ၏"

"ဂဟပတိ၊ စဉ်းစား၍ ပြောပါလော့။ သင်၏ ရှေ့နောက် စကားသည် မညီမညွတ် ဖြစ်နေပါ၏။ ဂဟပတိ၊ သင် စောစောက ပြောခဲ့၏။ 'ဘန္တေ၊ ကျွန်ုပ်သည် သစ္စာတွင်တည်၍ တရားမျှတမှုကို လက်ခံနိုင်ပါ၏'။သို့ကြောင့် ငါတို့နှစ်ဦး ဆွေးနွေးနိုင်ပါ၏။"

"အရှင်မူ ဤသို့ဆိုပါ၏။ 'မကောင်းမှုတွင် မနောကံသည် အဖြစ်ကြီး၏'။"

"ဂဟပတိ၊ ဤနေရာတွင် စတုယာမ တရား (သူ့အသက်ကို မသတ်ခြင်း၊ သူ့ဥစ္စာကို မခိုးခြင်း၊ မုသား မပြောခြင်း၊ ကာမဂုဏ် မခံစားခြင်း) လေးပါးကို စောင့်စည်းသော နိဂဏ္ဌသည် ခရီးသွားလာသောအခါ များစွာသေးငယ်သော ပိုးမွှားကလေးများ သေကြေပျက်စီးလိမ့်မည်။ ထိုအခါ ဘယ်ကဲ့သို့ အကျိုးဖြစ်မည်နည်း"

"နိဂဏ္ဌ နာထ ပုတြသည် စေတနာမရှိလျှင် အပြစ်မရှိဟုဆို၏"

"အကယ်၍ စေတနာရှိပါလျှင်"

"ဘန္တေ၊ သို့ဖြစ်ပါလျှင် လွန်စွာ အပြစ်ကြီးပါ၏"

"ဂဟပတိ၊ စေတနာကို နိဂဏ္ဌ နာထ ပုတြသည် ဘယ်အတွင်းသို့ သွင်းသနည်း"

"ဘန္တေ၊ မနောဒဏ္ဍ"

"ဂဟပတိ၊ စဉ်းစား၍ အဖြေပေးပါလေ"

"အရှင်သာ စဉ်းစား၍ ပြောပြပါလော"

"ဂဟပတိ၊ ဤနာလန္ဒာသည် များစွာသောလူတို့ဖြင့် ပြည့်နက်နေသည် မဟုတ်ပါလော"

"မှန်ပါ၏ ဘန္တေ"

"အကယ်၍ ဤသို့ တစုံတယောက်သောသူသည် ဓားလှတ်ကို ကိုင်ကာ ဤနာလန္ဒာမှာ ရှိသမျှ လူအလုံးစုံကို တခဏအတွင်း

မှာ အသားတောင်ကြီး ဖြစ်စေမည်ဟု ကြိမ်းမောင်းအံ့။ ဂဟပတိ၊ ဤသူပြောသည့်အတိုင်း ဖြစ်နိုင်ပါမည်လော”

“ဘန္တေ၊ လူ လေးငါးဆယ်မျှသော်လည်း နာလန္ဒာမှ လူအလုံးစုံကို အသားပုံဖြစ်အောင် မလုပ်နိုင်ပါ။ တဦးတယောက်မျှဖြင့် ဆိုဘွယ်ရာ မရှိပါ”

“ဂဟပတိ၊ အကယ်၍ ဤသို့ ဣဒ္ဓိကိုအောင်ပြီးသော သမဏ၊ သို့မဟုတ် ဗြာဟ္မဏ တစုံတယောက်လာပြီး ‘ငါသည် ဤနာလန္ဒာ တမြို့လုံးကို စိတ်အမျက်(မာနသိက ကောဓ)ဖြင့် ပြာဖြစ်စေအံ့’ဟု ကြိမ်းမောင်းအံ့။ ဂဟပတိ၊ ဤသမဏ သို့မဟုတ် ဗြာဟ္မဏ ပြောတိုင်းဖြစ်နိုင်ပါမည်လော”

“ဘန္တေ၊ ဤသို့သဘောရှိသော သမဏ၊ သို့မဟုတ် ဗြာဟ္မဏသည် နာလန္ဒာကဲ့သို့သော မြို့ပေါင်း ငါးရာသော်လည်း စိတ်၌ဖြစ်သော အမျက်ဒေါသဖြင့် ပြာဖြစ်စေနိုင်ပါ၏။ နာလန္ဒာကဲ့သို့သော တမြို့မှာ ဆိုဘွယ်မရှိပါ”

“ဂဟပတိ၊ စဉ်းစား၍ အဖြေပေးပါဘိ”

“မြတ်စွာဘုရား”

“ဂဟပတိ၊ သင်သည် ဒဏ္ဍကတော၊ ကလိင်္ဂတော၊ မေဇ္ဈတောနှင့် မာတင်္ဂတောတို့ ဘယ့်ကြောင့် တောဖြစ်သည်ဟု ကြားဘူး၍ မဟုတ်လော”

“ဘန္တေ၊ ကြားဘူးပါ၏”

“ဒဏ္ဍကတောသည် အဘယ်ကြောင့် တောဖြစ်ရပါသနည်း”

“ဘန္တေ၊ ရသေ့၏ စိတ်မှာဖြစ်သော ဒေါသအမျက် (မာနသိက ဒေါသ)ကြောင့် တောဖြစ်သွားသည်ဟု ကြားဘူးပါ၏”

“ဂဟပတိ၊ စကားကို စဉ်းစား၍ ပြောသင့်၏။ သင်၏ ရှေ့နောက်စကားမှာ မညီမညွတ် ဖြစ်နေ၏”

"ဘန္တေ၊ ကျွန်ုပ်သည် အရှင်၏ ပထမဆုံးသော ဥပမာဖြင့်ပင် အရှင်အား နှစ်သက်ကြည်ညိုခဲ့ပါ၏။ ဆန်းကြယ်သော ပြဿနာတို့ ဖွင့်ဆိုချက်တို့ကို တဖန် နာယူလိုပါသဖြင့် ကျွန်ုပ်သည် အရှင်အား အကြိမ်ကြိမ် ပြဿနာ မေးလျှောက်ခြင်း ဖြစ်ပါ၏။ ထူးထွေဆန်းကြယ် အံ့သြဘွယ်ကောင်းပါပေ၏ အရှင်။ မှောက်ထားသည်ကို လှန်၍ပြသကဲ့သို့ရင်း၊ ဖုံးပိတ်ထားသည်ကို ဖွင့်လှစ်လိုက်သကဲ့သို့ရင်း၊ အမိုက်မှောင်တွင် မီးထွန်းလိုက်သကဲ့သို့ရင်း ထင်လင်းစွာ မြင်ရပါ၏။ မြတ်စွာဘုရား၊ ယနေ့ကစ၍ ကျွန်ုပ်အား ဥပါသကာဟု ယူဆတော်မူပါ"

"ဂဟပတိ၊ စဉ်းစား၍ အလုပ်ကိုလုပ်လော့။ သင်ကဲ့သို့ပင် အလုံးစုံသော သူတို့သည် စဉ်းစား၍ လုပ်သင့်ကြပါ၏"

"ဘန္တေ၊ အရှင်၏ ဤစကား ဝါကျသည် ကျွန်ုပ်အား ထပ်၍ နှစ်သက်စရာ ဖြစ်ပြန်ပါ၏။ ကျွန်ုပ်သည် အကယ်၍ တိတ္ထိတို့၏ အယူဝါကို လက်ခံပါလျှင် သူတို့သည် နာလန္ဒာတမြို့လုံး လမ်းတိုင်းတွင် အလံကိုကိုင်ဆောင်ကာ 'ဥပါလိသည် ငါတို့၏ ဓမ္မကို လက်ခံပြီ'ဟု လှည့်လည် ကြွေးကြော်ကြပါမည်။ အရှင် ကား စဉ်းစားရန်ပင် ညွှန်ကြားနေပါ၏။ သို့ကြောင့် ကျွန်ုပ်သည် ဒုတိယံပိ နှစ်ကြိမ်မြောက်လည်း ဓမ္မသံဃာနှင့်တကွ အရှင်အား ကိုးကွယ်ဆည်းကပ်ပါ၏"

"ဂဟပတိ၊ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာက သင်တို့၏ အမျိုးသည် နိဂဏ္ဌတို့ကို ကိုးကွယ်လာခဲ့၏။ ထို့ကြောင့် ထိုသူတို့ သင်၏ အိမ်သို့လာလျှင် 'ကျွေးမွေး ပြုစုခြင်း မပြုတော့'ဟု စိတ်တွင် ဤသို့ မဆောက်တည်သင့်ချေ"

"ဘန္တေ၊ အရှင်၏ ဤစကားသည် ကျွန်ုပ်အား ထပ်၍ နှစ်သက်စရာ ဖြစ်ပြန်ပါ၏။ ကျွန်ုပ် ကြားဘူးသည်မှာ သမဏ ဂေါတမ

သည် ဤသို့ဆို၏။ 'ငါ့ကို လှူလော့။သူတို့ကို မလှူကြလင့်။အခြား ငါ၏ တပည့်သားတို့ကို လှူလော့။အခြားသူတို့၏တပည့်သားတို့ကို မလှူကြလင့်။ ငါ့ကိုလှူလျှင် အကျိုးကြီး၏။ အခြားသူတို့ကိုလှူလျှင် အကျိုးမရှိ။ ငါ၏ တပည့်သားတို့ကိုလှူလျှင် အကျိုးရှိ၏။ အခြားသူတို့၏ တပည့်သားတို့ကို လှူလျှင် အကျိုးမရှိ'။ သို့ရာတွင် အရှင်သည် ကျွန်ုပ်အား နိဂဏ္ဌတို့ကို ပေးလှူရန် ညွှန်ကြား၏။ ကျွန်ုပ်သည် ဤစကားကိုလည်း နှစ်သက်လှပါ၏။ သို့ကြောင့် တတိယံပိ သုံးကြိမ်မြောက်လည်း ဓမ္မ သံဃနှင့်တကွ အရှင်အား ကိုးကွယ်ဆည်းကပ်ပါ၏"

ထိုအခါ ဗုဒ္ဓသည် သူ့ကို ဒါန သီလ ကာမဂုဏ်ခံစားခြင်း၏ အပြစ် အစရှိသည်တို့နှင့် ပတ်သက်သော ဓမ္မတရားကို ဟောကြား၏။ တရားအဆုံးတွင် ဥပါလိသူကြွယ်သည် နေရာတွင် ထိုင်လျက်ပင် အညစ်အကြေးကင်း၍ သန့်ရှင်းသော ဓမ္မစက္ခုကို ရသွားလေ၏။

ထိုအခါ ဥပါလိက လျှောက်ကြား၏။

"ဘန္တေ၊ ယခုအခါ ကျွန်ုပ်သွားပါဦးမည်။ ကျွန်ုပ်အား များစွာသော အလုပ်ကိစ္စတို့ ရှိကုန်၏"

"ဂဟပတိ၊ သင်လုပ်စရာရှိသော အလုပ်ကို လုပ်ပါဘိ"

ဥပါလိသည် မြတ်စွာဘုရားအား ရှိခိုးကာ လက်ယာရစ်လှည့်ကာ အရိုအသေ ပြုပြီးနောက် အိမ်သို့ ပြန်လေ၏။ အိမ်သို့ရောက်လျှင် တံခါးစောင့်သူကို ခေါ်၍ အမိန့်ပေး၏။

"ဒွာရပါလ၊ ယနေ့မှစ၍ နိဂဏ္ဌနှင့် နိဂဏ္ဌီ (ရသေ့မ)တို့ အတွက် ငါ၏တံခါးကို ပိတ်ထားလော့။ ဗုဒ္ဓမြတ်စွာ ထို့ပြင် ဘိက္ခု ဘိက္ခုနီနှင့် ဥပါသကာ ဥပါသိကာတို့အတွက် တံခါး ဖွင့်ထားလော့။ အကယ်၍ နိဂဏ္ဌတို့ လာပြီးမေးလျှင် ပြောလိုက်ပါဘိ။

'သင်တို့ အပြင်သို့ ထွက်သွားကြလော့။ ယနေ့မှစ၍ ဥပါလိ သူကြွယ်သည် ဂေါတမ၏ဓမ္မကို လက်ခံယုံကြည်နေပြီ။ နိဂဏ္ဌနှင့် နိဂဏ္ဌီတို့အတွက် တံခါးပိတ်ထား၏။ မြတ်စွာဘုရားနှင့် သူ၏တပည့်သားတို့ အတွက်သာ တံခါး ဖွင့်ပေးပါဟု အမိန့်ပေးထား၏။ အကယ်၍ သင်တို့ ဆွမ်းဘောဇဉ်ကို လိုချင်ကြမူ ဤတွင်ပင် နေကြပါ။ ကျွန်ုပ် ယူဆောင်၍ပေးမည်။' "

တံခါးစောင့်သည် ဥပါလိ၏ အမိန့်ကို ဦးထိပ်ရွက် ပန်ဆင်လေ၏။

တနေ့တွင် နိဂဏ္ဌ နာသ ပုတြသည် ပရိသတ်နှင့်တကွ အိမ် အပြင်သို့ ရောက်လာ၏။ ရှေးအခါက ဥပါလိသည် သူလာသည်ကို အဝေးမှမြင်လျှင် အလွန်ချစ်ကြည် မြတ်နိုးစွာဖြင့်ခရီးဦးကြိုလျက် ကိုယ်တိုင် နေရာ ခင်းပေး၏။ ယခုမူ မြတ်သောနေရာတွင် သူက ထိုင်လျက် နိဂဏ္ဌ နာသ ပုတြအား ပြောပြ၏။

"အရှင်၊ နေရာအသင့် ရှိပါ၏။ ထိုင်လိုက ထိုင်ပါဘိ"

ဥပါလိ၏ ဤကဲ့သို့သော ဆက်ဆံမှုကို တွေ့မြင်ရသောအခါ နိဂဏ္ဌ နာသ ပုတြသည် စိတ်ပျက်စွာဖြင့် ပြောပြ၏။

"ဥပါလိ၊ သင်သည် အရူးလည်း မဟုတ်ချေ။ သစ်ငုတ်လည်း မဟုတ်တန်ရာ"

"မှန်ပါ၏။ သို့ကြောင့်ပင် ဗုဒ္ဓအား အထူးပင် လေးစားခြင်း ဖြစ်၏"

"ဂဟပတိ၊ မုတ္တာကုသောသူသည် သူတပါး၏ မုတ္တာကို ကုသရင်း ကိုယ်တိုင် မုတ္တာ ဖြစ်လာသကဲ့သို့ရင်း၊ မျက်စိကု ဆရာသည် သူတပါးတို့၏ မျက်စိကို ကုသရင်း ကိုယ်တိုင် မျက်စိကန်း သကဲ့သို့ရင်း ထို့အတူ သင်လည်း သမဏ ဂေါတမ၏ တက္ကကို အနိုင်

ယူရန်သွားရာ ကိုယ်တိုင် အရှုံးပေးပြီး လာခဲ့၏။ သင်သည် သမ္မာ ဂေါတမ၏ အာဝတ္တနီ မာယာအတွင်းသို့ သက်ဆင်းမိလေပြီ"

"အရှင်၊ အာဝတ္တနီ မာယာသည် လွန်မြတ်သော ချမ်းသာသုခကို ပေး၏။ လွန်ကဲသော ကောင်းကျိုးကို ပြု၏။ အကယ်၍ ကျွန်ုပ်၏ ဆွေမျိုးသားချင်းတို့သည် ဤမာယာ ကြောင့်ကွင်းတွင် နှောင်ဖွဲ့ခြင်း ခံရပါက ရှည်မြင့်စွာသော ကာလပတ်လုံး ချမ်းသာရန်အတွက် ဖြစ်မည်။ အကယ်၍ အလုံးစုံသော လူ နတ် ဗြဟ္မာ သတ္တဝါတို့သည် ဤအာဝတ္တနီ မာယာတွင်းသို့ သက်ဆင်းမိပါက အလုံးစုံသော ထိုသူတို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး ချမ်းသာရန်အတွက် ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်သည် သင့်အား ဥပမာတခု ပြောပါမည်။

"ရှေးအခါက ပုဏ္ဏားအိုကြီး တဦး၏ မိန်းမပျိုကလေးသည် ကိုယ်ဝန် အရင့်အမာ ဖြစ်နေ၏။ တနေ့တွင် သူသည် သူ၏လင်အိုကြီးအား ပြောပြ၏။ 'ငါ၏ ခလေးကစားရန်အတွက် ဗာရာဏသီသို့သွားပြီး အရုပ်ဝယ်ခဲ့ပါ'။ ပုဏ္ဏားသည် မိန်းမပျိုအား ပြန်ပြော၏။ 'သင်သည် ခေတ္တ စောင့်ပါဦး။ ခလေးမွေးသောအခါ သူနှင့်အတူ ဗာရာဏသီသို့ သွားပြီး ဝယ်ပေးပါမည်'။ သို့ရာတွင် မိန်းမပျိုက လက်မခံချေ။ အကြိမ်ကြိမ် ပြောပြသော်လည်း မနာယူသဖြင့် နောက်ဆုံးတွင် ပုဏ္ဏားအိုကြီးသည် ဗာရာဏသီသို့ သွားပြီး အရုပ်ဝယ်ပေးလိုက်ကာ ပြောပြ၏။ 'ရှင်မ၊ အရုပ်ဝယ်ခဲ့ပြီ။ ဒီအရုပ်ဖြင့် သင်၏ အနာဂတ်ကလေး ကစားပါစေလော့'။ မိန်းမပျိုက တဖန် ဆိုပြန်၏။ 'အရှင်၊ ဒီအရုပ်ကို ဆေးဆိုးသမားဆီ ယူသွားပြီး ရွှေဝါရောင် ဆိုး၍ နူးညံ့ ပျော့ပျောင်းအောင် လုပ်ပေးပါဟု ပြောပါ'။ အေးအေး ချမ်းချမ်း လိုလား၍ တွေဝေ မိန်းမောနေသော ပုဏ္ဏားအိုကြီးသည် အရုပ်ကို ယူကာ

ဆေးဆိုးသမားထံ သွားပြီး အကြောင်းကို ပြောပြ၏။ ထိုအခါ ဆေးဆိုးသမားက ပြန်ပြော၏။ 'လူကြီးမင်း၊ သင်၏ ဤအရုပ်ကို ဆေးဆိုး နိုင်ပါ၏။ သို့ရာတွင် နူးညံ့ သိမ်မွေ့အောင်ကား မလုပ်နိုင်ပါ'။

"အရှင်၊ ဤနည်းတူစွာ တပါးသော နိဂဏ္ဌတို့၏ အယူဝါဒသည် သူမိုက်တို့အား နှစ်သက်စေနိုင်၏။ သို့ရာတွင် ပညာရှိတို့ ကျေနပ် လက်ခံနိုင်ခြင်း မရှိချေ။

"အရှင်၊ ထိုနောက် တနေ့တွင် ထိုပုဏ္ဏားသည် အဝတ်ဖြူ တစုံကို ယူသွားပြီး ဆေးဆိုးသမားအား ပြောပြ၏။ 'ငါ၏ ဤ ဝတ်စုံကို ဆေးဆိုးပြီး အရောင်တင်ပေးပါဘိ'။ ဆေးဆိုးသမားသည် ဝတ်စုံကို ဆိုးပြီး အရောင်တင်ပေးလိုက်၏။ ထိုနည်းတူစွာ မြတ်စွာဘုရား၏ အယူအဆတို့သည် ပညာရှိတို့အား နှစ်သက်စေနိုင်၏။ သို့ရာတွင် သူမိုက်တို့ကား နှစ်သက်ခြင်း မရှိချေ။ ဤဓမ္မကို စူးစမ်း လေ့လာထိုက်၏"

"ဂဟပတိ၊ လူတိုင်းက သင် ငါ့တပည့်ဟု သိကြ၏။ ယခုအခါ သင်သည် ဘယ်သူ၏ တပည့်နည်း"

ထိုအခါ ဥပါလိသည် နေရာမှကာ အပေါ်ရုံကို ပခုံးပေါ်တင်၏။ မြတ်စွာဘုရား စံနေရာဘက်သို့ မျက်နှာမူကာ ရှိခိုးပြီး နိဂဏ္ဌ နာထ ပုတ္တအား ပြောပြ၏။ "အရှင်၊ ကျွန်ုပ် ဘယ်သူ၏ တပည့် ဖြစ်ကြောင်း နားဆင်ပါဘိ။

"အကြင်သူသည် သမာဓိရှိ၏။ မောဟကင်း၏။ ဆူးငြောင့်ကို နှုတ်ပယ်၏။ မာရ်ကို အောင်မြင်၏။ ဒုက္ခကင်း၏။ စိတ်ကို ကောင်းစွာ စောင့်စည်း၏။ ကောင်းမြတ်သော သီလ ရှိ၏။ အညစ်အကြေးကင်းသော ပညာတန်ဆောင် ရှိ၏။ အကြင်သူသည် ငြင်းခုံခြင်းမှ ကင်း၏။ ရောင့်ရဲ၏။ လောကီအာရုံ ကာမဂုဏ်ကို သာယာ

ခံစားခြင်း မရှိ။ လုံ့လရှိ၏။ ယောကျ်ားမြတ်ဖြစ်၏။ နောက်ဆုံး ဖြစ်သော ကိုယ်ခန္ဓာကို ဆောင်၏။ ဥပမာကို လွန်မြောက်၍ မြူမှုံ ကင်း၏။

"အကြင်သူသည် ယုံမှားသံသယ မရှိ။ ကျွမ်းကျင် လိမ္မာ၏။ ဆုံးမတတ်၏။ မြတ်သော ရထားထိန်း ဖြစ်၏။ အတု မရှိ။ ဓမ္မကို သိ၏။ ယုံမှားခြင်း ကင်း၏။ အလင်းကို ဆောင်၏။ မာနကို ဖြတ်တောက်၏။ အကြင်သူသည် မြတ်၏။ မနှိုင်းယှဉ်နိုင်။ နက်ရှိုင်း၏။ မုနိအဖြစ်သို့ ရောက်၏။ ငြိမ်းချမ်းမှုကို ပြု၏။ ပညာ ရှိ၏။ ဓမ္မကို သိ၏။ အထူး စောင့်စည်း၏။ အာရုံမှကင်း၍ လွတ်မြောက်၏။ ထိုသူသည် ငါ၏ ဆရာဖြစ်၏။

"အကြင်သူသည် ရဟန္တာ ဖြစ်၏။ တဦးတည်း နေလေ့ရှိ၏။ သံယောဇဉ် ကင်း၏။ လွတ်မြောက်၏။ ဝါဒ၌ ကျွမ်းကျင်၏။ ဖြူစင်၏။ တံခွန် ထူ၏။ ရာဂကင်း၏။ ယဉ်ကျေး၍ သံသရာချဲ့ခြင်း မရှိ။ အကြင်သူသည် ဣသိ သတ္တမ ဖြစ်၏။ အပယ်၏ အဆုံးကို ပြု၏။ ဝိဇ္ဇာသုံးပါးနှင့် ယှဉ်၏။ ဗြဟ္မာ ဖြစ်၏။ နိဗ္ဗာန်သို့ ရောက်၏။ စင်ကြယ်၏။ ချီးမွမ်း အပ်၏။ သိသင့်သည်ကို သိ၏။ အကြင်သူသည် အရိယာဖြစ်၏။ ပွားအပ်သည်ကို ပွားပြီး ဖြစ်၏။ ရောက်အပ်သည်ကို ရောက်ပြီးဖြစ်၏။ ဗျာကရဏ်းကို သိ၏။ သတိရှိ၏။ အထူး သိမြင်၏။ မာန်မာန ဆိတ်သုဉ်း၏။ ကိုင်းညွတ်ခြင်း မရှိ။ မတုန်လှုပ်မှု၍ အလိုအတိုင်း ဖြစ်၏။ ငါသည် ထိုသူ၏ တပည့် ဖြစ်၏"

"ဂဟပတိ၊ သင်သည် ဘယ်အခါက သမဏ ဂေါတမ၏ ဂုဏ်ကျေးဇူးတို့ကို သင်ကြားထားဘိ သနည်း"

"အရှင်၊ ကျွမ်းကျင်သော ပန်းကုံးသမား သို့မဟုတ် သူ၏ တပည့်သည် အမျိုးမျိုးသော ပန်းတို့၏ အစုအပုံမှ ထူးထွေ ဆန်း

ပြားသော ပန်းကုံးတို့ကို သီကုံး၍ မဆုံးသကဲ့သို့ ထို့အတူ မြတ်စွာ ဘုရား၏ များပြားလှစွာသော ဂုဏ်ကျေးဇူးတို့ကို ချီးကျူး၍ မဆုံးနိုင်ပါ”

ထိုအခါ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို မကြားနာနိုင်သော နိဂဏ္ဌ နာဋ ပုတြသည် ထိုနေရာမှာပင် သွေးစိမ်းအန်လေတော့၏။

× × ×

## သေနာပတိ သီဟ

ဗုဒ္ဓသည် တရံသောအခါ ဝေသာလီပြည် ကူဋာဂါရတွင် စံနေတော်မူ၏။ ထိုအခါ များစွာ ထင်ရှား ကျော်စောသော လိစ္ဆဝီ ပဇာတန္တရ (ပြည်သူ့လွှတ်တော်) သဘင်ဆောင်တွင် တညီတညွတ်တည်း ဗုဒ္ဓ ဓမ္မနှင့် သံဃာအား ချီးကျူးကြ၏။ ထိုစဉ်တွင် ဂျိန်း အယူဝါဒကို လက်ခံယုံကြည်သော လိစ္ဆဝီမင်းတို့၏ သေနာပတိ သီဟလည်း ဤသဘင်တွင် ရှိလေ၏။ ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးများကို ကြားရ၍ သူက စဉ်းစား၏။

‘ထင်ရှား ကျော်စောသော ဤ လိစ္ဆဝီတို့သည် ဗုဒ္ဓ၏ ထိုသို့ သဘောရှိသော ဂုဏ်ကျေးဇူးတို့ကို ချီးကျူး ပြောဆိုနေကြ၏။ သို့ကြောင့် ငါ သိရ၏။ သူသည် အမှန်ပင် သမ္မာသမ္ဗုဒ္ဓ ဖြစ်လိမ့်မည်။ ငါ သူနှင့် တွေ့ဆုံရန် သွားမည်’

တနေ့တွင် သူသည် သူ၏ ဆရာ နိဂဏ္ဌ နာဋ ပုတြ၏အထံ သွားပြီး ပြောကြား၏။

“ဘန္တေ၊ ကျွန်ုပ်သည် သမဏဂေါတမနှင့် တွေ့ဆုံရန်အတွက် သွားချင်ပါ၏”

"သီဟ၊ သမဏ ဂေါတမသည် အ ကရိယာဝါဒီ ဖြစ်၏။ သူသည် သူ၏ တပည့်များအား အ ကရိယာဝါဒ ဥပဒေသများကို ပေးနေ၏။ ကရိယာ ဝါဒီ ဖြစ်သော သင်သည် သူ့ထံသို့ မသွားသင့်ချေ"

ထိုအခါ သီဟသေနာပတိသည် မြတ်စွာဘုရားနှင့် တွေ့ဆုံလိုသည့် အလိုဆန္ဒကို ဖိနှိပ်ထားလိုက်ရ၏။

နောက်တခါတွင်လည်း လိစ္ဆဝီတို့၏ နှုတ်မှ ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးများ ချီးကျူး နေကြသည်များကို ကြားရပြန်၍ သူ၏ ထက်သန်သော ဝါသနာ လှုပ်ရှားလာပြန်၏။ သို့ရာတွင် ဤအခါမှာလည်း နိဂဏ္ဌ နာထ ပုတ္တ တားဆီး ပိတ်ပင်ပြန်၍ သူ၏ တက်ကြွသော အဟုန်ကို ဖိနှိပ်ထားရပြန်၏။ သူသည် တတိယံပိ သုံးကြိမ်မြောက် ဗုဒ္ဓ၏ ဂုဏ်သတင်းကို ထင်လင်းစွာ ကြားရပြန်သော် စဉ်းစားလေတော့၏။

'နိဂဏ္ဌ နာထ ပုတ္တ၏ အခွင့်သည် အဘယ်နည်း။ အခွင့်မရဘဲ သွားသဖြင့် ငါ့အား ဘာဖြစ်မည်နည်း။ သူ့အား ပန်ကြားမနေဘဲ ငါ ဗုဒ္ဓနှင့် တွေ့ရန် သွားမည်'

နေ့လယ် မွန်းတည့်အချိန် ဖြစ်၏။ ရထားငါးရာကို ပြင်ဆင်ထား၏။ သီဟသေနာပတိသည် အခြံအရံများနှင့်တကွ ရထားပေါ်တက်၍ ဗုဒ္ဓနှင့် တွေ့ဆုံရန် သွားလေ၏။ ကျောင်းနှင့် အနီး ခရီးဆုံသို့ ရောက်သောအခါ သီဟသေနာပတိနှင့် သူ၏လူများသည် ရထားပေါ်မှဆင်းကာ ကူဋာဂါရသို့ သွားကြ၏။ ထိုနောက် ကျောင်းတွင်းသို့ ဝင်ကာ ဗုဒ္ဓအား ရှိခိုးပြီး သင့်လျော်သော တနေရာတွင် ထိုင်လျက် မေးလျှောက်၏။

"ဘန္တေ၊ အကျွန်ုပ်ကြားပါ၏။ 'သမဏဂေါတမသည် အ ကရိယာ ဝါဒီဖြစ်၍ အ ကရိယာဝါဒနှင့် ပတ်သက်သော ဥပဒေသကို

ပေး၏။ ထိုဝါဒကို တပည့်များ လိုက်နာကြ၏’။ ဤသို့လျှင် ပြောကြပါ၏။ ပြောကြသည့်အတိုင်း မှန်ပါသလော။ ထိုသူတို့သည် မြတ်စွာဘုရား၏ အကျိုးမဲ့ကို ပြောကြခြင်းလော။ ကျွန်ုပ်သည် မြတ်စွာဘုရားအား ငှတ်ချခြင်းကို မလိုလားပါ”

“သီဟ၊ ငါ့ကို အကရိယာ ဝါဒီဟု ပြောကြခြင်းမှာ အကြောင်းရင်း ရှိ၏။ ငါသည် ယုတ်ညံ့သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို အကရိယာ မပြုချေ။ သို့ကြောင့် ငါ့ကို အကရိယာဝါဒီဟု ဆိုလျှင် မှန်၏။ ဤအကြောင်းကြောင့် ငါသည် အကရိယာဝါဒီလည်း ဖြစ်၏။

“သီဟ၊ ငါသည် ကရိယာဝါဒီဖြစ်၏။ အကြင်ကြောင့် ငါသည် ကောင်းမြတ်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုကို ကရိယာပြု၏။ သို့ကြောင့် ငါ့ကို ကရိယာဝါဒီဟုဆိုလျှင် မှန်၏။ ဤအကြောင်းကြောင့် ငါသည် ကရိယာဝါဒီလည်း ဖြစ်၏”

ထိုအခါ သီဟ သေနာပတိ သည် မြတ်စွာ ဘုရားအား လျှောက်ကြား၏။

“ဘန္တေ၊ အံ့သြဘွယ် ဖြစ်၏။ မဖြစ်ပေါ်စဘူး ထူးခြားလှပါ၏။ ယခု အခါမှ စ၍ ကျွန်ုပ်အား ဥပါသကာဟု ယူဆတော်မူပါ”

“သီဟ၊ စဉ်းစားပြီး ပြုလုပ်ပါဘိ။ သင်ကဲ့သို့ပင် လူတိုင်းလည်း အထူးစဉ်းစား၍ လုပ်သင့်၏”

“ဘန္တေ၊ အရှင်၏ ဤစကားသည် ကျွန်ုပ်အား တဖန် နှစ်သက်ခြင်း ဖြစ်ရစေပြန်ပါ၏။ အခြားသော ဂိုဏ်းသား တို့သည် ကျွန်ုပ်ကဲ့သို့သော တပည့်ကို ရပါလျှင် ဝေသာလီ၏ အလုံးစုံသော လမ်းတို့တွင် အလံကိုင်ဆောင်ကာ လှည့်လည်ပြီး ‘သီဟ သေနာပတိသည် ငါတို့၏ ဝါဒကို လက်ခံ ယုံကြည်၏’ဟု လှည့်

လည်း ကြွေးကြော်ကြပါမည်။ သို့ရာတွင် အရှင်က 'စဉ်းစား၍ ဓမ္မတရားကို ယူဆ'ဟု ဆိုပါ၏။ သို့ကြောင့် ကျွန်ုပ် နှစ်သက်လှပါ၍ ဒုတိယံပိ ဗုဒ္ဓဓမ္မ နှင့် သံဃာအား ကိုးကွယ် ဆည်းကပ်ပါ၏"

"သီဟ၊ သင်၏ အမျိုးသည် ကြာမြင့်စွာသော ကာလက အခြားသော အယူဝါဒကို ယူဆလက်ခံခဲ့၏။ သင်သည် ငါ၏ ဓမ္မတရားကို သင်ကြား၏။ သို့ကြောင့် သင်၏ အိမ်သို့ ရောက်လာသော ထိုသူတို့အား အလှူဒါန ပြုအံ့ဟု ဆောက်တည်ရမည်"

"ဘန္တေ၊ အရှင်၏ ဤစကားသည် ကျွန်ုပ်အား လွန်ကဲသော ပီတိကို ဖြစ်စေပြန်ပါ၏။ ကျွန်ုပ် ကြားဘူးပါ၏။ 'သမဏ ဂေါတမ ပြောပြ၏— ငါ့အား လှူလော့! အခြားသူတို့အားမလှူသင့်။ ယခုတွေ့မြင်ရသည်မှာ အရှင်သည် အခြားသော ဂိုဏ်းဂဏတို့အား ပေးလှူရန် အတွက် ညွှန်ကြား၏ အရှင်။ သို့ကြောင့် အရှင်နှင့် ဓမ္မတရား၊သံဃာများကို သုံးကြိမ်မြောက် ကိုးကွယ် ဆည်းကပ်ပါ၏"

ထို့နောက် မြတ်စွာဘုရားသည် သူ့အား ဒါန သီလ သဂ္ဂကာမဂုဏ်ခံစားခြင်း အပြစ်နှင့် စွန့်လွှတ်ခြင်း၏ အကျိုးကြီးပုံတို့ကို ဟောကြားတော်မူ၏။ သို့ဖြင့် သူ၏ စိတ် နူးညံ့လာသော အခါ ဗုဒ္ဓသည် သူ့အား အရိယာတို့၏ အမှန်တရားလေးပါးကို ဟောကြားပြန်၏။ ထိုအခါ ကောင်းမွန်သော အဝတ်ကို မွန်မြတ်သော ဆိုးရေ ဆိုးလိုက်ဘိသကဲ့သို့ ရုပ်ထွေးနေသော သူ၏ စိတ်မှာ အညစ်အကြေးကင်း၍ သန့်ရှင်း သွားပြီး ဗုဒ္ဓအား လျှောက်ကြား၏။

"ဘန္တေ၊ ဘိက္ခုသံဃာနှင့်တကွ အရှင်သည် ကျွန်ုပ်၏ အိမ်သို့ နက်ဖြန်အတွက် ဆွမ်းခံတော်မူပါ"

မြတ်စွာဘုရားသည် ဝဲ့ကျ်ဘာဝေ ဆိတ်ဆိတ် နေခြင်းဖြင့် ခွင့်ပြုကြောင်းကို သိစေ၏။ သီဟသေနာပတိသည် မြတ်စွာဘုရား လက်ခံကြောင်း သိသောအခါ ရှိခိုး၍ လက်ယာရစ်လှည့်ကာ မိမိအိမ်ဂေဟာသို့ ပြန်ခဲ့၏။

အိမ်သို့ ရောက်သော အခါ အလုပ်သမားတို့အား စေခိုင်း၊ တိုက်တွန်း ရည်ညွှန်းခြင်း လွတ်ကင်းသော အမဲသားငါးကို ရှာဖွေရန် အမိန့်ပေး၏။

ညအခါတွင် သူကိုယ်တိုင် အိမ်တွင် ချက်ပြုတ်ပြီး မွန်မြတ်သော စားသောက်ဖွယ် ဘောဇဉ်တို့ကို အသင့်ပြင်ထား၏။ နံနက်မိုးသောက် အချိန်ရောက်သောအခါ မြတ်စွာဘုရားသည် ဘိက္ခုသံဃာနှင့်တကွ သူ၏အိမ်သို့ ကြွလာပြီး ခင်းထားသော နေရာတွင် ထိုင်၏။ ထိုနောက် သီဟသေနာပတိသည် ဗုဒ္ဓအမှူးရှိသော ဘိက္ခုသံဃာအား ဆွမ်းခဲဘွယ်တို့ကို ကိုယ်တိုင် ဆက်ကပ်၏။

ထိုအခါ များစွာသော ဂျိန်းရဟန်းတို့သည် ဝေသာလီပြည်တွင် လှည့်လည်ပြီး ပြောပြနေကြ၏။

"ယနေ့ သီဟသေနာပတိသည် သမဏဂေါတမ အတွက် များစွာသော သားငှက်တို့ကို သတ်ကာ ကျွေးနေ၏။ ဂေါတမသည် သူ့အား ရည်ညွှန်း၍ ပေါ်သော အသားကို စားသုံး၏"

ထိုသတင်းကို လူတယောက်ကြားခဲ့၍ သီဟသေနာပတိအား တိတ်တဆိတ် ပြောပြ၏။ ထိုအခါ သူက ပြန်၍ ပြောလိုက်၏။

"အဆွေ၊ ဤအချည်းနှီး သတင်းတို့ကို နားထောင်ခြင်းမှာ ဘာမျှ အကျိုးမရှိပါ။ သူတို့သည် ရှေးအခါကပင် ဗုဒ္ဓ၊ဓမ္မနှင့် သံဃာ၏ မဟုတ်မမှန်သော သတင်းများကို အစဉ်ပင် ပြောကြား

နေကြ၏။ အရှက် ကင်းမဲ့သော၊ သူတို့၏ မမှန်မကန်သော သတင်းများကို မယုံကြည်ပါနှင့်”

ဗုဒ္ဓနှင့် ဘိက္ခုသံဃ ဆွမ်းစားပြီးသောအခါ သူသည် နိမ့်သော တနေရာ၌ ထိုင်၏။ ဗုဒ္ဓသည် သူ့အား အချိန်အခါနှင့် လျော်ကပ်သော ဓမ္မဒေသနာကို ပေးပြီးလျှင် ဘိက္ခုသံဃနှင့် အတူ ပြန်ကြွသွား၏။

× × ×

## မေဏ္ဍက

ဗုဒ္ဓသည် ဝေသာလီတွင် အလိုရှိသမျှ စံနေပြီးနောက် ရဟန်းအများ ခြံရံလျက် ဘဒ္ဒိယ မြို့သို့ ကြွသွားတော်မူ၍ ဇာတိယ ဥယျာဉ်တွင် နေလေ၏။ ထိုသတင်းကို မေဏ္ဍက သေဋ္ဌေး ကြားလေ၏။

သကျမျိုးမှ ရဟန်း ဖြစ်သော သာကျပုတ္တ ဂေါတမသည် ဘဒ္ဒိယမြို့သို့ ရောက်လာပြီး ဇာတိယ တောအုပ်တွင် စံနေ၏။ လူအများသည် သူ၏ ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆိုနေကြ၏။

“ထိုမြတ်စွာ ဘုရားသည် ပူဇော်ခြင်းကို ခံယူနိုင်၏။ တရားအလုံးစုံကို အကုန်သိ၏။ ထိုကဲ့သို့သော မဟာပုရိသကို ဖူးမြော်တွေ့ဆုံသင့်၏”

ထိုနောက် သူသည် ကောင်းစွာ တန်ဆာဆင်သော မြင်းယာဉ်ကို စီးကာ ဗုဒ္ဓအား ဖူးမြော် တွေ့ဆုံရန် ဘဒ္ဒိယမြို့မှ ထွက်လေ၏။ များစွာသော တိတ္ထိ ပရိဗ္ဗာဇကတို့သည် မေဏ္ဍက သေဋ္ဌေးကို မေးကြ၏။

“ဂဟပတိ၊ သင် ဘယ်သို့ သွားမည်နည်း”

"အရှင်တို့၊ ကျွန်ုပ်သည် သမဏ ဂေါတမကို ဖူးတွေ့ရန် သွားနေပါ၏"

"ဂဟပတိ၊ သင်သည် ကိုယ်တိုင် ကရိယာဝါဒီ ဖြစ်ပါလျက် ဘယ်ကြောင့် အကရိယာဝါဒီဖြစ်သော သမဏဂေါ်တမကို ဖူးတွေ့ရန် သွားဘိ သနည်း။ သူသည် ကိုယ်တိုင် အကရိယာဝါဒီဖြစ်လျက် အ ကရိယာကို ထွန်းပြသော ဥပဒေသကို ပေးပြီး ယင်းဖြင့် သူ၏ တပည့်များကို ဆုံးမ သွန်သင်နေ၏။

ထိုအခါ မေဏ္ဍကာ၏ စိတ်တွင် ဖြစ်ပေါ်လာ၏။

'အမှန်ပင် ထိုမြတ်စွာ ဘုရားသည် ပူဇော်ခြင်းကို ခံထိုက်၍ တရားအလုံးစုံကို အကုန်သိလိမ့်မည်။ သို့ကြောင့် ဤတိတ္ထိ ပရိဗ္ဗာဇကတို့ သူ့ကို ငြူစူကြခြင်း ဖြစ်ပေလိမ့်မည်'

ဤသို့ ဆုံးဖြတ်ပြီး ဗုဒ္ဓ စံနေတော်မူရာ ဇာတိယ တောသို့သာ ဆက်လက်၍ သွား၏။ အနီးသို့ ရောက်သောအခါ မြင်းယာဉ်ပေါ်မှ ဆင်းပြီး ခြေလျင်သွား၏။ ဗုဒ္ဓ၏ အပါးသို့ ရောက်သောအခါ ရှိခိုးပူဇော်လျက် ဗုဒ္ဓ၏ ကျန်းမာချမ်းသာကြောင်း သတင်းကောင်းကို မေးလျှောက်ကာ ထိုင်နေ၏။ ဗုဒ္ဓသည် သူ့အား ဒါန၊ သီလ စသည်တို့နှင့် ပတ်သက်သော ဥပဒေသကို ပေး၏။ ထိုခဏ၌ပင် သူသည် အညစ်အကြေးကင်းသော ဉာဏ်မျက်စိ ဖြစ်ပေါ်သွား၍ မြတ်စွာ ဘုရားအား လျှောက်ကြား၏။

"ကျွန်ုပ်သည် ယနေ့မှ စ၍ ဗုဒ္ဓ၊ဓမ္မနှင့် သံဃာအား ကိုးကွယ်ဆည်းကပ်ပါ၏။ ယနေ့မှ စ၍ ကျွန်ုပ်အား ဥပါသကာဟု မှတ်ယူတော်မူ၍ နက်ဖြန် ကျွန်ုပ်၏ အိမ်သို့ ဆွမ်းခံကြွရန် ဖိတ်ကြားပါ၏"

မြတ်စွာ ဘုရားသည် ဆိတ်ဆိတ် နေခြင်းဖြင့် ခွင့်ပြု လက်ခံခြင်းကို သိစေ၏။ သေဋ္ဌေးသည် မြတ်စွာဘုရား လက်ခံကြောင်း

သိလျှင် ရှိခိုးပြီး လက်ယာရစ်လှည့် အရိုအသေပြုကာ မိမိအိမ်သို့ ပြန်ခဲ့လေ၏။

ဗုဒ္ဓမြတ်စွာသည် နံနက် မိုးသောက်၍ အချိန်သို့ ရောက်သော အခါ သေဋ္ဌေးအိမ်သို့ ကြွသွားမူ၏။ သေဋ္ဌေးသည် အခြံအရံများ နှင့် အတူ တနေရာတွင် ရှိသေစွာ ထိုင်နေ၏။ မြတ်စွာဘုရားသည် သူ့အား ဒါန၊ သီလ စသည်နှင့် စပ်လျဉ်းသော ဥပဒေသကို ပေး၏။ ထိုအခါ သူသည် နေရာမှာပင် လုံးဝ အညစ်အကြေး ကင်းသော ဉာဏ်အလင်းကို ရသွား၏။

ထိုနောက် သေဋ္ဌေးသည် ကိုယ်တိုင် ဗုဒ္ဓ အမှူးရှိသော သံဃာ အား ဆွမ်းလုပ်ကျွေး၏။ ဆွမ်းကပ်ပြီးသောအခါ တနေရာတွင် ထိုင်၍ မြတ်စွာ ဘုရားအား လျှောက်ကြား၏။

"ဘန္တေ၊ အရှင်သည် ဤဘဒ္ဒိယမြို့တွင် စံနေတော်မူသမျှ ကာ လပတ်လုံး ကျွန်ုပ်သည်ရဟန်း သံဃာနှင့် တကွ အရှင်အား ဆွမ်း ဘောဇဉ်ဖြင့် လုပ်ကျွေးပါမည်"

ဗုဒ္ဓသည် သူ့အား အခါသမယနှင့် သင့်လျော်သော တရား ဥပဒေသကို ပေး၍ စံနေတော်မူလေ၏။

× × ×

## သိင်္ဂါလ

မဂဓတိုင်း၏ ရာဇဓာနီ ဖြစ်သော ရာဇဂြိုဟ် ပြည်တွင် မြတ်စွာ ဘုရားအား ကြည်ညိုလေးစားသော သေဋ္ဌေးတဦး ရှိ၏။ ထို သေ ဋ္ဌေးအား သိင်္ဂါလ အမည်ရှိသော သားတယောက် ရှိ၏။ ဤ မိသားစုတွင် တဦးတည်းသော သားဖြစ်သောကြောင့် မိဘများ

လွန်စွာ ချစ်ခင် ယုယကြ၏။ သူသည် ဘယ်သူ၏ စကားကိုမျှ မနာယူချေ။ လုပ်ချင်ရာ လုပ်နေ၏။ ကုသိုလ် ကောင်းမှုနှင့် ပတ်သက်သော အလုပ်ကို ဘယ်အခါမျှ မလုပ်ချေ။ အခါခပ်သိမ်း လောကီအာရုံ ကာမဂုဏ် ကိစ္စတို့ကို ပြုလုပ်ခြင်းဖြင့် အချိန်ဖြုန်းနေ၏။ လူကြီး လူကောင်းတို့နှင့် တွေ့ဆုံခြင်း မရှိစေရန် အစဉ်ရှောင်ရှား၏။ အဆုံးအမ ဩဝါဒတို့ကိုလည်း အမြဲ ရှုတ်ချ၏။ တခါတရံ သူ၏ မိဘများက ချော့မော့၍ ပြောပြ၏။

"သားငယ်၊ သင်သည် မြတ်စွာဘုရားထံ မသွားချင်က သူ့တပည့် သာရိပုတ္တာ၊ သို့မဟုတ် မောဂ္ဂလ္လာန် စသူတို့ထံ သွားပြီး မှီဝဲ ဆည်းကပ်ကာ ကြည်နူးဘွယ်သော ဓမ္မ တရားကို နာကြားပါ"

ထိုအခါမျိုးတွင် သူက အဖြေ ပေးတတ်၏။

"အဖေ အမေတို့ ကြည်ညိုလျှင် သင်တို့သာ သူတို့ဆီ သွားပြီး မှီဝဲ ဆည်းကပ်ကြပါ။ ကျွန်ုပ် သူတို့ဆီ သွား၍ အကျိုးမရှိပါ။ ဦးညွှတ် ရှိခိုးရ၍ ကိုယ် ပင်ပန်းမည်။ အဝတ်အထည် ညစ်နွမ်းမည်။ စကားတွေ ပြောမည်။ သို့ဖြင့် သဒ္ဒါပေါက်လျှင် လှူဒါန်း ပေးကမ်းရဦးမည်။ အခြားအကျိုး ဘာမျှ မရှိချေ"

နေ့ရက်ပေါင်းများစွာ ကျော်လွန်ခဲ့လေပြီ။ သို့ရာတွင် သူတို့၏ သား စိတ်ပြောင်းလဲရန် ဘာမျှ မတတ်နိုင်ကြချေ။ ထို့နောက် သူ၏ အဖသည် သေခြင်း၏ အိပ်ရာပေါ် အိပ်စက်သောအခါ စဉ်းစား၏။

'အကယ်၍ ငါသည် သူ့အား တစုံတရာ သင်ခန်းစာ မပေးဘဲ သေသွားပါက သူသည် ကြီးစွာသော ဆင်းရဲ ဒုက္ခကို ခံစား ရပေတော့မည်'

ဤသို့ စဉ်းစားပြီး သူ့ကို ခေါ်ကာ အိပ်ရာဘေးတွင် ထိုင်စေပြီး လေးလေး နက်နက် ပြောပြ၏။

"သားငယ်၊ ငါ နောက်ဆုံးအချိန် ရောက်နေပြီ။ သင့်အား နောက်ဆုံးစကား မှာကြားသွားချင်၏။ ထိုစကားကို သင် မှချ လိုက်နာရလိမ့်မည်။ ငါ မှာကြားလိုသည်ကား ဤသို့တည်း။ 'သင် မနက်စောစော နေ့စဉ် အိပ်ရာမှထပြီး ရေချိုးပါ။ ပြီး နောက် အရှေ့ဘက် မြို့တံခါးက ထွက်ပြီး အရပ်ခြောက်မျက် နှာတို့ကို ရှိခိုးရမည်'။ ဤသည်လျှင် ငါ၏ နောက်ဆုံး စကား ဖြစ်၏။ သင်သည် ငါ၏ နောက်ဆုံး ဥပဒေသကို လိုက်နာလိမ့် မည်ဟု ငါ မျှော်လင့်၏"

ဤသို့ မှာကြားပြီး အဖလည်း ကွယ်လွန်သွားလေ၏။ ရှေး လူတို့သည် ဘယ်အခြေအနေတွင် တည်ရှိနေစေကာမူ ကွယ်လွန် သူ နောက်ဆုံးမှာကြားသွားသော စကားကိုကား အလွန်လေး စား မြတ်နိုးစွာ လိုက်နာကြ၏။

သိင်္ဂါလသည် နေ့စဉ် နံနက်စောစော အိပ်ရာမှ ထကာ ရေ ချိုးပြီးနောက် အရှေ့ဘက်မြို့တံခါးမှ ထွက်ကာ (အရှေ့၊ အ နောက်၊ တောင်၊ မြောက်၊ အထက်နှင့် အောက်)အရပ် ခြောက် မျက်နှာတို့ကို ရှိခိုး၏။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတွင် စံ နေတော်မူ၏။ တနေ့မနက်တွင် သပိတ်၊ သင်္ကန်းကို ဆောင်ယူပြီး အရှေ့မျက်နှာမှ ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံဝင်လေ၏။ ထို စဉ်အခါ သိင်္ဂါလသတို့သား အရပ်မျက်နှာတို့ကို ရှိခိုးနေ၏။ ဗုဒ္ဓသည် သူ့ကို ကြည့်ပြီး မေး၏။

"ဂဟပတိ ပုတ္တ၊ သင်သည် ဘယ်ကြောင့် အရပ်မျက်နှာတို့ကို ရှိခိုး နေဘိသနည်း"

ထိုအခါ သိင်္ဂါလက သူ၏ အဖသေခါနီးတွင် နောက်ဆုံး စကား မှာကြားသွားသည့် အကြောင်းကို ပြန်၍ ပြောပြ၏။

"ဂဟပတိ ပုတ္တ၊ အရိယာတို့ အစဉ်အလာ အရပ်မျက်နှာ ခြောက်ပါးကို ရှိခိုးခြင်းမှာ ဤသို့ မဟုတ်ချေ"

"ဘန္တေ၊ အရိယာတို့ အရပ်ခြောက်မျက်နှာကို ရှိခိုးခြင်းမှာ ဘယ်သို့ အစဉ်အလာ ရှိပါသနည်း။ အရိယာတို့ ရှိခိုးသော အစဉ်အလာကို ကျွန်ုပ်အား ကျေးဇူးပြု၍ ညွှန်ပြတော်မူပါ"

"အို ဂဟပတိ ပုတ္တ၊ သို့ဖြစ်လျှင် ကောင်းစွာ နာကြား လော့။ ငါ ပြောပြမည်"

"မိန့်ကြားတော်မူပါ မြတ်စွာဘုရား"

"အရိယာ တပည့်သည် ကမ္မကိလေသာ လေးပါးကို ရှောင် ရှား၏။ ယုတ်ညံ့သော ပါပ လေးခုကို မပြု။ ဥစ္စာပျက်စီး ကြောင်း ခြောက်မျိုးကို မမှီဝဲ။ ဤ တဆယ့်လေးပါးကို ဖယ်ခွာ၍ အရပ်ခြောက်မျက်နှာဖြင့် ဖုံးကွယ်ထားသောသူသည် လောက နှစ်ပါး၏ ချမ်းသာသုခကို ကြီးစိုး၏။

"ဂဟပတိ ပုတ္တ၊ အရိယာသည် (၁) သတ္တဝါကို သတ် ခြင်း၊ (၂) မပေးဘဲ ယူခြင်း၊ (၃) မှားစွာ ကျင့်ခြင်း၊ (၃) မုသာဝါဒ။ ဤကမ္မကိလေသာ လေးပါးကို ရှောင်ရှား၏။

"ပါဏာတိပါတ၊ အဒိန္နာဒါန၊ မိစ္ဆာစာရနှင့် သူတပါးသား မယားအား ပြစ်မှားခြင်းကို ပညာရှိတို့ ချီးကျူးခြင်း မပြုကြချေ။

"အရိယာသည် (၁) မှားစွာ ကျင့် သော မိစ္ဆာ စာ ရ၊ (၂) အ မျက် ဒေါသ၊ (၃) တွေဝေသော မောဟ၊ (၄) ကြောက်ရွံ့ခြင်း ဘယ ဤယုတ်ညံ့သော ပါပ အမှုကို မပြုချေ။

"ဤယုတ်မာသော ပါပလေးပါးဖြင့် လိမ်းကျံသောသူသည် လဆုတ်ပက္ခတွင် ထွက်သောလကဲ့သို့ သူ၏အကျော်အစောလည်း တဖြည်းဖြည်း ဆုတ်ယုတ်၏။ ထိုလေးပါးဖြင့် လိမ်းကျံခြင်း မရှိ

သော သူသည် လဆန်းပက္ခတွင် ထွက်သောလကဲ့သို့ သူ၏ အကျော်အစောလည်း တဖြည်းဖြည်း ကြီးပွား၏။

"အရိယာသည် (၁)မူးယစ်စေသောအရာကိုမှီဝဲခြင်း၊(၂)ညဉ့်အခါ လည်ပတ်ခြင်း၊ (၃) ပွဲသဘင် ကြည့်ရှုခြင်း၊ (၄) လောင်းကစားခြင်း၊ (၅) မကောင်းသော မိတ်ဆွေနှင့် ပေါင်းသင်းခြင်း၊ (၆) ပျင်းရိခြင်း။ ဤခြောက်ပါးကို ရှောင်ရှား၏။

"ဂဟပတိ ပုတ္တ၊ မူးယစ်စေသော အရာ (သေအရက် စသည်) ကို မှီဝဲခြင်းကြောင့် အပြစ်ခြောက်မျိုး ဖြစ်ပေါ်တတ်၏။

"ဥစ္စာယုတ်ခြင်း၊ ငြင်းခုံ များစွာ၊ ရောဂါထူပြော၊ ကျော်စောမဲ့တုံ၊ မလုံအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊သောက်စား သေစာ အပြစ်တည်း။

"ဂဟပတိ ပုတ္တ၊ ညဉ့်အခါ လည်ပတ်ခြင်းကြောင့် အပြစ်ခြောက်မျိုး ဖြစ်ပေါ်တတ်၏။

"ကိုယ် သားမယား၊ တခြားဥစ္စာ၊ လုံရာမဲ့ ရှောင်း၊ မကောင်းအရာ၊ ရွံရှာလေအပ်၊ ရိုးစွပ်ရောက်မှု၊ ဆင်းရဲစု၊ ခြောက်ခု ခါမဲ့ သွားပြစ်တည်း။

"ဂဟပတိ ပုတ္တ၊ ပွဲသဘင်ကြည့်ရှုခြင်းကြောင့် အပြစ်ခြောက်မျိုး ဖြစ်ပေါ်တတ်၏။

"ကခြင်း တလီ၊သီသည်တသီး၊ မှုတ်တီး တသင်း၊ ပြန်ဖြင်း တအုပ်၊လက်ခုပ် တတည်၊အိုးစည် တဖြာ၊ရှိရာရှာ၍၊ ဥစ္စာပျက်မှု၊ ဤခြောက်ခုကား၊ ကြည့်ရှုသဘင် အပြစ်တည်း။

"ဂဟပတိ ပုတ္တ၊ လောင်းကစားခြင်းကြောင့် အပြစ်ခြောက်မျိုး ဖြစ်ပေါ်တတ်၏။

"အောင်သူ ရန်ပွား၊ ရှုံးသွား စိုးရိမ်၊ စည်းစိမ် လျော့
ပါး၊တရား သဘင်၊ မဝင်သက်ဖြေ၊ မိတ်ဆွေ နှိမ့်ဆို၊မလို
ထိမ်းမြား၊ ဤ ခြောက်ပါး ကား၊ ပျော်ပါး ကြွေအန်
အပြစ်တည်း။

"ဂဟပတိ ပုတ္တ၊ မိတ်ဆွေယုတ်နှင့် ပေါင်းသင်းခြင်းကြောင့်
အပြစ်ခြောက်မျိုး ဖြစ်ပေ၏။

"ကြွေအန်ကြူးထ၊ မိန်းမကြူးထွေ၊ သေစာကြူးမူ၊
အထုပ္ပြား၊ လှည့်စားတထောက်၊ မျက်မှောက်လှည့်
ချက်၊ နိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ မိတ်ဖြစ်လား
ကြောင့်၊ ပျက်ပြား မိတ်ဆွေ အပြစ်တည်း။

"ဂဟပတိ ပုတ္တ၊ ပျင်းရိခြင်းကြောင့် အပြစ် ခြောက်မျိုး ဖြစ်
တတ်၏။

"အချမ်းပြင်းဝှန်၊ အလွန်ပူနိုး၊မိုးချုပ်လှမော၊ စော
လှလွန်ယောင်၊ ဆာလောင်ပြင်းပြ၊ ဝမ်းဝလွန်ထွေ၊နေက
ဥစ္စာ၊ မပွားရာသည်၊ခြောက်ဖြာ ပျင်းသူ့ အပြစ်တည်း။"
ထိုနောက် မြတ်စွာ ဘုရား ဆက်လက်မိန့်ကြားတော်မူ၏။

"အို ဂဟပတိ ပုတ္တ၊ မိတ်ဆွေအတုအယောင်မှာ လေးမျိုးရှိ
၏။ (၁) ကိုယ်ကျိုး ကိုသာ ငဲ့သူ၊ (၂) နှုတ်ဖြင့်သာ ဟန်
ဆောင်သူ၊ (၃) ချစ်ဖွယ်ကိုသာ ဆိုတတ်သူ၊ (၄) မကောင်း
မှုမှာ ကူညီသူ။

"အို ဂဟပတိ ပုတ္တ၊ကိုယ်ကျိုးကိုသာ ကြည့်သော မိတ်ဆွေတု
မှာလည်း လေးမျိုး ရှိ၏။

"လက်ချည်းလာ၍၊ ဥစ္စာဆောင်သယ်၊ နည်းငယ်ဖြင့်
သာ၊ များစွာလိုရှိ၊ ဘေးထိရောက်ခါ၊ ပူလာဝတ်ဘိ၊ မိမိ

ကျိုးငှာ၊ မိုလာပေါင်းယှဉ်၊ လေးယောက်စဉ်ကား၊ အညဒတ္တု ဟာရတည်း။

"အို ဂဟပတိ ပုတ္တ၊ နှုတ်ပြောသာရှိသော မိတ်ဆွေတုလည်း လေးမျိုးပင်ရှိ၏။

"ရှေးဖြင့် စေ့စပ်၊ တထပ်နောက်မှီး၊ချည်းနှီး သင်္ဂြိုဟ်၊ ပေးလို စဟန်၊ ပစ္စုပ္ပန်မူ၊ ပြည့်နှံ ပျက်ပြား၊ ဤလေးပါး ကား၊ မှတ်သား ဝစီ ပရမတည်း။

"အို ဂဟပတိ ပုတ္တ၊ ချစ်ဖွယ်ကိုသာ ဆိုတတ်သော မိတ်ဆွေတုလည်း လေးမျိုးပင် ရှိ၏။

"မကောင်းခွင့်ပြု၊ ကောင်းမှုကိုလျှင်၊ဆင်ခြင်မရှု၊ ခွင့်ပြုသည်ပင်၊ ရှေ့တွင် ချီးမွမ်း၊ ဖုံးလွှမ်း ကွယ်လျှင်၊ ကဲ့ရဲ့ ချင်သည်၊ လေး အင် ပိယ ဘာဏီတည်း။

"အို ဂဟပတိ ပုတ္တ၊ မကောင်းမှုတွင် ကူညီတတ်သော မိတ်ဆွေတုလည်း လေးမျိုးပင် ရှိ၏။

"သောက်ထုပ် သေရက်၊ ညဉ့်နက် လမ်းသွား၊ ရှုစား သဘင်၊ ပျော်ရွှင် အန်စာ၊ လေးရပ်မှာပင်၊ တကွ ထင်သည်၊ လေးအင် ပါရ သဟဲတည်း။"

ထိုနောက် မြတ်စွာဘုရားသည် မိတ်ဆွေစစ် လေးမျိုးကို ဆက်လက် ရှင်းပြ၏။

"အို ဂဟပတိ ပုတ္တ၊ ပေါင်းသင်းသင့်သော မိတ်ဆွေစစ် မိတ်ဆွေကောင်းမှာ လေးမျိုးရှိ၏။ (၁) ကျေးဇူး ဆောင်ရွက်သူ၊ (၂)ဆင်းရဲ ချမ်းသာ အညီအမျှ ခံယူသူ၊ (၃) အကျိုးစီးပွား ကို ပြောကြားသူ၊ (၄) အစဉ် သနားတတ်သူ။

"အို ဂဟပတိ ပုတ္တ၊ မိတ်ဆွေစစ် လေးမျိုးတို့တွင် ကျေးဇူး ဆောင်ရွက်တတ်သော မိတ်ဆွေစစ်လည်း လေးမျိုး ရှိ၏။

"မေ့လျော့ စောင့်လာ၊ ဥစ္စာ စောင့်ရှောက်၊ ဘေး
ရောက် ကိုးကွယ်၊ ပြုဘွယ်ရှိက၊ နှစ်ဆ ဥစ္စာ၊ ချေးပေးလာ
သည်၊ လေးပြာ ဥပကာရတည်း။

"အို ဂဟပတိ ပုတ္တ၊ ဆင်းရဲချမ်းသာ အတူတကွ ဖြစ်သော
မိတ်ဆွေစစ်လည်း လေးမျိုးပင် ရှိ၏။

"လျှို့ဝှက် စကား၊ ကြားစေတုံလျက်၊ သူလျှို့ဝှက်၍၊
ဘေးတွေ့ မစွန့်၊ မတွန့်တိုပါ၊ သူ့ကို ညာလျက်၊ ကိုယ်
သက်စွန့်မြောက်၊ဤလေးယောက်ကား၊ မျှလောက် ချမ်း
သာ ဆင်းရဲတည်း။

"အို ဂဟပတိ ပုတ္တ၊ အကျိုးစီးပွားကို ပြောကြားတတ်သော
မိတ်ဆွေစစ်လည်း လေးမျိုးပင် ရှိ၏။

"မကောင်းမြစ်ထာ၊ ကောင်းရာ သွင်းထား၊ မကြား
စတောင်း၊ အကြောင်း ကြားလာ၊ နတ်ရွာ လမ်းပြ၊
ဤ လေးဝကား၊ မည်ရ အတ္ထက္ခာယီတည်း။

"အို ဂဟပတိ ပုတ္တ၊ အစဉ် သနားတတ်သော မိတ်ဆွေ စစ်
လည်း လေးမျိုး ရှိ၏။

"ဥစ္စာခမ်းနား၊ မပွားသမျို၊ မနှစ်လိုငြား၊ ပွားက
နှင်မြူး၊ ကျေးဇူးမဲ့ကို၊ ဆိုသော် တားမြစ်၊ ကျေးဇူးဖြစ်
ကို၊ ဆိုသော ချီးမွမ်း၊ သူတို့ တမ်းကား၊ မိတ်ကျွန်း အနု
ကမ္ပတည်း။"

ထိုနောက် မြတ်စွာဘုရားသည် အရိယာ တပည့်တို့ ရှိခိုးသော
အရပ် ခြောက်မျက်နှာကို ဆက်လက် မိန့်ကြားတော်မူ၏။

"အို ဂဟပတိ ပုတ္တ၊ အရိယာတို့ ရှိခိုးသော အရပ်မျက်နှာ
ခြောက်ခုမှာ သင် ရှိခိုးနေသော အရှေ့၊ အနောက်၊ တောင်၊

မြောက်၊ အောက်၊ အထက် အရပ်တို့ မဟုတ်ချေ။ စင်စစ်ကား ဤသို့တည်း။

"အရှေ့ မိဘ၊ တောင်မှ ဆရာ၊ နောက်မှာ မယား၊
မြောက်ကား မိတ်ဆွေ၊ အောက်ခြေ ကျွန်များ၊ အထက်
မျှားကား၊ ပုဏ္ဏား ရဟန်း ခြောက်ရပ်တည်း။

"အို ဂဟပတိ ပုတ္တ၊ ငါးပါးသော ကျင့်ဝတ်ဖြင့် အမိအဖ တို့ကို ရိုသေစွာ လုပ်ကျွေး ပူဇော် အပ်၏။

"ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမံ၊ မွေခံထိုက်စေ၊ လူ့မျှ
ဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်
သားတို့တာ။

"အို ဂဟပတိ ပုတ္တ၊ အမိအဖတို့သည် သားသမီးတို့အား ကျင့် ဝတ်ငါးပါးဖြင့် ထောက်ပံ့ အပ်၏။

"မကောင်းမြစ်ခါ၊ ကောင်းရာ ညွှန်လတ်၊ အတတ်
သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါး
အင်၊ ဖခင် မယ်တို့တာ။

"အို ဂဟပတိ ပုတ္တ၊ ဝတ်တရား ငါးပါးဖြင့် တပည့်သည် ဆရာ သမားအား မိုဝဲဆည်းကပ် ပူဇော်အပ်၏။

"ညီညာ ထကြွ၊ ဆုံးမ နာယူ၊ လာမှု ကြိုဆီး၊ ထံနီး လုပ်
ကျွေး၊ သင်တွေး အံ့ရွတ်၊ တပည့်ဝတ်၊ မချွတ် ငါးခုသာ။

"အို၊ ဂဟပတိ ပုတ္တ၊ ဆရာသမားသည် ဝတ်တရား ငါးပါး ဖြင့် တပည့်အား ချီးမြောက် ထောက်ပံ့ အပ်၏။

"အတတ်လည်း သင်၊ ပဲ့ပြင် ဆုံးမ၊ သိပ္ပ မချန်၊ ဘေးရန်
ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဘို့ ဝတ်ငါးဖြာ။

"အို ဂဟပတိ ပုတ္တ၊ လင်သည် မယားအား ဝတ်တရား ငါးပါးဖြင့် သင်္ဂြိုဟ်ထောက်ပံ့ ရမည်။

“မထေမဲ့ကင်း၊ အပ်နှင်း ဥစ္စာ၊ မိစ္ဆာ မမှား၊ ဝတ်စား
ဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

“အို ဂဟပတိ ပုတ္တ၊ မယားသည် လင်ယောကျ်ားအား ငါးပါးသော ဝတ်တရားဖြင့် မှီဝဲ ဆည်းကပ်ရမည်။

“အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊
လျှော်အောင် ဖြန့်ချို၊ ပျင်းရိ မမူ၊ ဝတ်ငါးဆူ၊ အိမ်သူ
ကျင့်အပ်စွာ။

“အို ဂဟပတိ ပုတ္တ၊ အမျိုးကောင်းသားသည် ကျင့်ဝတ် ငါးပါးဖြင့် မိတ်ဆွေစစ်အား ပေါင်းသင်း ဆက်ဆံရမည်။

“ပေးကမ်း ချီးမြှင့်၊ ကိုယ်နှင့် ယှဉ်ထား၊ စီးပွားဆောင်
ရွက်၊ နှုတ်မြွက် ချိုသာ၊ သစ္စာ မှန်စေ၊ ဝတ်ငါးထွေ၊
ကျင့်လေ မိတ်သဟာ။

“အို ဂဟပတိ ပုတ္တ၊ အလုပ်ရှင်သည် လုပ်သားတို့အား ဝတ်တရား ငါးပါးဖြင့် ချီးမြှောက် ထောက်ပံ့ရမည်။

“ဝစွာ ကျွေးမွေး၊ ပြုရေး စီရင်၊ နာလျှင် ကုစေ၊ ငွေဝေ
ရသာ၊ အခါကို လွှတ်၊ အရှင့်ဝတ်၊ မချွတ် ငါးခုသာ။

“အို ဂဟပတိ ပုတ္တ၊ လုပ်သားတို့သည် အလုပ်ရှင်အား ငါးပါးသော ဝတ္တရားဖြင့် မှီဝဲ အပ်၏။

“အိပ်သော် နောက်ကျ၊ ထသော်ကား ရှေ၊ ပေးမှ ယူ
အပ်၊ စေ့စပ် ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက် ကျွန်
ကျင့်ရာ။

“အို ဂဟပတိ ပုတ္တ၊ အမျိုးကောင်းသားသည် ရဟန်း သံဃာတို့အား ဝတ်တရား ငါးပါးဖြင့် ပူဇော်ရာ၏။

"မေတ္တာစိတ်သက်၊ဆောင်ရွက် ချစ်ကြင်၊ ခင်မင် နှုတ်
ချို၊ လိုလျှင် ဘိတ်ထား၊ တတ်အား လှူစေ၊ ဝတ်ငါးထွေ၊
ပြုလေ ဒါယကာ။

"အို ဂဟပတိ ပုတ္တ၊ ရဟန်း သံဃာသည် တပည့် တကာ
တကာမတို့အား ကျင့်ဝတ် ခြောက်ပါးဖြင့် ချီးမြှင့် အပ်၏။

"မကောင်း မြစ်ထာ၊ ကောင်းရာ ညွှန်လစ်၊ အသစ်
ဟောကြူး၊ နာဘူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်း
ပြု၊ ရဟန်းမှု၊ ခြောက်ခု လှန်သေချာ။"

မြတ်စွာ ဘုရား ဤသို့ ဟောကြားလိုက်သောအခါ သေဌေး
သား သိင်္ဂါလသည် မြတ်စွာ ဘုရားအား ဤသို့ပြန်ကြား လျှောက်
ထား၏။

"ဘန္တေ၊ အံ့သြဘွယ် ကောင်းလှပါ၏။ မကြားစဘူး ထူးခြား
လှပါဘိ။ မှောက်ထားသည်ကို လှန်လိုက် သကဲ့သို့ရင်း၊ ဖုံးကွယ်
ထားသည်ကို လှစ်ပြ သကဲ့သို့ရင်း၊ အမှောင်တွင်းဝယ် မီးထွန်း
လိုက် သကဲ့သို့ရင်း ထင်လင်းစွာ တွေ့မြင်ရပါ၏။ ယနေ့မှ စ၍
မြတ်စွာ ဘုရားသည် ကျွန်ုပ်အား ဥပါသကာဟု ယူဆတော်မူပါ"

× × ×

## ဝေရဉ္ဇ

မြတ်စွာ ဘုရားသည် တရံသောအခါ ဝေရဉ္ဇာ ကျေးရွာ နလေရု
ပုစိမန္ဒ အမည်ရှိသော တောအုပ်တွင် စံနေတော်မူ၏။ ထိုရွာတွင်
ဝေရဉ္ဇ အမည်ရှိသော ပြာဟ္မဏ တဦး ရှိ၏။ သူသည် ချမ်းသာ
ကြွယ်ဝ၍ ထင်ရှား ကျော်စော၏။ မြတ်စွာဘုရား ကြွလာသော

သတင်းကို ကြားသိရသောအခါ သူသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ မေး၏။

"အိုဂေါတမ၊ သမဏဂေါတမသည် အသက်အရွယ်ကြီးသော ဗြာဟ္မဏ စသူတို့ကို ခရီးဦး ကြိုဆိုခြင်း၊ နေရာပေးခြင်း၊ ရှိခိုးခြင်း မပြုဟု ကျွန်ုပ် ကြားဘူး၏။ ထိုသတင်းသည် မှန်ပါသလော။ သို့မဟုတ် လုပ်ကြံ၍ ပြောခြင်းမျှသာလော"

"ဗြာဟ္မဏ၊ သမဏ၊ ဗြာဟ္မဏ၊ ဒေဝ၊ မာရ၊ ဗြဟ္မာ၊ မနုဿနှင့် တကွ အလုံးစုံသော လောကတွင် ငါ ခရီးဦး ကြိုခြင်း၊ နေရာပေးခြင်း၊ ရှိခိုးခြင်း ပြုရန် တစုံ တယောက်မျှ မတွေ့မြင်ပါ။ အကယ်၍ ခရီးဦး ကြိုခြင်း၊ နေရာပေးခြင်း၊ ရှိခိုးခြင်း အမှုကို ငါ ပြုလိုက်ပါက ထိုသူ၏ ဦးခေါင်းခုနစ်စိတ် ကွဲသွားလိမ့်မည်"

"သို့ ဖြစ်ပါလျှင် သင်ကား ရသဟီန (အရသာ မရှိသူ) ဖြစ်၏"

"ဟုတ်ပေ၏ ဗြာဟ္မဏ၊ ငါ့ကို ရသဟီန ဟု ခေါ်ဆိုရန် အကြောင်းရှိ၏။ အို ဗြာဟ္မဏ၊ တထာဂတသည် ရူပါရုံအရသာ၊ သဒ္ဒာရုံ အရသာ၊ ဂန္ဓာရုံ အရသာ၊ ရသာရုံ အရသာ၊ ဖောဋ္ဌဗ္ဗာရုံ အစရှိသော အရသာတို့မှ ရှောင်ကြဉ်၏။ သို့ကြောင့် ငါ့ကို သမဏ ဂေါတမသည် ရသဟီန အရသာမှ ကင်း၏ဟု တင်စားခေါ်ဝေါ်နိုင်၏။ သို့ရာတွင် သင်ဆိုလိုသော အဓိပ္ပာယ်ဖြင့် ရသဟီန အရသာမရှိခြင်းမျိုးကား မဟုတ်ချေ"

"အို ဂေါတမ၊ သင်းဖြင့် သင်သည် နိဗ္ဗောဂ (အငတ်အပြတ်) ဖြစ်၏"

"အို ဗြာဟ္မဏ၊ ထိုသို့ခေါ်ဆိုရန် အကြောင်းရှိပါ၏။ ရူပဘောဂ-အဆင်းကို ခံစားခြင်း၊ သဒ္ဒဘောဂ-အသံကို ခံစားခြင်း၊ ဂန္ဓဘောဂ-အနံ့ကို ခံစားခြင်း၊ ရသဘောဂ- အရသာကို ခံစား

ခြင်း၊ ဖောဋ္ဌဗ္ဗဘောဂ-အတွေ့အထိကို ခံစားခြင်း တဏှာ ငါ့မှာ လုံးဝ မရှိချေ။ နောက်ထပ်တဖန် ဖြစ်ရန်လည်း မရှိချေ။ သို့ကြောင့် ငါ့ကို သမဏဂေါတမသည် နိဗ္ဘောဂ ခံစားခြင်း မရှိ၊ ငတ်ပြတ်၏ဟု ဆိုနိုင်၏။ သို့ရာတွင် သင်ဆိုလိုသော အဓိပ္ပာယ်မျိုးဖြင့်ကား ငါ နိဗ္ဘောဂ မဟုတ်ချေ”

“အို ဂေါတမ၊ သင်းဖြင့် သင်ကား အကရိယာဝါဒီဖြစ်၏”

“အို ဗြာဟ္မဏ၊ ငါ့ကို အကရိယာဝါဒီဟု ပြောနိုင်စရာ အကြောင်းရှိ၏။ ငါသည် သတ္တဝါကို သတ်ဖြတ်ခြင်း၊ ခိုးဝှက်ခြင်း၊ လွန်ကျူး၍ကျင့်ခြင်း စသော ကာယကံမှု၊ မုသားပြောခြင်း ဂုံးချောခြင်း ကြမ်းတမ်းသော စကားပြောခြင်း သိမ်ဖြင်းသော စကားကိုဆိုခြင်း စသော ဝစီကံမှု၊ တပ်မက်ခြင်း လောဘ ညှဉ်းဆဲခြင်း ဟိံသာ မှားယွင်းဖောက်ပြန်ခြင်း မိစ္ဆာဒိဋ္ဌိ စသော မနောကံမှုနှင့် အခြား များပြားစွာသော အကုသိုလ်မှုကို အကရိယာ မပြုချေ။ သို့ကြောင့် ငါသည် အကရိယာဝါဒီဖြစ်၏”

“အို ဂေါတမ၊ သင်းဖြင့် သင်ကား ဥစ္ဆေဒဝါဒီဖြစ်၏”

“အို ဗြာဟ္မဏ၊ ဤသို့ဆိုခြင်းမှာလည်း အကြောင်းရင်း ရှိ၏။ ငါသည် ရာဂ၊ ဒေါသ၊ မောဟနှင့် ထိုမှတပါး များပြားလှစွာသော မကောင်းမှုတို့ကို ဥစ္ဆေဒ ဖြတ်တောက်ခြင်းနှင့် စပ်လျဉ်းသော ဥပဒေသကို ပေးနေ၏။ သို့ကြောင့် ငါသည် ဥစ္ဆေဒဝါဒီဖြစ်၏”

“အို ဂေါတမ၊ သင်းဖြင့် သင်သည် ဇေဂုစ္ဆက (စက်ဆုပ်ဖွယ်)ဖြစ်၏”

“အို ဗြာဟ္မဏ၊ ငါသည် မကောင်းသော ကာယကံ၊ ဝစီကံနှင့် မနောကံ၊ ထိုမှတပါး များစွာသော အကုသိုလ်တို့ကို စက်ဆုပ်၏။ သို့ကြောင့် ငါသည် ဇေဂုစ္ဆက ဖြစ်၏”

"အို ဂေါတမ၊ သင်းဖြင့် သင်သည် ဝေနယိက (ဆန့်ကျင်သူ)ဖြစ်၏"

"အို ပြာဟ္မဏ၊ ငါသည် ရာဂ၊ ဒေါသ၊ မောဟနှင့် အခြားသော မကောင်းမှုတို့ကို မပြုရန် ဆန့်ကျင်၏။ ဆုံးမသွန်သင်၏။ သို့ကြောင့် ငါသည် ဝေနယိက(ဆန့်ကျင်သူ)ဖြစ်၏"

"အို ဂေါတမ၊ သင်းဖြင့် သင်သည် တပဿီ (အထီးကျန်သူဆင်းရဲ) ဖြစ်၏"

"အို ပြာဟ္မဏ၊ ငါသည် အကုသိုလ်ကံ ထိုမှတပါး ကာယကံ၊ ဝစီကံနှင့် မနောကံဖြစ်သော မကောင်းမှုတို့ကို ခေါင်းပါးစေရန် ဥပဒေသ ပေးခဲ့၏။ ထိုပူလောင်စေသော တရားတို့ ပျောက်ပျက်ကုန်ပြီဖြစ်၍ တဖန် မဖြစ်နိုင်တော့ချေ။ သို့ကြောင့် ငါ့ကို တပဿီဟု ခေါ်ကြ၏။ ပြာဟ္မဏ၊ တထာဂတအား ပူပန်မှုကို ဖြစ်စေသော တရားတို့ မရှိတော့ချေ။ အနာဂတ်တွင်လည်း ဖြစ်ပေါ်ရန် အကြောင်းမရှိချေ။ သို့ကြောင့် ငါ တပဿီ ဖြစ်၏"

"အို ဂေါတမ၊ သင်းဖြင့် သင်သည် အပဂဗ္ဘ (ဝမ်းမရှိသူ၊ ယုတ်ညံ့စွာ မွေးဖွားလာသူ) ဖြစ်၏"

"အို ပြာဟ္မဏ၊ ငါသည် အနာဂတ်တွင် ပဋိသန္ဓေနေခြင်း (ဂဗ္ဘ)ကို ဖျက်ဆီးလိုက်ပြီဖြစ်၍ တဖန် ပဋိသန္ဓေနေခြင်း မရှိတော့ချေ။ သို့ကြောင့် ငါ့ကို အပဂဗ္ဘဟု ခေါ်ကြ၏။ တထာဂတတို့မှာ ပဋိသန္ဓေနေခြင်း မရှိကြချေ။ တဖန် ဝမ်းတိုက်တည်းဟူသော ဂဗ္ဘကို ဖျက်ဆီးကြ၏။ သို့ကြောင့် ငါသည် အပဂဗ္ဘ ဖြစ်၏။ သင်ရည်ညွှန်းပြောသော အဓိပ္ပာယ်မျိုးဖြင့်ကား ငါ အပဂဗ္ဘ မဟုတ်ချေ။

"အို ပြာဟ္မဏ၊ ကြက်မသည် ဆယ်ဥ၊ သို့မဟုတ် ဆဲ့နှစ်ဥမျှ ဥပြီးလျှင် ကောင်းစွာ ဝပ်နေ၏။ နောက်ဆုံး ဥသည် အမိ

ကြက်မ၏ ရင်နှင့် ထိကပ်လျက် အချိန်သို့ကျသောအခါ ထိုဥကို ရှေးဦးစွာ ခြေသည်း နှုတ်သည်းဖြင့် ထိုးဆိတ်ခြင်းခံရ၏။ သို့ဖြင့် ဥခွံမှ ပေါက်ဖွားရုံလာလေရာ သင်သည် ထိုနောက်ဆုံး ဥကို အကြီးဟု မဆိုဘဲ အငယ်ဟု ဆိုမည်လော”

“အို ဂေါတမ၊ သင်းဖြင့် သင့်ကို ဇေဋ္ဌ အကြီးဟု ဆိုသင့်သလော”

“အို ဗြာဟ္မဏ၊ ထိုနည်းထိုစွာ အဝိဇ္ဇာတည်းဟူသော ဥခွံဖြင့် ဖုံးလွှမ်းနေလျက် အသက်နှင့်စပ်လျဉ်းသော သူတို့အတွင်းဝယ် ငါသည် အဝိဇ္ဇာဥခွံကို ဖောက်ခွဲပြီး ရှေးဦးစွာ အတုမရှိသော သမ္မာ သမ္ဗောဓိကို ရခဲ့၏။ သို့ကြောင့် ငါသာလျှင် လောကမှာ ဇေဋ္ဌ ကြီး၏။ သေဋ္ဌ မြတ်၏။

“ဗြာဟ္မဏ၊ ငါ့မှာ မဆုတ်နစ်သော ဝီရိယရှိ၏။ မေ့လျော့မှုကင်းသော သတိသည် ငါ၏မျက်မှောက်တွင် တည်ရှိ၏။ ငါ၏ ကိုယ်ခန္ဓာမှာ လှုပ်ရှားယိမ်းယိုင်ခြင်း မရှိမူ၍ သန္တ ငြိမ်းအေး၏။ ငါ၏ စိတ်သည် တည်ကြည်၏။

“ထိုသမာဓိ အဟုန်ကြောင့် နိဝရဏတရားတို့ကို တွန်းလှန်ပယ်ခွာလျက် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသည့် ပဌမစျာန်ကို ရခဲ့၏။ ထိုစျာန်ကို ဝင်စားပြီးနောက် ဝိတက်၊ ဝိစာရကို ခွာလျက် အာနာပါနသို့ ရှေးရှုပြန်လျှင် ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော အင်္ဂါသုံးပါးနှင့် ပြည့်စုံသည့် ဒုတိယစျာန်ကို ရခဲ့၏။ သုခ၊ ဧကဂ္ဂတာဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသည့် တတိယစျာန်၊ ထို့ပြင်ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသည့် စတုတ္ထစျာန်ကို ရခဲ့၏။

"အို ဗြဟ္မာဏ၊ စတုတ္ထစျာန် သမာပတ်၌ဖြစ်၍ ကောင်း မြတ် တည်ကြည်သော သတိ၊ သမာဓိ၏ အစွမ်းကြောင့် အလွန် စင်ကြယ်ခြင်း၊ ဖြူစင်ခြင်း၊ ကိလေသာ ရာဂကို ဖျောက်ခြင်း၊ နူး ညံ့ခြင်း၊တန်ခိုး ဖန်ဆင်းနိုင်ခြင်း၊စင်ကြယ်သော အာရုံ၌သာတည် ခြင်း၊ မတုန်လှုပ်ခြင်း၊ လျင်ခြင်းဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့် စုံသည့် အဘိဉာဏ်ဖြင့် ပုဗ္ဗေနိဝါသ အမည်ရသော ပထမ ဝိဇ္ဇာ ဉာဏ်ကို ရခဲ့၏။

"ထိုဉာဏ်ဖြင့် ဖုံးလွှမ်း မြေးရှက်တတ်သော အဝိဇ္ဇာ အမိုက် တိုက်ကို ဖွင့်လှစ်၍ကမ္ဘာအသင်္ချေ လွန်လေသမျှ ဘဝရှေးရှေးက ဖြစ်ခဲ့ဘူးသော မိမိခန္ဓာ၊ ထိုခန္ဓာ၏ ဖြစ်ရာဌာန ခံစားရသော အာရုံ၊ တွေ့ကြုံခဲ့ရသော သား၊ မယား၊ ဆွေမျိုး အစရှိသည်တို့၏ စုတိ ပဋိသန္ဓေ နေဟန်ကို နတ်မျက်စိကဲ့သို့ မြင်နိုင်သော ဒိဗ္ဗစက္ခု ဟု ဆိုအပ်သော ဒုတိယ ဝိဇ္ဇာဉာဏ်ကို ရခဲ့၏။

"ထိုဉာဏ်ဖြင့် အဝိဇ္ဇာ အမိုက်တိုက်ကို ဖွင့်လှစ်၍ ထိုဉာဏ် ကိုပင် အခြေပြုသဖြင့် ပွားပြန်လျှင် မဂ်သုံးပါးဖြင့်ဖျက်၍ ကြွင်း သေးသော ကိလေသာ ရန်သင်းကို အကြွင်းမဲ့ချုပ်စေလျက် အာ သဝက္ခယဟု သမုတ်အပ်သော အရဟတ္တမဂ်ဉာဏ်ကိုရ၍ တရား အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်ဖြင့် ဗုဒ္ဓ အဖြစ်သို့ ရောက်ခဲ့၏"

ထိုအခါ ဝေရဉ္ဇ ဗြာဟ္မဏ ပြောပြ၏။

"ဂေါတမ၊ သင်းဖြင့် သင်သည် ဇေဋ္ဌ ကြီးပေ၏။ သင်သည် သေဋ္ဌ မြတ်ပေ၏။ သင်သည် ကျွန်ုပ်အား ဥပါသကာဟု ယူဆ တော်မူပါ"

ဤသို့ ဖိတ်ကြားပြီး ဗြာဟ္မဏသည်လာမည့်နှစ်တွင် ဝေရဉ္ဇရွာ တွင် မျှတရှင်ပြုံး သီတင်းသုံးရန်အတွက် ဗုဒ္ဓအား ဖိတ်ကြား

တော်မူ၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် လက်ခံခြင်းကို သိစေ၏။ ဗုဒ္ဓ ခွင့်ပြုလက်ခံကြောင်း သိသောအခါ ဗြာဟ္မဏသည် မြတ်စွာဘုရားအား ရှိခိုးလျက် လက်ယာရစ်လှည့်ပြီး မိမိအိမ်သို့ ပြန်လေ၏။

ထိုနှစ်တွင် မိုးခေါင်၍ ဝေရဉ္စရွာတွင် ငတ်မွတ်ခေါင်းပါးခြင်း ဖြစ်နေ၏။ ရွာသူ ရွာသားတို့သည် ထမင်းတလုပ်အတွက်ပင် အခက်အခဲ တွေ့ကြုံ နေလေရာ ရဟန်းသံဃာနှင့်တကွသော ဗုဒ္ဓကို ဂရုမပြုနိုင်ကြချေ။ ရဟန်းသံဃာတို့အနေဖြင့် ဆွမ်းရပ်ရန်မှာ မလွယ်ချေ။ ထိုနှစ်တွင် ကံအားလျော်စွာ ဥတ္တရာပထ မှ မြင်းကုန်သည် ငါးရာတို့ မြင်းများဖြင့် ဝေရဉ္စရွာသို့ မိုးခိုရန် ရောက်လာကြ၏။ ရဟန်းတို့သည် ထိုသူတို့ထံ ဆွမ်းရပ်ကြ၏။ သူတို့သည် မြင်းစာဖြစ်သော ပြောင်းဆံကြမ်းကို ရဟန်းတို့အား ဆွမ်းလောင်းကြ၏။ ရဟန်းတို့သည် ကျောင်းသို့ ယူဆောင်လာပြီး ထိုပြောင်းဆံကို ဆုံတွင် ထောင်းချေကာ အာဟာရ ဖြည့်တင်းကြ၏။ အာနန္ဒာသည် ကျောက်ပြင်တွင် တင်ကြိတ်ပြီး ဗုဒ္ဓအား ဆက်ကပ်၏။ ဗုဒ္ဓသည် ထောင်းသံ ကြိတ်သံတို့ကို ကြားရ၍ အာနန္ဒာအား ခေါ်၍ မေး၏။

"အာနန္ဒာ၊ ထောင်းသံ ထုသံများ ကြားရ၏။ အဘယ်နည်း"

အလုံးစုံသော အကြောင်းအရာတို့ကို အာနန္ဒာက ပြန်ကြားလျှောက်ကြားသော အခါ မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

"သာဓု၊ သာဓု အာနန္ဒာ။ သင်တို့ ယောကျ်ားကောင်းများသည် ဓမ္မအတွက်သာ အစားအစာကို မျှတနေကြ၏။ သို့ရာတွင် အနာဂတ်မှာ ပါပ ဘိက္ခုတို့သည် အရသာရှိသော အစားအစာကို စားလိုခြင်း ဖြစ်ကြလိမ့်မည်"

မြတ်စွာဘုရားသည် ဝေရဉ္စရွာတွင် တဆယ့်နှစ်လတိုင်မျှ မျှတရှင်ပြုး သီတင်းသုံးပြီးနောက် ဝေရဥ္စ ဗြာဟ္မဏအိမ်သို့သွားကာ နှုတ်ဆက်၏။

"ဗြာဟ္မဏ၊ မိုးဥတု ကုန်ဆုံးပြီ။ သို့ကြောင့် ယခုအခါ ငါတို့ ခရီးဆက်လက်၍ သွားပါတော့မည်"

ထိုအခါ ဝေရဥ္စ ဗြာဟ္မဏ လျှောက်ကြား၏။

"ဂေါတမ၊ ကျွန်ုပ်သည် သင်တို့အား ဖိတ်ကြားထားသည်မှာ အမှန်ဖြစ်၏။ သို့ရာတွင် တစုံတရာ ဘာမျှ မပေးမလှူရသေးပါ။ ကျွန်ုပ်၏ထံတွင် လှူဒါန်းဘွယ်များလည်း မရှိ မဟုတ်ချေ။ မလှူလိုခြင်းလည်း မဟုတ်ချေ။ သို့ရာတွင် လောကလူများသည် လွန်စွာ ဗဟုကိစ္စ များကြ၏။ သင်တို့ ရောက်လာသည့် သတင်းကိုမျှ မကြား မသိ ဖြစ်ရ၏။ မြတ်စွာဘုရား၊ ဒါန ပြုရန်အတွက် တနေ့ ဆိုင်းတော် မူပါ။ ကျွန်ုပ်သည် နက်ဖြန် ပူဇော်လိုပါ၏"

မြတ်စွာဘုရား လက်ခံတော်မူ၏။ နောက်တနေ့တွင် ဗြာဟ္မဏသည် မင်းတို့နှင့်သာ ထိုက်တန်သော အဆောင်အယောင် အခမ်းအနားဖြင့် ဆွမ်းလုပ်ကျွေးပြီး သင်္ကန်းစသော လှူဘွယ်ဝတ္ထုများ ပေးလှူ၏။ မြတ်စွာဘုရားသည် သူ့အား အခါအားလျော်စွာ ဥပဒေသပေးပြီး နှစ်သိမ့်စေကာ ဆက်လက် ခရီးထွက်သွားလေသည်။

× × ×

## ပေါတလိယ

တရံသောအခါ မြတ်စွာဘုရားသည် အင်္ဂုတ္တရာပ တိုင်းအတွင်းရှိ အာပဏ အမည်ရှိသော မြို့တွင် စံနေ၏။

တနေ့တွင် မြတ်စွာဘုရားသည် နေ့ဆွမ်းစားပြီးနောက် တောအုပ်တခုသို့ နေ့သန့်စင်ရန်သွားပြီး အရိပ်ကောင်းသော သစ်ပင်တပင်အောက်တွင် စံနေ၏။

ပေါတလိယ အမည်ရှိသော သူကြွယ်လည်း ပရိသတ်များ ဝန်းရံလျက် ထီး၊ ဖိနပ် ဆောင်ကာ ခြေလျင်ပင် ထိုတောအုပ်သို့ ရောက်လာ၏။ ထိုအခါ သစ်ပင်အောက်တွင် ထိုင်နေသော ဗုဒ္ဓကို တွေ့မြင်၍ နှုတ်ဆက်ရန် ရပ်နေ၍ ဗုဒ္ဓက ဖိတ်ကြား၏။

"ဂဟပတိ၊ နေရာရှိပါ၏။ အလိုရှိက ထိုင်ပါဘိ"

ဤသို့ ဖိတ်ကြားခြင်းကို ပေါတလိယ သူကြွယ်သည် မကျေမနပ်ဖြစ်ကာ ရပ်လျက် စိုက်ကြည့်နေ၏။

ဗုဒ္ဓသည် သုံးကြိမ်တိုင်တိုင် ဂဟပတိဟု ခေါ်ပြီး ဖိတ်ကြား၏။ ဤသို့ ဖိတ်ကြားခြင်းကို ဒေါသဖြစ်ကာ ဗုဒ္ဓအား ပြောပြ၏။

"ဂေါတမ၊ ငါ့ကို ဂဟပတိဟု ခေါ်ရန် မသင့်ပါ"

"ဂဟပတိ၊ သင့်မှာ သူကြွယ်၏ အမှတ်လက္ခဏာများ ရှိနေသည့်အတွက် ငါသည် သင့်အား ပဟပတိဟု ခေါ်ခြင်းဖြစ်၏"

"ဂေါတမ၊ သို့ရာတွင် ငါသည် လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း စသော အလုံးစုံသော အလုပ်ကိစ္စကို စွန့်လွှတ်ထား၏။ ငါ၏ထံမှာ ရှိသမျှ ဥစ္စာ၊ စပါး၊ ရွှေ၊ ငွေ အစရှိသည်တို့ကို ငါ၏ သားအား ပေးအပ်လိုက်ပြီ။ လယ်အလုပ်၊ ကုန်သွယ်အလုပ်နှင့် ပတ်သက်၍ ငါသည် ဘယ်အမှုကိုမျှ စီရင်ခြင်း မရှိပါ။ အလုံးစုံ အကုန် စွန့်လွှတ်ထားပြီး ရသမျှနှင့် ရောင့်ရဲ တင်းတိမ်နေပါ၏"

"ဂဟပတိ၊ သင်သည် ကုန်သွယ် လယ်လုပ်ကို စွန့်လွှတ်သည်ဆိုသော်လည်း စင်စစ် စွန့်လွှတ်ခြင်း မရှိသေးချေ။ အရိယာတို့ စွန့်လွှတ်ခြင်းမျိုးသာ စင်စစ် စွန့်လွှတ်ခြင်းဖြစ်၏"

"ဘန္တေ၊ အရိယာတို့ စွန့်လွှတ်ခြင်းကား အသို့ပါနည်း။ ထို အကြောင်းကို အစဉ်သနားသဖြင့် မိန့်ကြားပါဘိ"

"ဂဟပတိ၊ သို့ဖြစ်လျှင် ကောင်းစွာ နားဆင်လော့"

ပေါတလိယသူကြွယ် တောင်းပန်သဖြင့် မြတ်စွာဘုရား ဆက် လက်ဟောကြား၏။

"ဂဟပတိ၊ အရိယာဝိနည်းတွင် ဓလေ့ထုံးစံဖြစ်သော နိယာမ ရှစ်မျိုးကို ဖြတ်တောက်ရန်အကြောင်း ထင်ရှားရှိ၏။ ထိုအစဉ် အလာ ရှစ်ပါးကား ဤသည်တို့တည်း။

"ဂဟပတိ၊ (၁) သက်ရှိသတ္တဝါကို သတ်ဖြတ် ညှဉ်းဆဲခြင်း မှ ရှောင်ကြဉ်ရန် အတွက် ပါဏာတိပါတ၊ (၂) ပေးသော ဥစ္စာကို ယူရန်အတွက် အဒိန္နာဒါန၊ (၃) သစ္စာအတွက် မုသား၊ (၄) ကွဲပြားခြင်း မဖြစ်စေရန်အတွက် ပိသုဏာ၊ (၅) အလော ဘအတွက် လောဘ၊ (၆) ချီးကျူးမှုအတွက် နိန္ဒာ၊ (၇) အ မျက်မထွက်မှုအတွက် ကောဓ၊ (၈) နှိမ့်ချရန်အတွက် အတိ မာ န။ ဤရှစ်ပါးကို ဖြတ်တောက်စွန့်ပယ်၏။

"ဂဟပတိ၊ အကျဉ်းချုပ် သခင်ပမျှသာ ပြောပြခြင်းဖြစ်၏။ ဤအရိယာ ဝိနယရှစ်မျိုး ဖြတ်တောက်ရန်အတွက် အကျယ်ကို သိသင့်၏"

"ဘန္တေ၊ အရှင်သည် ဤတရားရှစ်ပါးကို အကယ်၍ ကျေး ဇူးပြုပြီး အကျယ်ရှင်းပြပါလျှင် ကျွန်ုပ်အတွက် များစွာ အကျိုး ရှိပါလိမ့်မည်"

"ဂဟပတိ၊ သို့ဖြစ်ပါလျှင် ကောင်းစွာ နားဆင်ပါဘိ။ ငါ ပြောပြမည်"

"ဂဟပတိ၊ 'သက်ရှိသတ္တဝါကို သတ်ဖြတ် ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ရန်အတွက် ပါဏာတိပါတကို ရှောင်ကြဉ်၏" ဟု ဆိုရာတွင် အကြောင်းရှိ၏။

"ဂဟပတိ၊ အရိယာသည် စဉ်းစား၏။ 'ဤသံယောဇဉ် အနှောင်အဖွဲ့ကြောင့် ငါသည် သက်ရှိသတ္တဝါကို သတ်ဖြတ် ညှဉ်းဆဲခြင်းဖြစ်၍ ထိုသံယောဇဉ်ကို စွန့်လွှတ်၏။ ဖြတ်တောက်ရန်အတွက် ကြိုးပမ်း၏။ အကယ်၍ ငါသည် သတ္တဝါကို သတ်ဖြတ် ညှဉ်းဆဲပါက ငါ၏စိတ်ကို ငါရှုံ့ရှာစက်ဆုပ်မည်။ သိတတ်သူများကလည်း ငါ့အား စက်ဆုပ်ကြမည်။ သေသွားလျှင်လည်း ဒုဂ္ဂတိသို့ လားရမည်။ ဤ သတ္တဝါတို့အား ညှဉ်းဆဲ သတ်ဖြတ်ခြင်းသည် သံယောဇဉ် အနှောင်အဖွဲ့ တမျိုးဖြစ်၍ ဤ သူ့အသက် သတ်ခြင်းကို ရှောင်ကြဉ်၏။ သတ္တဝါတို့ကို ညှဉ်းဆဲ သတ်ဖြတ်ခြင်းကြောင့်ဖြစ်သော ပင်ပန်းခြင်း၊ ပူလောင်ခြင်းနှင့် စိတ်အညစ်အကြေးတို့သည် အသက်သတ်ခြင်းကို ရှောင်ကြဉ်ပါက မဖြစ်နိုင်တော့ချေ'။ သို့ကြောင့် အသက်သတ်ခြင်းမှ ရှောင်ကြဉ်ရန်အတွက် ပါဏာတိပါတအမှုကို စွန့်လွှတ်သင့်၏။

"ဂဟပတိ၊ ပေးသောဥစ္စာကို ယူရန်အတွက် အဒိန္နာဒါနကို ရှောင်ကြဉ်၏' ဟု ဆိုရာတွင် အကြောင်းရှိ၏။

"ဂဟပတိ၊ အရိယာသည် စဉ်းစား၏။ 'ဤသံယောဇဉ် အနှောင်အဖွဲ့ကြောင့် ငါသည် မပေးသောဥစ္စာကို ယူ၍ ထိုသံယောဇဉ် အနှောင်အဖွဲ့ကို ဖြတ်တောက်ရန်အတွက် ကြိုးပမ်း၏။ အကယ်၍ ငါသည် ခိုးယူပါက ငါ၏စိတ်ကို ငါ ရှုံ့ရှာ စက်ဆုပ်မည်။ သိတတ်သူများကလည်း ငါ့အား စက်ဆုပ်ကြမည်။ သေသွားလျှင်လည်း ဒုဂ္ဂတိသို့ လားရမည်။ ခိုးခြင်းသည် သံယောဇဉ် အနှောင်အဖွဲ့ တမျိုးဖြစ်၍ ရှောင်ကြဉ်၏။ ခိုးယူခြင်းကြောင့် ဖြစ်

သော ပင်ပန်းခြင်း ပူပန်ရခြင်းနှင့် စိတ်ညစ်ရခြင်းတို့သည် မခိုး ပါက မဖြစ်ချေ။ သို့ကြောင့် ပေးသောဥစ္စာကို ယူရန်အတွက် အဒိန္နာဒါနကို ရှောင်ကြဉ်သင့်၏။

"သစ္စာအတွက် မုသား....။

"ကွဲပြားခြင်း မဖြစ်စေရန်အတွက် ပိသုဏာ ဂုံးတိုက်ခြင်း....။

"အလောဘအတွက် လောဘ....။

"ချီးကျူးမှုအတွက် နိန္ဒာ ကဲ့ရဲ့ခြင်း....။

"အမျက်မထွက်မှုအတွက် ကောဓ ဒေါသဖြစ်ခြင်း....။

"နှိမ့်ချရန်အတွက် အတိမာန မာနကြီးခြင်း....။

"ဂဟပတိ၊ ဤသည်တို့ကား အရိယာ ဝိနည်းရှစ်ပါး အဖွင့်ဖြစ်၏။ အရိယာတို့သည် ဤနည်းဖြင့် သံယောဇဉ် အနှောင်အဖွဲ့ကို ဖြတ်တောက်ကြ၏။ သို့ရာတွင် သင်ကား ဤအလုံးစုံကို အကုန် ဖြတ်တောက်ခြင်း မရှိသေးချေ"

"ဘန္တေ၊ သို့ဖြစ်ပါလျှင် အလုံးစုံသော သံယောဇဉ်ကို အရိယာတို့ ဖြတ်တောက်သကဲ့သို့ ဖြတ်တောက်ရန် ဥပဒေသ ပေးတော်မူပါ"

"ဂဟပတိ၊ စိတ်ဝင်စားစွာ နားထောင်ပါဘိ။

"ဂဟပတိ၊ ငတ်မွတ်၍ အင်အားနည်းနေသော ခွေးအိုကြီး တကောင်သည် သားသတ်ရုံနားတွင် ထိုင်၍နေ၏။ သားသတ်သမားသည် သွေးလူးနေသော အမဲရိုးကို လွှင့်ပစ်ပေးလိုက်၏။ ထိုအခါ ခွေးအိုကြီးသည် အသားကင်းမဲ့သော အမဲရိုးကို ခဲကာ သူ၏ ဆာလောင်ခြင်းကို ဖြေသိမ့်နေ၏။ သို့ဖြင့် ငတ်မွတ်ခြင်းကြောင့် ဖြစ်သော အင်အား နည်းပါးခြင်းကို ဖယ်ခွာနိုင်ပါမည်လော"

"မခွာနိုင်ပါ ဘန္တေ"

"အဘယ်ကြောင့်နည်း"

"ဘန္တေ၊ ထိုအရိုးတွင် အသားမရှိ။အသွေး လိမ်းကျံနေခြင်း မျှသာ ဖြစ်၏။ ဤအရာကို ဝါးနေသော ခွေးသည် ပင်ပန်းရုံမျှ သာ ဖြစ်ပါလိမ့်မည်။ သို့ဖြင့် သူ၏ အင်အား တိုးပွားမည် မဟုတ် ပါ"

"အို ဂဟပတိ၊ ထို့အတူ အရိယာသည် စဉ်းစား၏။ 'ကာမ ဘောဂသည် များစွာသော ဆင်းရဲဒုက္ခနှင့် များစွာသော ပင်ပန်း ခြင်းကိုပေးသော အမဲရိုးနှင့် တူ၏။ ဤတွင် များစွာသော အပြစ် များ ရှိ၏'။ သို့ကြောင့် အရိယာ သာဝကသည် ယင်းကို သင့် လျော်စွာ ဉာဏ်ဖြင့် ဆင်ခြင် သုံးသပ်ပြီးလျှင် လျစ်လျူရှု၏။ ဥပေက္ခာ ဘာဝနာကို ပွားများ၏။

"လင်းတ၊ ကျီး သို့မဟုတ် သိန်းစွန်သည် သားတစ်ကိုချီကာ ပျံသန်းသွား၏။ ထိုအခါ အခြား လင်းတ၊ ကျီး သို့မဟုတ် သိန်း စွန်သည် သူ၏ နောက်သို့လိုက်ပြီး အကယ်၍ နှုတ်သီးဖြင့် ထိုး ဆိတ်၏။ သူသည် သားတစ်ကို မစွန့်လွှတ်ပါက သေမင်းခံတွင်း သို့ ဝင်ရမည် မဟုတ်ပါလော"

"မှန်ပါ၏ ဘန္တေ"

"ထို့အတူ အရိယာသည် စဉ်းစား၏။ 'ကာမဘောဂသည် သားတစ်နှင့် တူ၏။ လွန်စွာ ဒုက္ခများ၍ လွန်စွာအန္တရာယ် အရှက် ဖြစ်စေတတ်၏'။ ဤသို့ဆင်ခြင်ကာ ဥပေက္ခာ ပွားများ၏။

"ဂဟပတိ၊ တောက်လောင်နေသော မီးရှူးကို ယူဆောင်၍ လေကိုဆန့်ကျင်ပြီး သွားပါက ထိုသူ၏ တကိုယ်လုံးကို မီးလောင် ကျွမ်းမည်။ ထို့အတူ ကာမဘောဂကို တဏှာမီးဟု ယူဆ၍ အ ရိယာသည် ဥပေက္ခာ ဘာဝနာကို ပွားများ၏။

"ဂဟပတိ၊ မီးကျီးတွင်းကြီး တခု ရှိ၏။ အသက် မသေလို သော အင်အားကောင်းသောသူသည် ထိုမီးကျီးတွင်းသို့ ကျရန် လိုလားပါမည်လော"

"အလိုမရှိပါ ဘန္တေ"

"အကြောင်း အသို့နည်း"

"ဘန္တေ၊ထိုမီးကျီးတွင်းထဲသို့ ကျပါလျှင် သေမည်ကို သိသော ကြောင့် ဖြစ်ပါ၏"

"ဂဟပတိ၊ အရိယာ သာဝကသည် ထိုနည်းတူစွာ စဉ်းစား ၏။ 'ကာမဘောဂသည် ရဲရဲ ပြောင်ပြောင် တောက်လောင်နေ သော မီးကျီးစုနှင့်တူ၍ ဆင်းရဲဒုက္ခကို ဖြစ်စေ၏။ အန္တရာယ်များ လှ၏'။

"ဂဟပတိ၊ လူတယောက်သည် အိပ်မက်တွင် အလွန် သာယာ ကြည်နူးဘွယ် ကောင်းသော ဥယျာဉ်ရေကန်ကို တွေ့မြင်၍ နိုး သောအခါ ဘာမျှ မရှိတော့ချေ။ ထို့အတူ အရိယာ သာဝက သည် ကာမဘောဂကို အိပ်မက်အသွင် ထင်မြင်၏။

"ဂဟပတိ၊ စိတ်ကူးကြည့်ပါဘိ။ ကျေးရွာ သို့မဟုတ် မြို့အ နီးမှာ အသီး သီးသော သစ်ပင်တပင် ရှိ၏။ သစ်သီးတို့သည် အ ပင်အောက်သို့ တလုံးတလေမျှ ကြွေကျခြင်း မရှိချေ။ သစ်သီး ရှာဖွေသော လူတယောက် ရောက်လာပြီး သစ်ပင်ပေါ်တက်ကာ အသီးတို့ကို ခူးဆွတ်နေ၏။ ခဏကြာသောအခါ သစ်သီးရှာသော အခြားလူတယောက် ရောက်လာ၏။ သူကား သစ်ပင်ပေါ်သို့ မ တက်နိုင်ချေ။ သို့ကြောင့် သူ့တွင် ပါလာသော ပုဆိန်ဖြင့် သစ် ပင်ကို ခုတ်လှဲ၏။ အကယ်၍ သစ်ပင်ပေါ်သို့ တက်နေသူသည် လျင်စွာ မဆင်းပါက ဒုက္ခရောက်မည် မဟုတ်လော"

"မှန်လှပါ ဘန္တေ"

"ဂဟပတိ၊ ထို့အတူပင် အရိယာသည် စဉ်းစား၏။ 'ကာမဘောဂသည် သစ်သီးနှင့် တူ၏။ ဘေးရန်များစွာရှိ၏'။ ဤသို့လျှင် သင့်လျော်သော အသိဉာဏ်ဖြင့် ဆင်ခြင်၍ ဥပေက္ခာပြု၏။

"ဂဟပတိ၊ ထိုအရိယာ သာဝကသည် ဤအတုမရှိသော ဥပေက္ခာ သတိ စင်ကြယ်မှုကို ရသောအခါ များပြားလှစွာသော ရှေးဘဝ အကြောင်းအရာတို့ကို ဆင်ခြင် အောက်မေ့နိုင်၏။ တသာဝ နှစ်ဘဝမှစ၍ ဘဝပေါင်းများစွာက အမျိုးအနွယ် အမည်နာမ စသည်တို့ကို သုံးသပ်နိုင်၏။

"ဂဟပတိ၊အရိယာ သာဝကသည် ဤအတုမရှိသော ဥပေက္ခာ သတိ စင်ကြယ်ခြင်းကို ရသောကြောင့် ဒိဗ္ဗစက္ခုဖြင့် သီလရှိ သီလမဲ့၊ နိမ့်ကျခြင်း မြင့်မြတ်ခြင်း အဆင်းလှ အဆင်းမလှ၊ သုဂတိလားခြင်း ဒုဂ္ဂတိလားခြင်း၊ ကံအားလျော်စွာဖြစ်မည့် သတ္တဝါအပေါင်းကို ကောင်းစွာမြင်၏။

"ဂဟပတိ၊ အရိယာသည် ဤအတုမရှိသော ဥပေက္ခာသတိ စင်ကြယ်ခြင်းကို ရသောကြောင့် ဤဘဝတွင် စိတ်၏ အညစ်အကြေးဖြစ်သော အာသဝကင်းပြီး အနာသဝဖြစ်သော စိတ်၏ လွန်မြောက်မှုကို ရနေ၏။ အရိယာ ဝိနည်းသည် ဤသို့လျှင် အလုံးစုံသော သံယောဇဉ် အနှောင်အဖွဲ့ကို ဖြတ်တောက် ဖယ်ရှား၏။ ဤကဲ့သို့ သံယောဇဉ် အနှောင်အဖွဲ့ကို သမုစ္ဆေဒဖြင့် လုံးဝ ဖြတ်တောက် ဖယ်ရှားခြင်း သင့်မှာ ရှိပါသလော"

"ဘန္တေ၊ ဘယ်မှာ ကျွန်ုပ်တွင် ရှိမည်နည်း။ ကျွန်ုပ်သည် ရှေးအခါက အခြားသော ဂိုဏ်းဂဏဖြစ်သည့် တိတ္ထိ ပရိဗ္ဗာဇကတို့ကို စင်ကြယ်သည်ဟု ထင်မြင်ခဲ့ပါ၏။ မစင်ကြယ်သော သူတို့အား စင်ကြယ်သော ဘောဇဉ်ကို ပေးလှူခဲ့ပါ၏။ ထို့ပြင် မစင်ကြယ်သော သူတို့အား စင်ကြယ်သော နေရာ ပေးခဲ့ပါ၏။ စင်

ကြွယ်သော ရဟန်းသံဃာတို့ကို မစင်ကြွယ်ဟု ထင်မြင်ခဲ့ပါ၏။ စင်ကြွယ်သော ရဟန်းတို့အား မစင်ကြွယ်သော ဘောဇဉ်ကို ပေး၍ မစင်ကြွယ်သော နေရာကို ပေးခဲ့ပါ၏။ ယနေ့မှစ၍ ကျွန်ုပ်သည် မစင်ကြွယ်သော တိတ္ထိတို့ကို မစင်ကြွယ်ဟု သဘောပေါက်ပါပြီ။ သူတို့ကို မစင်ကြွယ်သော ဘောဇဉ်နှင့် မစင်ကြွယ်သော နေရာကို ပေးပါမည်။ စင်ကြွယ်သော ရဟန်းသံဃာတို့ကို စင်ကြွယ်ကြောင်း အမှန်တွေ့မြင်ရ၍ စင်ကြွယ်သော ရဟန်းတို့အား စင်ကြွယ်သော ဘောဇဉ်နှင့် စင်ကြွယ်သော နေရာကို ပေးပါမည်။

"အဟော၊ အံ့သြဘွယ် ရှိပေစွ။ မြတ်စွာဘုရားသည် ကျွန်ုပ်အား သမ္မာတို့ကို သဒ္ဓါကြည်ညို ရှိသေမြတ်နိုးစေရန် ညွှန်ပြတော်မူပေ၏။

"အစ္ဆရိယံ ဘန္တေ၊ အဗ္ဘုတံ ဘန္တေ၊ မှောက်ထားသောအိုးကို လှန်၍ပြသကဲ့သို့ငှင်း၊ ဖုံးလွှမ်းထားသော အရာကို ဖွင့်လှစ်ပြသကဲ့သို့ငှင်း၊ မျက်စိလည်နေသူအား လမ်းမှန်ကို ညွှန်ပြလိုက်သကဲ့သို့ငှင်း၊ အမိုက်မှောင်တွင် ဆီမီးထွန်းပြလိုက်သကဲ့သို့ငှင်း မြတ်စွာဘုရားသည် ကျွန်ုပ်အား အမျိုးမျိုးသော ဓမ္မဥပဒေသကို ပေးခဲ့ပါ၏။ ယနေ့မှစ၍မြတ်စွာဘုရားသည် ကျွန်ုပ်အား ဥပါသကာဟု ယူဆတော်မူပါ"

× × ×

## အဿ လာယန

ဗုဒ္ဓသည် တရံသောအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ စံနေ၏။

ထိုအခါ အမျိုးမျိုးသော အရပ်ဒေသတို့မှ ပြာဟ္မဏ ငါးရာတို့သည် တစုံတရာသော ပြုဘွယ်ကိစ္စဖြင့် သာဝတ္ထိသို့ ရောက်လာကြ၏။ တနေ့တွင် သူတို့စဉ်းစားကြ၏။ 'သမဏ ဂေါတမသည် အမျိုးလေးပါးတို့ စင်ကြယ်ခြင်းနှင့် ပတ်သက်၍ ဥပဒေသ ပေးနေ၏။ ထိုကိစ္စနှင့် စပ်လျဉ်း၍ ဘယ်သူ သမဏ ဂေါတမနှင့် အတူတကွ ဆွေးနွေးနိုင်ပါမည်နည်း။'

ထိုအခါ သာဝတ္ထိတွင် နိဃဏ္ဍု(အဘိဓာန်)ကျမ်း၊ ကေဋုဘ (အလင်္ကာ)ကျမ်း၊ အက္ခရပ ဘေဒ (သိက္ခာ) ကျမ်း၊ ဝေဒ သုံးကျမ်းနှင့် ဣတိဟာသ(ရာဇဝင်သမိုင်း)ကျမ်းတို့ကို တဖက်ကမ်းရောက် တတ်မြောက်၍ ကဗျာ၊သဒ္ဒါ၊လောကာယတ၊မဟာပုရိသလက္ခဏာကျမ်းတို့၌ ကျွမ်းကျင်သော အဿလာယန အမည်ရှိသည့် ပြာဟ္မဏလုလင်တဦးရှိ၏။ ပြာဟ္မဏတို့သည် သူ၏ ထံသို့သွားပြီး ပြောပြကြ၏။

"အဿလာယန၊ ဤသမဏ ဂေါတမသည် အမျိုးလေးပါးတို့ စင်ကြယ်ခြင်းနှင့် ပတ်သက်၍ ဥပဒေသ ပေးနေ၏။ သင်သည် သူ၏ထံသို့ သွားပြီး ထိုအကြောင်းနှင့်ပတ်သက်၍ ဆွေးနွေးပါလော"

ထိုအခါ အဿလာယနက သူတို့အား ပြန်ကြား၏။

"သမဏ ဂေါတမသည် ဓမ္မဝါဒီ ဖြစ်၏။ သဘာဝကျကျ ပြောပြတတ်ပါ၍ ငါသည် သူနှင့်အတူ ထိုအကြောင်းကို မဆွေးနွေးနိုင်ပါ"

သို့ရာတွင် ပြာဟ္မဏတို့ကား သူ့ကို အကြိမ်ကြိမ် တောင်းပန်ကြ၏။ သို့ကြောင့် အဿလာယနသည် သူတို့အား မဆန့်ကျင်ချင်သဖြင့် ပြောပြလိုက်၏။

"ငါသည် ဤအကြောင်းနှင့် ပတ်သက်၍ သူနှင့် မဆွေးနွေး ချင်ပါ။ သို့ရာတွင် သင်တို့၏ တိုက်တွန်းချက်အရ ငါ သွားပါ မည်"

ထိုအခါ အဿလာယနသည် များစွာသော ပြာဟ္မဏ နောက် လိုက်တို့နှင့် အတူ ဗုဒ္ဓ၏ အထံသို့ သွား၍ ကျန်းမာ ချမ်းသာ ကြောင်း မေးမြန်းပြီး ထိုင်ကာ မြတ်စွာဘုရားအား မေးမြန်း၏။

"အဘော ဂေါတမ၊ ပြာဟ္မဏတို့ ဆိုကြပါ၏။ 'ပြာဟ္မဏသာ အမျိုး မြတ်၏။ အခြားသောအမျိုးသည် ယုတ်၏။ ပြာဟ္မဏသာ အမျိုး ဖြူစင်၏။ အခြားသောအမျိုးသည် မည်းစိ၏။ ပြာဟ္မဏ သာစင်ကြယ်၏။ ပြာဟ္မဏသည် စင်ကြယ်ခြင်းမရှိ။ အပြာဟ္မဏသာ ပြာဟ္မဏ၏ သားကြီးသြရသ ဖြစ်၏။ ပြဟ္မာ၏ ခံတွင်းမှ ဖြစ်၏။ ပြဟ္မာ ဖန်ဆင်း၍ ပြဟ္မာ၏ တဦးတည်းသော အမွေခံဖြစ်၏'။ ဤအကြောင်းနှင့် ပတ်သက်၍ သင်၏ အယူအဆကား အသို့ပါ နည်း"

"အို အဿလာယန၊ ပြာဟ္မဏတို့သည် ပြာဟ္မဏီ(ပြာဟ္မဏ အမျိုးသမီး) တို့ ဥတုလာသည်ကို တွေ့မြင်၏။ ကိုယ် ဝန်ဆောင်သည်ကို တွေ့မြင်၏။ ကလေးဖွားသည်ကို တွေ့မြင်၏။ နို့တိုက်သည်ကို တွေ့မြင်၏။ ထိုသို့လျှင် အင်္ဂါဇာတ်မှ အထင်အ ရှား ဖြစ်ပေါ်လာခြင်း ဖြစ်ပါလျက် ပြာဟ္မဏသာ ပြဟ္မာ၏ သားကြီး သြရသဖြစ်၏၊ ပြဟ္မာ၏ ခံတွင်းမှဖြစ်၏၊ ပြဟ္မာဖန်ဆင်း ၍ ပြဟ္မာ၏ တဦးတည်းသော အမွေခံဖြစ်၏ ဟု ဆိုခြင်းမှာ မတင့် တယ်ချေ"

"ဂေါတမ၊ သင်က ဤသို့ ဆိုသော်လည်း ပြာဟ္မဏတို့သည် ထိုသို့ပင် ယုံကြည်ကြ၏"

"အဿလာယန၊ ယဝနနှင့် ကမ္ဗောဇ နှစ်ပြည်၏အကြားတွင် အာရယနှင့် ဒါသ အမျိုး နှစ်မျိုးရှိ၏။ ထိုအမျိုးတို့သည် အာရယမှ ဒါသဖြစ်၍ ဒါသမှ အာရယဖြစ်ကာ ရောနှောနေသည်ကို သင်ကြားဘူးပါသလော"

"ကျွန်ုပ် ကြားဘူးပါ၏"

"အဿလာယန၊ ဗြာဟ္မဏတို့သည် ဤကဲ့သို့ ပြောဆိုရန် ဘယ်ကဲ့သို့သော အထောက်အထားရှိကြသနည်း"

"ဂေါတမ၊ သင်က ဤသို့ဆိုသော်လည်း ဗြာဟ္မဏတို့သည် ထိုသို့ပင် ယူဆပြောပြကြပါ၏"

"အဿလာယန၊ သင် ဘယ်သို့သဘောရသနည်း။ ခတ္တိယမင်းမျိုးသည် အကယ်၍ အသက်သတ်ခြင်း၊ ခိုးခြင်း၊ ဖောက်ပြန်ခြင်း၊ လိမ်လည်၍ပြောခြင်း၊ ဂုံးချောခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်း၊ အချည်းနှီး စကားကို ပြောခြင်း၊ လောဘကြီးခြင်း၊ ဒေါသကြီးခြင်းမိစ္ဆာဒိဋ္ဌိလျှင် လည်းလျှောင်းရာ ဖြစ်ခဲ့ပါလျှင် ထိုမင်းမျိုးသည် သေပြီးနောက် ငရဲသို့ရောက်မည် မဟုတ်ပါလော။ ထို့အတူ ဗြာဟ္မဏ ဝေဿ (ကုန်သည်)နှင့် သုဒ္ဒ (ဆင်းရဲသား)လည်း အကယ်၍အသက်သတ်ခြင်း စသည့်အမှုကို ပြုပါက ငရဲသို့ပင် သွားရမည် မဟုတ်ပါလော"

"ဘော ဂေါတမ၊ ခတ္တိယဖြစ်စေ၊ ဗြာဟ္မဏဖြစ်စေ၊ ဝေဿဖြစ်စေ၊ သို့မဟုတ် သုဒ္ဒဖြစ်စေ သူတို့သည် အကယ်၍ အသက်သတ်ခြင်း စသော မကောင်းမှုကို ပြုပါက အလုံးစုံပင် ငရဲသို့လားကြရမည်။

"သို့ဖြစ်လျှင် ဗြာဟ္မဏတို့သည် ဘယ်ကဲ့သို့သော သတ္တိစွမ်းပကား အထောက်အထားဖြင့် ပြောကြသနည်း။

"သင်က ဤသို့ ဆိုသော်လည်း ဗြာဟ္မဏတို့သည် ဆိုခဲ့သည့် အတိုင်းပင် ယူဆ ပြောဆိုနေကြပါ၏"

"အဿလာယန၊ သင် ဘယ်သို့ ယူဆသနည်း။ ဗြာဟ္မဏသည် အကယ်၍ အသက်သတ်ခြင်း၊ ခိုးယူခြင်း၊ ဖောက်ပြန်ခြင်း၊ လိမ် လည်ခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းစွာပြောဆိုခြင်း၊ အချည်း နှီး ပြောဆိုခြင်းတို့ ပြောင်ကြဉ်၏။ လောဘမရှိ၊ ဒေါသ ဆိတ် သုဉ်း၍ သမ္မာဒိဋ္ဌိနှင့်ပြည့်စုံ၏။ ထိုဗြာဟ္မဏ သေလွန်သောအခါ နတ်ပြည်သို့ သွားရမည် မဟုတ်ပါလော။ အကယ်၍ ခတ္တိယ၊ ဝေဿနှင့် သုဒ္ဒလည်း ထိုအတူ ကျင့်ခဲ့ပါသော် နတ်ပြည်သို့ပင် သွားရမည် မဟုတ်ပါလော"

"ဂေါတမ၊ ခတ္တိယ၊ ဗြာဟ္မဏ၊ ဝေဿ၊ သုဒ္ဒ အမျိုးလေးပါး သည် အကယ်၍ ဤနည်းတူစွာ ကောင်းစွာကျင့်ပါက အလုံးစုံ ပင် နတ်ပြည်သို့ သွားရပါမည်"

"အဿလာယန၊ သင် ဘယ်သို့ ထင်ပါသနည်း။ ဗြာဟ္မဏသာ ရန်ကင်း၏။ ဒေါသကင်း၍ မေတ္တာဘာဝနာကို ပွား၏။ ခတ္တိယ၊ ဝေဿနှင့် သုဒ္ဒတို့ မပွားကြသလော"

"မဟုတ်ပါ ဂေါတမ။ ကျွန်ုပ် ဤသို့ မယူဆပါ။ ခတ္တိယ စသော အမျိုးလေးပါးလုံးပင် မေတ္တာဘာဝနာကို ပွားကြပါ၏"

"အဿလာယန၊ သင် ဘယ်သို့ ယူဆသနည်း။ ဗြာဟ္မဏသာ မင်္ဂလာရေချိုးမှုန့်ကို ကိုင်ဆောင်ပြီး မြစ်သို့သွားကာ အညစ် အ ကြေး ဆေးကြောရ၏။ အခြားသူများ ဆေးကြောခြင်း မပြုရ သလော"

"မဟုတ်ပါ ဂေါတမ။ ကျွန်ုပ် ဤသို့ မယူဆပါ။ အမျိုး လေး ပါးလုံးပင် မင်္ဂလာ ရေချိုးမှုန့်ကို ဆောင်ကာ မြစ်သို့သွားပြီး အညစ်အကြေး ဆေးကြောကြပါ၏"

"အဿလာယန၊ သင် ဘယ်သို့သဘောရသနည်း။ အ ဘိသိက်ခံပြီးသော ခတ္တိယမင်းသည် လူမျိုး တရာ့တမျိုးကို စုရုံး၍ ပြောပြ၏။ သင်တို့အတွင်းတွင် ခတ္တိယမျိုး၊ ဗြာဟ္မဏမျိုး သို့မဟုတ် ရာဇဝံသ မင်းမျိုးတွင် မွေးဖွားသူများသော လာပြီး အင်ကြင်း၊ ထင်းရှူးကို ပဒုမာကြာရိုး မီးပွတ်ဖြင့် ပွတ်ကာ မီးထွန်းကြလော။ စဏ္ဍာလမျိုး၊ တံငါမုဆိုးမျိုး၊ နှီးသမားမျိုး၊ ရထားသမားမျိုးနှင့် ပန်းမှိုက်သွန်မျိုးစသော အခြား အမျိုးတို့တွင် ဖွားမြင်သော သူတို့သည် ခွေးစားကျင်း၊ ဝက်စားကျင်း၊ ခဝါဆိုးကျင်းကို ကြက်ဆူမီးပွတ်ဖြင့် ပွတ်၍ မီးထွန်းရမည်။အဿလာယန၊ ခတ္တိယ ဗြာဟ္မဏတို့ အင်ကြင်းသား စသည်တို့ဖြင့် ထွန်း သော မီး သည် စဏ္ဍာလစသူတို့ ခွေးစားကျင်း စသည်တို့ဖြင့် ထွန်းသောမီးထက် မီးနှင့်သက်ဆိုင်သော အလုပ်ကိစ္စတွင် ပိုပြီး ထူးခြားပါသလော"

"မထူးပါ ဂေါတမ၊မီးနှစ်မျိုးလုံးပင် မီးနှင့် သက်ဆိုင်သော အလုပ်ကိစ္စတွင် အညီအမျှပင် ဖြစ်ပါ၏"

"အဿလာယန၊ သင်ဘယ်သို့ သဘောရသနည်း။ ခတ္တိယ ကုမာရသည် ဗြာဟ္မဏ ကုမာရီ၏ ဝမ်းတွင် အကယ်၍ သန္ဓေဖြစ်စေရာ ထိုသားသည် အမိအဖနှင့်တူ၍ ခတ္တိယကုမာရနှင့် ဗြာဟ္မဏ ကုမာရဟု အမည်နှစ်မျိုးဖြင့် ခေါ်နိုင်သည် မဟုတ်ပါလော"

"ခေါ်နိုင်ပါ၏ ဂေါတမ။ ထိုကလေးသည် ခတ္တိယနှင့် ဗြာဟ္မဏ နှစ်ဦးစုံသော သက်သေးရောနှော၍ ဖြစ်သောကြောင့် နှစ်ဦးစုံသော အမည်နှင့်ပင် ခေါ်ဝေါ်ပါ၏"

"အဿလာယန၊ ဗြာဟ္မဏကုမာရသည် ခတ္တိယကုမာရီ၏ ဝမ်းတွင် ကလေးဖြစ်စေရာ ထိုကလေးသည် ဗြာဟ္မဏနှင့် ခတ္တိယ နှစ်မျိုးလုံး၏ အမည်ဖြင့် တွင်နိုင်သည် မဟုတ်ပါလော"

"တွင်ပါမည် ဂေါတမ"

"အသျှင်နာဂသေနမင်း၊ မြင်းနှင့်မြည်း ပေါင်းဖော်၍ ဖြစ်ပေါ်သော သားကို အမိအဖ အမည်ဖြစ်သော မြင်းကလေး သို့မဟုတ် မြည်းကလေးဟု ခေါ်ကြမည်လော"

"ဝေါ်တမ၊သူ့ကို အသျှင်ထိုရ်ဟု ခေါ်ကြပါ၏။ ဤနေရာမှာ ကား ထူးခြား၍သွားပါ၏။ သို့ရာတွင် အခြားမှာ ဤသို့ ကွဲပြားခြင်း မရှိပါ"

"အသျှင်နာဂသေန၊ စဉ်းစားပါဘိ။ လူတယောက်မှာ အမွှာပူး သားနှစ်ယောက်ရှိ၏။ ထိုနှစ်ယောက်တွင် တယောက်သော သူသည် ပညာသင်ကြား၏။ အခြားတယောက်မူ ပညာသင်ကြားခြင်း မရှိချေ။ ထိုနှစ်ယောက်တွင် ဘယ်သူ့ကို ဦးစားပေးမည်နည်း"

"ပညာသင်ကြားသူကို ဦးစားပေးပါမည်။ ပညာမသင်ကြားသူအား ဦးစားပေး၍ ဘယ်အကျိုးရှိမည်နည်း"

"အသျှင်နာဂသေန၊ အမွှာညီနောင် နှစ်ယောက်တွင် တယောက်သည် ပညာလည်း သင်ကြားပါ၏။ သို့ရာတွင် အကျင့်မကောင်းမှု၍ အလိုဆိုး ရှိ၏။ နောက်လူကား ပညာသင်ကြားခြင်း မရှိချေ။ သို့ရာတွင် အကျင့်စာရိတ္တကောင်း၏။ ထိုနှစ်ယောက်တွင် ဘယ်သူ့ကို ဦးစားပေးမည်နည်း"

"ပညာသင်ကြားခြင်း မရှိသော်လည်း အကျင့်စာရိတ္တကောင်းမွန်သူအား ဦးစားပေးပါမည်"

"အသျှင်နာဂသေန၊သင်သည် ပထမ မွေးဖွားခြင်း၊ ဒုတိယ မန္တန်နှင့် စပ်လျဉ်း၍ ဆွေးနွေးရာ နောက်ဆုံးတွင် ငါသည် အလုံးစုံတို့နှင့် စပ်လျဉ်းသော ဥပဒေသကို ရှင်းပြခဲ့၏။ ယင်းသည် အမျိုးလေးပါးတို့၏ စင်ကြယ်စွာ တည်ရှိရေးဖြစ်၏"

ထိုကဲ့သို့ မြတ်စွာဘုရား ရှင်းပြသောအခါ အဿလာယန သည် တိတ်တိတ် ဆိတ်ဆိတ် ခေါင်းစိုက်ကာ စဉ်းစားနေ၏။ ထိုအခါ မြတ်စွာဘုရားသည် သူ၏ အခြေအနေကို သိမြင်၍ ရှေးအခါက ဗြာဟ္မဏ အမည်ခံ ရသေ့ ခုနစ်ဦးကို အသိတ ဒေဝလ အမည်ရှိသော ရသေ့က ဤကဲ့သို့သော ပြဿနာမျိုး ဖြေရှင်းခဲ့ဘူးကြောင်း ထပ်လောင်း ဟောကြားပြန်၏။ ထိုအခါ အဿလာယနသည် ဗုဒ္ဓအား လျှောက်ကြား၏။

"အစ္ဆရိယ ဘန္တေ၊ အဗ္ဘုတ ဘန္တေ၊ မှောက်ထားသောအရာကို လှန်၍ ပြဘိသကဲ့သို့ အရှင်ဘုရားသည် ကျွန်ုပ်အား နည်းအမျိုးမျိုးဖြင့် ဓမ္မဥပဒေသ ပေးခဲ့ပါ၏။ ယနေ့မှစ၍ မြတ်စွာဘုရားသည် ကျွန်ုပ်အား ဥပါသကာဟု ယူဆတော်မူပါလော့"

× × ×

## အမ္ဗဋ္ဌ

မြတ်စွာဘုရားသည် တရံသောအခါ ဓမ္မတရား ဖြန့်ချိလျက် ရဟန်းငါးရာခြံရံကာ ကောသလတိုင်း ဣစ္ဆာနင်္ဂလ အမည်ရှိသော ဗြာဟ္မဏရွာသို့ရောက်၍ ထိုရွာအနီး တောအုပ်တွင် စံနေတော်မူ၏။

ထိုအခါ ပေါက္ခရသာတိ အမည်ရှိသော ဗြာဟ္မဏသည် ထိုရွာကို အုပ်ချုပ်၏။ လူမျိုးစုံရောပြွမ်း၍ ဥစ္စာဓနနှင့် ပြည့်စုံကြွယ်ဝသော ထိုရွာကို ကောသလမင်း ပသေနဒိသည် သူ့အား ရွာစား ပေးထား၏။

သူသည် မြတ်စွာဘုရား၏ ဂုဏ်သတင်းကို ကြားရ၍ သူ၏ တပည့်ကြီးဖြစ်၍ လွန်စွာပညာထက်မြက်သည့် အမ္ဗဋ္ဌ အမည်ရှိသော လုလင်ကိုခေါ်၍ ပြောပြ၏။

“ချစ်သား၊ သကျမျိုးဖြစ်သော သမဏ ဂေါတမသည် ငါတို့ရွာသို့ ရောက်လာပြီး တောအုပ်တွင် စံနေ၏။ သူ၏ အမျိုးမျိုး ဂုဏ်သတင်း ကျော်စောခြင်းတို့ကို အစဉ်မပြတ် ကြားနေရ၏။ ထိုကဲ့သို့သော မဟာပုရိသကို တွေ့ဆုံလျှင် ကောင်းမည်။ သို့ကြောင့် သင်သွားပြီး ကြည့်ပါချေ။ သူ၏ ဂုဏ်သတင်း ကျော်စောခြင်းနှင့် ညီမညီကို အကဲခပ်ပါဘိ”

“အာစရိယ၊ ဂုဏ်သတင်း အမျိုးမျိုးတို့နှင့် တန်ဆာဆင်ထားသော သူ့ကို ကျွန်ုပ် ဘယ်သို့ သိနိုင်ပါမည်နည်း”

“ချစ်သား၊ ငါတို့၏ မန္တန်ကျမ်းမှာ မဟာပုရိသ၏ သုံးဆယ့်နှစ်ပါး အပြားရှိသော လက္ခဏာတို့ကို ဖော်ပြထား၏။ ဤလက္ခဏာ အပေါင်းနှင့် ပြည့်စုံသောသူသည် နှစ်ယောက်ထက် ကျော်လွန်ပြီး သုံးယောက်မြောက် မရှိချေ။ ထိုသူသည် အိမ်ရာတည်ထောင် လူ့ဘောင်တွင်နေပါက စကြဝတေးမင်း ဖြစ်မည်။ အိုးအိမ်ကို စွန့်ခွာ၍ ရဟန်းပြုပါက အရဟန္တ သမ္မာသမ္ဗုဒ္ဓ ဖြစ်မည်”

ပေါက္ခရသာတိ ဗြဟ္မဏ၏အမိန့်အရ အမ္ဗဋ္ဌသည် များစွာသော ဗြာဟ္မဏလုလင်များနှင့် အတူတကွ မြင်းရထားစီး၍ မြို့ပြင် တောအုပ်သို့ သွားလေ၏။ အတန်သွား၍ မြတ်စွာဘုရား စံနေရာ အနီးသို့ရောက်သောအခါ ရထားပေါ်မှဆင်းကာ ခြေလျင်သွားကြ၏။ ထိုအခါ ရဟန်းတို့သည် အပြင်ဘက်တွင်ရှိကြ၏။ အမ္ဗဋ္ဌသည် သူတို့အား မေး၏။

"သမဏ ဂေါတမသည် ယခုအခါ ဘယ်မှာ နေပါသလဲ။ ကျွန်ုပ်တို့သည် သူ့ကို ဖူးတွေ့ချင်ပါ၏"

ထိုအခါ ရဟန်းတို့သည် 'ဤသူကား ပေါက္ခရသာတိ ပြဟ္မဏ၏ ထင်ရှားကျော်စောသော တပည့်ဖြစ်၏။ ဤကဲ့သို့သော အမျိုးကောင်းသားနှင့် မြတ်စွာဘုရား စကားပြောခြင်းမှာ အချည်းနှီး မဖြစ်ချေ' ဟုစဉ်းစားပြီး အမ္ဗဋ္ဌအား ပြောကြားကြ၏။

"အို အမျိုးသားလုလင်၊ ထိုတွင် တံခါး ပိတ်ထားသော ကျောင်းရှိ၏။ ထိုကျောင်းသို့ တိတ်ဆိတ်စွာသွားပြီး ဝါရန္တာမှ အရှေ့ဘက်တံခါးကို အသာခေါက်ပါ။ မြတ်စွာဘုရားသည် သင့်အတွက် တံခါးဖွင့်ပေးပါလိမ့်မည်"

အမ္ဗဋ္ဌသည် ကျောင်းသို့သွား၍ ထိုနည်းအတိုင်း ပြုလုပ်ရာ မြတ်စွာဘုရား တံခါးဖွင့်ပေး၏။ ထိုအခါ အမ္ဗဋ္ဌသည် အတွင်းသို့ ဝင်သွား၏။ အခြားသော ပြဟ္မဏတို့လည်း အစဉ်အတိုင်း ဝင်ကြ၍ မြတ်စွာဘုရားနှင့်အတူ ကျန်းမာချမ်းသာကြောင်း သတင်းကောင်းကို မေးမြန်းကာ ထိုင်ကြ၏။ သို့ရာတွင် အမ္ဗဋ္ဌကား မထိုင်ချေ။ ရပ်လျက်ပင် မြတ်စွာဘုရားအား နှုတ်ဆက်စကားပြောကြား၏။ ထိုအခါ မြတ်စွာဘုရားက သူ့အား ပြောပြ၏။

"အမ္ဗဋ္ဌ၊ သင်သည် အသက်အရွယ်ကြီးသော ပြဟ္မဏ ဆရာသမား စသော သူတို့နှင့် စကားပြောသောအခါ ဤသို့ပင် ပြောဆိုပါသလော"

"မဟုတ်ပါ ဂေါတမ၊ သွားနေသောပြဟ္မဏနှင့် သွားလျက်၊ ရပ်နေသောပြဟ္မဏနှင့် ရပ်လျက်၊ ထိုင်နေသောပြဟ္မဏနှင့်အတူ ထိုင်လျက်၊ အိပ်နေသောပြဟ္မဏနှင့် အိပ်လျက်သာ စကားပြောပါ၏။ အို ဂေါတမ၊ သို့ရာတွင် သင်နှင့်မူကား ဇာတ်နိမ့်သူတို့နှင့် ပြောဆိုသကဲ့သို့ ပြောဆိုခြင်း ဖြစ်ပါ၏"

"အမ္ဗဋ္ဌ၊ သင်သည် ဤသို့ အကြောင်းကိစ္စဖြင့် လာ၏။ လူတို့လည်း အကြောင်းကိစ္စကြောင့်ပင် လာကြကြောင်း သတိပြုသင့်၏။ သင်သည် ဆရာ၏အိမ်မှာ နေသည်မဟုတ်ကြောင်း သိရမည်။ သို့ပါလျက် သင်သည် ဘယ်ဆရာကို ကိုးစားပြီး မာန်တက်နေဘိသနည်း"

မြတ်စွာဘုရား၏ စကားကို ကြားရသောအခါ အမ္ဗဋ္ဌ ဒေါသထွက်သွား၏။

"ဂေါတမ၊ သကျဇာတ်သည် လွန်စွာ ခက်ထန်၏။ သိမ်ဖျင်းယုတ်ညံ့၍ အချည်းနှီးစကားကို ပြော၏။ ဇာတ်နိမ့်သောကြောင့်လည်း ဗြာဟ္မဏတို့အား အရိုအသေပြုခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်းမရှိ ဖြစ်၏။ သိမ်ဖျင်းယုတ်ညံ့ကြ၍ ဗြာဟ္မဏတို့အား လေးစားခြင်းမရှိ ဖြစ်၏။ ဝင်စစ် သူတို့၏ အရှက်ကင်းမဲ့ခြင်းသာ ဖြစ်၏"

"အမ္ဗဋ္ဌ၊ သကျတို့သည် သင့်အား ဘယ်သို့ စော်ကားဘိသနည်း"

"ဂေါတမ၊ ငါသည် တရံသောအခါက ဆရာပေါက္ခရသာတိ၏ အလုပ်ကိစ္စဖြင့် ကပိလဝတ္ထုသို့ သွားခဲ့ပါ၏။ ထိုအခါ သကျတို့သည် မန္တရဏာဂါရ (ပြည်သူ့လွှတ်တော်)တွင် စုဝေးနေကြ၏။ များစွာသော သကျကြီး သကျငယ်တို့သည် ကောင်းမွန်မြင့်မြတ်သောနေရာတွင် ထိုင်ကြလျက် အချင်းချင်း ရယ်မော ပြောဆိုနေကြ၏။ ထိုနေရာသို့ ငါ ဝင်သွားလေရာ သူတို့သည် ငါ့အား တွေ့မြင်သော်လည်း ဘယ်သူမျှ နေရာပေးခြင်း၊ ခရီးဦး ကြိုခြင်း၊ နှုတ်ခွန်းဆက်ခြင်း မရှိသည့်ဖြင့် မကျေနပ်သောအသွင်ဖြင့်ပင် ကြည့်ကြပါသေး၏။ ဤမျှ ရိုင်းစိုင်းယုတ်နိမ့်သူတို့ ဖြစ်၏"

"အမ္ဗဋ္ဌ၊ဘီလုံးငှက်မူကား မိမိအသိုက်တွင် လွတ်လပ်စွာ ပြောဆိုရ၍နေ၏။ ကပိလဝတ္ထုသည် သကျတို့၏ ဇာတိချက်ကြွေဖြစ်၏။ ထိုတွင် သူတို့ လွတ်လပ်စွာ ပြောဆိုနေကြပေမည်။ သို့ဖြင့် သူတို့အား ရှုတ်ချပြစ်တင်ရန် မသင့်ချေ"

"ဂေါတမ၊ လောကတွင် အမျိုး လေးပါးရှိ၏။ ယင်းတို့တွင် ခတ္တိယ၊ ဝေဿနှင့်သုဒ္ဒသည် ဗြာဟ္မဏ၏ အစေအပါး ဖြစ်၏။ သကျတို့မှာ ယုတ်နိမ့်သောကြောင့် ဗြာဟ္မဏတို့အား မထီမဲ့မြင် ပြုကြခြင်း ဖြစ်၏"

"အမ္ဗဋ္ဌ၊ သင်ကား ဘယ်အမျိုးနည်း"

"ဂေါတမ၊ ငါ၏အမျိုးကား ကဏှာယန ဖြစ်၏"

"အမ္ဗဋ္ဌ၊ သင်တို့၏ ရှေးအမျိုးအနွယ်၊အစဉ်အဆက်မှာ သကျအရိယာနှင့် ကျွန်မ၏သား ဖြစ်၏။ သကျတို့၏ ဘုရင်မှာ ဘိုးတော် ဥက္ကာကု ဖြစ်၏။ ဥက္ကာကုမင်းကြီးသည် မိဖုရားငယ်အား ဆုပေးမိ၍ ထိုမိဖုရားငယ်မှ ဖွားမြင်သော ဇန္တုမင်းသားကို အိမ်ရှေ့ ဥပရာဇာအဖြစ် ပေးလိုက်ရ၏။ ထိုအခါ မိဖုရားကြီးမှ ဖွားမြင်သော ဥက္ကာမုခ၊ ကရကဏ္ဍု၊ ဟတ္ထိနိက၊ သိနိသူရ အမည်ရှိသော သားတော် လေးပါးနှင့် ပိယာ၊ သုပိယာ၊ အာနန္ဒာ၊ ဝိဇိတာ၊ ဝိဇိတသေနာ အမည်ရှိသော သမီးတော် ငါးပါးတို့သည် တိုင်းပြည်မှ ထွက်ကာ သွားကြ၏။ ကပိလ ရှင်ရသေ့၏ ကျောင်းသိမ်ခ်မ်း နေရာ(ဝတ္ထု)သို့ ရောက်သောအခါ တိုင်းပြည် တည်ထောင်ကာ နေကြ၏။ သို့ကြောင့် ထိုတိုင်းပြည်ကို ကပိလဝတ္ထုဟု ခေါ်ကြခြင်း ဖြစ်၏။ သူတို့သည် အမကြီး ပိယာမင်းသမီးကို အမိအရာထားကာ အမျိုးရောရှက်မည့်ဘေးကြောင့် မောင် လေးယောက်နှင့် နှမ လေးယောက် အသီးသီး ထိမ်းမြားလိုက်ကြ၏။ ထိုအကြောင်း

ကို ဥက္ကာကုမင်းကြီး ကြားသောအခါ 'သကျ ဝတ၊ ဘော၊ ရာဇ ကုမာရာ'ဆို၏။

[ဘော-အိုအချင်းတို့၊ ရာဇကုမာရာ- မင်းသားတို့သည်၊ သကျဝတ-စွမ်းနိုင်ကြပေစွတကား။]

"အမ္ဗဋ္ဌ၊ ဥက္ကာကုမင်းကြီး၏ သကျဟူသောစကားကို အစွဲပြု၍ ထိုအမျိုးကို သကျဟု ခေါ်ကြခြင်း ဖြစ်၏။

"အမ္ဗဋ္ဌ၊ ဘုရင်ဥက္ကာကုတွင် ဒိသာအမည်ရှိသော ကျွန်မတဦး ရှိ၏။ သူ့တွင် သားတယောက်မွေးဖွားရာ ကဏှ(ကဏှ=အမဲ) ဖြစ်၏။ ယခုအခါလူတို့သည် မြေဖုတ်ဘီလူးကို ပိသာစဟု ခေါ်သကဲ့သို့ ထိုစဉ်အခါက လူတို့သည် မြေဖုတ်ဘီလူးကို ကဏှဟု ခေါ်ကြ၏။ ဒိသာကျွန်မ၏သားကို မြေဖုတ်ဘီလူးနှင့် တူ၍ ကဏှဟု ခေါ်ကြ၏။ ကာလကြာမြင့်သောအခါ ကဏှမှ ကဏှာယန ဖြစ်သွား၏။ သူသည် ကဏှာယနမျိုး၏ ပထမလူဖြစ်၏။

"အမ္ဗဋ္ဌ၊ သင်တို့၏ မိဘ အမျိုးအနွယ်အစဉ်မှာ သကျအရိယာနှင့် ကျွန်မ၏သား ဖြစ်၏"

ထိုအခါ အမ္ဗဋ္ဌ၏ အပေါင်းဖြစ်သော ပြာဟ္မဏလုလင်ယ်တို့က ဆိုကြ၏။

"ဂေါတမ၊ သင်သည် အမ္ဗဋ္ဌအား အမျိုးယုတ်သော ကျွန်မျိုးဟုဆိုကာ အရှက်ခွဲ၏။ မည်သို့ဖြစ်စေ သူသည် ကောင်းမွန်သောအမျိုးမှ မွေးဖွားသည့် အမျိုးကောင်းသား ဖြစ်၏။ ဗဟုသုတ ရှိ၏။ ကောင်းစွာပြောဆိုသော ပဏ္ဍိတ်ဖြစ်၏။ ဤကိစ္စကို သင်နှင့်အတူ သူသည် ဆွေးနွေးနိုင်၏"

မြတ်စွာဘုရားသည် သူတို့အား ပြန်ကြား၏။

"လုလင်အပေါင်းတို့၊ အမ္ဗဋ္ဌသည် မကောင်းသဖြင့် မွေးဖွား၏။ အမျိုးယုတ်၏သား ဖြစ်၏။ ဥာဏ်နည်း၏။ မကောင်းသဖြင့်

ပြောဆို၏။ ပဏ္ဍိတ်အဖြစ်မှ ကင်း၍ သူသည် ငါနှင့်အတူတကွ မဆွေးနွေးနိုင်။ သူသည် အကယ်၍ အမျိုးကောင်းသား ပညာရှိ တယောက် ဖြစ်ပါလျှင် ငါ၏ရှေ့တွင်ထိုင်ကာ ကောင်းမွန်စွာ ဆွေးနွေးသင့်၏”

“ဂေါတမ၊ အမ္ဗဋ္ဌသည် အမျိုးကောင်းသား ပညာရှိ ဖြစ်၏။ ထိုအကြောင်းကို သင်နှင့်ကောင်းစွာ ဆွေးနွေးနိုင်၏။ သင်တို့ ကောင်းစွာ ဆွေးနွေးကြပါ၊ ငါတို့ ဆိတ်ငြိမ်စွာ နားထောင်နေ ကြပါမည်”

ထိုအခါ မြတ်စွာဘုရားက အမ္ဗဋ္ဌအား မိန့်ကြား၏။

“အမ္ဗဋ္ဌ၊ ယခုအခါ သင်၏အပေါ်တွင် ဓမ္မတာရေးနှင့်ပတ်သက် သော ပြဿနာ ဖြစ်ပေါ်နေ၏။ အလို မရှိသော်လည်း ဖြေဆိုရ ပေမည်။ အကယ်၍ အဖြေမပေးသော်၎င်း၊ မဖွယ်မရာ ပြုသော် ၎င်း၊ နေရာမှ ထွက်ခွာသွားသော်၎င်း သင်၏ ဦးခေါင်း ခုနစ်စိတ် ကွဲသွားလိမ့်မည်။

“အမ္ဗဋ္ဌ၊ သင်သည် ရှေးအခါက ဆရာပြောဟူ၏၊ သို့မဟုတ် သမဏတို့ထံမှ ကဏှာယန အမျိုး ဖြစ်ပေါ်လာခြင်းနှင့် သူတို့၏ ရှေးဦးစွာသောလူ ဘယ်သူဖြစ်ကြောင်း ကြားဘူးသည် မဟုတ် ပါလော”

အမ္ဗဋ္ဌကား အဖြေမပေးချေ။ ဆိတ်ဆိတ်နေ၏။

ဒုတိယအကြိမ်လည်း မြတ်စွာဘုရားသည် သူ့အား ဤမေး ခွန်းကိုပင် မေး၏။ သို့ရာတွင် အမ္ဗဋ္ဌသည် ဤအခါ မှာလည်း ဆိတ်ဆိတ်နေ၏။

ထိုအခါ မြတ်စွာဘုရားက အမ္ဗဋ္ဌအား မေး၏။

"အမ္ဗဋ္ဌ၊ဖြေဆိုပါလော။ ယခုအခါ သင်သည် ဆိတ်ဆိတ်နေရန် အခါမဟုတ်ချေ။ တထာဂတ မေးသည်ကို ဖြေဆိုခြင်း မပြုပါက သင်၏ဦးခေါင်း ခုနစ်စိတ် ကွဲသွားလိမ့်မည်"

ထိုအခါ အမ္ဗဋ္ဌသည် လက်နက်ဆွဲကိုင်ထားသော ဘီလူးကြီး အာကာသ ကောင်းကင်တွင် ရပ်နေသည်ဟု စိတ်ထဲတွင် စွဲထင်လာ၏။ ထိုအခါ အမ္ဗဋ္ဌသည် ကြက်သီးမွေးညှင်းထကာ ကြောက်ရွံ့လာပြီး မြတ်စွာဘုရားအား ပြောကြား၏။

"ဂေါတမ၊ အရှင်ဘုရား တဖန်ထပ်၍ မိန့်ကြား ပါဦးလော့"

ထိုအခါ မြတ်စွာဘုရားသည် အထက်ပါစကားကို ပြန်လည်မိန့်ကြား၏။ အမ္ဗဋ္ဌလည်း ရိုးသားစွာပင် ဖြေဆို၏။

"ဂေါတမ၊ သင်ပြောပြသည့်အတိုင်း မှန်ပါ၏။ ထိုစဉ်အခါက စတင်၍ ကဏှာယနအမျိုး ဖြစ်ပေါ်ခဲ့ပြီး၊ ထိုသူသည် ကဏှာယန အမျိုး၏ ပထမလူ ဖြစ်ခဲ့ပါ၏"

ထိုအခါ အမ္ဗဋ္ဌ၏ အဖော်များက ပြောကြားကြ၏။

"အမ္ဗဋ္ဌသည် အမျိုးကောင်းသား မဟုတ်ချေ။သူသည် သကျတို့၏ ကျွန်မသား ဖြစ်၏။ သကျသည် သူ၏ အရှင့်သားဖြစ်၏။ ငါတို့အား အမှန်ကို ပြောကြားလေ့ရှိသော သမဏ ဂေါတမကို အကြည်ညိုတန်စေရန် ပြုခဲ့၏"

ထိုအခါ မြတ်စွာဘုရားသည် သူတို့အား နှစ်သိမ့်၏။

"လုလင်တို့၊ သင်တို့သည် အမ္ဗဋ္ဌအား ကျွန်မသားဆိုကာ အရက် မခွဲကြလင့်။ တရံသောအခါက ကြီးကျယ်မြင့်မြတ်သော ကဏှရသေ့ ရှိဘူး၏။ သူသည် ဒက္ခိဏ ဒေသတွင် လှည့်လည်လျက် ဗြာဟ္မမန္တန်ကို သရဇ္ဈာယ်ကာ ဘုရင်ဥက္ကာကု၏ ထံသို့ ရောက်လာပြီး မင်းသမီးငယ်တဦးကို တောင်းဆို၏။ ထိုအခါ ဘုရင်ဥက္ကာကု

သည် ကျွန်မသားက မင်းသမီးကို တောင်းရပါမည်လောဟု အမျက်ထွက်ကာ လေးနှင့်ခွင်းရန် ကြိုးစား၏။ သို့ရာတွင် ပစ်ခွင်းရန် အားအစွမ်း မရှိ ဖြစ်သွား၏။ ထိုအခါ မှူးမတ်တို့က တောင်းပန်ကြ၏။

“ ‘အရှင်၊ ဘုရင်မင်းမြတ်၏ မင်္ဂလာကို ပြုစီရင်တော် မူပါလော’

“မြေပေါ်သို့ ထိုမြားကို ပစ်လိုက်ပါလျှင် ဘုရင်ကား အကောင်းပကတိ ဖြစ်သွားမည်။ သို့ရာတွင် သူပိုင်သောနိုင်ငံ၏မြေပြင်မှာ ကွဲအက်သွားလိမ့်မည်။

“ ‘အရှင်၊ ဘုရင်နှင့်နိုင်ငံကျိုးကို ပြုတော်မူပါလော့’

“အပေါ်သို့ မြှောက်ပစ်လိုက်ပါလျှင် ဘုရင်နှင့် နိုင်ငံမှာ ကောင်းမွန်၍ သွားပါမည်။ သို့ရာတွင် နိုင်ငံအတွင်းမှာ ခုနစ်နှစ်တိုင်မျှ မိုးခေါင်သွားလိမ့်မည်။

“ ‘အရှင် မင်းနှင့် နိုင်ငံကောင်းမွန်၍ မိုးရွာစေရန် ပြုတော်မူပါလော့’

“သားတော်အကြီးကိုပစ်လိုက်ပါလျှင် မင်းနှင့် နိုင်ငံ ကောင်းမွန်၍ မိုးလည်း ရွာလိမ့်မည်။ သို့ရာတွင် သားတော်ကြီးသည် ခေါင်းတုံး ဖြစ်သွားမည်”

“အို လုလင်တို့၊ ထိုအခါ အမတ်တို့က ဘုရင်ဥက္ကကုအား ထိုအကြောင်းကို လျှောက်တင်ကြ၏။ မင်းကြီးသည် သားတော်ကြီးကို မြားဖြင့် ပစ်လေ၏။ ထို့ပြင် ဗြဟ္မဒဏ်ကို ကြောက်ရွံ့လှသဖြင့် ရသော့ တောင်းဆိုသော သမီးကညာကို ပေးလိုက်ရ၏။ လုလင်တို့၊ သင်တို့သည် အမ္ဗဋ္ဌအား ကျွန်မ၏သားဟု အထင်မသေး

ကြလင့်။ တရံသောအခါက လွန်စွာတန်ခိုးကြီးသော ကစ္စရသေ့ကြီး ရှိခဲ့ဘူး၏”

မြတ်စွာဘုရားသည် အမ္ဗဋ္ဌကိုခေါ်၍ မိန့်ကြားတော်မူ၏။

“အမ္ဗဋ္ဌ၊ အကယ်၍ တစုံတယောက်သော ခတ္တိယ အမျိုးသားသည် ဗြာဟ္မဏ အမျိုးသမီးနှင့် ပေါင်းသင်း၍ သားဖွားပါလျှင် ထိုသားသည် ဗြာဟ္မဏတို့၏ထံမှ နေရာနှင့် ရေကို ရပါမည်လော”

“ဘဝန္တ၊ ရနိုင်ပါ၏”

“ဗြာဟ္မဏတို့သည် သူ့အား သဒ္ဓါ ကြည်ဖြူစွာ ယဇ်စာကို ပေးပါမည်လော”

“ပေးကြပါမည်”

“သူ့အား ဝေဒကို သင်ကြားပေးမည်လော”

“သင်ကြားပေးပါမည်”

“သူ အိမ်ထောင်ပြုရာတွင် အနှောင့်အယှက် ပြုကြမည်လော”

“ဘယ်ကဲ့သို့သော အနှောင့်အယှက်ကိုမျှ ပြုမည်မဟုတ်ပါ”

“ခတ္တိယတို့သည် သူ့အား ခတ္တိယဘိသေကအားဖြင့် အဘိသိက် မြှောက်ကြပါမည်လော”

“မမြှောက်ကြပါ။ သူ၏ အမိဘက်ကြောင့် အဘိသိက် မမြှောက်ထိုက်ပါ”

“အမ္ဗဋ္ဌ၊အကယ်၍ တစုံတယောက်သော ဗြာဟ္မဏအမျိုးသားသည် ခတ္တိယ အမျိုးသမီးနှင့် ပေါင်းသင်း၍ သားဖွားပါလျှင် ထိုသားသည် ဗြာဟ္မဏတို့၏ထံမှ နေရာနှင့် ရေကို ရပါမည်လော”

“ရပါမည်”

“ပြာဟ္မဏတို့သည် သူ့အား သဒ္ဓါကြည်ဖြူစွာ ယဇ်စာကို ပေးပါမည်လော”

“ပေးကြပါမည်”

“သူ့အား ဝေဒကို သင်ကြားပေးမည်လော”

“သင်ကြားပေးပါမည်”

“သူ့ အိမ်ထောင်ပြုရာတွင် အနှောင့် အရှက် ပြုကြမည်လော”

“ဘယ်ကဲ့သို့သော အနှောင့် အရှက်ကိုမျှ ပြုမည်မဟုတ်ပါ”

“သူ့အား ခတ္တိယတို့သည် ခတ္တိယဘိ သေကအားဖြင့် အဘိသိက် မြှောက်ကြမည်လော”

“မမြှောက်ကြပါ။သူ၏ အဖဘက်ကြောင့် အဘိသိက် မြှောက်ခြင်းငှာ မထိုက်ပါ”

“အမ္ဗဋ္ဌ၊ ဤသို့လျှင် အမိဘက်မှရင်း၊ အဖဘက်မှရင်း ဘယ်ဘက်ကဖြစ်စေ ခတ္တိယက မြတ်၍ ပြာဟ္မဏက ယုတ်နိမ့်နေ၏။

“အမ္ဗဋ္ဌ၊ အကယ်၍ တစုံ တယောက်သော ပြာဟ္မဏကို တစုံ တခုသော အပြစ်လွန်ကျူး၍ ခတ္တိယတို့သည် ခေါင်းတုံးကာ တိုင်းပြည်မှ ဒဏ်ခတ်ပြီး နှင်ထုတ်လိုက်၏။ ထိုပြာဟ္မဏတို့သည် ပြာဟ္မဏတို့၏ ထံမှ နေရာနှင့် ရေကို ရပါမည်လော”

“မရနိုင်ပါ”

“သူ့အား သဒ္ဓါ ကြည်ဖြူစွာဖြင့် ယဇ်စာကို ပေးကြမည်လော”

“မပေးကြပါ”

“သူ့အား ဝေဒ သင်ကြား ပေးကြမည်သော”

“သင်ကြား၍ မပေးပါ”

“သူ့ အိမ်ထောင်ပြုရာတွင် အနှောင့်အရှက်ပြုကြမည်လော”

“အမှန်ပင် နှောင့်ရှက် တားမြစ်ရပါလိမ့်မည်”

"အမ္ဗဋ္ဌ၊ အကယ်၍ တစုံတယောက်သော ခတ္တိယသည် တစုံတခုသော အပြစ်ကိုလွန်ကျူး၍ ခတ္တိယတို့သည် ခေါင်းတုံးကာ တိုင်းပြည်မှ ဒဏ်ခတ်ပြီး နှင်ထုတ်လိုက်၏။ ထိုခတ္တိယသည် ဗြာဟ္မဏတို့ထံမှ နေရာနှင့် ရေကို ရပါမည်လော"

"ရပါမည်"

"ဗြာဟ္မဏတို့သည် သူ့အား သဒ္ဓါကြည်ဖြူစွာဖြင့် ယဇ်စာကို ပေးကြမည်လော"

"ပေးကြပါမည်"

"သူ့အား ဝေဒ သင်ကြားပေးကြမည်လော"

"ပေးပါမည်"

"သူ အိမ်ထောင်ပြုရာတွင် နှောင့်ရှက်ကြမည်လော"

"မနှောင့်ရှက်ပါ"

"အမ္ဗဋ္ဌ၊ ခတ္တိယသည် ဘယ်ကဲ့သို့သော အပြစ်ကို ကျူးလွန်စေကာမူ ခတ္တိယသည်ဗြာဟ္မဏထက်မြတ်၏။ ဗြဟ္မာကလည်း သနင်္ကုမာရကိုပြောပြ၏။ အမျိုးလေးပါးတို့တွင် ခတ္တိယသည် မြတ်၏။ သို့ရာတွင် အကြင်သူသည် ဝိဇ္ဇာ စရဏနှင့် ပြည့်စုံ၏။ ထိုသူသည်သာ လူတို့တွင် အမြတ်ဆုံးဖြစ်၏။

"အမ္ဗဋ္ဌ၊ ဗြဟ္မာသည် သနင်္ကုမာရအား သင့်တင့်စွာ ပြောခြင်း ဖြစ်၏။ မသင့် မတင့် ပြောခြင်း မဟုတ်ချေ။ သူ၏စကား ဝါကျသည် ကောင်းစွာ ပြောခြင်း ဖြစ်၏။ မကောင်းစွာ ပြောခြင်း မဟုတ်ချေ။ သူ၏ စကား ဝါကျသည် အကျိုးရှိ၏။ အကျိုး မရှိ မဟုတ်ချေ။ ငါလည်း ထိုဝါဒကို လက်ခံ၏"

"ဂေါတမ၊ စရဏနှင့် ဝိဇ္ဇာကား အဘယ်ပါနည်း"

"အမ္ဗဋ္ဌ၊ အတိုင်း မရှိသော ဝိဇ္ဇာ စရဏနှင့် ပြည့်စုံ ပါလျှင် ဇာတိဝါဒ၊ ဂေါတ္တဝါဒ မရှိချေ။ သင်သည် ငါနှင့် ထိုက်၏။

သင်သည် ငါနှင့်မထိုက်ဟူသော မာနဝါဒ မရှိချေ။ အကြင် အခါ၌ လက်ထပ် ထိမ်းမြားခြင်း ဖြစ်၏။ ထိုအခါ ဇာတိဝါဒ ဂေါတ္တဝါဒနှင့် မာနဝါဒ ဖြစ်၏။ အကြင် ဇာတိဝါဒ၊ ဂေါတ္တဝါဒနှင့် မာနဝါဒဖြင့် အနှောင်အဖွဲ့သည် ရှိ၏။ ထို အနှောင်အဖွဲ့သည် လက်ထပ် ထိမ်းမြားခြင်းတွင် နှောင်ဖွဲ့၏။ အကြင် ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းတွင် အနှောင်အဖွဲ့ မရှိချေ။ ဇာတိဝါဒ အနှောင်အဖွဲ့၊ ဂေါတ္တဝါဒ အနှောင်အဖွဲ့၊ မာနဝါဒ အနှောင်အဖွဲ့နှင့် လက်ထပ် ထိမ်းမြားခြင်း အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းသည် အတိုင်းမရှိသော ဝိဇ္ဇာစရဏနှင့် ပြည့်စုံခြင်းကို မျက်မှောက်ပြု၏”

“ဂေါတမ၊ ဝိဇ္ဇာနှင့် စရဏကား အဘယ်ပါနည်း”

“အမ္ဗဋ္ဌ၊ လောကတွင် တထာဂတသည် အရဟံ၊ သမ္မာသမ္ဗုဒ္ဓ၊ ဝိဇ္ဇာ စရဏ သမ္ပန္န၊ သုဂတ၊ လောကဝိဒ၊ အနုတ္တရ ပုရိသဒမ သာရထိ၊ ဒေဝ မနုဿာနံ သတ္ထာ၊ ဗုဒ္ဓ ဘဂဝါ ဖြစ်၏။ သူသည် ဒေဝ၊ မာရ၊ ဗြဟ္မာနှင့်တကွ သမဏ ဗြာဟ္မဏ သတ္တဝါတို့အား ကိုယ်တိုင် သိ၍ ထိတွေ့ကာ သိစေ၏။ သူသည် အစ အလယ် အဆုံး သုံးပါးလုံး ကောင်းမြတ်သော ဓမ္မတရားကို ဟောကြား၏။ အကျိုးစီးပွားရှိသော သဒ္ဒါနှင့်ယှဉ်ကာ ထက်ဝန်းကျင်မှ ပြည့်စုံ၍ မြတ်သောအကျင့်ကို ပြ၏။ ထိုတရားကို လူအများ နာကြားကြ၏။ နာကြား၍ အသိဉာဏ်နှင့် ဆက်စပ်သော သဒ္ဓါတရား ဖြစ်ကြ၏။ ထိုသူတို့ စဉ်းစား၏။ အိမ်ယာတည်ထောင် လူ့ဘောင်လောကမှာ နေခြင်းသည် အပြစ်ဒေါသတို့ဖြင့် ပြည့်နှက်နေ၍ စင်ကြယ်သန့်ရှင်းခြင်း မရှိပေ။ ရဟန်းအဖြစ်သာ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်၏။ ဤကဲ့သို့ အပြစ်ကင်း၍ သန့်ရှင်းစင်ကြယ်သော တရားကို အပြစ်များ၍ မဲညစ်သော အိမ်ယာတည်ထောင် လူ့

ဘောင်တွင်နေ၍ ကျင့်ခြင်းငှာ မလွယ်ကူချေ။ သို့ကြောင့် ငါလည်း အိုးအိမ်ကိုစွန့်လွှတ်၍ ဆံ မုတ်ဆိတ်ကို ပယ်လျက် ဖန်ရည်ဆိုး အဝတ်ကိုဝတ်ဆင်ကာ ရဟန်းပြုပေအံ့။ ဤသို့ စဉ်းစားကာ အနည်းအများ ပစ္စည်းဥစ္စာများကို စွန့်လွှတ်ကာ ရဟန်းပြုကြ၏။ ထိုနောက် ထိုရဟန်းသည် အကျင့်နှင့်ပြည့်စုံ၍ ဒဲသက်သတ်ခြင်း၊ မပေးသောဥစ္စာကို ယူခြင်း၊ မမြတ်သောအကျင့်ကို ကျင့်ခြင်း၊ မဟုတ်မမှန် ပြောဆိုခြင်း၊ ချောပြစ် ဂုံးတိုက်ခြင်း၊ ကြမ်းတမ်းသောစကားကို ဆိုခြင်းနှင့် အချည်းနှီးစကား ပြောခြင်းများကို ရှောင်ကြဉ်၏။ ထိုသူတို့သည် အချိန်အခါကိုသိသော ကာလဝါဒီ၊ ဟုတ်မှန်သောစကားကိုဆိုသော ဘူတဝါဒီ၊အတ္ထဝါဒီ၊ ဓမ္မဝါဒီ၊ ဝိနယဝါဒီ ဖြစ်ကြ၏။

"အမ္ဗဋ္ဌ၊ ထိုသူတို့သည် မြက်သစ်ပင်ကိုမျှ ဖျက်ဆီးခြင်း မပြုချေ။ နေ့လွဲညစာ မစားချေ။ ပန်းမာလာ ဆောင်ခြင်း၊ နံ့သာလိမ်းကျံခြင်း၊ တန်ဆာဆင်ခြင်း မရှိချေ။ မြင့်သောနေရာ၊ မြတ်သောနေရာကို ရှောင်ကြဉ်၏။ ရွှေ ငွေ အသပြာ ကိုင်ဆောင်ခြင်းမှ ရှောင်ကြဉ်၏။ စိမ်းသော အသီးနှင့် မချက်သောအသားကို ရှောင်ကြဉ်၏။ ကျွန်၊ ကျွဲ၊နွား၊ဆင်၊မြင်း၊အိုးအိမ် မြေယာ စသည်တို့ကို သိမ်းဆည်းခြင်း မရှိ။ ကူးသန်းရောင်းဝယ်ခြင်း၊ တံစိုးလက်ဆောင် ပေးခြင်း၊ ယူခြင်း မရှိ။ ကောက်ကျစ်စဉ်းလဲခြင်း စသည်တို့ မရှိကြချေ။

"အမ္ဗဋ္ဌ၊ သူတို့သည် ကိုယ်ကို ဖုံးလွှမ်းရန်အတွက် သင်္ကန်းဝတ်၍ အသက်ကိုဆောင်ရန် အာဟာရကို မျှတ၏။ ငှက်တို့သည် မိမိသွားလိုရာကို လွယ်ကူစွာ သွားဘိသို့ ထို့အတူ သူတို့သည် မိမိသွားလိုရာကို လွယ်ကူစွာ သွားကြ၏။ သို့ကြောင့် အရိယာ သီလနှင့် ယှဉ်၍ နေနိုင်ကြ၏။

"အမ္ဗဋ္ဌ၊ သူတို့သည် စက္ခုဒွါရဖြင့် ရူပါရုံအဆင်းကို ကြည့်ကာမျှသာ၊ အသွင်အပြင်ကို သာယာနှစ်သက်ခြင်း မရှိချေ။ ဣန္ဒြေကို စောင့်စည်းမှုမရှိဘဲ နေခြင်းကြောင့် ရာဂ ဒေါသ အစရှိသော အကုသိုလ်တရားများ ဖြစ်ပွား၏။ ထို့ကြောင့် သူတို့သည် ဣန္ဒြေကို စောင့်စည်းနေကြ၏။ သူတို့သည် ထို့အတူပင် သောတ၊ ဃာန၊ ဇိဝှာ၊ ကာယနှင့် မနကို စောင့်စည်းနေကြ၏။ ဤသို့လျှင် ဣန္ဒြေကို စောင့်စည်းခြင်းကြောင့် အနှောင့်အရှက်မရှိသော ချမ်းသာကို ခံစားကြရ၏။

"အမ္ဗဋ္ဌ၊သူတို့သည် သွားလာသည် ဖြစ်စေ၊ ကြည့်ရှုသည် ဖြစ်စေ၊ သတိသမ္ပဇဉ် အမြဲယှဉ်၏။ ကွေးခြင်း၊ ဆန့်ခြင်း၊ သပိတ်သင်္ကန်းဆောင်ခြင်း၊ စားသောက်ခြင်း၊ ကျင်ကြီးကျင်ငယ် စွန့်ခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ နိုးခြင်းနှင့် စကားပြောခြင်းတွင်လည်း သတိသမ္ပဇဉ် အမြဲယှဉ်၏။ သူတို့သည် ဤကဲ့သို့သော အရိယာသီလနှင့် ယှဉ်၍၊ အရိယာဣန္ဒြေ စောင့်စည်းခြင်းနှင့် ယှဉ်၍၊အရိယာ သတိသမ္ပဇဉ်နှင့် ပြည့်စုံ၍ လူသူကင်းဆိတ်သော တောသစ်ပင်ရင်း တောင်ကြားဂူလိုဏ် သုသာန်တို့တွင် နေ၏။ သူတို့သည် ထို့နောက် ထက်ဝက်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာ ထားကာ သတိဖြင့် ထိုင်၏။

"ထိုသတိကြောင့် မေ့လျော့ခြင်း၊ တွေဝေခြင်း၊ ကင်းကွာလျက် ကိုယ်စိတ်တို့၏ ငြိမ်းချမ်းခြင်း ဖြစ်၏။ ထို့ကြောင့် စိုးရိမ်ခြင်း ကင်းဝေးလျက် အာရုံ၌ မတုန်မလှုပ် ခိုင်ခံ့တည်ကြည်သော သမ္မာသမာဓိ ဖြစ်၏။

"ထိုသမာဓိ အဟုန်ကြောင့် ကာမဂုဏ် အာရုံတို့၌ စုံမက်တိမ်းညွတ်တတ်သော ဆန္ဒ၊ပြင်းပြစွာ တပ်မက်သော ရာဂ၊အလွန်

အားကြီး ဖိစီးလိုလားတတ်သော ဆန္ဒရာဂ၊ မိန်းမ ယောကျ်ား စသည်ဖြင့် ကြံခြင်း၊ ထိုမိန်းမ ယောကျ်ားတို့၌ လက်ခြေ အင်္ဂါ မျက်နှာ ကိုယ်ပြင် ရုပ်သွင် သက်ရှယ်တို့၏ တင့်တယ်ဟန် မတင့်တယ်ဟန် ကြံခြင်း အစရှိသော သက်ပ္ပ ရာဂတို့သည်ရင်း၊ ထိုဝတ္ထုကာမ၊ ကိလေသာကာမကို မှီ၍ဖြစ်သော စိုးရိမ်ခြင်း၊ အမျက် ထွက်ခြင်း၊ ရန်ငြိုး ဖွဲ့ခြင်း အစရှိသော ဗျာပါဒတရား၊စိတ်စေတသိက်တို့ လေးလံထိုင်းမှိုင်း ပျင်းရိခြင်း၊ ငိုက်မျဉ်းခြင်း ဟူသော ထိနမိဒ္ဓ တရား၊ မတည် မတံ့ ပျံ့လွင့်ခြင်း၊ နှလုံးမသာခြင်း ဟူသော ဥဒ္ဓစ္စကုက္ကုစ္စတရား၊ အာရုံ၏သဘာဝကို မချဆတ်ဆတ် မဆုံးဖြတ်နိုင်သော ဝိစိကိစ္ဆာတရား၊ ဤငါးပါးသော နီဝရဏတရားတို့ကို တွန်းလှန်ဖယ်ခွာလျက် ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်နှင့် စတုတ္ထစျာန်ကို အသီးသီးဝင်စားကာ နေ၏။ ယင်းကိုပင် စရဏဟု ခေါ်၏။

"အမှူ၊ စတုတ္ထစျာန် သမာပတ်၌ဖြစ်၍ ကောင်းမြတ်တည်ကြည်သော သတိ၊ သမာဓိ၏ အစွမ်းကြောင့် အလွန်စင်ကြယ်ခြင်း၊ ဖြူစင်ခြင်း၊ ကိလေသာရာဂကို ဖျောက်ခြင်း၊ နူးညံ့စွာဖြစ်ခြင်း၊ တန်ခိုး ဖန်ဆင်းနိုင်ခြင်း၊စင်ကြယ်သောအာရုံ၌ တည်ကြည်ခြင်း၊ မတုန်မလှုပ်သောအဖြစ်သို့ ရောက်ခြင်း၊ လျင်သော စိတ်ရှိခြင်း၊ ဤအင်္ဂါရပ် ရှစ်ပါးနှင့် ပြည့်စုံသော အဘိဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရားတို့ကို မျက်မှောက်ပြု၍ မိမိသန္တာန်၊ သူတပါးသန္တာန်၌ဖြစ်သော ခန္ဓာအစဉ် အမည်အမျိုး အကျိုးအကြောင်း ပြောင်းဟန် ပြန်ဟန်ကို မကျန်ကုန်စင် သိမြင်သော ဉာဏ် ဖြစ်ပေ၏။ နတ်မျက်စိကဲ့သို့ မြင်၏။ အာသဝတရားတို့၏ ကုန်ရာကုန်ကြောင်းကို သိမြင်၏။ယင်းကို ဝိဇ္ဇာဟုခေါ်၏။

"အမ္ဗဋ္ဌ၊ ဤသို့သော ဘိက္ခုကို ဝိဇ္ဇာစရဏနှင့် ပြည့်စုံသည် ဟု ခေါ်ဆို၏။ ဤဝိဇ္ဇာနှင့် စရဏမှတပါး အခြား မြင့်မြတ်သော ဝိဇ္ဇာစရဏ မရှိချေ။ အမ္ဗဋ္ဌ၊ ယခုအခါ ငါနှင့်ပတ်သက်၍ သင့်တွင် ယုံမှားသံသယ ဖြစ်နေပါက မေးပါဘိ။ ငါသည် သင်၏ ယုံမှားသံသယကို ဖယ်ရှားပေးအံ့"

မြတ်စွာဘုရားသည် ဤတို့ မြွက်ကြားပြီး ကျောင်းအပြင်သို့ ထွက်ရန် ရပ်လိုက်၏။ အမ္ဗဋ္ဌလည်း အပြင်သို့ ထွက်ကာ ရပ်၏။ ထို့နောက် သူသည် မြတ်စွာဘုရား၏ နောက်မှလိုက်ကာ မဟာပုရိသ၏ လက္ခဏာတို့ကို ကြည့်ရှု စစ်ဆေးပြီး ဗုဒ္ဓအား ခွင့်တောင်း၏။

"ဂေါတမ၊ ငါ့တွင် ပြုဘွယ်ကိစ္စများ အများအပြားပင် ရှိပါ၏"

"အမ္ဗဋ္ဌ၊ သင်၏ ကိစ္စကို သင်သိ၏။ ထိုကိစ္စကို ဆောင်ရွက်ပါဘိ"

ထို့နောက် အမ္ဗဋ္ဌသည် သူ၏အဖော်များနှင့် အတူတကွ ရထားစီးကာ အိမ်သို့ ပြန်လေ၏။ သူ ပြန်ရောက်သောအခါ ပေါက္ခရသာတိက မေး၏။

"ချစ်သား အမ္ဗဋ္ဌ၊ သင်သည် ဗုဒ္ဓဂေါတမကို တွေ့ခဲ့ပါ သလော"

"တွေ့ခဲ့ရပါ၏ ဆရာ"

"ချစ်သား၊ အသို့နည်း"

"ကျော်စောထိုက်သော ကျော်စောခြင်း ဂုဏ်နှင့် ပြည့်စုံပါ၏။ မထိုက်မတန် ကျော်စောခြင်း မဟုတ်ပါ။ သူ့တွင် ဂုဏ်မျိုးစုံဖြင့် လွှမ်းခြုံနေ၏။ မဟာပုရိသ၏ လက္ခဏာ သုံးဆယ့်နှစ်ပါးလုံးပင် အပြည့်အစုံ ရှိ၏"

"ချစ်သား၊ သင်သည် သူနှင့် တစုံတရာ ဆွေးနွေးခဲ့ပါ သလော"

"ဟုတ်ကဲ့၊ ဆွေးနွေးခဲ့ပါ၏"

"ဘယ်အကြောင်းကို ဆွေးနွေးခဲ့သနည်း"

အမ္ဗဋ္ဌသည် မြတ်စွာဘုရားနှင့် ဆွေးနွေးခဲ့ပုံ အလုံးစုံကို အကုန် ပြန်ပြော၏။ ထိုအခါ ပေါက္ခရသာတိသည် ဗြာဟ္မဏတို့၏ ပညာရှိအဖြစ် ဗဟုတမျှားကို ရှုတ်ချပြီး အမ္ဗဋ္ဌ၏ မခြေမင် ဆက်ဆံရေးကိုလည်း အပြစ်တင်၏။ ထိုနောက် ချက်ချင်းပင် မြတ်စွာဘုရားထံ ကိုယ်တိုင်သွားကာ လျှောက်ကြား၏။

"ဂေါတမ၊ ကျွန်ုပ်၏တပည့်အမ္ဗဋ္ဌသည် ဤသို့လာပါသလော"

"ဗြာဟ္မဏ၊ သင်၏တပည့် အမ္ဗဋ္ဌသည် ဤသို့ လာခဲ့ပါ၏"

"ဂေါတမ၊ သူနှင့်အတူ ဘယ်အကြောင်းကို အရှင်ဘုရားပြောကြားပါသလဲ"

"ဗြာဟ္မဏ၊ သူနှင့်အတူ ငါသည် သာမန်အကြောင်းကို ဆွေးနွေးခဲ့၏"

ဗုဒ္ဓသည် အမ္ဗဋ္ဌနှင့် ဆွေးနွေးခဲ့ပုံ အလုံးစုံကို အကုန်ပြောပြ၏။ ထိုအခါ ဗြာဟ္မဏသည် ဗုဒ္ဓအား တောင်းပန်၏။

"ဂေါတမ၊ အမ္ဗဋ္ဌသည် လူငယ်ဖြစ်ပါ၏။ သို့ကြောင့် အရှင်ဘုရား သည်းခံတော်မူပါ"

"ဗြာဟ္မဏ၊ အမ္ဗဋ္ဌ ချမ်းသာပါစေ"

ထိုနောက် ပေါက္ခရသာတိသည် ဗုဒ္ဓနှင့်တကွ သံဃာတို့အား ဆွမ်းဖြင့်ဖိတ်ကြားပြီး ရာသက်ပန် ဥပါသကာ အဖြစ် ယူဆပါရန် တောင်းပန်၏။ ဗုဒ္ဓလည်း တုဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်လေ၏။

× × ×

# သောဏဒတ္တ

တရံသောအခါ မြတ်စွာဘုရားသည် ရဟန်းငါးရာ ခြံရံလျက် ဓမ္မတရား ဟောကြားလျက် အင်္ဂတိုင်း စမ္ပာမြို့အတွင်း ဂဂ္ဂရ ရေကန်အနီးတွင် စံနေတော်မူလေ၏။

ထိုအခါ သောဏဒတ္တ အမည်ရှိသော ဗြာဟ္မဏသည် ဥစ္စာခနေပေါကြွယ်ဝ၍ အခြံအရံလည်း များ၏။ စမ္ပာမြို့၏ အကြီးအမှူးဦးစီးလည်း ဖြစ်၏။

စမ္ပာမြို့သူမြို့သား တို့သည် မြတ်စွာဘုရား၏ ကျော်စောခြင်းဂုဏ်သတင်းကို ဆိုကြလျက် မြတ်စွာဘုရားအား ဖူးမြော်ရန် ဂဂ္ဂရ ရေကန်ဆီသို့ ရှေးရှုသွားကြ၏။ ထိုအခါ သောဏဒတ္တသည် နေ့လယ် အားလပ်ချိန်တွင် ပြာသာဒ်ပေါ်တက်ကာ အနားယူနေ၏။ သူသည် မြို့သူ မြို့သားများ ရေကန်ဆီသို့ ရှေးရှုသွားကြသည်ကို တွေ့ရ၍ သူ၏ တံခါးစောင့်ကို ခေါ်၍မေး၏။

"တံခါးစောင့်၊ ဤလူတွေ ဘယ်သို့ သွားကြသနည်း"

"ဒေဝ အရှင်၊ သကျမျိုးမှ ရဟန်းပြုသော သမဏ ဂေါတမသည် ရဟန်းငါးရာနှင့်အတူ အင်္ဂတိုင်း အတွင်း ခရီး ဒေသစာရီလှည့်လည်လျက် ဤစမ္ပာမြို့သို့ ရောက်လာပြီး ဂဂ္ဂရ ရေကန်တွင် စခန်းချနေ၏။လူတို့သည် ထိုမြတ်စွာဘုရားအား ဖူးတွေ့ရန် သွားကြခြင်းဖြစ်၏"

"တံခါးစောင့်၊ သို့ဖြစ်လျှင် တ ယောက် ယောက် ကို ပြောလိုက်ပါ။ ငါလည်း သမဏ ဂေါတမအား ဖူးရန်သွားမည်"

တံခါးစောင့်သည် သူ၏အမိန့်ကို စောင့်ရှောက်၏။

ထိုအခါ အရပ်ဒေသ အမျိုးမျိုးမှ ဗြာဟ္မဏ ငါးရာတို့သည် ကိစ္စတခုဖြင့် စမ္ပာမြို့သို့ စုရုံး ရောက်ရှိနေကြ၏။ သူတို့သည် သောဏဒဏ္ဍ မြတ်စွာဘုရားအား ဖူးတွေ့ရန် သွားမည့်သတင်းကို ကြား သောအခါ သောဏဒဏ္ဍ၏ထံသို့ လာပြောကြ၏။

"သင် သမဏဂေါတမအား သွား၍ တွေ့မည်ဟု သတင်း ဖြစ် နေ၏။ ထိုသတင်းသည် မှန်ပါသလော"

"မှန်ပါ၏"

"သင်သည် သမဏဂေါတမကို တွေ့ဆုံရန်အတွက် မသွား သင့်ပေ။ သမဏ ဂေါတမသာ သင့်ထံလာ၍ တွေ့သင့်၏။ အ ကြောင်းကတော့ သင်ကား အမျိုးမြတ်၏။ ခုနစ်ဆက်တိုင်မျှ သန့် ရှင်း စင်ကြယ်သော အမျိုးဖြစ်၏။ သို့ကြောင့် သင်က ဂေါတမ ကို သွားတွေ့ရန် မသင့်ချေ။ ဂေါတမကသာ သင့်ထံ လာ၍ တွေ့ သင့်၏။ သင်ကား ဥစ္စာဓန ပေါကြွယ်ဝ၏။ ဝေဒသုံးပုံကို အာဂုံ ဆောင်၏။ အကျင့်စာရိတ္တ ကောင်း၏။ အဆင်းလှ၏။ ကြည်ညို ဘွယ် ကောင်း၏။ အပြောအဆိုသိမ်မွေ့၏။ ဗြာဟ္မဏလုလင် သုံးရာ တို့၏ ဆရာဖြစ်၏။ မဂဓမင်း ဗိမ္ဗိသာရ၏ အပူဇော်ကို ခံရ၏။ ပေါက္ခရသာတိ ဗြာဟ္မဏနှင့် တူမျှ၍ စမ္ပာ၏ အဓိပတိ ဖြစ်၏။ ဤ အကြောင်းကြောင်းတို့ကြောင့် သမဏ ဂေါတမထံသို့ သွား၍ သင်က မတွေ့သင့်ချေ။ သမဏ ဂေါတမသာ သင့်ထံလာ၍ တွေ့ ဆုံသင့်၏"

"သို့ဖြစ်ပါလျှင် သင်တို့လည်း ငါ၏စကားကို နားထောင် ကြပါဦး။ သမဏ ဂေါတမသည် မိကောင်း ဖကောင်းမှ ကောင်း စွာ ဖွားမြင်၏။ သို့ကြောင့် သူ့ထံသို့ ငါသွားသင့်၏။ ငါ့ထံသို့ သူလာပြီး မတွေ့သင့်ချေ။ သူသည် ဆွေတော် ရှစ်သောင်း မျိုး တော်ပေါင်းနှင့် များစွာသော ပစ္စည်း ဥစ္စာတို့ကို စွန့်လွှတ်ပြီး

ရဟန်းပြု၏။ နက်မှောင်သော ဆံပင်နှင့် အလွန်လှပ နုပျိုသော အရွယ်တွင် အိုးအိမ်ကို စွန့်ခွာခဲ့ပြီး ဆံ မုတ်ဆိတ်ကို ပယ်ကာ ဖန်ရည်ဆိုး အဝတ်ကို ဝတ်ဆင်၏။ သူသည် သီလရှိ၏။ ကောင်းစွာ ပြောဆို၏။ များစွာသော အာစရိယတို့၏ ပါစရိယ ဖြစ်၏။ တုန်လှုပ်ခြင်း မရှိ။ ကမ္မဝါဒီ ဖြစ်၏။ ကရိယာဝါဒီ ဖြစ်၏။ အပြစ်ကင်းသော ဗြာဟ္မဏတို့၏ အထွတ်အထိပ် ဖြစ်၏။ စင်ကြယ်၍ ဥစ္စာဓန ပေါကြွယ်ဝသော ခတ္တိယမှ ရဟန်းပြု၏။ သူ၏ ထံသို့ တိုင်းနိုင်ငံအမျိုးမျိုးမှ မင်းအမျိုးမျိုးတို့ ပြဿနာ မေးလျှောက်ရန် လာကြ၏။ ထောင်ပေါင်း များစွာသော ဒေဝတာတို့ နေ့စဉ် လာပြီး ကိုးကွယ်ဆည်းကပ်ကြ၏။ သူသည် အရဟံ၊ သမ္မာ သမ္ဗုဒ္ဓ အစရှိသော များစွာသော ဂုဏ်တို့၏ အရှင် ဖြစ်၏။ သုံးဆယ့် နှစ်ပါးသော မဟာပုရိသ လက္ခဏာနှင့် ပြည့်စုံ၏။ သို့ကြောင့် သူသည် ငါ၏ထံသို့ လာရန်မသင့်ချေ။ ငါသာ သူ၏ထံသို့ သွားသင့်၏”

“သင်သည် သမဏ ဂေါတမအား လွန်စွာ ချီးကျူးလှ၏။ သွားလိုက သွားပါဘိ။ ငါတို့လည်း သင်နှင့် အတူတကွ လိုက်ပြီး ကြည့်ရှု လေ့လာကြပါမည်”

သို့ဖြင့် သောဏဒဏ္ဍသည် ဗြာဟ္မဏများ ခြံရံလျက် မြတ်စွာဘုရား စံနေရာသို့သွားကြ၏။ မြတ်စွာဘုရားသည် သူတို့အား နှုတ်ခွန်းဆက်ပြီး မေး၏။

“ဗြာဟ္မဏ၊ အဘယ်မျှသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသောသူကို ဗြာဟ္မဏဟု ခေါ်သနည်း။ ငါ ဗြာဟ္မဏဟု ဆိုကာမျှဖြင့် ဗြာဟ္မဏ ဖြစ်ပါမည်လော”

မြတ်စွာဘုရား ဤမေးခွန်းကို မေးသောအခါ သောဏဒဏ္ဍ ဗြာဟ္မဏမှာ လွန်စွာအံ့သြ၍သွား၏။ သူသည် လမ်းကပင် စိတ်ကူး

၍လာ၏။ ဤမေးခွန်းကို မြတ်စွာဘုရား ငါ့အား မေးဘိသော် ကောင်းလေစွ။ ယခုမူ သူ၏ စိတ်ကူးအတိုင်းပင် မေးနေလေ၏။

"အဘော ဂေါတမ၊ ဂုဏ်အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော သူကို ဗြာဟ္မဏဟု ခေါ်ဆိုပါ၏။ ထိုအင်္ဂါတို့ကား ဤသို့တည်း။ (၁) မိဘနှစ်ပါးမှ ကောင်းစွာ မွေးဖွားခြင်း၊ (၂) ဝေဒကို သရဇ္ဈာယ်၍ တဖက်ကမ်းရောက် တတ်မြောက်ခြင်း၊ (၃)အဆင်း လှပခြင်း၊ (၄) အကျင့်သီလ ရှိခြင်း၊ (၅)ပညာရှိ သုခမိန်ဖြစ်၍ယဇ်ပူဇော်ပြီး အိမ်တွင် အနည်းဆုံး ဒုတိယအဆင့်မှာ ရှိခြင်း။ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသောသူကို ဗြာဟ္မဏဟု ခေါ်ပါ၏"

"ဗြာဟ္မဏ၊ ဤအင်္ဂါငါးပါးတို့တွင် အင်္ဂါတပါး ချွတ်ယွင်းပြီး အင်္ဂါလေးပါးသာ ရှိသောသူအား ဗြာဟ္မဏဟု ခေါ်ဆိုနိုင်ပါမည်လော"

"ဂေါတမ၊ ခေါ်နိုင်ပါ၏။ အင်္ဂါငါးပါး အနက်မှ အဆင်းလှခြင်း ချွတ်ယွင်းနေ၏။ သို့ရာတွင် အခြားအင်္ဂါလေးပါး ပြည့်စုံနေပါက ဗြာဟ္မဏအမည် ခံယူနိုင်ပါ၏"

"ဗြာဟ္မဏ၊ ကျန်ရှိသော အင်္ဂါလေးပါးအနက်မှ တဖန် အင်္ဂါတပါး ချွတ်ယွင်းပြီး အင်္ဂါသုံးပါးသာ ကျန်ရှိပါလျှင်"

"ဂေါတမ၊ ဖြစ်နိုင်ပါသေး၏။ သူသည် ဝေဒကို မဆောင်နိုင်ပါ။ သို့ရာတွင် အခြား အင်္ဂါသုံးပါးနှင့် ပြည့်စုံနေပါက ဗြာဟ္မဏအမည် ခံယူနိုင်ပါသေး၏"

"ဗြာဟ္မဏ၊ ကျန်ရှိသော အင်္ဂါသုံးပါးအနက်မှ တဖန် အင်္ဂါတပါး ချွတ်ယွင်းပြီး အင်္ဂါနှစ်ပါးသာ ကျန်ရှိပါလျှင်"

"ဂေါတမ၊ ဆိုခဲ့သော အင်္ဂါသုံးပါး အနက်မှ အမျိုးဇာတ် ချွတ်ယွင်းနေ၏။ ဗြာဟ္မဏသည် အကယ်၍ သီလရှိပြီး ပညာရှိ သုခမိန်ဖြစ်ခဲ့ပါသော် အမျိုးဇာတ်သည် အဘယ်နည်း။ အဆိုပါ

အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော သူသည်လည်း ဗြာဟ္မဏ ဖြစ်နိုင်ပါ၏”

ဤသို့ဖြေဆိုသောအခါ အနားတွင်ရှိသော ဗြာဟ္မဏတို့သည် သောဏဒဏ္ဍအား ကန့်ကွက်ကြ၏။

“သောဏဒဏ္ဍ၊ သင် ဤသို့ မပြောပါလင့်။ ရုပ်အဆင်းဝဏ္ဏနှင့် အမျိုးဇာတ် ချွတ်ယွင်းပါသော်လည်း ဗြာဟ္မဏဖြစ်နိုင်သည် ဆိုပါက သမဏ ဂေါတမ၏ အယူဝါဒကို လက်ခံရာ ရောက်သွားလိမ့်မည်”

ထိုအခါ မြတ်စွာဘုရားက သူတို့အား ပြောပြ၏။

“ဗြာဟ္မဏ အပေါင်းတို့၊ အကယ်၍ သောဏဒဏ္ဍသည် ဗဟုသုတ မရှိ၊ စကား မပြောတတ်မူ၍ ဥာဏ်ပညာမရှိပါလျှင် ငါနှင့် တရား ဆွေးနွေးနိုင်မည် မဟုတ်ချေ။ သို့ဖြစ်လျှင် သူသည် နောက်ဆုတ်နေပြီး သင်တို့သည် ငါနှင့် ဆွေးနွေးကြပါဘိ။ အကယ်၍ သောဏဒဏ္ဍသည် ဗဟုသုတရှိ၏။ စကားပြောတတ်၍ ပညာရှိဖြစ်ပါဘိမူ သူသည် ငါနှင့် ဆွေးနွေး၍ သင်တို့ နောက်ဆုတ် နေရမည်။ ငါသည် သောဏဒဏ္ဍနှင့် ဆွေးနွေးမည်”

သောဏဒဏ္ဍသည် ထိုဗြာဟ္မဏတို့အား ပြောပြ၏။

“ငါသည် ရုပ်အဆင်း ဝဏ္ဏနှင့် အမျိုးဇာတ်ကို ငြင်းပယ်သည်ဟု သင်တို့ အမျက်မထွက်ကြပါလင့်”

ထိုအခါ သောဏဒဏ္ဍ၏ တူ အင်္ဂက အမည်ရှိသော လူငယ်သည် ထိုပရိသတ်တွင် ပါဝင်၏။ သောဏဒဏ္ဍသည် ထိုဗြာဟ္မဏတို့အား ပြောပြ၏။

“သင်တို့သည် ငါ့တူ အင်္ဂကကို မြင်ကြသည် မဟုတ်ပါလော”

“ဟုတ်ကဲ့ မြင်ကြပါ၏”

“လုလင် အင်္ဂကသည် လွန်စွာ အဆင်းလှပ၏။ ဤပရိသတ် အထဲတွင် သမဏ ဂေါတမမှတပါး သူကဲ့သို့ လှပသူ တစုံတယောက်မျှ မရှိချေ။ သူသည် မန္တန်ကို အပြန်ပြန် အလှန်လှန် သရဇ္ဈာယ်၏။ နိဃဏ္ဍုကျမ်း၊ အက္ခရပ ဘေဒ ကျမ်းနှင့်တကွ ဝေဒ သုံးပုံတို့ပြင် ဣတိဟာသငါးကျမ်းကို တဖက်ကမ်းရောက် လွန်မြောက်၏။ စာဆို ကဝိဖြစ်၏။ ဝေယျာကရဏနှင့် လောကာယတ မဟာ ပုရိသကျမ်းတွင် ကျွမ်းကျင်၏။ ငါသည် သူ့အား ဝေဒကို သင်ကြားပေးထား၏။ သူသည် မိကောင်း ဖကောင်းမှလည်း ကောင်းစွာ မွေးဖွားခဲ့၏။ ငါသည် သူ၏မိဘကို ကောင်းစွာ သိ၏။ သို့ရာတွင် အင်္ဂကသည် အသက်ကို သတ်၏။ ခိုး၏။ သူတပါး မယားကို လွန်ကျူး၏။ မဟုတ်မမှန် ပြောဆို၍ သေရည်သေရက် စား၏။ သို့ဖြစ်၍ အဆင်း၊ ဝေဒနှင့် အမျိုးဇာတ်သည် သူ့ကို အဘယ်သို့ ပြုမည်နည်း။ အကြင်သူသည် အကျင့်စာရိတ္တနှင့်ပြည့်စုံ၍ ပညာရှိ၏။ ထိုသူသည် ဗြာဟ္မဏ မည်နိုင်၏။ အမျိုးဇာတ် ကောင်းမြတ်ခြင်း၊ လှပတင့်တယ်ခြင်းနှင့် ဝေဒကို သရဇ္ဈာယ်ခြင်း မရှိသော်လည်း ဗြာဟ္မဏအမည်ကို ခံယူနိုင်၏။ အဆိုပါ အင်္ဂါနှစ်ပါး ချွတ်ယွင်းပါမူ ကြွင်းကျန်သော အင်္ဂါသုံးပါးမှာ အဓိပ္ပာယ်မရှိပါ။ သို့ကြောင့် ငါ၏အဖြေမှာ မှန်ပါ၏။ မမှားယွင်းပါ”

“ဗြာဟ္မဏ၊ ဤအင်္ဂါနှစ်ပါး အနက်က အင်္ဂါတပါး ယုတ်လျော့ပါမူ”

“ဂေါတမ၊ မဖြစ်နိုင်တော့ပါ။ အကြောင်းကား ပညာသည် သီလ(အကျင့်)ကို သုတ်သင်၍ သီလသည် ပညာကို သုတ်သင်၏။ အကြင်အခါ သီလ ဖြစ်၏။ ထိုအခါ ပညာ ဖြစ်၏။ အကြင်အခါ ပညာ ဖြစ်၏။ ထိုအခါ သီလ ဖြစ်၏။ သီလရှိသော သူမှာသာ ပညာ

ဉာဏ်ဖြစ်၍ ပညာဉာဏ်ရှိသောသူမှာသာ သီလရှိ၏။ သို့ရာတွင် လောကတွင် သီလသည် ဉာဏ်ပညာထက် မြင့်မြတ်၏ဟု သမုတ်ကြ၏။ လူတို့သည် လက်ဖြင့်လက်၊ ခြေဖြင့်ခြေကို ဆေးကြောသကဲ့သို့ ထို့အတူ သီလဖြင့် ပညာကို ဆေးကြော သုတ်သင်ကြ၏"

"ဗြာဟ္မဏ၊ သင့်လျှော် လျောက်ပတ်သော စကားပင်ဖြစ်၏။ သီလနှင့် ပညာကား အဘယ်ပါနည်း"

"ဂေါတမ၊ ဤအကြောင်း ကျေးဇူးပြု၍ ကိုယ်တိုင် ရှင်းပြတော်မူပါ"

"ဗြာဟ္မဏ၊ သို့ဖြစ်ပါလျှင် ကောင်းစွာ နာကြားပါဘိ။ ငါ ဟောပြမည်"ဟု မြွက်ကြားပြီးလျှင် ဗုဒ္ဓသည် အမ္ဗဋ္ဌ လုလင်အား ဟောကြားတော် မူသည့်အတိုင်း ဘိက္ခုတို့၏ သီလ(စရဏ)နှင့် ပညာ(ဝိဇ္ဇာ)အကြောင်းကို ရှင်းပြတော်မူ၏။

ထိုအခါ သောဏဒဏ္ဍသည် မိမိကို ရာသက်ပန် ဥပါသကာ တယောက် အဖြစ်ဖြင့် အသိအမှတ်ပြုရန် မြတ်စွာဘုရားအား လျှောက်ကြားပြီး နောင်သောအခါတွင် အခွင့်တောင်း၏။

"ဂေါတမ၊ ကျွန်ုပ်သည် ပရိသတ်နှင့်တကွ ထိုင်နေသောအခါ မြတ်စွာဘုရားကို တွေ့မြင်သော်လည်း နေရာမှဖယ်၍ ရှိခိုးပူဇော်ခြင်းအမှုကို မပြုပါက ခွင့်လွှတ်စေလိုပါ၏။ အကြောင်းကား ကျွန်ုပ် ဤသို့ပြုလိုက်ပါလျှင် ဝါဒတပါးဖြစ်သော ဗြာဟ္မဏတို့ ကဲ့ရဲ့ ရှုတ်ချကြမည်ကြောင့် ဖြစ်ပါ၏။ ကဲ့ရဲ့ ရှုတ်ချပါလျှင် ချီး

ကျူးခြင်း ဆိတ်သုဉ်း၍ ဥစ္စာကြေးငွေ မရနိုင်ပါ။ သို့ကြောင့် ထိုအခါမျိုးတွင် ကျွန်ုပ်သည် မြတ်စွာဘုရားအား စိတ်တွင်းကပင် ရှိခိုးပူဇော်ပါမည်"

မြတ်စွာဘုရားသည် သောဏဒဏ္ဍ ပြာဟ္မဏအား သင့်လျော်သော ဓမ္မတရားကို ဟောကြားတော်မူလေ၏။

# ဥပါသိကာ

# သုဇာတာ

ဥရုဝေလ တောအနီး သေနာနိ ကျေးရွာတွင် သေနာနိ အမည်ရှိသော သေဌေးသမီးသည် သုဇာတာ အမည်ရှိ၏။ သူသည် အရွယ်သို့ ရောက်သောအခါ တနေ့တွင် ညောင်ပင် တပင်တွင် ဆုတောင်း ပတ္ထနာပြုလေ၏။ "အကယ်၍ အဆင့်အတန်းတူမျှသော သတို့သားနှင့် အိမ်ထောင်ကျ၍ သားဦး မွေးဖွားပါက ကျွန်ုပ်သည် နှစ်စဉ် ရုက္ခစိုးနတ်အား ပူဇော်ပါမည်"

သို့ဖြင့် လျှောက်ပတ်သောအခါ ဗာရာဏသီမြို့ သေဌေးအိမ်တွင် သူ၏ ဝိဝါဟ မင်္ဂလာဖြစ်၍ သားဦး မွေးဖွားခဲ့လေ၏။ ထိုသား၏ အမည်ကို ယသ ကုမာရ ဟု မှည့်၏။

သုဇာတာသည် နှစ်တိုင်း အဖအိမ်သို့လာကာ ထိုညောင်ပင်ရင်းတွင် အမျိုးမျိုးသော လှူဘွယ်တို့ဖြင့် ပူဇော်ပသ၏။ ကဆုန်လပြည့် တနေ့တွင် သုဇာတာသည် နှစ်စဉ် ပူဇော်နေကျအတိုင်း ပူဇော်ရန်အတွက် အိမ်ဖော် ပုဏ္ဏာအား ပြောပြ၏။

"ပုဏ္ဏ၊ ငါတို့ပူဇော်ရန် နေရာကို သုတ်သင်ရှင်းလင်း၍ လာခဲ့ပါလော"

အိမ်ဖော်သည် သစ်ပင်သို့ သွားသောအခါ ထွန်းလင်းတောက်ပသော မဟာပုရိသ ထိုင်နေသည်ကို တွေ့ရ၏။ ထိုအခါ သူသည် သုဇာတာ၏ ထံသို့ ပြန်လာပြီး ပြော၏။

"သခင်မ၊ ယနေ့ ဒေဝတာသည် အရှင်မအား မြတ်နိုးတော်မူ၍ သစ်ပင်အောက်မှာ ထိုင်နေပါ၏"

သုဇာတာ ဆို၏။ "သင်၏စကား မှန်လျှင် သင့်အား အစေခံအလုပ်မှ လွှတ်ပေးမည်"

သူသည် အချိန်တန်သောအခါ ရွှေခွက်တွင် ပါယာသ (နို့ဆွမ်း) ထည့်ကာ ပုဏ္ဏနှင့် အတူ သစ်ပင်အောက်သို့ သွား၍ မဟာပုရိသအား ရှိခိုးပြီး နို့ဆွမ်း ကပ်ကာ ပြောပြ၏။

"ဘန္တေ၊ ကျွန်ုပ်၏ဆုတောင်း ပတ္ထနာ ပြည့်သကဲ့သို့၊ ထို့အတူ အရှင်၏ အလိုဆန္ဒလည်း ပြည့်စုံမူ ရပါစေသတည်း"

မဟာပုရိသမှာ ဗောဓိသတ္တဖြစ်၏။ သူသည် ပြင်းထန်လှစွာသော အကျင့်ကို ခြောက်နှစ်တိုင်မျှ ကျင့်ခဲ့ပြီး မဇ္ဈိမပဋိပဒါလမ်းစဉ်ဖြင့် အလင်းရောင်ကို ရခဲ့၏။ ရွာတွင်းသို့ဝင်၍ ဆွမ်းခံရန် အချိန်ကို စောင့်နေစဉ် သုဇာတာရောက်လာပြီး ရွှေခွက်နှင့်တကွ နို့ဆွမ်း လှူဒါန်းခြင်းကို ခံရခြင်း ဖြစ်၏။

ဗောဓိသတ္တသည် နေရဉ္ဇနာမြစ်တွင် ကိုယ်လက် သုတ်သင်ပြီး သုဇာတာလှူလိုက်သော နို့ဆွမ်းကို လေးဆယ့်ကိုးလုပ် စားပြီးနောက် ရွှေခွက်ကို မြစ်တွင်းသို့ မျှောလိုက်၏။ ထိုနောက် အသတ္ထ (ညောင်ဗုဒ္ဓဟေ)ပင် အောက်သို့ဝင်၍ ထိုင်နေရာမှ ထိုနေ့မှာပင် သဗ္ဗညုတဉာဏ်ကို ရ၏။ သူသည် ခုနစ်ပတ်လုံး ထိုနေရာ၌ နေကာ

ဗာရာဏသီသို့သွားပြီး ဓမ္မစက်ကို လည်စေ၍ ထိုတွင် ပထမဝါ မျှတနေလေ၏။

ထိုဝါအတွင်း သုဇာတာ၏သား ယသ သတို့သားသည် လောကီစည်းစိမ် ဥစ္စာတို့ကို စက်ဆုပ်သဖြင့် ဗုဒ္ဓ၏ အထံသို့ သွားကာ ရဟန်းပြုရလေ၏။ တနေ့တွင် ယသ၏ အဖကို ချီးမြှောက်ရန် အတွက် ဗုဒ္ဓသည် ယသနှင့်အတူတကွ သူ၏အဖအိမ်သို့ ဘောဇဉ်အတွက် ကြွတော်မူ၏။ ဘောဇဉ် ပြီးဆုံးသောအခါ ဗုဒ္ဓသည် ယသ၏ အသိုင်းအဝန်းဖြစ်သောသူတို့အား ဓမ္မတရား ဟောကြားတော်မူ၏။ ထိုအခါ ယသကုမာရ၏ အမေ (သုဇာတာ)နှင့် မယားသည် ဗုဒ္ဓ၊ ဓမ္မနှင့် သံဃကို ဆည်းကပ် ကိုးကွယ်ကြ၏။ အမျိုးသမီးတို့တွင် ယသကုမာရ၏ အမေ သုဇာတာသည် ပထမဆုံး သရဏဂုံ ဆောက်တည်သော ဥပါသိကာဖြစ်လေ၏။

× × ×

# ဝိသာခါ

အင်္ဂတိုင်း ဘဒ္ဒိယမြို့တွင် မေဏ္ဍက အမည်ရှိသော လွန်စွာ ချမ်းသာ ကြွယ်ဝသော သေဌေးကြီးရှိ၏။ သူ၏သား ဓနဉ္စယ သေဌေးနှင့် သုမနာဒေဝီမှ ဝိသာခါကို ဖွားမြင်၏။ ဝိသာခါ ခုနစ်နှစ်သမီး အရွယ်တွင် မြတ်စွာဘုရားသည် များစွာသော ဘိက္ခုသံဃာနှင့်တကွ သေလအစရှိသော ဗြာဟ္မဏတို့အား ဥပဒေသပေးရန် ထိုမြို့သို့ ရောက်လာ၏။ ထိုအခါ ဗိမ္ဗိသာရ၏ နိုင်ငံတွင် လွန်စွာထင်ရှားသော ပဉ္စနသေဌေးကြီး ငါးဦးမှာ ဇောတိသ၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏကနှင့် ကာကဝလ္လိ ဖြစ်၏။ ထိုတွင် မေဏ္ဍကမှာ အချုပ်အချာဖြစ်၏။

မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့ အာပဏ အမည်ရှိသော ကျေး ရွာတွင် စံနေစဉ်အခါ မေဏ္ဍကသေဌေးသည် မိမိမြေး ဝိသာခါ အား ပြောပြ၏။

"ဝိသာခါ၊ သင်သည် အဆွေခင်ပွန်း ငါးရာ၊ ကျွန်မ ငါးရာ နှင့်အတူ ရထားဖြင့် သွားပြီး မြတ်စွာဘုရားအား ဖူးတွေ့ပါလော့။ သို့ဖြင့် သင်နှင့် ငါတို့ အလုံးစုံသော ကောင်းကျိုးချမ်းသာ မင်္ဂ လာ ဖြစ်လိမ့်မည်"

သူသည် အဖိုး၏စကားကို ဝန်ခံပြီး အဆွေခင်ပွန်း ငါးရာ ကျွန်မငါးရာ ခြံရံလျက် မြတ်စွာဘုရားကို ဖူးတွေ့ရန် ရထားဖြင့် သွား၏။ သင့်လျော်သော နေရာသို့ ရောက်သောအခါ ရထားမှ ဆင်း၍သွားပြီး မြတ်စွာဘုရားသံ ချဉ်းကပ်ကာ ရှိခိုးပူဇော်၏။ ဗုဒ္ဓသည် သူတို့နှင့် သင့်တင့်လျောက်ပတ်သော ဥပဒေသကို ပေး ၏။ ဥပဒေသကို ကြားနာရသောအခါ သူသည် အဆွေခင်ပွန်း ငါးရာနှင့်တကွ သောတာပတ္တိဖိုလ်ကို ရသွားကြ၏။ သူ၏အဖိုး မေဏ္ဍကလည်း ဗုဒ္ဓ၏ ဓမ္မတရားကို နာကြားရ၍ သောတာပတ္တိဖိုလ် ကို ရထား၏။သူသည်ထိုနေ့မှစ၍ ရှစ်လတိုင်မျှ ဗုဒ္ဓအမှူးရှိသော သံ ဃာအား ခဲဘွယ် ဘောဇဉ်ဖြင့် လုပ်ကျွေး၏။ မြတ်စွာဘုရား သည် ဘဒ္ဒိယမြို့တွင်အလိုရှိသမျှ စံနေတော်မူပြီး အခြားနေရာသို့ ကြွသွားတော်မူ၏။

မဂဓမင်း ဗိမ္ဗိသာရနှင့် ကောသလမင်း ပသေနဒိသည် အချင်း ချင်း နှမပေး နှမယူ ယောက်ဖ တော်စပ်၏။ တနေ့တွင် ကော သလမင်းသည် ဘုရင် ဗိမ္ဗိသာရ၏ထံသို့ သွား၏။ ဗိမ္ဗိသာရသည် သူ၏ လာခြင်းအကြောင်းကို မေး၍ သူ့ကို ပြောပြ၏။

"သင်၏နိုင်ငံတွင် လွန်စွာကြွယ်ဝချမ်းသာသော ကောင်းမှု ရှင်များ နေကြ၏။ ထိုသူတို့အနက် တယောက်ကို ငါ၏နိုင်ငံ

တွင် ထားပေးဘို့ တောင်းဆိုရန်အတွက် လာခြင်းဖြစ်ပါ၏။ ငါ၏ နိုင်ငံအတွက် သေဌေးတယောက် ပေးစေလိုပါ၏"

"ဤသေဌေးကြီးများကို ငါ၏ဆန္ဒအတိုင်း ပြောင်းရွှေ့ရန်မှာ မဖြစ်နိုင်ပါ။ အမတ်များနှင့် ဆွေးနွေးကြည့်ပါဦးမည်"

ဘုရင်ဗိမ္ဗိသာရသည် အမတ်များနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ကောသလဘုရင်အား ပြန်ကြား၏။

"ဇောတိသ အစရှိသော သေဌေးကြီးများကို နေရာရွှေ့ပြောင်းရန် ငါ မစွမ်းနိုင်ပါ။ သူတို့ကို နေရာရွှေ့ပြောင်းရခြင်းမှာ မဟာပထဝီမြေကြီးကို ရွှေ့ပြောင်းရသည်နှင့် တူပါ၏။ မေဏ္ဍကအား ဓနဉ္စယအမည်ရှိသော သားတယောက်ရှိ၏။ သူ့ကို စူးစမ်းပြီးမှ သင့်အား အဖြေပေးပါမည်"

ဘုရင်ဗိမ္ဗိသာရသည် တနေ့တွင် ဓနဉ္စယအား ခေါ်၍ပြော၏။

"ဓနဉ္စယ၊ ကောသလမင်းသည် သေဌေးတယောက် သူ၏ နိုင်ငံသို့ ခေါ်ဆောင်သွားလို၏။ သင်သည် သူနှင့်အတူ လိုက်နိုင်ပါမည်လော"

"အရှင်၏ အမိန့်ကို နာခံလျက် လိုက်သွားပါမည်"

"သို့ဖြစ်ပါလျှင် သင်၏ လုပ်ဆောင်ဘွယ်တို့ကို စီရင်ပါလော"

ဓနဉ္စယသည် လုပ်ဆောင်ဘွယ်တို့ကိုစီရင်လေရာ ဘုရင်ဗိမ္ဗိသာရသည် သူ့အား အစွမ်းကုန် ကူညီမှုကို ပေး၏။ ဘုရင်ပသေနဒီသည် သင့်လျော်သော အချိန်တွင် ဓနဉ္စယနှင့်အတူ သာဝတ္ထိသို့ ရှေ့ရှုခရီးထွက်၏။ သာယံကာလဖြစ်သော ညနေချမ်းအခါတွင် တနေရာသို့ ရောက်၍ ဓနဉ္စယ မေး၏။

"မဟာရာဇ၊ ဤနေရာသည် ဘယ်တိုင်းပြည်အတွင်း ပါဝင်ပါသနည်း"

"သေဋ္ဌိ၊ ဤနေရာသည် ငါတို့၏ တိုင်းပြည်အတွင်း ဖြစ်၏"

"ဤမှ သာဝတ္ထိသို့ အဘယ်မျှ ဝေးပါသနည်း"

"ခုနစ်ယူဇနာ"

"ဒေဝ အရှင်မင်းကြီး၊ မြို့တွင်းမှာ များစွာသောလူတို့ ရောပြွမ်းနေ၏။ ကျွန်ုပ်၏ အခြံအရံတို့လည်း လွန်စွာ များပြား၏။ အရှင်မင်းကြီး ခွင့်လွှတ်ပါလျှင် ကျွန်ုပ်သည် ဤနေရာတွင် နေချင်ပါ၏"

ဘုရင်သည် ဤတောင်းဆိုချက်ကိုလက်ခံ၍ ဤနေရာတွင် မြို့တည်လေ၏။ သာယံကာလ ဖြစ်သော ညနေချမ်းအခါတွင် ထိုနေရာသို့ရောက်၍ ထိုမြို့၏အမည်ကို သာကေတဟု သမုတ်၏။

သာဝတ္ထိတွင် မိဂါရ အမည်ရှိသော သေဋ္ဌေးအား ပုဏ္ဏဝဍ္ဍန အမည်ရှိသော သတို့သား တယောက်ရှိ၏။ သူ့အား ထိမ်းမြားလက်ထပ်ရန်အတွက် သတို့သမီး ရှာဖွေရန် ပုဏ္ဏားတမန်တို့ကို တာဝန်ပေးထား၏။ သူတို့သည် သာဝတ္ထိတွင် သတို့သားနှင့် လိုက်ဖက်သော သတို့သမီးကို မရကြ၍ သာကေတသို့ သွားကြ၏။ ထိုနေ့တွင် ဝိသာခါသည် အမျိုးသမီးဖော် အဆွေခင်ပွန်း ငါးရာ ခြံရံလျက် နက္ခတ်ကစားရန် ရေကန်ကြီးတခုသို့ ရောက်နေကြ၏။ ဆိုခဲ့သော ပုဏ္ဏားတမန်တို့သည် မြို့တွင်းမှာ စိတ်ကြိုက်သတို့သမီးကို မတွေ့ရ၍ မြို့ပြင်သို့ ထွက်ခဲ့ကြရာ ရုတ်တရက် မိုးကြီး သည်းထန်စွာရွာရန် ဆင်၍နေ၏။ ဝိသာခါ၏ အဆွေခင်ပွန်းတို့သည် မိုးရေစွတ်မည်စိုး၍ အပန်းဖြေ စရပ်သို့ ဆောလျင်စွာ ဝင်လာကြ၏။ တမန်တို့သည် သူတို့တွင် ဘယ်သူ့ကိုမျှ ကြည့်၍မရချေ။ ဝိသာခါ တဦးတည်းသာ မိုးရေအစိုခံပြီး ဣန္ဒြေမပျက် လှမ်းလျက် အပန်းဖြေစရပ်သို့ ဝင်လာ၏။ တမန်တို့သည်

သူ့ကို အထူးစိတ်ဝင်စားကြ၏။ သူတို့သည် သူ၏ စကားအပြောအဆိုကို သိလိုသဖြင့် စူးစမ်းမေးမြန်း၏။

"အမိ၊ သင်ကား အသို့နည်း"

"အဘယ်ကြောင့်ပါနည်း"

"အကြောင်းမှာ သင်၏အဖော်တို့သည် မိုးရေစိုမှာစိုး၍ လျင်မြန်စွာ ပြေး၍စရပ်သို့ လာကြ၏။ သို့ရာတွင် သင်ကား အဖွားအိုကဲ့သို့ ဖြည်းဖြည်းနှေးနှေး လာခဲ့၏။အဝတ်အထည်ကို ရေစိုမှာ သင် မသိယောင်တကား"

"စင်စစ် ငါသည် သူတို့ထက် အားကောင်းပါ၏။ သို့ရာတွင် အကြောင်းအားလျော်စွာ လျင်စွာ သွားရန် မသင့်သဖြင့် မသွားခြင်း ဖြစ်၏"

"အသို့ပါနည်း"

"လေးဦးသောသူတို့ လျင်စွာသွားရန် မသင့်ပါ"

"အဘယ် လေးဦးတို့ပါနည်း"

"အဘိသိက်သွန်းသောမင်းသည် မင်းမြောက်တန်ဆာ ဆင်လျက် အောက်ပိုးကျိုက်ကာ အဆောတလျင် မသွားသင့်ချေ။ အကယ်၍ သွားချေသော် 'ဤမင်းသည် အရပ်သားတို့ကဲ့သို့ ပြေးသွား၏'ဟု လူအများ ကဲ့ရဲ့ကြမည်။ သို့ကြောင့် အဘိသိက်ခံသောမင်းသည် အဆောတလျင် မသွားသင့်၊ ဂုဏ်ရှိရှိစွာ သွားလေမှ တင့်တယ်မည်။ ထို့မှတပါး မင်္ဂလာဆင်တော်သည်လည်း တန်ဆာဆင်လျက် ပြေးသွားရန် မသင့်ပါ။ ဆင်၏ စံပယ်ခြင်းဖြင့် သွားမှ တင့်တယ်၏။ ရှင်ရဟန်းသည်လည်း ပြေးသွားရန် မသင့်ပါ။ အကယ်၍ ပြေးသွားလျှင် ရဟန်းတန်မဲ့ လူကဲ့သို့ ပြေးသွား၏ဟု ကဲ့ရဲ့ကြလိမ့်မည်ဖြစ်၍ ငြိမ်သက်စွာ သွားမှ တင့်တယ်၏။ အမျိုးသမီးသည်လည်း ဆောလျင်စွာ သွားလျှင် မတင့်

တယ်ချေ။ အကယ်၍ သွားပါလျှင် ယောကျ်ားကဲ့သို့ သွား၏ဟု ရှုတ်ချသင့်၏။ ဤလေးဦးသည် လျင်စွာ မသွားသင့်ပါ"

ပုဏ္ဏားတမန်တို့သည် ထိုကဲ့သို့ နူးညံ့သိမ်မွေ့၍ အနှစ်သာရ ရှိသော စကားကို ကြားရလျှင် 'ဤကဲ့သို့သော သမီးကညာ ရတနာကို ဇမ္ဗူဒီပါတွင် ဘယ်မျှ ရှာဖွေ၍ ရလိမ့်မည်မဟုတ်။ သူ၏ ရုပ်ရည် ရူပကာယ လှပတင့်တယ်သကဲ့သို့ပင် သူ၏ စိတ်နေ သဘောထားလည်း လှပတင့်တယ်၏'ဟု ဆုံးဖြတ်လိုက်ကြပြီးလျှင် သူ၏အပေါ် သို့ ပန်းမာလာများ မြှောက်ကြ၏။

မိုးစဲ၍ ဝိသာခါနှင့် သူ၏အဖော်များ အိမ်သို့ ပြန်ကြသော အခါ ထိုတမန်တို့လည်း သူတို့နှင့်အတူတကွ မနဉ္စယသေဋ္ဌေး အိမ်သို့ လိုက်ကြ၏။ သေဋ္ဌေးသည် တမန်တို့အား ခရီးကြိုဆိုကာ နေရာထိုင်ခင်း ပေးပြီး မေး၏။

"သင်တို့သည် အဘယ်အရပ်ကပါနည်း"

"ငါတို့သည် သာဝတ္ထိပြည် မိဂါရသေဋ္ဌေး၏ တမန်များ ဖြစ်ကြပါ၏။ ငါတို့ သေဋ္ဌေးသည် သင့်တွင် အရွယ်ရောက် သော သမီးကညာရှိသည့် သတင်းကို ကြားသိရ၍ ငါတို့အား စေလွှတ်လိုက်ခြင်း ဖြစ်ပါ၏"

"သင်တို့၏ သေဋ္ဌေးသည် ငါတို့နှင့် နှိုင်းယှဉ်ပါလျှင် ပစ္စည်းမဲ့ ပင် ဖြစ်၏။ သို့ရာတွင် အမျိုးနှင့် အကျင့်စာရိတ္တကား တူမျှ၏။ အလုံးစုံ တူညီမျှတခြင်းမျိုးကား မရနိုင်ချေ။ အမျိုးနှင့် အကျင့် စာရိတ္တတူလျှင် တော်လှပြီ။ သို့ကြောင့် ငါ သဘောတူကြောင်း သင်တို့၏ သေဋ္ဌေးအား ပြောကြားပါလေ"

တမန်တို့သည် သာဝတ္ထိသို့ ပြန်သွားပြီး မိဂါရ သေဋ္ဌေးအား အလုံးစုံသော အကြောင်းကို ပြောပြကြ၏။ သတင်းကြားရလျှင်

အလွန်ဝမ်းသာစွာဖြင့် ဓနဥ္စယ သေဋ္ဌေးအား စာရေးအကြောင်းကြား၏။

'ငါသည် မကြာမြင့်မီ သတို့သမီးကို ဆောင်နှင်းလိုပါ၏။သို့ကြောင့် သင်၏ ပြုလုပ်ဖွယ်တို့ကို ပြည့်စုံစေပါဘိ။'

ဓနဥ္စယ သေဋ္ဌေးသည်လည်း စာဖြင့်ပင် ပြန်ကြားလိုက်၏။

'ပြုလုပ်ဖွယ်တို့ကို ပြည့်စုံစေရန်မှာ ငါ့အား ကြာမြင့်မည် မဟုတ်ပါ။ သင်သည် အသင့် ဖြစ်ပါစေလော။'

မိဂါရသည် ကောသလမင်း၏အထံသို့သွားပြီး ပြောကြား၏။

"ဒေဝ အရှင်မင်းကြီး၊ ကျွန်ုပ်အား မင်္ဂလာကိစ္စ တခု ဆောင်ရွက်ဖွယ် ရှိပါ၏။ သင်၏သား ပုဏ္ဏဝဒ္ဓန အတွက် ဓနဥ္စယ သေဋ္ဌေးကြီး သမီးကညာကို ဆောင်ယူရန် ဖြစ်ပါ၏။ သာကေတသို့ သွားရန် ကျွန်ုပ်အား ခွင့်ပေးပါလော"

"သေဋ္ဌိ၊ လွန်စွာ မွန်မြတ်သော အလုပ် ဖြစ်၏။ ငါလည်း မင်္ဂလာ ကိစ္စအတွက် သာကေတသို့ လိုက်မည်"

"ဒေဝ၊ ကျွန်ုပ်သည် ဤမျှ ကံကောင်းပါ သလော"

"သေဋ္ဌိ၊ သင် မပူလင့်။ ငါပင်လျှင် ခရီးသွား ယာဉ်ရထားကို စီစဉ်မည်"

မင်္ဂလာနေ့သို့ ရောက်သောအခါ မိဂါရ သေဋ္ဌေးနှင့်အတူ ကောသလမင်းလည်း ထွက်တော်မူကြီးဖြင့် ထွက်တော်မူလျက် လိုက်လေ၏။

ဓနဥ္စယသည် ကောသလမင်း ထွက်တော်မူကြီးဖြင့် ထွက်တော်မူလျက် လိုက်ပါလာမည့် သတင်းကို ကြားရသောအခါ မင်းတို့နှင့်သာ ထိုက်တန်သော မိမိကိုယ်တိုင် နေသော ပြာသာဒ်ကို အထူးပင် မွမ်းမံ ပြင်ဆင်ပြီး မင်းကြီး အတွက် နေရာပေးကာ

မြတ်နိုးစွာ ပြုစုလေ၏။ ထို့အတူ အခြားသော သူတို့အားလည်း အသီးသီး လျောက်ပတ်စွာ ပြုစု လုပ်ကျွေး၏။

တနေ့တွင် မင်းကြီးသည် ဓနဥ္စယအား ပြောပြ၏။

"သင်္ဂြိုလ်၊ ငါ၏ အခြံအရံ ဗိုလ်ပါ သင်းပင်းတို့ကား များလှစွာ၏။ သို့ကြောင့် ထိမ်းမြားရေး ကိစ္စကို အမြန်ဆုံး စီစဉ်လျှင် သင့်တော်လိမ့်မည်"

ဓနဥ္စယက ပြန်ကြား၏။

"မဟာရာဇ၊ ယခုအခါ မိုးရာသီသို့ ရောက်နေသဖြင့် အရှင်သည် ဗိုလ်ပါ အများနှင့် ခရီးသွားရန် မသင့်ပါ။ ထို့ပြင် အရှင်၏ သမီးကညာ ဝိသာခါအတွက် မဟာလတာ တန်ဆာလည်း ချုပ်လုပ်၍ မပြီးသေးပါ။ သို့ကြောင့် မိုးလေးလအတွင်း ဤတွင် စခန်းချရန် တောင်းပန်ပါ၏။ အရှင်နှင့် တကွ အလုံးစုံသော အခြံအရံ ဗိုလ်ပါ သင်းပင်းတို့၏ စားဝတ်နေရေးအတွက် အကျွန်ုပ် လုံးဝ တာဝန်ယူပါ၏"

ထိုအခါမှ စ၍ သာကေတမြို့ အလုံးသည် နေ့စဉ် နက္ခတ်ပွဲသဘင်ကြီး ဖြစ်နေလေ၏။

မိုးလေးလ ကုန်လွန်ခဲ့လေ၏။ မဟာလတာ တန်ဆာလည်း ချုပ်လုပ်၍ ပြီးသွားသဖြင့် မင်္ဂလာ အခမ်းအနားကို အလွန် စည်ကား သိုက်မြိုက်စွာ စီစဉ်၏။ မင်္ဂလာကိစ္စ ပြီးသောအခါ သေဋ္ဌေးသည် သူ၏ သမီးအား ယောက္ခမ အိမ်တွင် ပြုသင့်သော ကျင့်ဝတ်များကို ညွှန်ကြား၏။

"သမီး၊ ယောက္ခမအိမ်သို့ ရောက်သောအခါ (၁) အိမ်တွင်းမီးကို အပြင်သို့ မထုတ်နှင့်၊ (၂) အပြင် အပမှ မီးကို အိမ်တွင်းသို့ မသွင်းနှင့်၊ (၃) ပေးသူကို ပေးပါ၊ (၄) မပေးသူကို မပေးပါနှင့်၊ (၅)ပေးသော်လည်း ပေးပါ၊(၆)မပေးသော်လည်း ပေးပါ၊(၇)

ချမ်းသာစွာ နေပါ၊ (၈) ချမ်းသာစွာ စားသောက်ပါ၊ (၉) မီးကို လုပ်ကျွေးပါ၊ (၁၀) အိမ်နတ်ကို ရှိခိုးပါ”

မနေ့ဥယသည် နောက်တနေ့တွင် ဘုရင် အမှူးရှိသော သူကြွယ် ရှစ်ဦးတို့အား ဤသို့ ပြောပြ၏။

“ကျွန်ုပ်၏ သမီးသည် ယောက္ခမအိမ်တွင် အကယ်၍ တစုံ တခုသော အပြစ်ကို ကျူးလွန်ခဲ့ပါသော် သင်တို့သည် ကျွန်ုပ်၏ ကိုယ်စား သူ့ကို ပြောဆို ဆုံးမကြပါဘိ”

မနေ့ဥယသည် ဝိသာခါအား ရွှေဒင်္ဂါး ကိုးကုဋေ အဖိုး ထိုက် တန်သော မဟာလတာ တန်ဆာ၊ ရေချိုး ကသယ်မှုန့် အပြည့် ပါသော လှည်းအစီးတရာ၊ ကျေးကျွန် ငါးရာ၊ မြင်းတရာ၊ များ စွာသော နို့စား နွားမနှင့် အခြား အဖိုး အနဂ္ဃ ထိုက်တန်သော အိမ်ထောင် ပရိဘောဂတို့ကို ပေး၍ ယောက္ခမ အိမ်သို့ ထည့် လိုက်၏။

မိဂါရ သေဌေးသည် ခုနစ်ရက်တိုင်မျှ သား၏ ဝိဝါဟ မင်္ဂလာ အခမ်းအနားကို အကြီးအကျယ် ကျင်းပ၏။ မင်္ဂလာပွဲ ပြီးသော အခါ အစေလက တက္ကတွန်းတို့အား ပင့်ဖိတ်ကာ ဆွမ်းလုပ်ကျွေး ၏။ မိဂါရသည် ထိုသူတို့ကို ရှိခိုးပူဇော်ရန် ချွေးမ ဝိသာခါ အား ခေါ်၏။

ဝိသာခါသည် ရဟန္တာ အရှင်တို့ကို ဖူးတွေ့ရမည် အထင်နှင့် ဝမ်းမြောက်စွာ လာခဲ့၏။ ဒူးပေါ် ပေါင်ပေါ် မလုံမခြုံနှင့်နေကြ သော အစေလကတို့ကို တွေ့မြင်ရသောအခါ စက်ဆုပ်စွာဖြင့် ပြောပြ၏။

“ဤကဲ့သို့ အရှက်ကင်းမဲ့သူများ ရဟန္တာ ဖြစ်နိုင်မည်လော။ အရှက် ကင်းမဲ့သူများရှေ့သို့ ဘယ်ကြောင့် ငါ့ကို ခေါ်ဘိ သနည်း”

တက္ကတွန်းတို့သည် ဤကဲ့သို့ ဝိသာခါ မထိမဲ့မြင် ပြုကျင့် သွားသည်ကို အမျက်ထွက်ကာ မိဂါရအား ခေါ်၍ ကြိမ်းမောင်း၏။

"သေဋ္ဌိ၊ သင်သည် ဤရိုင်းစိုင်းသော အမျိုးသမီးကို ဘယ်က ရခဲ့ သနည်း။ သာမဏ ဂေါတမ၏ တပည့် ဖြစ်၍ ကျက်သရေ ယုတ်၏။ အိမ်မှ အမြန် နှင်ထုတ်လိုက်ပါလော"

"ကျွန်ုပ်၏ ချွေးမသည် စင်စစ် ငယ်ရွယ်သူသာ ဖြစ်ပါ၏။ မသိနားမလည်သည့်အတွက် ဤကဲ့သို့ ပြောဆိုခြင်း ဖြစ်ပါ၏။ သို့ကြောင့် ဆရာတို့ သည်းခံကြပါရန် တောင်းပန်ပါ၏"

အစေလက တက္ကတွန်းတို့ ပြန်ကြ သွားသော အခါ မိဂါရနို့ထမင်း စားနေ့ ထိုင်၍ ဝိသာခါသည် အနားမှ ပြုစု ကျွေးမွေး၏။ ထိုစဉ်အခါ ရဟန်းတပါး ဆွမ်းလာရပ်၏။ သေဋ္ဌေးသည် ရဟန်းကို မြင်လျက် မမြင်ယောင်ဆောင်ကာ ငုံ့ကာ စားနေ၏။ ထိုအခါ ဝိသာခါက ရဟန်းအား လျှောက်ကြား၏။

"ဘန္တေ၊ ရပ်နေသော်လည်း တစုံတရာ ဘာမျှ ရလိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်၏ ယောက္ခမသည် ပုရာဏ (အဟောင်း) ကို သာ စားနေပါ၏"

သေဋ္ဌေးသည် ဆရာသခင် ကျေးဇူးရှင်တို့ကို စော်ကားစဉ်က ခွင့်လွှတ်ခဲ့၏။ ယခုအခါမူ သူ့ကိုပါ ထိပါးလာသဖြင့် သည်းမခံနိုင်တော့ချေ။ ဒေါသဖြင့် ပြောပြ၏။

"ဤနို့ထမင်းတို့ကို အခြားသို့ ယူသွားလော့။ သင်လည်း ငါ့အိမ်မှ ထွက်သွားလော့။ မင်္ဂလာ ယူနေသောအခါမှာ ငါ၏ ချွေးမက ငါ့အား မစင်ကို စား၏ဟု ဆိုဘိ၏"

ဝိသာခါသည် တည်ကြည် သိမ်မွေ့စွာဖြင့် ပြန်ကြား၏။

"ဖခင်၊ ငါ့အား ရေဆိပ်မှ ခေါ်ဆောင်လာခဲ့ခြင်း မဟုတ်ပါ။ အသက်ထင်ရှားရှိသော မိဘများထံမှ ခေါ်ဆောင်လာခြင်း

ဖြစ်၏။ သင် နှင်ထုတ်သော်လည်း မသွားနိုင်ပါ။ ငါ၏မိဘများ သည် ငါ့တွင် အပြစ်တစုံတရာရှိပါက သူကြွယ်ရှစ်ဦးအား ဆုံး ဖြတ်အပ်နှံထားပါ၏။ သူတို့ကို ဖိတ်ခေါ်ပြီး ငါ၏အပြစ်ကို ဆုံး ဖြတ်ရန် လွှဲအပ်ပါသိ”

မိဂါရသည် သူ၏စကားကို လက်ခံပြီး အဆိုပါ သူကြွယ်ရှစ်ဦး ကို ဖိတ်ကြားကာ တင်ပြ၏။

“ဤသူငယ်မသည် မင်္ဂလာယူသောနေ့တွင် မင်္ဂလာမရှိသော စကားဖြင့် ငါ့အား အစာဟောင်း (မစင်)ကို စားနေ၏ဟု ဆိုပါ ၏”

“သမီး၊ ဤစကား မှန်ပါသလော”

ထိုအခါ ဝိသာခါသည် သူကြွယ်တို့အား ထိုနေ့က ရဟန်း တပါး ဆွမ်းရပ်လာသည့်အကြောင်းကို ပြန်လည်ရှင်းပြပြီးနောက် ပုရာဏ အစာဟောင်း၏ အဓိပ္ပါယ်ကို ဤသို့ရှင်းပြ၏။

“အဖ မင်းတို့၊ ပုရာဏ အစာဟောင်းကို စားသုံးနေ၏ဟု ဆို သည်မှာ မှန်ပါ၏။ သို့ရာတွင် ပုရာဏ အစာဟောင်းမှာ မစင်ကို ဆိုလိုခြင်း မဟုတ်ပါ။ ရှေးဘဝက ပြုခဲ့သော ကုသိုလ်ကံဟောင်း ၏ အကျိုးဖလကိုသာ သုံးဆောင် ခံစားနေ၏၊ အသစ်ဖြစ်သော ကောင်းမှုကို မပြုဟု ဆိုလိုပါ၏”

“အချင်း သေဋ္ဌေးမင်း၊ သို့ဖြစ်ပါလျှင် ငါတို့သမီး လုံးဝအ ပြစ်မရှိပါ။ မှန်သောစကားကို ပြောကြားခြင်းပင် ဖြစ်၍ စိတ်မ ဆိုးသင့်ပါ”

“ဤအတိုင်း မှန်ပါသော် စိတ်ဆိုးဘွယ် မရှိပါ။ သို့ရာတွင် သူသည် ဤအိမ်သို့ရောက်စနေ့တွင် အုပ်ထိန်းသူလင်နှင့် ယောက္ခမ တို့ကို ပန်ကြားခြင်း မရှိဘဲ အကာလ ညဥ့်အခါမှာ အိမ်ပြင်သို့

ထွက်သွားပါ၏။ အမျိုးသမီးတယောက် အုပ်ထိန်းသူ ခွင့်ပြုခြင်း မရှိဘဲ အချိန်မဲ့ အပြင်သို့ ထွက်သင့်ပါသလော”

“သမီး၊ ထိုစကား မှန်ပါသလော”

“အဖမင်းတို့၊ အရပ်တပါးသို့ ကျွန်ုပ်သွားခြင်း မဟုတ်ပါ။ ထိုညတွင် အာဇာနည်မြင်းမ ကလေးဖွားမြင်သဖြင့် ကျွန်မများ နှင့်အတူ မြင်းစောင်းသို့ သွား၍ ပြုစုခြင်း ဖြစ်ပါ၏။ ဤကိစ္စမှာ အမျိုးသမီး အိမ်ရှင်မတို့ ပြုရမည့် အလုပ်ကိစ္စ မဟုတ်ပါလော”

“အချင်း သေဌေးမင်း၊ ငါတို့သမီးစကား မှန်ပေ၏။ သို့ဖြင့် သူ့တွင် အပြစ်မရှိပါ”

“သို့ရာတွင် သူ၏အဖသည် ဤသို့ လာမည့်ညအခါက သူ၏ သမီးအား အိမ်တွင်းမီးကို အပြင်သို့ မထုတ်ရ။ အပြင်မှမီးကို အတွင်းသို့ မသွင်းရ စသဖြင့် လျှို့ဝှက်စကား မှာကြားလိုက်သည်ကို ကျွန်ုပ်ကိုယ်တိုင် ကောင်းစွာကြားရပါ၏။ အတွင်းမီးကို အပြင်သို့မထုတ်ဘဲ နေသင့်ပါသလော။ သို့မဟုတ် အပြင်မှ မီးကို အတွင်းသို့ မသွင်းရပြီလော”

“ချစ်သမီး၊ ထိုစကား မှန်ပါသလော”

“မှန်ပါ၏။ သို့ရာတွင် အဖ၏ ဆိုလိုခြင်းမှာ တမျိုးဖြစ်ပါ၏။ အပြင်မီးမှာ လင် ယောက္ခမ စသူတို့၏ အပြစ်ဒေါသပင် ဖြစ်ပါ၏။ ထိုအပြစ် ဒေါသကို အပြင်သို့ မထုတ်ရ။ သူတပါးတို့အား မပြောရဟု ဆိုလိုခြင်း ဖြစ်ပါ၏”

“အပြင်မီးကို အတွင်းသို့ မသွင်းရဟု ဆိုသည်မှာ အဘယ်နည်း”

“အပြင်အပက သူများ လင် ယောက္ခမ စသူတို့၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုပါက ထိုစကားကို အိမ်တွင်းသို့ ယူဆောင်၍ မလာရန် ဖြစ်ပါ၏”

"ပေးသူကို ပေး၍၊ မပေးသူကို မပေးရဟု ဆိုသောစကားမှာ ရှင်းပါ၏။ ပေးသော်ငြား၊ မပေးသော်ငြား ပေးရမည်ဆိုသော စကားမှာ အသို့နည်း"

"ဆင်းရဲနွမ်းပါးသော ဆွေမျိုးဉာတိတို့ ရှိကြပါ၏။ သူတို့၏ ထံမှ တစုံတရာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တတ်အားသမျှ သင်္ဂြိုဟ် ထောက်ပံ့ရမည်ဟု ဆိုလိုပါ၏"

"ချမ်းသာစွာ ထိုင်ရမည်ဟုဆိုသည်မှာ အဘယ်နည်း"

"ယောက္ခမများနှင့် ခင်ပွန်းလင်၏ ရှေ့ရပ်ကာ နေရမည့် နေရာတွင် မထိုင်ရဟု ဆိုလိုခြင်း ဖြစ်ပါ၏"

"ချမ်းသာစွာ စားရမည်ဟု ဆိုသည်မှာ အဘယ်နည်း"

"ယောက္ခမများနှင့် ခင်ပွန်းလင်၏ ဦးဦးဖျားဖျား မစားမူ၍ ထိုသူတို့အား ရိုသေစွာ လုပ်ကျွေးပြီးမှ အစားအသောက် စားသောက်ရမည်ဟု ဆိုလိုခြင်း ဖြစ်ပါ၏"

"ချမ်းသာစွာ အိပ်ရမည်ဟု ဆိုခြင်းမှာ အဘယ်နည်း"

"ယောက္ခမများနှင့် ခင်ပွန်းလင်၏ ရှေးဦးစွာ မအိပ်ရ။ သူတို့၏ အမှုကိစ္စ ဟူသမျှကို ဆောင်ရွက်ပြီး နောက်မှ အိပ်ရမည်ဟု ဆိုလိုပါ၏"

"မီးကို လုပ်ကျွေးရမည်ဟု ဆိုသည်မှာ အသို့နည်း"

"မီးကား ပူလောင်ခြင်း သဘော ရှိပါ၏။ ပူလောင်တတ်သဖြင့် မီးကို ရိုသေလေးစားရ၏။ ထို့အတူ ယောက္ခမများနှင့် ခင်ပွန်းလင်ကို လေးစားစွာ လုပ်ကျွေးရမည်ဟု ဆိုလိုခြင်း ဖြစ်ပါ၏"

"အိမ်တွင်းနတ်ကို ပူဇော်ရမည်ဟု ဆိုသည်မှာ အဘယ်နည်း"

"စင်စစ် ယောက္ခမများနှင့် ခင်ပွန်းလင်သည် အိမ်တွင်းက နတ်ဒေဝါပင် ဖြစ်၏။ နတ်ဒေဝါနှင့် တန်းတူထား၍ ပူဇော်ရမည်ဟု ဆိုလိုပါ၏"

ဤသို့လျှင် သူကြွယ်တို့က မေး၍ ဝိသာခါက ဖြေဆို၏။ ထိုအခါ ယောက္ခမကြီး မိုင်ငေးသွား၍ သူကြွယ်တို့က မေးကြ၏။

"သေဌေးမင်း၊ သမီး ဝိသာခါတွင် အခြားတပါးသော အပြစ်များ ရှိပါသေးသလော"

"မရှိပါ အရှင်တို့"

"သို့ဖြစ်ပါလျှင် သူ့ကို အိမ်မှ နှင်ပစ်ခြင်းငှာ ထိုက်ပါမည်လော"

ဤမေးခွန်းကို ဝိသာခါ ဖြေဆို၏။

"အဖတို့၊ ကျွန်ုပ်သည် ယောက္ခမ နှင်ချစဉ်ကပင် အိမ်မှ ထွက်ခွာသွားသင့်ပါ၏။ သို့ရာတွင် ကျွန်ုပ်မသွားခဲ့ပါ။ အကြောင်းကား ကျွန်ုပ်၏ အဖသည် ကျွန်ုပ်အား အရှင်တို့ထံ အပ်နှံလိုက်ပါ၏။ သို့ကြောင့် အရှင်တို့၏ အဆုံး အဖြတ်ကို ခံယူရန် ကျွန်ုပ်တွင် တာဝန်ရှိပါ၏။ယခုအခါ ကျွန်ုပ်မှာ အပြစ်တစုံတရာမရှိကြောင်း အရှင်တို့ ဆုံးဖြတ်ပြီး ပါပြီ။ သို့ကြောင့် ကျွန်ုပ်သည် မိမိအခြံအရံများနှင့်တကွ အိမ်မှ ထွက်ခွာသွားပါတော့မည်"

ထိုနောက် ဝိသာခါသည် သူ၏ ကျေးကျွန်များကို သာကေတသို့ ပြန်ကြရန်အတွက် စီစဉ်ကြရန် အမိန့်ပေး၏။ ထိုအခါ မိဂါရသည် သူကြွယ်များ၏ အကူအညီကိုယူပြီး ဝိသာခါအား တောင်းပန်လေရာ ဝိသာခါသည် သူ၏ မူလ ရည်ရွယ်ချက် အခွင့်အရေးကို တင်းတင်းမာမာပင် တောင်းဆိုလိုက်လေ၏။

"အဖတို့၊ ကျွန်ုပ်သည် သင်တို့၏ ဆုံးမသြဝါဒကို နာယူရန် အသင့်ပင် ရှိပါ၏။ သို့ရာတွင် ကျွန်ုပ်သည် ဗုဒ္ဓသာသနာကို မတုန်မလှုပ် ကြည်ညိုနေသူ ဖြစ်ပါ၏။ သို့ကြောင့် ကျွန်ုပ်သည် ရဟန်း သံဃာနှင့် ကင်းကွာ၍ မနေနိုင်ပါ။ အကယ်၍ ရဟန်း သံဃာကို လုပ်ကျွေးရပါလျှင် ဤတွင် ဆက်လက်၍ နေပါမည်"

"ချစ်သမီး၊ သင်၏ အလိုဆန္ဒအတိုင်း လုပ်ကျွေးပါတော့"

သူကြွယ်မျှားနှင့်တကွ မိဂါရသည် ဝမ်းမြောက် ဝမ်းသာစွာဖြင့် ခွင့်ပြုကြလေ၏။ သို့ကြောင့် နောက်တနေ့တွင် ဝိသာခါသည် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာတို့ကို ပင့်ဖိတ်ပြီး ဆွမ်းလုပ်ကျွေး၏။ ထိုသတင်းကို တိတ္ထိတို့ ကြားသိ၍ တားမြစ်ကြ၏။ မိဂါရက ဤကိစ္စမှာ မိမိနှင့် တစုံတရာ ဘာမျှ ဆက်စပ်ခြင်း မရှိ။ ချွေးမ ဝိသာခါ ပြုလုပ်ခြင်းသာ ဖြစ်ကြောင်း ပြန်ကြား၏။

ဘုရားအမှူးရှိသော သံဃာအများ ဆွမ်းစားကြသော အခါ ဝိသာခါသည် ယောက္ခမကြီးအား သဒ္ဓါပွားစေရန် အကြောင်းကြား၏။ သို့ရာတွင် သူ၏ တိတ္ထိတို့ ငြူစူကြမည်ကို ကြောက်ရွံ့သောကြောင့် မသွားဝံ့ချေ။ သို့ဖြင့် ဆွမ်းစားပြီးသောအခါ ဝိသာခါသည် ဗုဒ္ဓ၏ဓမ္မတရား နာကြားရန် အကြောင်းကြားပြန်၏။ ယခုအခါမှာ မူကား အိမ်ရှင်တယောက်အနေဖြင့် ငြင်းပယ်ရန် မသင့်ဟု ယူဆ၏။ သို့ကြောင့် သူသည် ဓမ္မတရား နာကြားရန်ကို လက်ခံလိုက်၏။ သို့ရာတွင် ဗုဒ္ဓ၏ ရှေ့မှောက်သို့ အရောက် မသွားချေ။ ကွယ်ရာ တနေရာမှ ဝတ်ကြောတမ်းကြေ ထိုင်နေလိုက်၏။

ဗုဒ္ဓကား ကွယ်ရာမှာ ထိုင်သည် ဖြစ်စေ၊ စကြဝဠာတဖက်မှာ နေသည်ဖြစ်စေ ကျွတ်ထိုက်သူကို ချွတ်ရန် စွမ်းနိုင်၏။ သူသည် သပြေပင်ကြီးကို ကိုင်၍ လှုပ်သကဲ့သို့၎င်း၊ အမြိုက်မိုးကြီး စွေကြိုးရွာသွန်းသကဲ့သို့၎င်း ဓမ္မတရား ဟောကြားရန် အားထုတ်ဘိ၏။

မြတ်စွာဘုရား တရားဟောသောအခါ ရှေ့မှဖြစ်စေ၊ နောက်မှစေ၊ ကွယ်ရာမှဖြစ်စေ၊ စကြဝဠာတပါးမှ ဖြစ်စေ နာကြားသူဟူသမျှသည် ဗုဒ္ဓသည် မိမိအား ရည်ညွှန်း၍ ဓမ္မတရားဟောကြားနေ၏ဟု ယူဆကြ၏။ ဗုဒ္ဓသည် လနှင့် တူ၏။ လသည် ကောင်းကင်တွင် တည်ရှိ၏။ သို့ရာတွင် လူတိုင်းသည် မိမိအပေါ်တွင် လဝန်းတည်ရှိ၏ဟု ယူဆကြ၏။ ထို့အတူ လူတို့သည် ဗုဒ္ဓ၏ ဓမ္မတရားကို မိမိတို့အား ရည်ညွှန်း၏ဟု ထင်ကြရ၏။ မိဂါရသည် ကွယ်ရာမှပင် မလှဲသာမရှောင်သာ၍ တရားနာနေ၏။ သို့ရာတွင် သူ့ကို ဂရုပြုပြီး ဓမ္မတရား ဟောကြားနေ၏ဟု ယူဆကာ ဂရုစိုက်၍ နာကြား၏။ သို့ဖြင့် တရားဆုံးသောအခါ ဓမ္မတရား၏ သဘောတရားကို ထင်ရှားသိမြင် သွား၏။ သူသည် အလွန်ဝမ်းသာ ရွှင်လန်းစွာဖြင့် ဝိသာခါ၏ အပါးသို့ သွားကာ ပွေ့ဖက်၍ ဤသို့ ဆို၏။

"သင်သည် ငါ၏ အမေဖြစ်၏"

ထိုအခါမှစ၍ ဝိသာခါကို မိဂါရမာတာ (မိဂါရ၏ အမေ) ဟု ခေါ်ကြ၏။ ထို့နောက် မိဂါရသည် မြတ်စွာဘုရား၏ ခြေကို ဖက်ကာ သုံးကြိမ်တိုင်တိုင် ကြွေးကြော်၏။

"မိဂါရော အဟံ ဘန္တေ"

"မိဂါရော အဟံ ဘန္တေ"

"မိဂါရော အဟံ ဘန္တေ"

ဝိသာခါကို အကြောင်း ပြု၍ မိဂါရသည် ရာသက်ပန် ဘုရားတကာ ဖြစ်သွားလေ၏။

တနေ့တွင် ဝိသာခါသည် မဟာလတာတန်ဆာ ဝတ်ဆင်လျက် များစွာသော အခြံအရံတို့ ဝန်းရံကာ ပွဲသဘင်သို့ သွား၏။ ပွဲသဘင်ကြည့်ရှုပြီးသောအခါ မြတ်စွာဘုရားကျောင်းသို့ တရားနာကြားရန် ဆက်လက်၍ သွား၏။ ဓမ္မတရားနာကြားရာတွင် ဝင့်ဝါသော မဟာလတာတန်ဆာနှင့် မသင့်လျော်၍ ချွတ်ကာ ကျွန်မတဦးအား ပေးအပ်ထား၏။ တရားနာ ပြီး၍ ပြန်လာသော အခါတွင် မဟာလတာ တန်ဆာမှာ မြတ်စွာဘုရား၏ ကျောင်းတော်တနေရာတွင် မေ့ကျန်ခဲ့၏။ နောက် ဝိသာခါကျောင်းတော်သို့ ရောက်လာသောအခါ ဗုဒ္ဓသည် အာနန္ဒာကို ခေါ်၍ ဝိသာခါ၏ မဟာလတာတန်ဆာ ပေးလိုက်ဟု မိန့်ကြား၏။ ထိုအခါ ဝိသာခါက ရှိခိုး လျှောက်ကြား၏။

"မြတ်စွာဘုရား၊ ရဟန်းသံဃာ သုံးသပ်ပြီးသော အဝတ်တန်ဆာကို ကျွန်ုပ် ဝတ်ဆင်ရန် မထိုက်ပါ။ သို့ကြောင့် မြတ်စွာဘုရားအလှူခံတော်မူပါ"

"ဝိသာခါ၊ဤကဲ့သို့သော အဝတ်တန်ဆာမျိုးကို ငါတို့ အလှူ မခံချေ"

"ဘန္တေ၊ သို့ဖြစ်ပါလျှင် ထိုတန်ဆာကို ကျွန်ုပ်ပင် ဝယ်ယူပြီး သူ၏တန်ဘိုးဖြင့် မြတ်စွာဘုရားနှင့် သံဃာများ နေရန် ကျောင်းဆောက် လှူဒါန်းပါမည်"

ထိုစကားကို မြတ်စွာဘုရားသည် ဆိတ် ဆိတ် နေခြင်းဖြင့် လက်ခံလိုက်၏။ ဝိသာခါသည် ထိုတန်ဆာကို ရွှေဒင်္ဂါး ကိုးကုဋေဖြင့်တန်ဘိုးဖြတ်ပြီးမြို့၏အရှေ့ဘက်တွင်ပြာသာဒ်ခုနစ်ဆင့်ရှိသော ကျောင်းတော်ဆောက်လုပ်၍ ဘုရား အမှူးရှိသော သံဃာအား

လှူဒါန်းပူဇော်၏။ ထိုအခါမှစ၍ ဝိသာခါ၏ အိမ်တွင် သက်န်း ရောင်တို့ဖြင့် ထွန်းပြောင်နေတော့၏။ အနာထပိဏ် သေဋ္ဌေး၏ အိမ်ကဲ့သို့ သူ၏ အိမ်မှာလည်း အမြဲမပြတ် စားသောက်ဖွယ် အသင့်ရှိ၏။ သူသည် နံနက်တိုင်း ရဟန်းသံဃာတို့အား ဆွမ်း လုပ်ကျွေး၍ ညနေတိုင်း ဆေးနှင့် အဖျော်ရစ်ပါး အဆင်သင့် ထား၍ ဓမ္မတရား နာကြား၏။ ဤသို့လျှင် ဝိသာခါသည်သူ၏ ဘဝကို ကုန်လွန်စေ၏။

သူ့တွင် သား ဆယ်ယောက်နှင့် သမီး ဆယ်ယောက်ရှိ၏။ ထိုသားသမီးနှစ်ဆယ်တို့မှလည်း ထို့အတူ အသီးသီး သားဆယ် ယောက်နှင့် သမီးဆယ်ယောက်စီ ရကြ၍ တဖန် ထိုမြေးတို့မှ လည်း ထို့အတူ အသီးသီး သား ဆယ်ယောက်နှင့် သမီး ဆယ် ယောက်စီ ရကြ၏။ တစုံတဦးမျှ ပျက်စီးခြင်း မရှိဘဲ သားသမီး နှစ်ဆယ်၊ မြေး လေးရာ၊ မြစ် ထောင့်ရှစ်ရာဖြင့် ဝိသာခါသည် ဇမ္ဗူဒီပါတွင် လွန်စွာ ထင်ရှားခဲ့လေ၏။

× × ×

## သာမာဝတီ

ကောသမ္ဗီပြည်တွင် ဥဒယန (ဥတေန) အမည်ရှိသော မင်းကြီး မင်းပြုတော်မူ၏။ ထိုမြို့တွင် လွန်စွာ ချမ်းသာ ကြွယ်ဝသော သေဋ္ဌေးကြီး သုံးဦး ရှိ၏။ သူတို့၏ အမည်မှာ ကုက္ကုဋ၊ ဃောသိတ နှင့် ပါဝါရိက ဖြစ်၏။ သူတို့ သုံးဦးသည် လွန်စွာချစ်ကျွမ်းဝင် ကြလျက် ပေးကမ်းလှူဒါန်းခြင်းလည်း ရက်ရော၏။ ဟိမဝန္တာ မှ ရသေ့ငါးရာကို အတူတကွ လုပ်ကျွေးကြ၏။ ရသေ့တို့သည် တနှစ်တွင် ဟိမဝန္တာတွင် ရှစ်လနေ၍ သူတို့ထံတွင် လေးလ နေ

၏။ တနှစ်တွင် ရသေ့တို့သည် 'လောကတွင် ဗုဒ္ဓ ပွင့်ထွန်းပြီ' ဟူသော သသင်းကို ကြားရ၍ ဤနှစ်တွင် သေဌေးတို့ထံတွင် အချိန်ကုန် မခံနိုင်ကြချေ။ သာဝတ္ထိပြည် ဗုဒ္ဓ၏ ထံသို့ သွားကြမည်ဖြစ်၏။ သို့ရာတွင် သေဌေးတို့အား အကြောင်းကြားသင့်သည်ဟု ယူဆ၍ ကောသမ္ဗီသို့ ခေတ္တဝင်ကာ အကြောင်းကို ပြောကြား၏။ သေဌေးသုံးဦးတို့လည်း ဝမ်းမြောက်စွာဖြင့် အညီအညွတ် လျှောက်ကြား၏။

"သို့ဖြစ်ပါလျှင် ကျွန်ုပ်တို့လည်း အရှင်တို့နှင့် အတူ လိုက်ပါမည်"

ရသေ့တို့သည် ဗုဒ္ဓနှင့် လွန်စွာ တွေ့ချင်နေကြ၍ သေဌေးတို့ကို စောင့်မနေနိုင်ကြချေ။ သေဌေး များကား ကိစ္စများ၏။ သို့ကြောင့် ရသေ့များက ပြန်ကြား၏။

"ငါတို့ သွားနှင့်ကြပါမည်။ သင်တို့လိုက်လိုက နောက်က လိုက်ခဲ့ကြပါလော"

ရသေ့တို့သည် သာဝတ္ထိပြည်သို့ ရောက်သောအခါ ဗုဒ္ဓနှင့် တွေ့ဆုံပြီး ရဟန်းပြုလိုက်ကြ၏။ လွတ်မြောက်ရေးကို အဟုတ်တကယ်လိုလားသူများဖြစ်ကြသည့်အတိုင်း မကြာမြင့်မီ အတွင်းမှာပင် ဘဝသံသရာ အနှောင်အဖွဲ့မှ လုံးဝလွတ်မြောက်သော အရဟတ္တ အဖြစ်သို့ ရောက်သွားကြ၏။

သေဌေးတို့လည်း အခြံအရံ ငါးရာစီ ခြံရံလျက် လှည်းဖြင့် လိုက်ကြ၏။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ မြတ်စွာဘုရားသည် သူတို့အား သင့်လျော်သော ဓမ္မတရားဟောကြား၏။ သူတို့သည် သောတာပတ္တိ အကျိုးဖလကို ရကြလျက် လခွဲတိုင်မျှ ဘိက္ခုသံဃာနှင့်တကွသော မြတ်စွာဘုရားအား အမျိုးမျိုးသော ခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေးပူဇော်

ပြီးလျှင် မြတ်စွာဘုရားအား သူတို့၏ ကောသမ္ဗီသို့ ကြွပြီး သီတင်း သုံးပါရန် တောင်းပန် ကြ၏။ မြတ်စွာ ဘုရားသည် သူတို့၏ တောင်းပန်ခြင်းကို ခွင့်ပြုလက်ခံပြီး မှာကြားလိုက်၏။

"ဒါယကာတို့၊ တထာဂတသည် ဆိတ်ငြိမ်သော နေရာမှာ နေလေ့ရှိ၏"

"မြတ်စွာဘုရား၊ ကျွန်ုပ်တို့ ကောင်းစွာ သိကြပါ၏"

သေဋ္ဌေးတို့သည် ကောသမ္ဗီသို့ ပြန် ပြီး မိမိတို့ ဥယျာဉ်တွင် အသီးသီး ကျောင်းဆောက်ကြ၏။ ဃောသ ဆောက်လုပ်သော ကျောင်းကို ဃောသိတာရာမ ဟုရင်း၊ ကုက္ကုဋဆောက်လုပ်သော ကျောင်းကို ကုက္ကုဋာရာမ ဟုရင်း၊ပါဝါရိက ဆောက်လုပ်သော ကျောင်းကို ပါဝါရိကရာမ ဟုရင်း ခေါ်ဝေါ်ကြ၏။ သူတို့ သည် ကျောင်းအရံကို အသီးသီး ဆောက်လုပ် ပြီးသော အခါ မြတ်စွာဘုရား ကြွပါမည့် အကြောင်း တမန်စေလွှတ်ကာ ပင့် လျှောက်ကြ၏။

မြတ်စွာဘုရားသည် သင့်လျော်သော တနေ့တွင် ရဟန်း သံဃာများနှင့်တကွ ကောသမ္ဗီသို့ ဒေသစာရီ ကြွချီလာလေ၏။ ခရီးအကြားတွင် မာဂဏ္ဍိယအမည်ရှိသော ဗြာဟ္မဏ တရားရမည့် အရေးကို မြင်သဖြင့် ကုရုတိုင်း ကမ္မာသဒမ္မ အမည် ရှိသော ရွာသို့ ဝင်၏။ ထိုအခါ မာဂဏ္ဍိယ ဗြာဟ္မဏသည် ရွာပြင်သို့ ထွက်ကာ အဂ္ဂိပူဇာခေါ် မီးပူဇော်ခြင်းအမှု ပြုနေ၏။ သူသည် ထိုနေ့မနက် ရွာတွင်းသို့ ဝင်လာရာတွင် မြတ်စွာဘုရား ဆွမ်းခံ ဝင်သည်နှင့် ဆုံမိလေရာ လွန်စွာ တင့်တယ်သော ရုပ်လက္ခဏာ ကို တွေ့မြင်ရသောအခါ အိမ်သို့ ဆောလျင်စွာ ပြန်သွားပြီး ဗြာဟ္မဏီအား ပြောပြ၏။

"အဘယ်၊ ငါသည် ထိုမျှ လှပတင့်တယ်သော သူကို တခါမျှ မတွေ့ဘူးချေ။ သူ၏ ကိုယ်ရောင်မှာ အရပ်လေးမျက်နှာတွင် ထွန်းပြောင်နေ၏။ ပဗ္ဗဇိတ လူငယ်တဦးဖြစ်၍ ယခု ငါတို့ရွာသို့ ရောက်နေ၏။ ငါတို့၏ သမီးကညာနှင့် သင့်လျော်သော သတို့သားဖြစ်၏။ သို့ကြောင့် သူ့ကို ငါတို့သမီးနှင့် ထိမ်းမြားရအောင် သမီးကို အမြန်ဆုံး အဝတ်လဲလှယ်ပေးပါ။ သူ့နောက်သို့ လိုက်ကြပါစို့"

ဗုဒ္ဓသည် သူတို့မရောက်မီ ထိုနေရာတွင် ခြေရာချခဲ့ပြီးနောက် မြို့တွင်းသို့ ဝင်သွားလေ၏။ ပြာဟ္မဏသည် သူ၏ မယားနှင့် သမီးကို အလျင်အမြန်ပင် ခေါ်၍လာ၏။ သို့ရာတွင် ထိုနေရာတွင် ဗုဒ္ဓကို မတွေ့မမြင် ရတော့၍ သူသည် ပြာဟ္မဏီအား ဒေါသဖြင့် ပြောပြ၏"

"သင် ကြာမြင့် နေသောကြောင့် မဟာပုရိသကို မတွေ့ရခြင်း ဖြစ်၏"

သူသည် ဟိုဟို သည်သည် လှည့်လည်ကြည့်ရှုရာ တနေရာတွင် ဗုဒ္ဓ၏ ခြေရာကို သွား၍ တွေ့မြင်သဖြင့် ဝမ်းသာအားရစွာဖြင့် ပြောပြ၏။

"ဤသည်ကား သူ၏ ခြေရာဖြစ်၏။ ဤနေရာမှာပင် သူ့ကို ငါတွေ့ရ၏။ သူ ဟိုဘက်သို့ သွားလိမ့်မည် ထင်၏"

ပြာဟ္မဏီသည် ခြေရာကို ကြည့်ပြီး ပုဏ္ဏားမိုက်သည် မိမိ၏ ကျမ်းစာကိုမျှ မသိတကားဟု တွေးကာ ရယ်သွမ်းသွေး၍ ပြောပြ၏။

"ခြေရာကို သေသေချာချာ မြင်ပါ၏လော။ လောဘ၊ ဒေါသ၊ မောဟ၊ ရှိသူ၏ခြေရာ မဟုတ်ပါ။ လောဘ ရှိသူသည်

ခြေဖျားကို စိုက်၍ နင်း၏။ ဒေါသ ရှိသူသည် ခြေဖနောင့်ကို ထောင့်၍ နင်း၏။ မောဟ ရှိသူသည် ခြေကိုပွတ်တိုက်ကာ နင်း၏။ ဤခြေရာရှင်မှာ ထိုဒေါသ သုံးပါးမှ လွတ်မြောက်၍ အိုးအိမ် တည်ထောင်မည့်သူ မဟုတ်ချေ”

“ဘာဘဲဖြစ်ဖြစ် သူနှင့် တွေ့ဘို့ လို၏”

ဗြဟ္မဏသည် ဗြာဟ္မဏီ၏ စကားကို နားမထောင်ဘဲ ဗုဒ္ဓ သွားရာဘက်သို့ လိုက်လေရာ အမေနှင့် သမီးလည်း သူ၏ နောက်မှ လိုက်ရ၏။ သူတို့ ရောက်လာသောအခါ မြတ်စွာ ဘုရား ဆွမ်းစားပြီးစ ဖြစ်၏။ ဗြဟ္မဏသည် မြတ်စွာ ဘုရားအား ပြောပြ၏။

“အို မဟာ ပုရိသ၊ သင့်ကို ငါလိုက်ရှာနေခဲ့၏။ ဤမျှဒီပါတွင် ငါ့သမီးကဲ့သို့ လှပသောသူ တစ်ယောက်မျှ မရှိချေ။ သင်ကဲ့သို့သော ယောကျ်ားမြတ်လည်း လောကတွင် မရှိပေ။ ငါ၏ သမီးကညာနှင့် ထိမ်းမြားရန် အတွက် သင့်ကို လိုက် ရှာဖွေ၍ နေခြင်း ဖြစ်ပါ၏”

ထိုအခါ မြတ်စွာဘုရားက သူ၏ အကြောင်းကို ပြန်ကြား၏။

“အို ဗြဟ္မဏ၊ ငါသည် ဗောဓိမဏ္ဍိုင်ကပင် ကာမ ဝါသနာကို ဖယ်ခွာခဲ့ပါပြီ။ သို့ကြောင့် အညစ်အကြေးတို့ စုဝေးရာ ဖြစ်သော သင်၏ သမီးကညာသည် ငါ၏ခြေကိုပင် တို့ထိရန် မထိုက်ချေ”

မြတ်စွာ ဘုရားသည် ဤသို့ ငြင်းပယ်ပြီးလျှင် သူတို့နှင့် သင့်တင့် လျောက်ပတ်သော ဥပဒေသကို ပေး၏။ ဗြာဟ္မဏနှင့် ဗြာဟ္မဏီတို့သည် အနာဂါမိဖိုလ် အဆင့်သို့ ရောက်သွားကြ၏။ သမီး မာဂဏ္ဍီယာကား ဗုဒ္ဓအား ရန်ငြိုးထားလေ၏။ ‘အညစ်အကြေးတို့ စုဝေးရာ ဖြစ်သော သင်၏ သမီးကညာသည် ငါ၏ ခြေကိုပင် တို့ထိရန် မထိုက်’ ဟူသော စကားကြောင့်ပင် ဖြစ်၏။ မာဂဏ္ဍီယ ဗြာဟ္မဏနှင့် ဗြာဟ္မဏီတို့သည် သူတို့၏သမီး မာဂဏ္ဍီယာကို သူ၏

ဘထွေး စူဠမာဂဏ္ဍီယထံတွင် အပ်နှံခဲ့ပြီးလျှင် ရဟန်း ပြုသွားကြ၏။ မကြာမီ အတွင်းမှာ နှစ်ဦးလုံး ရှေ့နောက် ရဟန္တာ ဖြစ်သွားကြလေ၏။

ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေန(ဥဒယန)သည်မာဂဏ္ဍီယာ၏ ရုပ်သွင်ကို တပ် နှစ်သက်သဖြင့် စေ့စပ် ကြောင်းလှမ်း ထိမ်းမြား ပြီးလျှင် အခြံအရံ ငါးရာနှင့် တကွ သုရမ္မ ပြာသာဒ်တွင် တခမ်း တနား ထားလေ၏။

မြတ်စွာဘုရားလည်း ဓမ္မတာရား ဟောကြားလျက် ဒေသစာရီ လှည့်လည်ခဲ့ရာ ကောသမ္ဗီသို့ဆိုက်ရောက်လာ၏။သေဋ္ဌေးကိုလည်း ဝမ်းမြောက်စွာဖြင့် မြတ်စွာ ဘုရားကို ကြိုဆို ကြလျက် လျှောက် ကြား၏။

"ဘန္တေ၊ ကျွန်ုပ်တို့သည် အရှင်ဘုရားကို ရည်စူးပြီး ကျောင်း သုံးဆောင် ဆောက်လုပ်ထားကြပါ၏။ အရပ် လေးမျက်နှာမှ လာပြီး လာဆဲဖြစ်သော ရဟန်းသံဃာများ သီတင်းသုံးရန် အစဉ် သနားသဖြင့် လက်ခံတော်မူပါ"

မြတ်စွာဘုရားသည် ထိုကျောင်းတို့ကို ခွင့်ပြု လက်ခံလိုက်၏။ မာဂဏ္ဍီယာသည် ဗုဒ္ဓကြွလာသော သတင်းကို ကြားရ၍ ယခု အခါငါ၏ အလိုဆန္ဒ ပြည့်ဝပေတော့မည်ဟု ကြိမ်းကာ ရှင်မြူး နေ၏။ မြို့တွင်း ဆိုးသွမ်း သူတို့အား တန်စိုး လက်ဆောင် ပေး ကာ ရဟန်းသံဃာတို့အား ခြိမ်းချောက် ဆဲရေးစေ၏။ လူဆိုးတို့ သည် မြတ်စွာဘုရားကိုလည်း၊ ရဟန်း သံဃာများကိုလည်း၊ ခြိမ်း ချောက်ကြ၏။ ဆဲရေးကြ၏။ တနေ့သာ မဟုတ်ချေ။ နေ့စဉ်ပင် နှောင့်ယှက်နေ၏။ နှောင့်ယှက်ဖန် များသောအခါ အာနန္ဒာသည် မြတ်စွာဘုရားအား လျှောက်ကြား၏။

"ဘန္တေ၊ ဤတွင် ဆက်လက်၍ နေရန် မသင့်လျော်တော့ပါ။ လူတို့သည် အချည်းနှီး သံဃာနှင့် တကွသော ဗုဒ္ဓကို ဆဲရေး နေကြပါ၏။ ကျွန်ုပ်တို့သည် အရပ်တပါးသို့ ထွက်သွားကြပါစို့"

"အာနန္ဒာ၊ တထာဂတသည် လောကဓံ ရှစ်ပါးကြောင့် တုန်လှုပ်ချောက်ချားချင်း အလျင်းမရှိချေ။ ဤဆဲရေးသံတို့သည် ရက်သတ္တ တပတ်ထက် ပိုလွန်ပြီး တည်တံ့၍ မနေနိုင်ပါ။ သူတို့၏ ဆဲရေးခြင်းတို့သည် သူတို့ကိုသာ ထိခိုက်လိမ့်မည်။ သင် စိုးရိမ်ပူပင်၍ မနေပါလင့်"

ဘုရင် ဥဒယန (ဥတေန) တွင် မိဘုရား သုံးပါးရှိ၏။ သူတို့၏ အမည်မှာ သာမာဝတီ၊ မာဂဏ္ဍိယာနှင့် ဝသုလဒတ္တာ (ဝါသဝဒတ္တာ)ဖြစ်၏။မာဂဏ္ဍိယာမှာ အလတ်ဖြစ်၏။ဝါသဝ ဒတ္တာကား စန္ဒပဇ္ဇောတ မင်း၏ သမီး ဖြစ်၍ သာမာဝတီသည် ဘဒ္ဒဝတီ သေဋ္ဌေးသမီး ဖြစ်၏။ မင်းကြီးသည် အခြား မိဖုရား နှစ်ပါးထက် သာမာဝတီကို ပိုပြီး မြတ်နိုး၏။သာမာဝတီအား ခုဇ္ဇုတ္တရာအမည် ရှိသော အလုပ်အကျွေး တယောက်ရှိ၏။ သူသည် နေ့စဉ် ပန်း ဥယျာဉ်သို့ သွားပြီး သာမာဝတီ အတွက် ရှစ်သပြာဘိုး ပန်းဝယ်၏။ တနေ့တွင် ဥယျာဉ်မှူးက သူ့ကို ပြောပြ၏။

"ဥတ္တရာ၊ ငါသည် ယနေ့ ဗုဒ္ဓအမှူးရှိသော သံဃာများကို ဆွမ်းကျွေးရန် ပင့်ဖိတ်ထားပါ၏။ ပန်းတို့ဖြင့် ပူဇော်မည် ဖြစ်ပါ၍ ဦးဦး ဖျားဖျား ဘယ်သူ့ကိုမျှ မရောင်းနိုင်ပါ။ ပူဇော်ပြီး၍ ကြွင်းကျန်မှ ရောင်းချပါမည်။ သင့် စောင်နိုင်လျှင် စောင့်စေချင်ပါ၏။ စောင့်ရင်း ဝေယျာ ဝစ္စတို့ကို ကူညီပါလျှင် ကုသိုလ်ဖြစ်နိုင်ပါ၏။

ခုဇ္ဇုတ္တရာသည် အခြေအနေအရ လက်ခံလိုက်ပြီး ဥယျာဉ်မှူး ဆွမ်းလုပ်ကျွေးရာတွင် ကူညီဆောင်ရွက်ပေး၏။ ဆွမ်းစားပြီး

သောအခါ မြတ်စွာဘုရားသည် ဆုမ်းအနုမောဒနာတရား ဟော ကြား၏။ တရားအဆုံးတွင် ခုဇ္ဇုတ္တရာသည် သောတာပတ္တိဖိုလကို ရလေ၍ ပန်းဝယ်ကာ နန်းတော်သို့ ပြန်လေ၏။ ယနေ့ သူဝယ် လာသော ပန်းတို့မှာ ခါတိုင်းထက်များ၍ သာ မာ ဝ တီ က မေး၏။

"ဥတ္တရာ၊ ယနေ့ပန်းတို့သည် အခြားနေ့များထက် ပို၍ များ ၏။ မင်းကြီးသည် ငါ့ကို ပိုမို မြတ်နိုးတော်မူ၍ ခါတိုင်းထက်ပိုပြီး ပန်းဘိုး အသပြာငွေကို ပေးသလော"

"မဟုတ်ပါ မဟာရာနီ။ ကျွန်ုပ်သည် ရှေးအခါက ဘုရင် မင်း မြတ် သနားတော်မူသော ပန်းဘိုး ရှစ်သပြာထဲမှ လေးသပြာဘိုး သာ ဝယ်ပါ၏။ ကျန်သော လေးသပြာကို ကျွန်ုပ် နေ့စဉ် ခိုးယူ ခဲ့ပါ၏။ ယနေ့မူ ဗုဒ္ဓ၏ ဓမ္မတရားကို နာကြားရ၍ ခါတိုင်းကဲ့သို့ လေးသပြာကို မခိုးမဝှက်တော့ဘဲ ရှစ်သပြာဘိုး ဝယ်ခဲ့ပါ၍ ဤမျှ များပြားစွာသော ပန်းတို့ကို ရခဲ့ခြင်း ဖြစ်ပါ၏"

ထိုစကားကို ကြားရသောအခါ သာမာဝတီ စဉ်းစား၏။

'လူ၏ အကျင့်စာရိတ္တကို အဘယ်မျှ ပြုပြင်ပြောင်းလဲ ပစ် လိုက်သော တရားပေနည်း။ ဤဓမ္မတရားသည် အဘယ်မျှ ကြီး ကျယ်မြင့်မြတ်၍ အဘယ်မျှ စိတ်ဝင် စားဘွယ် ကောင်းလေ သနည်း။'

သူသည် ဤသို့စဉ်းစားပြီး ဥတ္တရာအား မေး၏။

"အို ဥတ္တရာ၊ ဗုဒ္ဓသည် သင့်အား ဘယ်ကဲ့သို့သော ဥပဒေ သကို ပေးဘိသနည်း။ သင်မှတ်မိသမျှ ပြန်၍ ပြောပြပါဘိ"

ဥတ္တရာသည် သူနာကြားရ၍ သဘောပေါက်သမျှသော ဗုဒ္ဓ ၏ ဓမ္မတရားကို တဆင့် ဟောကြား၏။ တရားအဆုံးတွင် သာ မာဝတီနှင့် တကွ ငါးရာသော အခြွေအရံတို့လည်း သောတာ

ပတ္တိဖလကို အညီအမျှ ရသွားကြလေ၏။ ထိုနေ့မှစ၍ သာမာဝတီသည် သူ့အား အလုပ်အကျွေး အဖြစ်မှ လွှတ်၍ နေ့စဉ် ဗုဒ္ဓထံသို့ စေလွှတ်ကာ ဓမ္မတရား နာကြားစေ၏။ သူလည်း နေ့စဉ်ပင် ဗုဒ္ဓထံသို့သွားကာ ဓမ္မတရား နာကြားပြီး သာမာဝတီနှင့် တကွ အခြံအရံငါးရာတို့အား တဆင့်ဟောကြား၏။

ဥဒယနမင်းသည်ကား အခြားသော ဓမ္မတရားကို ယုံကြည်သူ ဖြစ်၏။ သို့ကြောင့်သာမာဝတီနှင့် သူ၏အခြံ အရံငါးရာတို့ ဗုဒ္ဓ အထံသို့သွားရန်၊ ဓမ္မတရားနာကြားရန်၊ အယုတ်သဖြင့် ဖူးမြင်ရန်ပင် အခွင့်မရကြချေ။ မြတ်စွာဘုရား ကြွသွားလေ့ ရှိသော လမ်းဘက်မှ ပြာသာဒ်ဆောင် နံရံကိုဖောက်ကာ သူတို့သည် ဗုဒ္ဓနှင့် သံဃာများ ဆွမ်းခံကြွသည်ကို ဖူးမြော်ကြရ၏။

တနေ့တွင် မာဂဏ္ဍီယသည် သာမာဝတီ၏ ပြာသာဒ်သို့ အလည်အပတ် ရောက်လာ၏။ သူသည် နံရံတွင် အပေါက်ငယ်ကို တွေ့၍ သာမာဝတီအား မေး၏။

“အဆွေ၊ ဤအပေါက်ကား အဘယ်နည်း”

“မြတ်စွာဘုရားကို ဖူးမြော်ရန် အတွက် ဖောက်ထားသော အပေါက်ဖြစ်ပါ၏”

သူသည် ထိုပြဿနာနှင့်ပတ်သက်၍ တစုံတရာ ဆက်လက်ဆွေးနွေးခြင်း မရှိချေ။ သူ့နေရာသို့ သူပြန်ခဲ့ပြီး ဗုဒ္ဓအား လက်စားချေရန် အကြံထုတ်၏။ ထိုအခိုက်တွင် ဘုရင်ဥဒယနသည် သူ၏ ပြာသာဒ်သို့ ဆောင်တော်ကူးလာသဖြင့် ဝမ်းသာ ရွှင်လန်းသွား၏။ သူသည် မင်းကြီးအား မျက်နှာချိုသွေးပြီး ပြောပြ၏”

“မဟာရာဇ၊ဘုရင်မင်းမြတ် မြတ်နိုးလှသော မိဖုရားခေါင်ကြီး သာမာဝတီ ဖောက်ပြန်နေပါ၏။

“အဘယ် မာဂဏ္ဍီယာ၊ အသို့ ဆိုဘိသနည်း”

"မဟာရာဇ၊ ငါကိုယ်တိုင် တွေ့မြင်ခဲ့ရပါ၏။ မယုံလျှင် ယခု ပင်သွားပြီး ကြည့်နိုင်ပါ၏။ သူ၏ ပြာသာဒ်နံရံတွင် အပေါက် ဖောက်ထား၏။ ထိုအပေါက်မှ လင်ငယ်ကို မပြတ် ကြည့်နေ ပါ၏"

"တိတ်။ ရှေ့ဆက် မပြောလင့်"

မင်းကြီးသည် သူ၏ ပြာသာဒ်တွင် ဆက်လက်မနေတော့ချေ။ စိတ်ပျက်စွာဖြင့် ပြန်ခဲ့၏။ သူသည် သာမာဝတီအပေါ်တွင် လုံးဝ သံသယ မရှိချေ။ မနာလို၍ ပြောခြင်းဟု ယူဆ၏။ သာမာဝတီ၏ အဆောင်သို့ ရောက်သောအခါ မာဂဏ္ဍီယ ပြောပြသည့်အတိုင်း ပင် နံရံတွင် အပေါက်ငယ် တခု တွေ့ရ၍ အံ့အားသင့်ကာ မေး၏။

"သာမာ၊ နံရံတွင် ဘယ့်ကြောင့် အပေါက် ဖောက်ထား သနည်း"

သာမာဝတီသည် လှုပ်ရှားမှု မရှိသော လည်ချောင်းဖြင့် ပြေဆို၏။

"ဘုရားသခင်ကို ဖူးမြင်ရန် ဖောက်ထားခြင်း ဖြစ်ပါ၏။ သင် လည်း ဤ မဟာ ပုရိသကို ဖူးတွေ့ပြီး ဘဝ၏ သန့်ရှင်းမှုကို ပူသင့် ပါ၏"

မင်းကြီးသည် လွန်စွာ နှစ်သက်လှသဖြင့် ထင်ထင် ရှားရှား ဖူးမြင်နိုင်စေရန် ပြတင်းပေါက်တခု ဖောက်ပေးခဲ့၏။

ထိုသတင်းကို မာဂဏ္ဍီယ ကြားရသောအခါ အမျက်ဒေါသ ပိုမိုထကြွ၏။ တနေ့ သူသည် နန်းတော်သို့ ဝင်ပြီး မင်းကြီးနှင့် စကားပြောနေ၏။ ထိုအခါ သူ၏ အစီအစဉ်အတိုင်း သူ၏ လူများ သည် ကြက်အချို့ကိုယူပြီး မင်းကြီး ထံဆက်သရန် ဝင်လာကြ ၏။ မာဂဏ္ဍီယသည် ကြက်တို့ကိုကြည့်ပြီး မင်းကြီးအား လျှောက် ကြား၏။

"မဟာရာဇ၊ အရှင်၏ သာမာဝတီ ချက်သော ကြက်သား ဟင်းမှာ လွန်စွာ ကောင်းမွန်ပါ၏။ သူ ချစ်မြတ်နိုးသော မင်းကြီး အတွက် သူကိုယ်တိုင် သတ်ပြီး ချက်ရန် အမိန့်ပေးပါဘိ"

မင်းကြီးက သဘောတူညီ၍ သူကိုယ်တိုင်ပင် မင်းကြီးကိုယ်စား သာမာဝတီ၏ထံသို့ ကြက်တို့ကို သွားပို့ရန် အမိန့်ပေး၏။ သာမာဝတီကား ကိုယ့်အသက်သာ အသေခံမည်၊ သူတပါး အသက်ကို သတ်မည်မဟုတ်ချေ။ သို့ဖြင့် ကြက်သွားပြီး ပို့သူများ ကြက်နှင့် အတူတကွ ပြန်လာသောအခါ မာဂဏ္ဍိယက ပြုံး၍ ပြောပြ၏။

"မဟာရာဇ၊ဗုဒ္ဓအတွက် ဤကြက်များကို ကိုယ်တိုင်သတ်ပြီး ဟင်းချက်ပေးပါဟု သာမာဝတီကို အမိန့်ပေးပါဦး"

မင်းကြီးက ပြုံး၍ လက်ခံသဖြင့် သူသည် မင်းကြီး ကိုယ်စား ကြက်ပို့သော သူများကို အမိန့်ပေးပြီး စေလွှတ်လိုက်ပြန်၏။ ကြက်ပို့သော သူတို့သည် စောစောက အစီအစဉ်အတိုင်း ဒုတိယ အကြိမ်တွင် ကြက်တို့ကို သတ်ပြီးမှ သွားပို့ကြ၏။

"မဟာရာနိမိဖုရားကြီး၊ ဤကြက်တို့ကို ဟင်းချက်ပြီး မြတ်စွာ ဘုရားအား ကပ်ရန် မင်းကြီး မိန့်ကြားလိုက်ပါ၏"

သာမာဝတီနှင့် သူ၏ ရံရွေတို့သည် ဝမ်းမြောက် ဝမ်းသာဖြင့် လက်ခံလိုက်ကြ၏။ မာဂဏ္ဍိယ၏ အနေဖြင့်ကား ဝမ်းသာမှု မရခဲ့ ချေ။ ဒါကြောင်းမူ မင်းကြီးသည် ဤကိစ္စကို ပြဿနာတရပ် အနေဖြင့် မမှတ်ချေ။ ဘုရင်သည် ဤမျှ အသိဉာဏ် မတုံးချေ။ မာဂဏ္ဍိယ၏ မှုမမှန်သော ခြေလှမ်းတို့သာ ဖြစ်ရမည်ဟု မြော်မြင် ပြီး ဖြစ်၏။

မင်းကြီးသည် သာမာဝတီကို ပို၍ မြတ်နိုးသည်ကား မှန်၏။ သို့ရာတွင် သူသည် အခြား မိဖုရား နှစ်ပါးကိုလည်း လျစ်လျူရှု၍

မထားချေ။ အညီအမျှ ချိုးမြင့်မြောက်စားထား၏။ ဆောင်တော်ကူးရာမှာလည်း သူ့ရက်နှင့်သူ အချိန်မှန်မှန်ပင် ကူး၏။ တနေ့တွင် မင်းကြီးသည် သာမာဝတီ၏ အဆောင်သို့ကူးခဲ့၏။ မင်းကြီးကူးမည့် အဆောင်သို့ သူ၏ 'ဟတ္ထိကန္တ' စောင်းကြီးမှာ စောစောကပင် ကြိုတင်ရောက်နှင့်၏။ သူသည် အဆောင်တော်တွင် အပျိုတော်များနှင့် ပျော်ပျော် ပါးပါး စောင်းတီးလေ့ရှိ၏။

ထိုနေ့ သာမာဝတီ၏ အဆောင်တွင် စောင်းတီးရန် စောင်းကိုယူပြီး စောင်းကြိုးညှိ၏။ထိုအခါမြွေဟောက်တကောင် စောင်းပေါက်မှ ခေါင်းထွက် လာသည်ကို တွေ့ရ၍ မင်းကြီးသည် အထိတ် တလန့် ဖြစ်ကာ စောင်းကို ကြမ်းပေါ်သို့ ပစ်လိုက်၏။ စောင်းပေါက်မှ မြွေသည် ဒေါသ ထွက်နေသကဲ့သို့ မင်းကြီးလည်း ဒေါသ ထွက်သွား၏။

"ဟယ် သူယုတ်မာ၊ သင်ဘယ်သို့ ပြုသနည်း"

သာမာဝတီနှင့် အပျိုတော်များ အံ့အားသင့်နေစဉ် မင်းကြီး အဆောင်တော်မှ ထွက်သွား၏။ မကြာမီအတွင်းမှာပင် အနောက်ဝန် ရောက်လာပြီး မိဖုရားကြီးနှင့် တကွ အပျိုတော် အားလုံး ရာဇဝတ်ဒဏ်ခံရန် မြို့ပြင်သို့ ထွက်ရမည့် အကြောင်း အမိန့်တော် ပြန်၏။ သာမာဝတီသည် သူ၏ အပျိုတော်တို့အား ပြောပြ၏။

"အဆွေတို့၊ မင်းကြီးသည် ငါတို့အား အမှန်ပင် သတ်လိမ့်မည်။ သေခြင်း တရားမှာ အထူးအဆန်း မဟုတ်ပါ။ တစုံ တယောက်က မသတ်သော်လည်း တနေ့တွင် အမှန်ပင် သေရမည် ဖြစ်၏။ သို့ကြောင့် ငါတို့ကို သတ်မည့် မင်းကြီးအပေါ် အမျက် မထွက်သင့်ပေ။ မေတ္တာ ထားကြရမည်။ ဤတွင် ငါတို့ မေတ္တာ၏ အစွမ်းကို ပြဘို့လို၏"

သူတို့အားလုံး လူသတ်ကုန်းသို့ ရောက်သောအခါ မင်းကြီးသည်ကိုယ်ရံတော်တပ် ခြံရံလျက် ထွက်လာ၏။ မိမိကိုသေကြောင်းကြံသူတို့အား ကိုယ်တိုင် သတ်သင်ပစ်ရန်အတွက် ဖြစ်၏။ သူသည် ရန်သူတို့ကို ဆိပ်လူးမြားဖြင့် ပစ်ရန် လေးတင်၏။ သို့ရာတွင်ပွဲတိုင်းကျော် လေးမှာ တင်၍မရ ဖြစ်နေ၏။ ထပ်၍ တင်၏။ အကြိမ်ကြိမ် တင်၏။ တင်၍ မရချေ။ချွေးဖြိုင်ဖြိုင်ကျပြီး မောဟိုက်နေ၏။ ဆင်နှင့် အကြိတ်အနယ် သတ်ရသကဲ့သို့ ပင်ပန်း နေသည်ကို တွေ့ရ၍ သာမာဝတီက ကြင်နာစွာ မေး၏။

"မဟာရာဇ၊ သင် လွန်စွာ ပင်ပန်းနေပြီလော"

မင်းကြီးသည် လေးကိုသာ မဲ၍ တင်၏။ သို့ဖြင့် ခက်ခက်ခဲခဲ တင်၍ ရသွား၏။ ထိုအခါ အားသစ်လောင်းပြီး ဆိတ်လူးမြား တင်ကာ ပစ်၏။ မထွက်ချေ။ လေးတင်ရ သကဲ့သို့ပင်ခက်ခဲစွာ ပစ်ရ၍ အလွန် ပင်ပန်းနေ၏။သူ၏ ကိုယ်ကို တည့်မတ်စွာ ဆောက်တည်၍ မထားနိုင်အောင်ပင်ဖြစ်နေ၍ သာမာဝတီက အကြံပေး၏။

"မဟာရာဇ၊အခြား တနေရာ လှည့်ပြီး ပစ်ကြည့်ပါဦး"

မင်းကြီး ဘာမျှ မပြောဘဲ သူပြောသည့်အတိုင်း အခြား ဘနေရာသို့ လှည့်ကာ ပစ်လိုက်၏။ မြားသည် အရှိန်ပြင်းစွာ ထွက်သွားပြီး သစ်ပင်သို့ သွား၍ စိုက်နေ၏။ သူ့လက်မှ လေးလည်း မြေသို့ကျကာ ကျိုးသွား၏။

"ဒေဝီ၊ငါသည် မစဉ်းမစား အမှားကိုပြုခဲ့၏။ ငါ့အပြစ်ကို ခွင့်လွှတ် သည်းခံပါလော့။ သင့်ကို ငါ ကိုးစားပါ၏"

"မဟာရာဇ၊ ငါ အပြစ်မရှု၊ ခွင့်ပြုပါ၏။ သို့ရာတွင် သင်သည် ငါ့ကို ကိုးစားခြင်း မပြုပါလင့်။ ဗုဒ္ဓ မြတ်စွာကိုသာ ကိုးစားပါလော့"

"ဒေဝီ၊ ယနေ့မှစ၍ သင်၏ သဘောအတိုင်း ဗုဒ္ဓအား လှူဒါန်း ပူဇော်ပါ။ သူ၏ ဓမ္မတရားကိုလည်း အမြဲမပြတ် နာကြားပါ။ ငါသည် သင့်ကို အစဉ် ခွင့်ပြုပါ၏"

× × ×

# ဥတ္တရာ

ရာဇဂြိုဟ်ပြည် သုမန သေဋ္ဌေးတွင် ပုဏ္ဏ အမည်ရှိသော အလုပ်သမားတဦး ရှိ၏။ သူ၏ အခြံအရံ အသိုင်းအဝိုင်းကား သူ၏ ဇနီးနှင့် တဦးတည်းသော သမီးကလေး ဥတ္တရာမှ တပါး အခြားမရှိချေ။ တနေ့ ရာဇဂြိုဟ်တွင် ရက်သတ္တပတ် နက္ခတ်ပွဲသဘင် ဆင်ရင်၏။ သုမန သေဋ္ဌေးသည် အလုပ်သမား ပုဏ္ဏအား ပြောပြ၏။

"ဒီ့ အလုပ်သမား အလုံး နက္ခတ်ပွဲမှာ ပါဝင် ဆင်နွှဲကြလိမ့်မည်။ သင်လည်း သွားမည် မဟုတ်လော"

"အရှင်၊ အပျော် အရွှင် ပွဲသဘင်မှာ ပစ္စည်း ဥစ္စာ ကြွယ်ဝချမ်းသာသော ဓနရှင်တို့၏ အလုပ်ဖြစ်ပါ၏။ ငါ၏ အိမ်တွင် နက်ဖြန် ချက်ရန် ဆန်မရှိပါ။ အလုပ် လုပ်မှ စားရသော ငါတို့ ဆင်းရဲသားများအတွက် အပျော်အရွှင် ပွဲသဘင်မှာ မတင့်တယ်ပါ။ အဆိပ်နှင့် တူပါ၏။ သို့ကြောင့် နက္ခတ်ပွဲမှာ မပျော်နိုင်ပါ။ အလုပ်ပင် လုပ်ရပါမည်"

"သို့ဖြစ်လျှင် သင်၏ သဘောအတိုင်း နွားယူပြီး သွားလုပ်ပါလေ"

သူသည် နွားနှင့်ထွန်ကိုယူပြီး လယ်ထွန်သွားသောအခါ သူ၏ ဇနီးကို ပြောပြ၏။

"ယနေ့ အလုပ်သမားတွေ အလုံးဘဲ နက္ခတ်ပွဲ ဆင်နွှဲကြ၏။ ငါတယောက်တည်း လယ်ထွန်ရန် သွားမည်။ ပိုပြီး လုပ်ရမည်ဖြစ်၍ ယနေ့ ငါ့အတွက် ထမင်းပိုပြီး ချက်ခဲ့ပါဘိ"

ပုဏ္ဏသည် လယ်ကွင်းသို့ ဆင်းကာ လယ်ထွန်နေ၏။ ထိုအခါ အရှင်သာရိပုတြာသည် သူ့လယ်ကွင်းရာအနီးမှ ပြတ်၍လာ၏။ သူသည် အရှင်ကို တွေ့မြင်သောအခါ သွားတိုက်ရန် တံပူနှင့် ရေကို ပေးလှူလိုက်၏။ သာရိပုတြာသည် သွားတိုက် မျက်နှာသစ်ပြီးလျှင် မြို့ဘက်သို့ ဆွမ်းခံရန် ထွက်သွားလေ၏။ ပုဏ္ဏ၏ ဇနီးသည် လင်အတွက် ထမင်းယူဆောင်လာရာ လမ်းတွင် သာရိပုတြာနှင့် ရင်ဆိုင်ဆုံမိ၏။ အရှင်ကို တွေ့မြင်ရသောအခါ သူစဉ်းစား၏။

'ငါတို့တွင် လှူဘွယ်ဝတ္ထု ရှိသောအခါ အရှင်နှင့် မဆုံမိ။ အရှင်နှင့် ဆုံမိသောအခါတွင်လည်း လှူဘွယ်ဝတ္ထုမရှိ။ ယခုမူ အရှင်ကိုလည်း ဖူးတွေ့ရ၏။ ငါတို့တွင်လည်း လှူဘွယ်ဝတ္ထုရှိနေ၏။ အရှင်သည် ငါတို့အား ချီးမြှောက်ပါမည်လော'။ ဤသို့ စဉ်းစားပြီးလျှင် သူ၏ ထမင်းထုပ်ကို တင်ကာ ရှိခိုးလျှောက်ကြား၏။

"ဘန္တေ၊ ဤဆွမ်းကို ကောင်း မကောင်း မမှတ်သားဘဲ အလှူခံယူခြင်းဖြင့် ချီးမြှောက်တော်မူပါ"

သူသည် အရှင်၏ သပိတ်တွင် ဆွမ်းတို့ကို လောင်းလှူ၏။ တဝက်မျှ ရှိသောအခါ အရှင်သည် နောက်ထပ် မထည့်ရန်အတွက် လက်ဖြင့် သပိတ်ဝကို ပိတ်ကွယ်ထား၏။ ထိုအခါ သူက လျှောက်ကြား၏။

"ဘန္တေ၊ တယောက်အဖို့ ဖြစ်သော အာဟာရကို နှစ်ဖို့ခွဲ၍ မဖြစ်နိုင်ပါ။ အလုံးစုံ အကုန် လက်ခံတော်မူပါ။ အရှင့်ကို ပေးလှူသည့်အတွက် ဤဘဝတွင် အကျိုးမရှိစေကာမူ နောက်ဘဝတွင် အကျိုးရှိပါလိမ့်မည်"

ဤသို့ လျှောက်ကြားပြီးလျှင် အလုံးစုံ အကုန် လှူကာ ပတ္တနာပြု၏။

"ဘန္တေ၊ ဤကောင်းမှုကြောင့် အရှင်တို့သိသော တရားကို သိရလို၏"

အရှင်သည် "တောင်းဆိုသည့်အတိုင်း ပြည့်ပါစေ" ဟု ပြောကာ ရေရှိသော နေရာသို့သွားပြီး အာဟာရ မျှတလေ၏။

သူသည် အိမ်သို့တဖန်ပြန်သွားပြီး လက်ကျန်ဆန်ကို စုဆောင်းကာ တဖန် ထမင်းချက်ပြန်၏။

ထိုနေ့တွင် ပုဏ္ဏသည် လုပ်ငန်းတဝက်မျှ မြေကိုထွန်ပြီး၍ မောလည်း မော၊ ထမင်းလည်း ဆာသဖြင့် သစ်ပင်အောက်ဝင်ကာ ဇနီးသည်ကို မျှော်နေ၏။

သူ၏ ဇနီးသည် တဖန်ပြန်၍ ထမင်းချက်ပြီး ယူဆောင်လာကာ စဉ်းစား၏။

'သူတော့ ထမင်းဆာ၍ မျှော်နေလိမ့်မည်။ ကြာမြင့်ရပါမည်လောဟု ငါ့အား ဆဲဆို ကြိမ်းမောင်းပါလျှင် ငါတို့၏ ကောင်းမှုမှာ အချည်းနှီး ဖြစ်ရချေတော့မည်။ ထို့ကြောင့် ကြာမြင့်ရခြင်း အကြောင်းရင်းကို ရှေးဦးစွာ ပြောကြားသင့်ပေ၏။ ဤသို့ စိတ်ကူးပြီးလျှင် ခရီးရောက်မဆိုက် ပြောပြ၏။

"မောင်ရေ၊ မောင့်အတွက် ထမင်းချက်ပြီး စောစောကပင် လာခဲ့ပါ၏။ လမ်းမှာ အရှင်သာရိပုတြကိုယ်တော်ကြီးနှင့် မမျှော်လင့်ဘဲ တွေ့ဆုံရလို့ မောင့်အတွက် ယူဆောင်လာသည့် ထမင်းကို အရှင်အား လှူလိုက်ပါ၏။ အိမ်ပြန်ပြီး နောက်ထပ် တဖန် ချက်နေရလို့ နောက်ကျသွားပါ၏။ သည်အတွက် စိတ်ကြည်လင် ရွှင်လန်းပါဘိ"

ပုဏ္ဏသည် ဝမ်းမြောက်စွာဖြင့် ပြန်ကြား၏။

"အဘယ် သင်သည် လွန်စွာမှန်မြတ်သော အလုပ်ကို ပြုလုပ်ခဲ့ခြင်း ဖြစ်၏။ ငါလည်း ယနေ့ မနက် စောစော ကိုယ်တော်မြတ်ကြီးကို တံပူနှင့် မျက်နှာသစ်တော်ရေ လှူခဲ့ပါ၏"

ဤသို့ပြောပြီး ထမင်းစား၏။ ထမင်းစားပြီးလျှင် ကိုယ်ခန္ဓာမှာ လွန်စွာ ပင်ပန်းနွမ်းလျနေသဖြင့် ဘူမိကမ္ပလာ မြေမှေ့ ရာတွင် လှဲချလိုက်ရာ တခဏအတွင်းမှာပင် အိပ်ပျော်သွားလေ၏။

ထိုနောက် သူထွန်ယက်ထားသောမြေဆိုင်မြေခဲတို့မှာရွှေရောင်တောက်ပြောင်နေ၏။ သူ အိပ်ရာမှ နိုးသောအခါ ဇနီးသည်အား အံ့သြစွာ ပြောပြ၏။

"အဘယ်၊ ငါလယ်ထွန်ထားသော မြေဆိုင်ခဲတို့မှာ ရွှေရောင်တောက်ပြောင်နေသလို ထင်ရ၏။ သေချာစွာ ကြည့်စမ်းပါဘိ။ ငါသိပ်ပြီး အိပ်ပျော်သွားလို့ ငါ၏အမြင် လည်နေသည်ဟု ထင်ပါ၏"

"မောင်၊ ငါလည်း ဤအတိုင်းပင် ထင်ပါ၏"

ထိုအခါ သူတို့သည် လယ်ထဲသို့ သွားပြီး ကြည့်ကြ၏။ လယ်ထဲတွင် မြေကြီးများ မရှိချေ။ အားလုံးပင် ရွှေရောင်တောက်နေသော ရွှေများဖြစ်နေကုန်၏။ ထိုအခါ ပုဏ္ဏက ပြောပြ၏။

"ယနေ့ပင် အရှင်သာရိပုတြာအား ပေးလှူသော အကျိုးဖလ ရလေပြီ။ သို့ရာတွင် ဤရွှေတို့ကို ငါတို့ဆောင်ယူရန် မထိုက်ချေ"

သူသည် ချက်ချင်းပင် ဘုရင်၏ထံသို့ သွားပြီး ဤသတင်းကို ပေး၏။ ဘုရင်က မေး၏။

"သင် ဘယ်သူနည်း"

"ဒေဝ အရှင်မင်းကြီး၊ ငါကား သုမနသေဋ္ဌေး၏ အလုပ်သမား ဖြစ်ပါ၏"

"သင် ယနေ့ ဘယ်အမှုကို ပြုသနည်း"

"ငါသည် ယနေ့မနက် စောစော အရှင်သာရိပုတြာအား တံပူနှင့် မျက်နှာသစ်ရေ ကပ်လှူပါ၏။ ငါ၏ဇနီးသည် ငါ့အတွက် ထမင်းကို အရှင်အား ဆွမ်းကပ်ပါ၏"

မင်းကြီးက 'အရှင်သာရိပုတြာအား ပေးလှူသော အကျိုးဖလသည် ယနေ့ပင် ရလေပြီ'ဟု စဉ်းစားပြီး ပြောပြ၏။

"သို့ဖြစ်လျှင် ငါဘာလုပ်ရမည်နည်း"

"မဟာရာဇ၊ လှည်းတို့ဖြင့် ရွှေတို့ကို သိမ်းယူတော်မူလော့"

မင်းကြီးသည် လှည်းပေါင်းများစွာ လွှတ်လိုက်၏။ မင်းမှုမှုထမ်းတို့သည် ဘုရင့်ဘဏ္ဍာတော် အဖြစ်ဖြင့် ရွှေတို့ကို သိမ်းယူကုန်၏။ သို့ရာတွင် ရွှေကုံးရွှေခဲတို့ကို ယူ၍မရချေ။ အနည်းငယ်မျှပင် ယူ၍မရသဖြင့် မင်းကြီးထံသွားပြီး အကြောင်းကို တင်လျှောက်ကြ၏။ ထိုအခါ မင်းကြီးက မေး၏။

"သင်တို့သည် ဘယ်ကဲ့သို့သော ရည်ရွယ်ချက်ဖြင့် ယူကြသနည်း"

"မဟာရာဇ၊ ငါတို့သည် ဘုရင့် ဘဏ္ဍာတော်အဖြစ်ဖြင့် ယူကြပါ၏"

"အချင်းတို့၊ ဤရွှေတို့သည် မင်းဘဏ္ဍာများ မဟုတ်ကုန်ချေ။ စင်စစ် ပုဏ္ဏ၏ ဘဏ္ဍာများသာ ဖြစ်ကုန်၏။ ဤကဲ့သို့သော ရည်ရွယ်ချက်ဖြင့် ယူကြလော့"

ထိုသူတို့သည် ဤကဲ့သို့သော ရည်ရွယ်ချက်ဖြင့် ရွှေတို့ကို ယူလေရာ အလွယ်တကူပင် ယူနိုင်လေ၏။ မင်းမှုထမ်းတို့သည် အလုံးစုံသော ရွှေတို့ကို လှည်းတို့ဖြင့် ယူဆောင်ခဲ့ပြီး နန်းရင်ပြင်တွင် စုပုံထား၏။ ထို့နောက် မင်းကြီးသည် ပြည်သူပြည်သားတို့အား ဖိတ်ကြား၍ ဆန္ဒ တောင်းယူ၏။

"ဤမျှသော ရွှေတို့ကို ဘယ်သူ့ထံတွင် တွေ့မြင်ဘူးကြပါသလဲ"

"မတွေ့ဘူးကြပါ အရှင်မင်းကြီး"

"သို့ဖြစ်လျှင် ဤရွှေတို့၏ အရှင်ဖြစ်သော ပုဏ္ဏကို ဘယ်အဆင့် ပေးသင့်ပါသလဲ"

"မဟာရာဇ၊ သူ့ကို သေဋ္ဌေးကြီး အဆင့် ပေးသင့်ပါ၏"

မင်းကြီးသည် ပုဏ္ဏအား သေဋ္ဌေးကြီး အဆင့် ပေးလိုက်လေ၏။ ထိုအခါ သူက ပြောပြ၏။

"ဒေဝ၊ ငါသည် ယခင်က သူတပါးအိမ်တွင် နေခဲ့ပါ၏။ သို့ကြောင့် ကိုယ်ပိုင် အိမ်မရှိပါ"

မင်းကြီးသည် သူနှင့် သင့်လျော်မည့် ကျယ်ပြန့်သော မြေယာအတိုကို ပေး၏။ ပုဏ္ဏသည် ထိုတွင် မေ့လျော်ဘွယ် ပြာသာဒ်တည်ဆောက်ပြီး အိမ်တက်မင်္ဂလာအတွက် ရက်သတ္တပတ်တိုင်တိုင် ဗုဒ္ဓ အမှူးရှိသော သံဃာတို့အား အမျိုးမျိုးသော ခဲဘွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်း၏။

ဗုဒ္ဓသည် သူ့အား ဓမ္မတရား ဟောကြား၏။ တရားတော်ကို နာကြားရ၍ ပုဏ္ဏ၊ သူ၏ ဇနီးနှင့် သမီး ဥတ္တရာ သုံးဦးလုံးပင် သောတာပတ္တိဖလကို ရကုန်၏။

တနေ့တွင် ပုဏ္ဏ၏ အလုပ်ရှင်ဖြစ်ခဲ့ဘူးသော ရာဇဂြိုဟ်သေဋ္ဌေး သုမနသည် သူ့ထံသို့ သတင်းပို့လိုက်၏။

'ပုဏ္ဏ၊ သင်၏ သမီး ဥတ္တရာအား ငါ့သားအတွက် ပေးပါ။'

ပုဏ္ဏ စဉ်းစား၏။

'သုမန သေဋ္ဌေးသည် ဗုဒ္ဓ ဓမ္မကို လက်ခံယုံကြည်သူ မဟုတ်ချေ။ အခြား ဆန့်ကျင်ဘက် ဓမ္မတရားကို လက်ခံ ယုံကြည်သူဖြစ်၏။ သို့ကြောင့် ငါ၏သမီးကို သူ့သားအတွက် မပေးပါက

ငါ၏ ကျေးကျွန်ဖြစ်ခဲ့သူက စည်းစိမ်မာန်တက်ပြီး ငါ့ကိုပင် အဖက်မလုပ်ဟု ဆိုချိမ့်မည်။ သို့ရာတွင် ငါ၏ သမီးကလေးကား ရတနာသုံးပါးနှင့် ကင်းကွာ၍ နေနိုင်သူ မဟုတ်ချေ။'

ထိုအခါ ပုဏ္ဏ၏ ပတ်ဝန်းကျင်လူတို့က ဆိုကြ၏။

"သင်သည် သူမနသေဌေးနှင့် မိတ်ဖျက်ရန် မသင့်ချေ။ အစဉ်ထာဝရ မိတ်ဆွေဖြစ်နေသင့်၏။ သူ့သားအတွက် သင်၏သမီးကို မပေးခြင်းမှာ မသင့်လျော်ချေ"

ပုဏ္ဏသည် ထိုသူတို့၏စကားကို ပယ်ရှားရန် မသင့်သဖြင့် ထိမ်းမြားရန် သဘောတူလိုက်ရ၏။

ဥတ္တရာသည် ယောက္ခမအိမ်သို့ ရောက်သည့်နေ့မှစ၍ သိက္ခုထံတွင်ရင်း၊ ဘိက္ခုနီထံတွင်ရင်း ဓမ္မတရား နာကြားခွင့်မရတော့ချေ။ အလှူအတန်းလည်း ပေးကမ်းခွင့် မရချေ။ နှစ်လမျှကြာသောအခါ သူသည် အလုပ်အကျွေးတို့အား မေး၏။

"အခု မိုးဥတုကုန်ဖို့ ဘယ်မျှကျန်ပါသေးလဲ"

"အယျ အရှင်မ။ နောက် ဆဲ့ ငါးရက် ကျန်ပါသေး၏"

ထိုအခါ ဥတ္တရာသည် ဖခင်ထံသို့ သတင်းပို့လိုက်၏။

'အဖေ၊ သမီးကို ဤကဲ့သို့သောအိမ်မှာ သခင်အဖြစ်ဖြင့် မထားဘဲ အခြား သင့်တော်သည့်အိမ်မှာ ကျွန်အဖြစ်ထားခြင်းက ကောင်းပါဦးမည်။ မိစ္ဆာဒိဋ္ဌိတို့အိမ်တွင် သမီးကို ပစ်ထားသည်မှာ မသင့်လျော်ပါ။ ရဟန်းသံဃာတို့ကိုလည်း မဖူးတွေ့ရပါ။ ကုသိုလ်ကောင်းမှုလည်း မပြုရပါ။'

ထိုသတင်းကို အဖ ပုဏ္ဏ ကြားသိရသောအခါ များစွာပင် စိတ်ထိခိုက်သွား၏။ ချက်ချင်းပင် အသပြာငွေ တသောင်းငါးထောင်နှင့် တကွ ပြန်ကြားလိုက်၏။

'သမီး၊ ဤမြို့တွင် အလွန်လှပသော ပြည့်တန်ဆာ တဦးရှိ၏။ သူ၏အမည်မှာ သိရိမာ ဖြစ်၏။ သူ့ကို တနေ့လျှင် ငွေတထောင်ပေးပြီး ခေါ်ဘို့ ဆွဲငါးရက်အတွက် ငွေ သောင်းငါးထောင် ပေးလိုက်ပါ၏။ သူ့ကို သမီးကိုယ်စား သေဌေးသားကို လုပ်ကျွေးရန် ထားပြီး သမီးကုသိုလ်ကောင်းမှု ပြုပါလေ။'

ဥတ္တရာသည် ဝမ်းသာခြင်းဖြင့် သိရိမာကို ခေါ်၍ ပြော၏။

"အဆွေ၊ သင် ဝန်မလေးခဲ့ပါလျှင် တနေ့လျှင် အသပြာ တထောင်နှင့် ဆွဲငါးရက်ခန့် ငါ၏ အရှင်ကို ငါ့ကိုယ်စား လုပ်ကျွေးစေချင်ပါ၏။ ဤငွေ သောင်းငါးထောင်ကို ယူပါဘိ"

သိရိမာကလည်း သဘောတူ၏။ ထိုအခါ ဥတ္တရာသည် သေဌေးသားထံသို့ သိရိမာကို ခေါ်ဆောင်သွား၍ ဆိုး၍ မေး၏။

"အကြောင်းထူး ရှိပါသလား ဥတ္တရာ"

"အရှင်၊ သူသည် ငါ၏အဆွေ သိရိမာ ဖြစ်ပါ၏။ ငါ၏ ကိုယ်စား တဆွဲငါးရက်မျှ အရှင့်ကို လုပ်ကျွေးသမှု ပြုပါလိမ့်မည်"

"သင်က အသို့နည်း ဥတ္တရာ"

"ငါမူ ဤရက်အတွင်းမှာ ဗုဒ္ဓမြတ်စွာ၏ မေတ္တာရေးကို နာကြားပြီး ကုသိုလ်ကောင်းမှု ပြုပါမည်"

သေဌေးသားသည် မက်မောဘွယ်ကောင်းသော ပြည့်တန်ဆာကို တွေ့မြင်ရ၍ အလွန်အကျူး အထူးနှစ်သက်စွာဖြင့် အနူးအညွတ် ခွင့်လွှတ်လိုက်လေ၏။

ဥတ္တရာသည် အခွင့်ရလေလျှင် ဗုဒ္ဓအမှူးရှိသော ရဟန်းသံဃာ အပေါင်းကို ဆွဲငါးရက်အတွက် ပင့်ဖိတ်၏။ ဗုဒ္ဓသည် နေ့စဉ် သူ၏ ဒါနကို ခွင့်ပြုလက်ခံ၏။ ဥတ္တရာသည် ကိုယ်တိုင်

စဖိုဆောင်တွင်နေပြီး အလုပ်သမား အများအပြားဖြင့် စီရင် ခန့်ခွဲနေ၏။ တနေ့သည်နေတွင် သေဋ္ဌေးသားသည် ပြတင်းတွင် ရပ်လျက် စဖိုဆောင်ဆီသို့ လှမ်းကြည့်မိ၏။ ဥတ္တရာကား စဖို ဆောင်တွင် အလုပ်များနေ၏။ သူ၏ ပေရေညစ်နွမ်းသော အ ဝတ်တန်ဆာတို့ကို တွေ့မြင်ရသောအခါ ဤသတ္တဝါသည် စည်း စိမ်ချမ်းသာနှင့် ထိုက်တန်သူ မဟုတ်ချေ။ အခိပ္ပာယ်မရှိ အစေ အပါးခံနေ၏ ဟု စဉ်းစားကာ ပြုံး၏။ သူ၏ မဲ့ပြုံးကို အနား တွင်ရှိသော သိရိမာ တွေ့မြင်ရ၍ ဥတ္တရာနှင့် သေဋ္ဌေးသားတွင် လျှို့ဝှက်ချက် အမှန်ပင်ရှိရမည်ဟု ဆင်ခြင်၏။

ပြည့်တန်ဆာ သိရိမာသည် လဝက်ခန့် သေဋ္ဌေးသားနှင့် ပေါင်းသင်းနေရလေရာ ဤအိုး ဤအိမ်မှာ မိမိနှင့် ဘာမျှမဆိုင် သည်၏ အဖြစ်ကို မေ့လျော့နေ၏။ မိမိ အိုးအိမ်သဖွယ် ယူဆပြီး ဥတ္တရာ ပျက်စီးမှုအတွက် အကြံထုတ်လာ၏။ တနေ့တွင် သူသည် ပြာသာဒ်ပေါ်မှ ဥတ္တရာအား ထောပတ်ပူဖြင့် ပက်၏။

ဥတ္တရာသည် သူ့ကို ထောပတ်ပူနှင့် ပက်သည်ကို မြင်၏။ မြင် လျှင် မြင်ချင်း ရုတ်တရက် စဉ်းစားလိုက်၏။

'ငါ၏မိတ်ဆွေသည် ငါ့အား အလွန် ကျေးဇူးများလှပေ ၏။ သူ၏ ကျေးဇူးမှာ အဆုံးအပိုင်းအခြား မရှိချေ။ တန်ဘိုး မဖြတ်နိုင်ချေ။သူသာ မကူညီပါလျှင် ဤကဲ့သို့ ကုသိုလ်ကောင်းမှု မျိုး ငါ ပြုနိုင်မည်မဟုတ်ချေ။ အကယ်၍ သူ့အပေါ် အနည်းမျှမျှ အမျက်ထွက်ပါလျှင် ဤထောပတ်ပူသည် ငါ့အား လောင်ကျွမ်း ပါစေ။ အကယ်၍ အမျက်မထွက်ခဲ့ပါလျှင် ထောပတ်ပူသည် ငါ့အား မလောင်ကျွမ်းပါစေသတည်း။'

ဤသို့လျှင် ဥတ္တရာသည် သိရိမာအပေါ်တွင် မေတ္တာပို့လေ ၏။ သူ၏ မေတ္တာဖြင့် ကျက်ကျက်ဆူသော ထောပတ်ပူသည်

သူ့ကို အနည်းငယ်မျှ ပူလောင်ခြင်းငှာ မစွမ်းနိုင်ချေ။ ထေ ာပတ်ပုတ်သည် စန္ဒကူးနံ့ သာသဖွယ် ဖြစ်ကုန်၏။ ဥတ္တရာ အပြုံးမပျက်သည်ကို တွေ့မြင်ရ၍ သိရိမာသည် ထို့ထက် ပူလောင်သော ထောပတ်များစွာဖြင့် ပက်ပြန်၏။ ထိုအခါ အလုပ်သမားများ ဝိုင်းဝန်းရောက်လာပြီး ကန့်ကွက်ကြ၏။

“ဟယ် ပြည့်တန်ဆာ၊ သင်ဘယ်သို့ပြုဘိသနည်း။ ငါတို့အိမ်ရှင်မအား စော်ကားဘိသလော”

ဤသို့ဆိုကာ သူ့ကို ဆွဲပစ်လိုက်ကြ၏။ ဥတ္တရာသည် ထိတ်ထိတ်ပျာပျာဖြင့်လိုက်၍ တားမြစ် တောင်းပန်၏။ သို့ရာတွင် အလုပ်သမားတို့မှာ အများအပြားဖြစ်နေသည့်ပြင် လွန်စွာ ဒေါသထွက်နေကြသူများလည်း ဖြစ်၍ နိုင်အောင် မအုပ်နိုင်ချေ။ တဖက်တလက် ဝိုင်း၍ ရိုက်နှက်သဖြင့် သိရိမာမှာ အတော်ပင် ခံလိုက်ရ၏။

ထိုအခါ သူစဉ်းစားမိသွား၏။ ‘စင်စစ် ငါသည် ဤအိမ်နှင့် ဘာမျှမသက်ဆိုင်ချေ။ ငါသည် ခေတ္တခဏ ယာယီ အငှားလိုက်မယားသာ ဖြစ်၏။ ဥတ္တရာသာ တရားဝင် မယားကြီးဖြစ်၏။ သူသည် ငါ၏ ကျေးဇူးရှင်ဖြစ်၏။ ငါသည် ကျေးဇူးရှင်ကို ပြစ်မှားခဲ့၏။ သို့ရာတွင် သူသည် ငါ့အပေါ် အမျက်မထားရုံမျှသာမက ဘေးက မခံမရပ်နိုင်ဖြစ်သော ကျေးကျွန်များကိုပင် တားမြစ်နေသေး၏။ အကယ်၍ ငါသည် အကျင့်သီလ ကောင်းလှသော ကျေးဇူးရှင်ကို မတောင်းပန်လေက လွန်စွာ အပြစ်ကြီးလိမ့်မည်။ ဦးခေါင်း အစိတ်စိတ် ကွဲနိုင်လောက်၏။’

ဤသို့ အသိဉာဏ်ဝင်လာပြီးလျှင် သိရိမာသည် ဥတ္တရာ၏ ခြေကိုဖက်ကာ တောင်းပန်လေတော့၏။

"အယျှ အရှင်မ၊ ငါ့အား ခွင့်လွှတ်ပါလော့"

"ငါသည် အသက်ထင်ရှားရှိသော အဖ၏ သမီးဖြစ်ပါ၏။ ငါ့အဖေ ခွင့်လွှတ်ပါလျှင် ငါလည်း ခွင့်လွှတ်ပါမည်"

"ကောင်းပါပြီ။ သင်၏ အဖသေဌေးကြီးထံတွင် တောင်းပန်ပါမည်"

"ပုဏ္ဏသည် ငါ၏မွေးဖွားပေးသော အဖေမျှသာ ဖြစ်ပါ၏။ မွေးဖွားခြင်းကင်းအောင် ပြုလုပ်သော အဖေ ခွင့်လွှတ်ရန် ဖြစ်ပါ၏"

"သင်၏ ထိုအဖကား ဘယ်သူပါနည်း"

"ဗုဒ္ဓ မြတ်စွာ"

"ငါ သူနှင့် ရင်းနှီးခြင်း မရှိပါ"

"ငါဘဲ ဆက်သွယ်ပေးပါမည်။ သူ နက်ဖြန် ရဟန်းသံဃာတို့နှင့် အတူတကွ ဤသို့ ကြွလာပါလိမ့်မည်။ ထိုအခါ သင်သည် ရှိသေစွာ တောင်းပန်ပါဘိ"

သူသည် ထို့နောက် အလုပ်အကျွေးငါးရာတို့နှင့် အတူတကွ ဆွမ်း ခဲဘွယ်ဘောဇဉ်တို့ကို စီရင်၏။ ပြီးနောက် အချိန်ကျသော အခါ ဥတ္တရာ၏ အိမ်သို့သွား၏။ သို့ရာတွင် သူကိုယ်တိုင်ကား မြတ်စွာဘုရားအား ဆွမ်းကပ်ခြင်း မရှိချေ။ ဥတ္တရာက ဆွမ်းကပ်လှူရေးကို စီရင်၏။ မြတ်စွာဘုရား ဆွမ်းစား၍ ပြီးသောအခါ သူသည် အလုပ်အကျွေးများနှင့် အတူတကွ မြတ်စွာဘုရား၏ ခြေရင်းတွင် ဝပ်စင်းလေ၏။

ဗုဒ္ဓက မေး၏။

"သင်သည် ဘယ်သို့သောအပြစ်ကို ကျူးလွန်ဘိသနည်း"

သူသည် အလုံးစုံသော အကြောင်းအရာတို့ကို ပြန်ကြား လျှောက်ထား၏။ ထိုအခါ ဗုဒ္ဓသည် ဥတ္တရာကို မေး၏။

"ဥတ္တရာ၊ သိရိမာပြောစကား မှန်ပါသလော"

"ဘန္တေ၊ အလုံးစုံ အကုန်မှန်ပါ၏။ သူသည် ငါ၏အပေါ် သောပတ်ပူဖြင့် လောင်းချခဲ့ပါ၏"

"ထိုအခါ သင် ဘယ်သို့ သဘောထားဘိသနည်း"

"ငါ စဉ်းစားခဲ့ပါ၏။ ဤမဟာပထဝီမြေကြီးထက် ငါ့အဆွေ၏ ကျေးဇူးက ပို၍များပြား၏။ ငါသည် သူ့အတွက်ကြောင့်သာ ဒါန ပြုရ၏။ မေတ္တာရေး နာကြားခွင့် ရခဲ့၏။ အကယ်၍ ငါသည် သူ့အပေါ် အနည်းငယ်မျှ ဒေါသထွက်ခဲ့ပါလျှင် ဤထောပတ်ပူသည် ငါ့အား လောင်ကျွမ်းပါစေ၊ အကယ်၍ ဒေါသ အရိပ်အငွေ့မျှ မရှုက်သန်းလျှင် အေးမြပါစေ ဟူသော စိတ်ထားဖြင့် သူ့အပေါ် မေတ္တာထားခဲ့ပါ၏"

ဗုဒ္ဓသည် သာဓုခေါ်ပြီး ပြောပြ၏။

"အမျက် ဒေါသမရှိခြင်းဖြင့် အမျက်ဒေါသကိုင်း၊
ကောင်းမှုဖြင့် မကောင်းမှုကိုင်း၊ ပေးလှူခြင်းဖြင့် နှမြော
စဉ်းလဲခြင်းကိုင်း၊ ထို့ပြင် အမှန်သစ္စာဖြင့် အမှားမုသာ
ကိုင်း အောင်နိုင်၏"

ဤဥပဒေသကို နာကြားရသောအခါ သိရိမာအမှူးရှိသော ငါးရာသော အလုပ်အကျွေးတို့လည်း သောတာပတ္တိဖိုလ်သို့ ရသွားကြကုန်၏။

x x x

# သုဘဒ္ဒာ

ဥဂ္ဂပြည်တွင် ဥဂ္ဂအမည်ရှိသော သေဌေးသားသည် အနာထပိဏ်သေဌေးနှင့် လွန်စွာ အကျွမ်းဝင်၏။ သူတို့နှစ်ဦးသည် ဆရာ့ထံတွင် ပညာသင်ကြားကြစဉ်က အချင်းချင်း အပြန်အလှန် ပဋိညာဉ် ပြုခဲ့ကြ၏။ သူတို့တွင် သားသမီးရပါက အချင်းချင်း ထိမ်းမြားကြရန် ဖြစ်၏။ အကယ်၍ တယောက်တွင် သားရ၍ အခြားတယောက်တွင် သမီးရပါက သားနှင့်သမီး ပေးမြားရန် ကတိပြုကြ၏။ သူတို့နှစ်ယောက်သည် အခါအားလျော်စွာ မိမိတို့ တိုင်းပြည်သို့ ရောက်ကြပြီး သေဌေးကြီးများ ဖြစ်ကြကာ သားသမီး ပွားစည်းနေကြလေ၏။

တနေ့တွင် ဥဂ္ဂသေဌေးသည် လှည်းအစီး ငါးရာဖြင့် သာဝတ္ထိသို့ ကုန်သွယ်ရန် ရောက်သွားလေ၏။ အနာထပိဏ်သည် သမီး သုဘဒ္ဒာအား အမိန့်ပေးထား၏။ "ငါ၏မိတ်ဆွေ ဥဂ္ဂသေဌေးဤအိမ်တွင် နေသမျှပတ်လုံး သင်သည် သူ့ကို လုပ်ကျွေးသမှုပြုရမည်"။သို့ကြောင့် သူသည် အဖ၏ အမိန့်အတိုင်း ဥဂ္ဂသေဌေးအား ကိုယ်တိုင် ပြုစု လုပ်ကျွေး၏။ ဥဂ္ဂသေဌေးသည် သူ၏အမူအရာကို လွန်စွာနှစ်သက်၏။

တနေ့တွင် ဥဂ္ဂသေဌေးသည် အနာထပိဏ်အား ငယ်စဉ်က ပဋိညာဉ်စကားကို ပြန်လည်ပြောကြားပြီး သုဘဒ္ဒာကို သူ့သားအတွက် တောင်းဆို၏။

ဥဂ္ဂသေဌေးကား ကဲပြားသော မမှတရားကို လေးစား ယုံကြည်သူ ဖြစ်၏။ သို့ကြောင့် သူသည် ကတိ ရှိခဲ့သော်လည်း ရုတ်တရက် စကားမပြန်နိုင်ဘဲ ဖြစ်နေ၏။ တနေ့တွင် သူသည် မြတ်စွာဘုရားထံသို့သွားပြီး ထိုအကြောင်းကို လျှောက်ကြား၏။

ထိုနောက် အနာထပိဏ်သည် ဥဂ္ဂသေဋ္ဌေးအား အကြောင်း ပြန်ကြားပြီး လက်ထပ်မင်္ဂလာသဘင် ဆင်ယင်ရန် ရက်သတ်မှတ် လိုက်လေ၏။ သတ်မှတ်သောရက်သို့ ရောက်သောအခါ အနာထ ပိဏ်သည် ဝိသာခါ လက်ထပ်စဉ်အခါက မေနဍ္ဍကသေဋ္ဌေး၏ အ စီအရင်မျိုး ပြုလုပ်၏။ သူသည် သမီး သုဘဒ္ဒါကို အနားသို့ခေါ် ပြီး ဩဝါဒဆယ်ပါးကို ပြောကြားပြီးလျှင်ယောက္ခမအိမ်တွင် သူ ၏ကိုယ်စား သမီးအား ဆုံးမပဲ့ပြင် သွန်သင်ရန် မြို့မိမြို့ဖဖြစ်သော လူကြီးရှစ်ဦးအား အပ်နှံ၏။ ယောက္ခမအိမ်သို့ သွားမည့်နေ့တွင် ဗုဒ္ဓအမှူးရှိသော ရဟန်းသံဃာတို့အား ဆွမ်းလုပ်ကျွေးပြီး ဒါန ဝတ္ထုတို့ကို ပေးလှူစေ၏။ ဝိသာခါကဲ့သို့ပင် သုဘဒ္ဒါအား အ လုပ်သမား ယောကျ်ား မိန်းမ များစွာနှင့် ပစ္စည်းဥစ္စာ ရတနာ အမျိုးမျိုးတို့ကို လက်ဖွဲ့လိုက်လေ၏။

သုဘဒ္ဒာ ဥဂ္ဂပြည်သို့ရောက်သောအခါ များစွာသောလူများ ခရီးဦးကြိုဆိုကြ၏။ လက်ဆောင် ပဏ္ဏာများ ပေးကမ်းကြ၏။သူ ကလည်း ရက်ရောစွာပင် ပြန်လည်ပေးကမ်း၏။ ထိမ်းမြားမင်္ဂလာ ဆောင်သောနေ့တွင် သူ၏ယောက္ခမသည် ရသေ့ ပရိုက်တို့ကို ဖိတ်ကြားပြီး ဆွမ်း ခဲဘွယ် ဘောဇဉ် ကျွေးမွေး၏။ သုဘဒ္ဒါအား ဆရာရသေ့တို့ကို ရှိခိုးပူဇော်ရန် ခေါ်၏။ သို့ရာတွင် သုဘဒ္ဒါ ကား မသွားချေ။ နောက်တကြိမ် ခေါ်သောအခါ သုဘဒ္ဒါက မလုံမခြုံ ဆင်ယင်ထားသော ရသေ့များကို တွေ့ရန် ရှက်လှ ကြောင်းနှင့် ပြန်ကြား၏။ ထိုအခါ ဥဂ္ဂသေဋ္ဌေးသည် သူ၏ဆရာ များကို ထိခိုက် ပြောကြားသဖြင့် ဒေါသအမျက်ထွက်ကာ သု ဘဒ္ဒါအား အိမ်မှနှင်ချ၏။ ထိုအခါ သုဘဒ္ဒါကို စောင့်ရှောက် ရန် တာဝန်ယူကြသော မြို့မိမြို့ဖလူကြီးများ ကြားဝင်ဖြန်ဖြေ၏။ ဥဂ္ဂသေဋ္ဌေး ကတော်ကြီးသည် သုဘဒ္ဒါကို ခေါ်၍မေး၏။

“ငါတို့၏ ဆရာရသေ့တို့ကို အရှက်မရှိဟု သင်ဆို၏။ သင်၏ ဆရာဖြစ်သော သာမဏာသည် ဘယ်သို့ပါနည်း”

သုဘဒ္ဒာ ပြောဆို၏။

“ငါတို့၏ သာမဏာတို့သည် ဣန္ဒြေရှိ၍ စိတ်ငြိမ်၏။ သွားသော်ဋင်း၊ ရပ်သော်ဋင်း ငြိမ်သက်၏။ လေးတောင်ခန့်အတွင်းသာ ငုံ့၍ကြည့်ရှုပြီး ချိုသာစွာပြော၏။ ကာယကံမှု သန့်ရှင်း၏။ ဝစီကံမှု အနှောင့်မရှက် မရှိမှု၍ မနောကံမှု အထူးသဖြင့် စင်ကြယ်၏။ အတွင်း အပသည် ပွတ်သစ်စ ခရုသင်းကဲ့သို့ အညစ်အကြေးကင်း၏။ လူတို့သည် လာဘ်လာဘ ရလျှင်တမျိုး၊ မရလျှင်တဖုံ ဖြစ်ကြ၏။ သို့ရာတွင် သာမဏာတို့ကား ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ထူးခြား လှုပ်ရှားခြင်း မရှိကြချေ။ လူတို့သည် ချီးကျူးလျှင်တမျိုး၊ ကဲ့ရဲ့လျှင်တဖုံ ဖြစ်ကြ၏။ သို့ရာတွင် သာမဏာတို့ကား ထိုအတွက် ထူးခြားလှုပ်ရှားခြင်း မရှိကြချေ။ လူတို့သည် အခြံအရံ၊ အကျော်အစောရှိလျှင် တမျိုး၊မရှိလျှင် တဖုံဖြစ်ကြ၏။ သို့ရာတွင် သာမဏာတို့ကားထိုအတွက်ထူးခြားလှုပ်ရှားခြင်းမရှိကြချေ။လူတို့သည် ချမ်းသာလျှင်တမျိုး၊ ဆင်းရဲလျှင်တဖုံ ဖြစ်ကြ၏။ သို့ရာတွင် သူတို့ကား ထို့အတွက် ထူးခြား လှုပ်ရှားခြင်း မရှိကြချေ”

သုဘဒ္ဒာက ဤသို့လျှင် ရဟန်းတော်တို့၏ ဂုဏ်သတင်းကို ရှင်းပြသောအခါ ယောက္ခမ သေဋ္ဌေးကတော်ကြီး လွန်စွာကြည်နူး၍ ပြောပြ၏။

“သင်၏ သာမဏာတို့ကို ငါတို့လည်း ဖူးတွေ့နိုင်သလော”

“ကောင်းစွာ ဖူးတွေ့နိုင်ပါ၏ အမေ”

“သို့ဖြစ်ပါလျှင် ငါတို့ဖူးတွေ့နိုင်ရန် စီစဉ်ပါဘိ”

သုဘဒ္ဒာသည် ဗုဒ္ဓအမှူးရှိသော ရဟန်းသံဃာတို့အတွက် လှူဘွယ်ဝတ္ထုတို့ကို စီရင်ပြီးလျှင် မြတ်စွာဘုရားအား ပင့်ဖိတ်၏။

မြတ်စွာဘုရားသည် ရဟန္တာငါးရာ ခြံရံလျက် ဥက္ကမြို့သို့ ကြွချီလာ၏။ ဥက္ကသေဌေးသည် အခြံအရံများနှင့် တကွ သုဘဒ္ဒာ ညွှန်ပြသည့်အတိုင်း မြတ်စွာဘုရားအား ပူဇော်၏။

မြတ်စွာဘုရားသခင်သည် သဘာဝအတိုင်း ဓမ္မတရားဟောကြားတော်မူ၏။ ထိုအခါ ဥက္ကသေဌေးနှင့်တကွ များစွာသောသူတို့ ဓမ္မတရားကို သဘောပေါက်သွားကြ၏။

မြတ်စွာဘုရားသည် ရက်သတ္တ တပတ်မျှ ကြာသောအခါ သုဘဒ္ဒာကို ချီးမြှောက်သောအားဖြင့် ထိုမြို့တွင် အနုရုဒ္ဓမထေရ် နေခဲ့ရန် မိန့်ကြားပြီး သာဝတ္ထိသို့ ပြန်ကြွသွားလေ၏။ ထိုအခါမှစ၍ ဥက္ကမြို့မှာ သူတော်ကောင်းတရား ထွန်းကားလေသတည်း။

x x x

## ယက်ကန်းသည်မလေး

ဗုဒ္ဓမြတ်စွာသည် တရံသောအခါ အလဝီပြည်သို့ ကြွသွား၏။ တနေ့တွင် သူသည် တရားနာ ပရိသတ်တို့အား မိန့်ကြားတော်မူ၏။

“အသက်သည် ခိုင်မြဲခြင်း မရှိ။ သေခြင်းသာ ခိုင်မြဲ၏။ ငါတို့ သေကြရမည် သာတည်း။ သေခြင်းတိုင်အောင် ငါတို့၏ဘဝ ဖြစ်၏။ ဘဝသည် မမြဲ။ သေခြင်းသည် မြဲ၏။ ဤသို့လျှင် သေခြင်းကို ဆင်ခြင်ကြလော့။ သေခြင်းကို မဆင်ခြင်ပါလျှင် သေခါနီးကာလတွင် အနားမှ မြွေဟောက်ကိုတွေ့၍ ကြောက်သောသူကဲ့သို့ ကြောက်ရွံ့လျက် အသက်စွန့်ရလိမ့်မည်။ သေခြင်းကို ဆင်

ခြင်ပါလျှင် အဝေးတွင် မြေဟောက်ကိုမြင်၍ လက်နက်ဖြင့် ဖယ်ရှားလိုက်ဘိသို့ ရဲဝံ့စွာ အသက်စွန့်ရလိမ့်မည်။ သို့ကြောင့် သင်တို့သည် သေခြင်းကို စဉ်းစား တွေးတောကြလော့”

ဤတရားစကားကို နာကြားပြီး လူတို့သည် အမှတ်မထင်ပင် ပြန်ကြ၏။ ဆယ့်ခြောက်နှစ်အရွယ် ယက်ကန်းသည်မကလေး တဦးသာ စဉ်းစား၏။

‘မြတ်စွာဘုရား၏ တရားစကားမှာ လွန်စွာပင် အံ့သြဘွယ်ကောင်းစွတကား။ ငါသည် ယခုအခါမှစ၍ သေခြင်းကို အမြဲ စဉ်းစားနေအံ့။’

ဤသို့ ဆုံးဖြတ်ပြီး သူသည် အမြဲပင် သေခြင်းကို စဉ်းစားနေ၏။ မြတ်စွာဘုရားသည် အာလဝီတွင် မေ့လျော်သမျှ စံနေတော်မူပြီးနောက် သာဝတ္ထိသို့ ကြွသွား၏။ ယက်ကန်းသည် အမျိုးသမီးကလေးသည် သေခြင်းကို ဆင်ခြင်၍ နေခဲ့သည်မှာ သုံးနှစ်တိုင်မျှ ကြာမြင့်ခဲ့လေပြီ။

မြတ်စွာဘုရားသည် တနေ့ မိုးသောက်တွင် လောက၏ ကျွတ်ထိုက်သော သတ္တဝါတို့ ကြည့်ရှုဆင်ခြင်ရာ ထိုယက်ကန်းသည် အမျိုးသမီးကလေးကို သွား၍ တွေ့မြင်၏။ ထိုနောက် အမျိုးသမီးကလေးနှင့် ပတ်သက်၍ ဖြစ်စေနိုင်မည့် အကျိုးအာနိသင်တို့ကို ဆင်ခြင်ပြီးလျှင် ရဟန်းငါးရာနှင့် အတူတကွ သာဝတ္ထိမှ အာလဝီသို့ ကြွလာ၏။ အာလဝီ ပြည်သူပြည်သားတို့သည် ဝမ်းမြောက်စွာဖြင့် မြတ်စွာဘုရားကို ကြိုဆိုကြ၏။

ယက်ကန်းသည်မကလေးလည်း မြတ်စွာဘုရားကို ဖူးတွေ့ရမည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ ဤအတွင်းတွင် သူ့အဖေက လောလောဆယ်ဆယ် ပေးရမည့် လူတယောက်၏

အထည်ကို ယက်ရန်အတွက် သူ့အား ချည်ချရန် တာဝန်ပေးလေ၏။ ထိုအခါ သူ စဉ်းစား၏။

'ယနေ့ မြတ်စွာဘုရား တရားဟောကြားမည်။ ငါသည် တရားနာမည်လော။ သို့မဟုတ် အဖေ၏အမိန့်အတိုင်း ချည်ချမည်လော။ ယခုအခါ ငါ ဘာလုပ်ရမည်နည်း။ တရားနာမည်လော၊ ချည် ချမည်လော။ အကယ်၍ ချည်မချလျှင် အဖေရိုက်မည်။ ရိုက်ချင်ရိုက်စေတော့။ တရားနာပြီးလျှင် အဖေ့စကားကို နားထောင်မည်။'

သူသည် ဤသို့ဆုံးဖြတ်လျက် ယက်ကန်းရုံသွားကာ ချည်ခင်တို့ကို ယူ၏။

အာလဝီပြည်သူတို့သည် မြတ်စွာဘုရားအား ဆွမ်းကပ်ပြီး၍ တရားနာရန် စောင့်မျှော်နေကြ၏။ သို့ရာတွင် မြတ်စွာဘုရားသည် တစုံတရာ ဘာမျှ မပြောကြားဘဲ ဆိတ်ဆိတ် စံနေတော်မူ၏။ သူတို့သည် ဘယ့်ကြောင့် မြတ်စွာဘုရား ဆိတ်ငြိမ်စွာနေသည်ကို မသိကြချေ။ ခဏကြာသောအခါ ယက်ကန်းသည်မကလေး ချည်ခင်တို့ကို ယူဆောင်ပြီး တရားမဏ္ဍပ်တွင်းသို့ ဝင်လာ၏။ ထိုအခါ မြတ်စွာဘုရားသည် လည်ကိုဆန့်ကာ ကြည့်၏။ သူငယ်မသည် မြတ်စွာဘုရား သူ့အား စောင့်မျှော်နေကြောင်း ကောင်းစွာ သိသွား၏။ သူသည် သူ၏ချည်ခင်တို့ကို တနေရာတွင် ချထားပြီး မြတ်စွာဘုရား၏အပါးသို့ ချဉ်းကပ်သွား၏။ မြတ်စွာဘုရားက သူ့အား မေး၏။

"ကုမာရီ၊ သင် ဘယ်က လာခဲ့သနည်း"

"ဘန္တေ၊ ဘယ်ကလာသည်ဟု မသိပါ"

"ဘယ်ကို သင် သွားမည်နည်း"

"ဘန္တေ၊ ဘယ်ကိုသွားရမည်ဟု မသိပါ"

"သင် မသိလေသလော"

"ဘန္တေ၊ သိပါ၏"

"သင် သိသလော"

"ဘန္တေ၊ မသိပါ"

မြတ်စွာဘုရားသည် ဤသို့လျှင် သူ့အား ပြဿနာ လေးခု မေး၏။ သူကလည်း ဖြေ၏။ အနားတွင်ရှိသော သူတို့သည် သူငယ်မ၏ အဖြေကို ကြားရ၍ မကျေမနပ် ဖြစ်ကြ၏။

"အဘယ်မျှ မိုက်မဲသော သူငယ်မနည်း။ မြတ်စွာဘုရား မျက်နှာသာပေးခြင်းကို မိုက်မဲစွာ စော်ကား၏။ မိဘအိမ်မှ လာခဲ့၏။ ယက်ကန်းရုံသို့ သွားပါမည်ဟု ဖြေဆိုရမည်ကို သင်း မဖြေချေ။ ဘယ်ကဲ့သော သူငယ်မပေနည်း"

မြတ်စွာဘုရားသည် သူတို့အား ဟန့်တားပြီးလျှင် သူငယ်မကို ထပ်၍ ရှင်းစေ၏။

"ကုမာရီ၊ ဘယ်ကလာသနည်းဟု မေးသည့်အခါ ဘယ့်ကြောင့် 'မသိပါ'ဟု ပြောသနည်း"

"ဘန္တေ၊ မိဘအိမ်မှလာသည်ကို အရှင်ဘုရား သိပြီးသား ဖြစ်ပါ၏။အရှင်ဘုရား၏ မေးခွန်းအဓိပ္ပာယ်မှာ သင် ဘယ်ဘဝက လာခဲ့သနည်းဖြစ်၍ 'မသိပါ'ဟု ဖြေဆိုခြင်း ဖြစ်ပါ၏"

"ဘယ်ကို သွားမည်နည်းဟု မေးသောအခါ ဘယ်ကြောင့် 'မသိပါ'ဟု ပြောသနည်း"

"ဘန္တေ၊ ဤ ချည်ထွေး ချည်ခင်တို့ကို မြင်သဖြင့် ယက်ကန်းရုံသို့သွားကြောင်း အရှင်ဘုရား ကောင်းစွာသိပြီး ဖြစ်ပါ၏။ အရှင်ဘုရား၏ မေးခွန်းအဓိပ္ပာယ်မှာ ဤဘဝမှ သေပြီးနောက် ဘယ်သို့ သွားမည်နည်း ဖြစ်ပါ၏။ ဘယ်ဘဝ သွားရမည်ကို မသိပါ၍ 'မသိပါ'ဟု ဖြေဆိုခြင်း ဖြစ်ပါ၏"

"သင် မသိလေသလောဟု မေးသည့်အခါ 'သိပါ၏'ဟု ဘယ့်ကြောင့် ဖြေဆိုသနည်း"

"ဘန္တေ၊ သေရမည်ကို အမှန်ပင် သိပါ၏။ သို့ကြောင့် 'သိပါ၏'ဟု ဖြေဆိုခြင်း ဖြစ်ပါ၏"

"သင်သိသလောဟု 'မေးသောအခါ အဘယ်ကြောင့် မသိပါ'ဟု ဖြေဆိုသနည်း"

"ဘန္တေ၊ သေရမည်ကိုကား ငါ ဧကန် သိပါ၏။ သို့ရာတွင် ညဥ့်လော၊ နေ့လော ဘယ်အခါ သေရမည်ဟု မသိပါ။ သို့ကြောင့် 'မသိပါ'ဟု ဖြေဆိုခြင်း ဖြစ်ပါ၏"

မြတ်စွာဘုရားသည် သူ၏ဖြေဆိုချက်ကို သာဓုခေါ်ပြီး လူအများကို မိန့်ကြားတော်မူ၏။

"သင်တို့သည် သူ၏ ဖြေဆိုချက်တို့ကို ရယ်စရာဟု မယူဆကြလင့်။ ဤသူငယ်မကလေး၏ ဤကဲ့သို့သော ရည်ညွှန်းချက်ကို သင်တို့အတွင်းမှ သိစွမ်းနိုင်သူ မရှိကြချေ။ ဤအချက်ကိုမြင်မှ မျက်စိရှိသူ ဖြစ်၏။ မမြင်ပါလျှင် စင်စစ် အကန်းဖြစ်၏"

တရား၏အဆုံးတွင် သူငယ်မကလေးသည် သောတာပတ္တိဖလကို ရသွား၍ မြတ်စွာဘုရား၏ ဓမ္မတရား ဟောကြားရခြင်းလည်း အကျိုးပြီးမြောက်သွား၏။

× × ×

# သက္က နှင့် ယက္ခ

# သက္ကပဉှာ

တရံသောအခါ မြတ်စွာဘုရားသည် မဂဓတိုင်း အမ္ဗသဏ္ဍအမည် ရှိသော ပြာဟ္မဏရွာ၏ တောင်ဘက် ဝေဒိယကတောင် ဣန္ဒ သာလ ဂူတွင် စံနေတော်မူ၏။ ထိုအခါ သိကြားမင်းသည် မြတ်စွာဘုရားကို ဖူးမြင်ချင်၍ နတ်တို့အား တိုင်ပင်၏။ နတ်တို့ကလည်း ဖူးမြင်လိုကြောင်း ပြောကြ၍ သိကြားမင်းသည် ဂန္ဓဗ္ဗနတ်သား ပဉ္စသိခကို ခေါ်၍ပြောပြ၏။

“ချစ်သား ပဉ္စသိခ၊ ယခုအခါ မြတ်စွာဘုရားသည် ဣန္ဒ သာလ ဂူတွင် စံနေတော်မူ၏။ ငါတို့သည် မြတ်စွာဘုရားကို ဖူးမြင်လိုကြပါ၏။ သို့ရာတွင် ချဉ်းကပ်ရန် မလွယ်ပါ။ သူသည် ဈာန်ဝင်စားပြီး ဈာန်နှင့် မွေ့လျော်နေလေ့ရှိ၏။ ထိုနောက် ဆိတ်ငြိမ်ရာတွင် စံနေတတ်ပါ၏။ သို့ကြောင့် ချစ်သား ရှေးဦးစွာ သင်သွားပြီး မြတ်စွာဘုရား၏စိတ် ကြည်လင်အောင် ပြုပါဘိ”

ထိုအခါ ပဉ္စသိခသည် “ကောင်းပါပြီ အရှင်” ဟု ဝန်ခံပြီးလျှင် ဗေဠုဝ အမည်ရှိသော စောင်းကို ယူကာ သွား၏။ ဝေဒိယက

တောအုပ်သို့ ရောက်သောအခါ ဤသူ့ သာလဂူနှင့် မနီးလွန်း မဝေးလွန်းသော နေရာကိုယူ၍ စောင်းတီးကာ သီချင်း သီကျူးလေ၏။

သီချင်းဆုံးသောအခါ မြတ်စွာဘုရား ဤသို့မြွက်ကြား၏။

"ပဉ္စသိခ၊ သင်၏စောင်းသံသည် သီချင်းသံနှင့် ရောနှော၏။ သီချင်းသံသည်သည်း စောင်းသံနှင့် ရောနှော၏။ ပဉ္စသိခ၊ သင်၏ စောင်းသံသည် သီချင်းသံကို မလွန်ချေ။ သီချင်းသံသည်လည်း စောင်းသံကို မလွန်ချေ။ ပဉ္စသိခ၊ ဤတေးသီချင်းတို့ကို သင်သည် ဘယ်အခါက ဖွဲ့ဆိုလေသနည်း"

"ဘန္တေ၊ မြတ်စွာဘုရားသည် ဥရုဝေလ တောအုပ် နေရဥ္စရာ မြစ်ကမ်းပါး အဇပါလ ညောင်ပင်တွင် ဘုရားအဖြစ်သို့ ရောက်၍ ပဌမဆုံး စံနေစဉ်အခါက ဖြစ်ပါ၏။ ထိုအခါ ငါသည် တိမ္ဗရု အမည်ရှိသော ဂန္ဓဗ္ဗ နတ်မင်း၏ သမီးကညာ သူရိယ ဝစ္ဆသာကို ချစ်ကြိုက်နေခဲ့ပါ၏။ သို့ရာတွင် သူသည် ငါ့ကို လိုလားခြင်း မရှိပါ။ မာတလိ၏သား သိခဏ္ဍိကို လိုလားနေပါ၏။ ငါသည် သူ၏အချစ်ကို မရသဖြင့် ဗေဠုဝ စောင်းကို ယူပြီး သူတို့စံအိမ်နား သွားကာ ဤသီချင်းတို့ကို သီကျူးခဲ့ပါ၏။ ထိုအခါ သူရိယ ဝစ္ဆသာက ငါ့အား ပြောကြား ခဲ့ပါ၏။

"'အချင်း၊ ငါ ဘုရားသခင်ကို မတွေ့မမြင်ဘူးပါ။ သို့ရာတွင် တာဝတိံသာ သုဓမ္မာသဘင်မှာ ကပြစဉ်အခါက နတ်တို့ ပြောကြားသော သတင်းစကားကို ကြားဘူးပါ၏။ အချင်း၊ ယခုတဖန် သင်၏ထံမှ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ကြားရပြန်ပါ၏။ ယနေ့မှစ၍ ငါတို့ မကြာခဏ တွေ့ဆုံကြပါစို့'"

ဤသို့လျှင် ပဉ္စသိခ လျှောက်ကြားစဉ် သိကြား မင်း သည် မြတ်စွာဘုရား စိတ်ကြည်နူးနေကြောင်း ကောင်းစွာသိ၍ နတ်

အများနှင့် ချဉ်းကပ်လာ၏။ ထိုအခါ ပဉ္စသိခက လျှောက်ကြား၏။

"ဘန္တေ၊ နတ်တို့ကို အစိုးရသော သိကြားမင်းသည် မှူးမတ်ပရိသတ်နှင့် အတူတကွ မြတ်စွာဘုရား၏ ခြေကို ဦးတိုက်နေပါ၏"

"ပဉ္စသိခ၊ နတ်တို့ကို အစိုးရသောသိကြားမင်းသည် မှူးမတ်ပရိသတ်နှင့်အတူ သုခီဟောတု"

ထိုအခါ သိကြားနှင့် နတ်အများသည် ဣန္ဒသာလ ဂူတွင်းသို့ ဝင်ကာ ရှိခိုး ဦးတင် ဖူးမြင်ကြ၍ မြတ်စွာဘုရား မြွက်ကြားတော်မူ၏။

"အို သိကြားမင်း၊ သင်ကား လွန်စွာ တာဝန်ကြီးသူ ဖြစ်လျက် ငါ၏ထံသို့ ကြိုးစား၍ လာဘိ၏"

"မှန်လှပါ။ တာဝတိံသာတွင် လွန်စွာပင် ကိစ္စများလှပါ၍ မြတ်စွာဘုရားထံပါးသို့ မရောက်နိုင်ခဲ့ပါ။ မြတ်စွာဘုရား၊ သာဝတ္ထိတွင် စံနေစဉ်အခါက တခါရောက်ခဲ့ပါ၏။ သို့ရာတွင် ထိုအခါမှာ မြတ်စွာဘုရား ဈာန်ဝင်စားနေ၍ ဝေဿဝဏ်၏ အလုပ် အကျွေး ဘုဇတီသည် အရှင်၏အပါးတွင် ဆည်းကပ် ခစားလျက်နေပါ၏။ ငါ ခွင့်တောင်းသောအခါ သူက 'မြတ်စွာဘုရား ဆိတ်ငြိမ်စွာ စံနေ၍ ဖူးတွေ့ရန် အခါမဟုတ်ပါ'ဟု တားမြစ်ပါ၏။ ထိုအခါ ငါက သူ့အား 'နှမသယ်၊မြတ်စွာဘုရား ဈာန်မှ ထသောအခါ မြတ်စွာဘုရား၏ ခြေကို ငါ ဦးတိုက်ကြောင်း လျှောက်ကြားပေးပါ'ဟု ပြောပြပါ၏။သူသည် အရှင့်အား ထိုအကြောင်း လျှောက်ကြားပါသလော"

"အို သိကြားမင်း၊ စင်စစ် ငါသည် သင်၏ ရထားဘီးသံဖြင့်ပင် သမာဓိမှ ထခဲ့လေပြီ"

"ဘန္တေ၊ လောကတွင် မြတ်စွာဘုရား ပွင့်ထွန်းသည့်အခါမှ စ၍ နတ်ပြည်မှာ စည်ကား၍ အသုရာပြည်မှာ ဆုတ်ယုတ်သွားပါ၏။ ကပိလဝတ်ပြည်မှာ ဂေါပိကာ သာကီဝင် မင်းသမီး တဦး ရှိပါ၏။ သူသည် ရတနာ သုံးပါးကို ယုံကြည်ကိုးစားပြီး အကျင့်သီလနှင့် ပြည့်စုံ၍ ကွယ်လွန်သောအခါတွင် တာဝတိံသာ၌ ဂေါပက အမည်ဖြင့် ထင်ရှားသော နတ်သား ဖြစ်လာပါ၏။ ရဟန်း သုံးပါးမှာမူ ဗြဟ္မစာရီအကျင့်ကို ကျင့်လျက် ကွယ်လွန်သောအခါ ယုတ်နိမ့်သောသဘင်သည် ဂန္ဓဗ္ဗနတ်များ ဖြစ်၍ ငါ့အား ဖြေဖျော် နေကြရပါ၏"

"အို သိကြားမင်း၊ တစုံတရာ မေးစရာရှိက မေးပါဘိ"

"အိုမြတ်စွာဘုရား၊ သတ္တဝါတို့သည် ဘေး ရန် အ န္တ ရာယ် စိုးရိမ်ဘွယ် မရှိဘဲ နေလိုကြပါ၏။ သို့ရာတွင် သူတို့သည် ထိုသို့ မနေကြရပါ။ ဘေးရန်အန္တရာယ် ပတ်လည်ဝိုင်း နေကြရပါ၏။ စိုးရိမ်သောက ရောက်နေကြရပါ၏။ အဘယ်ကြောင့် ပါနည်း"

"အို သိကြား၊ ဤသို့ဖြစ်ရသည်မှာ ငြူစူခြင်း ဝန်တိုခြင်း တည်းဟူသော ဣဿာ မစ္ဆရိယ အနှောင်အဖွဲ့ တို့ကြောင့်ပင် တည်း"

"ဘန္တေ၊ဣဿာ မစ္ဆရိယသည် ဘယ့်ကြောင့် ဖြစ်ပါသနည်း"

"အို သိကြား၊ ချစ်ခြင်း မုန်းခြင်းကြောင့် ဖြစ်၏"

"ဘန္တေ၊ဘယ်ကြောင့် ချစ်ခြင်း မုန်းခြင်း ဖြစ်ပါသနည်း"

"အို သိကြား၊ အလိုဆန္ဒသည် ချစ်ခြင်း မုန်းခြင်း ဖြစ်စေရန် အကြောင်းရင်းဖြစ်၏"

"ဘန္တေ၊ ဆန္ဒသည် အဘယ်ကြောင့် ဖြစ်ပါသနည်း"

"အို သိကြား၊ တွေးတော ကြံစည်ခြင်း ဝိတက်ကြောင့် အလို ဆန္ဒ ဖြစ်၏"

"ဘန္တေ၊ အဘယ်ကြောင့် ထွေထွေလီလီ ကြံစည်ခြင်း ဝိတက် ဖြစ်ပါသနည်း"

"သက္က၊ အကျယ်ချဲ့ထွင်သော ပပဉ္စ သညာကြောင့် ဝိတက် ဖြစ်၏"

"ဘန္တေ၊ ပပဉ္စသညာ ကင်းလွတ်အောင် ဘယ်သို့ ပြုလုပ်ရပါ မည်နည်း"

"သက္က၊ကုသိုလ်ဖြစ်စေနိုင်သော ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ လျစ်လျူရှုခြင်းတို့ဖြစ်စေ၍ အကုသိုလ်ဖြစ်စေမည့် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ လျစ်လျူရှုခြင်းတို့ မဖြစ်က ယင်း ပပဉ္စ သညာ မဖြစ်နိုင်တော့ပါ"

ထိုအခါ သိကြားမင်းက ဝန်ခံ၏။

"ဘဂဝါ မြတ်စွာဘုရား၊ ထိုအကြောင်းသည် ဤအတိုင်း ပင် ဖြစ်ပါ၏။ သုဂတ မြတ်စွာဘုရား၊ ထိုအကြောင်းသည် ဤအ တိုင်းပင် ဖြစ်ပါ၏။ အရှင်၏ အဖြေကို ကြားနာရ၍ ငါ၏ယုံမှား သံသယတို့ ရှင်းလင်း သွားပါပြီ"

ထိုနောက် သိကြားသည် ပဉ္စသိခနတ်သားကို ခေါ်၍ ပြော ပြ၏။

"ချစ်သား ပဉ္စသိခ၊ သင်သည် ငါ့အား လွန်စွာ ကျေးဇူး များလှပေ၏။ သင် ရှေးဦးစွာ မြတ်စွာဘုရားအား ကြည်လင် စေ၍ ငါတို့ ဖူးမြင်ကြရ၏။ သို့ကြောင့် သင့်အား သင်လှန်စွာ ချစ်နေသော သူရိယဝစ္ဆသာနှင့် ထိမ်းမြားပြီး ဂန္ဓဗ္ဗ မင်းကြီး အဖြစ် တိုးမြှင့်ပေးပါအံ့"

ထိုနောက် သိကြားသည် မြေကြီးကို လက်ဖြင့်ပုတ်၍ သုံး ကြိမ်တိုင်တိုင်မျှ ဥဒါန်းကျူးလေ၏။

"နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ"

# ယက္ခ ပဥှာ

သာဝတ္ထိမှ ယူဇနာ သုံးဆယ်ဝေးကွာသော ဟိမဝန္တာ တောင်ခြေတွင် အာလဝီပြည် တည်ရှိ၏။ တနေ့တွင် ထိုပြည်ကို အစိုးရသော မင်းကြီးသည် အမဲလိုက်ရန် စစ်သည်တော်များနှင့် တောသို့ သွားလေ၏။ မင်းကြီးသည် အလုံးစုံသော သူတို့အား ပြောကြား၏။

"မိမိဘက်မှ သားကောင် လွတ်သွားလျှင် မိမိတာဝန် ဖြစ်၏"

ကံအားလျော်စွာ ထိုနေ့တွင် မင်းကြီး၏ဘက်မှ သမင်တကောင် ထွက်သွား၏။ မင်းကြီးသည် ရှက်စနိုး၍ လေးဖြင့် သမင်နောက်သို့ အတင်းတလကြမ်း လိုက်၏။ သုံးယူဇနာခန့် လိုက်သောအခါတွင်မှ သမင်ကို မိ၏။ အသား စားရန်အတွက် မလိုသော်လည်း အပေါင်းအသင်းတို့ ယုံကြည်စေရန်အတွက် သားကောင်ကို ထမ်းကာ ပြန်လာ၏။ အတန်လှမ်း၍ မောပန်းသောအခါ တခဲနက် အရိပ်လွှက်သော ညောင်ပင်အောက်တွင် အပန်းဖြေ နားနေ၏။

ဤညောင်ပင်တွင် အာလဝက အမည်ရှိသော လူသားစားယက္ခ(ဘီလူး)နေ၏။ သူသည် မွန်းတည့်အခါ ညောင်ပင်ရိပ်တွင် ချွေးသိပ်သော လူတို့အား စားကာ သူ၏ဘဝကို မျှတနေ၏။ ထိုနေ့တွင် မင်းကြီးရောက်လာ၍ စားရန် ချဉ်းကပ်လာ၏။ မင်းကြီးသည် ကြံဘူမရဖြစ်ကာ ပြောပြ၏။

"ငါ့ကို လွှတ်ပါဘိ။ ငါ နေ့တိုင်း သင့်အတွက် လူတယောက်နှင့် ထမင်းတအုပ် ပို့ပေးပါမည်"

ယက္ခက ပြန်ပြော၏။

"သင်သည် မင်းစည်းစိမ်ယစ်ပြီး ဤကိစ္စကို မေ့လျော့နေမည်သာ။ ဤညောင်ပင်အောက်သို့ မရောက်လာလျှင် ငါမစားနိုင်ပါ။ အကယ်၍ သင့်ကို လွှတ်လိုက်ပါလျှင် ငါဘယ်အရာကို စားရမည်နည်း"

မင်းကြီးက ပြန်ကြား၏။

"သင် စားရန်အတွက် လူမရသောနေ့မှာ ငါ့ကို စားပါဘိ"

ထိုအခါ ယက္ခသည် မင်းကြီးကို လွှတ်လိုက်၏။ မင်းကြီးသည် လွှတ်မြောက်ခွင့်ရ၍ မြို့သို့ ရှေ့ရှုပြန်လာ၏။ သူ၏ စစ်သည်တော်တို့သည် မြို့၏အပတွင် တပ်ချကာ စောင့်နေ ကြ၏။ စစ်သည်တော်တို့က အလေးပြုကြသော်လည်း တစုံတရာ ဘာမျှ ပြန်ကြားခြင်းမရှိဘဲ မြို့တွင်းသို့ ဝင်ကာ မြို့တော်ဝန်နှင့် တွေ့ဆုံပြီး အကြောင်းကို ပြန်ပြောင်းပြောပြ၏။

မြို့တော်ဝန်က မေးလျှောက်၏။

"မဟာရာဇ၊ အဘယ်မျှ ရက်အပိုင်းအခြား သတ်မှတ်ပြီး အရှင်လာခဲ့ပါသနည်း"

"အချိန်အခါကိုတော့ မသတ်မှတ်ခဲ့ပါ"

"သို့ဖြစ်လျှင် ရှိပါစေတော့။ အရှင်ဘုရား ဘာမျှ စိုးရိမ်တော် မမူပါလင့်။ ငါကြည့်၍ စီစဉ်ပါမည်"

မြို့တော်ဝန်သည် အကျဉ်းထောင်သို့သွားကာ သေဒဏ်ခံရမည့်သူတို့အား ခေါ်၍ ပြောပြ၏။

"သေဒဏ်မှ လွတ်မြောက်လိုသူများ ထွက်ခဲ့ကြလော့"

သေဒဏ်ခံနေရသောသူ အလုံးပင် ထွက်လာကုန်၏။ မြို့တော်ဝန်သည် ရှေးဦးစွာ ရောက်လာသော လူတယောက်ကို ယနေ့အတွက် ပထမ ရွေးချယ်လိုက်၏။ ထိုသူ့ကို ရေမိုးချိုးစေပြီး ပြောပြ၏။

"ဤထမင်းအုပ်ကို ညောင်ပင်ရင်းမှာ ထားပြီး ပြန်လာခဲ့လော့"

ထိုသူသည် ဝမ်းမြောက်စွာဖြင့် ထမင်းအုပ်ကို ညောင်ပင်အောက်သို့ သွားပို့၏။ ညောင်ပင်အောက်သို့ ရောက်သည်နှင့် တပြိုင်နက် ယက္ခသည် ထိုသူအား ကြာရိုးကြာစွယ်ကို ဝါးသကဲ့သို့ ဝါးပစ်လိုက်လေ၏။ ယက္ခ၏ လက်ကွင်းသို့ ရောက်သောလူသည် ဆီဥထောပတ်ကဲ့သို့ နူးညံ့ သိမ်မွေ့ သွား၏။

အဝေးမှ ခရီးသွားတို့ ထိုအဖြစ်ကို မြင်တွေ့ရ၏။ ထိတ်ထိတ်ပျာပျာဖြစ်ကာ အသက်ကိုလု၍ ပြေးကြ၏။ မင်းကြီးသည် အပြစ်ဒဏ်ခံရမည့်သူတို့အား ဘီလူးစာကျွေးပစ်သော သတင်းမှာ နိုင်ငံအတွင်း ပြန့်နှံ့နေ၏။ ထိုအခါ နိုင်ငံတွင် ခိုးသား ဓားပြစသောသူတို့ မရှိတော့ချေ။ အပြစ်ဒဏ်ခံရသောသူတို့ ဘီလူးစာဖြစ်ကုန်၏။ နောက်ထပ် အပြစ်ကျူးလွန်သူ မရှိသဖြင့် အကျဉ်းထောင်မှာ အပြစ်ဒဏ်ခံရသူ လုံးဝမရှိချေ။

ထိုအကြောင်းကို မြို့တော်ဝန်က မင်းကြီးအား လျှောက်ကြား၏။ မင်းကြီးသည် အဖိုးထိုက်တန်သော ပစ္စည်းဥစ္စာတို့ကို အလွယ်တကူ ခိုးယူစေနိုင်ရန်အတွက် လမ်းတို့တွင်ထားကာ သူခိုးထောင်ရန် အမိန့်ပေး၏။ သို့ရာတွင် လူတို့သည် မင်းကြီး၏ ရည်ရွယ်ချက်ကို ကောင်းစွာ သိနေကြသဖြင့် လမ်းတွင် တွေ့မြင်ရသော အဖိုးတန်ပစ္စည်းဝတ္ထုတို့ကို ကြည့်ရုံပင် မကြည့်ကြချေ။ ထိုအခါ မင်းကြီးသည် အမတ်တို့နှင့် တိုင်ပင်၏။ အမတ်တို့က အကြံပေးကြ၏။

"နိုင်ငံတွင် သေခါနီး အဖိုးကြီးများ ရှိပါ၏။ ထိုသူတို့ကို တနေ့တယောက် ရွေးကောက်ပြီး ဘီလူးစာ ကျွေးသင့်ပါ၏"

မင်းကြီးက ပြန်ကြား၏။

"ဤသို့ပြုရန် မသင့်ချေ။ ဤသို့ပြုလျှင် အချို့က ငါ့အဖေကိုဆွဲသွားပြီ၊ အချို့က ငါ့အဖိုးကို ဆွဲသွားပြီဟု အုတ်အုတ်ကျက်ကျက် ဖြစ်နေလိမ့်မည်"

"သို့ဖြစ်လျှင် မွေးခါစ ကလေးသူငယ်များကို စဉ်းစားသင့်ပါ၏။ သူတို့အပေါ်တွင် လူတို့ သံယောဇဉ် မဖြစ်လှ သေးပါ။ ဘယ်သူ မျှလည်း ငါ့အဖေ ငါ့အမေဟု ပြောကြ မည်လည်း မဟုတ်ပါ"

ထိုအကြံကို မင်းကြီး သဘောတူ လက်ခံလိုက်၏။ အမတ်တို့သည် နိုင်ငံအတွင်းရှိ ကလေးသူငယ်တို့ကို တနေ့ တယောက် ရွေးကောက်ကာ ဘီလူးစာ ကျွေးကြ၏။ ထိုသတင်းသည် နိုင်ငံအတွင်းတွင် ပြန့်နှံ့သွားလေရာ မွေးဖွားစ ခလေးရှိသော မိဘတို့သည် မိမိမိတို့၏ခလေးကို အရပ်တပါးသို့ ယူဆောင်သွားကာ စောင့်ရှောက် ထိန်းသိမ်း ထားကြ၏။ ခလေးသူငယ်တို့ အရွယ်ရောက်မှ ပြန်လာကြ၏။ ဤသို့ဖြင့် ၁၂ နှစ် ကျော်လွန်ခဲ့လေပြီ။

တနေ့တွင် အမတ်တို့သည် တမြို့လုံးတွင် မွေးဖွားစ ခလေး တယောက်မျှ မရသဖြင့် မင်းကြီးအား လျှောက်တင်ကြ၏။

"မဟာရာဇ၊ အရှင်၏ နန်းတွင်းမှ မင်းသား မင်းသမီးတို့မှတပါး နိုင်ငံတွင်းတွင် မွေးဖွားစ ခလေး မရှိတော့ပါ"

"အချင်းတို့၊ ငါ၏သားသမီးကို ငါချစ်သကဲ့သို့ သူတို့လည်း သူတို့၏ သားသမီးကို ချစ်ကြ၏။ သို့ရာတွင် လောကတွင် ကိုယ့်အသက်ထက် ချစ်စရာ တစုံတရာ မရှိပါ။ သို့ကြောင့် ငါ၏ အသက်ကို ကာကွယ်ရန်အတွက် သားတော် သမီးတော်တို့ကို ပေးကြပါဘိ"

ခလေးအမေ မိဖုရားသည် သားငယ်ကို ရေချိုးပြီး အမွှေးနံ့သာလိမ်းခြယ်ကာ ခေါမတိုင်းဖြစ် အဝတ်နှင့် ထွေးလျက် ရင်

ခွင်မှာ ထား၏။ ထိုစဉ်အခါ မင်းမှုထမ်းတို့သည် မင်းကြီး၏အမိန့်ဖြင့် မိဖုရားရင်ခွင်မှ ခလေးကို လုယူသွားကြ၏။

ထိုနေ့မှာ လကွယ်နေ့ နံနက်ခင်းဖြစ်၏။ ကရုဏာ အတိပြီးသော ဗုဒ္ဓသည် အာလဝီ ပြည်သူပြည်သားတို့၏ အခြေဆိုးကို မရှုရက်သဖြင့် နေမထွက်မီ ယက္ခ၏ နေရာသို့ ရောက်သွား၏။ ခဏကြာလျှင် အာလဝက ယက္ခ ရောက်လာပြီး ပြောပြ၏။

"အို သမဏ၊ အပြင်သို့ထွက်ခဲ့လော့"

ဗုဒ္ဓသည် အပသို့ ထွက်သွား၏။ တဖန် ယက္ခ ဆိုပြန်၏။

"အို သမဏ၊ အတွင်းသို့ ဝင်ပါဘိ"

ဗုဒ္ဓသည် အတွင်းသို့ ဝင်သွား၏။ ထိုအခါ အပသို့ ထွက်ရန် ပြောပြန်၏။ အပသို့ ထွက်လာသောအခါ အတွင်းသို့ဝင်ရန်ပြောပြန်၏။ ဤသို့လျှင် သုံးကြိမ်တိုင်မျှ ဝင်စေ၊ ထွက်စေ၏။ ဗုဒ္ဓသည် သူ၏အမိန့်အတိုင်း လိုက်နာ၏။ သူကတဖန် ဆိုပြန်၏။

"အို သမဏ၊ အပြင်သို့ ထွက်ခဲ့လော့"

ထိုအခါ ဗုဒ္ဓက ပြောပြ၏။

"ငါ တဖန် အပြင်သို့ မထွက်တော့ပါ။ သင် ပြုချင်သလို ပြုပါဘိ"

"အို သမဏ၊ ငါ သင့်ကို ပြဿနာ မေးပါမည်။ အကယ်၍ ငါ၏ ပြဿနာကို ကောင်းစွာ မဖြေဆိုနိုင်ပါလျှင် သင်၏စိတ် ပြန့်လွင့်အောင် လုပ်မည်။ သို့မဟုတ် စားမည်။ သို့မဟုတ် ခြေထောက်ဆွဲပြီး ဂင်္ဂါမြစ်ထဲ ပစ်ချလိုက်မည်"

"အို ယက္ခ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ အထဲတွင် ငါ၏စိတ်ကို ပြန့်လွင့်အောင် လုပ်နိုင်သူ၊ ငါ့ကို စားနိုင်သူ၊ ငါ့ခြေကို ကိုင်ဆွဲပြီး ဂင်္ဂါမြစ်ထဲချနိုင်သူ တစုံတယောက်မျှ မတွေ့မမြင်ပါ။ သို့ရာတွင် သင်မေးလိုရာကို မေးပါသိ"

အာလဝက ယက္ခ မေး၏။

"ဤလောကတွင် လူတို့၏ အမြတ်ဆုံး ဥစ္စာကား အဘယ်နည်း။ ဘယ်ကဲ့သို့သော အလုပ်ကို လုပ်လျှင် ချမ်းသာသုခ ရမည်နည်း။ ကမ္ဘာပေါ်တွင် အချိုတကာ့ အချိုဆုံးကား အဘယ်နည်း။ ဘယ်ဘဝကို မြတ်သောဘဝဟု ခေါ်ဆိုမည်နည်း"

"ယုံကြည်မှုသည် လူတို့၏ အမြတ်ဆုံး ဥစ္စာဖြစ်၏။ တရားအလုပ် အားထုတ်ပါလျှင် ချမ်းသာ သုခ ရနိုင်၏။ မှန်ကန်စွာ ပြောဆိုသော သစ္စာစကားသည် လောကတွင် အချိုတကာ့ အချိုဆုံး ဖြစ်၏။ ဉာဏ်ပညာနှင့် စပ်ယှဉ်သော ဘဝကို လောကတွင် အမြတ်ဆုံးဘဝဟု ခေါ်ဆိုကြ၏"

"အဘယ်သို့လျှင် သံသရာ ရေအလျဉ်ကို ကျော်လွန်နိုင်မည်နည်း၊ အဘယ်သို့လျှင် ဘဝ သမုဒ္ဒရာ တဖက်ကို တက်နိုင် မည်နည်း။ အဘယ်သို့လျှင် ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်မည်နည်း။ အဘယ်သို့လျှင် စင်ကြယ် သန့်ရှင်းခြင်း ဖြစ်မည်နည်း"

"ယုံကြည်ချက် ရှိသူသည် သံသရာ ရေအလျဉ်ကို ကျော်လွန်နိုင်၏။ မမေ့ မလျော့ခြင်းဖြင့် ဘဝ သမုဒ္ဒရာ တဖက်သို့ တက်နိုင်၏။ ဝီရိယ အစွမ်းဖြင့် ဆင်းရဲဒုက္ခတို့မှ လွတ်မြောက်၍ ပညာဖြင့် စင်ကြယ် သန့်ရှင်းနိုင်ပါ၏"

"အဘယ်သို့လျှင် ပညာနှင့် ဓနကို ရနိုင်ပါသနည်း။ အဘယ်သို့လျှင် ချီးကျူးခြင်းကို ခံရပါမည်နည်း။ အဘယ်သို့လျှင် မိတ်ဆွေကို ရပါမည်နည်း။ အဘယ်သို့လျှင် သေပြီးနောက် သောကမရောက်ဘဲ ရှိမည်နည်း"

"ဗုဒ္ဓ ဓမ္မကို ယုံကြည်စွာ နာကြား၍ သင်ကြားသောသူသည် ပညာရနိုင်၏။ မပျင်းရိသော သူသည် ဥစ္စာရနိုင်

၏။ မှန်ကန်စွာသော သစ္စာစကား ပြောကြားသောသူ
သည် ချီးကျူးခြင်း ခံရ၏။ ပေးကမ်း လှူဒါန်းသူသည်
မိတ်ဆွေရ၏။ သစ္စာ ဓမ္မ ဝီရိယနှင့် စာဂရှိသူသည် သေ
ပြီးနောက် စိုးရိမ်ဘွယ် မရှိချေ။

"အချင်း အာလဝက၊ ဤသစ္စာ ဓမ္မ ဝီရိယ စာဂတို့ထက် လွန်ကဲ ထူးမြတ်သော အခြား တပါးသော ဓမ္မတရား ရှိပါသေးလျှင် အခြားသော သမဏ ဗြာဟ္မဏ တို့ထံမှာ မေးမြန်း ပါလော့"

"ဘန္တေ၊ အခြားသော သမဏ ဗြာဟ္မဏတို့ထံမှာ မေးဘွယ် မရှိပါ။ မေးသဖြင့်လည်း အကျိုးမရှိပါ။ သင်၏ အဖြေကြောင့် အဘယ်မျှ ငါ့မှာ အကျိုးရှိသည်ကို ယနေ့ ငါကောင်းစွာသိပါ၏။ မြတ်စွာဘုရားသည် ငါ၏ ကောင်းကျိုး ချမ်းသာ မင်္ဂလာ အတွက် အာလဝီပြည်သို့ ကြွလာခြင်းဖြစ်ပါ၏။ ထို့အတူ အခြားသူတို့၏ ကောင်းကျိုး ချမ်းသာ မင်္ဂလာ ဖြစ်လိမ့်မည် ဟုလည်း ယနေ့ သိပါပြီ။ ဗုဒ္ဓနှင့် သဒ္ဓမ္မကို ပူဇော်လျက် ဗုဒ္ဓ ဓမ္မ၏ ဂုဏ်ကျေးဇူးကို သီကျူးပြီး တရွာမှ တရွာ တမြို့မှ တမြို့ လှည့်လည် နေပါမည်"

ဤသို့လျှင် ဘီလူးက လျှောက်ကြား၍ မြတ်စွာ ဘုရားက သာဓု ခေါ်နေစဉ် မင်းမှုထမ်းတို့သည် မင်းသားကလေးကို ယူဆောင်လာကြ၏။ သူတို့သည် ဘီလူး ဗိမာန်မှ သာဓုခေါ်သံ ကြားရ၍ စဉ်းစားကြ၏။

'ဤကဲ့သို့ သာဓုခေါ်သံမျိုးမှာ ဗုဒ္ဓ စံနေရာမှ တပါး အခြားတွင် ကြားနိုင်ဘွယ် မရှိချေ။ ဘီလူး ဗိမာန်တွင် မြတ်စွာ ဘုရား ရောက်နေရော့လား'

ထို့နောက် သူတို့သည် ဗုဒ္ဓ၏ အရှေင်အဝါကို တွေ့မြင်ကြရ၍ ယုံမှား သံသယမှာ ပျောက်ကွယ်သွား၏။ ထိုနောက် သူတို့သည် လျင်မြန် ရဲဝံ့စွာ သွားကြ၏။ ရေးကကဲ့သို့ ကြောက်ရွံ့ မနေကြဘဲ ကိုယ့်အိမ်တွင်း ဝင်သကဲ့သို့ပင် ဘီလူး ဗိမာန်တွင်းသို့ ဝင်သွားကြ၏။ ဗုဒ္ဓသည် ယက္ခဗိမာန်တွင် ထိုင်လျက်ရှိ၍ ယက္ခသည် လက်အုပ်ချီကာ ရပ်နေ၏။ ထိုအခါ သူတို့က ပြောကြ၏။

"အို ယက္ခရာဇ၊ ဤသူငယ်ကို သင်၏ အစာအတွက် ယူဆောင်ခဲ့ပါ၏။ သူ့ကို သင်၏ သဘောအတိုင်း ပြုတော်မူပါလော့"

ယက္ခသည် မြတ်စွာဘုရား၏ ရှေ့တွင်ဖြစ်နေ၍ လွန်စွာ ရှက်ကြောက်သွား၏။ သူသည် ကလေးကို လက်နှစ်ဖက်ဖြင့် ကောင်းစွာယူကာ မြတ်စွာဘုရားအား ပေးအပ်၏။

"ဘန္တေ၊ ဤခလေးကို ငါ့အတွက် ပေးဆက်ခြင်း ဖြစ်ပါ၏။ ထိုကလေးကို ငါသည် အရှင့်အား ပေးလှူပါ၏။ မြတ်စွာဘုရားကြောင့် ချမ်းသာရ ရသော သူငယ်ကို သနားသဖြင့် လက်ခံတော်မူပါ"

ဗုဒ္ဓသည် သူငယ်ကို လက်ခံလိုက်၏။ ထိုနောက် သူငယ်နှင့် ယက္ခအား ကောင်းချီးပေး၍ ပြောပြ၏။

"အို ယက္ခ၊ ဤသူငယ် အသက်ရှည်သကဲ့သို့ သင်လည်း မြတ်သော ချမ်းသာခြင်းဖြင့် ချမ်းသာပါစေ"

ယက္ခ ပြန်ကြား လျှောက်ထား၏။

"မြတ်စွာဘုရား၊ အရှင်သည် ကျန်းမာစွာဖြင့် လောက၏ အကျိုးအတွက် တည်ရှိနေပါ၏။ ဤသူငယ်သည် ဗုဒ္ဓမမှနှင့် သံဃာကို ကိုးကွယ်ဆည်းကပ်ပါလိမ့်မည်"

ဗုဒ္ဓသည် သူငယ်ကို မင်းမှူထမ်းတို့လက်သို့ ပေးအပ်ပြီး မိန့်ကြား၏။

"ဤကလေးကို သင်တို့ မွေးရန်အတွက် ငါ ပေးအပ်၏။ သူ ကြီးသောအခါ ငါ့ထံသို့ ပြန်အပ်ကြလော့"

ဤသို့လျှင် သူငယ်သည် မင်းမှူထမ်း လက်(ဟတ္ထ)မှ ဘီလူးလက်၊ ဘီလူးလက်မှ ဗုဒ္ဓ၏လက်၊ ဗုဒ္ဓ၏လက်မှ တဖန် မင်းမှူထမ်းတို့၏လက်သို့ အပ်နှံသောကြောင့် သူ၏အမည်ကို ဟတ္ထာလဝကဟု ခေါ်တွင်၏။

မင်းမှူထမ်းတို့သည် ခလေးကို ယူဆောင်ကာ နန်းတော်သို့ ပြန်ကြပြီး သူတို့ လယက် ယူဆောင်လာခဲ့သော သူ့အမေ မိဖုရားရင်ခွင်တွင် ခလေးကို ပြန်ပေးလိုက်ကြ၏။

မင်းသားကလေး အရွယ်သို့ရောက်သောအခါ မိဘတို့သည် သူ၏အသက်သခင်ဖြစ်သော ဗုဒ္ဓ၏ထံသို့ ပို့ပေးကြ၏။ သူသည် နောက်သောအခါ အနာဂါမိဖိုလ်၌တည်၍ ပရိသတ် ငါးရာနှင့် တကွ အသက်ထက်ဆုံး ရဟန်းသံဃာတို့ကို လုပ်ကျွေးနေတော့၏။ ဗုဒ္ဓသည် သူ့အား အမျိုးသား အလုပ်အကျွေးတို့တွင် အမြတ်ဆုံးနေရာကို ပေးသနားတော် မူလေ၏။

× × ×

# ဒေ ဝ ဒတ်

# ပကာသနိယကံ

ကောသမ္ဗီပြည်၌နေစဉ် ဒေဝဒတ်သည် သူ၏ တိုးတက်ကြီးပွားထင်ရှားရေးအတွက် ငါ ဘယ်သူနှင့် ပေါင်းသင်းရပါမည်နည်းဟု စဉ်းစား၏။

ရုတ်တရက် အဇာတသတ်မင်းသားကို သွားပြီး သတိရ၏။ မင်းသားကလေးမှာ ငယ်ငယ်ရွယ်ရွယ် တက်တက်ကြွကြွဖြစ်၍ သူနှင့် ပေါင်းသင်းရလျှင် နှစ်ဦးနှစ်ဖက် ကြီးပွားတိုးတက်နိုင်၏။ ဒေဝဒတ်သည် မင်းသားကလေး မိမိဘက် ပါစေနိုင်မည့် နည်းလမ်းကို အပြည့်အစုံ စဉ်းစားပြီး ရာဇဂြိုဟ်သို့ သွားလေ၏။

ဒေဝဒတ် ရာဇဂြိုဟ်သို့ ရောက်သောအခါ အဇာတသတ်မင်းသား တအံ့တဩ ဖြစ်စေရန်အတွက် လောကီ ဈာနသတ္တိဖြင့် သူ၏ ရဟန်းအသွင်ကို လုလင်အသွင်သို့ ပြောင်းလဲပြီး မြွေတကောင်ကို ခါးတွင် နှောင်ဖွဲ့၏။ ပြီးနောက် ကောင်းကင် ခရီးဖြင့်သွားကာ အဇာတသတ်မင်းသား၏ ရင်ခွင်သို့ ဝင်၏။ မင်းသားသည် လွန်စွာ အံ့ဩ ထိတ်လန့် ကြောက်ရွံ့စွာဖြင့် မေး၏။

"အရှင်၊ သင် ဘယ်သူနည်း"

"မင်းသား၊ သင် ကြောက်လန့်သွားသလော"

"မှန်ပါ။ လွန်စွာ ထိတ်လန့်သွားပါ၏။ သင် ဘယ်သူဖြစ်ကြောင်း ပြောပါဦး"

"ငါကား ဒေဝဒတ်ဖြစ်၏"

"ဘန္တေ၊ သင် အကယ်၍ အရှင်ဒေဝဒတ်ဖြစ်ဘိမူ ပကတိ အသွင်ကို ဆောင်ပါလော့"

ထိုအခါ ဒေဝဒတ်သည် လုလင်အသွင်မှ ရဟန်းအသွင်သို့ ပြောင်းလဲလိုက်ပြီးလျှင် မင်းသား၏ ရှေ့တွင် ရပ်နေလေ၏။ အဇာတသတ်သည် ဒေဝဒတ်၏ အတိုင်းမသိသော အစွမ်းသတ္တိကို မျက်ဝါးဝါးထင်ထင် တွေ့မြင်ရ၍ အထူးပင် လေးစားကြည်ညိုသွား၏။ ထိုနေ့မှစ၍ သူသည် ဒေဝဒတ်ထံ တပည့်ခံလိုက်၏။ နေ့စဉ် ဒေဝဒတ်ထံသို့သွားပြီး လုငါးရာစာအတွက် စားသောက်ဖွယ်တို့ကို ပေးပို့လှူဒါန်း၏။

ထိုအဖြစ်ကို တွေ့မြင်ရသော ရဟန်းတို့သည် မြတ်စွာဘုရားထံသွားပြီး လျှောက်တင်ကြ၏။ ထိုအခါ မြတ်စွာဘုရားက မိန့်ကြား၏။

"ရဟန်းတို့၊ သင်တို့သည် ဒေဝဒတ်ကဲ့သို့ လာဘ်လာဘတိုးပွားအောင် မပြုကြလင့်။ အဇာတသတ်မင်းသားထံမှ ဆွမ်းဝတ် ငါးရာ ရသည့်နေ့မှစ၍ ဒေဝဒတ်၏ ကုသိုလ်ကောင်းမှုများ ဆုတ်ယုတ်လေပြီဟု ယူဆကြလော့။ ရဟန်းတို့၊ လွန်စွာဒေါသကြီးသော ခွေး၏ နှာတံသီးနှာမှာ ထမင်းခဲကျလျှင် လွန်စွာ ဒေါသ ထွက်သကဲ့သို့ ပေါများလှသော လာဘ်လာဘသည် ဒေဝဒတ်၏ ပျက်စီးရန်အတွက် ဖြစ်၏။ ရဟန်းတို့၊ ဒေဝဒတ်၏ လာဘ်လာဘသည် သူ၏ ပျက်စီးရာ ပျက်စီးကြောင်းအတွက် ဖြစ်၏။ ငှက်

ပျော့ပင်၊ ဝါးပင်၊ ကျူပင်နှင့် အသီးတို့ရှိခြင်းမသည် မိမိ ပျက်စီးရန်အတွက် အသီးသီးခြင်း၊ မွေးဖွားခြင်းပြုသကဲ့သို့ ဒေဝဒတ်လည်း ထို့အတူ မိမိပျက်စီးရန်အတွက် လာဘ်လာဘ ပြည့်စုံခြင်း ဖြစ်၏"

တရံသောအခါ မြတ်စွာဘုရားသည် ကြီးကျယ်လှသော တရားသဘင်တွင် ဓမ္မတရား ဟောကြားနေ၏။ ထိုအခါ ဘုရင်ဗိမ္ဗိသာရသည် မြို့သူ မြို့သား လူအများနှင့် အတူ တရားနာနေ၏။ အလုံးစုံသော လူအများ တရားကို စိတ်ဝင်စားနေကြစဉ် ရုတ်တရက် ဒေဝဒတ် ရောက်လာ၏။ သူသည် ဗုဒ္ဓ၏ရှေ့တွင် ရပ်လျက် လက်အုပ်ချီကာ လျှောက်ကြား၏။

"ဘန္တေ၊ အရှင်သည် ယခုအခါ ဇရာကြောင့် အိုမင်းမစွမ်း ဖြစ်ပါပြီ။ အကြံဥာဏ် ထိုင်းမှိုင်း၍ သေရန် အခါကာလလည်း နီးကပ်နေပါပြီ။ သို့ကြောင့် ရဟန်းသံဃာတို့ကို စောင့်ရှောက် ထိန်းသိမ်းရန် တာဝန်ကို ငါ့အား အပ်နှံပါဘိ"

"ဒေဝဒတ်၊ အကျိုးမရှိပါ။ ဤကဲ့သို့သော မကောင်းသော အကြံ အတွေးမျိုး မမွေးသင့်ပါ"

ဒေဝဒတ်သည် အကြိမ်ကြိမ်ပင် ထပ်မံတောင်းဆို၍ ဗုဒ္ဓသည် သူ၏ တောင်းဆိုချက်ကို အကြိမ်ကြိမ် ငြင်းပယ်ပြီး ပြောပြ၏။

"ဒေဝဒတ်၊ သာရိပုတြာနှင့် မောဂ္ဂလာန်တို့ကဲ့သို့သော ထိပ်တန်း တပည့်ကြီး နှစ်ဦးအားပင် ငါသည် ရဟန်းသံဃာကို လွှဲအပ်ခြင်း မပြုခဲ့ပေ"

ဤစကားကို ကြားရသောအခါ ဒေဝဒတ်သည် ဒေါသဖြင့် မည်းစိသွား၏။ ဗုဒ္ဓသည် မြို့သူမြို့သားအများနှင့် မင်းကြီး၏ ရှေ့တွင် သူ့ကို နှိမ်ပြီး သာရိပုတြာနှင့် မောဂ္ဂလာန်ကို အထွတ်အထိပ်သို့ တင်၏ဟု ယူဆပြီး တရားသဘင်မှ ဒေါသဖြင့် ထွက်

ခွာသွား၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာတို့အား ခေါ်၍ မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ သံဃာသည် ရာဇဂြိုဟ်တွင် ဒေဝဒတ်အား ပကာသနီယကံ (ထင်ရှားစွာ ကြေညာခြင်း အမှု)ပြုလော့။ ယခုအခါ ဒေဝဒတ်သည် သဘောထားပြောင်းလဲနေ၏။သူ၏ လုပ်ဆောင်မှု၊ ပြောဆိုမှု၊ တွေးဆမှုတို့သည် သူ၏ အလုပ်၊ အပြော၊ အတွေးတို့သာ ဖြစ်၏။ ဗုဒ္ဓနှင့်၎င်း၊ ရဟန်းသံဃာနှင့်၎င်း တစုံတရာ သက်ဆိုင်ခြင်း မရှိဟု ရာဇဂြိုဟ်တွင် ကြေညာရမည်"

× × ×

## အဖသတ်ရန်

ထိုအခါမှစ၍ ဒေဝဒတ်သည် ကိုယ်တိုင်၏ အစွမ်းသတ္တိဖြင့် ဗုဒ္ဓအား ရှုတ်ချရန် မစွမ်းနိုင်သဖြင့် မင်းအာဏာ၏ အကူအညီ ယူရန် အကြံရပြီး အဇာတသတ်မင်းသားထံ ချဉ်းကပ် နားချ၏။

"မင်းသား၊ လူတို့၏ သက်တန်းမှာ လွန်စွာ တိုတောင်းလှပါ၏။ ယခုအခါ လူတို့သည် ရှေးအခါကကဲ့သို့ အသက်မရှည်ကြပါ။ သင်သည် အကယ်၍ မင်းစည်းစိမ်ကို ခံစားလိုပါလျှင် သင်၏အဖ ဗိမ္ဗိသာရကို နန်းချပြီး ကိုယ်တိုင်အုပ်ချုပ် မင်းလုပ်ပါလော့။ ငါလဲ ဗုဒ္ဓကိုလုပ်ကြံပြီး ရဟန်းသံဃာတို့ကို သိမ်းပိုက်အုပ်ချုပ်မည်"

ဒေဝဒတ်၏ အကြံပေးချက်ကို အဇာတသတ် လိုက်လျှောစွာ လက်ခံ၏။ ထိုနောက် သူသည် အဖကိုသတ်ရန် အမြဲကြံနေ၏။ တနေ့ မွန်းတည့်အချိန်တွင် လက်နက်ကို ဝှက်ကာယူပြီး အတွင်း

ဆောင်သို့ ဝင်၏။ တံခါးမှူးက မသကာ်၍ စစ်ဆေးရာ လက်နက်နှင့်တကွ တွေ့ရ၍ အကြောင်းကိုမေး၏။

"မင်းသား၊ လက်နက်နှင့် အတွင်းဆောင်သို့ မဝင်ရပါ။ ထိုအကြောင်းကို သိလျက်နှင့် အမိန့်မရဘဲ ဘယ့်ကြောင့် ဝင်ဘိသနည်း"

အဇာတသတ်သည်လည်း အတိအလင်းပင် ဝန်ခံ၏။

"ငါ ခမည်းတော်ကို သတ်ရန်အတွက် ဖြစ်၏"

"ဘယ်သူက ညွှန်ကြားပါသလဲ"

"အရှင် ဒေဝဒတ်"

"ကောင်းပြီ။ ခမည်းတော်ကို အကြောင်းကြားပေးပါမည်"

တံခါးမှူးသည် မင်းကြီးထံသွားပြီး အကြောင်းကိုလျှောက်ကြား၏။ မင်းကြီးသည် သားကို လွန်စွာချစ်မြတ်နိုးသဖြင့် ချက်ချင်းခေါ်ကာ ဆွေးနွေး၏။

"ချစ်သား၊ တံခါးမှူးပြောစကား မှန်ပါသလော"

"မှန်ပါ၏"

"သင် ဘယ့်ကြောင့် ငါ့ကို သတ်လိုပါသလဲ"

"သင် အသက်ရှင်နေပါလျှင် ငါ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရတော့မည် မဟုတ်ပါ။ သို့ကြောင့် သင့်ကိုသတ်ရန် စီစဉ်ရခြင်း ဖြစ်ပါ၏"

"ချစ်သား၊ အိုမင်းမစွမ်းသော အဖကို သတ်လျှင် သင့်အဖို့ မကောင်းချေ။ မသတ်ချင်ပါနှင့်။ သတ်ဖို့ မလိုပါဘူး။ ဤတိုင်းပြည်သည် သင့်အတွက် ဖြစ်ပါ၏။ ယနေ့မှစ၍ သင့်အား လွှဲပြောင်းပေးမည်။ ကောင်းစွာ စိုးမိုးအုပ်ချုပ် မင်းပြုလုပ်ပါလော့။ ကောင်းကျိုးချမ်းသာ မင်္ဂလာအမျိုးမျိုး တိုးတက် ဝေဆာပါစေ"

အဇာတသတ်သည် ယခုအခါ မဂဓတိုင်း၏ အရှင်သခင်ဖြစ်ခဲ့လေပြီ။

× × ×

## လေးသည်တော်

တနေ့တွင် ဒေဝဒတ်သည် အဇာတသတ်မင်းထံသို့ သွား၍ပြောပြ၏။

"မဟာရာဇ၊ ငါ၏အကြံပေးချက်ဖြင့် သင်သည် ယခုအခါ အလိုဆန္ဒ ပြည့်ဝခဲ့လေပြီ။ ငါမူ ယခုတိုင် ဗုဒ္ဓကို မလုပ်ကြံနိုင်သေးချေ။ တနည်းနည်းဖြင့် သူ့ကိုသတ်ပြီး ငါဗုဒ္ဓကိုသတ်ရန်အတွက် မင်းမြတ်ထံမှ လေးသည်တော် သုံးဆယ့် နှစ်ယောက် လိုချင်ပါ၏"

အဇာတသတ်သည် ချက်ချင်းပင် လေးသည်တော် အကျော်အမော် သုံးဆယ့်နှစ်ယောက်ကို ရွေးကောက်ပေးလိုက်၏။ ဒေဝဒတ်သည် လေးသည်တော်တို့ကိုရင်း၊ သူတို့၏ လက်နက် လေးမြားတို့ကိုရင်း ကောင်းစွာစစ်ဆေးပြီး ဂိဇ္ဈကုဋ်တောင်တွင် စံနေသော သမဏဂေါတမအား လုပ်ကြံရန် စီစဉ်၏။

ဒေဝဒတ်သည် ရှေးဦးစွာ လေးသည်တော်တဦးကို ဗုဒ္ဓအား ပစ်ရန် လွှတ်လိုက်၏။ ပစ်ပြီးက မည်သည့်လမ်းမှ ပြန်ဆင်းလာရန်ကိုလည်း သေချာစွာ ညွှန်ပြလိုက်၏။ ထိုသူ ပြန်ဆင်းလာမည့်လမ်းကြော့ တနေရာတွင် အခြား လေးသည်တော် နှစ်ဦးကို ချထား၏။ ဤဒုတိယစခန်းမှ လူနှစ်ဦး လုပ်ရမည့် အလုပ်မှာ ဗုဒ္ဓကိုပစ်ပြီး လာသူအား ဆီး၍ပစ်ရန် ဖြစ်၏။ ထိုလူနှစ်ဦး ပြန်ဆင်းမည့်လမ်းတွင် လေးသည်တော် လေးဦး ချထားပြန်၏။ သူတို့သည်

ဒုတိယစခန်းမှ ပြန်ဆင်းလာမည့် လူနှစ်ယောက်ကို ဖျောက်ဖျက် ပစ်ရပေမည်။ ထို့အတူ စတုတ္ထကင်းတွင် လေးသည်တော် ရှစ်ဦးနှင့် နောက်ဆုံးစခန်းတွင် ၁၆ ဦး အသီးသီး ချထား၏။ သူတို့သည် မိမိလုပ်ရမည့် အလုပ်မှတပါး အခြားဘာမျှ မသိကြချေ။

ပထမလူသည် တာဝန်ကျေပွန်စွာဖြင့် ဗုဒ္ဓကို ပစ်ရန်သွား၏။ သမာပတ်ဝင်စားနေသော ဗုဒ္ဓကို တွေ့မြင်ရသောအခါ သေချာစွာ ချက်ကောင်းကို ရွေးပြီး ပစ်၏။ သို့ရာတွင် ပွဲတိုင်းကျော် သူ၏မြားသည် လေးပေါ်မှ မဆင်းချေ။ ထပ်မံ ပြင်ဆင်ပြီး ပစ်ပြန်၏။ မလှုပ်ရှားချေ။ အခြား တနေရာသို့ ပစ်ကြည့်၏။ ကောင်းစွာ ထွက်သွား၏။ သူသည် အခြား မြားတစင်းကို တင်ကာ ဗုဒ္ဓကို ပစ်ပြန်၏။ မြားသည် လှုပ်ပင် မလှုပ်ချေ။ ထို့အတူ သူ၏တကိုယ်လုံးလည်း ကျောက်ရုပ်ကဲ့သို့ ဖြစ်သွား၏။ ထိုအခါ မြတ်စွာဘုရားသည် သူ့ကို ကရုဏာဖြင့် ကြည့်ပြီး "ချစ်သား၊ လာလှည့်" ဟု ခေါ်၏။

လေးသည်တော်သည် ထိုအခါတွင်မှ လှုပ်ရှားနိုင်ပြီး သူ၏ လက်နက်လေးမြားတို့ကို စွန့်ပယ်ကာ မြတ်စွာဘုရားထံ သွားပြီး ခြေကို ဖက်ကာ တောင်းပန်လေ၏။

"ဘန္တေ၊ မသိမလိမ်မာသဖြင့် ငါသည် ကြီးလေးသော အပြစ်ကို ကျူးလွန်မိပါ၏။ အရှင်ဘုရားသနားသဖြင့် သည်းခံတော်မူပါလော့"

ကရုဏာရှင် ဖြစ်သော ဗုဒ္ဓသည် သူ၏ ဦးခေါင်းကို ကိုင်ကာ အခွင့်လွှတ်၏။ ထိုနောက် ပထမလေးသည်တော် လာချိန်တန်လျှင် မလာနိုင်သဖြင့် ဒုတိယလေးသည်တော်နှစ်ဦးသည်ရင်း၊ ထိုနောက် တတိယ လေးသည်တော် လေးဦး၊ စတုတ္ထလေးသည်တော် ရှစ်ဦးနှင့် ပဥ္စမ လေးသည်တော် ၁၆ ဦးတို့လည်း အသီးသီး ဗုဒ္ဓထံပါး

ရောက်လာပြီး အပြစ်ကို တောင်းပန်ကြကာ ဗုဒ္ဓအား ကိုးစား ယုံကြည်သွားကြလေ၏။

ဗုဒ္ဓကို ပစ်ရန် တာဝန်ကျသော ပထမ လေးသည်တော်သည် ဒေဝဒတ်၏ အထံသို့ ပြန်ပြီး အကြောင်းကို ပြောပြ၏။

"အရှင်၊ ဗုဒ္ဓမြတ်စွာကို ပစ်သော်လည်း ပစ်၍မရပါ။ ကျွန်ုပ်ကဲ့သို့ ကြီးကျယ်မြင့်မြတ်သော တန်ခိုးရှင်ကို သတ်ရန်မှာ ငါတို့ အလုပ် မဟုတ်ပါ"

"ကောင်းပြီ၊ ရှိစေတော့။ ငါ့အလုပ် ငါပင် လုပ်မည်"

× × ×

## ကျောက်တုံးလှိမ့်

တနေ့တွင် မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်ယံတွင် စင်္ကြံ သွားနေ၏။ ထိုအခါ ဒေဝဒတ်သည် တောင်ထွတ်ပေါ်သို့တက် ပြီး ကျောက်တုံးကြီးတတုံးကို တောင်အောက်သို့ လှိမ့်ချလိုက်၏။ သေချာစွာ စစ်ဆေး စီစဉ်ပြီး လှိမ့်လိုက်သဖြင့် ဗုဒ္ဓ၏အပေါ်သို့ အမှန်ပင် ရောက်နိုင်၏။ ကျောက်တုံးရောက်သွားပါလျှင် ဖားငယ် ကို ကြီးမားသော ပေပေါ်တွင် တူနှင့်ထုသကဲ့သို့ အရိုးများ ကြေ မွသွားပေလိမ့်မည်။ သို့ရာတွင် ကံအားလျော်စွာ မမျှော်လင့်ဘဲ လမ်းထက်ဝက်မှ ကျောက်တုံးနှစ်တုံး ဖြတ်ကာ ခံနေသဖြင့် တည့် တည့်မတ်မတ် မကျချေ။ ကျောက်တုံးချင်း ထိခိုက်ကာ အစိတ် စိတ် အမွှာမွှာ ကွဲသွား၏။ လွင့်စဉ်သော ကျောက်ခဲတလုံးသာ ဗုဒ္ဓ၏ ခြေမကို လာထိ၍ သွေးဥသွား၏။

ရဟန်းတို့သည် မြတ်စွာဘုရား၏ အသက်အန္တရာယ်ကို စိုးရိမ် ကြောင့်ကြလေကုန်သဖြင့် လှုပ်လှုပ်ရှားရှားဖြစ်နေကြ၏။ ထိုအခါ

မြတ်စွာဘုရားသည် ရဟန်းအများကို ခေါ်ပြီး မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ သူတပါးတို့ လက်ချက်ဖြင့် ဗုဒ္ဓ၏အသက် အန္တရာယ် မဖြစ်နိုင်ပါ။ ဗုဒ္ဓသည် အချိန်အခါကျရောက်မှ သဘာဝအတိုင်း ပရိနိဗ္ဗာန် ပြုလိမ့်မည်"

သို့ရာတွင် သူ၏ ဝေဒနာမှာ မသက်သာလှပါ။ အပြင်းအထန် ခံစားနေရ၏။ ကိုယ်ကိုပင် မတ်စွာ ဆောက်တည် မနေနိုင်၍ အာနန္ဒာက သင်္ကန်းတထည် ခင်းပေးရ၏။ မြတ်စွာဘုရားသည် သတိနှင့်ယှဉ်လျက် လက်ယာနံပါးနှင့် ခြင်္သေ့ကဲ့သို့ လျောင်းစက်နေ၏။ ရဟန်းတို့သည် မြတ်စွာဘုရားကို ထမ်းစင်ဖြင့် မဒ္ဒကုစ္ဆိသို့ ပင့်ဆောင်သွား၏။ ထိုမှတဖန် ဇီဝက သရက်ဥယျာဉ်သို့ ပင့်ဆောင်သွားပြန်၏။ မြတ်စွာဘုရား မိမိဥယျာဉ်သို့ ရောက်နေသော သတင်းကို ကြားရသောအခါ ဇီဝက ရောက်လာပြီး မြတ်စွာဘုရား၏ ခြေမတွင် ထိခိုက်သောအနာကို ကုသပေးလေ၏။ ထက်မြက်သော ဆေးကို လိမ်းပေးပြီးနောက် လျှောက်ကြား၏။

"ဘန္တေ၊ မြို့တွင်းမှ လူများကို ဆေးကုသပေးရန် သွားရပါဦးမည်။ ညနေချမ်းအခါ အချိန်မီ ပြန်လာပါမည်။ ငါပြန်လာသောအခါမှ ဤအဝတ်ကို ဖြေပါမည်"

ဇီဝကသည် အချိန်မီပင် ပြန်လာ၏။ သို့ရာတွင် မြို့တံခါးပိတ်ထားသဖြင့် မြတ်စွာဘုရားထံသို့ ထိုည မသွားနိုင်ချေ။ သူသည် စိတ်စောလျက်ပင် ထိုညကို ကုန်လွန်စေရ၏။ နံနက် မြို့တံခါး ဖွင့်သည်နှင့် တပြိုင်နက် မြတ်စွာဘုရားထံ ရောက်သွားပြီး မေးလျှောက်၏။

"ဘန္တေ၊ အရှင်၏ကိုယ် ပူလောင်နေပါသလော"

"ဇီဝက၊ ရောဂ သောက မရှိသောသူမှာ အနှောင်အဖွဲ့ လျော့နေ၏။ ထိုသူအား ပူလောင်ခြင်း မရှိပါ"

ဇီဝကသည် တကြိမ်တည်းသော ဆေးချက်ဖြင့်ပင် မြတ်စွာဘုရား၏ ရောဂါကို တူးဆွပစ်လိုက်လေ၏။

× × ×

# နာဠာဂိရိဆင်

ထိုစဉ်အခါက ရာဇဂြိုဟ်ဘုရင် အဇာတသတ်အား နာဠာဂိရိအမည်ရှိသော လူသတ် ဆင်တကောင် ရှိ၏။ အဇာတသတ်၏ သဘောတူညီမှုဖြင့် တနေ့တွင် ဒေဝဒတ်သည် ဆင်တင်းကုပ်သို့ သွားကာ ဆင်ထိန်းကို အမိန့်ပေး၏။

"သမဏ ဂေါတမ ဆွမ်းခံပြီး အပြန်မှာ ဆင်ကို အရက်တိုက်ပြီး လွှတ်လိုက်"

နောက်တနေ့ မနက်တွင် မြတ်စွာဘုရားသည် ရဟန်းသံဃာများခြံရံလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်လေ၏။ သူသည် အစဉ်အတိုင်း ဆွမ်းရပ်ခဲ့ပြီးနောက် ဒေဝဒတ်သတ်မှတ်ထားသော လမ်းသို့ ရောက်၏။ ထိုအခါ ဆင်ထိန်းတို့သည် မြတ်စွာဘုရားသို့ ရှေးရှု ဆင်ကို လွှတ်လိုက်၏။ ဆင်သည် ဗုဒ္ဓအား အဝေးမှ မြင်ရလျှင် နှာမောင်းထောင်ကာ နားရွက်ခတ်၍ ပြေးလာ၏။ ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားကြ၏။

"ဘန္တေ၊ လူသတ်ဆင်ကြီး မူးယစ်ပြီး ပြေးလာနေပါ၏။ နောက်သို့ ဆုတ်ပါလော။ ဘန္တေ၊ နောက်သို့ အမြန် ဆုတ်ပါလော့"

ထိုအခါ လူတို့တွင် အချို့သည် ပြာသာဒ်ပေါ်သို့၊ အချို့သည် အိမ်မိုးပေါ်သို့၊ အချို့သည် သစ်ပင်ပေါ်သို့ တက်နေကြ၏။ ဗုဒ္ဓ၏ သဘာဝကို မသိသောသူများက "ယနေ့ သမဏဂေါတမ ဆင်ဖြင့် သေတော့မည်"ဟု ပြောဆိုကြ၏။ ယုံကြည်သူများကမူ "ယနေ့ တိရစ္ဆာန်ဆင်နှင့် ဗုဒ္ဓဆင် တိုက်တော့မည်။ ဗုဒ္ဓဆင်၏ အပေါ်တွင် တိရစ္ဆာန်ဆင် အမှန်ပင် ကျဆုံးမည်"ဟု ပြောဆိုကြ၏။

ဆုံးမနိုင်ခဲသော နာဠာဂိရိသည် ဗုဒ္ဓအနီးသို့ရောက်သွားသောအခါ ဗုဒ္ဓ၏ မေတ္တာတွင် နစ်မြုပ်သွား၏။ သူသည် နှာမောင်းကို ချပြီး ဗုဒ္ဓ၏ အပေါ်တွင် မလှုပ်မရှက် ငြိမ်သက်နေ၏။ ဗုဒ္ဓသည် ဆင်မင်း၏ ဦးကင်းပေါ်သို့လက်ယာလက်တင်ပြီးလျှင် ကရုဏာအပြည့်ရှိသော အသံဖြင့် ပြောပြ၏။

"အို ကုဉ္ဇရ၊ ဗုဒ္ဓဆင်ကို ညှဉ်းဆဲ နှိပ်စက်ခြင်း မပြုလင့်။ ပြုပါလျှင် ဆင်းရဲဒုက္ခ ရောက်လိမ့်မည်။ ဗုဒ္ဓဆင်ကို နှိပ်စက်ကာလူ ပြုမူပါလျှင် သေပြီးနောက် ဒုဂ္ဂတိသို့ လားရလိမ့်မည်။ သင် မမေ့လျော့လေနှင့်။ အကြောင်းမူ မေ့လျော့သူသည် နတ်ပြည်သို့ မရောက်နိုင်ချေ။ သင်သည် နတ်ပြည်သို့ သွားရမည့် အလုပ်ကို လုပ်ပါဘိ"

ထိုအခါ ဆင်ကြီးသည် နှာမောင်းဖြင့် ဗုဒ္ဓ၏ခြေမှ မြူမှုန့်ကို ယူပြီး သူ၏ ဦးကင်းပေါ်သို့ ဖြန့်ကြဲပြီးနောက် ဆင်တင်းကုပ်သို့ ပြန်သွားကာ ဆိတ်ငြိမ်စွာ ရပ်နေ၏။ ထိုနေ့မှစ၍ ဆုံးမနိုင်ခဲသော ဆင်ကြီးသည် အလွန်ငြိမ်သက်စွာ နေလေ၏။ လူတို့သည် သူ့ကို ကြည့်ပြီး ပြောကြ၏။ "တုတ် လှံတံ လက်နက်တို့ဖြင့် ဆုံးမသော်လည်း ဘယ်နည်းနှင့်မျှ ယဉ်ကျေးခြင်း မရှိသော ဆင်ကို ဗုဒ္ဓသည်

တစုံတရာ လက်နက် လေးမြား မရှိဘဲနှင့် ယဉ်ကျေးအောင် ဆုံးမနိုင်ခဲ့၏”

ထိုနေ့မှစ၍ ဒေဝဒတ်တွင် လာဘ်လာဘ ဆုတ်ယုတ်၍ ဗုဒ္ဓကား တနေ့တခြား လာဘ်လာဘများ တိုးပွားနေ၏။

X X X

## ဥပဒေငါးချက်

တနေ့တွင် ဒေဝဒတ်သည် သူ၏ နောက်လိုက်များဖြစ်သော ကောကာလိက၊ သမုဒ္ဒဒတ္တ စသည်တို့နှင့် တိုင်ပင်ကာ မြတ်စွာဘုရားထံ သွားပြီး ဥပဒေငါးရပ် ပညတ်ရန် တောင်းဆိုလေ၏။

(၁) ရဟန်းသည် အသက်ထက်ဆုံး တောမှာသာ နေရန်။

(၂) ရဟန်းသည် အသက်ထက်ဆုံး ဆွမ်းခံ၍သာစားရန်။

(၃) ရဟန်းသည် အသက်ထက်ဆုံး ပံသုကူ (အဝတ်စုတ်) သင်္ကန်းကိုသာ ဝတ်ရုံရန်။

(၄) ရဟန်းသည် အသက်ထက်ဆုံး သစ်ပင်အောက်မှာသာ နေရန်။

(၅) ရဟန်းသည် အသက်ထက်ဆုံး အမဲ သားငါးကို မစားရန်။

ဤဥပဒေငါးရပ်ကို ရဟန်းတို့အား ပညတ်ရန် တင်ပြသောအခါ မြတ်စွာဘုရား ပြန်ကြားတော်မူ၏။

“ဒေဝဒတ်၊ ဤဥပဒေငါးရပ်ကို ပညတ်သဖြင့် အကျိုးမရှိချေ။ သင်၏ တောင်းဆိုချက်မှာ ပထမ၊ ဒုတိယနှင့် တတိယ ဥပဒေသတို့ကို ရဟန်းတို့ သဘောအတိုင်း ကျင့်သုံးနိုင်ရန် ငါ

ခွင့်ပြုထား၏။ စတုတ္ထ ဥပဒေနှင့် ပတ်သက်၍ ရဟန်းတို့အား ဆောင်းနှင့် နွေတွင် သစ်ပင်အောက်၌ နေရန် ငါ ပညတ်ပြီးဖြစ်၏။ ပဉ္စမအချက်နှင့် ပတ်သက်၍လည်း မိမိကို ရည်ရွယ်ပြီး စီရင်သည်ဟု မြင်သော၊ ကြားသော၊ ယုံမှားရသော အမဲသားငါး တို့ကို မစားရန် ငါ ပညတ်ပြီး ဖြစ်၏”

ဗုဒ္ဓသည် ဒေဝဒတ်၏ ဥပဒေငါးရပ်ကို ငြင်းပယ်လိုက်၏။ ထို အခါ ဒေဝဒတ်သည် ဝမ်းမြောက်စွာဖြင့် သူနေရာသို့ ပြန်သွား ပြီး ကြေညာချက်တရပ် ထုတ်ပြန်၏။

‘ငါတို့သည် သမဏ ဂေါတမ၏ထံတွင် ဥပဒေငါးရပ် ပညတ်ရန် တောင်းဆိုခဲ့ပါ၏။ သို့ရာတွင် သူသည် လက်ခံခြင်း မရှိပါ။ သို့ကြောင့် ငါတို့သည် သူနှင့် ခွဲခွဲရပြီး သီးခြားနေကာ ဥပဒေငါးပါးကို စောင့်ရှောက် ကျင့်သုံးကြပါမည်။’

ရဟန်းတို့သည် ထိုသတင်းစကားကို မြတ်စွာဘုရားအား လျှောက်ကြားကြ၏။ ထိုအခါ မြတ်စွာဘုရားသည် ဒေဝဒတ်ကို ခေါ်၍ မိန့်ကြား၏။

“ဒေဝဒတ်၊ သင်သည် သံဃာများ ကွဲပြားအောင် ကြံဆောင်နေသလော”

“ဘန္တေ၊ ထိုအလုပ်သည် ငါ၏ကိစ္စပင် ဖြစ်၏”

“ဒေဝဒတ်၊ စိတ်တွင်ပင် ဤကဲ့သို့သော အကြံအစည်များ မဖြစ်စေသင့်ချေ။ သံဃဘေဒကသည် လွန်စွာ အပြစ်ကြီး၏။ စိတ်တူ ကိုယ်မျှ ဖြစ်နေသော သံဃာတို့၏ ကွဲပြားမှု မပြုပါသင့်။ ဤမကောင်းမှုသည် ကမ္ဘာဆုံးအောင် မကောင်းကျိုးကို ခံစားရမည်ဖြစ်၏။ ဒေဝဒတ်၊ ငါသည် သင့်အား အဖန်ဖန် တားမြစ်လျက် သင်သည် ဤမကောင်းမှုကို ပြုကျင့်ဘိ၏”

တနေ့တွင် အာနန္ဒာသည် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံဝင်စဉ် ဒေဝဒတ်လာပြီး ပြောပြ၏။

"မိတ်ဆွေ အာနန္ဒာ၊ ယနေ့မှစ၍ ငါသည် ဗုဒ္ဓနှင့် ဘိက္ခုသံဃာတို့မှ သီးခြား ဥပုသ်ကံကို ပြုဆောင်ပါမည်"

အာနန္ဒာသည် ဆွမ်းခံမှ ပြန်လာသောအခါ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြား၏။ ထိုအခါ ဗုဒ္ဓက မြွက်ကြား၏။

"သူကောင်းသည် ကောင်းသောအလုပ်ကို လုပ်ရန် ဝန်မလေးချေ။ သို့ရာတွင် သူယုတ်သည် ကောင်းသော အလုပ်ကို လုပ်ရန် ဝန်လေး၏။ သူယုတ်သည်မကောင်းသော အလုပ်ကို လုပ်ရန် ဝန်မလေးချေ။ သို့ရာတွင် သူကောင်းသည် မကောင်းသော အလုပ်ကို လုပ်ရန် ဝန်လေး၏"

× × ×

## သံဃဘေဒ

ဥပုသ်နေ့ဖြစ်၏။ ရဟန်းသံဃာတို့ ဥပုသ်ပြုရန် သိမ်တွင် စည်းဝေးကြ၏။ ထိုအခါ ဒေဝဒတ်သည် နေရာမှထ၍ မဲဆန္ဒပေး တုတ်တံတို့ကို ကိုင်၍ ပြောပြ၏။

"အဆွေတို့၊ ငါသည် သမဏဂေါတမ၏ထံမှာ ကျင့်ဝတ်ငါးဖြာကို တောင်းဆိုခဲ့ပါ၏။ သို့ရာတွင် သူသည် ထိုကျင့်ဝတ်တို့ကို ခွင့်ပြုလက်ခံခြင်း မရှိခဲ့ပါ။ ငါကား ထိုကျင့်ဝတ်ငါးပါးကို ကျင့်သုံးပါမည်။ ငါကဲ့သို့ ကျင့်သုံးလိုသူများ ဤမဲဆန္ဒတုတ်တံကို ယူကြပါ"

ထိုအခါ သိမ်ထည်းတွင် ဝဇ္ဇီတိုင်းသား ရဟန်းသစ်ငါးရာတို့ ရှိကြ၏။ သူတို့သည် အကြောင်းရင်းကို မသိကြသဖြင့် ပြောပြ၏။

"ယင်းသည် မူလဓမ္မ၊ မူလဝိနယနှင့် မူလဆရာ၏ ဥပဒေသဖြစ်၏"

ဤသို့ ပြောကြပြီးလျှင် ဒေဝဒတ် ဘက်မှ မဲဆန္ဒ ပေးကြ၏။ ဒေဝဒတ်သည် သံဃာ့ဘောင်မှ ထိုသူတို့ကို ခေါ်ဆောင်ကာ ဂယာသီသ တောင်သို့ သွားလေ၏။

တနေ့တွင် ဒေဝဒတ်သည် ဂယာသီသတောင်မှာ သူ၏ ပရိသတ်တို့အား ဓမ္မတရား ဟောကြားနေ၏။ ထိုအခါ သာရိပုတြာနှင့် မောဂ္ဂလ္လာနသည် ထိုနေရာသို့ ရောက်သွား၏။ သူတို့နှစ်ဦးလာနေသည်ကို တွေ့ရ၍ ဒေဝဒတ်သည် သူ၏ တပည့်များအား ပြောကြား၏။

"ရဟန်းတို့ ရှုကြကုန်လော့။ ငါဟောကြားသော ဓမ္မတရားသည် အဘယ်မျှ စိတ်ဝင်စားဘွယ် ကောင်းသနည်း။ သမဏဂေါတမ၏ ပဓာနတပည့်ကြီး နှစ်ဦးသည် ငါ့တရားကို နာကြားရန်အတွက် ဤသို့လာနေကြ၏"

ထိုအခါ ကောကာလိကသည် ဒေဝဒတ်အား ပြောပြ၏။

"အဆွေ ဒေဝဒတ်၊ သာရိပုတြာနှင့် မောဂ္ဂလ္လာနကို မယုံကြည်ထိုက်ချေ။ သူတို့သည် လွန်စွာ ကောက်ကျစ်စဉ်းလဲ၏။ အပျက်ကို ရှေးရှုပြီး လာနေကြခြင်း ဖြစ်လိမ့်မည်"

"အဆွေ မဖြစ်နိုင်ပါ။ ဘယ့်ကြောင့်ဆိုသော် သူတို့သည် ငါ၏ အယူအဆကို လက်ခံယုံကြည်ကြသူများ ဖြစ်ကြ၏"

ဒေဝဒတ်သည် သာရိပုတြာအား သူနှင့်အတူတကွ လာထိုင်ရန် ဖိတ်ခေါ်၍ ပြောပြ၏။

"အဆွေ သာရိပုတြာ၊ ဤသို့လာပြီး ငါနှင့်အတူ ထိုင်ပါဘိ"

သာရိပုတြာကား လက်မခံချေ။ အခြား တနေရာတွင် လွတ်လပ်စွာ ထိုင်နေ၏။ မောဂ္ဂလ္လာန လည်း အခြားသင့်လျော်သော တနေရာမှာ ဝင်ထိုင်၏။ ဒေဝဒတ်သည် အလွန် ညဉ့်နက်သည်တိုင်အောင် တပည့်များအား တရားစကား ဟောကြားနေ၏။ သူ အလွန်ပင်ပန်း နွမ်းနယ်သောအခါ သာရိပုတြာအား ပြောပြ၏။

"အဆွေ သာရိပုတြာ၊ ယခုအခါ ရဟန်းသံဃာတို့ ပျင်းရိငြီးငွေ့နေကြပါပြီ။ သို့ကြောင့် သင်တလှည့် သူတို့အား ဓမ္မတရား ဟောကြားပါလော။ ငါလည်း ပင်ပန်းလှပြီဖြစ်၍ တနေရာမှာ လည်းလျောင်းပါဦးမည်"

သာရိပုတြာသည် ထိုစကားကို လက်ခံလိုက်၏။ ဒေဝဒတ်မူ တနေရာတွင် ခေတ္တ လည်းလျောင်းလိုက်၏။ သတိ သမ္ပဇည တရားခေါင်းပါးသူဖြစ်သဖြင့် ခဏတွင်ပင် ချက်ချင်း အိပ်မောကျသွားလေ၏။

သာရိပုတြာသည် အာဒေသနာ ပါဋိဟာရိယခေါ် သူတပါးတို့၏ စိတ်အကြံကို သိ၍ ညွှန်ပြကြောင်းဖြစ်သော တန်ခိုးပြာဋိဟာနှင့် အနုသာသနီ ပါဋိဟာရိယခေါ် ဆုံးမကြောင်းဖြစ်သော တန်ခိုးပြာဋိဟာ။ ထို့ပြင် မောဂ္ဂလ္လာန သည် ဣဒ္ဓိပါဋိဟာရိယခေါ် တန်ခိုးပန်ဆင်းခြင်းဖြင့် ရဟန်းတို့ကို ဓမ္မတရား ဟောကြားဆုံးမ၏။ ထိုအခါ ဝဇ္ဇီတိုင်းသား ရဟန်းများသည် ညစ်ကြေးမတင် သန့်ရှင်း ဖြူစင်သော အသိဉာဏ် ရသွားကုန်၏။ ထိုအခါ သာရိပုတြာက ပြောပြ၏။

"အဆွေတို့၊ မြတ်စွာဘုရား၏ အယူဝါဒ လက်ခံယုံကြည်သူသည် ငါတို့နှင့်အတူ လိုက်ခဲ့ကြလော့"

ရဟန်းငါးရာလုံးပင် သူတို့နှစ်ဦးနှင့်အတူ ရာဇဂြိုဟ်သို့ လိုက်ကြလေ၏။ ထိုအခါ ကောကာလိကသည် ဒေဝဒတ်ကို နှိုး၍ပြောပြ၏။

"အဆွေ ဒေဝဒတ်၊ သင့်ကို ငါ ရှေးမဆွကပင် ပြောပြခဲ့သည် မဟုတ်လော။ ယခုအခါ သာရိပုတြသည် သင်၏ပရိသတ်ကို ယူဆောင်၍ သွားလေပြီ"

ထိုခဏတွင် ဒေဝဒတ်တွင် သွေးပွက်ပွက် အန်တွက်လေ၏။

× × ×

# နောင်တ

ရက်ပေါင်းများစွာ ကြာခဲ့လေပြီ။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ပြောင်းရွှေ့ စံနေတော်မူ၏။ တနေ့တွင် ဒေဝဒတ်သည် လာဘ်လာဘပူဇော်သက္ကာရ တပည့်တပန်းများ ဆုတ်ယုတ်ကာ အနာရောဂါလည်း အပြင်းအတန် နှိပ်စက်ခြင်း ခံနေရ၏။ ရှေးက အပြစ်ပြုလုပ်ခဲ့သည်တို့ကိုလည်း နောင်တကြီးစွာ ရနေ၏။ မြတ်စွာဘုရား ထံ သွား၍ တောင်းပန်ရန် စိတ်အားထက်သန်နေသဖြင့် သူ၏ အဖော်တို့အား ပြောပြ၏။

"ငါသည် မြတ်စွာဘုရားအား အမျိုးမျိုး ဒုက္ခပေးခဲ့၏။ သို့ရာတွင် မြတ်စွာဘုရားသည် ငါ့အပေါ် အပြစ်မပြု လျစ်လျူရှုခဲ့၏။ ရှစ်ဆယ်သော မဟာထေရ်ကြီးတို့လည်း ဘယ်သူမျှ ငါ့အပေါ် အပြစ်မတင်ခဲ့ကြချေ။ ငါသည် မိမိပြုသော ကံ၏ အကျိုးဖလကို ယခု ခံစားနေရ၏။ အထီးကျန် ဖြစ်နေ၏။ မြတ်စွာဘုရား ကိုယ်တိုင် မဟာထေရ်အပေါင်း၊ ရာဟုလမထေရ်၊ သကျမင်းအပေါင်း

အလုံးစုံသည်ငါ့ကို ဖယ်ကြဉ်၍ထားကြ၏။မြတ်စွာဘုရား ငါ့အား ခွင့်လွှတ်မည့်နည်းလမ်းကို ငါမြင်ပါ၏။ အဆွေတို့၊ မြတ်စွာဘုရားကို ငါဖူးတွေ့ချင်ပါ၏။ သင်တို့ ငါ့အား ဘုရားခြေတော်ရင်းသို့ ပို့ပေးကြပါဘိ"

သူ၏ တပည့်များက ပြန်ကြားကြ၏။

"သင်သည် ကျန်းမာသန်စွမ်းစဉ်အခါက သူ၏ ဆန့်ကျင်ဘက်တို့ကို အများအပြား ပြုလုပ်ခဲ့၏။ ယခု မထနိုင်သောအခါရောက်မှ သူ့ကို ဖူးတွေ့ချင်နေဘိ၏။ ဘယ်သူသည် မျက်နှာပြောင်တိုက်၍ သင့်ကို ပို့ပေးနိုင်မည်နည်း"

"သင်တို့သည် ငါ့ကို ပျက်စီးမည့်လမ်းပေါ် မတင်ကြပါလင့်။ ငါသည် သူ့ကို ဘယ်မျှ ဆန့်ကျင်ခဲ့စေကာမူ သူသည် ဘယ်အခါကမျှ ငါ့အပေါ် တန်ပြန်မျက်စိဖြင့် မကြည့်ခဲ့ချေ။ သူသည် ရာဟုလာကိုကြည့်သကဲ့သို့ ငါ့ကို၎င်း၊ အင်္ဂုလိမာလကို၎င်း၊ ဓနပါလ(နာလဂိရိဆင်)ကို၎င်း ကြည့်ရှုခဲ့၏။ ငါ့ကို သူ့ဆီ ပို့ပေးကြပါ။ ငါသူနှင့်မတွေ့ရလျှင် အသေဖြောင့်တော့မည် မဟုတ်ပါ"

သူ၏တပည့်များ အမျိုးမျိုးအဖုံဖုံ ရှောင်လွှဲကြသော်လည်း မရသဖြင့် နောက်ဆုံးတွင် ညောင်စောင်းပေါ်တင်ကာ သူ့ကို ထမ်းပြီး ဘုရားထံ ပို့ရန် စီစဉ်ကြ၏။ ရက်အနည်းငယ်ခန့် ကြာသောအခါ ကောသလတိုင်းသို့ရောက်၍ အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ကြား၏။

"ယခုအခါ ဒေဝဒတ်သည် မြတ်စွာဘုရားထံ တောင်းပန်ရန် လာနေပါ၏"

"အာနန္ဒာ၊ ဒေဝဒတ်သည် ငါ့ကို တွေ့မြင်ခွင့် မရှိဘူး"

ထို့နောက် ဒေဝဒတ်သည် သာဝတ္ထိပြည်သို့ရောက်၍ အာနန္ဒာက လျှောက်ပြန်၏။ မြတ်စွာဘုရားလည်း ရှေးနည်းအတူပင်

ပြန်လည် မြှက်ကြား၏။ ဒေဝဒတ် ဇေတဝန် ပေါက္ခရဏီ ရေကန် အနီးသို့ ရောက်လာလေပြီ။ ထိုအခါ သူ၏မကောင်းမှု အကျိုးဖလကို ခံစားရန် အခါကျလာ၏။ သူ၏ကိုယ် ပူလောင်လှသဖြင့် ရေချိုးလိုကြောင်း ပြောပြ၏။

"အဆွေတို့၊ ညောင်စောင်းချပြီး ငါ့ကို ရေချိုးပေးကြပါဘိ"

သူ၏လူများသည် သူ၏အမိန့်အတိုင်း ညောင်စောင်းကို ချကြ၏။ ထိုအခါ ဒေဝဒတ်သည် ညောင်စောင်းပေါ်မှ အောက်သို့ ဘင်း၏။ မြေပြင်သို့ ခြေဘင်လိုက်သည်နှင့် တပြိုင်နက် မြေကြီးသည် ခံတွင်းဟကာ သူ့ကို မျိုချကိုက်လေ၏။

× × ×

# မဟာပရိနိဗ္ဗာန်

# ရာဇဂြိုဟ်

မြတ်စွာဘုရားသည် တရံသောအခါ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်တွင် စံနေတော်မူ၏။ ထိုအခါ မဂဓမင်း အဇာတသတ်သည် ဝဇ္ဇီနိုင်ငံကို ကျူးကျော်ရန် အကြံဖြစ်၏။

'ငါသည် ပြည့်စုံကြွယ်ဝသော ဤဝဇ္ဇီနိုင်ငံကို သိမ်းယူပြီး ဝဇ္ဇီတို့ကို ဖျက်ဆီးပစ်ရဘိမူ ကောင်းလေစွ။'

တနေ့တွင် သူသည် သူ၏အမတ်ချုပ်ကြီးဖြစ်သော ဝဿကာရအား ပြောပြ၏။

"အမတ်ကြီး၊ မြတ်စွာဘုရားထံသွားပြီး ငါ၏စကားဖြင့် ရှိခိုးလျှောက်ကြားပါလေ။ 'ဘန္တေ၊ ဘုရင်အဇာတသတ်သည် ဝဇ္ဇီနိုင်ငံကိုတိုက်ပြီး ဝဇ္ဇီတို့ကို ဖျက်ဆီးပစ်ရန် အကြံဖြစ်နေပါ၏'။ ပြီး သူ၏အဖြေကို ငါ့အား ပြန်ကြားပါလော့၊ မြတ်စွာဘုရားသည် ဘယ်အခါမျှ ချွတ်လွဲသောစကားကို မဆိုပါ"

ဝဿကာရ အမတ်ကြီးသည် တနေ့တွင် ရထားဖြင့် ဂိဇ္ဈကုဋ်တောင်သို့ သွား၏။ တောင်ခြေတွင် ရထားရပ်စေပြီး မြတ်စွာဘုရား

ထံပါးသို့ ခြေလျင်သွားကာ အဇာတသတ်မင်း မှာကြားသော စကားကို လျှောက်ကြား၏။ ထိုအခါ အာနန္ဒာသည် မြတ်စွာဘုရား၏ နောက်နားတွင်ရပ်လျက် ယပ်ခတ်နေ၏။ မြတ်စွာဘုရားသည် သူ့ကိုခေါ်၍ မေး၏။

"အာနန္ဒ၊ ဝဇ္ဇီမင်းတို့ မကြာခဏ စည်းဝေးကြသောသတင်းကို ကြားပါသလော"

"ဘန္တေ၊ စည်းဝေးကြကြောင်း ကြားပါ၏"

"အာနန္ဒ၊ သို့ဖြစ်လျှင် ဝဇ္ဇီတို့ ကြီးပွားရန်သာ ရှိ၏။ ဆုတ်ယုတ်ပျက်စီးမှု မဖြစ်နိုင်ချေ။ ထို့ပြင် အာနန္ဒ၊ မကြာခဏ စည်းဝေးကြရာတွင် ဝဇ္ဇီတို့သည် ညီညွတ်စွာ စည်းဝေးကြသလော။ အစည်းအဝေးမှ ထကြသလော။ တိုင်းပြည်အရေးကိစ္စတို့ကို ညီညွတ်စွာ ဆောင်ရွက်ကြသလော"

"ဘန္တေ၊ ညီညွတ်ကြကြောင်း ကြားပါ၏"

"အာနန္ဒ၊ သို့ဖြစ်လျှင် ဝဇ္ဇီတို့ ကြီးပွားရန်သာရှိ၏။ ဆုတ်ယုတ်ပျက်စီးမှု မဖြစ်နိုင်ချေ။ ထို့ပြင် အာနန္ဒ၊ ဝဇ္ဇီတို့သည် မပညတ်သော အရာကို မပညတ်ဘဲ ရှိကုန်သလော။ ပညတ်ပြီးသော အရာတို့ကို မပယ်ဖျက်ဘဲ ရှိကုန်သလော။ ပညတ်ပြီးသော ရှေးဟောင်း ဝဇ္ဇီကျင့်ထုံးတို့ကို လိုက်နာ ကျင့်သုံး ကြကုန်သလော"

"ဘန္တေ၊ ထိုအတိုင်း လိုက်နာကျင့်သုံးကြောင်း ကြားပါ၏"

"အာနန္ဒ၊ သို့ဖြစ်လျှင် ဝဇ္ဇီတို့ ကြီးပွားရန်သာ ရှိ၏။ ဆုတ်ယုတ် ပျက်စီးမှု မဖြစ်နိုင်ချေ။ ထို့ပြင် အာနန္ဒ၊ သင် ဘယ်သို့ ကြားသနည်း။ ဝဇ္ဇီမင်းတို့သည် အသက်ဂုဏ် ဝါ သိက္ခာကြီးသူတို့ကို ရိုသေလေးစား မြတ်နိုးစွာ ပူဇော်ကြသလော။ ထိုသူတို့၏ သြဝါဒကို လိုက်နာကြသလော"

"ဘန္တေ၊ ထိုအတိုင်း ကြားပါ၏"

"အာနန္ဒ၊ သို့ဖြစ်လျှင် ဝဇ္ဇီတို့ ကြီးပွားရန်သာ ရှိ၏။ ဆုတ်ယုတ်ပျက်စီးမှု မဖြစ်နိုင်ချေ။ ထို့ပြင် အာနန္ဒ၊ ဝဇ္ဇီမင်းတို့သည် အမျိုးသမီးတို့ကို ကျူးလွန်စော်ကားမှု မရှိကြဟု သင် ကြား၏လော"

"ဘန္တေ၊ ထိုအတိုင်း ကြားပါ၏"

"အာနန္ဒ၊ သို့ဖြစ်လျှင် ဝဇ္ဇီတို့ ကြီးပွားရန်သာ ရှိ၏။ ဆုတ်ယုတ်ပျက်စီးမှုမဖြစ်နိုင်ချေ။ အာနန္ဒ၊ ဝဇ္ဇီတို့သည် ရှေးဟောင်း အဆောက်အဦဖြစ်သော စေတီပုထိုး စသည်တို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်သည်ဟု သင် ကြားသလော"

"ဘန္တေ၊ ထိုအတိုင်း ကြားပါ၏"

"အာနန္ဒ၊ သို့ဖြစ်လျှင် ဝဇ္ဇီတို့ ကြီးပွားရန်သာ ရှိ၏။ ဆုတ်ယုတ် ပျက်စီးမှု မဖြစ်နိုင်ချေ။ ထို့ပြင် အာနန္ဒ၊ ဝဇ္ဇီမင်းတို့သည် မိမိတို့ တိုင်းပြည်သို့ မရောက်သေးသော ရဟန္တာတို့ ရောက်စေရန်၊ ရောက်ပြီးသော ရဟန္တာတို့ ချမ်းသာစွာ နေရန် ကောင်းစွာ ဆောင်ရွက်သည်ဟု သင် ကြားသလော"

"ဘန္တေ၊ ထိုအတိုင်း ကြားပါ၏"

"အာနန္ဒ၊ သင်းပြင့် ဝဇ္ဇီတို့ ကြီးပွားရန်သာ ရှိ၏။ ဆုတ်ယုတ် ပျက်စီးမှု မဖြစ်နိုင်ချေ"

ထိုနောက် မြတ်စွာဘုရားသည် ဝဿကာရ အမတ်ကြီးအား ပြောကြား၏။

"ပြာဟ္မဏ၊ ငါသည် တခါက ဝေသာလီပြည် သာရန္ဒဒ စေတီတွင် နေခဲ့၏။ ထိုအခါက ငါသည် ဝဇ္ဇီမင်းတို့အား ဤအပ

ရိ ဟာနိယ(ကြီးပွားရေး)တရား ခုနစ်ပါးကို ဟောကြားခဲ့၏။ ဤ တရား ခုနစ်ပါးကို လိုက်နာကျင့်သုံးနေသမျှ သူတို့ ကြီးပွား ရန်သာ ရှိ၏။ ဆုတ်ယုတ်ခြင်း မရှိနိုင်ချေ”

ထိုအခါ ဝဿကာရ အမတ်ကြီးက လျှောက်ကြား၏။

“အို ဂေါတမ၊ ဤ ကြီးပွားရေးတရား ခုနစ်ပါးတို့တွင် တ ပါးကို လိုက်နာကျင့်သုံးသဖြင့်လည်း ကြီးပွားမည်သာတည်း။ ဆုတ်ယုတ်ခြင်း မဖြစ်နိုင်ပါ။ အကယ်၍ ခုနစ်ပါးလုံး ကျင့်သုံး ကမူကား ဆိုဖွယ်ရာ မရှိပါ။ ဝေဒေဟိ၏သား အဇာတသတ် သည် ဖြားယောင်းမှုကို ဖြစ်စေ၊ အချင်းချင်း စိတ်ဝမ်းကွဲပြားမှုကို ဖြစ်စေ မပြုပါဘဲ ဝဇ္ဇီတို့ကို ဖျက်ဆီးနိုင်မည် မဟုတ်ပါ။ အို ဂေါတမ၊ ယခုအခါ ငါတို့ ပြန်ကြကုန်အံ့။ ငါတို့မှာ ကိစ္စများလှ ပါ၏။ ပြုလုပ်ဖွယ်ကိစ္စ အများအပြားပင် ရှိကုန်၏”

“ဗြာဟ္မဏ၊ သင်သွားရန်အချိန်ကို သင်ပင် သိ၏”

ဝဿကာရ ပြန်သွားသော အခါ မြတ်စွာဘုရားသည် အာနန္ဒာ ကိုခေါ်၍ မိန့်ကြားတော်မူ၏။

“အာနန္ဒ၊ ရာဇဂြိုဟ်တွင်ရှိသော ရဟန်းအားလုံးကို ဓမ္မာရုံတွင် စုရုံးလော”

အာနန္ဒာသည် ရဟန်းတို့ကို ဓမ္မာရုံတွင် စုရုံးစေပြီး မြတ်စွာ ဘုရားအား လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားသည် ဓမ္မာရုံသို့ ကြွလာပြီး ရဟန်းတို့အား မိန့်ကြားတော်မူ၏။

“အို ရဟန်းတို့၊ ငါသည် သင်တို့အား အပရိဟာနိယ တရား ခုနစ်ပါး ဟောကြားမည်။ သင်တို့ ကောင်းစွာ မှတ်သားကြ လော”

(၁) ရဟန်းတို့သည် မကြာခဏ စည်းဝေးကြရမည်။
(၂) သိသိတ်စွာ စည်းဝေးကြ၍ အညီအညွတ် စည်းဝေးခြင်းမှ ထကြရမည်။ ရဟန်းကိစ္စတို့ကို အညီအညွတ် ဆောင်ရွက်ကြရမည်။
(၃) မပညတ်သော အရာကို မပညတ်နှင့်။ ပညတ်ပြီးသော အရာကို မပယ်ဖျက်ဘဲ ကောင်းစွာ လိုက်နာကျင့်သုံးရမည်။
(၄) ဝါကြီးသော မထေရ်ကြီးတို့ကို ရိုသေစွာ ပူဇော်လျက် သူတို့၏ ဩဝါဒကို လိုက်နာကြရမည်။
(၅) ဘဝကို ဖြစ်စေတတ်သော တဏှာ၏ အလိုသို့ မလိုက်ကြနှင့်။
(၆) တောကျောင်း၌ နေရန် စိတ်အားထက်သန်ရမည်။
(၇) မရောက်လာသေးသော အကျင့်သီလရှိသူတို့ ရောက်လာစေရန်၊ ရောက်လာပြီးသော အကျင့်သီလရှိသူတို့ ချမ်းသာစွာ နေနိုင်စေရန် သတိပြုရမည်။

"ရဟန်းတို့၊ သင်တို့သည် ဤတရားခုနစ်ပါးနှင့် ပြည့်စုံလေက ကြီးပွားရန်သာ ရှိ၏။ ဆုတ်ယုတ် ပျက်စီးခြင်း မဖြစ်နိုင်ချေ"

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်တွင် စံနေလျက် ဤသို့ စသဖြင့် သီလ သမာဓိ ပညာနှင့် ပတ်သက်သော ဓမ္မတရားတို့ကို ဟောကြား ညွှန်ပြတော်မူ၏။ ရာဇဂြိုဟ်တွင် ပျော်ရွှင်သမျှ စံနေပြီးနောက် အာနန္ဒာအား ပြောကြား၏။

"အာနန္ဒာ၊ အမ္ဗလဋ္ဌိက ဥယျာဉ်သို့ သွားကြပါစို့"

× × ×

## အမ္ဗလဋ္ဌိက

မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာတို့နှင့် တကွ အမ္ဗလဋ္ဌိကသို့ ကြွသွားပြီးလျှင် မင်းကွန်း၌ စံနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား များစွာသော ဓမ္မတရားတို့ကို ဟောကြားတော်၏။ ထိုတွင် ရက်အနည်းငယ်နေပြီးနောက် အာနန္ဒာအား မိန့်ကြား၏။

"အာနန္ဒာ၊ နာလန္ဒာသို့ သွားကြပါစို့"

× × ×

## နာလန္ဒာ

ထိုနောက် မြတ်စွာဘုရားသည် များစွာသော ရဟန်း သံဃာတို့နှင့်အတူ နာလန္ဒာသို့ ကြွတော်မူ၍ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌စံနေ၏။ ထိုအခါ သာရိပုတြာသည် ဗုဒ္ဓ၏အထံသို့ရောက်လာပြီး လျှောက်ကြား၏။

"ဘန္တေ၊ အရှင်ဘုရားကဲ့သို့ အလုံးစုံ ထိုးထွင်းသိမြင်သော သမဏ ဗြာဟ္မဏ မရှိခဲ့ပါ။ ယခုလည်း မရှိ၊ နောက်လည်း ရှိလိမ့်မည်ဟု မထင်ပါ။ ဤသို့ ငါ ယူဆပါ၏"

"သာရိပုတြာ၊ သင်၏စကား ကြီးကျယ် ခန့်ငြားလှဘိ၏။ တိကျ ပြတ်သားလှ၏။ ခြင်္သေ့ဟောက်သကဲ့သို့ ဖြစ်၏။ သာရိပုတြာ၊ အသို့နည်း။ ရှေးကပွင့်လေပြီးသော မြတ်စွာဘုရားတို့သည် ဤသို့သော သီလ၊ သမာဓိ၊ ပညာ၊ နေခြင်းနှင့် လွတ်မြောက်ခြင်းရှိကုန်၏ဟု စိတ်ကို စိတ်ဖြင့် ပိုင်းခြား သိပါ၏လော"

"ဘန္တေ၊ မသိပါ"

"သာရိပုတြ၊ သင်သည် စိတ်ကို စိတ်ဖြင့် ပိုင်းခြားသိနိုင်သော စေတောပရိယဉာဏ် မရှိဘဲလျက် အဘယ်ကြောင့် ဤကဲ့သို့ ကြီးကျယ်သောစကားကို ပြောကြားဘိသနည်း"

"ဘန္တေ၊ သို့ရာတွင် ငါသည် မျက်မြင်ကိုယ်တွေ့ ချင့်ချိန်နိုင်သော 'ဓမ္မာန္ဝယဉာဏ်'ကိုရရှိပါ၏။ ဥပမာ၊ နယ်ခြားမြို့တမြို့ ရှိပါ၏။ ထိုမြို့မှ မြို့ရိုးအခြေနှင့်တကွ တံတိုင်း တရိုဏ်းတိုင်တို့လည်း ခိုင်ခန့်၏။ တံခါးပေါက်လည်း တခုသာရှိ၏။ ထိုမှတပါး အခြားနေရာတို့တွင် ကြောင်ထွက်ရုံမျှ အပေါက်မရှိချေ။ တံခါးပေါက်တွင် ကျွမ်းကျင် လိမ္မာသော တံခါးမှူး စောင့်နေပါ၏။ သူသည် 'ဤမြို့တွင်းသို့ ပင်သမျှသော သူတို့သည် ဤတံခါးပေါက်က ပင် ဝင်ကြ၏။ ထို့ပြင် ဤတံခါးပေါက်မှပင် ထွက်ကြ၏'ဟုဆင်ခြင်နိုင်သကဲ့သို့ ထို့အတူ ငါလည်း မျက်မြင်ကိုယ်တွေ့ဖြင့် ချင့်ချိန်သော ဓမ္မာန္ဝယဉာဏ်ဖြင့် ခြသေ့ဟောက်သကဲ့သို့ တင်လျှောက်ခြင်းဖြစ်ပါ၏"

မြတ်စွာဘုရားသည် နာလန္ဒာတွင် စံနေလျက် အခါအခွင့်အားလျော်စွာ ဓမ္မတရား ဟောကြား၏။ ထိုမှတဖန် ပါဋလိရွာသို့သွားမည့်အကြောင်း အာနန္ဒာအား မိန့်ကြားတော်မူ၏။

× × ×

# ပါဋလိရွာ

မြတ်စွာဘုရားသည် များစွာသော သံဃာတို့နှင့်အတူ ပါဋလိသို့ ကြွတော်မူ၏။ မြတ်စွာဘုရား ကြွလာသော သတင်းကို ကြား

သောအခါ ရှာသူရှာသားတို့သည် သူတို့၏ရွာတွင်ရှိသော စရပ်တို့ကို သုတ်သင် ရှင်းပေးကြ၏။ မြတ်စွာဘုရားသည် ရဟန်းသံဃာများနှင့် အတူတကွ စရပ်တွင်နေလျက် ရှာသူရှာသားတို့အား ဓမ္မတရား ဟောကြား၏။

"ဥပါသကာတို့၊ အကျင့်သီလ မရှိသောသူသည် အကျင့်သီလ မရှိခြင်းကြောင့် အပြစ်ငါးပါး ထင်ရှားဖြစ်ကုန်၏။ ဥစ္စာစီးပွား ပျက်ပြား၏။ မကောင်းသတင်း ပြန့်နှံ့၏။ ပရိသတ်အလယ်တွင် မျက်နှာငယ်၏။ တွေဝေကာ သေရ၏။ သေပြီးနောက် ငရဲသို့ရောက်ရ၏။

"ဥပသကာတို့၊ အကျင့်သီလရှိသောသူသည် အကျင့်သီလရှိသောကြောင့် အကျိုးငါးပါး ထင်ရှား ဖြစ်ကုန်၏။ ဥစ္စာစီးပွား ပြည့်ထွန်း၏။ ဂုဏ်သတင်း ပြန့်သင်း၏။ ပရိသတ်အလယ်တွင် တင့်တယ်၏။ မတွေမဝေ သေရ၏။ သေပြီးနောက် နတ်ပြည်သို့ရောက်၏"

မြတ်စွာဘုရားသည် ညဉ့်နက်သည်တိုင်အောင် ဓမ္မတရား ဟောကြားနေ၏။ တရားဆုံးသောအခါ "ဥပါသကာတို့၊ ယခုအခါ ညဉ့်ဦးယံ လွန်လေပြီ။ သင်တို့၏ အချိန်ကို သင်တို့ သိကြကုန်လော" ဟု မိန့်ကြားတော်မူ၏။

× × ×

## ပါဋလိပုတ်

ထိုစဉ်အခါ မဂဓတိုင်း အမတ်ကြီးများ ဖြစ်ကြသော သုနိဓနှင့် ဝဿကာရတို့သည် ဝဇ္ဇီမင်းတို့ကို တားဆီး ပိတ်ပင်ရန်အတွက်

ပါဋလိရွာ၌ မြို့တည်နေကြ၏။ ထိုအခါ မြတ်စွာဘုရားသည် အာနန္ဒာအား မေး၏။

"အာနန္ဒာ၊ ပါဋလိရွာမှာ ဘယ်သူ မြို့တည်နေသနည်း"

"ဘန္တေ၊ မဂဓတိုင်း အမတ်ကြီးများဖြစ်သည့် သုနိဓနှင့်ဝဿကာရ ကြီးမှူးပြီး ဝဇ္ဇီမင်းတို့ကို တားဆီးရန် မြို့တည်နေကြပါ၏"

"အာနန္ဒာ၊ ချင်းတို့ မြို့တည်သည်မှာ တာဝတိံသာနတ်တို့ တိုင်ပင် တည်ဆောက်သကဲ့သို့ ဖြစ်၏။ အာနန္ဒာ၊ အရိယန်လူမျိုးတို့ နေထိုင်ရာ ကူးသန်း ရောင်းဝယ်ရာဖြစ်သော မြို့တို့တွင် ဤမြို့သစ်သည် အကြီးကျယ်ဆုံး ဖြစ်လိမ့်မည်။ ပါဋလိပုတ်အမည်ဖြင့် ထင်ရှား၍ မီးဘေး ရေဘေး အချင်းချင်းကွဲပြားသောဘေးဟူ၍ ဘေးအန္တရာယ်သုံးမျိုး ဖြစ်လိမ့်မည်"

ထိုအခါ မဂဓတိုင်း အမတ်ကြီးနှစ်ဦးသည် မြတ်စွာဘုရားအံ ချဉ်းကပ် လျှောက်ထားကုန်၏။

"ဘန္တေ၊ အရှင်သည် သံဃာနှင့်တကွ ယနေ့အဖို့ ငါတို့၏ဆွမ်းကို ခံတော်မူပါလော"

ဗုဒ္ဓသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလျက် ထိုနေ့တွင် သံဃာများနှင့်တကွ အမတ်ကြီး၏ဆွမ်းကို ဘုဉ်းပေးပြီး အနုမောဒနာ ပြု၏။

"ဗြာဟ္မဏတို့၊ ပညာရှိသည် အိုးသစ် အိမ်သစ် တည်ဆောက်ပြီးလျှင် အကျင့်သီလရှိသော သူတို့ကို ပင့်ဖိတ်ကျွေးမွေး လှူဒါန်းသင့်၏။ အလှူ၏အဖို့ကို နတ်အား အမျှအတန်း ပေးဝေရာ၏။ ထိုသို့ပြုပါသော် လူနတ်တို့၏ မေတ္တာ စေတနာ ထောက်ပြန်မှုကိုရ၍ ခပ် သိမ်း သော ကောင်းကျိုး ချမ်းသာ မင်္ဂလာကို တွေ့မြင်နိုင်၏"

မြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာတရား ဟောကြားပြီးနောက် နေရာမှထ၍ ကြွသွားတော်မူ၏။ ရဟန်း သံဃာ အများနှင့်တကွ ထိုမြို့မှထွက်၍ ဂင်္ဂါတဖက်သို့ ကူးသွား၏။ အမတ်ကြီးနှစ်ဦးသည် သူတို့၏ မြို့သစ်မှ မြတ်စွာဘုရား ထွက်တော်မူသော တံခါးကို 'ဂေါတမ တံခါး' ဟု တွင်စေ၍ မြတ်စွာဘုရား ကူးသွားသော ဂင်္ဂါမြစ်ဆိပ်ကိုလည်း 'ဂေါတမ ရေဆိပ်' ဟု တွင်စေ၏။

ထိုစဉ်အခါက ဂင်္ဂါမြစ်မှာ ရေလျှံနေ၏။ ကျီးငှက်တို့သည် ကမ်းထိပ်မှနေ၍ ရေကို သောက်နိုင်၏။ တဖက်မှ အခြားတဖက်သို့ ကူးလိုသူတို့သည် လှေကိုသော်၎င်း၊ဖောင်ကိုသော်၎င်း ရှာ၍ ပြီး ကူးကြရ၏။ ဗုဒ္ဓသည် ထိုသူတို့ကို တွေ့မြင်ရ၍ ဥဒါန်းစကားမြွက်ကြား၏။

"တဏှာအဏ္ဏဝါကို ကူးသောသူတို့သည် ကံလေသာ ချုံညွန်တို့ကို ဖယ်ရှားပြီး တန်တားထိုးကာ ကူးသွားကြ၏။ လူတို့သည် ဖောင်ဖွဲ့နေကြ၏။ တဖက်ကမ်းသို့ ရောက်သောပညာရှိသည် ဖောင်မဖွဲ့တော့ချေ"

× × ×

# ကောဋိရွာ

မြတ်စွာဘုရားသည် မြစ်တဖက်သို့ ရောက်သောအခါ အာနန္ဒာအား ပြောကြား၏။

"အာနန္ဒ၊ ကောဋိရွာသို့ သွားကြပါစို့"

မြတ်စွာဘုရားသည် ကောဋိရွာသို့ ရောက်သောအခါ ရဟန်းတို့အား ဓမ္မတရား ဟောကြားတော်မူ၏။

"ရဟန်းတို့၊ အရိယသစ္စာကို မသိကြခြင်းကြောင့် ငါသည်၎င်း၊ သင်တို့သည်၎င်း ရှည်လျားလှစွာသော ဤသံသရာတွင် ကျင်လည်ပြေးလွှား နေခဲ့ကြရ၏။ ဆင်းရဲခြင်းအမှန်၊ ဆင်းရဲဖြစ်ကြောင်းအမှန်၊ ဆင်းရဲချုပ်ရာအမှန်နှင့် ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ်အမှန်ကို မသိကြ၍ ဖြစ်၏။ ငါသည် ထိုအရိယသစ္စာတို့ကို ထိုးထွင်း သိမြင်လေပြီ။ ဘဝသစ်သို့ ဆွဲဆောင်နေသော ကြိုးနှင့်တူစွာ တဏှာကို ဖြတ်တောက်လိုက်လေပြီ။ အရင်းမူလ ပြတ်သွားပြီဖြစ်၍ ယခုအခါ ငါ့မှာ တဖန် ဘဝသစ်၌ ဖြစ်ရန် မရှိတော့ချေ"

မြတ်စွာဘုရားသည် ကောဋိရွာတွင် နေစဉ် ရဟန်းတို့အား ဤတရားကို ကြိမ်ဖန်များစွာ ဟောကြားတော်မူ၏။

× × ×

## နာဒိကရွာ

မြတ်စွာဘုရားသည် ကောဋိရွာတွင် အလိုရှိသမျှ နေပြီးနောက် အာနန္ဒာအား မိန့်ကြားတော်မူ၏။

"အာနန္ဒာ၊ နာဒိကရွာသို့ သွားကြပါစို့"

မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ နာဒိကရွာသို့ ကြွသွားပြီးလျှင် အုတ်ကျောင်းကွင် သီတင်းသုံးတော်မူ၏။ ထိုအခါ အာနန္ဒာသည် ဗုဒ္ဓထံပါး ချဉ်းကပ်လျှောက်ကြား၏။

"ဘန္တေ၊ ဤရွာ၌ သေဆုံးသွားသူများ ရှိကုန်၏။ သူတို့ကား သာဠှမည်သော ရဟန်း၊ နန္ဒာမည်သော ဘိက္ခုနီ၊ သုဒတ္တမည်သော အမျိုးသမီးနှင့်အမျိုးသားတို့တွင် ကုက္ကုဋ၊ ကာလိမ္ဘ၊ နိကဋ၊

ကဋ္ဌိဿဟ၊ တုဋ္ဌ၊ သန္တုဋ္ဌ၊ ဘဒ္ဒ၊ သုဘဒ္ဒတို့ ဖြစ်ကြပါ၏။ သူတို့၏ လားရာဂတိကား အဘယ်ပါနည်း။ တမလွန်ဘဝကား အဘယ်ပါနည်း"

"အာနန္ဒ၊ ဤအရာသည် အံ့သြဘွယ်ရာ မဟုတ်ပါ။ လူသေတိုင်း သေတိုင်း ဗုဒ္ဓအား လျှောက်ကြားနေပါလျှင် ဗုဒ္ဓ ပင်ပန်းရုံသာ ရှိချေမည်။ ထို့ကြောင့် ဓမ္မာဒါသခေါ် မှန်ပြတရား ငါ ဟောကြားမည်။ ဤမှန်ပြတရားတွင်တင်၍ ကြည့်ပါက မိမိ လားရာဘဝကို မိမိတို့ အလိုအလျောက် သိနိုင်မည်"

"ဘန္တေ၊ ဟောကြားတော်မူပါ"

"အာနန္ဒ၊ အကြင်သူသည် ဗုဒ္ဓကို ဉာဏ်ဖြင့် တွေ့မြင်၍ ယုံကြည်၏။ ဓမ္မတရားကို ဉာဏ်ဖြင့်တွေ့မြင်၍ ယုံကြည်၏။ သမာဓိနှင့်ယှဉ်သော အကျင့်သီလ ရှိ၏။ အာနန္ဒ၊ ထိုသူသည် ကိုယ်တိုင် မိမိအကြောင်းကို ပြောကြားနိုင်၏။ ဤကဲ့သို့သော သီလ သမာဓိ ပညာကို ဓမ္မာဒါသခေါ် မှန်ပြတရားဟု ခေါ်၏။

× × ×

## ဝေသာလီ

ဗုဒ္ဓသည် နာဒိကကျေးရွာတွင် အလိုရှိသမျှ နေပြီးလျှင် အာနန္ဒကိုခေါ်၍ မိန့်ကြား၏။

"အာနန္ဒ၊ ဝေသာလီသို့ ချဉ်းကပ်ကုန်စို့"

မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်အတူ ဝေသာလီသို့ ရောက်သောအခါ အမ္ဗပါလီ၏ ဥယျာဉ်၌ စံနေ၏။ ထိုအခါ ရဟန်းတို့အား မြတ်စွာဘုရား မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ ရဟန်းသည် သတိရှိလျက် ဆင်ခြင်လျက် နေရာ၏။ ရုပ် ဝေဒနာ စိတ် သဘောတရားတို့၌ အဖန်ဖန်ရှုလျက် ဆင်ခြင်လျက် နေရာ၏။ ရှေ့သို့တက်ရာ၊ နောက်သို့ဆုတ်ရာ၊ ကြည့်ရှုရာ၊ ကွေးရာ၊ ဆန့်ရာ၊ ဝတ်ရုံရာ၊ စားသောက်ရာ၊ ကျင်ကြီးကျင်ငယ် စွန့်ရာ၊ သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ အိပ်ရာ၊ နိုးရာ၊ ပြောဆိုရာ၊ ဆိတ်ဆိတ်နေရာတို့၌ သတိရှိလျက် ဆင်ခြင်လျက် နေရာ၏။ ဤကား သင်တို့အတွက် ငါ၏ အဆုံးအမပေတည်း"

မြတ်စွာဘုရား စံနေသော ဥယျာဉ်ကား အမ္ဗပါလီ၏ဥယျာဉ် ဖြစ်၏။ အမ္ဗပါလီကား ဝေသာလီတွင် လွန်စွာ နာမည်ကြီးသော ပြည့်တန်ဆာ ကခြေသည်ဖြစ်၏။ သူသည် မိမိဥယျာဉ်သို့ မြတ်စွာဘုရား ရောက်နေသော သတင်းကို ကြားရသောအခါ ယာဉ်ရထားဖြင့် ဗုဒ္ဓထံပါးသို့ သွား၏။ ဗုဒ္ဓသည် သူ့အား တရားစကားဖြင့် သိစေလျက် ဆောက်တည်စေကာ တက်သန်ရွှင်လန်းစေ၏။ ထိုနောက် အမ္ဗပါလီက ဗုဒ္ဓအား လျှောက်ကြား၏။

"ဘန္တေ၊ နက်ဖြန် ရဟန်းသံဃာနှင့်တကွ ငါ၏ဆွမ်းကို ခံတော်မူပါလော့"

ဆိတ်ဆိတ်နေခြင်းဖြင့် သူ၏ဆွမ်းကို ဗုဒ္ဓလက်ခံကြောင်း သိသောအခါ အမ္ဗပါလီသည် ဝမ်းသာစွာဖြင့် ရှိခိုးပြီး ပြန်ခဲ့လေ၏။

လိစ္ဆဝီမင်းသားတို့လည်း မြတ်စွာဘုရား ဝေသာလီသို့ ရောက်နေကြောင်း သတင်းကို ကြားရ၍ ယာဉ်ရထားတို့ဖြင့် ဘုရားဖူးရန် လာကြ၏။ လမ်းတွင် အမ္ဗပါလီ၏ရထားနှင့် တိုက်မိ၍ လိစ္ဆဝီမင်းသားတဦးက လှမ်း၍မေး၏။

"ဟယ် အမ္ဗပါလီ၊ အဘယ်ကြောင့် ရထားကို မရှောင်သနည်း"

"အရှင့်သားတို့၊ နက်ဖြန်ခါ မြတ်စွာဘုရားကို ဆွမ်းကပ်ရန် ရှိနေပါ၍"

"အို ပါလိ၊ သို့ဖြစ်လျှင် ထိုဆွမ်းကို အသပြာတသိန်းဖြင့် ငါ့တို့ကို"

"အို အရှင်တို့၊ တိုင်းခရိုင်နှင့်တကွ ဝေသာလီပြည်ကို ပေး ပေကာမူ"

အမ္ဗပါလီသည် စကားကိုမျှ အဆုံးမသတ်နိုင်ဘဲ အိမ်သို့ ရှေ့ရှုပြန်သွား၍ လိစ္ဆဝီတို့ ရေရွတ်ကျန်ခဲ့၏။

"ငါတို့ကို ပြည့်တန်ဆာက အနိုင်ယူသွားလေပြီ"

သူတို့လည်း ဗုဒ္ဓထံသို့ ဆက်လက်သွားကြ၏။ မြတ်စွာဘုရားသည် သူတို့ကို အဝေးကပင် တွေ့မြင်ရ၍ ရဟန်းတို့အား ပြောကြား၏။

"ရဟန်းတို့၊ တာဝတိံသာ နတ်တို့ကို မမြင်ဘူးလျှင် လိစ္ဆဝီမင်းသားတို့ကို ရှုကြလော့။ သူတို့ကို နတ်တို့နှင့်အတူထား၍ ကြည့်ရှုကုန်လော့"

သူတို့ ရှိခိုးခစားကြသောအခါ ဗုဒ္ဓသည် သူတို့အားလည်း သူတို့နှင့် သင့်လျော်သော ဓမ္မတရား ဟောကြား၏။ သူတို့သည် တရားနာပြီးသောအခါ ရှိခိုးလျှောက်ကြားကြ၏။

"ဘန္တေ၊ နက်ဖြန် ရဟန်းနှင့်တကွ ငါတို့၏ဆွမ်းကို လက်ခံတော်မူပါလော"

"မင်းသားတို့၊ နက်ဖြန်အဖို့ အမ္ဗပါလီ၏ဆွမ်းကို ငါလက်ခံလိုက်ပြီ"

"ငါတို့ကို ပြည့်တန်ဆာက အနိုင်ယူသွားပြီ"ဟု အချင်းချင်း ပြောဆိုကာ ဗုဒ္ဓကို ရှိခိုးပြီး ပြန်ကြ၏။

အမ္ဗပါလီသည် မြတ်စွာဘုရားအား ဆွမ်းကပ်ပြီးနောက် သူ၏ ဥယျာဉ်ကို လှူ၏။

"ဘန္တေ၊ ငါ၏ဥယျာဉ်ကို ဗုဒ္ဓအမှူးရှိသော သံဃာအား ပေးလှူပါ၏"

မြတ်စွာဘုရားလည်း သူ၏ ဥယျာဉ်ကို လက်ခံတော်မူလေ၏။

× × ×

## ဝေဠုဝရွာ

ထိုအခါ ဗုဒ္ဓသည် အမ္ဗပါလီ၏ ဥယျာဉ်တွင် အလိုရှိသမျှ နေတော်မူပြီးလျှင် အာနန္ဒအား မိန့်တော်မူ၏။

"အာနန္ဒ၊ လာ သွားကုန်အံ့။ ဝေဠုဝရွာသို့ ချဉ်းကပ်ကုန်အံ့"

"အရှင်ဘုရား၊ ကောင်းပါပြီ"

အာနန္ဒက ဗုဒ္ဓအား ဝန်ခံ၏။ ထိုအခါ ဗုဒ္ဓသည် များစွာသော သံဃာနှင့်အတူ ဝေဠုဝရွာသို့ ကြွတော်မူ၏။ ဝေဠုဝသို့ ရောက်သောအခါ ရဟန်းတို့အား မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ သင်တို့သည် ဝေသာလီပြည်၏ ပတ်ဝန်းကျင်ဝယ် မိတ်ဆွေ အသိ အကျွမ်းများရှိရာ၌ ဝါကပ်ကုန်လော့။ ငါမူကား ဝေဠုဝရွာ၌သာ ဝါကပ်အံ့"

"အရှင်ဘုရား၊ ကောင်းပါပြီ"

ရဟန်းတို့သည် ဗုဒ္ဓအား ဝန်ခံကြပြီးလျှင် ဝေသာလီ၏ ပတ်ဝန်းကျင် မိတ်ဆွေ အသိအကျွမ်း ရှိရာ၌ ဝါကပ်ကြ၏။ ဗုဒ္ဓကား ဝေဠုဝရွာ၌သာလျှင် ဝါကပ်၏။ ထိုအခါ ဗုဒ္ဓအား ကြမ်း

တမ်းသော ရောဂါကပ်ရောက်လျက် သေလောက်အောင် ပြင်းထန်သော ဝေဒနာဖြစ်၏။ ထိုအခါ ဗုဒ္ဓသည် ဤသို့ဆင်ခြင်၏။ 'ငါသည် အလုပ်အကျွေးတို့ကို မသိစေမူ၍၊ ရဟန်းသံဃာကို မပန်ကြားမူ၍ ပရိနိဗ္ဗာန်ပြုခြင်းငှာ မလျောက်ပတ်။ ငါသည် ဤရောဂါကို ဝီရိယဖြင့် ပယ်ခွာ၍ အသက် ရှည်စေနိုင်သော သမာပတ်ကို ဝင်စားလျက် နေရမူ ကောင်းလေစွ'။ ဤသို့ စဉ်းစားပြီး ဗုဒ္ဓသည် သမာပတ်ကို ဝင်စား၏။ ထိုအခါ ဗုဒ္ဓ၏ ရောဂါသည် ငြိမ်းလေ၏။ ဗုဒ္ဓ၏ ကျန်းမာရေး ကောင်းမွန်လာသည်ကို တွေ့ရသောအခါ အာနန္ဒာသည် အတူးပင် အားရဝမ်းသာဖြစ်၍ ဗုဒ္ဓအား လျှောက်ကြား၏။

"ဘန္တေ၊ ငါသည် အရှင်၏ ချမ်းသာတော်မူခြင်းကို တွေ့ရပါပြီ။ ကျန်းမာခြင်းကို တွေ့ရပါပြီ။ အရှင်ဘုရား မကျန်းမာသောကြောင့် ငါ၏ကိုယ်ခန္ဓာသည် လေးလံတောင့်တင်းသကဲ့သို့ ဖြစ်ပါသည်။ ငါ့အား အရပ်မျက်နှာတို့သည်လည်း မကွဲပြားကုန်။ တရားတို့လည်း မထင်ပေါ်ကုန်။အရှင်၊ သို့ဖြစ်သော်လည်း အရှင်သည် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစုံတရာ မြွက်ကြားတော်မမူသေးသမျှ ကာလပတ်လုံးပရိနိဗ္ဗာန် ဝင်စံလိမ့်မည်မဟုတ်ဟု ငါအနည်းငယ် သက်သာခွင့် ရရှိပါတော့သည်"

"အာနန္ဒာ၊ ရဟန်းသံဃာသည် ငါ့ထံမှ အဘယ် အရာကို မျှော်လင့်နေသေးသနည်း။ ငါသည် အတွင်း အပြင် မထားဘဲ တရားပြခဲ့သည်။ အာနန္ဒာ၊ ငါ့မှာ တရားတို့၌ ဆရာ့လက်ဆုပ်ပြုထားသော လျှို့ဝှက်ချက် မရှိချေ။

"ရဟန်းသံဃာကို ငါသာလျှင် သိမ်းယူအံ့၊ သူတို့သည် ငါ့ကိုသာ အားကိုးခြင်းရှိနေစေဟု လိုလားခြင်း ရှိသူတို့သာ ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစုံတရာ မြွက်ဆိုရာ၏။ ဤသို့သော ငါ

သွားခြင်း မရှိသော ငါသည် အဘယ်မှာ မြွက်ကြား တော့အံ့နည်း။

"အာနန္ဒ၊ ယခုအခါ ငါသည် အိုမင်း ကြီးရင့်လှပါပြီ။ အရွယ် လွန်နေပါပြီ။ အဆုံးပိုင်းသို့ ရောက်နေပါပြီ။ ငါ့အသက် ရှစ်ဆယ် ရှိနေပါပြီ။ သည်းအိုသည် ဖွဲ့စည်း တုပ်နှောင်ခြင်းဖြင့် တည်တံ့သကဲ့သို့ ငါ၏ ကိုယ်ခန္ဓာသည် ဖလသမာပတ်ဖြင့် တည်တံ့လျက်ရှိ၏။ အာနန္ဒ၊ ထို့ကြောင့် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတပါး ကိုးကွယ်ရာမရှိဘဲ မိမိသာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေကုန်လော့။ ရဟန်းသည် သတိရှိလျက် လောကဌ် လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေရာ၏။

"အာနန္ဒ၊ အကြင်ရဟန်းသည် ယခုဖြစ်စေ၊ ငါလွန် သောအခါဖြစ်စေ မိမိကိုယ်ကို ကျွန်းသဖွယ် ကိုးစား၍ နေအံ့။ ထိုရဟန်းသည် အကျင့်သိက္ခာ၌လားသော ရဟန်းတို့တွင် အမြတ်ဆုံး ဖြစ်၏"

မြတ်စွာဘုရားသည် နံနက်အခါ ဝေသာလီတွင် ဆွမ်းခံဝင်၏။ ဆွမ်းစားပြီးသော် အာနန္ဒအား မိန့်ကြား၏။

"အာနန္ဒ၊ ထိုင်စရာအခင်း ယူခဲ့လော့။ နေ့သန့်စင်ရန် စာပါလ စေတီသို့ သွားပေအံ့"

စာပါလ စေတီသို့ ရောက်သောအခါ ဤသို့ မိန့်ကြား၏။

"အာနန္ဒ၊ ဝေသာလီသည် မွေ့လျော်ဘွယ်ရှိပေ၏။ ဥဒေနစေတီ၊ ဂေါတမစေတီ၊ သတ္တမ္ဗစေတီ၊ ဗဟုပုတ္တက စေတီ၊ သာရန္ဒဒစေတီနှင့် စာပါလ စေတီတို့သည် လွန်စွာ မွေ့လျော်ဘွယ်ကောင်းသော ဌာနတို့ ပေတည်း။

"အာနန္ဒ၊ ရာဇဂြိုဟ်သည် မွေ့လျော်ဘွယ်ရှိပေ၏။ ဝေဘာရ ပါတ၊ ဝေဘာရတောင်အနီး သတ္တပဏ္ဏိဂူ၊ ဣသိဂိလိတောင် အနီး ကာလသိလာ၊ သီတဝေ သပ္ပသောဏ္ဍိက ပဗ္ဘာရ၊ တပေါဒါရုံ၊ ဝေဠုဝန်ကလန္ဒက နိဝါပ၊ ဇီဝက တောနှင့် မဒ္ဒကုစ္ဆိတွင် မိဂ ဒါယတို့သည် လွန်စွာ မွေ့လျော်ဘွယ်ကောင်းသော ဌာနတို့ပေ တည်း။

"အာနန္ဒ၊ ငါသည် အလုံးစုံသော တွယ်တာ တပ်မက်ဖွယ်တို့ ကို စွန့်ပယ်ပြီးဖြစ်ကြောင်း ပြောခဲ့ပေပြီ။ မကြာမီ တထာဂတ ပရိနိဗ္ဗာန်ပြုတော့မည်။ ယနေ့မှ သုံးလကျော်လွန်လျှင် ပရိနိဗ္ဗာန် ပြုပေအံ့။ အာနန္ဒါမဟာဝုန်တောကူဋာဂါရ စရပ်သို့ သွားကြစို့"

ကူဋာဂါရ စရပ်သို့ ရောက်သောအခါ မိန့်ကြား၏။

"အာနန္ဒ၊ ဝေသာလီတွင် နေကြသော ရဟန်းအလုံးကို စုရုံး ပါလော့"

ရဟန်းများ စုံညီသောအခါ မိန့်ကြားတော်မူ၏။

"ရဟန်းတို့၊ ငါသည် ဗြဟ္မစရိယ အကျင့် ကြာမြင့်စွာ တည် ငြိမ်စေရန် လောက၏ အကျိုးစီးပွား အလို့ငှာ သတိပဋ္ဌာန် လေး ပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါး ပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး မဂ္ဂင်ရှစ်ပါး သဘော တရားများကို ဟောကြားခဲ့၏။ ထိုတရားတို့ကို အကြိမ်ကြိမ် အထပ်ထပ် လေ့လာပွားများ သုံးသပ်ကုန်လော့။ ရဟန်းတို့၊ သင်တို့ကို ငါတိုက်တွန်း၏။ ပျက်စီးတတ်သော သဘောတရား ကို မမေ့ကြလင့်။ မကြာမီ ငါပရိနိဗ္ဗာန်ပြုအံ့။ ယနေ့မှ သုံးလ လွန်လျှင် တထာဂတ ပရိနိဗ္ဗာန်ပြုပေအံ့။

"ငါ၏ အရွယ် မှည့်နေပြီ။ ငါ၏ အသက် အားနည်းလှလေပြီ။ ငါ့ကို ကိုးစားသော သင်တို့ကို ထားခဲ့ပြီး ငါသွားတော့မည်"

မြတ်စွာဘုရားသည် နံနက်တွင် ဝေသာလီသို့ ဆွမ်းခံဝင်၏။ ဆွမ်းစား ပြီးသောအခါ ဆင်ပြောင်ကြီးကဲ့သို့ ဝေသာလီကို ကြည့်ပြီး အာနန္ဒာကို မိန့်ကြား၏။

"အာနန္ဒာ၊ ဘုရားတသည် ဝေသာလီကို ယခု ကြည့်ခြင်းသည် နောက်ဆုံးဖြစ်၏။ ဘဏ္ဍုရွာသို့ သွားကြပါစို့"

× × ×

## ဘောဂမြို့

မြတ်စွာဘုရားသည် ဘဏ္ဍုရွာတွင် ရဟန်းတို့အား အရိယသစ္စာတရားကို ဟောကြားကာ မွေ့လျော်သမျှ နေပြီး အစဉ်အတိုင်း ဟတ္ထိရွာ၊ အမ္ဗရွာ၊ ဇမ္ဗုရွာမှ တဆင့် ဘောဂမြို့သို့ ရောက်သွား၏။ ထိုအခါ ရဟန်းတို့အား မဟာပဒေသ လေးပါး ဟောကြားတော်မူ၏။

"ရဟန်းတို့၊ တစုံတယောက်သော ရဟန်းက ဤဓမ္မဝိနယသည် မြတ်စွာဘုရားထံမှ ကိုယ်တိုင်ကြားနာခဲ့ရသော မြတ်စွာဘုရား၏ အဆုံးအမဟုရင်း၊ မည်သည့် မဟာထေရ်ထံမှ ကိုယ်တိုင်ကြားနာခဲ့ရသော မြတ်စွာဘုရား၏ အဆုံးအမဟုရင်း၊ ဗဟုသုတ လွန်စွာကြွယ်ဝသော မည်သည့် ပုဂ္ဂိုလ်တို့ထံမှ ကိုယ်တိုင် ကြားနာခဲ့ရသော မြတ်စွာဘုရား၏ အဆုံးအမဟုရင်း၊ မည်သည့် ဝိနည်းဓိုရ်ထံမှ ကိုယ်တိုင်ကြားနာခဲ့ရသော မြတ်စွာဘုရား၏ အဆုံးအမဟုရင်း ပြောကာမျှဖြင့် မယုံကြည်ကြနှင့်။ ထိုစကားတို့ကို သုတ်

နှင့် ဝိနည်း အတွင်းသို့ သွင်း၍ ကြည့်ကြကုန်။ သုတ် ဝိနည်းတို့နှင့် ကောင်းစွာ သိညှိယှဉ်ကြည့်ပြီးမှ ယုံကြည်အပ်၏။ ရဟန်းတို့၊ ဤမဟာပဒေသလေးပါးကို ကောင်းစွာ မှတ်သားကြလော့”

မြတ်စွာဘုရားသည် ဘောဂမြို့တွင် စံနေစဉ်အခါ ရဟန်းတို့အား ဤသို့စသဖြင့် အမျိုးမျိုးသော ခမ္မတရား ဟောကြားတော်မူ၏။ ထိုတွင် အလိုရှိသလောက် စံနေပြီးလျှင် အာနန္ဒာအား မိန့်ကြား၏။

“အာနန္ဒာ၊ ပါဝါမြို့သို့ သွားကြစို့”

× × ×

# ပါဝါပြည်

မြတ်စွာဘုရားသည် ရဟန်း သံဃာနှင့် အတူ ပါဝါတွင် နေစဉ်အခါ စုန္ဒအမည်ရှိသော ပန်းတိမ်သည်၏ သားသည် သရက်ဥယျာဉ်တွင် နေ၏။ စုန္ဒသည် မြတ်စွာဘုရား ပါဝါသို့ ကြွလာသော သတင်းစကား ကြားရသောအခါ မြတ်စွာဘုရားထံ လာကျပြီး ဓမ္မတရား နာကြား၏။ တရားဆုံးသောအခါ ရှိခိုးလျှောက်ကြား၏။

“ဘန္တေ၊ အရှင်သည် ရဟန်းသံဃာနှင့်အတူ နက်ဖြန် ငါ၏အိမ်တွင် ဆွမ်းစားတော်မူပါ”

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံလိုက်၏။ နံနက်မိုးသောက်သောအခါ စုန္ဒသည် အမျိုးမျိုးသော ဘောဇဉ်တို့နှင့် များစွာသော ဝက်ပျို့သားကို စီရင်ထား၏။ အချိန်တန်၍ ရဟန်းသံဃာတို့နှင့်တကွ မြတ်စွာဘုရား ကြွလာသောအခါ ကိုယ်တိုင် ဘောဇဉ်ဆွမ်းကို လှူဒါန်း၏။ ဆွမ်းစား ပြီးသောအခါ

မြတ်စွာဘုရားသည် စုန္ဒအား ဓမ္မတရား ဟောကြားပြီး ပြန်ကြွ သွား၏။

စုန္ဒ၏ ဆွမ်း စားပြီးသောအခါ မြတ်စွာဘုရားသည် ဝမ်းသွေးသွန်ရောဂါ စွဲကပ်လေ၏။ ရောဂါမှာ မျှော်လင့်ဘွယ်မရှိအောင် ပြင်းထန်၏။ မြတ်စွာဘုရားသည် သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်နေပြီးလျှင် အာနန္ဒကို ခေါ်၍ မိန့်ကြား၏။

"အာနန္ဒ၊ ကုသိနာရုံသို့ သွားကြပါစို့"

ရဟန်းသံဃာနှင့်တကွ ကြွသွား၏။ အတန် သွားသောအခါ သစ်ပင်တပင်၏ အနီးသို့ ရောက်၍ မြတ်စွာဘုရားသည် အာနန္ဒ အား မိန့်ကြား၏။

"အာနန္ဒ၊ ငါ၏အပေါ်ရုံသင်္ကန်းကို ဖြန့်ခင်းပါတိ။ ငါ လွန်စွာ ပင်ပန်းနေ၏"

အာနန္ဒသည် အပေါ်ရုံသင်္ကန်းကို သစ်ပင်အောက်တွင် ဖြန့်ခင်းပေး၍ မြတ်စွာဘုရားသည် ထိုတွင် လည်းလျောင်းနေ၏။ ထိုအခါ အာလာရ ကာလာမ၏ တပည့် ပုက္ကုသအမည်ရှိသော မလ္လ၏သားသည် ကုသိနာရုံမှ ပါဝါသို့သွား၏။ သူသည် မြတ်စွာဘုရားကို သစ်ပင်အောက်တွင် တွေ့မြင်ရ၍ အနားသို့ကပ်ကာ ရှိခိုးပြီး မြတ်စွာဘုရား၏ ငြိမ်သက် စမ့ယ်တင့်တယ်စွာ နေခြင်းကို တအံ့တသြ ချီးကျူးတင်လျှောက်၏။ မြတ်စွာဘုရားသည် သူ့အား ဓမ္မတရား ဟောကြား၏။ တရားအဆုံးတွင် ရတနာသုံးပါးအား ဆည်းကပ်သူ ဥပါသကာအဖြစ် ခံယူလေ၏။

ထို့နောက် မြတ်စွာဘုရားသည် အာနန္ဒကိုခေါ်၍ မိန့်ကြား၏၊

"အာနန္ဒ၊ ယနေ့ည နောက်ဆုံးယံတွင် ကုသိနာရုံပြည် မလ္လတို့၏ အင်ကြင်းတောတွင် တထာဂတ ပရိနိဗ္ဗာန်ပြုမည်။ အာနန္ဒ၊ ကကုဓာ(ကကုဿာ)မြစ်သို့ သွားကြပါစို့"

မြတ်စွာဘုရားသည် ရဟန်းသံဃာနှင့်တကွ ကကုဓာမြစ်သို့ သွားအံ့။ ထိုနောက် မြစ်သို့ဆင်းကာ ရေချိုးပြီး သရက်ဥယျာဉ်သို့ သွားလျက် ချုန္ဒကကို အမိန့်ပေး၏။

"ချုန္ဒက၊ ငါ့အတွက် အပေါ်ရုံသင်္ကန်းကို ခင်းပါလော့။ လွန်စွာ ပင်ပန်းလှ၍ အပန်းဖြေမည်"

ထိုနောက် မြတ်စွာဘုရားသည် ခြေတစ်ချောင်းပေါ် ခြေတစ်ချောင်းတင်လျက် သတိသမ္ပဇဉ်နှင့် ယှဉ်ကာ ခြင်္သေ့ကဲ့သို့ လျောင်းစက်၏။ ချုန္ဒကသည် မြတ်စွာဘုရား၏ အပါးတွင် ထိုင်နေ၏။ ထိုနောက် မြတ်စွာဘုရားသည် အာနန္ဒာအား ခေါ်ပြီး မိန့်ကြား၏။

"အာနန္ဒာ၊ တစုံတယောက်က စုန္ဒအား 'သင်၏ ဆွမ်းကို စားပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရ၏' ဟု ပြစ်တင်ကြပါလျှင် သင်တို့က ဤသို့ပြောကြလော။

" 'အသျှင်စုန္ဒ၊ ဆွမ်းနှစ်မျိုးမှာ အခြားသော ဆွမ်းတို့ထက် အကျိုးအာနိသင် သာ၍ကဲမွန်မြတ်ကြောင်းကို မြတ်စွာဘုရား ငါတို့အား ဟောကြားခဲ့ပါ၏။ ထိုဆွမ်းနှစ်မျိုးမှာ ဘုရားဖြစ်သည့်အခါ ပထမဆုံး စားသော ဆွမ်းနှင့် ပရိနိဗ္ဗာန်ပြုရန် နောက်ဆုံး စားသော ဆွမ်းဖြစ်၏'။

"အာနန္ဒာ၊ ဟိရညဝတီ မြစ်ကို ကူးပြီး ကုသိနာရုံပြည် မလ္လတို့၏ အင်ကြင်းတောသို့ သွားကြပါစို့"

အာနန္ဒာ ဝန်ခံ၏။ မြတ်စွာဘုရားသည် သင့်လျော်သော အခါတွင် ရဟန်းသံဃာနှင့်တကွ အင်ကြင်းတောသို့ ရောက်၍ အာနန္ဒာအား မိန့်ကြား၏။

"အာနန္ဒါ၊ ဤအင်ကြင်းပင်ပျို နှစ်ပင်၏ အလယ်တွင် မြောက်သို့ ခေါင်းထား၍ ညောင်စောင်း ခင်းပါလော့။ ငါ လှဲနစ်ခြင်းလို၏။ လဲလျောင်းမည်"

အာနန္ဒာသည် အမိန့်အတိုင်းပြု၏။ မြတ်စွာဘုရားသည် မြောက်သို့ ဦးခေါင်းပြု၍ လက်ယာနံပါးဖြင့် ခြင်္သေ့ကဲ့သို့ လျောင်းစက်၏။ ထိုနောက် အာနန္ဒာအား မိန့်ကြား၏။

"အာနန္ဒါ၊ ယုံကြည်မှုရှိသော သူသည် သံဝေဂ ဖြစ်စေနိုင်သော လေးဌာနကို ကြည့်ရှုသင့်၏။ ယင်းတို့မှာ (၁) တထာဂတ ဖွားမြင်ရာ (လုမ္ဗိနီ)၊ (၂) တထာဂတ သမ္မာသမ္ဗုဒ္ဓ အဖြစ်သို့ ရောက်သောနေရာ (ဗုဒ္ဓဂယာ)၊ (၃) တထာဂတ ဓမ္မစကြာတရား ဟောကြားသောနေရာ (သာရနာထ မိဂဒါဝုန်)၊ (၄) တထာဂတ ပရိနိဗ္ဗာန် ပြုသောနေရာ (ကုသိနာရာ)။ ဤလေးဌာနကို ကြည့်ရှု၍ သံဝေဂ ဖြစ်စေသင့်၏။ အာနန္ဒါ၊ အနာဂတ်အခါ ယုံကြည်သောသူများ လာကြပြီး 'ဤနေရာကား တထာဂတ ဖွားမြင်သော နေရာပေတည်း'။ "

"ဘန္တေ၊ ငါတို့သည် အမျိုးသမီးတို့နှင့် ပတ်သက်၍ ဘယ်သို့ ဆက်ဆံရပါမည်နည်း"

"အာနန္ဒါ၊ သူတို့ကို မကြည့်လေနှင့်"

"မြင်ရပါလျှင် ဘယ်သို့ ဆက်ဆံရပါမည်နည်း"

"စကား မပြောနှင့်"

"စကား ပြောမိလျှင် ဘယ်သို့ ဆက်ဆံရပါမည်နည်း"

"သတိထားပါ"

"ဘန္တေ၊ ငါတို့သည် တထာဂတ၏ ကိုယ်ခန္ဓာကို ပူဇော်ရာတွင် ဘယ်ပုံ ပြုရပါမည်နည်း"

"အာနန္ဒ၊ တထာဂတ၏ အလောင်းကို ပူဇော်ရန်အတွက် သင်တို့ ကြောင့်ကြ မစိုက်ကြလင့်။ သင်တို့ ကိုယ်ကျိုးအတွက် ခိုင်မြဲစွာ စူးစိုက်ကြလော့။ ကိုယ်ကျိုးအတွက် ယှဉ်ကြလော့။ မမေ့မလျော့ကြလင့်။ ကြိုးစား၍ ကျင့်ဆောင် ကြလော့။ တထာဂတကို ကြည်ညိုကြသော ခတ္တိယ ဗြာဟ္မဏနှင့် ဂဟပတိတို့သည် တထာဂတ အလောင်းကို ပူဇော်ကြလိမ့်မည်"

"ဘန္တေ၊ တထာဂတ၏ ကိုယ်ခန္ဓာကို ဘယ်သို့ ပူဇော်ရပါမည်နည်း"

"အာနန္ဒ၊ စက္ကဝတ္တိမင်း၏ အလောင်းကို ပူဇော် သကဲ့သို့ ပူဇော်ရာ၏"

"ဘန္တေ၊ စက္ကဝတ္တိမင်း၏ အလောင်းကို ဘယ်ပုံ ပူဇော်ပါသနည်း"

"အာနန္ဒ၊ စက္ကဝတ္တိမင်း၏ အလောင်းကို အသစ် ဖြစ်သော အဝတ် အထပ်ထပ် ရစ်ပတ်၏။ ထို့နောက် ဆီလောင်းကာ အမွှေးနံ့သာ သင်းပုံထက် တင်၍ မီးသင်္ဂြိုဟ်ပြီး စေတီတည်၏"

ဤစကားကို ကြားနာပြီးနောက် အာနန္ဒသည် ကျောင်းတွင်းသို့ ဝင်ပြီး တံခါးတိုင်ကို ဆွဲကာရပ်လျက် ငိုကြွေးနေ၏။ မြတ်စွာဘုရားက ရဟန်းတို့အား မေး၏။

"ရဟန်းတို့၊ အာနန္ဒ ဘယ်မှာနည်း"

"ဘန္တေ၊ သူသည် ကျောင်းဝင်းထဲ ဝင်ကာ ငိုကြွေး နေပါ၏"

"သူ့ကို ငါ ခေါ်နေကြောင်း ပြောလိုက်ပါဘိ"

အာနန္ဒ ရောက်လာသောအခါ မြတ်စွာဘုရား မြွက်ကြားတော်မူ၏။

"အာနန္ဒ၊ မစိုးရိမ်လင့်။ မငိုကြွေးလင့်။ ချစ်ခင် စုံမက် နှင့် သက်ဖွယ် ဟူသမျှတို့နှင့် ကွေကွင်းရမည့် အကြောင်းကို ငါ ပြော

ခဲ့ဘူးလှပြီ။ ဖြစ်ခြင်း ဟူသမျှ ပျက်စီးရမည်။ မပျက်သောအရာ မရှိချေ။ သင်သည် ကာလကြာမြင့်စွာ တထာဂတကို လုပ်ကျွေး ခဲ့၏။ သင်သည် ကုသိုလ်ကောင်း၏။ နိဗ္ဗာန်ကို မျက်မှောက် ပြုရန် ကြိုးစားလော့။ မကြာမီ လွတ်မြောက်မှု ရလိမ့်မည်”

“ဘန္တေ၊ အဘယ်ကြောင့် ဤမြို့ငယ်ကလေးတွင် ပရိနိဗ္ဗာန် ပြုပါ သနည်း။ စမ္ပာ၊ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ သာကေတ၊ ကောသမ္ဗီ၊ သို့မဟုတ် ဗာရာဏသီကဲ့သို့ ထင်ရှားသော မြို့များတွင် ပြုသင့် ပါ၏။ ထိုတိုင်းပြည်တို့မှ လွန်စွာ ကြွယ်ဝသော ခတ္တိယ၊ ဗြာဟ္မဏ နှင့် ဂဟပတိတို့သည် မြတ်စွာဘုရားကို လွန်စွာ ကြည်ညိုကြပါ ၏။ သူတို့သည် မြတ်စွာဘုရားနှင့် ထိုက်တန်စွာ ပူဇော်ကြမည် ဖြစ်ပါ၏”

“အာနန္ဒ၊ ဤသို့ မဆိုလင့်။ ဤမြို့ကို သေးငယ်သည်ဟု မထင် လင့်။ ရှေးအခါက ဤ ကုသိနာရာသည် သုဒဿန အမည်ရှိသော စကြာဝတ္တိမင်း၏ ရာဇဓာနီ မင်းနေပြည် အဖြစ်ဖြင့် ထင်ရှားခဲ့ဘူး ၏။ သင်သည် ကုသိနာရာမြို့တွင်း သွားပြီး မလ္လတို့အား သတင်း စကား ပြောကြားပါဘိ”

အာနန္ဒာသည် ကုသိနာရာမြို့တွင်း ဝင်သွား၏။ ထိုအခါ မလ္လ မင်းတို့သည် ကိစ္စတခုအတွက် စည်းဝေးတိုင်ပင် နေကြ၏။ အာနန္ဒာ သည် ထိုနေရာသို့ သွားပြီး မလ္လတို့အား ပြောကြား၏။

“ဝါသိဋ္ဌ အပေါင်းတို့၊ ယနေ့ည၏ အဆုံးတွင် တထာဂတ ပရိနိဗ္ဗာန် ပြုလိမ့်မည်။ ဖူးတွေ့ရန် လာကြပါကုန်လော့။ နောက်မှ နောင်တ မဖြစ်ကြစေလင့်။ ငါတို့၏ ရွာမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသော်လည်း နောက်ဆုံး မဖူးတွေ့လိုက်ရ မဖြစ်ကြ စေလင့်”

ထိုစကားကို ကြားသော သူအပေါင်းသည် အရင်းမှ ဖြတ်ချလိုက်သော သစ်ပင်ကဲ့သို့ လဲကျသွားကုန်၏။ လက်မောင်းဖြင့် မျက်နှာကိုအုပ်၍ ငိုကြွေးကြ၏။ လူကြီး လူငယ် အလုံးစုံသည် ဒုက္ခသောကကို ပိုက်လျက် အင်ကြင်းတောသို့ ပြေးလိုက်ကြ၏။

မလ္လ အများအပြားပင် အင်ကြင်းတောသို့ ရောက်နေကြ၏။ အကယ်၍ သူတို့ တယောက်စီ ဖူးတွေ့ခွင့်ပြုပါက မိုးလင်းသည့်တိုင်အောင် ပြီးမည်မဟုတ်ချေ။ များစွာသော သူတို့သည် သက်တော်ထင်ရှား မြတ်စွာ ဘုရားကို ဖူးတွေ့ရတော့မည် မဟုတ်ချေ။အာနန္ဒသည် ဤသို့ စဉ်းစားပြီး အစုလိုက် ဖူးတွေ့ရန် စီစဉ်ပေး၏။

"ဘန္တေ၊ ဘယ်သူ အမျိုးရှိသော မလ္လအုပ်စုသည် မြတ်စွာဘုရား၏ ခြေကို ဦးခိုက်နေပါ၏"

ဤသို့ စီစဉ်သဖြင့် ညဦးယံမှာပင် မလ္လတို့ မြတ်စွာ ဘုရားကို ဖူးတွေ့ကြရလေ၏။

× × ×

## သုဘဒ္ဒ

ထိုအခါ ကုသိနာရာတွင် သုဘဒ္ဒ အမည်ရှိသော ပရိဗ္ဗာဇက တဦး ရှိ၏။ သူသည် ယနေ့ည မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုမည့် သတင်းကို ကြားသောအခါ စဉ်းစား၏။

'ဆရာသမားများထံမှ လောကတွင် ပွင့်ထိုက်သော သမ္မာသမ္ဗုဒ္ဓ မွေးဖွားကြောင်း ငါ ကြားဘူး၏။ ထိုသူသည် ယနေ့ည နောက်ဆုံးအချိန်တွင် ပရိနိဗ္ဗာန် ပြုပေတော့မည်။ ဓမ္မတရားနှင့်

ပတ်သက်၍ ငါ့မှာ ယုံမှားဘွယ်ရာတို့ ရှိနေ၏။ ငါ၏ ယုံမှားသံ သယကို သူ ပယ်ဖျောက်နိုင်လိမ့်မည်။'

သုဘဒ္ဒသည် ဤသို့ အကြံဖြစ်ပြီး အင်ကြင်းတောသို့ သွား ကာ အာနန္ဒထံတွင် ခွင့်တောင်း၏။

"အဆွေ အာနန္ဒ၊ ငါ့အား ဘုရားနှင့် တွေ့ဆုံခွင့် ပေးပါ"

"အဆွေ သုဘဒ္ဒ၊ တထာဂတ လွန်စွာ ပင်ပန်းနေပါ၏"

မြတ်စွာဘုရားသည် သုဘဒ္ဒနှင့် အာနန္ဒ ပြောစကားကို ကြား၍ အာနန္ဒအား ခေါ်၍ ပြော၏။

"အာနန္ဒ၊ သုဘဒ္ဒ ငါ့ထံလာရန် မတားပါလင့်။ သူ့ကို လာ ခွင့်ပြုလိုက်ပါ။ သူ မေးလိုရာ မေးပါစေ။ ငါ့အဖြေကို ရလျှင် သူ ကောင်းစွာ သဘောပေါက်သွားပါလိမ့်မည်"

ထိုအခါ အာနန္ဒက သုဘဒ္ဒအား ပြန်၍ ပြော၏။

"အဆွေ သုဘဒ္ဒ၊ မြတ်စွာဘုရားသည် သင့်အား ခွင့်ပြု၏။ သင် သွားပါဘိ"

သုဘဒ္ဒသည် မြတ်စွာဘုရားထံ ဝင်ပြီး ရှိခိုးမေးလျှောက်၏။

"ဘော ဂေါတမ၊ လောကတွင် ဂဏာစရိယ၊ ဂဏပါမောက္ခ ဟူ၍ သင်ရှားသော ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတ ကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ သဉ္စယ ဗေလဋ္ဌိပုတ္တနှင့် နိဂဏ္ဌနာဋ ပုတ္တ စသဖြင့် သမဏ ဗြာဟ္မဏ များစွာ ရှိကုန်၏။ သူတို့ အ လုံးသည် သိသင့်သော အကြောင်းကို သိကြပါသလော။ သို့မ ဟုတ် သူတို့အလုံးပင် မသိကြသလော။ သို့မဟုတ် အချို့သောသူ တို့သာ သိကြပါသလော။ အချို့သောသူတို့ မသိကြသလော"

"သုဘဒ္ဒ၊ ဤအကျိုးမရှိသော ပြဿနာကိုစွန့်လော့။ ငါ သင့် ကို ပြောပြမည်။ ကောင်းစွာ နာယူပါလော့"

"အိုမြတ်စွာဘုရား၊ သို့ဖြစ်ပါလျှင် အရှင်ပင် ဟောကြားပါလော့"

"သုဘဒ္ဒ၊အရိယာလမ်းစဉ် ရှစ်ခု မရှိသော ဓမ္မ ဝိနယ တွင် ပထမ ဒုတိယ တတိယနှင့် စတုတ္ထတန်းစားဖြစ်သော သမဏကို မရနိုင်ချေ။ အရိယလမ်းစဉ် ရှစ်ခုရှိသော ဓမ္မ ဝိနယ မှသာ ပထမ ဒုတိယ တတိယနှင့် စတုတ္ထတန်းစား ဖြစ်သော သမဏကို ရနိုင်၏။သုဘဒ္ဒ၊အရိယလမ်းစဉ် ရှစ်ခုရှိသော ဓမ္မဝိနယတွင် ကောင်းစွာကျင့်ပါက ရဟန္တာ ဖြစ်နိုင်၏။ လောကဦ ရဟန္တာတို့ဖြင့် ဆိတ်သုဉ်းခြင်း မရှိချေ"

ဘိုအခါ သုဘဒ္ဒ လောင်းပန်၏။

"ဘန္တေ၊ ငါသည် ဗုဒ္ဓ ဓမ္မနှင့် သံဃာကို ကိုးစားပါ၏။ ငါ့အား ရဟန်းပြုခွင့် ပေးတော်မူပါ"

"သုဘဒ္ဒ၊အယူဝါဒ ကွဲပြားသည့် ပရိဗ္ဗာဇကများ ငါ၏ သာသနာတွင် ရဟန်းအဖြစ် တောင်းဆိုပါက လေးလ ပရိဝါသ် (သင်တန်း)ယူရ၏။ ထို့နောက်မှ သင့်တော်ပါလျှင် ရဟန်းတို့က ရဟန်းပြုပေးကြ၏"

"ဘန္တေ၊ သို့ဖြစ်ပါလျှင် ငါသည် လေးလမဟုတ်ပါ။ လေးနှစ်တိုင်မျှ ပရိဝါသ် ယူပါမည်။ ထိုနောက် ကျေနပ်လောက်မှ ရဟန်းပြုခွင့်ပေးပါ"

ထိုအခါ မြတ်စွာဘုရားသည် အာနန္ဒကို ခေါ်၍ အမိန့်ပေး၏။

"အာနန္ဒ၊သုဘဒ္ဒကို ရဟန်းပြုပေးလိုက်ကြ"

အာနန္ဒက သုဘဒ္ဒအား ပြောပြ၏။

"အဆွေ၊ သင်လွန်စွာ ကံကောင်းလှပါ၏။ ဤကဲ့သို့ ဘယ်သူမျှ အခွင့်မရဘူးပါ။ သင်သည် ဗုဒ္ဓ၏မျက်မှောက် တပည့် အဖြစ်သို့ ရောက်ရ၏"

သုဘဒ္ဒသည် မြတ်စွာဘုရားအပါးမှာပင် ရဟန်း အဖြစ်ကိုရ၏။ ရဟန်းဖြစ်ပြီးနောက် သုဘဒ္ဒသည် ဓမ္မတရားကို ကျင့်လေရာ ရဟန္တာအဖြစ်သို့ ရောက်သွား၏။ သူသည် ဗုဒ္ဓ၏ နောက်ဆုံးမျက်မှောက်တပည့် ဖြစ်လေ၏။

မြတ်စွာဘုရားသည် အာနန္ဒအား ခေါ်၍ မိန့်ကြား၏။

"အာနန္ဒ၊ သင်တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသဖြင့် ငါတို့တွင် ဆရာမရှိတော့ဟု မယူဆကြလင့်။ ငါသည် သင်တို့အား ဓမ္မတရား ဟောကြားခဲ့၏။ ဝိနည်းကို ပညတ်ခဲ့၏။ ငါလွန်သောအခါ ထိုဓမ္မ ဝိနယတို့သည်သင်တို့၏ ဆရာ ဖြစ်၏။ယခုအခါ ရဟန်းတို့သည်အချင်းချင်းအာဝုသော(ငါ့ရှင်)ဟုခေါ်နေကြ၏။ ငါလွန်သောအခါ ဤသို့ မခေါ်ကြလင့်။ မထေရ်ဖြစ်သော (ဝါကြီး)ရဟန်းက ရဟန်းသစ်ကို အမည်ဖြင့်ရင်း၊ အမျိုးဖြင့်ရင်း၊အာဝုသောဟုရင်း ခေါ်၍၊ ရဟန်း သစ်က မထေရ်ဖြစ်သော ရဟန်းကို ဘန္တေ (အရှင်)ဟုသော်ရင်း၊ အာယသ္မာ (အရှင်) ဟုသော်ရင်း ခေါ်ရမည်။ ရဟန်းသံဃာတို့ အလိုရှိခဲ့ပါသော် ငါလွန်သောအခါ လွန်စွာ့ လွန်စွာ သေးငယ်သော သိက္ခာပုဒ်တို့ကို ထုတ်ပယ်နိုင်၏။ ငါ ပရိနိဗ္ဗာန်ပြုပြီးနောက် ဆန္န (အပြစ်ကို ဖုံးလွှမ်းသော)ရဟန်းတို့ကို ဗြဟ္မဒဏ် ပေးရမည်"

"ဘန္တေ၊ ဘယ်အရာကို ဗြဟ္မဒဏ် ခေါ်ပါသနည်း"

"အာနန္ဒာ၊ သန္ဓေယှာဉ်းသည် ရဟန်းတို့အား အလိုရှိရာ ပြော ကြားနိုင်၏။ သို့ရာတွင် ရဟန်းတို့သည် သူ့ကိုဘယ်သို့မျှ ပြော ဆို ဆုံးမခြင်း မပြုရ။ ယင်းကို ဗြဟ္မဒဏ်ဟု ခေါ်၏"

× × ×

## နောက်ဆုံးစကား

ထို့နောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်၍ မိန့် ကြား၏။

"ရဟန်းတို့၊ အကယ်၍ ဗုဒ္ဓ ဓမ္မ သံဃာ မဂ္ဂနှင့် ပတ်သက်၍ ယုံ မှားသံသယဖြစ်ပါလျှင် မေးမြန်းကြလော့။ ဘုရားရှိခဲ့က မမေး လိုက်ရဟု နောက်မှ နောင်တ မဖြစ်ကြလင့်"

မြတ်စွာဘုရားသည် သုံးကြိမ်တိုင်မျှ မေးသော်လည်း ရဟန်း တို့ ဆိတ်ဆိတ်နေကြ၏။ ထိုအခါ မြတ်စွာဘုရား မိန့်ကြားတော် မူ၏။

"ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊ ဝယဓမ္မာ သင်္ခါ ရာ အပ္ပမာဒေန သမ္ပာဒေထ— ရဟန်းတို့ ပြုလုပ်သောအရာဝတ္ထု သည် ပျက်သော သဘောရှိ၍ မမေ့မလျော့ကြရန် ငါတိုက်တွန်းပါ၏"

ဤကား ဗုဒ္ဓ၏ နောက်ဆုံးစကားပေတည်း။

ထိုနောက် မြတ်စွာဘုရားသည် ပထမဈာန်ကို ဝင်စား၏။ ထို ဈာန်မှထ၍ ဒုတိယဈာန်ကိုဝင်စား၏။ ထိုဈာန်မှထ၍ တတိယ ဈာန်ကိုဝင်စား၏။ ထိုဈာန်မှထ၍ စတုတ္ထဈာန်ကို ဝင်စား၏။ ထိုဈာန်မှထ၍ အရူပဈာန်လေးပါးကို အစဉ်အတိုင်း အသီးသီး

ဝင်စားး၏။ ထိုအခါ မှတ်သားခြင်းနှင့်ခံစားခြင်း ချုပ်ငြိမ်းသွား၍ အာနန္ဒက အနုရုဒ္ဓအား မေး၏။

“ဘန္တေ အနုရုဒ္ဓ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုပြီလော”

“အဝုသော အာနန္ဒ၊ မပြုသေးပါ။ မြတ်စွာဘုရားသည် သညာ ဝေဒယိတ ချုပ်ငြိမ်းသော သမာပတ်ကို ဝင်စားနေ၏”

× × ×

# ပရိနိဗ္ဗာန်

ထိုနောက် မြတ်စွာဘုရားသည် သညာဝေဒယိတ နိရောဓ သမာပတ်မှ ထ၍ နေဝသညာ နာသညာယတန စျာန်ကို ဝင်စား၏။ ထိုမှ အစဉ်အတိုင်း ဘဆင့် တဆင့် တက်၍ စျာန်တို့ကို ဝင်စား၏။ ဒုတိယ စျာန်မှထ၍ ပထမ စျာန်ကို ဝင်စား၏။ ထိုနောက် တဆင့် တဆင့် တက်၍ စျာန်တို့ကို အစဉ်အတိုင်း ဝင်စား၏။ တတိယစျာန်မှ ထ၍ စတုတ္ထ စျာန်ကို ဝင်စား၏။ ထိုစျာန်မှ ထသော အခါ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ကို ရလေ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသောအခါ ရာဂ မကင်းသော ရဟန်းများ ငိုကြွေးကြ၏။ အချို့မှာ ရှိက်ကာ ရှိက်ကာ ငိုကြွေးကြ၏။ အချို့မှာ မြေပြင်တွင်လူးလိမ့်ကာ ငိုကြွေးကြ၏။ ရာဂ ကင်းသောရဟန်းများက နှုတ်ဆိတ်ငြိမ်ကြ၏။ သင်္ခါရာ အနိစ္စာ ဟု သတိပေးကြ၏။

အရှင် အနုရုဒ္ဓက ရဟန်းတို့အား ပြောကြား၏။

“အဆွေတို့၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မပြုကြလင့်။ အကြောင်းကား မြတ်စွာဘုရားသည် ရှေးကပင်လျှင် ပိယဝတ္ထုတို့မှ ကင်းလွတ်တော်မူ၏”

အာနန္ဒနှင့် အနုရုဒ္ဓသည် ကြွင်းကျန်သောညဉ့်ကို ဓမ္မတရား ဆွေးနွေးကြခြင်းဖြင့် ကုန်လွန်စေ၏။ ထို့နောက် အနုရုဒ္ဓသည် အာနန္ဒအား ပြောကြား၏။

"အာနန္ဒ၊ ကုသိနာရာသို့သွားပြီး မလ္လတို့ကို သတင်းပေးပါလေ"

အာနန္ဒသည် မလ္လတို့၏ သန္ဓာဂါရ(လွှတ်တော်)သို့ သွားပြီး သတင်းစကား ပြောကြား၏။

"အို ဝါသိဋ္ဌအပေါင်းတို့၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံလေပြီ။ ယခုအခါ သင်တို့အလိုရှိသလို စီရင်ကြလော့"

ထိုအခါ အလုံးစုံသော မလ္လတို့သည် စိုးရိမ်သောက ပူဆွေး ကြလျက် ငိုကြွေးမြည်တမ်းကုန်၏။ ထို့နောက် မလ္လမင်းတို့သည် ပြည်သူပြည်သား လူအများကို အမိန့်ပေး၏။

"သင်တို့အားလုံးသည် အမွှေးနံ့သာ ပန်းမာလာနှင့် အတီး အမှုတ် စသည်တို့ဖြင့် တပေါင်းတည်း သဂြိုဟ်ကုန်လော့"

မလ္လတို့သည် ပန်းနံ့သာ အတီးအမှုတ်တို့နှင့် အထည်အလိပ် တို့ကို ယူဆောင်ကြကာ အင်ကြင်းတောသို့ ရောက်လာကြ၏။ သူတို့သည် မြတ်စွာဘုရားကို ပန်းနံ့သာတို့ဖြင့် ဖုံးလွှမ်းပြီး နိစ္စ ဂီတ ဝါဒိတတို့ဖြင့် ပူဇော်ကြ၏။ သူတို့သည် တနေ့လုံး ပူဇော် ကြ၏။ သို့ရာတွင် အားရ တင်းတိမ်ခြင်းမရှိ၍ နောက်တရက် ဆက်ကြပြန်၏။ နှစ်ရက်ဖြင့်လည်း အားမရ၍ သုံးရက် လေးရက် ငါးရက် ခြောက်ရက်တိုင်တိုင် ပူဇော်ကြပြီး၍ သူတို့ တိုင်ပင် ကြ၏။

"ငါတို့သည် မြတ်စွာဘုရားကို နစ္စ ဂီတ ဝါဒိတ စသည်တို့ ဖြင့် တခဲနက် မြို့၏တောင်ဘက်သို့ ယူဆောင်ပြီး မီးသဂြိုဟ် ကုန်အံ့"

ထိုနောက် သူတို့သည် အထည်တို့ဖြင့် ရစ်ပတ်ရန် မြတ်စွာဘုရားကို ချီမကြ၏။ ကြွ၍ မရချေ။ လွန်စွာ အင်အားကောင်းသော လူရှစ်ဦး ကြွချီသော်လည်း မရချေ။ ထိုအခါ သူတို့သည် အနုရုဒ္ဓကို မေးကြ၏။

"ဘန္တေ အနုရုဒ္ဓ၊ မြတ်စွာဘုရားကို အားကောင်းလှသော လူရှစ်ယောက် ချီကြသော်လည်း မ ၍ မရပါ။ အကြောင်း အသို့ပါနည်း"

"ဝါသိဋ္ဌတို့၊ သင်တို့နှင့် ဒေဝတာတို့ ရည်ရွယ်ချက်ချင်း မတူ ဖြစ်နေ၏"

"ဘန္တေ၊ ဒေဝတာတို့၏ ရည်ရွယ်ချက်ကား အသို့နည်း"

"သူတို့၏ အလိုဆန္ဒမှာ မြို့အရှေ့ဘက်က မကုဋဗန္ဓန အမည်ရှိသော မလ္လတို့၏ စေတီမှာ မီးသဂြိုဟ်ချင်ကြ၏"

"ဘန္တေ၊ သို့ဖြစ်ပါလျှင် ဒေဝတာတို့၏ ဆန္ဒအတိုင်း ဖြစ်ပါစေ"

ထိုနောက် လူနှင့်နတ်တို့သည် အမွှေးနံ့သာ ပန်းမာလာ တူရိယာ အစုံအလင်ဖြင့် မြတ်စွာဘုရား အလောင်းတော်ကို မကုဋဗန္ဓနစေတီသို့ ယူဆောင်ပြီး စက္ကဝတ္တိမင်း သဂြိုဟ်သည့် အစီအစဉ်အတိုင်း စီစဉ်ကြ၏။

× × ×

## ခါတ်တော်ဝေခန်း

ထိုအခါ မဟာကဿပမထေရ်သည် ရဟန်းငါးရာနှင့်တကွ ပါဝါမြို့မှ ကုသိနာရုံသို့ ကြွလာ၏။ သူသည် သစ်ပင်အောက်တွင် အပန်းဖြေနေစဉ် အာဇီဝက တဦးသည် ကုသိနာရုံမှ မန္ဒာရ

ပန်းကို ယူဆောင်၍ ပါဝါသို့ ရှေ့ရှုသွားနေ၏။ မဟာကဿပ သည် သူ့ကိုတွေ့ရ၍ မေး၏။

"အဆွေ၊ သင်သည် ငါတို့ဆရာ၏ သတင်းကို ဘယ်သို့ ကြားပါသနည်း"

"ကြားရုံမျှ မဟုတ်ပါ အဆွေ။ တွေ့ကြုံခဲ့ရပါ၏။ သူ ပရိနိဗ္ဗာန် ပြုသည်မှာ ယနေ့ ခုနစ်ရက် ရှိလေပြီ။ ငါသည် ထိုနေရာမှ ဤ ပန်းကို ယူခဲ့၏။

အာဇီဝက၏စကားကို ကြားရသောအခါ ရာဂမကင်းသေး သော ရဟန်းတို့ ငိုကြွေးကြ၏။ ထိုအခါ ကြီးမှ ရဟန်းပြုသော သုဘဒ္ဒအမည်ရှိသော ရဟန်းတပါးက ရဟန်းများကို ပြောကြား ၏။

"အဆွေတို့၊ အချည်းနှီး စိုးရိမ် ပူဆွေး ငိုကြွေးခြင်း မပြုကြ သင့်။ သူ ပရိနိဗ္ဗာန်ပြုသဖြင့် ငါတို့သည် သူ၏ အနှောင် အဖွဲ့မှ လွတ်မြောက်ကုန်၏။ သူ အသက်ထင်ရှား ရှိစဉ်အခါက သင်တို့ ပြုချင်ရာကို မပြုနိုင်ကြချေ။ ဘယ်အရာကို သင်တို့ ပြုကြ၊ ဘယ်အ ရာကို မပြုကြလင့် စသဖြင့် ချုပ်ချယ်၏။ ယခုမူ သင်တို့ လုပ်ချင် ရာကို လုပ်နိုင်ပြီ။ တားမြစ် ပိတ်ပင်မည့်သူ မရှိတော့ချေ"

မဟာကဿပသည် ရဟန်းတို့ကို သင်္ခါရတရားတို့၏ သဘာဝ ကို ရှင်းပြပြီး နှစ်သိမ့်လျက် ဆက်လက် ခရီးထွက်ခဲ့၏။

ထိုအခါ မလ္လတို့သည် မြတ်စွာဘုရား အလောင်းတော်ကို မီးသင်္ဂြိုဟ်ကြ၏။ ဘယ်သို့ပင် မီးတိုက်စေကာမူ မလောင်ဘဲ ဖြစ် နေ၍ အနုရုဒ္ဓကို မေးကြ၏။

"ဘန္တေ အနုရုဒ္ဓ၊ အဘယ်ကြောင့် ထင်းများကို မီးမစွဲပါ သနည်း"

"ဝါသိဋ္ဌတို့၊ မဟာကဿပ မထေရ် ရဟန်းငါးရာနှင့် ပါဝါမှ ကုသိနာရာသို့ လာနေ၏။ သူ မြတ်စွာဘုရား၏ ခြေရင်းသို့ မရောက်မချင်း မီးညှိလိမ့်မည် မဟုတ်ချေ"

"ဘန္တေ၊ သို့ဖြစ်ပါလျှင် မဟာကဿပ ရောက်လာသည်အထိ စောင့်ဆိုင်းနေကြပါမည်"

မဟာကဿပ ရောက်လာသောအခါ ထင်းပုံကို လက်ယာရစ် လှည့်လည်ပြီးနောက် မြတ်စွာဘုရား၏ ခြေတော်ကို ဦးခိုက် ပူဇော်၏။ ရဟန်း ငါးရာလည်း ထို့အတူ ပူ၏။ သူတို့ ရှိခိုးပူဇော် ပြီးသောအခါ ထင်းပုံသည် အလိုအလျောက် မီးတောက်လောင် လေ၏။ မြတ်စွာဘုရား၏ကိုယ်မှ အရေ အသား အကြော စသည် တို့ ပြာကျသွား၍ အရိုးတို့သာ ပြာမဖြစ်ဘဲ ကြွင်းကျန်၏။ မလ္လ တို့သည် မြတ်စွာဘုရား၏ အရိုးတို့ကို ကောက်ကာ သူတို့၏ သန္ထာဂါရတွင်ထား၍ အမျိုးမျိုးသော ပန်းနံ့သာ အတီးအမှုတ် အက အဆိုတို့ဖြင့် ပူဇော်ကြ၏။

မဂဓမင်း အဇာတသတ်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုသော သတင်းကို ကြားရ၍ ကုသိနာရာသို့ တမန်လွှတ်ကာ အရိုးတို့ကို တောင်း၏။ ထို့အတူ ဝေသာလီ လိစ္ဆဝီ တို့သည်၎င်း၊ ကပိလဝတ်မှ သကျတို့သည်၎င်း၊ အလ္လကပ္ပကတိုင်းမှ ဗုလယတို့ သည်၎င်း၊ ရာမဂါမမှ ကောလိယတို့သည်၎င်း၊ ဝေဌဒီပမှ ဗြာဟ္မဏ တို့သည်၎င်း၊ ပါဝါမှ မလ္လတို့သည်၎င်း အသီးသီး တမန်လွှတ်ကာ မြတ်စွာဘုရား၏ အရိုးကို တောင်းဆိုကြ၏။ ကုသိနာရာမှ မလ္လ တို့ကလည်း မပေးနိုင်ကြောင်းပြော၍ အချင်း များနေ၏။ ထို အခါ ဒေါဏဗြာဟ္မဏက ဖြန်ဖြေ၏။

"သင်တို့သည် ငါ၏စကားကို နားဆင်ကြပါဦး။ ငါတို့၏ဗုဒ္ဓ သည် သည်းခံလေ့ရှိ၏။ သည်းခံသော ဗုဒ္ဓ၏ အရိုးကို ငြင်းခုံ၍

ယူကြသည်မှာ နည်းလမ်း မကျပါ။ သင်တို့ အလုံးစုံသည် ဗုဒ္ဓ၏ အရိုးတို့ကို အညီအညွတ်ခွဲဝေ၍ ယူကြပါ။ စင်စစ် သင်တို့ အလုံးပင် ဗုဒ္ဓကို ကြည်ညိုသူများပင်ဖြစ်ကြ၏”

“သို့ဖြစ်လျှင် သင်ပင် ဝေခွဲ၍ ပေးပါဘိ”

ဒေါဏ ဗြာဟ္မဏသည်ဗုဒ္ဓ၏အရိုးခေတ်တို့ကို ရှစ်စုခွဲပြီး ပြောပြ၏။

“သင်တို့ အရိုးခေတ်ထည့်သော အိုးတို့ကို ငါ့အားပေးကြပါ။ ငါသည် ထိုအိုးတို့ကို စေတီတည်ကာ ပူဇော်ပါမည်”

အရိုးတို့ကို အညီအမျှ ခွဲဝေပြီးနောက်မှ ပိပ္ပလိမှ မောရိယတို့၏ တမန် ရောက်လာ၏။ သို့ရာတွင် အရိုးကား မရှိတော့ချေ။ မီးသွေးသာ ရ၍ သွား၏။ သူတို့သည် မီးသွေးကိုပင် စေတီတည်ကာ ကိုးကွယ်ကြ၏။ သို့ဖြင့် အရိုးစေတီ ရှစ်ဆူ၊ အိုးစေတီ တဆူနှင့် မီးသွေးစေတီ တဆူအားဖြင့် စေတီဆယ်ဆူ ဖြစ်ပေါ် ခဲ့လေသည်။

# သံဂိတိ

# သံဂါယနာ

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုခြင်း ကိစ္စ တို့ကို ဆောင်ရွက်ပြီး သောအခါ ရှင်မဟာကဿပ စဉ်းစား၏။

'သုဘဒ္ဒကဲ့သို့သော ရဟန်းယုတ်များ အင်အား ပြည့်သွားပါလျှင် သူတို့သည် ဓမ္မတရားကို ဖျက်ဆီးကြလိမ့်မည်။ သူတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသွားသဖြင့် ဓမ္မတရားလည်း မရှိတော့ဟု ယူဆနေကြ၏။ စင်စစ် ဓမ္မ ဝိနယ တည်နေသမျှ ကာလပတ်လုံး မြတ်စွာဘုရား၏စကား ထင်ရှားရှိ၏။ မြတ်စွာဘုရား ကိုယ်တိုင် မိန့်ကြားတော်မူခဲ့၏။'

"အာနန္ဒ၊ ငါသည် သင်တို့အား တရားဓမ္မကိုလည်း ဟောကြားခဲ့ပြီ။ ဝိနည်းတရားကိုလည်း တည်ထားခဲ့ပြီ။ ယင်းတို့သည် ငါလွန်သောအခါ သင်တို့၏ ဆရာပင်တည်း"

'ဓမ္မ ဝိနယကို သံဂါယနာ တင်ရပါလျှင် ဤသာသနာသည် အရှည် ခန့်ရာ၏။ မြင့်စွာ တည်ရာ၏။ သည်သာမဟုတ်သေး။ မြတ်

စွာဘုရားသည် ငါ့အား ကိုယ်တော်နှင့် ဆက်ဆံသော သုံးဆောင်ခြင်းဖြင့်လည်း ချီးမြှင့်တော်မူခဲ့၏။'

"ကဿပ၊ သင်သည် ငါ၏ ပိုက်ဆံလျှော် ပံ့သုကူ သင်္ကန်းဟောင်းတို့ကို ဆောင်နိုင်ပါမည်လော"

အိမ်ပြည့် အမည်ရှိသော သေဋ္ဌေး ကျွန်မ ကွယ်လွန်လေရာ ပိုက်ဆံလျှော် အဝတ်ကြမ်းတို့ဖြင့် လွှမ်းရုံပစ်ထား၏။ တနေ့တွင် မြတ်စွာဘုရားတွေ့မြင်လေရာ တတ်မျှသော ပိုးလောက်တို့ကို ခါ၍ ကောက်ယူတော်မူ၏။ ထိုအခါ မြေကြီးသည် သည်းစွာ အသံပြု၍ တုန်လှုပ်၏။ ကောင်းကင်လည်း ကျည်း၏။ နတ်တို့လည်း ကောင်းချီးပေးကုန်၏။ ထိုပိုက်ဆံလျှော်အဝတ်ကို မြတ်စွာဘုရား သင်္ကန်းချုပ်၍ ဝတ်ရုံတော်မူ၏။ ဗုဒ္ဓသည် မိမိဝတ်ရုံပြီးသော ထိုသင်္ကန်းဟောင်းကို ရှင်မဟာကဿပအား ချီးမြှင့်ခြင်း ဖြစ်၏။ ထို့နောက်ဆက်၍ စဉ်းစား၏။

'မြတ်စွာဘုရားသည် ငါ့အား ကိုယ်တော်နှင့် ဆက်ဆံသော သုံးဆောင်ခြင်းဖြင့်သာ ချီးမြှင့်သည်မဟုတ်သေး။ ကိုယ်တော်နှင့် ထပ်တူထပ်မျှ ထား၍လည်း ချီးမြှင့်တော်မူခဲ့ဘူး၏။'

"ရဟန်းတို့၊ ငါသည် အလိုရှိသလောက် ကာမ တရားတို့မှ ရှောင်ရှား၍ စျာန်အဘိညာဉ် သမာပတ် တို့ဖြင့် နေနိုင်သကဲ့သို့ ကဿပလည်း နေနိုင်၏"

'ငါ့အား ကျေးမြီတင်ရှိခဲ့လေ၏။ ထိုကျေးမြီကိုဆပ်ရန် သံဃါယနာ တင်ခြင်းမှတပါး အခြား မရှိချေ။ မင်းသည် မိမိ၏ ချပ်တန်ဆာအစိုးရခြင်း၊ စည်းစိမ်ချမ်းသာကို ပေးသဖြင့် မိမိအမျိုးအနွယ် တည်စေမည့်သားကို ချီးမြှင့်သကဲ့သို့ မြတ်စွာဘုရားသည် ငါ့အား မြှောက်စားခြင်းဖြစ်၏။'

ဤသို့စဉ်းစားပြီး ရှင်မဟာကဿပသည် သံဂါယနာ တင်ရန် ရဟန်းတို့အား တိုက်တွန်း၏။

"အာဝုသော ငါ့ရှင်တို့၊ ယခုအခါ ငါတို့သည် ဓမ္မဝိနယကို သံဂါယနာ တင်ကုန်အံ့။ အဓမ္မတရား မတောက်ပမီ၊ ဓမ္မတရား မှေးမှိန်ခြင်း မဖြစ်မီ၊ အဓမ္မတရား အားမကောင်းမီ၊ ဓမ္မတရား အားမနည်းမီ၊ ဓမ္မဝိနယကို သံဂါယနာ တင်ကုန်အံ့"

"ဘန္တေ အရှင်မဟာကဿပ၊ သို့ဖြစ်ပါလျှင် ရဟန်းသံဃာတို့ကို ရွေးချယ်ပါလော့"

ရဟန်းတို့က လျှောက်ကြားသောအခါ ရှင်မဟာကဿပသည် ပိဋကသုံးပုံကို အကုန်ဆောင်ကုန်သော အရာအထောင် မကကုန်သော၊ ပုထုဇဉ် သောတာပန်၊ သကဒါဂါမ်၊ သုက္ခဝိပဿကရဟန္တာတို့ကို ဖယ်၍ ပိဋကသုံးပုံကို အကုန်ဆောင်ကုန် ထသော၊ ပဋိသမ္ဘိဒါသို့ ရောက်ကုန်ထသော၊ အာနုဘော်လည်း ကြီးကုန်ထသော၊ ယေဘုယျအားဖြင့် မြတ်စွာဘုရားအား ဧတဒဂ်အရာသို့ တင်ပြီးကုန်ထသော ရဟန္တာ လေးရာ့ ကိုးဆယ့် ကိုးပါးတို့ကို ရွေးကောက်၏။

ရှင်မဟာကဿပသည် ရဟန်းငါးရာတိတိ ရွေးချယ်ရန် ဖြစ်သော်လည်း ရှင်အာနန္ဒအတွက် ရဟန်းတပါး ချွင်းချန် ထားလိုက်ခြင်းဖြစ်၏။ အကြောင်းကား အာနန္ဒသည် ရဟန္တာ မဖြစ်သေးချေ။ ထိပ်တန်းရဟန်းကြီးများရှိလျက် ရဟန္တာ မဖြစ်သေးသော အာနန္ဒကို ရွေးချယ်ရန် မသင့်ချေ။ ထို့ပြင် အာနန္ဒ မပါဝင်ဘဲ သံဂါယနာတင်ရန်လည်း မဖြစ်နိုင်ချေ။ သူသည် ဗုဒ္ဓ၏ ထံပါးမှ ဓမ္မဝိနယများကို သင်ကြားထား၏။ သူပါဝင်စေချင်၏။ သို့ရာတွင် သူ့အနေဖြင့်လည်း ရွေးချယ်ရန် မသင့်ချေ။

အာနန္ဒနှင့် ကဿပမှာ လွန်စွာရင်းနှီး၏။ အာနန္ဒ ခေါင်းဖြူနေသည့်တိုင်အောင် ကဿပသည် သူ့အား "ဤသတို့သားငယ်သည် အတိုင်းအရှည် မသိတကား" ဟု ဆုံးမစကား ပေးနေ၏။ ထို့ပြင် သူသည် သကျမျိုး အဖြစ်ဖြင့်လည်း ထင်ရှား၏။ မြတ်စွာဘုရား၏ ဘထွေးတော် (အမိတော်ဒန) ၏ သားလည်း ဖြစ်၏။ အကယ်၍ ကဿပ အနေဖြင့် သူ့ကို ရွေးချယ်လိုက်ပါက ကဲ့ရဲ့စရာ ဖြစ်ပေလိမ့်မည်။ သို့ရာတွင် သူမပါဝင်ကလည်း သံဂါယနာတင်ရန် မဖြစ်နိုင်ချေ။ သို့ကြောင့် သူ့အတွက် သံဃာတပါး ချန်လှပ် ထားလိုက်ခြင်းဖြစ်၏။ ထိုအခါ ရဟန်းများက တောင်းဆိုကြ၏။

"အရှင်ဘုရား၊ အာနန္ဒသည် ဗုဒ္ဓ၏ ထံပါးမှ များစွာသော ဓမ္မ ဝိနယတို့ကို သင်ကြားခဲ့ပါ၏။ သို့ကြောင့် သံဂါယနာ တင်ရန် သူ့ကို ရွေးချယ်ပါဘိ"

ရှင်မဟာကဿပသည် ရဟန်းတို့၏ အလိုဆန္ဒအတိုင်း အာနန္ဒနှင့်တကွ ရဟန်းငါးရာတိတိ ရွေးချယ်လိုက်လေ၏။ ထိုနောက် သူတို့သည် သံဂါယနာတင်ရန် နေရာကို ရွေးချယ်ကြ၏။ရာဇဂြိုဟ်ပြည်သည်ကား ကျယ်စွာသော ဆွမ်းခံရွာ ရှိ၏။ နေဘွယ်ရာကျောင်းသခ်မ်းလည်း များ၏။ သို့ကြောင့် ရာဇဂြိုဟ်၌ ဝါဆို၍ သံဂါယနာတင်ကြအံ့။ ဤကိစ္စကား လွန်စွာ အရေးကြီးသော ထာဝရ ကိစ္စ ဖြစ်၏။ တပါးသော သံဃာတို့ မနှောင့်ယှက်နိုင်စေရန်၊ အခြားသော သံဃာများ ရာဇဂြိုဟ်တွင် ဝါမဆိုစေရန် ကမ္မဝါစာဖြင့် ကြားသိစေ၏။ နွေလကုန်ဆုံးရန် ဆယ့်ငါးရက်မျှသာ ကျန်သောအခါ ရှင်မဟာကဿပသည် သံဃာအချို့ကို ခေါ်ဆောင်ပြီး ရာဇဂြိုဟ်သို့ သွား၏။ အနုရုဒ္ဓလည်း သံဃာအချို့နှင့်အတူ အခြားတလမ်းဖြင့် ရာဇဂြိုဟ်သို့ သွားလေ၏။

အရှင်အာနန္ဒလည်း ရဟန်းအချို့ဖြင့် သာဝတ္ထိဘက်မှ ရာဇဂြိုဟ်သို့ သွား၏။ သူရောက်လေရာ အရပ်တိုင်းတွင် လူတို့သည် "အရှင်၊ မြတ်စွာဘုရားကို ဘယ်မှာ ထားခဲ့ပါသနည်း" ဟု မေး၍ ငိုကြွေးကြ၏။ သာဝတ္ထိမှာကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စကကဲ့သို့ပင် သည်းစွာ ငိုကြွေးကြ၏။ အာနန္ဒသည် ဇေတဝန်သို့ ဝင်၍ မြတ်စွာဘုရား စံတော်မူရာ ဂန္ဓကုဋိတိုက်ကို သုတ်သင် ရှင်းလင်း၏။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ကဲ့သို့ အိပ်ရာ နေရာတို့ကို ပြင်ဆင် ခင်းကျင်း၏။ ပန်းနံ့သာတို့ကို အသစ်လဲလှယ်၏။ မီး ပူဇော်၏။ နောက်တနေ့တွင် ဝမ်းနုတ်ဆေးစားကာ အနားယူပြီးနောက် သုဘလုလင်အား သုဘသုတ်ကို ဟောကြား၏။ ထိုနောက် ရာဇဂြိုဟ်သို့ ဆက်လက်သွားလေ၏။

× × ×

## ရာဇဂြိုဟ်တွင်

ရာဇဂြိုဟ်သို့ သံဃာ ငါးရာ အစုံအညီ ရောက်သော အခါ မထေရ်ကြီးတို့သည် သံဂါယနာတင် သံဃာတို့ နေကြရန် ကျောင်းကြီးတဆယ့်ရှစ်ကျောင်းတို့ကို ရွေးချယ်ပြီး၊ ထိုကျောင်းတို့ကို မွမ်းမံ ပြင်ဆင်ရန် အဇာတသတ်မင်းထံ ကြွသွားကုန်၏။

အဇာတသတ်သည် ရဟန်းတို့ကို ရှိခိုး၍ အကြောင်းကို မေးလျှောက်၏။ မထေရ်တို့သည် ကျောင်းကြီး တဆယ့်ရှစ်ဆောင်တို့ကို ပြင်ဆင်ရန် လက်မှုတတ်သူတို့ကို ကြားပေကုန်၏။

"သာဓု ဘန္တေ"ဟု ဝန်ခံလျက် မင်းသည် လက်မှတ်တတ်သူတို့ကို ပေး၏။

ထေရ်တို့သည် ရှေးဦးစွာသော ဝါလပတ်လုံး အလုံးစုံသော ကျောင်းတို့ကို ပြုပြင်စေ၍ မင်းအား ကြားကုန်၏။

"မဟာရာဇ၊ ကျောင်းတို့ကို ပြုပြင်၍ ပြီးပြီ။ ယခုအခါ ဓမ္မဝိနယကို သံဂါယနာတင်ကုန်အံ့"

"သာဓု ဘန္တေ၊ ရှိရှာခြင်း ကင်းသော နှလုံးရှိကုန်သည်ဖြစ်၍ လွတ်လွတ် ပြုကုန်လော့။ ငါ၏ အာဏာစက်လည်း ဖြစ်စေ၊ သခင်တို့၏ ဓမ္မစက်လည်း ဖြစ်စေ၊ အရှင်တို့ စေခိုင်းတိုက်တွန်းကုန်လော့။ အဘယ်သို့ ပြုစိမ့်မည်နည်း"

"မဟာရာဇ၊ သံဂါယနာတင်ကုန်သော ရဟန်းတို့ စည်းဝေးရာ အရပ်ကို ပြုသင့်၏"

"အရှင်တို့၊ အဘယ်အရပ်၌ ပြုအံ့နည်း"

"မဟာရာဇ၊ ဝေဘာရတောင်၏ အရံ စရည်းပင် ရောက်သော လိုဏ်ဝ၌ ပြုသင့်၏"

"သာဓု ဘန္တေ"

အဇာတသတ်မင်းကြီးသည် မထေရ်တို့ထံ ဝမ်းမြောက်စွာ ဝန်ခံပြီးလျှင် သံဂါယနာတင် မဏ္ဍပ်ကို စီရင်လေ၏။

ဝိသကြုံနတ်သား ဖန်ဆင်းသည်နှင့် တူသော၊

ကောင်းစွာ ဝေဘန် အပ်သော နံရံ၊ သည်တိုင်၊ စောင်းတန်းလည်း ရှိထသော၊

အထူးထူး အပြားပြားသော ခြူးပန်း ခြူးနွယ်တို့ဖြင့် ဆန်းကြယ်ထသော၊

မင်းအိမ်တော်၏ တင့်တယ်ခြင်းကို နှိပ်စက်သကဲ့သို့၊ နတ်ဗိမာန်၏ အသရေကို ပြက်ရယ် ပြုဘိသကဲ့သို့၊ ကျက်သရေ၏ တည်ရာကဲ့သို့၊

နတ်လူတို့၏ မျက်စိတည်းဟူသော ငှက်အပေါင်းတို့၏ တပေါင်းတည်းကျရာ ဆိပ်ကဲ့သို့၊

လူတို့၏ မွေ့လျော်ဘွယ် ဟူသမျှကို တခုတည်းသော အရပ်၌ စုထားဘိသကဲ့သို့၊

ရှုဘွယ် ဘနန်းရှိသော ထူးသောတန်ဆာတို့ဖြင့် တန်းဆာဆင်ထသော မဏ္ဍပ်ကို ပြုစေ၍၊

တဲ့ရရွဲ ဆွဲထားအပ်သော အထူးထူးသော ပန်းဆိုင်းတို့ဖြင့် ပြိုးပြိုးပြက်ပြက် ထွတ်လစ်ဘနန်း နှစ်ယိုဘွယ် ရှိသော၊ ဗိတာန်လည်း ကြက်ထသော၊

ရတနာတို့ဖြင့် ဆန်းကြယ်စွာသော၊ စပ်သော ပတ္တမြား အပြင်ကဲ့သို့ အထူးထူးသော ပန်းပူဇော်ခြင်း တို့ဖြင့် ဆန်းကြယ်လျက် ကောင်းစွာ ပြီးစေအပ်သော၊ မြေအမှုလည်း ရှိထသော၊

ဗြဟ္မာမင်း၏ ဗိမာန်နှင့် တူထသော မဏ္ဍပ်ကို တန်းဆာဆင်၏။

ထိုမဏ္ဍပ် မဟာ၌ ရဟန်းငါးရာတို့အား အပိုး အတိုင်းမသိသော အခင်းငါးရာတို့ကို ခင်းစေ၏။ တောင်မျက်နှာ အဘို့ကို မှီ၍ မြောက်သို့ ရှေးရှု သံဃထေရ်၏ နေရာကို ခင်းစေ၏။ မဏ္ဍပ်အလယ်၌ အရှေ့သို့ မျက်နှာပြုလျက် မြတ်စွာ ဘုရားနှင့်သာ ထိုက်တန်သော ဓမ္မာသနကို ခင်းစေ၍ ထိုတွင် ဆင်စွယ်ယပ်ကို ထား၏။

ထိုနောက် မင်းကြီးသည် ရဟန်းတို့အား လျှောက်ကြား၏။
"အရှင်တို့၊ ငါ၏ ကိစ္စ ပြီးပါပြီ"

× × ×

## အာနန္ဒ

အာနန္ဒကား ရဟန္တာ မဖြစ်သေးချေ။ သေက္ခသာဖြစ်၏။နက်ဖြန် သံဂါယနာ ၌ တင်မည်။ ဤအတိုင်း သွားရန် မသင့်ဟု ဆင်ခြင်၍ တညဥ့်ပတ်လုံး ကာယဂတာသတိဖြင့် လွန်စေ၏။ သို့ရာတွင် ရဟန္တာ မဖြစ်ချေ။ သူ စဉ်းစား၏။

"ဗုဒ္ဓသည် ငါ့အား မှာကြား၏။ 'အာနန္ဒ၊ သင်ကား ပြုပြီးသော ကောင်းမှုရှိ၏။ ကမ္မဋ္ဌာန်း စီးဖြန်းလော့။လျင်စွာ ရဟန္တာ ဖြစ်မည်'။ စင်စစ် ဘုရားစကားမှာ ချွတ်ယွင်းခြင်း မရှိချေ။ဝီရိယ လွန်သောကြောင့် ငါ့စိတ် ပြန့်လွင့်နေခြင်းဖြစ်ပေမည်။ ယခု ငါ သည် ဝီရိယနှင့် သမာဓိကို မျှတစေအံ့"

ဤသို့ စဉ်းစားပြီး စင်္ကြံမှ သက်၏။ ခြေဆေးရာတွင် ရပ်၍ ခြေဆေး၏။ ထိုနောက် ကျောင်းတွင်းသို့ဝင်၍ ညောင်စောင်း၌ ထိုင်၏။ အတန်ငယ် ငြိမ်းစေဦးအံ့ဟူ၍ ကိုယ်ကို ညောင်စောင်း၌ ညွှတ်စေ၏။ ခြေတို့သည် မြေမှ လွတ်ကုန်၏။ ဦးခေါင်းသည် ခေါင်းအုံးသို့ မရောက်မီအကြား၌ တဏှာ ဒိဋ္ဌိအားဖြင့် တစုံတခု သော အာရုံကို မယူမူ၍ အာသဝတရားတို့မှ စိတ် လွတ်မြောက် သွားလေ၏။

ဣရိယာပုထ် လေးပါးမှ ကင်း၍ ရဟန္တာဖြစ်သောကြောင့် ဤသာသနာ၌ မလျောင်းဘဲ၊ မထိုင်ဘဲ၊ မရပ်ဘဲ၊ စင်္ကြံမသွား

ဘဲ ဘယ်ရဟန်း ရဟန္တာအဖြစ်သို့ ရောက်သနည်းဆိုသော် အာနန္ဒဟူ၍ ဆိုသင့်၏။

ထိုနောက် မထေရ်ကြီးတို့သည် နောက်နေ့၌ ဆွမ်းကိစ္စ ပြီးလေသော် သပိတ်သင်္ကန်းကို သိုမှီး၍ ဓမ္မသဘင်တွင် စည်းဝေးကုန်၏။

အာနန္ဒသည်ကား မိမိရဟန္တာအဖြစ် ရောက်သည်ကို သိစေလို၍ ရဟန်းတို့နှင့် အတူ မသွားချေ။

ရဟန်းတို့သည် သီတင်းကြီးစဉ် မိမိ မိမိ ရောက်သော နေရာ၌ နေကြ၏။ အာနန္ဒ၏ နေရာမှာ ကွက်လပ်ကျန်နေ၍ အချို့သော ရဟန်းတို့က မေးကြ၏။

"ဤနေရာသည် အဘယ်သူ၏ နေရာနည်း"

"အာနန္ဒ၏ နေရာတည်း"

"အာနန္ဒ ယခု ဘယ်သွားသနည်း"

အာနန္ဒသည် ငါသွားရန် အခါ တန်ပြီဟု သိ၍ မြေ၌ ငုပ်၍ သူ၏ နေရာတွင် ကိုယ်ကို ပြလိုက်လေ၏။

အညာမှ လွတ်သော ထန်းသီး မှည့်ကဲ့သို့ရင်း၊ ကမ္ဗလာနီ၌ ထားအပ်သော ပဒုမြားစစ် ကဲ့သို့ရင်း၊ တိမ်တိုက် ကင်းသော တက်သစ်စ လဝန်းကဲ့သို့ရင်း၊ နေရောင် တည့်သဖြင့် ပွင့်သော ပဒုမာကြာကဲ့သို့ရင်း တင့်တယ်စွာ နေသော အရှင် အာနန္ဒကို တွေ့မြင်ကြရ၏။

ရှင်မဟာကဿပကား 'ငြော် အာနန္ဒ၏ ရဟန္တာ အဖြစ်သို့ ရောက်ခြင်းကား တင့်တယ်စွ တကား။ အကယ်၍ မြတ်စွာဘုရား ထင်ရှားရှိမူကား အာနန္ဒအား မချွတ် ကောင်းချီး ပေးတော်မူမည်။ ယခု အာနန္ဒအား ဘုရားမြတ်စွာ ပေးတော်မူမည့် ကောင်းချီးကို ငါလျှင် ပေးအံ့'ဟူ၍ သုံးကြိမ် ကောင်းချီး ပေးတော်မူ၏။

# ဝိနယ သံဂီတိ

သံဃာစုံသောအခါ မဟာကဿပသည် ရဟန်းတို့ကို သိစေ၏။

"ငါ့ရှင်တို့၊ အဘယ်ကို ဦးစွာ သံဂါယနာတင်ရကုန်အံ့နည်း။ ဓမ္မ (သုတ်–အဘိဓမ္မာ) ကို လော၊ ဝိနယ ကို လော"

"ဘန္တေ မဟာကဿပ၊ ဝိနယ မည်သည်ကား ဗုဒ္ဓသာသနာ၏ အသက်တည်း။ ဝိနယတည်သော် သာသနာ တည်၏။ ထို့ကြောင့် ရှေ့ဦးစွာ ဝိနယကို သံဂါယနာ တင်ကုန်အံ့"

"အဘယ် ပုဂ္ဂိုလ်ကို အကြီးပြု၍ တင်ကုန်အံ့နည်း"

"အရှင် ဥပါလိကို အကြီးပြု၍ တင်ကုန်အံ့"

မြတ်စွာဘုရား ထင်ရှား ရှိတော်မူစဉ်လျှင် ဝိနည်းအရာ၌ ရှင်ဥပါလိကို "ရဟန်းတို့၊ ဝိနယဆောင် ငါ၏ သာဝက ရဟန်းတို့တွင် ဥပါလိသည် မြတ်၏" ဟု ဧတဒဂ်အရာထားတော်မူခဲ့၏။ သို့ကြောင့် ဝိနယ သံဂါယနာတင်ရာ သူ့ကို အကြီးအမှူး ပြုကြခြင်း ဖြစ်၏။

ထို့နောက် ရှင်မဟာကဿပသည် ဝိနယကို မေးရန် မိမိပင် မိမိကို သမုတ်ကာ သိစေ၏။

'အာဝုသော ငါ့ရှင်တို့၊ သံဃာသည် ငါ့စကားကို နာလော့။ သံဃာအား လျောက်ပတ်သောအခါ အကယ်၍ ရှိအံ့။ ငါသည် ဥပါလိကို ဝိနယ မေးအံ့"

ရှင် ဥပါလိလည်း ဖြေဆိုရန် မိမိပင် မိမိကို သမုတ်ကာ သိစေ၏။

"ဘန္တေ အရှင်တို့၊ သံဃာသည် ငါ၏ စကားကိုနာစေချင်၏၊ သံဃာအား လျောက်ပတ်သောအခါ အကယ်၍ ရှိအံ့။ ငါသည် အရှင်မဟာကဿပ မေးသော ဝိနယကို ဖြေဆိုပါအံ့"

ထိုနောက် ရှင်ဥပါလိသည် နေရာမှထ၍ ပခုံးတဖက်၌ သင်္ကန်းကို ကိုယ်ဝတ် စမွယ် တင်သည်ကို ပြု၍ မထေရ်ကြီးတို့ကို ရှိခိုးပြီးလျှင် ဆင်စွယ်ယပ်ကို ယူကာ တရား(ဓမ္မာသန) ပလ္လင်၌ ထိုင်၏။ ထိုနောက် ရှင်မဟာကဿပသည် သံဃာ့ ထေရ်၏ နေရာ (ထေရာသန)၌ ထိုင်၍ ရှင်ဥပါလိကို မေး၏။

"အာဝုသော ဥပါလိ၊ ပဌမ ပါရာဇိကကို ဘယ်အရပ်၌ မြတ်စွာဘုရား ပညတ်တော်မူသနည်း"

"ဘန္တေ ကဿပ၊ ဝေသာလီပြည်၌ ပညတ်တော်မူ၏"

"အဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူ သနည်း"

"ကလန္ဒ သေဋ္ဌေး၏သား သုဒိန္နကို အကြောင်းပြု၍ ပညတ်တော်မူ၏"

"ဘယ် ဝတ္ထုကြောင့် ပညတ်တော်မူသနည်း"

"မေထုန် အကျင့်ကြောင့် ပညတ်တော်မူ၏"

ဤသို့လျှင် ရှင်မဟာကဿပသည် ရှင်ဥပါလိအား ပါရာဇိက လေးပါးလုံး၏ ဝတ္ထု၊ နိဒါန်း၊ ပုဂ္ဂိုလ်၊ ပညတ်၊ အနု ပညတ်၊ အာပတ်သင့်ခြင်း မသင့်ခြင်းတို့ကို မေး၏။ မေးတိုင်း မေးတိုင်း ဥပါလိ ဖြေဆို၏။ ထိုနောက် ပါရာဇိက လေးပါးတို့ကို ဤသည်ကား ပါရာဇိက ကဏ္ဍ ဟူ၍ စုပေါင်း တင်ထား ကုန်၏။ ထို့အတူ သံဃ ဒိသေသ တဆဲ့သုံးပါး၊ အနိယတ သိက္ခာပုဒ် နှစ်ပါး၊ သုဒ္ဓပါစိတ် သိက္ခာပုဒ် ကိုးဆဲ့နှစ်ပါး၊ ပါဋိဒေသ နိယ သိက္ခာပုဒ် လေးပါး၊ သေခိယ သိက္ခာပုဒ် ခုနစ်ဆဲ့ငါးပါး၊ အဓိကရဏ သမထ ခုနစ်ပါး ဟူ၍ အသီးသီး ထားကုန်၏။ ဤသို့လျှင် မဟာဝိဘင်္ဂကို စုပေါင်း တင်ပြီး၍ ဘိက္ခုနီ ဝိဘင်္ဂကို ဆက်လက်၍ တင်ကုန်၏။ ထို့အတူ မဟာဝဂ်၊ စူဠဝဂ်၊ ပရိဝါတို့ကိုလည်း တင်ကုန်၏။ ဤသို့ ဘိက္ခု ဝိဘင်း၊ ဘိက္ခုနီ ဝိဘင်း၊ ခန္ဓက ပရိဝါ

နှင့် တကွသော ဤဝိနယ ပိဋကကို စုပေါင်းတင်၍ အမေး အဖြေ ပြုလုပ်ပြီးသောအခါ ရဟန္တာငါးရာတို့ စုပေါင်း တင်နည်းဖြင့် လျှင် အပေါင်း သရဇ္ဈာယ်ခြင်းဖြင့် သံဂါယနာ တင်ကုန်၏။

ဝိနယကို သံဂါယနာ တင်သော အဆုံး၌ ဥပါလိထေရ်သည် ဆင်စွယ်ယပ်ကို ချ၍ တရားပလ္လင်မှ သက်ကာ သီတင်းကြီးသော ရဟန်းတို့ကို ရှိခိုး၍ မိမိရောက်သော နေရာ၌ နေ၏။

× × ×

## ဓမ္မ သံဂီတိ

ဝိနယကို သံဂါယနာ တင်ပြီး၍ ဓမ္မကို သံဂါယနာ တင်လိုသော မဟာကဿပသည် ရဟန်းတို့ကို မေး၏။

"ဓမ္မ (သုတ်–အဘိဓမ္မာ) ကို သံဂါယနာ တင်လိုသော ငါတို့သည် အဘယ် ပုဂ္ဂိုလ်ကို အကြီးပြု၍ တင်ကုန် အံ့နည်း"

"အာနန္ဒ ထေရ်ကို အကြီး ပြု၍ တင်အပ်၏"

ထိုအခါ ရှင်မဟာကဿပသည် သံဃာကို သိစေ၏။

"အာဝုသော ငါ့ရှင်တို့၊ သံဃာသည် ငါ့စကားကို နာစေ ချင်၏။ သံဃာအား အကယ်၍ လျောက်ပတ်သောအခါ ဖြစ်အံ့။ ငါသည် အာနန္ဒအား ဓမ္မကို မေးအံ့"

ထိုအခါ အာနန္ဒလည်း သံဃာကို သိစေ၏။

"ဘန္တေ အရှင်တို့၊ သံဃာသည် ငါ၏စကားကို နာစေချင်၏။ သံဃာအား လျောက်ပတ်သောအခါ အကယ်၍ ရှိအံ့။ ငါသည် အရှင်မဟာကဿပ မေးသော ဓမ္မကို ဖြေဆိုပါအံ့"

ထိုနောက် အာနန္ဒသည် နေရာမှ ထ၍ ပခုံး တဖက်၌ သင်္ကန်း ကို ကိုယ်ဝတ် စမွယ်တင်၍ သီတင်းကြီး ရဟန်းတို့ကို ရှိခိုးပြီး

လျှင် ဆင်စွယ် ယပ်ကို ယူကာ ဓမ္မာသနၥ် ထိုင်၏။ ထိုအခါ မဟာ ကဿပသည် အာနန္ဒအား ဓမ္မကို မေး၏။

"အာဝုသော အာနန္ဒ၊ ဗြဟ္မဇာလသုတ်ကို ဘယ်အရပ်၌ ဟော တော်မူပါသနည်း"

"ဘန္တေ အရှင်မဟာကဿပ၊ ရာဇဂြိုဟ်နှင့် နာလန္ဒ၏ စပ်ကြား အမ္ဗလဋ္ဌိက ဥယျာဉ် မင်းကွန်း၌ ဟောတော်မူ၏။

"ဘယ် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောတော်မူသနည်း"

"သုပ္ပိယ ပရိဗ္ဗာဇကနှင့် ဗြဟ္မဒတ္တ လုလင်ကို အကြောင်း ပြု၍ ဟောတော်မူ၏"

"အဘယ် ဝတ္ထုကြောင့် ဟောတော်မူသနည်း"

"ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း ဝတ္ထုကြောင့် ဟောတော်မူအပ်၏"

"အာဝုသော အာနန္ဒ၊ သာမည ဖလသုတ်ကိုကား ဘယ်အရပ်၌ ဟောတော်မူ သနည်း"

"ဘန္တေ ကဿပ၊ ရာဇဂြိုဟ်အနီး ဇီဝက၏ သရက် ဥယျာဉ်၌ ဟောတော်မူအပ်၏"

"ဘယ်သူနှင့် တကွ ဟောသနည်း"

"ဝေဒေဟီ မိဖုရား၏ သားဖြစ်သော အဇာတသတ်နှင့် ဟောတော်မူအပ်၏"

အရှင်မဟာ ကဿပသည် ထိုအတူ နိကာယ် ငါးပါးတို့ကိုလည်း မေး၏။ အာနန္ဒသည် မေးတိုင်း မေးတိုင်း မဆိုင်းမတွ ဖြေဆို၏။

အလုံးစုံသော ဘုရားစကားတော်သည် ကိလေသာတို့မှ လွတ် ခြင်း ကိစ္စ ဟူသော ဝိမုတ္တိရသ တပါးတည်းသာ ရှိ၏။

ဓမ္မ ဝိနယ အားဖြင့် နှစ်ပါးရှိ၏။ (ဝိနယမှ ကြွင်းသော ဘုရား စကားတော်သည် ဓမ္မ မည်၏။)

ရှေးဦးစွာသော ဘုရားစကားတော် (ပထမ ဗုဒ္ဓ ဝစန)၊ အလယ် ဖြစ်သော ဘုရားစကားတော် (မဇ္ဈိမ ဗုဒ္ဓ ဝစန)၊ အဆုံးစွန်သော ဘုရားစကားတော်(ပစ္ဆိမ ဗုဒ္ဓ ဝစန)ဟူ၍ သုံးပါး အပြား ရှိ၏။

ပိဋကအားဖြင့် ဝိနယ သုတ္တန္တ အဘိဓမ္မ အားဖြင့်လည်း သုံးပါး အပြား ရှိ၏။

ထိုမှတပါး ဗုဒ္ဓစကားကို နိကာယ် ငါးပါးဖြင့်လည်း ခွဲဝေ၏။ ယင်း နိကာယ် ငါးပါးကား ဒီဃနိကာယ်၊ မဇ္ဈိမ နိကာယ်၊ သံယုတ္တ နိကာယ်၊ အင်္ဂုတ္တရ နိကာယ်နှင့် ခုဒ္ဒက နိကာယ် ဖြစ်၏။

ထိုမှတပါး အင်္ဂ ကိုးပါးဖြင့်လည်း ဝေဘန်၏။

သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိ ဝုတ္တက၊ ဇာတက၊ အဗ္ဘုတ ဓမ္မနှင့် ဝေဒလ္လ ဖြစ်၏။

ဤသို့လျှင် အင်္ဂါအားဖြင့် ကိုးပါး အပြား ရှိ၏။

ဗုဒ္ဓစကားတို့ကို ဓမ္မက္ခန္ဓာ အစုမ်းအားဖြင့် ရှစ်သောင်း လေးထောင် အပြားရှိ၏။ အနုသန္ဓေ တခုရှိသော သုတ်သည် ဓမ္မက္ခန္ဓာ တခု မည်၏။ အနုသန္ဓေများသော သုတ်တွင် ဓမ္မက္ခန္ဓာ အရေအတွက် များ၏။ ဂါထာဗန္ဓတို့၌ အမေးသည် ဓမ္မက္ခန္ဓာ တခု ဖြစ်၍ အဖြေလည်း တခု ဖြစ်၏။ အဘိဓမ္မာ၌ တပါး တပါးသော တိတ်ဒုတ်တို့ကို ခွဲဝေခြင်းနှင့်စိတ်၏ ဝါရကိုခွဲဝေခြင်းသည် တပါး တပါးသော ဓမ္မက္ခန္ဓာ မည်၏။ ဝိနည်း၌ ဝတ္ထု၊မာတိကာ၊ ပဒဘာဇနီ၊အန္တရာပတ္တိ၊အာပတ္တိ၊ အနာပတ္တိ၊ တိတ် အပိုင်းအခြားတို့တွင် တပါးတပါးသော အဘို့သည် တပါးတပါးသောဓမ္မက္ခန္ဓာမည်၏။

ဤသို့လျှင် ဓမ္မက္ခန္ဓာ အစွမ်းဖြင့် ရှစ်သောင်း လေးထောင် ရှိလေ၏။

ဤသို့ မဟာကဿပ အမှူးရှိသော ရဟန္တာ အပေါင်းသည် 'ဤကား ဓမ္မတည်း။ ဤကား ဝိနယတည်း။ ဤကား ပထမ ဗုဒ္ဓဝစန။ ဤကား မဇ္ဈိမ ဗုဒ္ဓဝစန။ ဤကား ပစ္ဆိမ ဗုဒ္ဓဝစနတည်း။ ဤကား ခုဒ္ဒကနိကာယ်တည်း။ ဤသည်တို့ကား သုတ် အစ ရှိကုန်သော အင်္ဂါကိုးပါးတို့တည်း။ ဤသည်တို့ကား ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်တည်း' ဟု မှတ်၍လျှင် သံဂါယနာ တင်ကြ၏။ ထို မျှသာ မဟုတ်သေး။ ဥဒါန သင်္ဂဟ၊ ဝဂ္ဂသင်္ဂဟ၊ ပေယျာလသင်္ဂဟ၊ ဧက ဒုက အစရှိသော နိပါတ သင်္ဂဟ၊ သံယုတ္တ သင်္ဂဟ၊ ပဏ္ဏာသ သင်္ဂဟ အစရှိသဖြင့် များစွာသော ပိဋကတို့၌ ထင်သော သင်္ဂဟ အပြားကို မှတ်၍လည်း ခု နှစ် လ တို့ဖြင့် တင်ကြ၊ ပေါင်း၍ ရွတ် တော်မူကြ၏။

ဤသံဂါယနာကား ပဌမ မဟာ သံဂီတိ မည်၏။

ငါးရာသော ရဟန္တာတို့ ပြုသောကြောင့် ပဉ္စသတိက သံဂါ ယနာ ဟူ၍လည်း ဆိုအပ်၏။

ထေရ် (ထေရ) တို့သာ ပြုအပ်သည်၏ အဖြစ်ကြောင့် ထေရိ ကာ ဟူ၍လည်း ဆိုအပ်၏။ ဤသံဂါယနာပွဲကြီး ပြီးသောအခါ အဇာတသတ်မင်းသည် ရှင်မဟာ ကဿပအား လျှောက်ထား ညှိနှိုင်း၍ ဘုရား သာသနာနှင့် ကောဇာ တညီတည်း ရှိစိမ့်သော ငှာ တရားလေးဆဲ့ ရှစ်ခုသော သက္ကရာဇ်ကို ဝေဘန်၍ ကိန်းသစ် ထားလေ သတည်း။

# အရှင်ဒါသက

ဝိနယပိဋကကို ဘယ်သူ ဆောင်သနည်း။ ဘယ်သူသည် အဆက်ဆက် ဆောင်အပ်သနည်း။

ရှင်ဥပါလိသည် ဤဝိနည်းအနွယ်၊ ဤဝိနည်းအစဉ်၊ ဤဝိနည်းအဆက်ကို မြတ်စွာဘုရား အထံတော်မှ သင်၍ များစွာသော ရဟန်းတို့၏ နှလုံး၌ တည်စေ၏။ မှန်၏။ ရှင်ဥပါလိ ထေရ်၏ ထံ၌ ဝိနည်းအနွယ်ကိုသင်၍ ဝိနည်း၌ သိကြား လိမ္မာသော အဖြစ်သို့ ရောက်ကုန်သော ပုဂ္ဂိုလ်တို့တွင် ပုထုဇ္ဇန်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့သည် ရေတွက်ခြင်း အကြောင်းကို လွန်ကုန်၏။ ခီဏာသဝ ရဟန္တာပေါင်း ထထောင် ရှိ၏။ ဒါသက ထေရ်သည် ထို ဥပါလိ ထေရ်၏ အတူနေ တပည့် ဖြစ်၏။

ဝေသာလီပြည်၌ ဒါသက ဒမည်ရှိသော ပုဏ္ဏား လုလင်ငယ် တယောက်သည် လုလင် သုံးရာတို့၏ အကြီးဖြစ်၍ ဗေဒ အတတ်သင်သတတ်။ တဆဲ့နှစ်နှစ် မြောက်လတ်သော် ဗေဒ သုံးပုံ တတ်လေ၏။ ထိုလုလင်ကား တနေ့သ၌ တပည့် လုလင် သုံးရာနှင့် တကွ ဝါလိကာ ရာမ၌ နေတော်မူသော အရှင်ဥပါလိထံသို့ ကပ်လေ၍ ဗေဒ သုံးပုံ၌ ခဲခက်ရာ ဖြစ်သော ဂဏ္ဌိဌာန ပုဒ်တို့ကို မေးလေ၏။ ထို လုလင် မေးတိုင်းကို ဖြေတော်မူပြီးမှ ငါလည်း သင့်ကို မေးအံ့ဟူ၍ နာမ ပညတ်ကို အကြောင်းပြု၍ ပြဿနာ ပြုလေ၏။

"လုလင်၊ တပါးတည်းသော သဘောသည် ခပ်သိမ်းသော တရားတို့၌ ကျလေ၏။ ခပ်သိမ်းသော တရားတို့သည် တပါးတည်းသော သဘော၌သာ စုဝေးကုန်၏။ ထိုသို့သော သဘောကား အဘယ်ကို ဆိုသနည်း"

အဓိပ္ပာယ်ကား ဒါသကဟူသော နာမပညတ် တပါးတည်း သည် လုလင်ဟူသော ပရမတ္ထ ခန္ဓာငါးပါး အပေါင်းကို စွဲ၍ ပညတ်သောကြောင့် ခပ်သိမ်းသော တရားအပေါင်း၌ ကျသည် မည်၏။ လုလင်၏ ခန္ဓာငါးပါးဟူသော ပရမတ္ထ တရားအပေါင်း သည် ဒါသကဟူသော နာမပညတ်တပါး၌ တည်ကုန်လေရကား တခုတည်းသော သဘော၌ စုဝေးသည် မည်၏ ဟူလိုသတည်း။

တနည်းသော်ကား ဒါသကဟူသော နာမပညတ်သည် အထောင် အသောင်းမကသော သူတို့၌ နှံ့လေရကား တပါးတည်း သော ပညတ်သဘောသည် ဒြပ်အများ၌ ကျလေသတည်း။ ထို အထောင် အသောင်းမကသော ဒြပ်အများတို့သည်လည်း ထို နာမပညတ်ကို မလွန်ကုန်ရကား တပါးတည်းသော ပညတ်သ ဘော၌ စုဝေး၏ ဟူသတည်း။

ဒါသက လုလင်လည်း ရှင်ဥပါလိ မေးသော ပြဿနာ၏ အနက်ကို မသိနိုင်ရကား

"အရှင်ရဟန်း၊ ဤစကားသည်ကား အသို့သော စကား နည်း" ဟု မေး၏။

"ဘုရားမြတ်စွာ၏ မန္တန်" ဟူ၍ ဆိုပေ၏။

"ငါတို့အားလည်း ဘုရားမြတ်စွာ၏ မန္တန်ကို ပေးကောင်း ပါအံ့လော"

"ငါတို့နှင့်အတူ ရဟန်းပြုမှုကား ပေးကောင်းပါ၏"

အတတ်ကို သင်လိုချင်သောအားဖြင့် ဒါသကသည် အမိအဖ ဆရာတို့ကို တောင်းပန်၍ တပည့်လုလင်သုံးရာနှင့်တကွ ရှင်ဥပါ လိထံ၌ ရဟန်းပြုလေ၏။ အသက်နှစ်ဆယ်ပြည့်လေသော် ပဥ္စင်း အဖြစ်ကိုရ၍ ရဟန္တာဖြစ်လေ၏။ ရှင်ဥပါလိကား ဒါသက အ

မှုးရှိသော ရဟန္တာတထောင်တို့အား ပိဋကသုံးပုံကို သင်ပေး၏။

ဒါသကသည် ဥပါလိ၏ အထံမှ သင်ယူ၍ ထိုအတူလျှင် ဝိနယကို ပို့ချ၏။ သူ၏အထံ၌ ဝိနည်းသင်ကြား၍ သိကြားလိမ်မာသော အဖြစ်သို့ ရောက်ကုန်သော ပုထုဇဉ်အစရှိသော ပုဂ္ဂိုလ်တို့သည် ရေတွက်ခြင်း၏ အကြောင်းကို လွန်ကုန်၏။ ခီဏာသဝ ရဟန္တာ တထောင်ရှိရာ သောဏကထေရ်သည် ဒါသကထေရ်၏ အတူနေ တပည့်ဖြစ်၏။

× × ×

## အရှင် သောဏက

သောဏကကား ကာသိကရာဇ်တိုင်း၌ ကုန်သည်သားဖြစ်၍ တဆဲ့ငါးနှစ် မြောက်လတ်သော် မိဘတို့နှင့်တကွ ရာဇဂြိုဟ်ပြည်သို့ ကုန်သွယ်အံ့သောငှာ သွားလေသတတ်။ ရာဇဂြိုဟ်ပြည်၌ ငါးကျိပ်ငါးယောက်သော သတို့သားတို့နှင့် တကွ ဝေဠုဝန်ကျောင်းသို့ သွားလေသော် ပရိသတ်နှင့်တကွသော ရှင်ဒါသကကို မြင်၍ အလွန်ကြည်ညိုစွာရကား ရဟန်းအဖြစ်ကို တောင်းပန်လေ၏။ ဒါသကလည်း "အမိအဖတို့ ခွင့်ပြုမှုကား ရဟန်းပြုအံ့သည်" ဟု ဆိုပေ၏။ လုလင်လည်း အမိအဖတို့ကို တောင်းပန်၍ ငါးကျိပ်ငါးယောက်သော သတို့သားတို့နှင့်တကွ ရဟန်းပြုလေ၏။ ပိဋကသုံးပုံကိုလည်း သင်၏။ သောဏကကား ဂိုဏ်း၏ ပါမောက္ခဖြစ်၍ များစွာသော ရဟန်းတို့အား သင်ကြားပေးသတတ်။ ထို့အတူ သိဂ္ဂဝသည်လည်း သောဏကထေရ်၏ အတူနေ တပည့်ဖြစ်၏။

× × ×

# အရှင်သိဂ္ဂဝ

သိဂ္ဂဝထေရ်ကား ပါဋလိပုတ်ပြည်၌ အမတ်သားဖြစ်၍ ဥတု သုံးပါးအား လျော်ကပ်သော ပြာသာဒ်သုံးဆောင်တို့၌ စည်း စိမ်ချမ်းသာကို ခံစား၏။ တနေ့သ၌ မိမိအဆွေခင်ပွန်းဖြစ်သော စဏ္ဍဝဇ္ဇီအမည်ရှိသော သေဋ္ဌေးသားနှင့်တကွ များစွာသော အ ခြွေအရံတို့နှင့် ကုက္ကုဋာရာမ ကျောင်းတော်သို့ သွားလေသော် နိရောဓ သမာပတ်ကိုဝင်သော ရှင်သောဏကကို မြင်လေရကား "အဘယ်ကြောင့် ဤသခင်ကား စကားမဆိုသနည်း" ဟု သံဃာ တို့ကို မေးလေ၏။

သံဃာတို့လည်း "လုလင်၊ သမာပတ် ဝင်သော သူတို့ကား စကားမဆိုကုန်" ဟူ၍ ဆိုပေ၏။

လုလင်လည်း "ဘယ်သို့သော အကြောင်းဖြင့် သမာပတ်မှ ထသနည်း" ဟု မေး၏။

"လုလင်၊ သမာပတ်ဝင်သော သူတို့ကား ဘုရားခေါ်တော်မူ သော်၎င်း၊ သံဃာတို့ တောင့်တသော်၎င်း၊ အာယုသင်္ခါရ နီး လသော်၎င်း ထ၏" ဟူ၍ ဆိုကုန်ပြီးသော် ထိုလုလင်၏ ရဟန္တာ ဖြစ်အံ့သော ဥပနိဿယကို မြင်တော်မူကုန်၍ ရှင်သောဏက သမာပတ်မှ ထခြင်းကို တောင့်တကုန်၏။ ရှင်သောဏကလည်း သမာပတ်မှ ထတော်မူ၏။

လုလင်လည်း သမာပတ်မှထသော ရှင်သောဏကကို မြင် သော် "အရှင်ဘုရား၊ ငါတို့အား အဘယ်ကြောင့် စကားမဆို သနည်း" ဟု မေး၏။

"လုလင်၊ တစ်ခုသော ခံစားအပ်သော ချမ်းသာကို ခံစား သောကြောင့် မဆိုသည်" ဟု ပြန်ပေ၏။

"အရှင်ဘုရား၊ ငါတို့အားလည်း ခံစားပါစိမ့်သောငှာ တတ်နိုင်အံ့လော့"

"ငါကဲ့သို့ ရဟန်းပြုသော သူတို့ကို တတ်နိုင်၏"

သိဂ္ဂဝလုလင်လည်း အမိအဖတို့ကို ပန်ကြား၍ မိမိ၏ ခင်ပွန်းဖြစ်သော စဏ္ဍဝဇ္ဇိ သတို့သားနှင့်တကွ ငါးရာသော အခြွေအရံပါလျက် ရှင်သောဏကထံ၌ ရဟန်းပြုလေ၏။ ပဥ္စင်း ဖြစ်ကုန်ပြီးသော် ပိဋကသုံးပုံကို သင်ကုန်၏။အခါတပါး၌ အဘိညာဉ်ခြောက်ပါးကိုရသော ရဟန္တာဖြစ်လေ၏။ သူ၏အထံ၌ ဝိနည်းသင်၍ ဝိနည်း၌ သိကြားလိမ်မာခြင်းသို့ ရောက်ကုန်သော ပုထုဇ္ဇန်၊ သောတာပန်၊ သကဒါဂမ်၊ အနာဂမ်၊ ရဟန္တာတို့သည်လည်း အရာ အထောင် မပိုင်း ခြားနိုင်ကုန်။ဇမ္ဗူဒီပါ၌ ရဟန်းအပေါင်း အလွန်များသတတ်။

× × ×

## ဒုတိယသံဂါယနာ

ဘုန်းတန်ခိုး အာနုဘော်ကြီးမားစွာသော ရှင်မဟာကဿပ အစရှိသော ရဟန္တာကြီးတို့သည် ပိဋကသုံးပုံကို သံဂါယနာတင်ပြီး၍ ခပ်သိမ်းသော အရပ်မျက်နှာ၌ ထွန်းခဲ့၏။ သူတို့သည် အသက်အပိုင်းအခြားအတိုင်း နေကြပြီး၍ ဆီခန်းသော ဆီမီးကဲ့သို့ တစုံတခုသော ဘဝ၌ တပ်ခြင်း မရှိကုန်သည်ဖြစ်၍ ဝိပါက် ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုလေကုန်၏။

ထိုနောက် အစဉ်အတိုင်း နေ့ညဉ့်တို့ လွန်လကုန်သော် (မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြု၍ အနှစ်တရာလွန်လသော်) ဝေသာလီ

ပြည်၌ နေကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝေသာလီပြည်၌ ဝတ္ထုဆယ်ပါးကို ထင်ရှားပြကုန်၏။

(၁) သွားချို၌ ဆားကို သိုမှီး၍ ဆားမရှိသော ဆွမ်းနှင့်တကွ စားခြင်းသည် အပ်၏။

(၂) အရိပ်လက်နှစ်သစ်လွန်၍ နေလွှဲပြီးသော် ဆွမ်းစားခြင်းသည် အပ်၏။

(၃) ရွာတပါးသို့ သွားအံ့ဟူ၍ ပဝါရိတ်သင့်သော ရဟန်းသည် အတိရိတ်ဝိနည်းကံ မပြုဘဲ ဆွမ်းစားခြင်းသည် အပ်၏။

(၄) တသိမ်တည်း၌နေသော ရဟန်းတို့ အထူးထူးသော ကျောင်းတို့၌ အသီးအသီး ဥပုသ်စသော ကံကိုပြုခြင်းသည် အပ်၏။

(၅) မလာသေးသော ရဟန်းတို့၏ အလိုကို လာသောအခါ၌ ယူအံ့ဟူ၍ ထိုရဟန်းတို့မလာမီက ဝဂ်ဖြစ်သော သံဃာသည် ကံကိုပြုလင့်၍ နောက်မှ အလိုကိုယူခြင်းသည် အပ်၏။

(၆) ဆရာဥပဇ္ဈာယ် တို့၏ အလေ့အကျက်သည် အပ်၏။

(၇) နို့ရည်အဖြစ်ကိုလည်း စွန့်ပြီးသော၊ နို့ခမ်းအဖြစ်သို့လည်း မရောက်သေးသော နို့ကို ဘုဉ်းပေး၍ ပဝါရိတ်သင့်သော ရဟန်းသည် အတိရိတ်ဝိနည်းကံ မပြုဘဲ ဘုဉ်းပေးခြင်းသည် အပ်၏။

(၈) ရင့်သော သေအဖြစ်သို့ မရောက်သော သေနုကို သောက်ရန် အပ်၏။

(၉) အဆာမရှိသော နိသီဒိုင်သည် အပ်၏။

(၁၀) ရွှေငွေသည် အပ်၏။

သုသုနာဂမင်း၏ သားဖြစ်သော ကာလာသောက အမည်ရှိသော မင်းသည် ထိုရဟန်းတို့၏ အသင်းအပင်းဖြစ်၏။

တရံသောအခါ ကာကဏ္ဍက ပုဏ္ဏား၏သားဖြစ်သော ရှင်ယသသည် ဝဇ္ဇီဇနပုဒ်တို့၌ ဒေသစာရီ လှည့်လည်သည်ရှိသော် ဝေသာလီ၌ နေကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းတို့ ဝတ္ထုဆယ်ပါး ထင်ရှားပြုနေကြောင်း ကြားသိရ၍ အကြံဖြစ်၏။

'ငါသည် မြတ်စွာဘုရား၏ သာသနာတော် ပျက်ခြင်းကို ကြားလျက် ကြောင့်ကြမရှိနေရန် မသင့်ချေ။ စင်စစ်သဖြင့်ကား ကြောင့်ကြမရှိ နေခြင်းသည် ငါ့အား မလျောက်ပတ်။ ယခု ငါသည် အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ကို နှိပ်၍ ဓမ္မတရားကို ပြပေအံ့။'

ထိုနောက် သူသည် ဝေသာလီသို့ သွားကာ မဟာဝုန်တော ကူဋာဂါရ သာလာတွင် နေ၏။ ထိုအခါ ဝဇ္ဇီရဟန်းတို့သည် ဥပုသ်နေ့၌ ရွှေဖလားကြီးတွင် ရေထည့်ကာ သံဃာအလယ်၌ ထားပြီး ရွှေငွေအသပြာ အလှူခံနေကုန်၏။

"ဒါယကာတို့၊ သံဃာအား တကျပ်ကို၎င်း၊ ခွဲကို၎င်း၊ တမတ်ကို၎င်း၊ တပဲကို၎င်း လှူကုန်လော့။ သံဃာအား ပရိက္ခရာဖြင့် ပြုအပ်သောကိစ္စ ဖြစ်လိမ့်မည်"

ရှင်ယသ တိုက်တွန်းအပ်ကုန်သည် ဖြစ်၍ တသန်း နှစ်သိန်းသော ရဟန်းတို့ စည်းဝေးကုန်၏။ ထိုရဟန်းတို့၏ အလယ်၌ ရှင်ရေဝတ မေး၍ သဗ္ဗကာမိထေရ်ဖြေဆိုသဖြင့် ဝတ္ထုဆယ်ပါးတို့ကို ဆုံးဖြတ်ကုန်၏။ အဓိကရဏ်းကို ငြိမ်းစေအပ်၏။ ထိုနောက်မှ မဒထေရ်တို့သည် တဖန် ဓမ္မ ဝိနယကို သံဂါယနာတင်ရန် တိပိဋကဓရဖြစ်ကုန်သော ပဋိသမ္ဘိဒါသို့လည်း ရောက်ကုန်ပြီးသော ရဟန်း ခုနစ်ရာတို့ကို ရွေးကောက်၏။ ပိဋကသုံးပုံဆောင် ရဟန္တာ

ခုနစ်ရာတို့သည် ဝေသာလီပြည် ဝါလိကာရာမ၌ စည်းဝေးကြ၍ မဟာကဿပ သံဂါယနာတင်သည့် နည်းတူ အလုံးစုံသော သာသန အညစ်အကြေးကို သုတ်သင်၍ တဖန်လည်း ပိဋကဖြင့်၎င်း၊ နိကာယ်ဖြင့်၎င်း၊ အင်္ဂါဖြင့်၎င်း၊ ဓမ္မက္ခန္ဓာဖြင့်၎င်း အလုံးစုံသော ဓမ္မ ဝိနယကို သံဂါယနာတင်ကုန်၏။ ဤသံဂီတိသည် ရှစ်လတို့ဖြင့် ပြီးဆုံး၏။

ဤသံဂီတိကို ရဟန်းခုနစ်ရာတို့ပြုသောကြောင့် သတ္တသတိကသံဂါယနာဟုလည်း ခေါ်၏။ ရှေးတင်ပြီးသော ပဌမသံဂါယနာကိုစွဲ၍ ဒုတိယသံဂီတိဟုလည်း ခေါ်၏။

ဤသံဂီတိ၌ ပါဝင်သော မထေရ်တို့တွင် ထင်ရှားသော သဗ္ဗကာမိ၊ သာဠှ၊ ရေဝတ၊ ခုဇ္ဇသောဘိတ၊ ယသ၊ သာဏ၊ သမ္ဘူတ—ဤခြောက်ပါးတို့ကား အာနန္ဒာ၏ အတူနေ တပည့်တို့တည်း။ သူတို့သည် မြတ်စွာဘုရားကို မြင်ဘူးလိုက်ကုန်၏။

သုမနနှင့် ဝါသဘဂါမီ ထေရ်နှစ်ပါးတို့သည် အနုရုဒ္ဓ သခင်၏ အတူနေ တပည့်တို့ဖြစ်ကုန်၍ မြတ်စွာဘုရားကို မြင်ဘူးလိုက်ကုန်၏။

ဒုတိယသံဂါယနာတင် အရှင် အလုံးစုံတို့သည်လည်း ချအပ်ပြီးသော ခန္ဓာဝန် ရှိကုန်၏။ ပြီးပြီးသော ကိစ္စ ရှိကုန်၏။ အာသဝေါ ကင်းကုန်၏။

× × ×

## မဟာ သံဂီတိ

ဒုတိယသံဂါယက မဟာထေရ်တို့သည် နှင်ထုတ် လေကုန်ရကား အဓမ္မဝါဒီဝဇ္ဇီတိုင်းသား ရဟန်းတို့သည် မိမိတို့အား လျောက်ပတ်သော ဒုဗ္ဗလ ပက္ခကိုရ၍ တသောင်းသော ရဟန်းတို့

သည် အညီအညွတ်စည်းဝေးကုန်လျက် သံဂါယနာတင်တော်မူကုန်၏။ ထိုသံဂါယနာကား မဟာသံဂီတိ မည်သတတ်။

ဝဇ္ဇီတိုင်းသား ရဟန်းတို့ကား မဟာသံဂီကဟူသော ဆရာအနွယ်ဖြင့် ကွဲကုန်၏။

ထိုမဟာသံဂီက အနွယ်မှကွဲ၍ ဂေါကုလက၊ ဧကဗျောဟာရိက ဟူ၍ ဂိုဏ်းနှစ်ပါး အာစရိယ ဝါဒဖြစ်၏။

ဂေါကုလကမှကွဲ၍ ဝဲလည်း ပဏ္ဏတ္တိကဝါဒ၊ ဗာဟုသတိက ဟူ၍ ဂိုဏ်းနှစ်ပါး ကွဲကုန်၏။

ထိုဂိုဏ်းနှစ်ပါးမှလည်း ကွဲတုံ၍ စေတိယဝါဒဟူသော ဆရာအနွယ်သည် ဖြစ်၏။

ဤသို့ မဟာသံဂီက ဆရာအနွယ်မှ သာသနာတော် နှစ်ရာတွင်လျှင် ငါးပါးသော ဆရာတို့၏ အနွယ်တို့သည် ဖြစ်ကုန်၏။ ပဌမ မဟာသံဂီကနှင့်သော် ဂိုဏ်းခြောက်ပါး ဖြစ်၏။

ထို အနှစ် နှစ်ရာတွင် အာစရိယ ဝါဒမှလည်း မဟိသာသက၊ ဝဇ္ဇီပုတ္တက ဟူ၍ ဆရာနှစ်ပါး ကွဲကုန်၏။

ဝဇ္ဇီပုတ္တက ဆရာအနွယ်မှလည်း ဓမ္မုတ္တရိယ၊ ဘဒြသာနိက၊ ဆန္နာဂါရိက၊ သမ္မတိယ ဟူ၍ လေးပါးသော ဆရာတို့၏ အနွယ် ကွဲကုန်၏။

မဟိသာသက အနွယ်မှလည်း ကွဲတုံ၍ သဗ္ဗတ္ထိဝါဒ၊ ဓမ္မဂုတ္တိက ဟူ၍ အနွယ်နှစ်ပါး ဖြစ်ကုန်၏။

သဗ္ဗတ္ထိဝါဒမှ ကွဲတုံ၍လည်း ကဿပိယဟူသော ဆရာအနွယ်သည် ဖြစ်၏။

ထိုကဿပိယ အနွယ်မှ ကွဲတုံ၍လည်း သင်္ကန္တိက ဆရာအနွယ်သည် ဖြစ်၏။

သက်န္တိက ဆရာအနွယ်မှ ကွဲငုံ၍လည်း သုတ္တဝါဒ ဟူသော ဆရာအနွယ် ဖြစ်၏။

ဤတဆယ့်တပါးသော အနွယ်သည်ကား ယေရဝါဒမှဖြစ်သတည်း။ ရှေးဦးစွာသော ထေရဝါဒနှင့်သော် တဆယ့်နှစ်ပါး ဖြစ်၏။ သာသနာတော် နှစ်ရာတွင်သာ ဖြစ်သတည်း။ အဋ္ဌာရသ နိကာယ ဟူသည် ဤတဆယ့်ရှစ်ပါးသော ဂိုဏ်းတို့ကိုလျှင် ဆိုသတည်း။ ဤတဆယ့်ရှစ်ပါးသော ဂိုဏ်းတို့တွင် ပဌမ ထေရဝါဒသည်လျှင် မကွဲသတည်း။ တဆဲ့ခုနစ်ပါးသော ဂိုဏ်းတို့သည်ကား အယူကွဲသည်ချည်း။ ရဟန်းတို့၏ ပရိက္ခရာ အသွင် စသည်တို့ကား တူလေကုန်သည်ချည်း ဟူ၏။

မဟာသံဂီတိကို ပြုသော ဝဇ္ဇီတိုင်းသား ရဟန်းတို့ကား မူလသံဂါယနာ၏ အစဉ်ကိုဖျက်၍ တပါးသော အခြင်းအရာဖြင့် သံဂါယနာတင်ကုန်သတတ်။ သာသနာတော်နှင့် အနုလောမ ကား မဖြစ်။ ဝိလောမလျှင် ဖြစ်သတတ်။

× × ×

## မောဂ္ဂလိ ပုတ္တ တိဿ

ဤသို့ ဒုတိယ သံဂါယနာတင်ပြီး၍ ထိုမထေရ်တို့သည် နောင်အခါ၌လည်း သာသနာ၏ ဤသို့သော ဘေးရန် ဖြစ်ပေါ်မည်ကို ဆင်ခြင်၍ အစီအစဉ် ပြုလုပ်ကုန်၏။ နောင်အခါ ဖြစ်မည့် ဘေးရန်မှာ ထိုထက်မက ပိုမို ကြီးမားမည်။ မိမိတို့လည်း ရှိတော့မည် မဟုတ်ရကား သာသနာပြုသူရဲကောင်း အသင့်ရှိနေဘို့ လို၏။ ထိုအတွက် သူရဲကောင်း ရှာဖွေရာ ဗြဟ္မာ့ပြည်တွင် တိဿအမည်ရှိသော ဗြဟ္မာကြီးကိုတွေ့၍ သူတို့ တောင်းပန်ကုန်၏။

"ဤနှစ်မှ တရာ့တဆယ့် ရှစ်နှစ်မြောက်တွင် သာသနာ၌ ကြီးစွာသော ဘေးကြီး ဖြစ်လိမ့်မည်။ ငါတို့လည်း အလုံးစုံသော လူ့လောက၊ နတ်လောကကို ကြည့်ကုန်သော် သာသနာပြုနိုင်မည့်သူတစုံတယောက်ကိုမျှ မမြင်၍ ဗြဟ္မာ့ပြည်ကို ရှာဖွေကုန်သော် အရှင့်ကိုသာ မြင်ကုန်၏။ သူတော်ကောင်း၊ ငါတို့ တောင်းပန်ကုန်၏။ လူ့လောက၌ဖြစ်၍ သာသနာမျိုးမြှင့်ရန် ပဋိညာဉ်ပေးလော့"

မဟာဗြဟ္မာကြီးသည် 'ငါကား သာသနာ၌ဖြစ်သော ဘေးရန်ကို ချိုးမြှောက်ရန် ဝမ်းနိုင်သည်ဖြစ်အံ့သတတ်'ဟု လွန်စွာဝမ်းမြောက်၍ ပဋိညာဉ်ပေး၏။

မထေရ်တို့သည် ဗြဟ္မာ့ပြည်တွင် ပြုဘွယ်ကိစ္စပြီး၍ တဖန်ပြန်လာကုန်၏။ ထိုအခါ သိဂ္ဂဝနှင့် စဏ္ဍဝဇ္ဇီသည် ရဟန်းပြုသစ်ဝပဉ္စင်းငယ်တို့ ဖြစ်သော်လည်း ပိဋကသုံးပုံကို ဆောင်၏။ ပဋိသမ္ဘိဒါသို့ရောက်သော ရဟန္တာတို့ ဖြစ်ကုန်၏။ သို့ရာတွင် သူတို့သည် သာသနာသန့်ရှင်းရေးတွင် တစုံတရာ ပါဝင်ကူညီခြင်းမရှိ၍ မထေရ်ကြီးတို့သည် သူတို့ကိုခေါ်၍ ဒဏ်ပေးကုန်၏။

"ငါ့ရှင်တို့၊ သင်တို့သည် ငါတို့၏ ဤအဓိကရုဏ်း၌ အပေါင်းအပေါ်တို့ မဖြစ်ကုန်။ ထို့ကြောင့် သင်တို့အား တိဿမည်သော ဗြဟ္မာသည် မောဂ္ဂလိပုဏ္ဏားအိမ်၌ ပဋိသန္ဓေ ယူလိမ့်မည်။ သူ့ကို သင်တို့တွင် တယောက်သည် အိမ်မှ ထုတ်၍ ရဟန်းပြုစေ။ တယောက်သည် ဗုဒ္ဓ ဝစနကို သင်စေ"

ရဟန်းငယ်နှစ်ဦးသည် မထေရ်ကြီးတို့စကားကို ဦးဖြင့် ခံယူကုန်၏။

တန်ခိုးအာနုဘော် ကြီးမားကုန်သော မထေရ်ကြီးတို့သည် လောက၌ မီးပုံကြီးကဲ့သို့ထွန်းဦး၍ ဒုတိယ သံဂါယနာ တင်ကုန်

၏။ ဿာသနာကို သုတ်သင်ဦးရ၍ အနာဂတ်၌လည်း သူတော်တရား သန့်ရှင်းရေးကို စီစဉ်ပြီးလျှင် ပရိနိဗ္ဗာန်ပြုလေကုန်၏။

တိဿ အမည်ရှိသော မဟာဗြဟ္မာသည်လည်း စင်စစ် ဗြဟ္မာလောကမှ စုတေ၍ မောဂ္ဂလိပုဏ္ဏားအိမ်၌ ပဋိသန္ဓေယူ၏။ သိဂ္ဂဝသည်လည်း သူ ပဋိသန္ဓေနေသည်မှစ၍ မောဂ္ဂလိပုဏ္ဏား၏အိမ်သို့ ဆွမ်းခံဝင်၏။ တစုံတရာစားသောက်ဖွယ် ဘာမျှ မရခဲ့ချေ။ ခုနစ်နှစ်လွန်သော တနေ့တွင် "အရှင်ဘုရား ကန်တော့ပါ၏" ဆိုသော စကားမျှကို ရ၏။ မောဂ္ဂလိသည် အိမ်တွင် မရှိချေ။ ကိစ္စတခုဖြင့် အပြင်အပသို့ သွားနေ၏။ ပြန်လာသော် လမ်းတွင်ရင်ဆိုင် သိဂ္ဂဝကိုတွေ့ရ၍ မေး၏။

"ဘောပဗ္ဗဇိတ အို ရဟန်း၊ ငါတို့အိမ်သို့ သွားချေရပြီလော"

"ပုဏ္ဏား၊ ဩြော် သွားချေကုန်ပြီ"

"တစုံတရာ ရခဲ့ကုန်၏လော"

"ပုဏ္ဏား၊ ဩြော် ရခဲ့ကုန်၏။

မောဂ္ဂလိသည် အိမ်သို့သွား၍ ထိုရဟန်းအား "တစုံတရာ ပေးသလော" ဟု မေး၏။ "မလှူကုန်" ဟု ဆိုကုန်၏။

ပုဏ္ဏားသည် နောက်တနေ့တွင် 'ယနေ့ ရဟန်းကို မုသာဝါဒဖြင့် နှိပ်အံ့' ဟု အိမ်တံခါး၌လျှင် နေလင့်၏။

သိဂ္ဂဝသည် နောက်နေ့၌ ပုဏ္ဏား၏ တံခါးသို့ ရောက်လေ၏။ ပုဏ္ဏားသည် သူ့ကိုမြင်လျှင် ဆီး၍ ပြော၏။

"သင်တို့သည် ယမန်နေ့က ငါတို့အိမ်၌ တစုံတရာ မရဘဲလျက်လျှင် ရခဲ့ကုန်၏ဟု ဆိုကုန်၏။ သင်တို့အား မုသားဆိုခြင်းသည် အပ်မည်လော"

"ပုဏ္ဏား၊ ငါတို့သည် သင်တို့အိမ်၌ ခုနစ်နှစ်ပတ်လုံး 'ကန်တော့ကုန်၏' စကားကိုမျှလည်း မရမူ၍ ယမန်နေ့က 'ကန်တော့

ကုန်၏’ ဟူသော စကားကို ရကုန်၏။ သို့ရသောကြောင့် ထိုပဋိသန္ဓာရကို စွဲ၍ ဤသို့ ဆိုကုန်သတည်း”

ပုဏ္ဏား စဉ်းစား၏။

‘ဤရဟန်းတို့သည် ပဋိသန္ဓာရ စကားမျှကို ရ၍ ရကုန်၏ ဟု ချီးမွမ်းကုန်၏။ တပါးသော စားသောက်ဖွယ် တစုံတရာရပါလျှင် အဘယ်မှာ မချီးမွမ်းကုန်အံ့နည်း။’

ပုဏ္ဏားသည် သိဂ္ဂဝအား ကြည်ညို၍ သူစားမည့် ထမင်းဟင်း အနည်းငယ်ကို ပေး၍ ပြောပြ၏။

“ဤမျှသော ဆွမ်းနှင့် ဟင်းကို နေ့စဉ် သင်တို့ ရကုန်အံ့”

ပုဏ္ဏားသည် နောက်ကနေ့မှစ၍ ဆွမ်းခံသော သိဂ္ဂဝ၏ ဣန္ဒြေငြိမ်သက်ခြင်းကို အတိုင်းထက်အလွန် ကြည်ညို၍ နေ့စဉ် အိမ်တွင်းမှာပင် ဆွမ်းဘုဉ်းပေးရန် တောင်းပန်၏။

သိဂ္ဂဝသည် သည်းခံ၍ နေ့တိုင်း ဆွမ်းဘုဉ်းပေးပြီးသော် အသင့်အတင့် ဓမ္မတရား ဟောကြားသွား၏။

ထိုလုလင်သည်လည်း တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လျှင် ဝေဒသုံးပုံတို့၏ ပါရဂူဖြစ်လေ၏။ ဗြဟ္မလောကမှလာသော သူ၏ အိပ်ရာနေရာ၌ ကစုံဘယောက်သောသူ နေခြင်း၊ အိပ်ခြင်း မရချေ။ သူငယ်သည် ဆရာ့အိမ်သို့ သွားသောအခါ သူ၏ အိပ်ရာကို အဝတ်ဖြူ ဖုံးလွှမ်း၍ ဆွဲထားခဲ့၏။

တနေ့တွင် သိဂ္ဂဝ အိမ်သို့ ကြွလာသောအခါ အိမ်တွင်ခင်းရန် အခြား တစုံတရာ မရှိသဖြင့် သူငယ်၏ အိပ်ရာကို ချကာ ခင်းပေးလိုက်၏။

သူငယ် ပြန်လာသောအခါ သူ၏ အိပ်ရာတွင် သိဂ္ဂဝ ထိုင်နေသည်ကို တွေ့ရ၍ ဒေါသအမျက် ချောင်းချောင်းထွက်နေ၏။

ဆွမ်းဘုဉ်းပေးပြီးသောအခါ သူငယ်၏ ခက်ထန်ခြင်းမှာ အတန် ငြိမ်သက်နေ၍ သိဂ္ဂဝသည် သူငယ်အား မေး၏။

"လုလင်၊ သင်သည် စိုးစဉ်းမျှ မန္တန်ကို သိပါသလော"

"အို ရဟန်း၊ ယခုအခါ မန္တန်ကို ငါမသိခဲ့သော် ဘယ်သူ သိနိုင်မည်နည်း။ သင်တို့သည်ကား မန္တန်ကို သိကုန်သလော"

"လုလင်၊ မေးလော့။ မေး၍ သိရန် စွမ်းနိုင်၏"

ထိုအခါ လုလင်သည် နိဃဏ္ဍုကျမ်း၊ ကေဋုဘကျမ်းနှင့် တကွ ဖြစ်ကုန်သော၊ အက္ခရာအပြားရှိသော သိက္ခာကျမ်း၊ သဒ္ဒါကျမ်း နှင့် တကွ ဖြစ်ကုန်သော၊ ဣတိဟာသကျမ်းလျှင် ငါးခုမြောက် ကုန်သော၊ဝေဒသုံးပုံတို့၌ ခဲခက်သော အရာတို့၌နည်းကို သူလည်း မမြင်နိုင်။ သူ၏ ဆရာသည်လည်း မမြင်နိုင်။ ထိုအရာတို့ကို မေး၏။ သိဂ္ဂဝသည် ပြကတေ့ဖြင့်သော်လည်း ဝေဒ ပါရဂူတည်း။ ယခု မူကား ပဋိသမ္ဘိဒါသို့ ရောက်သောကြောင့် ပြဿနာ ဖြေဆိုရန် ခက်ခဲခြင်း မရှိချေ။မေးလေတိုင်း ကောင်းစွာ ဖြေဆိုပေ၏။ တဖန် သိဂ္ဂဝသည် လုလင်ကို ခွင့်တောင်း၏။

"လုလင်၊ ငါ့ကို သင် များစွာမေးအပ်ပြီ။ ငါလည်း ယခု သင့်ကို ပြဿနာတခု မေးအံ့။ ငါ၏ ပြဿနာကို ဖြေအံ့လော"

"အို ရဟန်း၊ မေးလော့။ ဩြော်ဖြေအံ့"

သိဂ္ဂဝသည် စိတ္တယမိုက်၌လာသော ပြဿနာကို မေး၏။

"အကြင်၊ ပုဂ္ဂိုလ်၏ စိတ်သည် ဖြစ်ဆဲ၊ ချုပ်ဆဲမဟုတ်။ ထို ပုဂ္ဂိုလ်၏ စိတ်သည် ချုပ်လတ္တံ့လော၊မဖြစ်လတ္တံ့လော။ အကြင် ပုဂ္ဂိုလ်၏ စိတ်သည် ချုပ်လတ္တံ့၊ မဖြစ်လတ္တံ့။ ထိုပုဂ္ဂိုလ်၏ စိတ်သည် ဖြစ်ဆဲလော၊ ချုပ်ဆဲ မဟုတ်လော"

လုလင်သည် အထက်ကိုရင်း၊ အောက်ကိုရင်း အောက်မေ့ရန် မစွမ်းနိုင်ရကား သိဂ္ဂဝကို မေး၏။

"အို ရဟန်း၊ ဤစကားသည် အဘယ်စကားနည်း"

"လုလင်၊ ဤသည်ကား ဗုဒ္ဓ မန္တန်မည်၏"

"အို ရဟန်း၊ ဤဗုဒ္ဓမန္တန်ကို ငါ့အားလည်း ပေးရန်တတ်ကောင်းပါအံ့လော"

"လုလင်၊ ငါတို့သည် ရဟန်းပြုသောသူအား ပေးရန် တတ်ကောင်း၏"

ထိုနောက် လုလင်သည် အမိ အဖတို့သို့ကပ်၍ ရဟန်းပြုပြီး ဗုဒ္ဓမန္တန်သင်ကြားရန် ခွင့်တောင်း၏။ အမိအဖတို့သည် မိမိတို့သား ရဟန်းပြု၍ ဗုဒ္ဓမန္တန် သင်ကြားပြီး ပြန်လာလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် အနုးအညွတ် လွှတ်ကုန်၏။

"ချစ်သား၊ သင်လော့"

သိဂ္ဂဝသည် လုလင်ကို ရှင်ပြုစေ၍ ဒွတ္တိံသကာရ ကမ္မဋ္ဌာန်းကို ရှေးဦးစွာ ကြားပေ၏။ သာမဏေသည် ထိုကမ္မဋ္ဌာန်းစီးဖြန်းလေသော် မမြင့်မီလျှင် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုအခါ သိဂ္ဂဝ စဉ်းစား၏။

'သာမဏေသည် သာသနာမှ နစ်အံ့သောငှာ မထိုက်ပြီ။ အကယ်၍ သူ့အား ကမ္မဋ္ဌာန်းကို လက်ဆက်ပွားစေပါလျှင် အရဟတ္တဖိုလ်သို့ ရောက်ရာ၏။ သို့ဖြစ်လျှင် ဗုဒ္ဓစကား သင်ကြားရန် ကြောင့်ကြမဲ့ ဖြစ်ရာ၏။ ယခုအခါ သူ့ကို စဏ္ဍဝဇ္ဇိထံ ပို့ရန် အခါတန်ပြီ"

ထိုနောက် သိဂ္ဂဝသည် သာမဏေကို ခေါ်၍ ပြော၏။

"သာမဏေ၊ သင်သည် စဏ္ဍဝဇ္ဇိထေရ်၏ထံသို့ သွား၍ ဗုဒ္ဓစကား သင်ကြားချေ။ ငါ၏ စကားဖြင့် သူ၏ ကျန်းမာရေးကိုမေးပြီး 'အရှင် ဥပဇ္ဈာယ်ဆရာသည် ငါ့ကို သင်တို့၏ထံသို့ စေ၏' ဟု ဆိုလေ"

"သာဓု ဘန္တေ"

တိဿ သာမဏေသည် ဆရာကို ရှိခိုး၍ လက်ယာရစ်လှည့်ပြီးလျှင် အစဉ်သဖြင့် စဏ္ဍဝဇ္ဇိထေရ်၏ထံသို့ သွား၍ ရှိခိုးကာ တင့်အပ်သောအရပ်၌ ရပ်နေ၍ စဏ္ဍဝဇ္ဇိထေရ်သည် သာမဏေကို မေး၏။

"သင် ဘယ်မှ လာသနည်း"

"ဘန္တေ၊ ဥပဇ္ဈာယ်ဆရာသည် ငါ့ကို သင်တို့ထံသို့ စေ၏"

"သင်၏ ဥပဇ္ဈာယ်သည် ဘယ်အမည် ရှိသနည်း"

"ဘန္တေ၊ သိဂ္ဂဝ ဖြစ်ပါ၏"

"ငါကား ဘယ်အမည် ရှိသနည်း"

"ဘန္တေ၊ ငါ၏ ဥပဇ္ဈာယ်သည် သင်တို့၏ အမည်ကို သိပါ၏"

"ယခုအခါ သပိတ်သက်န်းကို သိမ်းလော့"

"သာဓု ဘန္တေ"

သာမဏေသည် သပိတ်သက်န်းကို သိမ်း၍ မိုးသောက်သောနေ့၌ ပရိဝုဏ်ကို တံမြက်လှည်း၍ မျက်သစ်ရေ ဒန်ပူကို တည်ပေ၏။ စဏ္ဍဝဇ္ဇိထေရ်သည် သူ၏ တံမြက်လှည်းသော အရပ်တို့ကို တဖန် လှည်း၏။ ထိုသာမဏေထားသောရေကို စွန့်၍ တပါးသော ရေကို ဆောင်ယူ၏။ ထိုဒန်ပူကိုလည်း ပယ်၍ တပါးသော ဒန်ပူကို ယူ၏။ ဤသို့လျှင် ခုနစ်ရက်ပတ်လုံးပြု၍ တဖန် မေးပြန်၏။ သာမဏေသည် တဖန်လည်း ရှေး၌ဆိုသော အတူလျှင် ပြေဆို၏။ စဏ္ဍဝဇ္ဇိသည် 'ဤသာမဏေသည်ကား ထိုတိဿဗြဟ္မာ ဝင်စားသော ပုဏ္ဏားပင် မှန်၏' ဟု သိ၍ ဆက်လက်မေး၏။

"ဘယ်အတွက် လာသနည်း"

"ဘန္တေ၊ ဗုဒ္ဓစကား သင်ကြားရန် လာပါ၏"

"သာမဏေ၊ ယခုအခါ သင်ကြားလော့"

မိုးသောက်နေ့မှစ၍ ဗုဒ္ဓစကားကို ဆောက်တည်၏။ တိဿသည် သာမဏေပင်ဖြစ်၍ ဝိနယ ပိဋကကို ထားကာ အလုံးစုံသော ဗုဒ္ဓစကားကို အဋ္ဌကထာနှင့်တကွ သင်၏။ ရဟန်းဖြစ်သောအခါ၌ကား တဝါမပြည့်မီလျှင် တိပိဋကဓရ ဖြစ်၏။ ဆရာဥပဇ္ဈာယ်တို့သည် မောဂ္ဂလိ ပုတ္တ(မောဂ္ဂလိ၏ သား)တိဿ၏လက်၌ အလုံးစုံသော ဗုဒ္ဓစကားကို တည်စေ၍ အသက်အတိုင်းတည်၍ ပရိနိဗ္ဗာန် ပြုလေကုန်၏။ မောဂ္ဂလိပုတ္တ တိဿသည်လည်း အခါတပါး ကမ္မဋ္ဌာန်းကို ပွားစေ၍ ရဟန္တာအဖြစ်သို့ ရောက်၍ များစွာသော ရဟန်းတို့အား ဓမ္မ ဝိနယကို သင်စေ၏။

× × ×

## အသောက

ထိုအခါ ဗိန္ဒုသာရမင်းအား သားပေါင်း တရာ့တယောက် ရှိ၏။ အသောကသည် မိမိနှင့် တမိသားချင်းဖြစ်သော တိဿကုမာရကို ထား၍ ထိုခပ်သိမ်းသော မင်းသားတို့ကို သတ်စေ၏။ သတ်လျက်လျှင် လေးနှစ်ပတ်လုံး အဘိသိက်မခံဘဲလျှင် မင်းပြု၏။ လေးနှစ်လွန်သဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသည်မှ နှစ်ရာ့တဆဲ့ရှစ်နှစ်မြောက်၌ ဇမ္ဗူဒီပါကျွန်းအလုံး၌ ကေရာဇ် အဘိသိက်သို့ ရောက်၏။

မင်းကြီးသည် အဘိသိက်သို့ ရောက်ပြီး၍ သုံးနှစ်တိုင်တိုင် သာသနာ့မှ အပဖြစ်သော ပါသဏ္ဍ အယူကို ယူသတတ်။ ခမည်းတော် ဗိန္ဒုသာရသည် ပုဏ္ဏားတို့အား ကျွေး၏။ သူလည်း ပုဏ္ဏားတို့အားရင်း၊ ပုဏ္ဏားမျိုး ပါသဏ္ဍ အယူရှိသော ပဏ္ဍရင်္ဂ၊ ပရိဗ္ဗာဇက အစရှိကုန်သော တိတ္ထိ ခြောက်သောင်းတို့အား ကျွေးမြဲဝတ်ကို ဆောက်တည်၏။

တနေ့တွင် ထိုထို ပရိဗိုဇ်ရဟန်း စသူတို့ကို စူးစမ်းထောက်လှမ်းရန်အကြံဖြစ်၍ အမတ်တို့ကို ဆို၏။

"အချင်းတို့၊ သွားလေကုန်။ မိမိတို့၏ သူတော်ကောင်းဟူ၍ သမုတ်အပ်ကုန်သော သမဏ ဗြာဟ္မဏတို့ကို အိမ်တော်တွင်းသို့ သွင်းလေကုန်။ အလှူဒါနပေးကုန်အံ့"

"သာဓု ဒေဝ"

အမတ်တို့သည် မင်းကြီးစကားကို ဝန်ခံ၍ ထိုထို အဝတ်ဖြူဝတ်သော ပဏ္ဍရင်္ဂ တိတ္ထိ၊ သင်္ကန်းဝတ်သော ပုရိဗိုဇ်၊ အချည်းစည်းကျင့်သော တိတ္ထိ၊ ရဟန္တာဟုဝန်ခံသော တက္ကတွန်း အစရှိသော သူတို့ကို ဆောင်၍ ဆိုကုန်၏။

"မဟာရာဇ၊ ဤသည်တို့ကား ငါတို့၏ ရဟန္တာတို့တည်း"

မင်းကြီးသည် ထိုသူတို့ကို "မိမိတို့အား လျောက်ပတ်သောနေရာ၌နေကုန်လော့"ဟုဆို၏။သူတို့သည် အချို့တို့ကား ကြိမ်အင်းပျဉ်တို့၌ ထိုင်ကုန်၏။ အချို့တို့ကား ပျဉ်အင်းပျဉ်တို့၌ ထိုင်ကုန်၏။ သို့ဖြင့် မင်းကြီးသည် သူတို့၏ ကိုယ်တွင်း၌ အနှစ်သာရမရှိဟု ယူဆပြီး သင့်လျော်သော စားသောက်ဖွယ် ပေး၍ ပြန်လွှတ်လိုက်လေ၏။

× × ×

# နိဗြောဓ သာမဏေ

တနေ့တွင် အသောကမင်းသည် ခြသေ့ံခံသော လေသာနန်း တံခါးဝ၌ ရပ်လျက်နေစဉ် လမ်းပေါ်တွင် သာမဏေတပါး ဆွမ်းခံကြွသွားသည်ကို တွေ့မြင်ရ၏။ သာမဏေကား ဣန္ဒြေကို ဆုံးမထား၏။ ယဉ်ကျေးစွာ၏။ လုံသော တံခါးလည်း ရှိ၏။ စောင့်သော ဣန္ဒြေလည်း ရှိ၏။ ဣရိယာပုထ်နှင့်လည်း ပြည့်စုံ၏။ ငြိမ်သက်သော ဣန္ဒြေ ရှိ၏။ ငြိမ်သက်သော နှလုံး ရှိ၏။ မင်းကြီး သည် သူ့ကိုကြည့်ပြီး စဉ်းစား၏။

'လူများအပေါင်းသည် စိတ်ပြန့်လွင့်၏။စိတ်မတည်ကြည်ချေ။ တုန်လှုပ်သော သမင်နှင့် တူ၏။ ဤသာမဏေငယ်ကား စိတ်တည် ကြည်၏။ မပြန့်လွင့်။ ကြည့်ခြင်း၊ ခြေလက် လှုပ်ရှားခြင်းတို့မှာ လွန်စွာ တင့်တယ်၏။ သူ၏ ကိုယ်တွင်း၌ မချွတ်လျှင် လောက ထက် လွန်မြတ်သော ဓမ္မတရား ရှိလိမ့်မည်။'

မင်းကြီးသည် ဤသို့စဉ်းစားပြီး မင်းချင်းတယောက်ကို ခေါ်ကာ အမိန့်ပေး၏။

"အချင်း၊ ထိုသာမဏေကို ကောင်းစွာပင့်ပါချေ"

"အာမ မဟာရာဇ"

မင်းကြီးသည် ကြည်နူးစွာဖြင့် စောင့်မျှော်နေ၏။

ထိုသာမဏေကား ဘယ်သူနည်း။

ဗိန္ဒုသာရမင်းကြီးကား သားတော် ဓမ္မာသောက မင်းသား အား အဝန္တိတိုင်း၏ နေပြည်တော်ဖြစ်သော ဥဇ္ဇေနီပြည်ကို ပေးသတတ်။ အခါတပါး မင်းကြီးသည် အသောကအား 'မောင့်ကျေးမှာ နေလေ'ဟု လွှတ်လိုက်၏။

အသောကသည် ယူဇနာတရာဝေးကွာသော ဥဇ္ဇေနီသို့ သွားလေ၏။ လမ်းခရီးအကြား ယူဇနာငါးဆယ်တွင် ဝေဒိသကပြည်သည် ရှိ၏။ မင်းသားသည် ထိုပြည်၌ ခေတ္တစခန်းချနေစဉ် ဝေဒိသက သေဋ္ဌေးသမီး ဝေဒိသကဒေဝီနှင့် အကျွမ်းဝင်လေ၏။ သေဋ္ဌေးသမီးကား ဝိဋူဍဘဘေးကြောင့် ပြေးလာကြသော သာကီဝင်(သကျ) အဆက်အနွယ်ဖြစ်၏။ မင်းသားသည် ဝေဒိသက ဒေဝီကို ဆောင်ယူခဲ့ပြီး ဥဇ္ဇေနီပြည်၌ မင်းပြု၏။ အခါတပါးသော် မဟိန္ဒ မင်းသားကို ဖွား၏။ မင်းသားကလေး ဖဝါးခြေဖြင့် သွားတတ်သောအခါ သမီးတော်ကလေးတပါး ဖွားပြန်၏။ အမည်မှာ သံဃမိတ္တာဖြစ်၏။

ခမည်းတော် ဗိန္ဒုသာရမင်းကြီး သည်းစွာ နာသောအဖြစ်ကိုကြားရလေလျှင် အသောကသည် ဥဇ္ဇေနီပြည်မှ အလျင် ချီတက်၏။ သား မယားတို့ကို ဝေဒိသကမြို့တွင် ထားခဲ့၍ ပါဋလိပုတ်သို့ ဆက်လက်ချီတက်၏။ ပါဋလိပုတ်သို့ ရောက်လေလျှင် ခမည်းတော်ကို လုပ်ကျွေး ခစား၏။ ခမည်းတော် လွန်ခဲ့သော် ပြည့်အလုံးကို လက်နက်မူ၍ မင်းပြုလေ၏။

ထိုအကြောင်းကို နောင်တော် သုမနမင်းသားကြီးကြားရ၍ ကိုးဆယ့်ရှစ်ယောက်သော ညီတော်တို့နှင့်တကွ သမုဒ္ဒါ ထံပိုးလိုင်းဂရက်သံကဲ့သို့ စစ်ကြီးစီရင်၍ ကပ်လေ၏။ အသောကသည် စစ်မြေအရပ်သို့ဝင်၍ နိမ်နင်းနိုင်လေရကား နောင်တော် သုမနမင်းကို ဖမ်း၍သတ်စေ၏။

သုမနမင်းသားကြီး ကျဆုံးသောအခါ သူ၏ မိဖုရားကြီး သုမနာဒေဝီသည် ကိုယ်ဝန် အရင့်အမာကိုဆောင်လျက် မထင်ရှားသောအသွင်ဖြင့် အရပ်တပါးသို့ ထွက်ခွာသွားလေ၏။ ပါဋလိပုတ်ပြည်၏ အနီးအပါး ဒွန်းစဏ္ဍားရွာမှ ပဉ္စောင် (နိဗ္ဗာန)

ပင်သို့ ရောက်သောအခါ ရှေ့သို့ ဆက်လက်မသွားနိုင်တော့ချေ။ သွားဖွားရန် နာကျင်သော ဝေဒနာကို ခံစားနေလေရာ ဒွန်းစဏ္ဍားအကြီးအကဲတွေ့မြင်၍ သူ၏ မယားနှင့်သမီးတို့ဖြင့် အကူအညီပေး၏။ သားကလေး ဖွားမြင်ရာ ပညောင် (နိဂြောဓ)ပင်ကို အစွဲပြု၍ နိဂြောဓဟုပင် အမည်မှည့်လေ၏။

နိဂြောဓ သတို့သား ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ ထိုဒွန်းစဏ္ဍားရွာ၏အနီးမှာပင် သီတင်းသုံးသော မဟာဝရုဏ အမည်ရှိသော ရဟန္တာအရှင်မြတ်ကြီးနှင့် တွေ့ဆုံ၏။ ရဟန္တာပုဂ္ဂိုလ်ကြီးသည် သူငယ်၏ ရဟန္တာဖြစ်ကြောင်း ပြည့်စုံမှုကို မြင်၍ အမိအား အကြောင်းကြားပြီး ရှင်ပြုပေး၏။ သူငယ်သည် သင်ဓုန်းရိပ်သောအဆုံး၌လျှင် ရဟန္တာအဖြစ်သို့ ရောက်သွားလေ၏။

နိဂြောဓ သာမဏေသည် ဆရာဥပဇ္ဈာယ်နှင့်အတူနေ၏။ ထိုနေ့နံနက်တွင် ဆရာဥပဇ္ဈာယ်၏ ခွင့်ပြုချက်အရ မြို့တွင်း၌ ဆွမ်းခံဝင်လာရာ အသောကမင်းကြီး လေသာနန်းတံခါးမှတွေ့မြင် လွန်စွာကြည်ညိုရကား ပင့်ဖိတ်ရန် မင်းချင်းတဦးကို စေခိုင်းလိုက်ခြင်းဖြစ်၏။ မိမိ နောင်တော်၏သား၊ မိမိတူတော်ဖြစ်ကြောင်း သူ့အနေဖြင့် လုံးဝ မသိချေ။

ရှေးအခါက အတူတကွနေခဲ့ခြင်း၊ မျက်မှောက်၌ အစီးအပွားပြုခြင်းတို့ကြောင့် ချစ်မေတ္တာသည် ရေနှင့်ကြာပန်းကဲ့သို့ ရှင်လန်းနိုင်လေ၏။ သာမဏေ ရောက်လာသောအခါ မင်းကြီးက ပြောပြ၏။

"လျောက်ပတ် တင့်အပ်သော နေရာမှာ ထိုင်ပါဘိ"

သာမဏေသည် သူ၏ သပိတ်ကို မင်းကြီးအားပေးပြီး ရာဇပလ္လင်ထက်သို့တက်၍ ထိုင်လေ၏။ ဤသာမဏေကား ဤအိမ်

တော်၏ အရှင်ဖြစ်လေပြီဟု ယူဆကာ မင်းကြီးသည် သူ့အတွက် ပြင်ဆင်ထားသော ဘောဇဉ်တို့ကို သပိတ်တွင်းသို့ ထည့်ကာ ကပ် လှူ၏။ သာမဏေကား မိမိမျှတရုံမျှသာ လက်ခံ၏။ ဆွမ်းကိစ္စပြီး သောအခါ မင်းကြီးက လျှောက်၏။

"ချစ်သား၊ သင်တို့ဆရာ ပေးအပ်သော ဩဝါဒကို သိပါ ၏လော"

"မဟာရာဇ၊ အသင့်အတင့်မျှကား သိပါ၏"

"သို့ဖြစ်ပါလျှင် ချစ်သား ငါ့အားလည်း ဩဝါဒကို ဆို ပါတော့"

"သာဓု မဟာရာဇ"

သာမဏေသည် ဤသို့ဝန်ခံပြီးနောက် ဓမ္မပဒမှ အပ္ပမာဒဝဂ် ကို အနုမောဒနာအတွက် ဟောကြား၏။

"မမေ့မလျော့ခြင်းသည် မသေရန်အကြောင်းဖြစ်၏။
မေ့လျော့ခြင်းသည် သေရန် အကြောင်းဖြစ်၏"

"ချစ်သား၊ ကောင်းလှစွာ၏။ ဆုံးအောင် ဟောကြားတော် မူပါတော့"

သာမဏေသည် အပ္ပမာဒဝဂ် ကုန်အောင် ဆက်လက် ဟော ကြား၏။

မင်းကြီးသည် အတိုင်းထက်အလွန် နှစ်သက်သောစိတ်ရှိသည် ဖြစ်၍ သာမဏေ၏ ဆရာဥပဇ္ဈာယ်၊ ဘိက္ခုသံဃာများ နေ့စဉ်နန်း တွင်းသို့ဝင်၍ ဆွမ်းဘုဉ်းပေးရန် ဖိတ်ကြားလေ၏။ ရဟန်းသံဃာ တို့၏ ဖြူစင်သော သီလ၊ တည်ငြိမ်သော သမာဓိနှင့် တောက်ပ သောပညာကို နေ့စဉ် တွေ့မြင်ရသောအခါ မင်းကြီးသည် သူ၏ နန်းတော်တွင် အခြားတပါးသော တိတ္ထိတို့ကို ဝင်ခွင့် မပြုတော့ ချေ။ ထိုနောက်တွင် ပါဋလိပုတ် နေပြည်တော်တွင် အသောက

ရာမ အမည်ရှိသော ကျောင်းတော်ကြီးဆောက်လုပ်ပြီး ရဟန်း ပေါင်း ခြောက်သောင်းကို အမြဲမပြတ် ကိုးကွယ်ဆည်းကပ်နေလေ၏။

× × ×

## အိမ်ရှေ့မင်း တိဿ

အသောကသည် မင်းအဖြစ်သို့ ရောက်သောအခါ ညီရင်းဖြစ်သော တိဿကို အိမ်ရှေ့မင်းအဖြစ်ဖြင့် မြှောက်စားထား၏။ တနေ့တွင် အိမ်ရှေ့မင်း တောကစားသွားလေသော် မြူးတူး ပျော်ပါးကစားနေသော သမင်အပေါင်းကို တွေ့မြင်ရ၍ စဉ်းစား၏။

'ဤသမင်တို့သည် မြက်ကိုစားကုန်လျက် မြူးတူးကုန်သေး၏။ ရဟန်းတို့ကား မင်းအိမ်၌ မွန်မြတ်သော ဘောဇဉ်တို့ကို စားကုန်၍ နူးညံ့သောအခင်း အိပ်ရာတို့၌ အိပ်ကုန်လေရာ အဘယ်မျှ မြူးတူးကုန်မည်နည်း။'

အိမ်ရှေ့မင်းသည် တောကစားမှ ပြန်လာသောအခါ သူ၏ စဉ်းစားချက် သဘောတရားကို နောင်တော်အား ပြောကြား၏။ 'ညီတော်သည် အရာမဟုတ်သည်၌ အလိုလို ရှိဘိ၏'ဟု တွေးပြီး ထိုပြဿနာ ဖြေရှင်းရန် နည်းလမ်းရှာဖွေ၏။ တနေ့တွင် အကြောင်းတခုဖြင့် ဖျက်လိုသကဲ့သို့ဖြစ်၍ ခြိမ်း၏။

"ခုနစ်ရက် မင်းအဖြစ်ကို လက်ခံလော့။ ထို့နောက် သင့်ကို သတ်အံ့"

တိဿသည် နောင်တော်ကို ကြောက်ရွံ့ရှိသေသဖြင့် မင်းအဖြစ်ကို လက်ခံလိုက်ရ၏။ သို့ရာတွင် ခုနစ်ရက်မြောက်လေက သေရမည်ဖြစ်၍ စည်းစိမ်မခံနိုင်ချေ။ မအိပ်နိုင် မစားနိုင် ဖြစ်နေ၏။

သို့ဖြင့် ခုနစ်ရက်စေ့သောအခါ မင်းကြီးသည် သူ့ကိုခေါ်၍ စစ်ဆေး၏။

"သင် ဘယ့်ကြောင့် ခေါင်းပါး ညစ်ညူးခြင်း ဖြစ်ဘိသနည်း"

"မင်းကြီး၊ သေဘေးကိုကြောက်သဖြင့် ဤသို့ ဖြစ်ရပါ၏"

"ဟယ် အိမ်ရှေ့မင်း၊ သေခြင်း အပိုင်းအခြားကို ကောင်းစွာသိရ၏။ သို့ပါလျက် မမြူးတူးနိုင် ဖြစ်ဘိ၏။ ရဟန်းတို့ကား ထွက်သက် ဝင်သက်နှင့်စပ်သော သေခြင်းတရားကို ရှုကုန်လျက်လျှင် အသို့ မြူးတူးလတ်ကုန်အံ့နည်း"

ထိုအခါမှ တိဿသည် ရဟန်းတို့၏သဘာဝကို သဘောပေါက်သွားပြီး သာသနာ၌ ကြည်ညို၏။ တနေ့တွင် တော ကစားသွားပြန်သော် သစ်ပင်တပင်အောက်တွင် ယောနက မဟာရက္ခိတ ထေရ်အား ဆင်ပြောင်ကြီးတစီး အင်ကြင်းခက်ဖြင့် ယပ်လေခပ်ပေးနေသည် တွေ့ရ၍ အလွန်ကြည်နူးသွား၏။ 'ဘယ်အခါငါလည်း ဤမဟာထေရ်ကဲ့သို့ ရဟန်းပြုရအံ့နည်း' ဟုစဉ်းစားကာ သဒ္ဓာပွားနေ၏။ သူကြည်ညိုနေစဉ်ပင် မဟာထေရ်သည် ကောင်းကင်သို့ ပျံတက်သွား၏။ တိဿလည်း မျက်ခြေပြတ်မခံဘဲ နောက်မှ လိုက်၏။ မဟာထေရ်သည် အသောကာရာမ ကျောင်းအနီး ရေကန်သို့ရောက်သောအခါ သူ၏သင်္ကန်းတို့ကို ကောင်းကင်တွင်ဆွဲ၍ ရေကန်တွင်းဆင်းကာ ရေချိုး၏။ တိဿသည် မဟာထေရ်ရေချိုးပြီး၍ ကျောင်းတွင်း ဝင်သွားသောအခါမှ သူ၏အိမ်တော်သို့ ပြန်ခဲ့၏။ ရဟန်းတို့၏ ကြည်နူးဘွယ် ကောင်းလှသော သုခချမ်းသာကို တွေးပြီး မအိပ်နိုင် မစားနိုင် ဖြစ်နေ၏။ တနေ့တွင် မင်းကြီးက သူ့ကို မေး၏။

"ချစ်သား၊ သင်၏ အရောင်အသွေးကား ကြည်အေးတောက်ပနေဘိ၏။ သို့ရာတွင် ကိုယ်ခန္ဓာကား ကြုံလှီယောင်တကား။ အဘယ်ကြောင့်နည်း"

"မစားနိုင် မအိပ်နိုင်သည့်အတွက် ဖြစ်ပါ၏ မဟာရာဇ"

"သင့်တွင် တစုံတရာ လိုလားတောင့်တနေသော အာသာဆန္ဒရှိပါသလား။ ရှိပါလျှင် ငါ့အား ပြောကြားပါဘိ။ ပြည့်စုံစေရမည်"

"သို့ဖြစ်ပါလျှင် ငါ့အား ရဟန်းပြုခွင့် ပေးပါဘိ"

"ချစ်သား၊ ဤဆုမှတပါး အခြားအလိုရှိရာဆုကို တောင်းဆိုပါဘိ"

"မဟာရာဇ၊ ငါ့အား အခြားဆုဖြင့် အကျိုးမရှိပါ။ ရဟန်းပြုခွင့်ဆုကိုသာ အလိုရှိပါ၏"

မင်းကြီးသည် အခါခါ တားမြစ်သော်လည်း မရသဖြင့် နောက်ဆုံးတွင် ခွင့်ပြုလိုက်ရလေ၏။ အသောကာရာမကျောင်းသို့ သွားသော ခရီးကို တန်းဆာဆင်၍ မင်းသားကို သဘင်အသွင် ယူစေပြီး စစ်အခမ်းအနားဖြင့် ကျောင်းသို့ ပို့၏။ မင်းကြီး၏တူ သံဃမိတ္တာ၏ ကြင်ယာဖြစ်သော အဂ္ဂိဗြဟ္မာမင်းသားလည်း အိမ်ရှေ့မင်းသားနှင့် အတူလိုက်၍ ရဟန်းပြု၏။ မင်းသားသည် ကမ္ဗောဇနိုင်ငံအား လျောက်ပတ်သော၊ ဆိတ်ညံသောကျောင်းစွန်သို့ သွား၍ မဟာဓမ္မရက္ခိတထေရ်၏အထံ၌ နေလေ၏။

# သာသနာ့အမွေ

တနေ့သ၌ အသောကမင်းကြီးသည် အသောကာရာမကျောင်းကြီး၌ ကြီးစွာသော အလှူဒါနပြု၍ ခြောက်သောင်းသော ရဟန်းတို့အလယ်၌နေ၍ သံဃာကို ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်ကြားလျှောက်ထား၏။

"ဘန္တေ၊ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မတရားမည်သည်ကား အတည်မျှလောက်သော အတိုင်းအရှည် ရှိပါသနည်း"

"မဟာရာဇ၊ အင်္ဂါအားဖြင့် ကိုးပါးရှိကုန်၏။ ဓမ္မက္ခန္ဓာအားဖြင့်ကား ရှစ်သောင်းလေးထောင် ရှိကုန်၏"

မင်းကြီးသည်တရားတော်၌ ကြည်ညိုလှ၍ တပါးတပါးသော ဓမ္မက္ခန္ဓာကို တကျောင်းတကျောင်းဖြင့် ပူဇော်အံ့ဟု တနေ့ခြင်းလျှင် ကိုးဆယ့်ခြောက်ကုဋေသောဥစ္စာကိုစွန့်၍အမတ်တို့ကို ဆို၏။

"အချင်းတို့၊ တပြည်တပြည်၌ တကျောင်းတကျောင်းစီ ပြုကုန်လျက် ရှစ်သောင်းလေးထောင်သော ပြည်တို့တွင် ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကို ပြုစေကုန်"

မင်းကြီးသည် အသောကာရာမကိုလည်း အသောက မဟာဝိဟာရအဖြစ် တည်ဆောက်၏။ တန်ခိုးအာနုဘော် ကြီးမားလှသော ဣန္ဒဂုတ္တမဟာထေရ်အား အမှုသစ် စီရင်မှုကို ပေးအပ်၏။ မဟာထေရ်သည် မပြီးနိုင်သော အမှုကိစ္စကို သူ၏တန်ခိုးဖြင့် ပြီးစေ၏။ သို့ရာတွင် သုံးနှစ်တိုင်မျှ စီရင်ရ၏။ တနေ့တည်း၌ပင်လျှင် အလုံးစုံသောပြည်တို့မှ ကမ္ပည်းဆက်စာတို့ ရောက်ကုန်၏။ ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကို တည်သည်ကား လ ကို

ကို ရာဟုဖမ်းသနေ့ တည်သည်။ ပြီးသည်လည်း တဖန် လကို ရာဟုဖမ်းသနေ့၌ရှင်း အပြီးသတ်သည် ဟူ၏။ အလုံးစုံသော ကျောင်းတို့ကို တည်ဆောက်၍ ပြီးသောအခါ မင်းကြီးက အမိန့်ပေး၏။

"ဤနေ့မှ ခုနစ်ရက်လွန်လျှင် ကျောင်းလွှတ်ပူဇော်ပွဲ ပြုမည်။ ပြည်တွင်းပြည်ပ၌နေသူ ခပ်သိမ်းသည် ရှစ်ပါးသီလဆောက်တည်၍ ကျောင်းလွှတ် ပူဇော်ခြင်းကို စီရင်ကုန်ဟု စည်လည်ကုန်လော"

ခုနစ်ရက်လွန်သောအခါ မင်းကြီးသည် ခပ်သိမ်းသော တန်ဆာတို့ဖြင့် ဆင်အပ်သော၊ အသိန်းမက အရေအတွက်ရှိသော စစ်အင်္ဂါလေးပါးဖြင့် မြို့ကို လှည့်လည်လျက် ကျောင်းသို့ သွား၏။ ထိုအခါ ရဟန်းသံဃာပေါင်း ကုဋေရှစ်ဆယ် စည်းဝေးနေကုန်၏။ ဘိက္ခုနီ ကိုးသန်းခြောက်သိန်း ရှိ၏။ ရဟန္တာပေါင်း တသိန်းမျှ ရှိ၏။ ရဟန္တာတို့သည် မင်းကြီး ကြည်ညိုပွားစေရန် သူ၏ကောင်းမှုဖြစ်သော ကျောင်းပေါင်း ရှစ်သောင်းလေးထောင်ကို လောက ဝိဝရဏ အမည်ရှိသော တန်ခိုးဖြင့် ပြ၏။ မင်းကြီးသည် အပြည်ပြည်တွင် တပြိုင်နက်တည်သော ကျောင်းတို့ကို ဤနေရာမှပင် တကွနက် မြင်ရလေ၏။ မင်းကြီးသည် အတိုင်းထက်အလွန် ပီတိသောမနဿဖြစ်၏။

"ဘန္တေ၊ မြတ်စွာဘုရား သာသနာတော်၌ ဘယ်သူ၏ အလှူဒါနသည် ကြီးကျယ် မြင့်မြတ်ပါသနည်း"

"မဟာရာဇ၊ မြတ်စွာဘုရား သာသနာ၌ ပစ္စည်းဒါယကာမည်သည်ကား သင်နှင့်တူသူ မြတ်စွာဘုရား ထင်ရှား ရှိသောအခါ၌လည်း တစုံတယောက်မျှ မရှိခဲ့ဘူးလေ။ သင်၏ အလှူဒါနသာလျှင် ကြီး၏"

"ဘန္တေ၊ ငါသည် သာသနာ၏ အမွေခံ ဖြစ်ပါအံ့လော"

"မဟာရာဇ၊ ဤမျှဖြင့် သာသနာ၏ အမွေခံ မဖြစ်နိုင်သေး။ စင်စစ်သဖြင့်ကား ပစ္စည်းဒါယကာဟုရင်း၊ လုပ်ကျွေးသူဟုရင်း ဆိုနိုင်ပါ၏။ အကယ်ဟုတ်စွ မဟာရာဇ၊ မြေကြီးမှ ဗြဟ္မာ့ပြည်တိုင်အောင် ပစ္စည်းလေးပါးတို့၏အစုကို ပေးလှူငြားလည်း သာသနာ၌ အမွေခံဟူသော အရေအတွက်သို့ မရောက်"

"ထိုသို့မဖြစ်သော် အသို့မူ၍ သာသနာ၏ အမွေခံ ဖြစ်မည်နည်း"

"မဟာရာဇ၊ ကြွယ်ဝသူဖြစ်စေ ဆင်းရဲသားဖြစ်စေ မိမိရင်မှ ဖြစ်သော သားကို ရဟန်းပြုစေက သာသနာ၏ အမွေခံ ဖြစ်၏"

ထိုအခါ မင်းကြီးသည် 'ငါကား ဤမျှ ရက်ရောစွာ စွန့်လှူသော်လည်း သာသနာ၏ အမွေခံအဖြစ်သို့ မရောက်သတတ်'ဟု စဉ်းစားလျက် အနီးတွင် ငြိမ်သက်စွာ ထိုင်နေသော သားတော် မဟိန္ဒကို ကြည့်၏။ ထို့နောက် 'ငါသည် သူ့ကို ညီတော် တိဿ ရဟန်းပြုသည်မှစ၍ အိမ်ရှေ့အရာ၌ အကယ်၍ကား ထားလို၏ ရှင့်။ သို့သော်လည်း အိမ်ရှေ့အရာထက်လည်း ရဟန်းအဖြစ်သာ လျှင် မြတ်စွာ၏'ဟု တွေးကာ မေး၏။

"ချစ်သား၊ သင်သည် ရဟန်းပြုရန် ဘတ်နိုင်အံ့လော"

မင်းသားသည် ပြကတေ့ သဘော အားဖြင့် သော်လည်း တိဿမင်းသား ရဟန်းပြုစဉ် အခါကပင် ရဟန်းပြုလိုသည်ပင် တည်း။ မင်းကြီး၏ စကားကိုကြားလျှင် ဝမ်းမြောက် ဝမ်းသာ ဖြစ်၍ ပြန်ကြား၏။

"ဒေဝ ခမည်းတော်မင်းကြီး၊ ရဟန်း ပြုပါအံ့။ ငါ့ကို ရဟန်း ပြု၍ သင်တို့သည် သာသနာ့ အမွေခံ ဖြစ်ကုန်လော့"

ထိုအခါ သံဃ မိတ္တာ မင်းသမီးလည်း တိုအရပ်၌လျှင် တည်ရှိ၏။ သူ၏ ကြင်ယာဖြစ်သော အဂ္ဂိဗြဟ္မာ မင်းသားသည် အိမ်ရှေ့မင်းသားကြီးနှင့်အတူ ရဟန်းပြုသွားပြီ ဖြစ်၏။မင်းကြီးသည် သူ့ကိုလည်း မေး၏။

"ချစ်သမီး၊ သင်သည်လည်း ရဟန်းပြုခြင်းငှာ စွမ်းနိုင်အံ့လော"

"ဘခင် မင်းကြီး၊ သာဓု သက္ကောမိ ကောင်းစွာ စွမ်းနိုင်ပါ၏"

မင်းကြီးသည် သားသမီးတို့၏ နှလုံးကို ရ၍ ရွှင်သောစိတ်ရှိသည် ဖြစ်ကာ ရဟန်းသံဃာကို လျှောက်၏။

"ဘန္တေ၊ ဤသတို့သား သတို့သမီးတို့ကို ရှင်ရဟန်း ပြုစေ၍ ငါ့ကို သာသနာ့အမွေခံ ပြုကုန်လော့"

သံဃာသည် မင်းကြီး၏ စကားကို လက်ခံ၍ မဟိန္ဒမင်းသားကို ရှင်ပြုပေး၏။ သံဃာ၏ ခွင့်ပြုချက်အရ မောဂ္ဂလိပုတ္တ တိဿထေရ်သည် ဥပဇ္ဈာယ်အဖြစ်ဖြင့်၎င်း၊ မဟာဒေဝထေရ်သည် သရဏဂုံ ဒသသီလ ပေးသော အာစရိယ အဖြစ်ဖြင့်၎င်း၊ မင်းသားအား ချီးမြှောက်ကုန်၏။အသက် နှစ်ဆယ်ပြည့်သောအခါ မဇ္ဈန္တိက ထေရ် ကမ္မဝါစ ရွတ်သော ဆရာပြု၍ ပဉ္စင်းခံစေ၏။

သံဃ မိတ္တာ မင်းသမီး၏ ဆရာဖြစ်သော ရဟန်း မိန်းမသည် အာယုပါလီထေရီ အမည်ရှိ၏။ ဥပဇ္ဈာယ်ဖြစ်သော ဘိက္ခုနီမသည်ကား ဓမ္မပါလီထေရီ အမည်ရှိ၏။ သံဃမိတ္တာမှာ အသက်တဆယ့်ရှစ်နှစ်သာ ရှိသေး၏။ သူ့ကို ငါးပါးသီလနှင့် ဝိကာလဘောဇန တည်းဟူသော သိက္ခာခြောက်ပါး၌ တည်စေကုန်၏။ အသက် ၆၀ ရှိသော သာမဏေမိန်းမဖြစ်သော်လည်း ဤအကျင့်

ခြောက်ပါးကို ၂ နှစ်စေ့အောင် မကျင့်သေးဘဲ ပဥ္စင်းမခံအပ်ချေ။

သူတို့နှစ်ယောက် ရှင်ရဟန်း ပြုသောအခါ မင်းကြီး အဘိသိက်ခံသည်မှ ခြောက်နှစ် လွန်လေပြီ။ မဟိန္ဒသည် ပဥ္စင်းဖြစ်သည်မှစ၍ သူ၏ ဥပဇ္ဈာယ်ထံ၌ ပိဋကသုံးပုံကို အဋ္ဌကထာနှင့်တကွ သင်ယူ၏။ သုံးနှစ်အတွင်းမှာပင် ဥပဇ္ဈာယ်ဆရာ၏ အန္တေဝါသိက တပည့်ရဟန်းတထောင်တို့တွင် ပါမောက္ခ ဖြစ်ခဲ့လေ၏။ ထိုအခါ မောဂ္ဂလိ ပုတ္တ တိဿသည် ဂိုဏ်းကို နှင်း၍ အဟောဂင်္ဂါတောင်သို့ သွားနေ၏။

× × ×

## သာသနာ့ဘေးရန်

အသောကမင်းကြီး အဘိသိက်ခံ၍ ရှစ် နှစ် မြောက် သော အ ခါ ကောန္တပုတ္တ တိဿ ရဟန်း လေနာရောဂါ ပြင်းစွာ ဖြစ်လတ်သော် ညီတော် သုမိတ္တက ဆို၏။

"အရှင်ဘုရား၊ ယခု အဘယ်ဆေးကိုလျှင် ရအောင် ပြုအပ်သနည်း"

"ငါ့ရှင်၊ တလက်ဆွမ်းမျှသော ထောပတ်ကိုရသော် ကောင်း၏"

"သို့ဖြစ်လျှင် ငါသည် မင်းကြီးအား ကြား၍ ရအောင် ပြုအံ့"

"မင်းအားလည်း မကြားလင့်။ ဆွမ်းခံဝတ်ဖြင့် ရချေမူကား ဆောင်ခဲ့"

သုမိတ္တလည်း ဆွမ်းခံဝတ်ဖြင့် ခံလေသော်သည်း တလက်ဆွမ်းမျှလောက်သော ထောပတ်ကိုမျှ မရရကား လေအနာ ပြင်းစွာနှိပ်စက်၍ ပရိနိဗ္ဗာန်ပြုလေ၏။ ထိုသတင်းကို မင်းကြီးကြား၍ 'ငါသို့သောသူ မင်းပြုလျက်လျှင် ဤသို့ သခင်ရဟန်း တို့အား ဆေးပစ္စည်းတို့ ရခဲလေကုန်ဘိတကား'ဟု နှလုံးပြု၍ ပြည်တံခါးလေးမျက်နှာတို့တွင် တတံခါး တတံခါး၌ လေးကန် လေးကန်တူးစေ၏။ တကန်ကို ထောပတ်၊ တကန်ကို ပျား၊ တကန်ကိုကားတင်လဲ၊ တကန်ကိုကား သကာ အပြည့်ထည့်၍ လှူစေ၏။

ထိုအခါ ပါဋလိပုတ်ပြည်၏ လေးတံခါးတို့၌ လေးသိန်း၊ တရားဆုံးဖြစ်ရာ သဘင်၌ တသိန်း၊ နေ့တိုင်း ဤငါးသိန်းသော အခွန်အတုတ်တို့ ရ၏။ မင်းကြီးသည် ထိုငါးသိန်းသော အခွန်မှ နေ့တိုင်း နိဂြောဓအား တသိန်း၊ ဗုဒ္ဓစေတီတော်၌ အမွှေးနံ့သာ ပန်းမာလာတို့ဖြင့် ပူဇော်စိမ့်သောငှာ တသိန်း၊ တရားတော်အားလည်း တသိန်း၊ အသီးသီး ပေးလှူ၏။ တရားတော်အား စွန့်သော တသိန်းကို တရားတော်ကိုဆောင်သော ဗဟုသုတ ရဟန်းတို့အား ပစ္စည်းလေးပါး အလို့ငှာ ဆောင်လေ၏။ သံဃာအား တသိန်း၊ တံခါးလေးမျက်နှာတို့၌ ဆေးအလို့ငှာ တသိန်း စွန့်လှူ၏။ ဤသို့လျှင် သာသနာ၌ ပြန့်ပြောသော လာဘ သက္ကာရ ဖြစ်၏။

တိတ္ထိတို့သည် လပ်ပူဇော်သက္ကာ ယုတ်ကုန်၏။ အယုတ်သဖြင့် စားရုံဝတ်ရုံကိုမျှလည်း မရကုန်။ လပ်ပူဇော်သက္ကာထူးကို တောင့်တကုန်လျက် သာသနာ၌ ရဟန်းပြုကုန်၏။ သူတို့သည် ရဟန်းပြုပြီးလျှင် သူတို့၏ အယူတို့ကို 'ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း'ဟု ပြကုန်၏။ ရဟန်းအဖြစ်ကို မရကုန်သော်လည်း ကိုယ်တိုင် ဦးခေါင်းပြည်း၍ သင်္ကန်းဝတ်ကုန်၏။ ကျောင်းတို့၌

လှည့်လည်ကာ ဥပုသ်၊ ပဝါရဏာ၊ သံဃာ့ကံ၊ ဂဏကံသို့ ဝင်ကုန်၏။ ရဟန်းတို့သည် တိတ္ထိတို့နှင့်အတူ ဥပုသ်မပြုကုန်။

ရဟန်းသံဃာသည် ဟုတ်မှန်သော ဝိနည်းကံဖြင့် သုတ်သင် ရှင်းလင်း သော်လည်း ထိုတိတ္ထိ တို့သည် သုတ် အဘိဓမ္မာ ဝိနည်း အားလျော်သော အကျင့်၌ မတည်ကုန်။ သာသနာ၏ ဘေးရန် အညစ်အကြေး ဆူးငြောင့်တို မျာစွာဖြစ်စေကုန်၏။ အချို့တို့ကား မီးကို လုပ်ကျွေးကုန်၏။ အချို့တို့ကား ပဉ္စတပခေါ် အပူငါးပါး (အထက်က နေ၊ လေးမျက်နှာကား မီးပုံကြီး လေးပုံ) အကျင့်ကို ကျင့်ကုန်၏။ အချို့ကား နေကို အစဉ်တစိုက်ကြည့်၍ ကျင့်ကုန်၏။ အချို့ကား ဓမ္မ ဝိနယကို ဖျက်ကုန်အံ့ဟု လုံ့လပြုကုန်၏။ ရဟန်း သံဃာတို့သည် သူတို့နှင့်အတူ ဥပုသ် ပဝါရဏာ မပြုချေ။ အသောကာရုံ ကျောင်းတော်၌ ခုနစ် နှစ် တို့ ပတ် လုံး ဥပုသ်ပြတ်၏။

ရဟန်းသံဃာတို့ မညီမညွတ်ဖြစ်နေသော သတင်းကို အသောကမင်းကြီး ကြားသဖြင့် အမတ်တဦးကိုခေါ်၍ စေခိုင်း၏။

"ကျောင်းသို့သွားပြီး သံဃာတို့၏ အဓိကရုဏ်းကို ငြိမ်းစေ၍ ဥပုသ်ပြုစေလော့"

အမတ်သည် မင်းကြီးကို တဖန် မေးအံ့သောငှာ မဝံ့ရကား အခြားသော အမတ်တို့ကို မေး၏။

"မင်းကြီးသည် ငါ့အား ကျောင်းသို့သွား၍ အဓိကရုဏ်းကို ငြိမ်းစေပြီး ဥပုသ်ပြုစေလော့ဟု စေ၏။ အသို့လျှင် အဓိကရုဏ်းကို ငြိမ်းအောင် ပြုအံ့နည်း"

အမတ်တို့က အကြံပေးကုန်၏။

"ပစ္စန္တရစ်ရွာကို ငြိမ်းစေလိုသောသူသည်းခိုးသူတို့ကို သတ်စေသကဲ့သို့ ဥပုသ်မပြုသော ရဟန်းတို့ကို မင်းကြီးသတ်စေလိုသည် ဖြစ်လိမ့်မည်ဟု ငါတို့ထင်ကုန်၏"

ထိုအခါ အမတ်သည် ကျောင်းသို့သွားပြီး ရဟန်းတို့ကို စည်းဝေးကာ လျှောက်ကြား၏။

"မင်းကြီးသည် ရဟန်းသံဃာတို့ ဥပုသ်ပြုစေဟူ၍ ငါ့ကို စေ၏။ အရှင်တို့ ယခုအခါ ဥပုသ်ပြုကုန်လော့"

ရဟန်းတို့က ဆိုကုန်၏။

"ငါတို့ကား တိတ္ထိတို့နှင့်တကွ ဥပုသ်မပြုကုန်"

ထိုအခါအမတ်သည် သီတင်းကြီးနေရာမှစ၍ သန်လျက်ဖြင့် ဦးခေါင်းတို့ကို ချအံ့သောငှာ ဖြတ်လျှင်းလေ၏။

တိဿထေရ်သည် ထိုသို့ အမှုဖောက်ပြန်သော အမတ်ကို မြင်လေသလျှင်ကတည်း။ တိဿထေရ်မည်ကား ဟုတ်ဟုတ်ညားညားသော မထေရ်မဟုတ်။ မင်းကြီး၏ တဝမ်းပေါက် ညီဖြစ်သော တိဿအမည်ရှိသော အိမ်ရှေ့မင်းတည်း။ သူက စဉ်းစား၏။

'မင်းကြီးသည် ရဟန်းတို့ကိုသတ်ရန် မစေရာ။ မချွတ်လျှင် ဤဖောက်ပြန်သော အကျင့်သည် ဤအမတ်၏သာလျှင် မကောင်းသဖြင့် ယူအပ်သော အယူဖြစ်လတ္တံ့။'

ဤသို့ စဉ်းစားပြီးလျှင် အမတ်၏ အနီးနေရာ၌ ထိုင်လေ၏။ အမတ်သည် သူ့ကို သိ၍ သတ်ရန် မဝံ့ရကား မင်းကြီးထံ ပြန်၍ လျှောက်ကြား၏။

"ဒေဝ၊ ငါသည် ဥပုသ်ပြုခြင်းငှာ အလိုမရှိကုန်သော ရဟန်းတို့၏ ဦးခေါင်းတို့ကို ကျစေပြီ။ သို့သော် သခင်တိဿ၏ အစဉ် ရောက်၏။ အသို့လျှင် ပြုရအံ့နည်း"

မင်းကြီးသည် ကြားကတည်းကလျှင် "အလို အသို့နည်း။ ငါ ရဟန်းတို့ကို သတ်ရန် သင့်ကို လွှတ်သလော"ဟု ဆို၍ ထိုခဏ၌လျှင် ကိုယ်၌ ပူလောင်၍ ကျောင်းသို့သွားကာ ရဟန်းတို့ကို မေးလျှောက်၏။

"ဘန္တေ သခင်ဘုရားတို့၊ ဤအမတ်သည် အကျွန်ုပ် မစေပဲလျှင် ဤသို့ပြုဘိ၏။ ဤမကောင်းမှုသည် ဘယ်သူအား ဖြစ်ရာသနည်း"

အချို့သော ရဟန်းတို့က ဆိုကုန်၏။

"ဤ အမတ်သည် သင်၏စကားကြောင့် ပြု၏။ ထိုမကောင်းမှုသည် သင့်အား ဖြစ်၏"

အချို့သောရဟန်းတို့က ဆိုကုန်၏။

"သင်တို့ နှစ်ယောက်အားလည်း ထိုမကောင်းမှု ဖြစ်၏"

အချို့တို့က ဆိုကုန်၏။

"မဟာရာဇ၊ အသို့နည်း။ ဤအမတ်သွား၍သတ်စေသတည်းဟု သင်၏စိတ် ရှိသလော"

"နှို့ဘန္တေ၊ မရှိပါ သခင်ဘုရားတို့။ ကောင်းမှုကို အလိုရှိသည်ဖြစ်၍ အညီအညွတ် ရဟန်းသံဃာသည် ဥပုသ်ပြုစေသတည်း ဟု အကျွန်ုပ် စေပြီ"

"မဟာရာဇ၊ အကယ်၍ သင်ကောင်းမှုကို အလိုရှိသည် ဖြစ်မူကား သင့်အား မကောင်းမှုမရှိ။ ထိုမကောင်းမှုသည် အမတ်အားသာလျှင် ဖြစ်၏"

"ဘန္တေ၊ ငါ၏ နှလုံး နှစ်ခု ဖြစ်ခြင်းကို ဖြတ်တောက်၍ သာသနာကို ချီးမြှောက်အံ့သောငှာ စွမ်းနိုင်သော ရဟန်း ရှိပါသလော"

"မဟာရာဇ၊ မောဂ္ဂလိ ပုတ္တ တိဿ မည်သော အရှင်ရှိ၏။ သူသည် သင်၏ နှလုံးနှစ်ခုကို ဖြတ်တောက်၍ သာသနာကို ချီး မြှောက်ရန် စွမ်းနိုင်၏"

"ဘန္တေ၊ မထေရ်ကား ကြီးပြီလော၊ ငယ်သေးသလော"

"မဟာရာဇ၊ ကြီးပြီ" (ခုနစ်ဆယ့်နှစ်နှစ် ရှိပြီ။)

"ဘန္တေ၊ အဘယ်အရပ်၌ မထေရ်နေသနည်း"

"မဟာရာဇ၊ ဥပရိဂင်္ဂါ၌ နေ၏"

ထိုအခါ မင်းကြီးသည် အမတ်တို့ကို ပြောကြား၏။

"အချင်းတို့၊ ထိုသို့တပြီးကား လှေဖောင်ဖွဲ့၍ မထေရ်ကို ပင့်ကုန်လော့။ ကမ်းနှစ်ဖက် တို့၌လည်း အစောင့် အရှောက်ကို ကောင်းစွာ စီရင်လော့"

သာသနာတော်၏ ရန်သူ များသောကြောင့် စီရင်စေ သ တည်း။

× × ×

## တတိယ သံဂီတိ

မင်းကြီးသည် မထေရ်ကြွလာပြီဟူ၍ ကြား၍ ဂင်္ဂါမြစ် နားသို့ ကိုယ်တိုင်သွားလေ၏။ ပုဆစ်မျှသောရေ၌သက်၍ မထေရ်ကို ရှေးရှု ကြိုလင့်၏။ ထိုနောက် မင်းကြီးသည် မထေရ်ကို သူ၏ဥယျာဉ်သို့ ဆောင်၍ အပမှ သုံးထပ် ခြံရံစေ၍ အစောင့်ထား၏။ ကိုယ်တိုင် လျှင် မထေရ်၏ခြေကို ဆေးပေးပြီး အနီး၌ထိုင်ကာ သူ၏ယုံမှား ခြင်းကို မေးလျှောက်၏။

မောဂ္ဂလိ ပုတ္တ တိဿထေရ်သည် မင်းကြီးအား စေတနာမပါ လျှင် မကောင်းမှု အကုသိုလ် မဖြစ်နိုင်ကြောင်း ပါဠိ၌ အကိုး အ

ကားဖြင့် ဟောကြားဖြေရှင်းပြီး တတ္တိရဇာတကခေါ် တိန်ညင် ဖြစ်သော ခါဇာတ်ကို ပုံဆောင်ပြ၏။ ဤသို့ ဖြေရှင်းပေးပြီးလျှင် ဥယျာဉ်မှာပင် ခုနစ်ရက်ပတ်လုံး နေလျက် မင်းကြီးကို ဘုရား အယူတော်ကို သင်စေ၏။

မင်းကြီးသည် ခုနစ်ရက်မြောက်သောနေ့၌ အသောကာရာမ ကျောင်း၌ ရဟန်းသံဃာကို စည်းဝေးစေ၏။ တင်းတိမ်ရံစေ၍ တင်းတိမ်တွင်း၌နေလျက် အယူတူ အယူတူရဟန်းတို့ကို တပေါင်းတည်း ပြုစေ၏။ တစုတစုသော ရဟန်းတို့ကိုခေါ်စေ၍ “သမ္မာသမ္ဗုဒ္ဓသည် အဘယ်အယူ ရှိတော်မူသနည်း” ဟု မေး၏။ ထိုအခါ တိတ္ထိတို့သည် မိမိတို့၏ အယူဝါဒကို အသီးသီး ထုတ်ဖော် ကုန်၏။

လောကကြီး မြဲ၏ဟုယူဆသော သဿတ ဝါဒ။

အချို့သာမြဲ၏ဟု ယူဆသော ဧကစ္စ သဿတ ဝါဒ။

လောကကြီး အဆုံးမရှိဟု ယူဆသော အနန္တ ဝါဒ။

အဆုံးလည်း ရှိ၊ အဆုံးလည်း မရှိဟု ယူဆသော အနန္တာ နန္တ ဝါဒ။

ဘယ်အရာမျှ အတိအကျ မရှိသော အမရာ ဝိက္ခေပ ဝါဒ။

အကြောင်းမဲ့ ဖြစ်၏ဟု ယူဆသော အဓိစ္စ သမုပ္ပန္န ဝါဒ။

သညာရှိ၏ဟု ယူဆသော သညီ ဝါဒ။

သညာ မရှိဟု ယူဆသော အသညီ ဝါဒ။

ရှိလည်း ရှိ၊ ရှိလည်း မရှိဟု ယူဆသော နေဝသညီ နာသညီ ဝါဒ။

တဘဝနှင့်ပြတ်၏ဟု ယူဆသော ဥစ္ဆေဒဝါဒ။

လက်တွေ့ကိုသာ နိဗ္ဗာန်ဟု ယူဆသော ဒိဋ္ဌ ဓမ္မ နိဗ္ဗာနဝါဒ။

ဤသို့စသဖြင့် ဝါဒပေါင်းများစွာ တင်ပြကြကုန်၏။

မင်းကြီးသည် ရှေးဦးစွာလျှင် ဘုရားမြတ်စွာ၏ အယူတော်

ကို သင်ပြီးသောကြောင့် 'ဤသူတို့ကား ရဟန်းမဟုတ်ကုန်၊ တပါးသော အယူရှိသော တိတ္ထိတို့တည်း'ဟုသိ၍ အဝတ်ဖြူတို့ကို ပေး၍ နှင်ထုတ်လိုက်၏။ တိတ္ထိပေါင်း ခြောက်သောင်း အရေအတွက် ရှိကုန်၏။

ထိုနောက် တပါးသော ရဟန်းတို့ကို ခေါ်စေ၍ "ဘန္တေ၊ သမ္မာ သမ္ဗုဒ္ဓ သည် အဘယ်အယူ ရှိတော်မူသနည်း" ဟု မေး၏။

"မဟာရာဇ၊ သမ္မာ သမ္ဗုဒ္ဓသည် ဝိဘဇ္ဇ ဝါဒီ ခွဲခြမ်းသောအယူရှိတော်မူ၏" ဟု ရဟန်းတို့ ပြေဆိုကုန်၏။ မင်းကြီးသည် ထိုအဖြေကို အရှင်အား မေးလျှောက်၏။

"ဘန္တေ၊ သမ္မာ သမ္ဗုဒ္ဓသည် ဝိဘဇ္ဇဝါဒီ ရှိတော်မူသလော"

"အာဝုသော၊ မဟာရာဇ ဩ ဟုတ်သတည်း"

"ဘန္တေ၊ ယခုအခါ သာသနာ စင်ကြယ်ပြီး သံဃာသည် ဥပုသ် ပြုလော့"

ထိုနောက် သံဃာသည် ညီညွတ်စွာ ဝေး၍ ဥပုသ်ပြု၏။ ထိုအစည်းအဝေး၌ ရဟန်းပေါင်း ခြောက်သန်းရှိ၏။ မောဂ္ဂလိပုတ္တ တိဿသည် တိတ္ထိတို့၏ အယူကို နှိပ်နင်းလျက် ကထာဝတ္ထုကျမ်းကို ဟောကြား၏။ ထိုနောက် ရဟန်း ခြောက်သန်းတို့တွင် ပိဋကသုံးပုံဆောင် ရဟန္တာ တထောင်ကို ရွေး၍ ဓမ္မ ဝိနယကို သံဂါယနာတင်လေရာ ကိုးလတို့ဖြင့် ပြီးဆုံးလေ၏။

မောဂ္ဂလိပုတ္တ တိဿ ထေရ်သည် တတိယ ဓမ္မ သံဂါယနာ တင်ပြီးသောအခါ ဘယ်အရပ်တွင် သာသနာ လုံ့မစောက် တည်မည်နည်းဟု ဆင်ခြင်၏။ ပစ္စန္တရာဇ် ဇနပုဒ်တို့တွင် သာသနာ ကောင်းစွာတည်မည်ကို မြင်၍ သာသနာပြု အဖွဲ့တို့ကို စံနစ်တကျ ဖွဲ့စည်းပြီး အတိုင်းတိုင်း အပြည်ပြည်သို့ သာသနာပြု စေလွှတ်ရန် စီစဉ်လေ၏။

# သာသနာပြု အဖွဲ့

**ကသ္မီရ ဂန္ဓာရ** (ယခု ပက်ရှဝါ)။ ။ထိုစဉ်အခါ ကသ္မီရ ဂန္ဓာရ၌ ကောက်မှည့်သောအခါ အရဝါဠ အမည်ရှိသော နဂါးမင်းသည် ရှောက်ရွာမိုး (မိုးသီး) ရွာစေ၍ ကောက်ကို သမုဒြာသို့ မျှော၏။

မဇ္ဈန္တိက ထေရ်သည် ပါဋလိပုတ်ပြည်မှ ကောင်းကင်သို့ ပျံတက်လေ၍ ဟိမဝန္တာ အရဝါဠ ရေအိုင်ထက်၌ သက်ပြီး ရေပြင်တွင် စင်္ကြံလည်း သွား၏။ ရပ်လည်း ရပ်၏။ ထိုင်လည်း ထိုင်၏။ အိပ်လည်း အိပ်၏။ နဂါးလုလင်တို့သည် သူ့ကို တွေ့မြင်ရ၍ နဂါးမင်းအား လျှောက်ကြားကုန်၏။

“မဟာရာဇ နဂါးမင်း၊ ဖန်ဆိုးသည့် ပုဆိုးပိုင်းပြတ်ကို ဝတ်ရုံလျက် ဦးခေါင်းပြည်းသော သမဏတဦး ငါတို့၏ ရေကို ဖျက်၏”

နဂါးမင်းသည် ထိုခဏ၌ပင်လျှင် အမျက်ဖြင့် နှိပ်စက်ရကား ထွက်လတ်၏။ ရဟန်းကိုမြင်၍ ထီမထင် ပြုခြင်းကို သည်းမခံနိုင်သည်ဖြစ်ကာ ကောင်းကင်၌ တပါးမကကုန်သော ကြောက်မက်ဖွယ်တို့ကို ဖန်ဆင်း၏။ ထိုထို အရပ်မျက်နှာမှ ပြင်းစွာသော လေတို့ လာကုန်၏။ သစ်ပင်တို့ ကျိုးကုန်၏။ တောင်ထွတ်တို့ ပြိုကုန်၏။ မိုးတို့ ကြိုးကုန်၏။ လျှပ်စစ်နွယ်တို့ ပြက်လတ်ကုန်၏။ မိုးကြိုးတို့ ကျကုန်၏။ ကောင်းကင်ပြင် ကွဲအံ့သကဲ့သို့ မိုးရေယို၏။ ကြောက်မက်ဖွယ် အဆင်းရှိကုန်သော နဂါးလုလင်တို့ စည်းဝေးကုန်၏။ ကိုယ်တိုင်လည်း အခိုးလွှတ်၏။ အလျှံလွှတ်၏။ လက်နက်မိုးတို့ လွှတ်၏။

"အဝတ်စုတ်ဝတ်သော ဤဦးပြည်းကား အသူနည်း"

ဤသို့ စသည်ဖြင့် ကြမ်းသော စကားတို့ဖြင့် ရဟန်းကို ခြိမ်း၏။

"လာလတ်ကုန်။ ဤဦးပြည်းရဟန်းကို ဖမ်းကုန်လော့။ သတ်ကုန်လော့၊ နှင်ထုတ်ကုန်လော့" ဟုလည်း နဂါးစစ်သည်ကို စေခိုင်း၏။

ရဟန်းသည် အလုံးစုံသော ကြောက်မက်ဖွယ်ကို မိမိတန်ခိုးဖြင့် တား၍ နဂါးမင်းကို ပြောပြ၏။

"မဟာရာဇ၊ နတ်နှင့်တကွသော လူသည် လာ၍ ငါ့ကို ခြိမ်းအံ့လည်း ငါ့အား ကြောက်မက်ဖွယ် ဘေးဖြစ်ရန် မစွမ်းနိုင်ရာ။ နဂါးမင်းကြီး၊ သင်သည် သမုဒ္ဒရာနှင့် တကွ တောင်နှင့်တကွ အလုံးစုံသော ဤမြေကြီးကို ရွက်၍ ငါ၏ ဦးခေါင်းထက်၌ အကယ်၍ ပစ်မူလည်း ငါ့အား ကြောက်မက်ဖွယ် ဘေးဖြစ်ရန် မတတ်နိုင်ရာ။ စင်စစ်သဖြင့် သင်သာလျှင် ပင်ပန်းခြင်း ဖြစ်လိမ့်သတည်း"

နဂါးမင်းသည် တန်ခိုးအာနုဘော် ပျောက်ခဲ့ရကား၊ အကျိုးမဲ့ အားထုတ်ခြင်း ရှိခဲ့ရကား ကိုယ်၏ ဆင်းရဲခြင်း၊ နှလုံး၏ ဆင်းရဲခြင်း ဖြစ်၏။ နဂါးမင်းကို ရဟန်းသည် ထိုခဏအား လျောက်ပတ်သော တရားစကား ကောင်းစွာပြ၍ ဆောက်တည်စေ၏။ ကောင်းစွာ ထက်စေ၏။ ကောင်းစွာ ရှင်စေ၏။ သရဏဂုဏ်သုံးပါး၊ ငါးပါးသီလတို့၌ ရှစ်သောင်း လေးထောင်သော နဂါးတို့နှင့် တကွ တည်စေ၏။ တပါးလည်း ဖြစ်ကုန်သော၊ ဟိမဝန္တာ၌ နေကုန်သော ယက္ခ၊ ဂန္ဓဗ္ဗ၊ ကုမ္ဘဏ်တို့လည်း တရားနာကြား၍ သရဏဂုဏ်သီလတို့၌ တည်ကုန်၏။ ပဉ္စကမည်သော ယက္ခမူကား မယား သားငါးရာတို့နှင့် တကွ ရှေးဦးစွာ သောတာ

ပတ္တိဖိုလ်၌ တည်လေ၏။ ထိုအခါ အရှင်မဇ္ဈန္တိကသည် အလုံးစုံ ကုန်သော နဂါး ဘီလူး ရက္ခိုသ်တို့ကို ခေါ်၍ ဤသို့ ဆို၏။

"ဘောဂန္တော၊ ယခုအခါ သင်တို့သည် ရှေး၌ကဲ့သို့ အမျက် မဖြစ်စေလင့်ကုန်။ ကောက်ဖျက်ခြင်း ကိုလည်း မပြုလင့်ကုန်။ သတ္တဝါတို့သည် ချမ်းသာကို အလိုရှိကုန်၏။ ထို့ကြောင့် သတ္တဝါတို့၌ မေတ္တာပြုလသော။ လူတို့ ချမ်းသာစွာ နေကုန်လသော။"

အလုံးစုံသော သူတို့လည်း "သာဓု ဘန္တေ" ဟူ၍ ရဟန်း၏ စကားကို နာ၍ ဆုံးမတိုင်း ကျင့်ကုန်၏။ ထိုနေ့၌လျှင်လည်း နဂါး မင်းအား ပူဇော်ခြင်း၏ အခါဖြစ်၏။ နဂါးမင်းသည် သူ၏ ရတနာ ပလ္လင်ကို ဆောင်စေ၍ ရဟန်းအား ခင်းစေ၏။ ရဟန်းသည် ပလ္လင်၌ ထိုင်၏။ နဂါးမင်းလည်း ရဟန်းကို ယပ်လေခံစေလျက် အနီး၌ နေ၏။ထိုအခါ ကသ္မီရ ဂန္ဓာရ ပြည်သူပြည်သားတို့မြင်ကုန် ၍ "ငါတို့၏ နဂါးမင်းထက်သော်လည်း ကြီးမြတ်၏" ဟု ရဟန်း ကိုသာလျှင် ရှိခိုး၍ နေကုန်၏။ ရဟန်းသည် သူတို့အား အာသီ ဝိသောပမ သုတ်ကို ဟောပေ၏။ အမျိုးသား တသောင်း ရဟန်း ပြု၏။ ထိုအခါမှစ၍လည်း ကသ္မီရ ဂန္ဓာရတို့သည် ယနေ့တိုင် အောင် သင်္ကန်းရောင်ဖြင့် တောက်ပကုန်၏။ ရဟန်းတို့၏ သင်္ကန်း ဝတ်ခြင်း၊ ရုံခြင်း စသည်တို့ကြောင့်ဖြစ်သော လေဖြင့် ထက်ဝန်း ကျင်မှ လာကုန်သလျှင်ကတည်း။

မဟိံသကတိုင်း(ယခု မိုက်စိုး)။ ။အရှင် မဟာဒေဝလည်း မဟိံသကတိုင်း အပြင်သို့ သွား၍ ဒေဝ ဒူတသုတ်ကို ဟောကြား ၏။ သုတ်၏ အဆုံးတွင် လေးသောင်းသော သတ္တဝါတို့ ဓမ္မ စက္ခုဖြစ်သော သောတာပတ္တိမဂ်ဉာဏ် ဝါအောက်မဂ်သုံးပါး၌ ဖြစ်သော ဉာဏ်ကို ရကုန်၏။ လေးသောင်းသော သတ္တဝါတို့

ရဟန်းပြုကုန်၏။ (ဒေဝဒူတမှာ နတ်၏တမန် ငါးပါး ဖြစ်သော သူငယ်၊ သူနာ၊ သူအို၊ သူသေနှင့် သူသတ်ဖြစ်၏။)

ဝနဝါသီတိုင်း (ယခု ကန္ဒရာမြောက်)။ ။အရှင် ရက္ခိတ သည်ကား ဝနဝါသီတိုင်းသို့ သွား၍ ကောင်းကင်၌ ရပ်လျက် အနမတဂ္ဂ ပရိယာယ သုတ်ကို ဟောပေသဖြင့် ဝနဝါသီ တိုင်း သားတို့ကို ကြည်ညိုစေ၏။ သူ၏ တရားအဆုံး၌ကား ခြောက် သောင်းသော သတ္တဝါတို့အား အကျွတ်တရား ရကုန်၏။ သော တာပန် ဖြစ်သတည်း ဟူ၏။ ခုနစ်သောင်း အတိုင်းအရှည် ရှိသော သူတို့ ရဟန်းပြုကုန်၏။ ကျောင်းငါးရာတို့ တည်စေကုန်၏။ ဤသို့ လျှင် ထိုတိုင်း၌ သာသနာ တည်စေ၏။

အပရန္တကတိုင်း (ဘုံဘိုင်မြောက်ဖက်)။ ။အရှင် ယောနက ဓမ္မ ရက္ခိတ သည်လည်း အပရန္တကတိုင်းသို့ သွား၍ အဂ္ဂိက္ခန္ဓုပမ သုတ္တန်တရားဖြင့် အပရန္တကတိုင်းသားတို့ကို ကြည်ညိုစေ၍ ခုနစ် သောင်းသော သတ္တဝါတို့ကို တရားတည်းဟူသော အမြိုက်ကို သောက်စေ၏။ မင်းမျိုးမှပင်လျှင် တထောင်မျှလောက်သော သူတို့ ရဟန်းပြုကုန်၏။ ခြောက်သောင်းမက မိန်းမတို့လည်း ရဟန်းပြုကုန်၏။ ဤသို့လျှင် ထိုတိုင်း၌ သာသနာတည်စေ၏။

မဟာရဋ္ဌတိုင်း (အိန္ဒိယအလယ်ပိုင်း အနောက်ဖက်)။ ။အ ရှင် မဟာ ဓမ္မ ရက္ခိတသည်ကား မဟာရဋ္ဌတိုင်းသို့ သွား၍ မဟာ နာရဒ ကဿပ ဇာတ်ကို ဟောသဖြင့် မဟာရဋ္ဌတိုင်း၌ နေသော သူတို့ကို ကြည်ညိုစေ၍ ရှစ်သောင်းလေးထောင်သော သတ္တဝါ တို့ကို မဂ်ဖိုလ်တို့၌ တည်စေ၏။ တသောင်း သုံးထောင်သော သတ္တဝါတို့ ရဟန်းပြုကုန်၏။ ဤသို့လျှင် ထိုတိုင်း၌ သာသနာ တည်စေ၏။

**ယောနကရဋ္ဌတိုင်း(အိန္ဒိယအနောက်မြောက်)။** ။အရှင်မဟာရက္ခိတသည်လည်း ယောနကရဋ္ဌသို့သွား၍ ကာဠကာရာမ သုတ္တန်တရားဖြင့် ပန်းသေးပြည်ကို ကြည်ညိုစေ၍ တသိန်း ခုနစ်သောင်းသောသတ္တဝါအား မဂ်ဖိုလ်တည်းဟူသောတန်းဆာကို ပေးတော်မူ၏။ တသောင်းသောသူတို့ ရဟန်းပြုကုန်၏။ ဤသို့လျှင် ပန်းသေးပြည်၌ သာသနာ တည်စေ၏။

**ဟိမဝန္တာဒေသ။** ။အရှင် မဇ္ဈိမ သည်ကား ဟိမဝန္တာအရပ်အဘို့သို့ သွား၍ ဓမ္မစကြာ တရားတည်းဟူသော သုတ္တန်ကို ဟောခြင်းဖြင့် ထိုဒေသကို ကြည်ညိုစေ၏။ ကုဋေရှစ်ဆယ်သောသတ္တဝါတို့ကို မဂ်ဖိုလ်တည်းဟူသော ရတနာ ရစေ၏၊ တသိန်းအတိုင်းအရှည်ရှိသော သူတို့ ရဟန်းပြုကုန်၏။ ဤသို့လျှင် ဟိမဝန္တာအရပ်၌ သာသနာတည်စေ၏။

**သုဝဏ္ဏဘူမိ(မြန်မာနိုင်ငံ၊သထုံ)။** ။သောဏထေရ်သည်လည်း ဥတ္တရထေရ်နှင့်တကွ သုဝဏ္ဏဘူမိသို့သွားလေ၏။ ထိုအခါ ထိုပြည်၌ ရက္ခိုသ် ဘီလူးမတယောက်သည် သမုဒ္ဒရာမှထွက်၍ မင်းအိမ်၌ ပွားတိုင်း ဖွားတိုင်းသော ကလေးတို့ကို စား၏။ ထိုနေ့၌လျှင် မင်းမျိုး၌ ကလေးတယောက် ဖွား၏။

လူတို့သည် ရဟန်းတို့ကိုမြင်၍ "ဤဦးပြည်တို့ကား ရက္ခိုသ်တို့၏ အဖော်တည်း"ဟု မှတ်ကုန်ရကား လက်နက်တို့ကိုယူ၍ ရဟန်းတို့ကို ထိုးပစ်ပုတ်ခတ်လိုကုန်သည်ဖြစ်၍ လာကုန်၏။ရဟန်းတို့က မေး၏။

"သင်တို့ကား အဘယ်ကြောင့်လက်နက် စွဲကုန်လျက် လာလတ်ကုန်သနည်း"

လူတို့က ဆိုကုန်၏။

"မင်းအိမ်၌ ပွားတိုင်း ပွားတိုင်းကုန်သော ကလေးတို့ကို ရက္ခိုသ်ဘီလူးတို့ စားလေကုန်၏။ သင်တို့ကား သူတို့၏ အဖော်တို့လော"

"ငါတို့ကား ရက္ခိုသ်တို့၏ အဖော်မဟုတ်ကုန်။ ရဟန်း မည်ကုန်၏။ သတ္တဝါတို့၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကုန်၏။ သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ကုန်၏။ သူ့သားမယားကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ကုန်၏။ မဟုတ် မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ကုန်၏။သေသောက်ခြင်းမှ ရှောင်ကြဉ်ကုန်၏၊ တထပ်သာ စားကုန်၏။သီလ ရှိကုန်၏။ကောင်းသောသဘော ရှိကုန်၏"

ဤသို့ ပြောကြားစဉ်၌ပင်လျှင် အခြံအရံနှင့်တကွသော ထိုရက္ခိုသ်ဘီးလူးမသည် မင်းအိမ်၌ ပွားသော သူငယ်ကို စားအံ့ဟု သမုဒ္ဒရာမှ ထွက်လတ်သတည်း။ လူတို့သည် ကြောက်ကုန်၍ မြည်တမ်းကုန်၏။

"ဘန္တေ၊ထိုရက္ခိုသ်ဘီလူးမ လာလတ်ပြီ"

ထိုအခါ ရဟန်းတဦးသည် ရက္ခိုသ်ထက် နှစ်ဆလွန်ကုန်သော ကိုယ်အဖြစ်ကို ဖန်ဆင်း၍ ယိုကိုယ်ဖြင့် ပရိသတ်နှင့်တကွ ရက္ခိုသ်တို့ကို အလယ်ထား၍ နံပါးနှစ်ဖက်၌ ခြံရံ၏။ ပရိသတ်နှင့်တကွသော ရက္ခိုသ်ဘီလူးမသည် ဤသို့ စဉ်းစား၏။

"ဤသူတို့သည် ဝေဿဝဏ နတ်မင်းကြီး၏အထံမှ ဤအရာကို ရလိမ့်မည်။ ငါတို့ကား သူတို့၏အစာ ဖြစ်ကုန်အံ့သတည်း"

သူတို့သည် ကြောက်လန့်၍အဟုန်ဖြင့် ပြေးကုန်၏၊ ရဟန်းသည်လည်း ရက္ခိုသ်တို့ကို မမြင်မတွေ့ရသည်အထိ မောင်းနှင်ပစ်ပြီး ကျွန်း၏ထက်ဝန်းကျင်မှ အစောင့်အရှောက်ထား၏။ မဝင်နိုင်အောင် မိဌာန်သတည်း။

ထိုအခါ စည်းဝေးသော သူအပေါင်းကို ဗြဟ္မဇာလသုတ်ကို ဟောသဖြင့် ကြည်ညိုစေ၍ သရဏဂုဏ် သီလတို့၌တည်စေ၏။ ဤအစည်းအဝေး၌ ခြောက်သောင်းသော သတ္တဝါတို့ အကျွတ်တရား ရကုန်၏။ အမျိုးသား သုံးထောင့်ငါးရာနှင့်အမျိုးသမီး တထောင့်ငါးရာ ရဟန်းပြုကုန်၏။ ဤသို့လျှင် ထိုပြည်၌ သာသနာတည်စေ၏။ ခင်းအိမ်၌ ဖွားသော သတို့သားအား သောဏုတ္တရ အမည်မှည့်ကုန်၏။

**တမ္ဗပဏ္ဏိ** (သီဟိုဠ်ကျွန်း) ။ ။သီဟိုဠ်ကျွန်း သာသနာပြုအဖွဲ့ ခေါင်းဆောင်ကား အသောကမင်းကြီး၏ သားတော် အရှင်မဟိန္ဒဖြစ်၏။ အခြားအဖွဲ့များ အသီးသီး သွားကြပြီဖြစ်သော်လည်း သူကား မထွက်ဖြစ်သေးချေ။ သူ၏တူ သံဃမိတ္တာ၏သား ဖြစ်သော သုမန သာမဏေကိုခေါ်၍ ဆွေတော် မျိုးတော်တို့၏ နေရာ ဒက္ခိဏာဂိရိသို့ သွား၏။ ထိုနောက် မယ်တော် မိဖုရားနေရာ ဝေဒိသက ဂိရိသို့ သွား၏။ အသောကသည် ဥဇ္ဇေနီမှ ပါဋလိပုတ်ကို သိမ်းယူရန်သွားသောအခါ မိဖုရားနှင့် သားတော် သမီးတော်တို့ကို ဝေဒိသက ဂိရိတွင် ထားခဲ့၏။ ခမည်းတော်၏ အရိပ်အရာကို ဆက်ခံသောအခါ သားနှင့်သမီးကိုသာ ပါဋလိပုတ်သို့ ပို့လိုက်၏။ သူကိုယ်တိုင်ကား မိဘများနှင့်အတူ ဝေဒိသက ဂိရိတွင် နေ၏။ သို့ကြောင့် သားတော်မဟိန္ဒသည် သီဟိုဠ်သို့ မသွားမီ မိခင်ကို ဖူးတွေ့ခြင်းဖြစ်၏။ ထိုတွင် တလမျှနေပြီးနောက် သီဟိုဠ်သို့သွားသောအခါ မယ်တော်၏ ညီမ၏ သမီး၏ သား ဘဏ္ဍုကအမည်ရှိသော သတို့သားလည်း သူတို့နှင့် အတူ သီဟိုဠ်သို့ လိုက်လေ၏။

ရှင်မဟိန္ဒအဖွဲ့ သီဟိုဠ်သို့ရောက်သောအခါ မိဿက တောင်ထိပ် အမ္ဗဋ္ဌအပြင်၌ နေကုန်၏။ ထိုအခါ သီဟိုဠ်တွင် ဒေဝါနံ

ပိယ တိဿ အမည်ရှိသော မင်းကြီး မင်းပြု၏။ သူသည် အသော ကမင်းကြီးနှင့် ရာဇ မဟာမိတ် ဖြစ်၏။ အသောကသည် သူ၏သား တော် မဟိန္ဒ အမှူးရှိသော သာသနာပြုအဖွဲ့ သီဟိုဠ်သို့ သာသ နာပြု ကြွလာမည့်အကြောင်း ကြိုတင် သတင်းပို့ထား၏။ ထို ကြောင့် ဒေဝါနံ ပိယ တိဿသည် မဟိန္ဒ သီတင်းသုံးရာသို့ ကိုယ် တိုင်သွား၍ တွေ့ဆုံ၏။ မဟိန္ဒသည် သူ၏ အဖွဲ့ဝင်များနှင့်အတူ သရက်ပင်အောက်တွင် ထိုင်နေ၏။ မင်းကြီးသည် မဟိန္ဒကို တွေ့ မြင်ရသောအခါ ဝမ်းသာစွာ နှုတ်ဆက်ပြီး မေး၏။

"အရှင်ဘုရား၊ အရှင်တို့သည် အဘယ်ခရီးဖြင့် ကြွလာကုန်သ နည်း"

"မင်းကြီး၊ ငါတို့ကား ကြည်းကြောင်း ခရီးဖြင့်လည်း မလာ၊ ရေကြောင်းခရီးဖြင့်လည်း မလာ"

မင်းကြီးသည် ကောင်းကင်ခရီးဖြင့် လာသည်ဟု သိလျှင် ဆက်၍ မေး၏။

"အဘယ်ရက် နှိုက် လာသနည်း"

"ယနေ့နံနက်အခါ ဇမ္ဗူဒိပ်ကျွန်း ဝေဒိသကကျောင်းမှ ဆွမ်း ဘုဉ်းပေးပြီးမှ လာခဲ့၏"

စိတ်နှင့်တပ်တူပင် ရောက်ပေသည်ဟု မင်းကြီး အံ့ဩသွယ်သရဲ ဖြစ်၏။ ထိုအခါ မဟိန္ဒသည် မင်းကြီး ဉာဏ်ပညာ ရှိပါအံ့ လောဟု စူးစမ်းခြင်းငှာ ပြဿနာမေး၏။

"မဟာရာဇ၊ ဤသစ်ပင်သည် အဘယ်အမည်ရှိသနည်း"

"ဘန္တေ၊ သရက်ပင် အမည်ရှိ၏"

"မဟာရာဇ၊ ဤသရက်ပင်ကိုလွှတ်၍ တပါးသော သရက်ပင် ရှိသလော"

"ဘန္တေ၊ များစွာသော သရက်ပင်တို့ ရှိပါ၏"

"မဟာရာဇ၊ ဤသရက်ပင်နှင့်တပါးသောသရက်ပင်ကိုလွှတ်၍ သစ်ပင်တို့ ရှိကုန်သေး၏လော"

"ဘန္တေ၊ များစွာသော သစ်ပင်တို့ ရှိကုန်၏။ ယင်းတို့ကား သရက်ပင် မဟုတ်ကုန်"

"မဟာရာဇ၊ တပါးကုန်သော သရက်ပင်တို့နှင့် သရက်ပင် မဟုတ်ကုန်သော သစ်ပင်တို့ကိုလွှတ်၍ အခြားသစ်ပင် ရှိကုန်သေးသလော"

"ဘန္တေ၊ ဤသရက်ပင် ရှိပါ၏"

"မဟာရာဇ၊ သင်ကား ပညာရှိလေစွ။ သင့်အား ဆွေမျိုးတို့ ရှိသလော"

"ဘန္တေ၊ ဆွေမျိုးကား အများပင် ရှိပါ၏"

"အဆွေမတော်သောသူကား ရှိပါ၏လော"

"ဘန္တေ၊ ဆွေမျိုးထက် အဆွေမတော်သော သူက များပါ၏"

"မဟာရာဇ၊ ဆွေမျိုးတော်သော သူနှင့် ဆွေမျိုး မတော်သောသူကိုထား၍ အခြားသောသူ ရှိ၏လော"

"ဘန္တေ၊ အကျွန်ုပ်သာလျှင် ရှိပါ၏"

ထိုနောက် မဟိန္ဒသည် မင်းကြီးအား စူဠဟတ္ထိ ပဒေါပမသုတ္တန်ကို ဟောတော် မူ၏။ဒေသနာတော်၏ အဆုံး၌ မင်းကြီးသည် လေးသောင်းမျှလောက်သော ပရိသတ်နှင့်တကွ သရဏဂုံတည်သော ဥပါသကာအဖြစ်သို့ ရောက်လေ၏။ မင်းကြီးမေဃဝန်ဥယျာဉ်ကို ရဟန်းတို့အား လှူသောနေ့တွင် မိဖုရားကြီး အနုဠာဒေဝီနှင့် ငါးရာသော မိန်းမတို့ သကဒါဂါမိဖိုလ်သို့ ရောက်ကုန်၏။ သူတို့သည် မင်းကြီးထံ ရဟန်းပြုခွင့် တောင်းဆိုကုန်၍ မင်းကြီးလည်း အရှင်တို့ထံ တဆင့် တောင်းပန်၏။

"ဘန္တေ၊ ဤမိန်းမ ငါးရာကို ရဟန်းပြုတော်မူပါလော"

"မဟာရာဇာ၊ငါတို့ကား မိန်းမတို့ကို ရဟန်းပြုခြင်းငှာ မတတ်ကောင်းချေ။ ပါဋလိပုတ်ပြည်၌ ငါ၏ နှမငယ်ဖြစ်သော သံဃမိတ္တာအမည်ရှိသော ရဟန်းမိန်းမ ရှိ၏။ သူ့ကို ပင့်ဆောင်လော့။ သူရောက်သောအခါမှ မိန်းမတို့ကို ရဟန်းပြုလိမ့်သတည်း"

မင်းကြီးသည် သူ၏တူတော် အရိဋ္ဌအမတ်ကို ပါဋလိပုတ်သို့ စေလွှတ်လိုက်၏။ အနုဠာဒေဝီလည်း အမျိုးသမီးငါးရာတို့နှင့်အတူ ဆယ်ပါးသီလ ဆောက်တည်၍ သံဃမိတ္တာထေရီ ကြွလာခြင်းကို စောင့်မျှော်နေ၏။

အရိဋ္ဌ အမတ်လည်း ပါဋလိပုတ်သို့ ရောက်၍ အသောကမင်းကြီးအား အကြောင်းကို လျှောက်ကြား၏။ မင်းကြီးလည်း အလွန် ဝမ်းမြောက်စွာဖြင့် သမီးတော် သံဃမိတ္တာ ထေရီကို ရဟန်းမိန်းမ တကျိပ်နှင့်အတူ ထည့်လိုက်၏။ သီဟိုဠ်တွင် ထာဝရ စိုက်ပျိုးပြီး ကိုးကွယ်ပူဇော်စေနိုင်ရန် မဟာဗောဓိပင်မှ ဒက္ခိဏသာခါ လက်ယာတောင်ကိုင်းကိုလည်း ပေးအပ်လိုက်လေ၏။

ဒေဝါနံ ပိယ တိဿ မင်းကြီးသည်လည်း သာသနာ အဆောက်အဦဖြစ်သော စေတီ၊ ပုထိုး၊ ဗောဓိ၊ ကျောင်း၊ သိမ်၊ အရာမ်ဝတ္ထုတို့ကို တည်ဆောက်လှူဒါန်းပြီးလျှင် အားရတော်မူလှ၍ ရှင်မဟိန္ဒအား လျှောက်ကြား၏။

"ဘန္တေ၊ယခုအခါ ဤသီဟိုဠ်ကျွန်း၌ သာသနာတည်ပြီလော"

"မဟာရာဇာ၊ ဗုဒ္ဓသာသနာသည် ဤသီဟိုဠ်ကျွန်း၌ တည်လေပြီ။ သို့ရာတွင် ကောင်းစွာမတည်သေး။ တည်ခါစ ရှိသေး၏။ သာသနာ၏ အမြစ်အရင်း မသက်ဆင်းသေး"

"ဘန္တေ၊ ဘယ်အခါမှ သာသနာ၏ အမြစ်အရင်း သက်ဆင်းပါမည်နည်း"

"မဟာရာဇ၊ သီဟိုဠ်ကျွန်းသူ ကျွန်းသားတို့ ရဟန်းပြု၍ ဝိနည်းကို သင်ကြား ပို့ချမှ သာသနာ၏ အမြစ်အရင်း သက်ဆင်းမည်"

"ဘန္တေ၊ သီဟိုဠ်ကျွန်းသားဖြစ်၍ သီဟိုဠ်ကျွန်းတွင် ဝိနည်း သင်ယူပြီး သီဟိုဠ်ကျွန်း၌ ဝိနည်းပို့ချနိုင်သော ရဟန်း ရှိပါ သလော"

"မဟာရာဇ၊ အရိဋ္ဌမည်သော ရဟန်းသည် စွမ်းနိုင်လတံ့"

မင်းကြီးသည် နှစ်သက်တော်မူလှ၍ မေဃဝဏ္ဏာဘယ အမတ်ကြီး၏ ပရိဝုဏ်နေရာ၌ မဏ္ဍပ်ကြီး ဆောက်လုပ်စေ၍ ဝိနည်း စာချပွဲသဘင် ဆင်ယင်ခင်းကျင်းလေသတည်း။

အရှင်မဟိန္ဒကား တဆဲ့နှစ်ဝါ စေ့သော အခါလျှင် သိန်း ဃိုဠ်ကျွန်းသို့ ရောက်တော်မူ၏။ တဆဲ့လေးဝါ ရောက်လပြီး ကား သိန်းဃိုဠ်ကျွန်း၌ ဝိနည်း ပိဋကကို တည်စေ၍ ခြောက်ဆဲ့ နှစ်နှစ် စေ့လတ်သော်လျှင် ပရိနိဗ္ဗာန်ပြုတော်မူ၏။ နောက်အ ဖို့၌ တပါးကုန်သော သူတို့၏ တပည့်သားတို့သည်ရင်း၊ အရိဋ္ဌ ထေရ်၏ တပည့်ဖြစ်ကုန်သော တိဿဒတ္တ၊ ကာဠသုမန၊ ဒီဃသု မန အစရှိသော ထေရ်တို့သည်ရင်း၊ တပည့်တို့၏ အဆက်ဆက် သော တပည့်တို့သည်ရင်း၊ ဆိုခဲ့သော ဆရာအဆက်ဆက်တို့သည် ဤဝိနယ ပိဋကကို ယနေ့တိုင်အောင် ဆောင်ကုန်၏။

ဝိနည်းသည် အဘယ်ပုဂ္ဂိုလ်၌ တည်သနည်း။

သိက္ခာသုံးပါး၌ အလိုရှိကုန်သော လဇ္ဇီပုဂ္ဂိုလ်တို့၌ တည်၏။

ဝိနည်း သင်ခြင်း၌ လိမ္မာသော ပုဂ္ဂိုလ်သည် သာသနာ၌ သဒ္ဓါယုံကြည်ခြင်းရှိသော အမျိုးကောင်းသားတို့၏ မိဘအရာ၌ တည်၏။ အဘယ်ကြောင့်နည်းဟူမူ ထိုသူတို့၏ ရှင်ရဟန်းအဖြစ်

ဝတ်ကြီး ဝတ်ငယ် အကျင့်တို့မှာ ဝိနည်းကို အမှီပြု၍ ဖြစ်၏။ ဝိနည်းဆောင်သော ပုဂ္ဂိုလ်သည် ကိုယ်နှုတ် ဆောင်ခြင်းလျှင် အရင်းရှိသော ကုသိုလ်တရားတို့၏ အမွေခံဖြစ်၏။

× × ×

## ပေထက် အက္ခရာတင်

ဤဆိုအပ်ခဲ့ပြီးသော ဆရာတပည့် အဆက်ဆက်တို့သည် ဘုရား လက်ထက်တော်ကစ၍ ပိဋကတော်ကို နှုတ်တက်သာ ဆောင် ကုန်၏။ အပြည့်အစုံ ရေးသား မထားကုန်။ နှုတ်တွင်သာ ထိန်း သိမ်းသဖြင့် အလွန် ငြိုငြင် ခက်ခဲသောအမှုကို ပြုကုန်၏။

သီဟိုဠ်ကျွန်း၌ ပြည်ရွာကို လုယက်သော စဏ္ဍာလ တိဿ မည်သော ဒုန်းစဏ္ဍား သူပုန်းစားဘေးဖြစ်သောအခါ မိုး ကောင်း စွာ မရွာ။ မလုပ်ဆောင်ရ၍ ငတ်မွတ်ကုန်သတ်သော် သိကြား မင်းလာ၍ ရဟန်းတို့အား လျှောက်ကြား၏။

"အရှင်ဘုရားတို့၊ ပိဋကကို မဆောင်နိုင်လတ္တံ့။ ဤ ဖောင်ကိုစီး၍ ဇမ္ဗူဒိပ်သို့ ကူးပါကုန်။ ဖောင်မဆန့်လျှင် သစ် တုံး ဝါးလုံးကိုပင် ရင်ဖြင့်အပ်၍ ကူးပါကုန်။ ဘေးမဖြစ်ရအောင် ကျွန်ုပ် စောင့်ရှောက်ပါအံ့"

ထိုအခါ ရဟန်းတို့သည် ဇမ္ဗူဒိပ်သို့ ကူးရန်သွားကြ၏။

ရဟန်းခြောက်ကျိပ်တို့ကား သမုဒ္ဒရာနားရောက်မှပင် "ဇမ္ဗူ ဒိပ်သို့ မကူးလိုပြီ။ ဤတွင်သာ နေ၍ ပိဋကကို ဆောင်ရွက် စောင့်ရှောက်ကုန်အံ့"ဟု ကတိကဝတ်ပြုလျက် သင်းဘောဆိပ်မှ ပြန်ခဲ့၏။ သီဟိုဠ်ကျွန်း အစိတ်မလယ ဇနပုဒ်သို့သွား၍ သစ်ဖု သစ်မြစ် သစ်ရွက်တို့ဖြင့်သာ ကိုယ်ကို မျှတစေသဖြင့် ပိဋက

စာပေ သရဇ္ဈာယ်တော်မူကုန်၏။ ဆာလောင်ခြင်း ပြင်းပြလှ၍ မသရဇ္ဈာယ်နိုင်သောအခါ သဲကို စုပုံ၍ ဝမ်းအောက်ကထားပြီးမှ တခုတည်းသော အရပ်၌ ဦးခေါင်းဆိုက်ကုန်လျက် ပိဋကစာပေတို့ကို စိတ်ဖြင့် ဆင်ခြင်ကုန်၏။ ဤသို့လျှင် ၁၂ နှစ် ပတ်လုံး အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို မကွယ်မပျောက်ရအောင် ဆောင်ရွက် စောင့်ရှောက်တော်မူကုန်၏။

ဆဲ့နှစ်နှစ်စေ့၍ ဒုန်းစဏ္ဍား သူပုန်းစားဘေး ပြေငြိမ်းသောအခါ ယခင် ဇမ္ဗူဒိပ်သို့ ကူး၍ ပိဋကကို ဆောင်ရွက် စောင့်ရှောက်ကြလေသော ရဟန်း ခုနစ်ရာတို့ ပြန်လာ၍ သီဟိုဠ်ကျွန်း အစိတ်ကလာရာမ ဇနပုဒ် မဏ္ဍလာရာမကျောင်းသို့ ရောက်ကုန်၏။ ဇမ္ဗူဒိပ်သို့ မကူးဘဲ သီဟိုဠ်ကျွန်းတွင် ကျန်ရစ်သော ရဟန်း ခြောက်ကျိပ်တို့လည်း မဏ္ဍလာရာမကျောင်းသို့ သွား၍တွေ့ပြီး အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို တိုက်ဆိုင် တည်းဖြတ်ကုန်၏။ တပုဒ် တသဝေမျှ မချွတ်မလွဲကြ။ ဂင်္ဂါရေနှင့် ယမုနာရေကို ရောနှောသော် ညီညွတ်သကဲ့သို့ရင်း၊ ဇမ္ဗူရာဇ်ရွှေစင်ကို ဖြတ်၍ စံသော် ရောင်လျှံ မထူးမပြားသကဲ့သို့ရင်း ညီညွတ်ကြလေ၏။ အပြည့်အစုံ ရေးသား မထားကုန်။ နှုတ်တွင်သာ ထိန်းသိမ်းသဖြင့် အလွန် ငြိုငြင် ခက်ခဲသောအမှုကို ပြုကြသတည်း။

ပိဋကတ်တော်ကို တပုဒ်တပါဒမျှ မယိုယွင်းရအောင် သင်ကြားဆောင်ရွက်ကြသည့် အရာလည်း အလွန် ငြိုငြင်ခက်ခဲလှပေ၏။

သီဟိုဠ်ကျွန်းတွင် ပုနဗ္ဗသုမည်သော သူကြွယ်သား အရှင်တိဿသည် စာပေသင်စဉ်ကာလ သီဟိုဠ်ကျွန်းက ဇမ္ဗူဒိပ်သို့ကူး၍ ယောနကတိုင်း ဓမ္မရက္ခိတ ထေရ်အထံ၌ ပိဋကကို သင်၏။ တတ်မြောက်ပြီ အမှတ်နှင့် သီဟိုဠ်ကျွန်းသို့ ပြန်ခဲ့သော် သင်း

ဘောဆိပ်ရောက်မှ တခုတည်းသောပုဒ်၌ ယုံမှားသင်္ကာ ဖြစ်ခဲ့၏။ ထိုသင်းဘောဆိပ်နှင့် ယောနကတိုင်းကား ယူဇနာတရာ ကွာဝေးသတည်း။ ထိုသို့စင်လျက် တပုဒ်အတွက်ကြောင့် ယူဇနာတရာ ခရီးကို ပြန်၍ ဆရာ့ထံသို့ သွားလေသော် ခရီးအကြား၌ သူကြွယ်တဦးမေးသော ပြဿနာကို ဖြေ၍ ကြည်ညိုသဖြင့်လှူသော တသိန်းထိုက်သော ကမ္ဗလာတထည်ကို ဓမ္မရက္ခိတထေရ်အား လှူလေ၍၊ ပြန်လာကြောင်းကို မေးလျှင် "တခုသော ပုဒ်၌ ယုံမှားသင်္ကာရှိ၍ ယူဇနာ တရာခရီးကိုစင် ပြန်လျက် ဆရာမှာ မေးမြန်းလာသည်ဟု နောင်လာသူတို့ ပြောပရစ်၍ အကျွန်ုပ်ကဲ့သို့ ကျင့်ကြပါစေ နှလုံးထားလျက် ပြန်လာကြောင်း" ကိုလျှောက်ပြီးမှ ယုံမှားသင်္ကာကင်းအောင်ပြု၍ သီဟိုဠ်ကျွန်းသို့ ပြန်မြဲ ပြန်လေ၏။

ဤသို့ ပိဋကတော်ကို တပုဒ်တပဒမျှ မယိုမယွင်းရအောင် သင်ကြား ဆောင်ရွက်သည့်အရာလည်း အလွန် ငြိုငြင် ခက်ခဲလှပေသတည်း။

အများ အဆောင်အရွက်မရှိ၍ ပိဋကကျမ်းဂန် ကွယ်ပျောက်လုသည်ကို မကွယ် မပျောက်ရအောင် ထိန်းသိမ်း စောင့်ရှောက်သည့်အရာသည် ငြိုငြင် ခက်ခဲစွာ၏။

အရှင် သာရိပုတြာ ဟောသော မဟာနိဒ္ဒေသကျမ်းကို အများ ဆောင်ရွက်မည့်သူ မရှိ။ ကွယ်ပျောက်လုလျှင် သီဟိုဠ်ကျွန်းတွင် အလင္ဂ ရဟန်းတဦး ဆောင်ရွက် လေ့လာသည်ကို မဟာတိပိဋကထေရ် သိ၍ မဟာရက္ခိတထေရ်ကို "ထိုရဟန်းထံ မဟာနိဒ္ဒေသကျမ်း သင်ကြားပါ" ဆိုသည်ကို "ထိုရဟန်း အလဇ္ဇီ ဖြစ်ဟန်ရှိ၏။ မသင်ကြားလို" ငြင်းဆန်သဖြင့် "အခြားသူများ မဆောင်မရွက် အစွန်း၌တည်၍ ကွယ်ပျောက်လုသော ကျမ်းဖြစ်၏။ ငါတို့လည်း စောင်မပါမည်" ဟု တိုက်တွန်း၍ သင်ကြားစေ

၏။ သင်ပြီးသနေ့ပင် ညောင်စောင်းအောက်၌ အိပ်သော မာတုဂါမကို မြင်လေသည် ဟူ၏။

ဤသို့ အစွန်း၌တည်၍ ကွယ်ပျောက်လုသော ပိဋက ကျမ်းဂန် မကွယ်မပျောက်ရအောင် သင်ကြား ဆောင်ရွက်သည့် အရာသည် ပြုပြင် ခက်ခဲစွာသတည်း။

ဘုရား လက်ထက်တော်က စ၍ ကာလအရှည် ယခင်ဆိုခဲ့သော ဆရာစဉ်ဆက် နှုတ်တက်ဆောင်၍ နှုတ်တွင်သာ စောင့်ရှောက် ထိန်းသိမ်းကုန်၏။ သတိ၊ ပညာ၊ သမာဓိ ကြီးမြတ်ကုန်သဖြင့် မုခပါဌ်ဖြင့်သာ ဆောင်ရွက်နိုင်ကုန်၏။ ထိုသို့ ဆောင်ရွက်လေသည်ကား ကာလအားဖြင့် ၄၉၅ နှစ်လျှင် ကြာမြင့်သတည်း။

ဘုရား နိဗ္ဗာန်လွန်တော်မူသည်နောက် သာသနာနှစ် ၄၅၀ ရောက်သောအခါ သီဟိုဠ်မင်း ၁၀ ဆက်မြောက် သဒ္ဒါတိဿမင်း၏သား ဝဋ္ဋဂါမဏိမင်း နန်းစံခြောက်နှစ်တွင် နှောင်သောအခါ သတ္တဝါတို့ သတိ၊ ပညာ၊ သမာဓိ ယုတ်လျော့ကြ၍ မုခပါဌ်ဖြင့် နှုတ်တက် မဆောင်မရွက်နိုင် လတ္တံ့သည်ကို မြင်တော်မူကုန်၍ ယခင် ဆရာစဉ်ဆက်မှလာသော ရဟန္တာကြီး ငါးရာတို့သည် ထိုမင်း အစောင့်အရှောက် ပြုသည်ဖြစ်၍ သီဟိုဠ်ကျွန်း အစိတ် မလယ ဇနပုဒ် အာလောကမည်သော လိုဏ်၌ အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို ပေထက် ရေးသား တင်ထားစေကုန်၏။

ထိုသို့ ပေထက် ရေးသား တင်ထားခြင်းသည် ယခင် သံဂါယနာသုံးတန်မှ ထောက်သဖြင့် လေးကြိမ်မြောက် 'စတုတ္ထသံဂါယနာ' မည်သည်ဟူ၍ ပြောစမှတ် ပြုကြ၏။

× × ×

# နာဂသေနနှင့် မိလိန္ဒ

ပေထက်တင်ပြီးနောက် သာသနာတော် ငါးရာကျော် ရောက်သောအခါ ယောနကတိုင်း သာဂလပြည်၌ မိလိန္ဒမင်းသည် ပိဋကအတတ်နှင့်တကွ အဋ္ဌရသ သိပ္ပ တတ်ကျွမ်းစွာ၍ ပညာကြီးကျယ်၏။ ဇမ္ဗူဒိပ် မြေအပြင်ဝယ် ပြိုင်ဘက် ပြောဟောဘက် မရှိသည်ဖြစ်၍ "ဇမ္ဗူဒီပါကား အချည်းနှီးသာ တကား" ဆိုလေ့ရှိ၏။ ထိုအခါ ပုစ္ဆာမေးအံ့စိုး၍ အခြား ရဟန်းပုဏ္ဏား ပညာရှိများ သာဂလပြည်သို့ ၁၂ နှစ်ပတ်လုံး မချဉ်းမကပ်ဝံ့ကုန်။

သာဂလပြည်၌ သာသနာ တိတ်ဆိတ်သကဲ့သို့ ရှိလေ၏။ ထိုသို့စဉ်တွင် ရဟန္တာ ကုဋေတရာကို့သည် ဘုရား ဗျာဒိတ်တော်ထားခဲ့သည့်အတိုင်း တာဝတိံသာသို့ တက်၍ သိကြားမင်းနှင့်တကွ မဟာသေန နတ်သားကို တောင်းပန်၍ လူ့ပြည်မှာ ဖြစ်လာစေ၏။

"ငါ နိဗ္ဗာန် ယူတော်မူသည့်နောက် နှစ်ငါးရာကျော်တွင် မိလိန္ဒမင်းနှင့် နာဂသေန ရဟန်းသည် ငါဟောသောတရား၌ အမြွေးအရှက် အထုံးအဖွဲ့ မရှိရအောင် ဝေဘန် ခွဲခြမ်းရစ်လတ္တံ့"ဟု အရှင်မောဂ္ဂလိပုတ္တ တိဿကဲ့သို့ ဗျာဒိတ်ထားတော်မူခဲ့သတည်း။

အရှင် နာဂသိန် ပဥ္စင်းခံ၍ ခုနစ်ဝါရလျှင် မိလိန်မင်းနှင့် ပြိုင်ဆိုင်၍ ခုနစ်ဝါ ရသည်ဟူသော စကားကို အစွဲပြုလျက် လက်ဦးစွာ ဖြေတင်ကုန်၏။

"ခုနစ်ဝါ ရသည်ဆိုသော် သင်ကိုယ်တည်း ခုနစ်လော။ အရေအတွက် ဂဏန်းတည်း ခုနစ်လော"

"အရေးအတွက်ဂဏန်းသော ခုနစ်ဖြစ်၏။ ငါကား ခုနစ်မဟုတ်။ ထိုအရေးအတွက် ဂဏန်းလည်း ငါ့ကိုယ်ကိုယ်မှီ၍ ဖြစ်၏။ ပမာ ကား သင်၏အရိပ်သည် မင်းမဟုတ်။ သင့်ကိုယ်သာ မင်းဟုတ်၏။ အရိပ်ကား သင့်ကိုယ်ကို မှီ၍ဖြစ်၏။ ထိုကဲ့သို့တည်း"

ဤသို့ ခုနစ်ဝါဟူသော စကားက စလျက် များစွာ ဖြေတင် ပြ၍ ပိဋကတော်၌ အမြွေးအရက် အထုံးအဖွဲ့ မရှိရအောင် ဝေ ဘန် ခွဲခြမ်းပေသတည်း။ မိလိန်မင်းလည်း ထိုသို့ဖြေတင်ဆုံး၌

"အရှင် သာရိပုတြာကို ထား၍ တပါးသော ရဟန်းသည် ပြဿနာ ဖြေတင်ခြင်း၌ အရှင်နှင့် မတူနိုင်" ဟု ချီးမွမ်းပြီးလျှင် အပြစ်ကို ကန်တော့၍ ဥပါသကာ အဖြစ်ကို ကြား၏။ နောက် လည်း မိလိန္ဒဝိဟာရမည်သော ကျောင်းကို ဆောက်လှူ၍ ကုဋေ တသိန်းသော ရဟန်းတို့နှင့် တကွ အရှင်နာဂသေနအား ပစ္စည်း လေးပါးဖြင့် လုပ်ကျွေး၏။ နောက်ပြီးကား သားကြီးအား ပြည် ကို ဆောင်နှင်း၍ ရဟန်းပြုလေသော် ရဟန္တာ ဖြစ်လေသတည်း။

× × ×

## ဗုဒ္ဓဃောသ

မဟာဗောဓိပင်၏အနီး ဃောသရွာသားဖြစ်၍ ဗုဒ္ဓဃောသဟု ခေါ်ကြခြင်း ဖြစ်၏။ သူသည် အရှင်ရေဝတ၏ အထံ၌ နေလျက် ပိဋကသုံးပုံကို သင်ကြား၏။ ပိဋက တတ်မြောက်သောအခါ ဉာ ဏောဒယကျမ်း၊ အဋ္ဌသာလိနီကျမ်းတို့ကို ပြုပြီးမှ ပရိတ် အဋ္ဌ က ထာကို ပြုမည် အားထုတ်၏။ ထိုအခါ ဆရာ ရေဝတက ဆို၏။

"ဤဇမ္ဗူဒီပါ၌ ပါဠိတော်မျှသာရှိ၏။အဋ္ဌကထာလည်း မရှိ။ အာစရိယဝါဒလည်း ကွဲကွဲပြားပြား ရှိ၏။ ထို့ကြောင့် အရှင်

မဟိန္ဒ ဆောင်ယူခဲ့သော သီဟိုဠ်၌ ရှိသော အဋ္ဌကထာ၊ သံဂါယနာ သုံးတန်တင်သော ပါဠိတော်၊ အရှင်သာရိပုတ္တရာ စသော ရဟန္တာတို့ ဟောသော စကားစဉ်များသည် သီဟိုဠ်ကျွန်း၌ ရှိသည်ကို သင်သွား၍ မာဂဓဘာသာ ရေးသား ပြန်ယူချေ။ ထိုသို့ ပြန်ယူသော် သူခပ်သိမ်းတို့ စီးပွား များလတံ့"

ရှင်ဗုဒ္ဓဃောသသည် ဆရာဆိုချက်အတိုင်း၊ ပိဋကကို ပြန်အံ့သောငှာ သီဟိုဠ်ကျွန်းသို့ ကူးလေ၏။ ထိုအခါ သမုဒ္ဒရာရေပြင် ဝယ် သုံးရက်ကူးသောအခါ သီဟိုဠ်မှ ရှင်ဗုဒ္ဓဒတ္တ စီးလာသော သင်းဘောနှင့် ဆုံမိ၏။ အရှင်နှစ်ပါးသည် အသွားအပြန် အကြောင်းကို အချင်းချင်း မေးမြန်းကြ၏။ အရှင်ဗုဒ္ဓဒတ္တလည်း ဇမ္ဗူဒိပ်မှ သီဟိုဠ်သို့ ပိဋကကူးရန် သွားခြင်းဖြစ်၏။ သို့ရာတွင် သူ ကူးခွင့် မရခဲ့ချေ။

"အကျွန်ုပ် စီရင်သော ဇိနာလင်္ကာရကျမ်းကို စကားပေါ့ဖြစ်၏။ အဋ္ဌကထာ ဋီကာ စကားလေး မဟုတ်ဟူ၍ ပိဋကကို မပြန်ခဲ့၊ မကူးခဲ့ရ။ သင်မူကား ပိဋက သုံးပုံအဖွင့် အဋ္ဌကထာ စကားလေးကို ပြုပါလေ"

သူသည် ရှင်ဗုဒ္ဓဃောသကို ဤသို့မှာကြားပြီး ကညစ်နှင့် သွေးကျောက်ကို ပေးလိုက်၏။ ဗုဒ္ဓဃောသလည်း သီဟိုဠ်ကျွန်းသို့ ရောက်၍ သံဃပါလထေရ်ကို ဖူးတွေ့ပြီး ပိဋကကို မာဂဓပြန်အံ့သောငှာ လာကြောင်း ကြား၏။ သီဟိုဠ်သံဃာတို့သည် သူ့အား သိလေပတိဋ္ဌာယ အစရှိသော ဂါထာကိုပေး၍ အနက် အဓိပ္ပာယ်ဖွင့်ဆိုရန် တိုက်တွန်း၏။

ရှင်ဗုဒ္ဓဃောသသည် ထိုနေ့ညချမ်းကစ၍ ထိုဂါထာ၏အဖွင့် ဝိသုဒ္ဓိမဂ္ဂကျမ်းကို စီရင်၏။ တစောင်ပြီး၍ အိပ်လျှင် သူ၏အစွမ်းကို စူးစမ်းလို၍ သိကြားဝှက်ထားလေသဖြင့် အသစ်တစောင်

ရေးရပြန်၏။ ထို့အတူပင် ဝှက်ထားပြန်၍ နောက်တစောင် ရေးရပြန်၏။ သုံးစောင်စေ့မှ ယခင် နှစ်စောင်ကိုလည်း ဖော်ပြ၏။ သုံးစောင်လုံးကိုပင် သံဃပါလထေရ်အား ပြ၏။ မဟာထေရ်လည်း အားရ နှစ်သက်စွာဖြစ်၍ ပိဋကကို မဂပြေန်စိမ့်သောငှာ ခွင့်ပြု၏။

× × ×

# မြန်မာ ပြည်

# တဖုဿနှင့် ဘလ္လိက

သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်သောအခါ ပလ္လင် အစရှိသော ခုနစ်ဌာနတို့တွင် ခုနစ်ရက်စီ အစဉ်အတိုင်း စံနေတော်မူ၏။ ခြောက်ခုမြောက် ဖြစ်သော မုစလိန္ဒ ကျည်းပင်အိုင်တွင် စံနေပြီးနောက် ခုနစ်ခုမြောက် လင်းလွန်းပင် (ရာဇာယတန)တွင် စံနေတော်မူ၏။ ခုနစ်ရက်ပတ်လုံး သမာပတ်ကို ဝင်စားတော်မူ၍ ခုနစ်ရက်မြောက်သော နံနက်၌ မျက်နှာသစ်တော်မူလိုသော အကြံဖြစ်၏။ ထိုအခါ သိကြားမင်းသည် ကြဇ်သီး၊ ကွမ်းရိုးဒန်ပူနှင့် အနောတတ်ရေကို ကပ်လှူ၏။

မြတ်စွာဘုရား မျက်နှာတော်သစ်ပြီးစအခါတွင် ရာမညတိုင်း ဥက္ကလာပ ဇနပုဒ် ပေါက္ခရဝတီ (အသိတဉ္ဇန)မြို့မှ တဖုဿနှင့် ဘလ္လိက အမည်ရှိသော ကုန်သည်ညီနောင်တို့သည် ကုန်သွယ်ခြင်းငှာ လှည်းငါးရာနှင့် မဇ္ဈိမဒေသသို့ ရောက်လာ၏။ ဘုရားရှင်ရှိရာအရပ်သို့ ရောက်လေသော် မိမိတို့ အဆွေဖြစ်ဖူးသော

နတ်က လှည်းကို မသွားနိုင်အောင် ချုပ်နှောင်၏။ ဗလိနတ်စာ ပူဇော်သောကာလ နတ်က ကိုယ်ထင်ပြလျက် ပြောပြ၏။

"လောကသုံးပါးတွင် အတုမရှိသောဘုရား ထင်ရှားဖြစ်တော်မူ၍ ယခု လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်မူ၏။ သင်တို့ အကျိုးစီးပွားများလိုမူကား တစ်ခုတစ်ခုဖြင့် လှူဒါန်းပူဇော်ချေ"

ထိုစကားကိုကြားလျှင် ညီနောင်နှစ်ပါးတို့သည် အားရဝမ်းသာရှိ၍ မိမိတို့တွင်ပါသော ကြက်ကြစ်မုန့်၊ ပျားမုန့်ဆုပ်တို့ကိုယူ၍ ကပ်လာ၏။ ထိုအခါ ဿင်္ကာရပြဟ္မာလှူသောသပိတ်တော်သည် သုဇာတာ နို့ဆွမ်းလှူစကပင် ကွယ်ခဲ့၍ 'အဘယ်ဝတ္ထုဖြင့်ခံသော်လျော်အံ့နည်း။ နောင်တော်ဘုရားတို့သည် အဘယ်ဝတ္ထုဖြင့် ခံသနည်း' ဟု ရှုတော်မူသော် နောင်တော်ဘုရားတို့သည် သပိတ်တော်ဖြင့် ခံတော်မူကြသည်ကို မြင်၍ သပိတ်တော်ကို အောက်မေ့လျက် ထိုမုန့်ကို ခံလိုသောအကြံဖြစ်၏။ ထိုအခါ စာတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် ဂုန္ဒနီလာ ကျောက်ညိုဖြင့်ပြီးသော သပိတ်လေးလုံးကို ကပ်လာ၏။ ဘုရားသခင်လည်း ထိုသပိတ်ကို ခံတော်မမူ။ ယင်းသို့ ခံတော်မမူသော် ပဲနောက်အဆင်းရှိသော ကျောက်သပိတ်လေးလုံးကို လှူပြန်၏။ ထိုကျောက်သပိတ်ကို ခံတော်မူလျက် လေးလုံးသော သပိတ်ကို ဓိဋ္ဌာန်၍နှိပ်လျှင် အနားရေး လေးခုရှိသော သပိတ်တလုံးတည်းဖြစ်သဖြင့် ထိုသပိတ်နှင့် ခံတော်မူ၏။ ထိုကုန်သည်ညီနောင်တို့အားလည်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

ဟူသော ဒွေဝါစိက သရဏဂုံကို ပေးတော်မူ၏။ ကုန်သည် ညီနောင်တို့လည်း ဗုဒ္ဓမြတ်စွာကို လွန်စွာကြည်ညိုလှသဖြင့် အပါးမှ မခွာနိုင်အောင် ဖြစ်နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ခတ် တလက်ဆုပ်ကို အပ်တော်မူလိုက်၏။

ထိုညီနောင် နှစ်ယောက်တို့သည် ဆံတော်ခတ်ကို ပင့်ဆောင်၍ မိမိတို့၏မွေးဖွားရာ ဇာတိနေရင်းဖြစ်သော ဥက္ကလာပ ဇနပုဒ် ပေါက္ခရဝတီ သို့မဟုတ် အသိတဥ္စန မြို့သို့ ပြန်လာကုန်၏။ သူတို့ယူဆောင်လာသော ဆံတော်ကို မြို့တံခါးအနီး၌ စေတီတည်၍ ဌာပနာပြီးလျှင် ကိုးကွယ် ကုန်၏။ ဥပုသ်နေ့တိုင်း ထိုစေတီမှ ရောင်ခြည်တော်လွှတ်၏။

× × ×

## ဂဝံပတိ

ရှေးသရောအခါ ကရဏ္ဏကတိုင်း သုဘိန္နမြို့တွင် တိဿ အမည်ရှိသော မင်းကြီး မင်းပြု၏။ ထိုအခါ အမတ်ကြီး၏သား တိဿကုမာရနှင့် ဝိဇယ ကုမာရတို့သည် လူ့အဖြစ်၌ ငြီးငွေ့၍ သမုဒ္ဒရာအနီး ဂစ္ဆဂိရိ ကျောက်တောင်ဝယ် ရသေ့ပြုနေကုန်၏။

ထိုအခါ နဂါးမနှင့် ဝိဇ္ဇာဓိုရ် ဆက်ဆံကြ၍ ဥနှလုံးဖွားပြီးလျှင် နဂါးမ စွန့်သွား၏။ ကြီးမားသောဥကြီးနှစ်လုံးကို ရသေ့ညီနောင်တို့ တွေ့ရ၍ တယောက်တလုံးစီ သိမ်းသိမ်းထားကုန်၏။ အချိန်စေ့သော် လူသားငယ်နှစ်ယောက် ပေါက်၏။ ဆယ်နှစ်အရွယ်ရှိသော အခါ ညီတော်ရသေ့၏ သူငယ် သေလွန်၍ မဇ္ဈိမတိုက် မိမိလာ ပြည်တွင် ဂဝံပတိအမည်ရှိသော သတို့သားဖြစ်ပြန်လေ၏။ ခုနစ်နှစ်

အရွယ်ရှိလျှင် ဘုရားရှင်ထံအပ်၍ ရဟန်းပြုသဖြင့် ရဟန္တာ ဖြစ်လေ၏။

နှောင်တော် ရသေ့၏သူငယ်တဆဲ့ ခုနစ်နှစ်ရွယ်ရှိလျှင် သိကြားမင်း မြို့နန်း ဖန်ဆင်းပေး၍ သီဟရာဇာ နာမံခံလျက် မင်းဖြစ်၏။

ရဟန္တာ ရှင်ဂဝံပတိလည်း မိခင်ကို တွေ့ချင်၍ မိမိလာပြည်သို့ ဘုရားအထံတော်က ကြွသွားမည်ရှိစဉ် အမိသေလွန် ကြောင်းကို သိ၍ အဘယ်မှာဖြစ်သနည်းဟု ဆင်ခြင်၏။ မူဆိုးတံငါတို့ အလေ့အကျက်သာများသော ရာမညတိုင်းပြည်မှာ ဖြစ်လေ၏။ ငါသွား၍မဆုံးမသော် ငါ့အမိ အပယ်လားမည်ဟု ကြံပြီးလျှင် ဘုရားရှင်အား ပန်ကြား၍ ရာမညတိုင်းသို့ ကောင်းကင် ခရီးဖြင့် ပျံသွားလေ၏။

ရာမညတိုင်း သထုံပြည်သို့ ရောက်၍ အထက်က ညီနှောင်ဖြစ်ဖူးသော သီဟရာဇာမင်းနှင့်တကွ ပြည်သူ ပြည်သား တို့အား တရားဟော၍ ပဥ္စသီလ ဆောက်တည်စေ၏။ ထိုအခါ သီဟ ရာဇာမင်းက လျှောက်၏။ "သခင်ကား လူတွင် အထွတ် အဖျား ဖြစ်တော့၏"

"ငါကား လူတွင် အထွတ်အဖျား မဟုတ်ပေ။ သုံးဆဲ့ တဘုံတွင် လူ နတ် ပြဟ္မာ သတ္တဝါတို့၏ အထွတ်အဖျား မကိုဋ်သရဖူ ဖြစ်တော်မူသော ငါ့ဆရာ မြတ်စွာဘုရားသည် မဇ္ဈိမတိုက် ရာဇဂြိုဟ်ပြည်မှာ ယခုရှိ၏"

"ထို ဘုရားသခင်ကို ကျွန်ုပ်တို့ ဖူးမြင်ရအောင်ပင့်ဆောင်တော်မူပါ"

သီဟရာဇာမင်းလျှောက်သည်ကို ရှင်ဂဝံပတိ ဝန်ခံတော်မူ၍ ဘုရားရှင်အား ပင့်ဖိတ်တောင်းပန်၏။ ရှစ်ဝါ မြောက်တွင် သံ

ဿာတော် နှစ်သောင်းနှင့်တကွ ရာမညတိုင်း သထုံမြို့သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူလာ၏။

ရောက်တော်မူလျှင် ရတနာမဏ္ဍပ်တွင် နေတော်မူ၍ မင်း နှင့်တကွ ပြည်သူပြည်သားတို့အား တရားအမြိုက် တိုက်ကျွေးတော်မူ၏။ သရဏဂုံ သီလ တည်စေတော်မူ၏။

ထိုရောအခါ ဖူးမြော်လာသော ရသေ့ခြောက်ဦး တို့အား ဆံတော်ခြောက်ဆူလည်း ပေးတော်မူခဲ့၏။ ထိုနောက် ပရိနိဗ္ဗာန်စံတော်မူသောအခါလည်း အခိဋ္ဌာန်တော် မူရင်းရှိသည့် အတိုင်း၊ သင်္ဂြိုဟ်ရာ လောင်တိုက်တော်က သွားတော် ခတ်ကို ရှင်ဂဝံပတိ ထုတ်ယူ၍ သထုံပြည်သို့ ဆောင်ပြီးလျှင် သီဟရာဇာ မင်းအား ပေးတော်မူ၍ ကျောက်စေတီ သုံးဆယ့် သုံးဆူ တည်ထားကိုးကွယ်တော်မူလေ၏။

× × ×

## ရွှေစက်တော်

မြတ်စွာ ဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန် ကျောင်း၌ စံနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် သုနာပရန္တတိုင်းတွင် သာသနာ တည်မည့်အကြောင်းကို ဆင်ခြင်၍ နောက်ပါ သံဃာ ငါးရာနှင့်တကွ ပြာသာဒ်ညဉ်သာ ယာဉ်ငါးရာဖြင့် ကြွလာတော်မူ၏။

သုနာပရန္တတိုင်း ဝါဏိဇ ဂါမသို့ ရောက်သောအခါ ရွာသူရွာသားတို့သည် လှန်စွာအံ့ဩ ရွှင်မော ဝမ်းသာ ကုန်လျက် မြတ်စွာဘုရား သီတင်းသုံးတော်မူရန် စန္ဒကူးနံ့သာဖြင့် ကျောင်းဆောက်လှူဒါန်းကုန်၏။ မြတ်စွာဘုရားလည်း စန္ဒကူးကျောင်းကို အလှူခံပြီး ခုနစ်ရက်ပတ်လုံး သီတင်းသုံးလျက် စည်းဝေးလာသော

ပရိသတ်တို့အား တရားရေအေး အမြိုက်ဆေးတိုက်ကျွေးတော် မူ၏။ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ အကျွတ်တတန်၊ သောတာပန် အရိယာဖြစ်ကုန်၏။

ပြာသာဒ်ညဉ်သာ ယာဉ်ငါးရာဖြင့် ကြွလာသော ခရီး အကြားတွင် သစ္စဗန္ဓတောင်၌ နေသော သစ္စဗန္ဓ ရသေ့နှင့် နမ္မဒါမြစ်တွင်နေသော နမ္မဒါ နဂါးမင်းကိုလည်း အရိယာ သာဝက ဖြစ်စေ၏။ သူတို့နှစ်ဦးတောင်းပန်၍ မြတ်စွာဘုရားသည် ခြေတော်ရာနှစ်ဆူကို ချပေးတော်မူခဲ့၏။ ဝါကြီဇဂါမြ သေဌေးသား ဣသိဒိန္နနှင့် မဟာပုဏ္ဏတို့လည်း ထင်ရှားသော ရဟန္တာကြီးများ ဖြစ်ကုန်၏။ မြတ်စွာဘုရား ပြန်ကြွသောအခါ သုနာပရန္တတိုင်းတွင် သာသနာ အရှည်တည်စေရန်အတွက် မဟာပုဏ္ဏကို ထားခဲ့၏။

မြတ်စွာဘုရား၏ ခြေတော်ရာနှစ်ဆူမှာ အထက်စက်တော်ရာ အောက်စက်တော်ရာ အမည်ဖြင့်ရှင်း၊ စန္ဒကူးကျောင်း နေရာတွင် အထိမ်းအမှတ်အဖြစ် တည်ထားသော စေတီတော်ကြီးမှာ လယ်ကိုင်းကျောင်းတော်ရာစေတီဟုရင်း ယခုထက်တိုင် ထင်ရှား တည်ရှိလေ၏။

× × ×

## ရှင်အရဟံ

[နေဝ်ရထာ့ကံ အရဟံ ခုန်ပံ့ကျုလာဝ်]

သာသနာ ၁၅၆၁ နှစ်၊ သက္ကရာဇ် ၃၇၉ ခုတွင် ပုဂံပြည်တွင် အနော်ရထာစော မင်းဖြစ်၏။ ထိုအခါ ပုဂံပြည်တွင် ရှင်ယောင် အရည်း (အရိယာ)တို့သည် သံဃာတော်ဟု သုံးဆယ်စီ အစု အ

သင်းဖွဲ့လျက် နေကုန်၏။ အစု တထောင် ရှိသော ဟူ၏။ သူတို့သည် မဲထည် မဲပြာ အနက် အမည်းကို ဝတ်၏။ ဆံလေးသစ် တဝါး ထား၏။

ထိုအရည်းတို့၏အယူကား သူ့အသက်ကို သတ်မိသော သူသည် ဤပရိတ်(မန္တန်)ကို ရွတ်သော် အပြစ်မှ လွတ်၏။ မိဘကိုသတ်မိသောသူသည် ဤပရိတ်ကို ရွတ်သော် ပဉ္စာနန္တရိယ ကံမှလွတ်၏။ဤသို့အစရှိသော မဟုတ်မလျားသော အဓမ္မကို ဓမ္မဟူ၍ ဟောကြား၏။ ထို့မှ တပါးလည်း မင်းအစရှိသော အမှူး၊ အမတ်၊ ကလံ၊ သံပြင်၊ သေဌေး၊ သူကြွယ်၊ ပြည်သူပြည်သားတို့ သားသမီးကို ထိမ်းမြား မင်္ဂလာ ပြုအံ့သော အခါ ဆရာတို့အား ပန်းဦး ပေးရသည်ဟူ၍ ညဦးက ထိုသူတို့ အထံသို့ ပို့ရလေ၏။ မိုးသောက်၍ လွှတ်လိုက်မှ ထိမ်းမြားရ၏။ ဆရာက ပန်းဦးမလွှတ်ဘဲကို ထိမ်းမြားပချေသော် အစဉ်ကို ဖျက်သည်ဟု ကြီးစွာသော မင်းပြစ်ကို ခံရသောဟူ၏။

အနော်ရထာမင်းစောကား ရင့်မာသော ပါရမီရှိသူ ဖြစ်၍ နှစ်သက်တော် မမူ။ မှားသောအယူ ဖြစ်လိမ့်မည်ဟု ယုံမှားနေစဉ် ရှင်အရဟံ ပုဂံပြည်သို့ ကြွလာ၏။ သူကား အရည်းကြီးကဲ့သို့ မဟုတ်ချေ။ ဣန္ဒြေရှိ၏။ သိမ်မွေ့၏။ သည်းခံ၏။ ချီးခြံသော အကျင့်ရှိ၏။ အနော်ရထာမင်းစောသည် သူ့ကို ကြည်ညို၍ နန်းတွင်းသို့ ပင့်ပြီး စုံစမ်း၏။

"အရှင်၊ သင်၏အမည် အဘယ်နည်း။ အဘယ်အရပ်မှ ကြွလာပါသနည်း။အဘယ်အယူဝါဒကိုလက်ခံ ယုံကြည်ပါသနည်း"

"မင်းကြီး၊ ငါ၏အမည်ရင်းကား ဓမ္မဒဿီ ဖြစ်၏။ သို့ရာတွင် လူတို့က ငါ့ကို အရဟံဟု သိကုန်၏။ ငါသည် သထုံပြည်မှ လာ

ခဲ့၏။ ငါသည် ဗုဒ္ဓမြတ်စွာ၏ တပည့်ဖြစ်၍ သူ၏ အဆုံး အမ ဩဝါဒဖြစ်သော အယူအဆကို လက်ခံယုံကြည်ပါ၏"

"အရှင်၊ ဤပြည်တွင် အရည်းတို့ ရှိကုန်၏။ အရည်းကြီးသုံးကျိပ်နှင့် တပည့်အရည်း ခြောက်သောင်းခန့် ရှိပါ၏။ သူတို့လည်း ဗုဒ္ဓမြတ်စွာ၏တပည့်သာဝကတို့ဖြစ်ကုန်၏ဟု ဆိုပါကုန်၏။ အရှင်တို့နှင့် အမျိုးဇာတ် တူညီသည်မဟုတ်ပါလော"

"မဟုတ်ကုန်။ သူတို့သည် ဗုဒ္ဓဘုရား၏ တပည့်များ မဟုတ်ကုန်။ ဗုဒ္ဓ မြတ်စွာ၏ တပည့်တို့သည် ဝိနည်းသိက္ခာပုဒ်တို့ကို မပြောက်မကြားရအောင် စောင့်ရှောက်ထိန်းသိမ်းရကုန်၏"

"အရှင်၊ ဝိနည်းသိက္ခာပုဒ်တို့ကား အဘယ်သို့ပါနည်း"

ထိုအခါ ရှင်အရဟံသည် ဝိနယ ပိဋက၏ အကျဉ်းချုပ် မာတိကာဖြစ်သော ပါတိမောက်ကို မင်းကြီးနှင့် တကွသော ပရိသတ်အများအား ဟောကြား၏။ ပါတိမောက်တရား နာကြားပြီးသောအခါ မင်းကြီးက ရှိခိုးလျှောက်ကြား၏။

"အကျွန်ုပ်အား ယခုမျက်မှောက် အရှင်မှတပါး အခြားကိုးကွယ်ရာ မရှိပြီ။ ယနေ့မှစ၍ အကျွန်ုပ်၏ ကိုယ် အသက်ကို အရှင်အား ဆောင်နှင်းတော့သည်။ အရှင်၏ အဆုံးအမကိုသာ အကျွန်ုပ် ခံယူပါတော့မည်"

ထိုနောက် မင်းကြီးသည် ညောင်ဦး ဥယျာဉ်အနောက် ဥဒ္ဓံမုဋ္ဌောမြောက် အရှေ့ယွန်းတွင် အရညဝါသီ တောကျောင်း ဆောက်၍ လှူဒါန်း၏။ မင်းကြီးကား ရေထမ်း၍ မိဖုရားကား ဆွမ်းရွက်၍ နေ့တိုင်းမပြတ် လုပ်ကျွေး၏။

ပုဂံပြည်သို့ ရှင်အရဟံ ရောက်သောအခါ အရည်းတို့ လာဘ်လာဘ ဆုတ်ကုန်၏။ မင်းမှူးမတ်နှင့် တကွ ပြည်သူပြည်သားတို့သည် ရှင်အရဟံ၏ တရားကိုသာ မပြတ်နာကြား

နေကုန်၏။ အရည်းတို့ကို ရှင်ရဟန်း အတု အယောင်ဟု ယူဆကာ ဂရုမပြုကြတော့ချေ။ သို့ဖြင့် သုံးနှစ်ခန့် ကြာသောအခါ အရည်းတို့သည် အနော်ရထာမင်းထံဝင်၍ ပြောကုန်၏။

"အကျွန်ုပ်တို့၊ ကျမ်းစာ မရှိ၍ တောင့်တ ကြသည် တွင် ဘေးလောင်းတော် ဒွတ္တဘောင်မင်းကြီး မြို့တော် ရသေ့ပြည်တွင် မြို့လယ်ဝယ် သခွတ်ပင်ကြီး အတွင်း ကျမ်းစာရှိသည်ကို ဖော်ယူ သင်ကြား ကျင့်ဆောင်ရမည်၊ နတ်တို့ အိပ်မက်ပြပေး ပြောဆိုလာပါသည်"

မင်းကြီးလည်း ကိုယ်တိုင်ဖူးစမ်းလိုသဖြင့် ရသေ့ပြည်တွင်းသို့ ရောက်အောင် စစ်အင်္ဂါလေးပါးနှင့် ချီသွား၍ ရသေ့ပြည်တွင်းဝယ် ရှာလေလျှင် လုံးပတ် ၃၂ တောင်ရှိသော သခွတ်ပင်ကြီးကို တွေ့ရ၏။ သခွတ်ပင်ကို ထွင်းဖောက်စေသည်တွင် သစ်ခေါင်းအတွင်းမှ ကျမ်းစာအများပင် တွေ့ရ၏။ မင်းကြီးသည် ထိုကျမ်းစာများကို ရှင်အရဟံအား ပြသ၏။ ကျမ်းစာတွင် ရေးသားထားသော အကြောင်းအရာတို့မှာ အရည်းတို့၏ လက်ရှိ အကျင့်စာရိတ္တတို့ပင် ဖြစ်၍ ရှင်အရဟံ ဆို၏။

"မင်းကြီး၊ ဤကျမ်းတို့မှာ မြတ်စွာဘုရား၏ ဓမ္မတရားတို့ မဟုတ်ချေ။ အရည်းတို့၏ ကျင့်စဉ်တို့ပင် ဖြစ်၏။ မြတ်စွာဘုရား ဟောကြားတော်မူသော ပိဋကတော်တို့သည် သထုံပြည်တွင် အပြည့်အစုံ ရှိ၏"

အနော်ရထာမင်းစောသည် ရှင်အရဟံ ဟောကြားသော တရားကို ကြိမ်ဖန်များစွာ နာကြားရသဖြင့် ဗုဒ္ဓစကားကို စမ်းဝါးမိနေ၏။ ဤကျမ်းစာတို့ကား ဗုဒ္ဓ၏ အဆိုအမိန့် မဟုတ်နိုင်ကြောင်း ကောင်းစွာသိသဖြင့် ထိုအရပ်တွင်ပင် မီးတိုက်ဖျောက်ဖျက်လိုက်၏။ (ထိုသို့ မီးတိုက်ရာ အရပ်သည် ယနေ့ထက်တိုင်

အောင်'မီးတိုက်ကုန်း'ဟု အထင်အရှား တွင်လေ၏။) မင်းကြီးသည် အရည်းကြီး သုံးကျိပ်နှင့်တကွ တပည့်လက်သား ခြောက်သောင်းတို့ကိုလည်း လူဝတ် လဲစေ၍ အဲမောင်းကိုင်၊ လှံကိုင်၊ ဆင်ချေးကျုံး၊ မြင်းချေးကျုံး ထည့်တော်မူလေ၏။

တရံသောအခါ ရှင်အရဟံ ဤသို့ မိန့်တော်မူ၏။

"ဘုရားရှင် သာသနာတော် သုံးပါးတွင် ပရိယတ္တိသာသနာ ဖြစ်မှ ပဋိပတ္တိ သာသနာဖြစ်နိုင်၏။ ပဋိပတ္တိ သာသနာ ဖြစ်မှ ပဋိဝေဓ သာသနာ ဖြစ်နိုင်၏။ ပရိယတ္တိ သာသနာ ဟူသော ပိဋကသုံးပုံလည်း မစုံသေးချေ။ ဘုရားရှင် သရီရ ဓာတ်တော် မွေတော်လည်း မရှိသေးချေ။မွေတော် ဓာတ်တော် ပိဋက ကျမ်းဂန်ရှိသော ပြည်ရွာတိုင်းကားသို့ လက်ဆောင် ပဏ္ဏာနှင့် တောင်းစေ၍ ရသည် ဖြစ်မှ သာသနာတော် အရှည် တည်တန့်းမည်"

"အဘယ်တိုင်းပြည်မှာ တောင်းသော် ရပါအံ့နည်း"

"သုဝဏ္ဏဘူမိတိုင်း သထုံပြည်မှာ ပိဋကသုံးပုံ အစုံ သုံးဆယ်ရှိ၏။ မွေတော် ဓာတ်တော်လည်း များစွာရှိ၏"

ထိုအခါ မင်းကြီးလည်း လက်ဆောင်ပဏ္ဏာအများ စီရင်၍ လိမ်မာသော အမတ်တယောက်အား သာယာချေငံသော စကားဖြင့် သထုံပြည်သို့စေ၍ တောင်းလေ၏။သထုံမင်း မနူဟာ(မနော်ဟရိ)လည်း မကောင်းသော နှလုံးဖြင့် မချေမငံ ဆိုလိုက်၏။

"ပိဋကတော်၊ ဓာတ်တော်၊ မွေတော်များသည် အရိုင်းတို့နှင့် အရာလော"

အနော်ရထာမင်းစောလည်း ပြင်းစွာအမျက်ထွက်၍ စစ်အင်အား အလုံးအရင်းနှင့်တကွ ကိုယ်တိုင်သထုံပြည်သို့ ချီတက်တော်မူ၏။ ရေကြောင်းစစ်ဦး ပဲခူးသို့ရောက်၍ ပုဂံက လှေတပ် မကုန်

သေး။ ကြည်းကြောင်း စစ်ဦး သထုံကျေးသို့ ရောက်၍ ပုဂံက ကြည်းတပ် မကုန်သေး ဟူ၏။

ထိုသို့ခါတက်လာသော အကြောင်းကို သထုံမင်း မနူဟာ ကြားလေသော် အလွန်ကြောက်ရွံ့ခြင်း ဖြစ်၍ မြို့နှင့် အခိုင် အလုံ ခံနှင့်၏။ ပယောဂ စီရင်၍ထားလေသောကြောင့် အကြိမ် အဖန် များစွာ လုပ်ကြံသော်လည်း အောင်မြင်ခြင်းကို မရနိုင် ချေ။ ဟူးရေးဖြူ ဟူးရားညိုတို့အား မေး၍ ပယောဂ စီရင် ကြောင်းကို သိရ၏။ ဇော်ဂီ အကောင်ကို ဖုတ်ကင်၍ စား သော ကုလားငယ် ဦးခေါင်း၊ အပေါင်၊ အလက်များကို မြို့ ပတ်လည် မြှုပ်ထား၍ ပယောဂ ပြုလေသည်ကို သမုဒ္ဒရာတွင် ချ၍ စွန့်ပစ်သည်တွင်မှ အောင်မြင်ခြင်းကို ရလေ၏။

ထိုသို့ သထုံပြည်ကို အောင်မြင်သည်တွင်မှ သထုံမင်း အဆက် ဆက်၊ ရတနာပန်းတောင်းတွင် ထား၍ ကိုးကွယ်သော ဓာတ် တော်၊ မွေတော်နှင့် ပိဋကတ အစုံ သုံးဆယ်တို့ကို သထုံမင်းလက်ရှိ ဆင်ဖြူ ၃၂ စီးတွင် တင်၍ ဆောင်ခဲ့၏။

× × ×

# သုဘဒ္ဒာ ဒေဝီ

သာသနာ ၉၆၇ နှစ်။

ဟံသာဝတီပြည်တွင် တိဿ ရာဇာမင်းကြီး မင်းပြု၏။ တရံရောအခါ တကျွန်းပြည်က ဒွန်းစဏ္ဍား အလင်္ဂီရဟန်းများ ရောက်လာပြီး မင်းကြီးအား ပြောကြားကုန်၏။

"အရှင်မင်းကြီး၏ ရွှေမြို့တော်သည် ဘုန်းတန်ခိုး အာနု ဘော်ကြီးသည့် မြို့ပြ ပြည်ရွာဖြစ်လျက် မဟုတ် မတရား လူ

သေကောင်ကို ကောင်းစွာ ထုလုပ်၍ ကိုးကွယ် ပူဇော်ခြင်းသည် မသင့်ပါ။ အမင်္ဂလာ ဖြစ်ပါသည်။ ငါတို့စကားကို ယုံကြည်၍ ပယ်ဖျောက်ပါလျှင် ဘုန်းအာဏာကြီး၍ စည်းစိမ် တိုးတက် ပြန့်ပွား ခံစားရလိမ့်မည်”

မင်းကြီးသည် ဒွန်းလွှား ရဟန်းတို့၏ စကားကို ယုံကြည်၍ နိုင်ငံအတွင်း၌ ရှိသော ရုပ်ပွား ဆင်းတုတော်တို့ကို ရှာဖွေ၍ မသန့်ရှင်းသော နေရာတို့တွင် စွန့်ပစ် စေလေ၏။ လူတို့လည်း မင်းအာဏာကို ကြောက်၍ ဘုရားဆင်းတုတော်ကို မကိုးကွယ်ဘဲ နေကြရ၏။ တိုင်းပြည်တွင်လည်း မိုးခေါင် ရေရှား ဖြစ်ကာ အလွန်ငတ်မွတ် ခေါင်းပါး အစာရှားခြင်း ဖြစ်နေ၏။

ထိုအခါ ၁၆ နှစ်အရွယ်ရှိ သေဋ္ဌေး သမီး သုဘဒ္ဒာသည် ‘ဤမင်းကား တိုင်းသူပြည်သားတို့ကို ယခု မျက်မှောက်ဘဝ၌ လည်း အကျိုးနည်းစေ၏။ နောင်တမလွန် ဘဝ၌လည်း အပါယ် ငရဲသို့ ကျအောင် ကျင့်ဘိသည်။ ငါ့ကို သတ်သော်လည်း သတ်စေတော့။ တိုင်းသူပြည်သားတို့ ချမ်းသာအောင် ငါ ဆောင်မည်။ ရတနာသုံးပါး တန်ခိုးတော်ကြောင့် ကြံတိုင်း အောင်စေသား။’

ဤသို့ ဓိဋ္ဌာန်ပြီးလျှင် မသန့်မရှင်းသော နေရာတို့၌ စွန့်ပစ် ထားသော ရုပ်ပွားဆင်းတုတို့ကို ယူ၍ နံ့သာရေတို့ဖြင့် ဆေး ကြောပြီး ကောင်းစွာ ကိုးကွယ်ထားလေ၏။

ထိုသတင်းကို မင်းကြီးကြားလေလျှင် အမျက်ဒေါသ ပြင်း စွာထွက်၍ လူသတ်ယောက်ျားတို့ကို လွှတ်၍ ခေါ်စေ၏။ သေဋ္ဌေး သမီး သုဘဒ္ဒာလည်း မကြောက်မရွံ့၊ မတုန်မလှုပ်ဘဲ မေတ္တာ တရားပွား၍ လိုက်သွား၏။

မင်းယင်ပြင်သို့ ရောက်လျှင် ရတနာသုံးပါးကို အာရုံပြုနေ၏။ မင်းကြီးလည်း သုဘဒ္ဒာကို မြင်သော ခဏ၌ အမျက်ဒေါသ ပြေပျောက်၍ မေး၏။

"သင်သည် ငါ၏ အမိန့်အာဏာကို လွန်ဆန်သလော"

"အရှင်မင်းကြီး၊ သင်တို့သည် ငါ့အား အမိန့်အာဏာ လွန်ဆန်သည်ဟု မယူဆကုန်လင့်။ ငါသည် သင်မင်းကြီးနှင့် တကွ သင်တို့၏ ပြည်သူပြည်သားတို့၏ အကျိုးစီးပွားကို အသက်စွန့်၍ ဆောင်ရွက်ခြင်းသာ ဖြစ်ပါ၏"

"သင်သည် အမင်္ဂလာဖြစ်သော သူသေကောင်တို့ကို ရှိခိုးပူဇော်ခြင်းဖြင့် ငါ၏ တိုင်းပြည်ကို မင်္ဂလာမရှိအောင် ပြုသည် မဟုတ်လော"

"အရှင်မင်းကြီး၊ သူသေကောင် မဟုတ်ပါ။ သက်တော်ထင်ရှား မြတ်စွာဘုရား၏ ပုံသဏ္ဌာန်တော်ကို အတုပြု၍ ထုလုပ်ကိုးကွယ်ခြင်းသာဖြစ်ပါသည်"

"သို့ရာတွင် သင်၏ ရုပ်ထုတို့မှာ ဘာမျှ တန်ခိုး အာနိသင် မရှိချေ"

"ရုပ်ပွားတော်တို့၏ တန်ခိုးတေဇော် အာနုဘော်ကို တွေ့မြင်လိုပါက ယခုပင် မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်"

"ယင်းသို့ဖြစ်လျှင် ယခုပင် ငါ မြင်လို၏"

ထိုအခါ သုဘဒ္ဒာသည် သစ္စာဓိဋ္ဌာန်ပြု၍ နတ် သိကြားအပေါင်းကို တိုင်တည်၏။ မကြာမီ အတွင်းမှာပင် ရောင်ခြည်ခြောက်သွယ် ဘဝင်္ဂကယ်မျှ အံ့ဘွယ် ထွေပြား ရုပ်ထု တော်များသည် အာကာဝေဟင် ထက်ကောင်းကင်မှ စျာန်ယာဉ်စီးကာ ကြွလာကုန်၏။ ရုပ်ထုတော်တို့သည် မင်းနှင့် တကွ ပြည်သူပြည်သားတို့၏ အပူဇော်ကို ကောင်းကင်ထက်ကပင် ခံယူ ပြီး

နောက် ပြန်လည်၍ မြို့၏ အနောက်တောင်ထောင့် သန့်ရှင်းသော သဲပုံပေါ်တွင် တည်နေတော်မူကုန်၏။

မင်းကြီးသည် အလွန် အားရဝမ်းသာ ဖြစ်လျက် ထိုနေရာတွင် ကြီးကျယ် ခမ်းနားသော ကျောက်တော်ကြီး ဆောက်လုပ်ပြီးလျှင် ရုပ်ထုတော်များကို တင်ထား ကိုးကွယ်၏။ ထိုနောက် စေတီ တည်လေရာ ကျိုက်ပေါ် ဘုရားဟု ယခုတိုင် ထင်ရှားတည်ရှိ၏။

သေဋ္ဌေး သမီးကိုလည်း သုဘဒ္ဒာ ဒေဝီ ဘွဲ့တံဆိပ်ဖြင့် မိဖုရားကြီး အရာ ထားလေ၏။

× × ×

## နန္ဒ ၇

သာသနာ ၁၆၀၁ နှစ်၊ သက္ကရာဇ် ၄၁၉ ခု။

နောင်ရထာမင်းစော သထုံကို အောင်မြင်၍ သာသနာကို ပုဂံသို့ ဆောင်ခဲ့သည့်ကာလ သထုံက ရဟန္တာပင် တစ်ထောင်မြောက် ငင် ပုဂံသို့ ပါ၏။ သောတာပန် သကဒါဂါမ် အနာဂါမ် အရိယာ သို့ကား အရေအတွက်မရှိ များပြားစွာ သတည်း။

ကျန်စစ်သား မည်သော ထီးလှိုင်ရှင် မင်းကြီး လက်ထက် ဟိမဝန္တာ ဂန္ဓမာဒန တောင်က ရဟန္တာ ရှစ်ပါးတို့ နန်းတော်မှာ ဆွမ်းရပ်လာ၏။ မင်းကြီးလည်း သပိတ်ကို ယူ၍ ဆွမ်းလုပ်ကျွေးတော်မူပြီးလျှင် "အဘယ် အရပ်က ကြွတော်မူသနည်း" မေး၍ 'ဟိမဝန္တာ ဂန္ဓမာဒနတောင်မှ ကြွလာကြောင်း' ကို မိန့်တော်မူ၏။ မင်းကြီးလည်း အလွန် သဒ္ဓာတော်မူ၍ ဝါတွင်း သုံးလပတ်လုံး ဝါဆိုတော်မူပါမည့် အကြောင်းကို တောင်းပန်၍

ဝါဆိုကျောင်း ဆောက်လုပ် လှူဒါန်းတော်မူ၏။ ဝါတွင်း သုံးလပတ်လုံး နန်းတော်မှာ မပြတ် ဆွမ်းလုပ်ကျွေးတော်မူ၏။

တရံရောအခါ ရဟန္တာ မြတ်တို့အား "ဂန္ဓမာဒနတောင်တွင် နန္ဒမူလ လိုဏ်ကဲ့သို့ သဏ္ဌာန်တူစွာ တန်ခိုးဖြင့် ပြတော်မူပါ" ဟူ၍ တောင်းပန်တော်မူ၏။ ရဟန္တာမြတ်တို့လည်း နန္ဒမူလလိုဏ်နှင့် တူစွာ တန်ခိုးဖြင့် ပြတော်မူလေ၏။ မင်းကြီးလည်း နန္ဒမူလလိုဏ် သဏ္ဌာန် ဂူ ကြီးစွာ တည်တော်မူ၍ နန္ဒဂူဟူသော အမည်ကို သမုတ်တော်မူ၏။ထိုရဟန္တာများ လက်ထက် ရေးထားခဲ့သော စဉ်းကွင်း စဉ်းပုံများတွင် အက္ခရာ လိပ်စာများ ပုဒ်ပါ၍ သေချာသည်။

× × ×

# ဥတ္တရဇီဝနှင့် ဆပ္ပဒ

သက္ကရာဇ် ၅၂၀ ခုနှစ်တွင် ပုဂံပြည်၌ နရပတိစည်သူမင်းကြီး မင်းပြု၏။ ထိုအခါ သာသနာ၌ ဥတ္တရဇီဝ ထေရ်သည် လွန်စွာ နာမည်ကြီးလှပေ၏။ သူသည် ရာမညတိုင်း အရိယဝံသ၏ တပည့် ဖြစ်၏။ အရိယာဝံသသည်လည်း ကပ္ပုင်္ဂမြို့နေ မဟာကာဠ၏ တပည့် ဖြစ်၏။မဟာကာဠသည်လည်း လောကီ အဘိညာဉ်ရသည် ဟုကျော်ကြားသော သုဓမ္မပုရ မြို့နေပြာနဒဿီ၏ တပည့် ဖြစ်၏။ သူသည် အမြဲမပြတ် မဇ္ဈိမဒေသ ဘုရားပွင့်တော်မူရာ မဟာဗောဓိ သို့ သွား၍ တံမြက်လှည်းခြင်း စသော ဗောဓိယင်္ဂဏဝတ်ကို ပြု၍ ပြန်လာပြီးလျှင် သထုံပြည် သုဓမ္မပုရမြို့၌ ဆွမ်းခံဝင်၏။ ဥတ္တရဇီဝ သည် ထိုအရှင်၏ အဆက်အနွယ် ဖြစ်၏။

တရံရောအခါ ဥတ္တရဇီဝသည် ဆပ္ပဒအမည်ရှိသော သာမဏေ ကို ခေါ်၍ သီဟိုဠ်သို့ သွား၏။ သာမဏေမှာ အသက် နှစ်ဆယ်

ပြည့်၍ ပဉ္စင်းခံ စီရင်၏။ သီဟိုဠ် ရဟန်းတို့လည်း သဘောတူညီကုန်၏။

“သင်တို့လည်း သောဏနှင့် ဥတ္တရတို့၏ အဆက်အနွယ် ဖြစ်၏။ ငါတို့လည်း မဟိန္ဒ၏ အဆက်အနွယ်တည်း”ဟု ပြောဆိုပြီး ဆပ္ပဒ သာမဏေကို ပဉ္စင်း ခံပေးကုန်၏။

ဥတ္တရဇီဝသည် ဆပ္ပဒကို ပဉ္စင်းခံပေးပြီးလျှင် အရိမဒ္ဒနာမည်သော ပုဂံပြည်သို့ ပြန်လာ၏။ ဆပ္ပဒကား သီဟိုဠ်မှာပင် ပိဋကတ သင်ကြားရန် နေခဲ့၏။ ပိဋကတ တတ်မြောက်၍ ဆယ်ဝါ ပြည့်သောအခါ သီဟိုမှ ရဟန်းလေးပါးနှင့်အတူ ပုဂံသို့ ပြန်လာ၏။ ထိုလေးပါးမှာ ရှင်သီဝလိ၊ ရှင်တာမလိန္ဒ၊ ရှင်အာနန္ဒနှင့် ရှင်ရာဟုလ ဖြစ်၏။ ဆပ္ပဒသည် ပုဂံသို့ ရောက်သောအခါ သဒ္ဒါကျမ်း၏ အဖွင့် နိဒ္ဒေသ၊ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းအဖွင့် သင်္ခေပဝဏ္ဏနာ ဋီကာ စသော ကျမ်းတို့ကို စီရင်၏။ သူ၏ အမည်ရင်းမှာ သဒ္ဓမ္မ ဇောတိပါလ ဖြစ်၏။ ပုသိန်မြို့ ဆပ္ပဒ ရွာသား ဖြစ်၍ ရှင်ဆပ္ပဒဟု ခေါ်ကုန်၏။

× × ×

## ငွယ်ရှင်

ပုဂံပြည်တွင် နရပတိ စည်သူမင်းကြီး မင်းပြုသောအခါ ရဟန္တာဟု ထင်ရှားသော ရဟန်းတပါးရှိ၏။ အမည်ရင်းကား သီလဝံ့ ဟူ၏။ သခင်မြတ်သည် ကထိန်သင်္ကန်းကို မခံ၊ တစပြင်၌ သူကောင်လွှမ်းသော ပုဆိုးကိုသာ ယူတော်မူ၍ ပံသုကူ သုံးဆောင်မြဲတည်း။

ထိုအခါ စွယ်ငယ်ဆိုသော သူသည် သူငယ်ဖော်များနှင့် နွား ကျောင်းကြလေ၏။ စွယ်ငယ်သည် သူငယ်ဖော်တို့ကို ဤသို့ ဆို၏။

"အချင်းတို့၊ နင်တို့လည်း ကုသိုလ်ဖြစ်စေ၊ ငါလည်း ကုသိုလ် ဖြစ်စေ၊ ငါသေကျွန်ပြုမည်။ ငါ့ကိုယ်ပေါ်တွင် နင်တို့ အဝတ် ပုဆိုး လွှမ်းပြီးလျှင် သခင်မြတ်အား ပံသုကူ ကောက်တော်မူပါ ဟူ၍ လျှောက်ကြကုန်"

သူငယ်ဖော်များလည်း စွယ်ငယ်ဆိုတိုင်း ပြု၍ လျှောက်ကြ လေ၏။သခင်မြတ်လည်း တစပြင်သို့ ကြွ၍ ပံသုကူ ကောက်တော်မူ ၏။သခင်မြတ် ကြွတော်မူလေသော် စွယ်ငယ်လည်း လူသေအစစ် ဖြစ်၍ အသက်မရှူ ဖြစ်ဘိ၏။ သူငယ်ဖော်များလည်း ထိုအ ကြောင်းကို မြင်လေလျှင် စွယ်ငယ်၏ မိဘအိမ်သို့ သွား၍ အ ကြောင်းမျိုးကို ပြန်လေ၏။စွယ်ငယ် မိဘ အစရှိသော သားချင်း မြေးဖော်တို့လည်း သခင်မြတ်အား လျှောက် ကြား ကြ သော် သခင်မြတ် လာ၍ ပရိတ်မေတ္တာ ပြုမှ စွယ်ငယ် ထ၍ ရှိခိုး၏။ စွယ်ငယ် မိဘတို့လည်း စွယ်ငယ်ကို သခင်မြတ်အား လှူ၏။ ထို တွင်မှ ထိုအရှင်ကို စွယ်ရှင် တွင်လေသတည်း။

တနေ့တွင် နရပတိစည်သူ မင်းကြီး တူရွင်းတောင်သို့ တက်၍ ပြန်သောအခါ ခရီးအကြား ချောင်းတွင် ပဒမြားရောင် တောက် နေသည်ကို မြင်၍ ဤအရပ်မှာ ငါ့ကို ကောင်းမှု ပြုစေလိုသည် အ တွေးအထင်နှင့် စေတီတည်မည်ဟု ထိုချောင်းကို ပြည်သူအပေါင်း တို့ ဖို့ရ၏။ ထိုရောအခါ ပံ့သကူ စွယ်ရှင်က ဤသို့ မိန့်တော်မူ၏။

"မင်းကြီး ကောင်းမှု ဖြစ်စိမ့်မည် ဟူ၍ ယခုပြုသော အမှု သည် ကောင်းမှုကား မဖြစ် မကောင်းမှုသာ ဖြစ်သည်"

သို့ရာတွင် မင်းကြီး မနာယူ၍ မင်းကြီး လှူသော ဆွမ်းကို မခံဘဲ နေ၏။ ထိုအခါ မင်းကြီးက ဆို၏။

"ဘုန်းတော်ကြီး၊ ငါ့ဆွမ်းကို ဘုဉ်းပေးတော် မမူသော် ငါ့ပြည်တွင် နေတော်မမူမှ လွတ်တော်မူမည်။ ပြည်သူတို့ လှူသော ဆွမ်းလည်း ငါ့ဆွမ်း မဟုတ်တုံလော"

အရှင်လည်း ဤသို့ မင်းကြီး ဆိုလေ တပြီးကား သိန်းဆိုင်ကျွန်းသို့ ကူးတော်မူမည် အကြံရှိ၍ စွယ်ကြိုတောဝယ် နေလေ၏။ ထိုအခါ သရပါ တံခါးစောင့် ဘီလူးသည် မင်းကြီးထွက်သော အခါ မရှောင်မလွဲဘဲ တံခါးထက် ကားရားရပ်လျက် နေဘိ၏။ ဟူးရာဖြူ ဟူးရားညိုတို့အား မေးတော်မူသည်တွင် အရှင်ကို မသင့်မတင့် မချေ မငံ ဆို၍ ဘီလူး မရှောင်မလွဲဘဲ နေ ချေ သည် ဟု လျှောက်ကုန်၏။

မင်းကြီးလည်း နှောင်တရ၍ အမတ်တို့ကို စေ၍ အကြိမ်ကြိမ် ပင့်သော်လည်း အရှင် လာတော် မမူချေ။ သိန်းဆိုင်သို့ ကူးမည်ဟု ကြတော်မူလေသော် အမတ် တုရင် ပစ္စည်းကို ပါအောင် ပင့်ချေ စေတော်မူ၏။ အမတ်ကြီးက သာသနာတော်ကို ချီးမြှောက်တော်မူပါဟု အထူးထူး တောင်းပန်၍ ပုဂံပြည်သို့ ပြန်လည် ကြွလာ၏။ သရပါ ထံခါးသို့ ရောက်လျှင် ဘီလူးသည် တံခါးမှ ဆင်း၍ သခင်မြတ်ကို ဦးချနှင့်၏။ နန်းတော်ရောက်လျှင် မင်းကြီးလည်း "ယနေ့မှ စ၍ အရှင်မြတ်၏ အဆုံးအမတော်ကို ခံပါတော့မည်" ဟူ၍ လျှောက်လေ၏။

× × ×

# မြန်မာဖြစ် ပါဠိ သဒ္ဒါ

သာသနာ ၁၆၀၁ နှစ်၊ သက္ကရာဇ် ၄၁၉ ခုတွင် သထုံပြည်က သာသနာကို အနော်ရထာမင်းစော ပုဂံသို့ ဆောင်ခဲ့သည်။

သာသနာ ၁၆၉၇ နှစ်၊ သက္ကရာဇ် ၅၁၆ ခုတွင် ပိဋကသုံးပုံကို၏ အခြေပါဒ ဖြစ်သော သဒ္ဒါနည်းနာနယ၌ လိမ်မာစေခြင်းငှာ ပိဋကသုံးပုံကို အကုန်နှီးနှော ရှာဖွေ၍ ပုဂံ ရှင်အဂ္ဂပဏ္ဍိတ သဒ္ဒနီတိ ကျမ်းကို ပြုသည်ဟု နိဒါန်း၌ ဂါထာ ဆောင်၍ ဆိုသည်။

ပုဂံတွင် ရှင်ဥတ္တရဇီဝ ရှင်ဆပ္ပဒတို့ သီဟိုဠ်သို့ မကူးမီကပင် ကျမ်းတတ်ကြီး အကျော်သုံးပါး ရှိ၏။

(၁) ဥပဇ္ဈာယ်ဖြစ်သော ရှင် မဟာ အဂ္ဂပဏ္ဍိတ၊
(၂) ဥပဇ္ဈာယ်ယူ တပည့်ဖြစ်သော ဒုတိယ အဂ္ဂပဏ္ဍိတ၊
(၃) ထိုဆရာ၏ တူဖြစ်သော တတိယ အဂ္ဂပဏ္ဍိတ။

ဤသုံးပါးတွင် တတိယ အဂ္ဂပဏ္ဍိတဆရာ သဒ္ဒနီတိကျမ်းကို စီရင်၏။ အဂ္ဂဝံသ အမည်ဖြင့်လည်း နိဂုံး၌ ဆိုသည်။ ထိုကျမ်းကို စီရင်သည်တွင် ပုဂံသား ရဟန်းများ သဒ္ဒါတတ်လှသည်ဟူ၍ သီဟိုဠ်တိုင်အောင် ကျော်စော လေ သော ကြောင့် သီဟိုဠ်သား သဒ္ဒါတတ်ရဟန်းများ ပြိုင်ဆိုင်မည်ယူ ပုဂံသို့ ကူးလာကြသည်။ ပုဂံသားရဟန်းများက သဒ္ဒနီတိကျမ်း ထုတ်၍ ပြသည်ကို ကြည့်ရှုကြပြီးလျှင် "သဒ္ဒါအရာတွင် သည်ကျမ်းကဲ့သို့ သီဟိုဠ်မှာလည်း မရှိပေ။ သည်ကျမ်းတွင် လာသည့်အတိုင်း အကုန်အစဉ် ငါတို့လည်း မတတ်နိုင်ချေ" ဆို၍ သီဟိုဠ်ရဟန်းများ ပြန်သွားလေသည်ဟု ယခုတိုင်အောင် ဥဒါန်းစည်ရှည် ပြောဆိုကြသည်။

× × ×

# ပလောင်ရှင် ကဿပ

နှရပတိစည်သူ မင်းကြီး လက်ထက်တွင် ရှင်ကဿပလည်း ထင်ရှားသော ရဟန်းတပါး ဖြစ်၏။ ထိုအရှင်သည် ပလောင်အရပ်သို့ ခရီးဒေသစာရီ လှည့်လည်သောကာလ ပလောင် အကြီးအကဲတို့က ပလောင်ငယ် နှစ်ယောက်ကို အလုပ်အကျွေး အပ်လှူကုန်၏။ ပလောင်လူမျိုးတို့ ကိုင်းညွှတ်သောကြောင့် ပလောင်ရှင်ဟု တွင်လေ၏။

ထိုပလောင်ကဿပသည် သီဟိုဠ်သို့သွားလိုလျှင် နတ်သိကြားတို့ ကျားယောင် ဖန်ဆင်း၍ တင်ပို့သည်။ တခါလည်း သင်းဘောစီး၍ သွားသည်။ တရံရောအခါ သင်းဘောစီး၍ လိုက်လေလျှင် ပင်လယ်ရေပြင်တွင် သင်းဘော မသွားဘဲ တံ့ရပ်ခဲ့၍ မတော်သူ ပါချေပြီဟု စာရေးတံ ကောက်ကြသော် ပလောင်ရှင် ကဿပကိုသာ သုံးကြိမ်တိုင်အောင် စာရေးတံ ကျလေရကား သင်းဘောက ချကြလေ၏။ ထိုသို့ချသည်ကို မိကျောင်း ကျောက်ထက်တင်၍ သီဟိုဠ်ရောက်အောင် ပို့လေ၏။

ဘီလူးကျွန်းသို့ ဒေသစာရီ လှည့်ပတ်သည်တွင်လည်း ဘီလူး မျက်မမြင်တို့အား မေတ္တာရေချမ်း ပေး၍ မျက်မြင်စေ၏။ ထိုသို့သော ကျေးဇူးကြောင့် ဘီလူးညီအကို နှစ်ယောက်ကို ဘီလူးတို့က အပ်လှူလိုက်သော ဟူသတည်း။

× × ×

# တက်သေးသူမြတ်

ပုဂံဝယ် တက်သေးကြီး တက်သေးငယ် နှစ်ပါးတွင် တက်သေးကြီးသို့ မဟာဂီရိနတ် နေ့တိုင်း ဆည်းကပ်လာ၏။ အမှုအခင်း ရှိ၍ နားပါးထောင်ချေ စေလိုက်လျှင် စေတိုင်း ရ၏။

အဝဘုရင် မင်းခေါင်ကြီး လက်ထက် ပုဂံမှာ ယဉ်ခွန်ကို တက်သေးသူမြတ် အလှူခံ၏။ ထိုအခါ မင်းကြီးက မိဖုရားကို ပြောရဦးမည် ဆိုသည်တွင် "ရှင်မင်းကြီးကို မိဖုရား ပိုင်သေသလော" ဟု တက်သေးသူမြတ် ဆို၏။ ထိုအကြောင်းကို မိဖုရား ဘို့မယ်အား ကြားလေသော် "ချဟန်းမှု၍သာ လူဖြစ်တပြီးကား ကပ်ရလေ၏" ဟု မိဖုရား ဆိုလေ၏။

မင်းမိဖုရားသည် အဝက ကြက်သက်ကို နှင်လျှင် ပုဂံသို့ ကြက်တက်ကိုရောက်သော ဘိုးခေါင်ယာဉ်မ ဆင်မတော်နှင့် ရွှေစည်းခုံသို့ ရုံခါသွားမြဲ ဖြစ်၏။ နောက်တကြိမ်အသွားတွင် တက်သေးသူမြတ်လာ၍ "အစော၊ ငါ့ကို ကပ်မည်ဆိုလျှင် ကပ်တော့" ဟူ၍ မိဖုရားကို ဆိုလေသည်။

မင်းနှင့် မိဖုရားသည် 'ငါတို့အလျောက် ဆိတ်ကွယ်ရာ ပြောဆိုသည်ကို တက်သေးသူမြတ် သိလေသည်' ဟု မသက်မသာရှိကြ၍ သိဘင်းသုံး တယောက်ကို စုံစမ်းစေသည်တွင် တက်သေးသူမြတ်အား တေပသင်နတ် ပြောဆိုကြောင်းကို သိကြသည်။

# သံပြင်ဋီကာ

နရပတိစည်သူမင်းကြီး လက်ထက် ကျမ်းဂန်တတ်မြောက် ကျနပြီးသော ပုဂ္ဂိုလ်တဦးသည် မင်းကြီး၏ အမြိတ်အစွန်း သမီး၌ တပ်မက်၍ မအီမသာ မရပ်မတည်နိုင် ရှိလေသည်။ ထိုအကြောင်း မင်းကြီးကြား၍ "အခိုင်အခန့် သုံးဆောင်လောက်အောင် ကျမ်းဂန်ပြုလေဦး" မိန့်ဆိုသည်တွင် ညာသ်ကျမ်း၏ အဖွင့်ဋီကာကို ပြုသည်။ ထို့နောက် လူထွက်လျှင် မြေတိုင်း သံပြင်အရာကို ပေးသောကြောင့် သံပြင်အမတ်ဟု ထင်ရှားသည်။ ကျမ်းလည်း သံပြင်ဋီကာဟု တွင်သည်။

‘ရှေးဦးစွာ ပုဒ်ဖြတ်၊ ထို့နောက် သမာသ်ပုဒ် စသည်
ရွေးခြယ်၊ သမာသ်စသည် စီစစ်ပြီးမှ ပညာရှိသည် အနက်
အဓိပ္ပာယ် ထုတ်ဖော်ရာ၏။’

ဟု ခပ်သိမ်းသော အရာ၌ အနက်ပေးနည်း ဂါထာကို ပြသဖြင့် ဖွင့်သောကြောင့် နှစ်သက်ဖွယ် ရှိလှသည်။ ပိဋကသမိုင်း အစောင်စောင်မှာ သံပြင်ဋီကာကို သံပြင်အမတ် စီရင်သည်ဟု ဥဒါန်းစဉ်ရှည် ဖြစ်လေသည်။ စာကိုယ်တွင် နိဂုံးမပါ။

× × ×

# ကျစွာမင်းကြီး

ကျစွာမင်းကြီးသည် ၅၈၁ ခုနှစ်တွင် ဓမ္မရာဇာ တံဆိပ်နာမံခံ၍ နန်းတက်၏။ ပိဋကကျမ်းဂန် သဘောသကန် ရမိကျနစွာရကား ကျစွာဟူ၍ တွင်သတည်း။ ထိုကျစွာမင်းသည် ပါဠိ၊ အဋ္ဌကထာ၊

ကျမ်းဂန်တို့၌ အနက် အဓိပ္ပာယ် သဘောသကန် ကျနလှသည် ဖြစ်၍ အမေးအဖြေ အချေအတင် အရာ၌ ထိုကာလ တူသူ မရှိဟု၏။ ပိဋကသုံးပုံကို ကိုးခေါက် ပြန်သင်မိ၏။ ရဟန်း သံဃာ တို့အားလည်း တနေ့ ခုနစ်ဝါ စာပို့နိုင်၏။ တူရှင်းခြေ ကန်ကို ဆည်၍ မင်းတဲသာယာစွာ ဆောက်ပြီးသော် ထိုမင်းတဲ၌နေလျက် စာပေ ပို့စမှတ် ပြုသတည်း။

စာပေသင်သော မင်းမောင်းမတို့အား မှတ်သားစရာ သဒ္ဒါ အကျဉ်း၊ သဒ္ဒဗိန္ဒုကျမ်းနှင့် ပရမတ်အကျဉ်း၊ ပရမတ္ထဗိန္ဒုကျမ်း ကိုလည်း စီရင်၏။ တရားကျမ်းဂန်၌သာ မွေ့လျော်ပျော်ပါး ၏။ ပြည်ရေး ရွာမှုကို နားမျှ ထောင်တော် မမူ။ တရား စီစစ် ခင်း၊ စစ်ကြော ကွပ်ညှပ်ခင်း ရှိသမျှကို သားတော် အိမ်ရှေ့ မင်းကိုသာ လွှဲထား၏။

ထိုမင်း ဘုရားစေတီ တည်ထားသည်။ ပိဋက စာပေကိုသာ လေ့လာအားကြီး၍ အပြု၊ အလုပ်၊ အဆော်၊ အဖန်ညှိ့သော ကြောင့် မပြီးစီးလေ။ ဘုရားတည်မည် အုဋ္ဌစ၍ လုပ်သည်လည်း ပြဿဒါး နေ့၊ ကန်နုတ်ချသည်လည်း ပြဿဒါးနေ့၊ အုဋ္ဌမြစ်စ သည်လည်း ပြဿဒါး နေ့၊ အလုံးစုံ စ၍ လုပ်သမျှကို ပြဿဒါး နေ့တွင်သာ လုပ်စေသည်။ ထို့ကြောင့် ပြဿဒါးဘုရားဟု ယခု တိုင် တွင်လေသည်ဟု အစဉ် စကားရှိသည်။

× × ×

## ဒိသာပါမောက္ခ

ပုဂံပြည်တွင် နရသီဟပတိ အမည်ရှိသော မင်းကြီး မင်းပြု ၏။ ထိုအခါ အသက်ခြောက်ဆယ်ကျော်မှ ရဟန်းပြုသော တော

ထွက်ရဟန်းကြီး တဦးသည် စာသင်ရန်အတွက် မင်းအိမ်သို့ ဝင်ပြီး မင်းကြီးထံ ကန့်ကူဆန် အလှူခံလေ၏။ ထိုအခါ မင်းကြီးက ရယ်မောလျက် "ကျည်ပွေ့ အတက်ပေါက်မှ စာပေတတ်တော့မည်"ဟု ပြောပြီး ကန့်ကူဆန်အချို့ ပေးလိုက်၏။

တောထွက်ရဟန်းကြီးသည် မင်းကြီးထံမှ ကန့်ကူဆန် အလှူခံခဲ့ပြီးလျှင် တနေ့လျှင်တပူခန့်မျှတက်၍ သဒ္ဒါ၊သဂြိုဟ်က စလျက်မှန်မှန် စာပေ ကျမ်းဂန်သင်ကြား၏။ မကြာမြင့်မီပင် ကျမ်းဂန်တတ်မြောက်လေ၏။ ထိုအခါ ရဟန်းကြီးသည် ကျည်ပွေ့ကိုသစ်ခက် သစ်ညွန့်စည်း၍ မင်းအိမ်သို့ ဝင်ပြန်လေ၏။ အကြောင်းကို မေးသော် ကျည်ပွေ့ အတက်ပေါက်၍ ဝင်လာကြောင်းကိုပြောဆို၏။ စာပေကျမ်းဂန်တတ်မြောက်ပြီ ဆိုလို၏။

မင်းကြီးသည် ခြောက်ကျောင်းသော ကျမ်းတတ် သံဃာတို့ကိုပင့်၍ မေးမြန်း စုံစမ်းစေ၏။ မေးမြန်းတိုင်း မဆိုင်းမတွ ပြောပြနိုင်၏။ တဖန် ရဟန်းကြီးက"ငါ့ရှင်တို့၊ ငါ့ကို မေးမြန်း လှလေပြီ။ ငါတလှည့် မေးမြန်းပါဦးမည်" ခွင့်ပန်၍ "အညသမန်းစေတသိက်၌ အည၏ အပါဒါန်ကို ခံပါကုန်"ဟု မေး၏။ ခြောက်ကျောင်းသော ရဟန်းများ အပါဒါန် မခံထည့်နိုင် ရှိလေ၏။ ထိုအကြောင်းကို နရသီဟပတိမင်းကြီး ကြား၍ ထိုရဟန်းကြီးကို ဒိသာပါမောက္ခဟူသော ဘွဲ့တံဆိပ်နာမံဖြင့် ဆရာပြု၍ ကိုးကွယ်လေ၏။

× × ×

# ရှင်ယောင်အရည်း

ဘာရုံရောအခါ ငါးစီးရှင် စားတော်ခေါ်ခါ နီးတွင် ရှင်ယောင် တယောက် ပရိက္ခရာရှစ်ပါး လွယ်၍ ရှေ့တော်ဝယ် ရပ်လာ၏။ အကြောင်းကို မေးလျှင် ဆွမ်းအလို့ငှာ ရပ်လာသည်ဆို၍ စားတော်ခေါ်လုဆဲ လက်တော်ဆေးပြီးမှပင် အလွန်ကြည်ညို သော နှလုံးရှိသဖြင့် မနောလင်ပန်းနှင့် စီရင်ထားသော စားတော် အလုံးကို လှူလိုက်လေ၏။

“ဤရဟန်းသည်ကား ဆွမ်းခံအံ့သော အခါလွန်၍ မွန်းတည့် လုမှ ဆွမ်းရပ်လာသည်။ ပုထုဇဉ် ရဟန်းမဟုတ်၊ အဘိညာဉ်နှင့် ပြည့်စုံသော ရဟန်းမြတ် ဖြစ်ရာသည်။ ငါ့ကို ကုသိုလ်ကောင်းမှု များစေလို၍ ရပ်လာလတ်သည်”ဟု အမတ်တို့ကို မိန့်တော်မူပြီး လျှင် မင်းချင်းတယောက်ကို လိုက်၍ ကြည့်လေစေ၏။

အရှင်ကောင်း မဟုတ်၊ ရှင်ယောင်ဖြစ်၍ မယားအား သပိတ် လှမ်းနှင့် သည်ကို မြင်လေ၏။ မင်းချင်းလည်း အဆင် အခြင် ပညာရှိသူဖြစ်၍ ‘မင်းကြီးလည်း အတိုင်းထက်အလွန် သဒ္ဓါ ကုသိုလ်ပွားစေ၊ ငါလည်း မျက်နှာရစေ၊ ရှင်ယောင်လည်း အပြစ် လွတ်စေ’ နှလုံးထားပြီးလျှင် “အမိန့်တော်အတိုင်း ကျွန်တော် မျိုး လိုက်၍ ကြည့်သည်။ ကြည့်စဉ်ပင် ကွယ်လေသည်” ဟု လျှောက်၏။

ငါးစီးရှင်လည်း ‘ငါတွေးတော် မူသည့်အတိုင်း မချွတ် မှန် သည်’ဟု လက်ရိုန်းတန်းတော်မူ၏။ ထိုနေ့တွင်ပင် ပင်းယပြည်စိုး သည် ဆင်ဖြူတစီးနှင့်အတူ မြင်းစိုင်ကျော်ကိုယူ၍ လာပြီဟု ကြားတော်မူလျှင် “ယခု ငါလှူသော ကုသိုလ်တော် အကျိုး ဖြစ်သည်”ဟူ၍ မိန့်တော်မူ၏။

ထိုမြင်း ရောက်လျှင် မင်းချင်းတယောက်ကို ပေါင်းထုပ်ဖြူ ပေါင်းစေ၍ ပြောင်းတော၀ယ် နှင်စေသည်။ မြင်းသူတို့ ဥဗျိုင်း ငှက် ပုံသည် ထင်ကုန်၏။ ထိုမြင်းကား ပင်းယက နံနက် ကြက် သက်ကို နှင်လျှင် တောင်တွင်းကြီးသို့ ညကြက်တက်ကို ရောက် သော ဟူ၏။

× × ×

## လက်ဝှေ့သတ်ရဟန်းကြီး

မင်းခေါင်ကြီး လက်ထက်တွင် ပွဲကျောင်း ဂါမဝါသီတို့သည် ပွဲလမ်းဝင်၍ လက်ဝှေ့ လက်ပန်းလည်း သတ်ခတ်ကုန်၏။ အောင် စည်းခုံ သံဃာရာဇာသည် လက်ဝှေ့ဆုဖြင့် နှစ်တိုင်း မြင်း၁၅ စီး၊ အစီး ၂၀ ပင် ရသော ဟူ၏။

ထိုအခါ ကုန်းဘောင်စော်ဘွားက လက်ဝှေ့ကောင်း ရှမ်း ကြီးကို အဝသို့ ခေါ်ခဲ့၍ လက်ဝှေ့မော်ကွန်းတင်မည် လာသည် ကို အဝ စစ်ကိုင်း သတ်ဖက် မရှိ၍ သံဃာရာဇာကို စုံမ်းစေ သော် "ငါကား အထက်မင်းများ လက်ထက် လူပျိုလူရွယ်ဖြစ်၍ ကျော်စောရုံမျှသာ သတ်သည်။ ယခုမှာ အသက် ၆၉ နှစ်အရွယ် ကြီးပြီဖြစ်၍ သေအောင် သတ်တော့မည်" ဆိုလိုက်၏။

"မသေပါစေနှင့်။ တန်ရုံသာ သတ်ပါ"ဟု ဆင့်ဆိုပြီးမှ စကား ကျောင်းတော် မော်ကွန်းစိုက်သော မုခ်တံခါး အရှေ့ ငါးတာ ခြားကုန်းတွင် မင်းနှင့် စော်ဘွား နေ၏။ ရဟန်း ရှင် လူများ လည်း ထိုကုန်းပြည့်မျှ ကြည့်ရှုကြသည်။

ရှမ်းကြီးနှင့် အောင်စည်းခုံ သံဃာရာဇာလည်း သတ်ကြမည့် အရေးအရာဆို၍ ကခုန်ပြီးလျှင် သံဃာရာဇာက ခြေခတ်ယောင်

ချောက်၍ လက်ယာလက်ဖြင့် ရှမ်းကြီးကို သတ်လိုက်သည်။ ရှမ်းကြီးမျက်နှာ နောက်မှာ နေလေ၏။ ကုန်းဘောင်စော်ဘွားက "သေသော်ပင် အမြင်ကောင်းသေး၏။ ယခုမှာ အမြင်မကောင်းပါတကား" ဆိုသည်တွင် လက်ဝဲလက်ဖြင့် သတ်လိုက်ပြန်သည်။ ရှမ်းကြီးမျက်နှာ ရှေ့မှာ နေမြဲ နေပြန်လေ၏။

ထိုမင်းနှင့် စော်ဘွားလည်း အံ့ဘွယ် ရှိလှပေသည် ဆို၍ မြင်း ၂၊ ပျင်လိပ် ၃၊ ငွေ တပိဿာ ဆုလပ်ပေးကြလေ၏။

× × ×

## ဆူးတွင်းပစ်ဆရာတော်

သားတော် ကျော်စွာမင်း လက်ထက် ဖြစ်၏။ ထိုအခါ သာစည်ရွာတွင် အသည်တဦးသည် သားငယ်ကို ကျောင်းမှာ စာသင်ရန် အပ်သွား၏။ ကျောင်းသို့ မသွား မနေလို၍ ခြိမ်းချောက်ဆုံးသောအခါ ဆူးချုံထဲတွင် တွန်းလိုက်၏။ သူငယ်လည်း ကြောက်ပြေးလေ၍ အိမ်သို့မလာ ကျောင်းမှာ အမြဲနေလေ၏။ မိဘအသိမှာသာ မရောက်ဘဲ၊ တစ တစ စာပေသင်ကြား လှင့်ပါးသောသော် ရင်က ပဉ္စင်းဖြစ်၍ ပုဂံပြည်သဲသို့ ရောက်လေ၏။ ဥာဏ်ပညာရှိလှ၍ စာပေရမိသောကြောင့် ရောက်ရာအရပ်တိုင်းမှာ ဆရာတို့ ဦးမြင့် မစ သဖြင့် ကျော်စော ထင်ရှားစွာ သာသည်။

ထိုသောအခါ မိဘတို့လည်း ကာလလျှားသဖြင့် သေရှင် မသိ မျော်ခေါ်လျက်နေကြ၏။ ထိုအကြောင်းကို ကြားလေ၍ တို့သားပင်ဖြစ်မည် အတွေးအထင်နှင့် အဖလိုက်လေ၍ ပုဂံမှာ တွေ့

လျှင် သား ရှင်ပဉ္စင်းကို လုပ်ကျွေးမွေးမြူ၏။ ဝါပေကြီးစွာ သင်ကြားစဉ် မည်သို့မျှမဆို ကျွေးမွေးတိုင်းသော ဆွမ်းပန်း သုံးဆောင်၏။

အခါတပါး၌ လုပ်ကျွေးသော အဖကို 'ယနေ့ ဆားငန်သည်၊ ယနေ့ ဆားပေါ့သည်' အစရှိသဖြင့် ပြောဆိုသည်တွင် "အလျှင်ရေးက အမောင် မည်ကဲ့သို့မျှ မဆို။ ယခုမှ ဆိုသည်" ဟု အဖက ဆိုလျှင်

"အလျှင် ရေးက ဝါပေမကျ။ ယခုမှ ဝါပေကျ၍ ကိုယ်လက် ပြည့်တင်းလိုသဖြင့် ဆိုမိသည်" ဟု သား ရှင်ပဉ္စင်းက ဆို၏။ ထိုစကားကို အဖကြား၍

"ယင်းသို့တပြီးကား အမောင့်အမေလည်း မျှော်တလှပေပြီ။ ရပ်ရွာသို့ ပြန်၍ မျက်နှာပြပါ" ဟု အဖက ဆိုသော် မြောက်ဖက်ရပ်ရွာသို့ ပြန်မည်လာကြ၏။ ပင်းယမြို့သို့ ဘုရားပုတိုး ရှိခိုးအံ့သောငှါ ဝင်သွားကြသော် သံဃာမရှိသော ကျောင်းကြီး တဆောင်တွေ့ရ၏။

သားတော် ကျော်စွာမင်း ဆောက်လုပ်သော ကျောင်းပင်ဖြစ်၏။ မင်းကြီးသည် ထိုကျောင်းကို ဘယ်ရဟန်းကိုမျှ မလှူမတင်ချေ။ "သီလဝန်၊ ဂုဏဝန်မှ ၍ ရဲရင့်တည်ကြည်သော ပုဂ္ဂိုလ် တက်နေပစေ" ဟု သတင်းစကား ပြန့်နှံ့စေလျက် ထား၏။ ခရီးသည် ရဟန်း သည် ထိုကျောင်း အနီး သို့ ရောက်၍ ထိုစကားကို ကြားလေသဖြင့် ကျောင်း ပေါ် သို့ တက်နေလေ၏။

အစောင့် အရှောက်တို့လည်း တက်နေသည်ကို မြင်၍ မင်းအား လျှောက်ထားကြ၏။ မင်းလည်း စတုရင်္ဂဗလ အမတ်ကြီးကို စုံစမ်းချေစေ၏။ ထိုအမတ်ကြီးကား ကျမ်းဂန် တတ်လှစွာ

၏။ အဘိဓာန် ဋီကာကို စီရင်၏။ သက္ကတကျမ်းနှင့်တကွ ပိဋက သုံးပုံတည်းဟူသော တောကြီး၌ မငြိမတွယ်သော ဉာဏ်ဖြင့် သွားစွမ်းနိုင်သည် ဟူ၍ ကိုယ် အစွမ်းသတ္တိကို ယင်းဋီကာ နိဂုံးတွင် ဆိုသည်။

အမတ်ကြီးသွား၍ ထိုပုဂ္ဂိုလ်ကို ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းဂန် ခက်ရပ် ခက်ဆစ် မေးမြန်းစုံစမ်းသည်။ မေးမြန်း စုံစမ်းတိုင်းပင် ရရ မိမိရှိ၍ မင်းအား အကြောင်း ကြားပြန်သဖြင့် ထိုကျောင်းကို ထိုပုဂ္ဂိုလ်အား တင်လှူလေ၏။ အယင်က အကြောင်းကိုစွဲ၍ ဆူးတွင်းပစ် ဆရာတော်ဟု တွင်သည်။ ရဟန်းအမည်ကား ရှင်နာဂိတ မည်လေသတည်း။

မင်းဆရာဖြစ်လျှင် သဒ္ဒ သာရတ္ထ ဇာလိနီ သဒ္ဒါငယ်ကျမ်းကို စီရင်၍ ယခုထက်တိုင် ထင်ရှားရှိ၏။

× × ×

# ရှင်ခေမာစာရ

မင်းကြီး စွာစော်ကဲ လက်ထက်တွင် ရှင်ခေမာစာရ အမည်ရှိသော ရဟန်းတပါးရှိ၏။ ထိုကာလ စကားကျောင်းက စာပေကျမ်းဂန် တတ်မြောက်၍ ထွက်ခဲ့သော ပရက္ကမ နွယ်ဝင်ဖြစ်၏။ မနာပြင် ငါးဆူရပ်ကျောင်း၌ နေ၏။ ထိုအရှင်သည် ညဉ့် ၂ ချက်တီးကျော်အချိန် တိတ်ဆိတ်လှသည့်အခိုက် ဘုရားမှာ ဆွဲထားသော စည်ကြီးကို အချက်များစွာ တီးခတ်စေ၏။ နန်းတော်က ကြား၍ "ဘုန်းကြီး ပြန်သလော" မေးလာသည်တွင် "ဘုန်းကြီးပြန်သည် မဟုတ်။ သိကြားမင်းသေ၍ စည်တီးသည်" ဟု ရဟန်းများက ဆိုလိုက်၏။

"အဘယ်ကြောင့် သိကြားမင်း သေကြောင်းကို သိသနည်း"

"ဘုရားနိဗ္ဗာန် ဝင်တော်မူခါနီး၌ 'သာသနာတော်ကိုစောင့်ရှောက်ပါမည်' သိကြားမင်း ဝန်ခံပြီးလျက် သာသနာတော်ကို ဆောင်ရွက်သော ငါတို့အား မစောင့်ရှောက် ပါသောကြောင့် သိကြားမင်းသေသည် ဖြစ်မည်"

ဤသို့ ရဟန်းများ ဆိုကုန်၏။ ထိုအကြောင်းကို မင်းမှာလျှောက်ကြားလျှင် သဒ္ဒါကြည်ညို၍ ဝမ်းဘဲအင်း မြောက်ဖက်ဒန့်တော်အရပ်တွင် ကျောင်းဆောက်၍ ရှင်ခေမာစာရအားတင်လှူ၏။ ညည်းခံနှင့် သိမ်လည်း သမုတ်၏။

× × ×

## သံဃရာဇာ မင်းရာဇာ

ဘုရင် မင်းကြီးစွာလက်ထက် အသက် ကိုးနှစ်ရှိယ် သားတော်မင်းဆွေနှင့် ခုနစ်နှစ်ရှိယ် သားတော် မင်းသိဒ္ဓတ်ကို ပင်လယ်ကျေးသံဃရာဇာမှာ အပ်၍ စာသင်ရလေ၏။ သံဃရာဇာလည်း ပိဋကဗေဒင်တတ်လှသောကြောင့် မင်းသားတို့ ဇာတာကိုမြင်လျှင်အလျှင် မင်းဖြစ်စေလို၍

'သိဒ္ဓံ နမော ဗုဒ္ဓာယ—အ-အာ၊ ဣ-ဤ၊ ဥ-ဦ၊ ဧ-ဩ၊အံ-အား' ဟု ၍ သင်စေ၏။ မင်းဆွေ ဆယ့်နှစ်နှစ်ရှိသောအခါ ကိုယ်ကအတွက်၍ အဝမြို့အလုံးကို ရစ်ပတ်မိသည်ဟု သန်းယိမ်း ချိန်တွင် အိပ်မက် မြင်လျှင် ဆရာတော်ကိုနိုး၍ ပြန်ပြော လေ၏။ ဆရာတော်လည်း ကြားကြားချင်းထ၍ မင်းသားကို ခြေနှင့် ကျောက်သည်။ တုံးလုံးလည်း လဲလေ၏။

"အရှင်ဘုရား၊ သို့စဉ်တိုင်အောင် ပြုဘိသည်"ဟု မင်းသားဆို၏။

"ငါပဉ္စင်းပျို ငါး၀ါရက တောင်ဘီလူး ပရက္ကမမှာ စာသင်သည့် ကာလ လေလာရာတွင် ငါ့ဦးထုပ်ကျလေသည်ကို ငါခြေနှင့်နင်းမိ၍ မင်းဆရာဖြစ်မည် မချွတ်ပြီ။ မင်းဆရာဖြစ်လျှင် တန်တားဦးကို ယက်မလျှို အမိုးနှင့် တန်တား လုပ်မည် အဓိဋ္ဌာန်ရှိသည်။ မင်းသားမြင်မက်သော အိပ်မက်အလို မကြာမတင် မင်းဖြစ်မည်။ မေ့အံ့စိုး၍ ငါခြေနှင့် ကျောက်သည်။ မင်းဖြစ်လျှင် ငါ အဓိဋ္ဌာန်သည့်အတိုင်းလုပ်ပါ"ဟု ဆရာတော်ကဆို၏။

မင်းသားလည်း "စိုးတော်မမူနှင့်၊ အလိုတော် အတိုင်း ပြီးစီးစိမ့်မည်"လျှောက်၏။ မင်းဖြစ်၍ ပုဂံရွှေစည်းခုံသို့ အဖူးအမြော်ရောက်သည့် နေ့ညဉ့်တွင် "မင်းခေါင်ခံလေ" အိပ်မက် မြင်သောကြောင့် မင်းခေါင်ဟူ၍ တံဆိပ်နာမံ ခံတော်မူ၏။ ဆရာတော်နှင့်ချိန်းချက်သည့်အတိုင်းလည်း တန်တားဦးကို ယက်မလျှို အမိုးနှင့် တန်တားလုပ်တော်မူ၏။ ဆရာတော်ဆိုသမျှ စကားကို နာခံ၍ အမွေအနှစ်နှင့် ကျောင်းတစိုးကိုလည်း စွန့်တော်မူ၏။

× × ×

## ပင်းယစာကြို သူမြတ်

သက္ကရာဇ် ၇၆၆ ခုတွင် ရာဇဓိရာဇ်သည် ကတ္တူ၊ လွန်းကြင်၊ ကူရှပ်၊ ထက်ရပ် အစင်းသုံးထောင်၊ ဗိုလ် တသိန်း ခြောက်သောင်း၊ အမတ်ဒိန်မနိရွတ်၊ သမိန် ဖြတ်စ၊ သမိန် အဝနိုင်၊ သမိန်အဲပရဲ၊ စစ်သူကြီးလေးယောက်နှင့်တကွ ပဲခူးကသည် ရေဝန်းတိုင်အောင် ရေကြောင်းဆန်လာ၏။

ထိုရောအခါ ဘုရင်မင်းခေါင်လည်း မှူးကြီး မတ်ခိုင်အပေါင်း၊ ရဟန်း သံဃာအပေါင်းနှင့်တကွ 'ရာဇဓိရာဇ်ကို ပြန်လေအောင် နှုတ်ရေး လက်ရေးဖြင့် ဘယ်သို့ စီရင်သော် သင့်မည် နည်း' တိုင် ပင်တော်မူ၏။ မှူးတော် မတ်တော် ဆရာတော်အပေါင်းလည်း မည်သို့မျှမဆို၊ တိတ်တဆိတ်သာ နေကြ၏။

ပင်းယကျောင်းတွင် နေသော အသက် ၃၈ နှစ်၊ ပဥ္စင်း ၁၁ ဝါရသော စကြိုသူမြတ်တပါးမှုကား "ရာဇာဓိရာဇ်ကို မဆိုနှင့် ဦး။ ဇမ္ဗူဒိတ် မြေအပြင်ဝယ် ရှိလေသမျှ မင်းအပေါင်းပင် လာ စေကာမူ နှုတ်ရေးဖြင့်ပြန်လေအောင် ငါစွမ်းနိုင်၏" ဟုဆို၏။

ဘုရင် မင်းခေါင်လည်း အလွန်အားရတော်မူ၍ "အစွမ်းရှိ တိုင်း မိန့်တော်မူပါ" ဟု တောင်းပန်၏။

စကြိုသူမြတ်လည်း ရာဇာဓိရာဇ်ကိုမြင်လိုကြောင်းနှင့်မေတ္တာ စာဆက်သွင်း၍ ခွင့်ရလျှင် ရာဇာဓိရာဇ်ကို ဖူးတွေ့၍ ချေငံ သာ ယာ သန်းကြယ်စွာသောတရားစကားဖြင့် ပြောဟောဆုံးမ၍ ပဲခူး ရောက်အောင် ပြန်လည်စေ၏။

ပုဂံအောက် စကြိုအရပ်က ပင်းယမှာ စာသင်လာ၍ ပင်းယ တွင် မင်းခေါင်ကြီး အမတ် ရာဇနန္ဒသင်္ကြန်က ရွှေစည်းခုံဘုရား အနီးဆောက်လုပ်သော အထက်ကျောင်းဟု ခေါ်သော ကျောင်း ၌ နေသောကြောင့် ပင်းယစကြိုသူမြတ်ဟု ထင်ရှားသည်။

× × ×

## ရေငုံဘုန်းကြီးနှင့် အရိယဝံသ

ထုပါရုံ ဒါယကာ နရပတိ မင်းကြီးလက်ထက် ရတနာပူရ အင ပြည်တွင် ကျမ်းဂန်တတ်မြောက်လှသော ရှင်မဟာ အရိယဝံသ

ဆရာတော် ထင်ရှားစွာ ဖြစ်၏။ ထိုဆရာကား ပင်းယ စကား ခုနစ်ကျောင်းမှ ရဟန်းကောင်း ရဟန်းမြတ်တို့က သက်ဆင်းခဲ့သော ပုဂံသာသနာ အနွယ်အဝင် ပေတည်း။

ထိုဆရာသည် ပင်းယ စကားကျောင်းကပင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို သင်ကြား၍ မိန်းမ ကိုယ်ဝန်ဆောင်တရှက်ခန့် ရှက်လောက်အောင် နှုတ်တက် အာဂုံရှက်ဆောင်ပါလျက် 'ကျမ်းဂန်တတ်သည်၊ စာပေတတ်သည်'ဆိုသည့် သဘော ကိုပင် မသိသေး၍ စစ်ကိုင်းအရပ်တွင် ကျမ်းဂန် တတ်သည့် ဆရာများထံ နည်းနာခံမည်ဟု စစ်ကိုင်းသို့ ကူးလေ၏။

ထိုရောအခါ ပုညစေတီမြောက်တွင် ကျမ်းဂန် အလွန်တတ်သော ရေငုံဘုန်းတော်ကြီး အထင်အရှား ရှိသည်။ လိုလိုရာရာ ဟုတ်ဟုတ်ညားညား စကားမပြောလို၍ ရေကိုငုံ၍နေလေ့ ရှိသောကြောင့် ရေငုံဘုန်းကြီးဟု တွင်သတည်း။

ရှင်မဟာ အရိယဝံသလည်း ထိုရေငုံ ဘုန်းကြီးထံ စာဝါတောင်းမည် ဆည်းကပ်သည်။ နှစ်ရက်တိုင်အောင် စကားမပြောရ။ သုံးရက်မြောက်သောနေ့ သားရေနွယ်ကို ခေါက်သည်တွင်မှ အသံကိုကြားရ၍ ရေကိုထွေးပြီးလျှင် မေးမြန်းသဖြင့် စာဝါတောင်းမည် ရောက်ကြောင်းကို ဆိုသော် သင်ကြားလေ့ကျက်ဖူးသော ကျမ်းဂန်များကို မေးသည်။ အရိယဝံသလည်း မိမိသင်ကြားလေ့ကျက်ပြီးသော ကျမ်းဂန်တို့ကို လျှောက်ကြား၍ ဘုန်းကြီးက ဆို၏။

"သင် မသင်ကြား မလေ့ကျက်ဖူးသော သင်ရိုးကျမ်းဂန် မရှိပြီ"

"သို့ရာတွင် ကျမ်းဂန်တတ်သည်၊ စာတတ်သည်ဆိုသော အကြောင်းကို မသိပါသေးသောကြောင့် ရောက်ပါသည်"

"ငါ့မှာ စာ သုံးဝါပို့ရသည်။ မွန်းယိမ်းလျှင် ပုညစေတီသို့ တက်၍ တံမြက်ဝတ်လည်း ပြုရသည်။ မအား မလပ်ပြီ။ သို့သော်လည်း စာတတ်မှန်း မသိဆိုသည်ကို တံမြက်ဝတ် ပျက်ချေဦး။ ဋီကာလက်သန်းကို သင်လော့"

စာဝါပေး၍ ဋီကာလက်သန်းကို သင်ရသည်။ ရေငုံဘုန်းကြီးလည်း နည်းနာ နယ အထူးထူး အပြားပြား ပြသ သင်ကြားတော်မူသည်။ သုံးရက်မြောက်အောင် သင်ကြားပြီးလျှင် ပြသသည့်နည်းအတိုင်း ဆင်ခြင်၍ နှစ်ရက်သုံးရက် မလာ နေသည်။ ကျမ်းဂန် တတ်သည်၊ စာ တတ်သည် ဆိုသည့်အကြောင်းကိုသတိရမှ အကြောင်းကို လျှောက်မည့် ရှင်အရိယဝံသလည်း လာ၏။

ရေငုံဘုန်းကြီးကလည်း "ပင်းယ ပုဂ္ဂိုလ်သည် သုံးရက်မြောက် စာသင်ပြီးလျှင် မလာ။ မကျန်းမမာ ရှိလေသလော။ ပုညစေတီအရှေ့မြောက် မန်ကျည်းပင်တောတွင် တဲဆောက်၍ နေသည် ဆိုသည်။ သွား၍ ကြည့်ရှုမေးမြန်းကြပါချေ"စာသင် တပည့်တို့ကို စေ၏။

ထိုက အလာနှင့် သည်က စေသူတို့ အသွား ခရီး အကြားတွင် တွေ့ကြ၍ အတူလာကြသဖြင့် ဆရာတော်ထံ ရောက်သော် နှစ်ရက် သုံးရက် မလာကြောင်းကို မေးသည်တွင် "ပြသပေးသောနည်းကိုမှီ၍ ဆင်ခြင်ကြံစည်သောကြောင့် စာတတ်သည် ဆိုသည့်အကြောင်းကို သိရပေပြီ"လျှောက်၏။

ရေငုံဘုန်းကြီးကလည်း"ယင်းသို့ တပြီးကား ဋီကာ လက်သန်းကို အရင်း အစ နှစ်ကံ့ပတ်လောက် သင်ကာမျှဖြင့် စာတတ်ပေသည်။ ကျေးဇူးကို ဆပ်ပေ။ ဋီကာ လက်သန်းကိုပင် ဖွင့်လေ" ဆို၏။

ရှင်မဟာ အရိယဝံသလည်း ဆရာဆိုတိုင်း ဋီကာ လက်သန်း အဖွင့် မဏိသာရ မဉ္ဇူသာ ကျမ်းကို စီရင်၏။ မဏိသာရ မဉ္ဇူသာကျမ်းကို စီရင်စဉ် ပြီးသမျှကို သိတင်းနေ့တိုင်း ပုညစေတီပြင်တွင် သံဃာများနှင့် ဖတ်နာကြ၏။ ထိုရောအခါ ပုဂံက ဘုရား ပုထိုး ရှိခိုးမည် လာသည့် ပုဂ္ဂိုလ် တဦးလည်း အစွန်ကနေနာလျက် "ဧ ဧ" ဟူ၍ နှစ်ကြိမ်တိုင် ဆိုသည်ကို မှတ်သားရ၏။ တည်းနေသည့် အရပ်ကိုလည်း မေးစေသည်။ ကျောင်းသို့ ရောက်မှ မှတ်ရာတွင် ကြည့်ရှု ဆင်ခြင်သော် တချက်မှာ ဝါကျ ထပ်သည်။ တချက်မှာ ဣမံ ဂန္ထံ စွဲရမည်ကို ဣဒံ ဂန္ထံ အစွဲပျက်သည်ကို မြင်လေ၍ "ဧ ဧ" ဆိုသော ပုဂ္ဂိုလ်ကို ပင့်ရလေသည်။ ရောက်လျှင် ဤသို့ မိန့်ဆို၏။

"ငါ့ရှင်၊ ဤကျမ်းကို ငါသည် သာမည မပြု။လူသံ ငှက်သံစဲမှ ညဉ့်ကို ပုရပိုက်ကို ဖွင့်၍ ရေးသည်။ လူသံ ငှက်သံကြားမှ နေ့ကို ပုရပိုက်အုပ်၍ နေသည်။ သို့စဉ် ကြိုးစား အားထုတ် ပါသည်ကို 'ဧ ဧ' ဆို ပြန်ရလေသည်"

ဤသို့ မိန့်ဆိုလျှင် 'ဧ ဧ ဆိုသော ပုဂ္ဂိုလ်'ကလည်း ဤသို့ လျှောက်၏။

"အရှင်ဘုရား၊ စီရင် ပြုစုသော ကျမ်းသည် ဆိုဘွယ်အများပင် မရှိပေ။ သူတယောက်သည် ကျောက်စစ်ကို ဆုပ်၍ တိုက်နံရံကို ပစ်သော် တစေ့မကျန် တိုက်နံရံကိုချည်း မှန်လေ သကဲ့သို့ မိန့်ဆိုသမျှ စကားသည် အလိုရှိအပ်သော အနက် အဓိပ္ပာယ်သို့ချည်း ရောက်ပလေသည်။ ဝါကျ တချက်ထပ်သည် အစွဲ တချက် ပျက်သည်သာ ဧ ဧ ဆိုပေသည်"

အရှင် အရိယဝံသည် အားရ နှစ်သက်တော်မူ၍ ကိုယ်တွင် သုံးသော ဒုကုဋ်ကို ပေးတော်မူသည်။

“ငါ့ရှင်ကို ငါပူဇော်သည် မဟုတ်။ ငါ့ရှင့်ဂုဏ်ကိုသာ ငါပူဇော်သည်”ဟု ထိုပုဂ္ဂိုလ် ခံ့ဝံ့အောင်လည်း မိန့်တော်မူသည်။ ရှင်အရိယဝံသည် မဏိသာရ မဉ္ဇူသာ၊ မဏိဒီပ၊ ဂန္ထာဘရဏ၊ မဟာနိဿယ၊ ဇာတက ဝိသောဓန ကျမ်းများကို စီရင်၏။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကို လက်သန်း အဋ္ဌကထာ ဆိုသည်။

× × ×

## သာချင်းသည်

ဒုတိယ မင်းခေါင်လက်ထက် တောင်တွင်းကြီးက ရှင်သီလဝံသ ရောက်လာ၏။ ပါရမီခန်း၊ ဗုဒ္ဓလင်္ကာရ၊ တောင်တွင်း လင်္ကာသည် ပျို့ သုံးဆောင်ကို ယူဆောင်၍ လာသည်တွင် ထူပါရုံဘုရားအရှေ့ မြောက်ယွန်း ရတနာ ဗိမာန်ကျောင်းကို တင်လှူတော်မူ၍ ကျမ်းဂန်ပို့သ သင်ကြားစေ၏။

ထိုအရှင်ကား သက္ကရာဇ် ၈၁၅ ခုဖွား၊ အသက် ၄၀ ပြည့်တွင် အဝသို့ ရောက်လာ၏။

အရှင် ရဋ္ဌသာရကား ၈၃၀ ဖွား၊ အဝတွင်ပင် နေရင်း ဖြစ်၏။ ရှင်သီလဝံသက ရှင်ရဋ္ဌသာရထက် ၁၅ နှစ် ကြီး၏။

ထို ဆရာ နှစ်ပါးသည် ပျို့ ကဗျာ လင်္ကာ လေ့လာ၏။

ရှင်သီလဝံသကား နေတ္တိ နိဿယည်းနှင့် ပါရာယန ဝတ္ထု၊ ဣ ဓမ္မဝတ်စာ နှစ်ကျမ်းကိုလည်း ပြု၏။ ရှင်ရဋ္ဌသာရ ပြုသော ဓမ္မဝတ်ကျမ်း မရှိ။ ဘုရား မြစ်တားတော်မူသော ပျို့ ကဗျာ လင်္ကာကို လေ့လာ အားထုတ်သည် ဖြစ်၍ ထို ဆရာ နှစ်ပါးကို သာသနာဝင် သံဃာသို့ မသွင်းကြ။

သက္ကရာဇ် ၈၄၂ ခုနှစ်၊ ရှမ်းဈေးလမ်း အရှေ့ မနော်ရမ္မ ဥယျာဉ် မနီး မဝေးတွင် သိမ်သမုတ်ရသည်။ သိမ် မြောက်က ဘုရား တည်သည်။ ထိုသိမ်ကိုကား ပထမ မင်းခေါင်သိမ်ဟု တွင်သည်။ သိမ်သမုတ်သည့် ကာလ အခြား ဆရာ သံဃာများက 'သာချင်းသည်တို့ ပါလျှင် ငါတို့ မလာမလိုက်ပြီ' ဆိုသောကြောင့် ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာတို့ သိမ်သမုတ်ရာ မပါဝင်ရဟု၍ ဆရာစဉ်ဆက် ဥဒါန်းစဉ်ရှည် ပြောဆိုကြသည်။

ဟံသာဝတီ ဆင်ဖြူများရှင် အဝသို့ ရောက်တော်မူ သည့် ကာလ စစ်ကိုင်းရှင် တိသာသနဓဇ အကျော်ကို တွေ့၍ "ရှင်ရဋ္ဌသာရထံ နည်းနာခံဘူးသလော" မေးတော်မူသည်တွင် မခံဘူးကြောင်း ပြောဆိုသော် အဘယ့်ကြောင့် မခံသနည်း မေးပြန်သည်ကို "ရှင်ရဋ္ဌသာရတို့သည် ရပ်ကြီး ပြည်မ အလေ့ အလာ အားကြီးသောကြောင့် မခံသည်" ဟု ဆိုကြောင်းကိုလည်း ယခုထက်တိုင် ပြောဆိုကြသည်။

× × ×

## တောင်ငူရှင် တိသာသနဓဇ

တောင်ငူမြို့တွင် အမတ်သား တယောက် အဖ မရှိသည်နောက် အတွင်းတော်မှာ ထမ်းရွက်ရသည်။ ဦးရီးကျောင်းနေ ရဟန်းလည်း ရှိသည်။ ထိုအခါ "ဦးရီး ဆရာထံ သွားပါချေ။ အမောင့် ဦးရီးသည် လူကို မြင်လျှင် ကောင်းစားမည်၊ မကောင်းစားမည် သိတတ်လှသည်"။ အမိက ဆို၍ ဦးရီး ဆရာကျောင်းသို့ သွားလေသော် ထိုသူ့ အသွင် အပြင် အဟန် အပန် လက္ခဏာကို ကြည့်ရှု၍ 'လူဖြစ်လျှင် မှူးမတ် ဖြစ်မည်။ ရဟန်း ဖြစ်မူကား သူ မကူနိုင်ပြီ'

ဦးရိုးဆရာ မိန့်သည်ကို မှတ်နာ၍ အိမ်သို့ ပြန်ရောက်လျှင် အမိကို ပြောဆိုပြီး ရဟန်းပြုရအောင် မင်းမှာ ခွင့်ပန်၍ ရဟန်း ပြုလေ၏။

ရဟန်း ပြုပြီးလျှင် စာပေ ကြိုးစား အားထုတ်သင်သည်။ ခုနစ်ဝါရလျှင်ပေပ် ကျမ်းဂန်တတ်မြောက်စွာ၍ တိသာသန ဓဇဟု ထင်ရှားသည်။ တောင်ငူမြို့တွင် သင်ကြားကာနှင့် မရောင့်ရဲ၍ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အဝမှာ သင်ကြားဦးမည် လာခဲ့သော် တောင်တွင်းကြီးသို့ ရောက်လေ၏။ ထိုရောအခါ ရှင်ဥတ္တမကျော်လည်း တောင်တွင်းမြို့တွင် စာပေ ပို့သ၍ နေသည်။ ကျောင်းအနီးသို့ ရှင် တိသာသန ဓဇ ရောက်၍ ထိုကျောင်းသို့ ဝင်လေ၏။ ရှင်ဥတ္တမကျော်က အကြောင်းကို မေးလျှင် ယခင် ကြံစည်သမျှ အကြောင်းမျိုးကို ပြန်ပြော၏။ သင်ကြားဘူးသော ကျမ်းဂန်ကို မေးပြန်သည်တွင်လည်း သင်ဘူးသမျှ ကျမ်းဂန်ကို ပြောဆို၏။

ထိုအခါ ရှင်ဥတ္တမကျော်သည် နေတ္တိဋ္ဌကာကြည့်နေခိုက် ဖြစ်၍ နေတ္တိဋ္ဌကာကို ရှင် တိသာသန ဓဇ လက်သို့ ကမ်း၍ အနက် သမ္ဗန် စေသည်။ ဝိဂ္ဂိုဟ် ဝစနတ် ပါသည်များကို ခတ်ရ၊ ပစ္စည်းရ ကောက်စေသည်။ စာစပ်ကျမ်းရိုး ဆိုစေသည်။ မြင်းလျှင် စိုင်းသကဲ့သို့ မတွန့် မတို မရပ် မဆိုင်း မှန်ကန် ပြောင့်မတ်သည့်ကို ရှင်ဥတ္တမကျော် ကြားသိလျှင် အလွန် နှစ်သက်သည်။

"တောင်ငူ ရှင်တိသာသန ဓဇ၊ သိပြီ။ ပုဂံ ပင်းယ စစ်ကိုင်း အဝသို့ မသွားနှင့်တော့။ ငါ့တွင်ပင် သင်ဦးတော့" ဆိုသည်။ ရှင်တိသာသန ဓဇ နှလုံး အထူးမရှိ။ 'သည် ပုဂ္ဂိုလ်သည်လည်း သူ မတုနိုင်အောင် တတ်သည် ဖြစ်မည်။ ငါ့ဦးရိုး ဆရာလည်း ရဟန်းပြုမူ သူ မတူနိုင်ပြီ မိန့်ဆိုဘူးသည်။ သည် ပုဂ္ဂိုလ်ထံတွင် သင်ဦးမည်' ကြံ၍ ရှင် ဥတ္တမကျော်ထံမှာ သုံးနှစ် သင်ကြားသည်။ ရှင် ဥတ္တမ

ကျော်လည်း“အမောင့်ကို သူ မတူနိုင်ပြီ။ စာပေ ပွဲသလေလော့” ဟု ခွင့်ပြု၏။

ရှင် တိသာသနဓဇလည်း တောင်ငူကို မပြန်ဦးဘဲ ကြံရင်း ရှိသည့်အတိုင်း ပုဂံသို့ သွားပြီးနောက် စစ်ကိုင်း အင်းဝသို့ လာ၏။ ဇေတဝန်ဘုန်းကြီး လွန်လျှင် ဇေတဝန်ကျောင်းသို့ တက်နေ၍ စာပေ ကျမ်းဂန် ပွဲသသည်။ နန်းတော်သို့ ပင့်၍ မပြတ် တရားနာသည်။

တရံရောအခါ မင်းမှာ ဝက်အမြူတေ ရသည်ကို မွေတော်စစ်ဟု ရတနာပန်းတောင်းဖြင့် အရိုအသေ ကိုးကွယ်သည်။ ရှင်တိသာသန ဓဇ နန်းတော်သို့ ဝင်ရာတွင် ရတနာပန်းတောင်းနှင့် ပြသည်ကို လက်ဝါးပေါ်တွင် တင်၍သာ ကြည့်သည်။ ပူဇော်တော်မမူ။မင်းကလည်း ဆရာတော် မယုံဟု အမှတ်ရှိ၍ အဓိဋ္ဌာန်တော်မူလျက် ဉသျှောင်တော်မှာ နားစေသည်။ ရတနာပန်းတောင်းမှာလည်း နားစေသည်။

ထိုသို့ပြခိုက်ဝယ် ဆရာတော်က ပကာရေ သွင်းခဲ့စေ မိန့်တော်မူ၍ ပကာရေ သွင်းခဲ့သည်တွင် ဝက်အမြူတေကို လက်ဖြင့်ဆုပ်ထားပြီးမှ ယခင်ကနည်း ဓိဋ္ဌာန်စေ၍ လက်ကိုပြန့်သော် ဓိဋ္ဌာန်ရာမသွားဘဲ ပကာရေသို့ ဆင်း၍ နေလေသည်။ ထိုအခါမှ မွေတော်မဟုတ်၊ ဝက်အမြူတေဖြစ်ကြောင်း သိကြရသည်။

“ကိုးကွယ်တော် မမူသင့်။ တန်ခိုး ရှိသော ဝတ္ထု ဖြစ်၍ အဆောင်အရွက်သာ ပြုတော်မူသင့်သည်” ဟု ဆရာတော်လည်း မိန့်တော်မူ၏။

ရှင် တိသာသန ဓဇ လက်ထက်ကစ၍ ဦးထုပ် ဒေါက်ချာ မဆောင်း။ တရပတ် အဖြူ အနီ မကိုင်။ ဟံသာဝတီရောက် မင်းဘိုးတော်လက်ထက် လေသာကျောင်း ဆရာတော်က ဆောင်း

ကိုင်ရမည် နှိုးဆော်သည်တွင်မှ ရှင် တိသာသန ၏ အဆုံးအမ အာ မူ အကျင့် ယိုယွင်းဖောက်ပြားလေသည်။

× × ×

## တူးရွင်းတောင်ခြေနေ ဘုန်းကြီး

မဟာဓမ္မရာဇာ မင်းကြီး နန်းတက်လျှင် ခမည်းတော်၏ ကောင်းမှု တော်ဘုရား မပြီးသည်ကို လုပ်တော်မူ၍ ရွှေထီးတင်တော်မူသည်။ တန့်တိုင်းနှစ်ထပ် ကျောင်းရံလေးဆယ်နှင့်ဘက္က ကြီးကျယ် လှစွာ သော လေးထပ်ကျောင်းကိုလည်း လုပ်ဆောင်တော် မူ၍ တူးရွင်း တောင်ခြေနေ ဘုန်းကြီးကိုကိုယ်တိုင် တင်လျှောက်မည်ဟု နန်း တော်သို့ ဆွမ်းဘုဉ်းပေး ပင့်သည်။ နှစ်ကြိမ်တိုင်အောင် မလာ။ သုံးကြိမ်တွင်မှ ကြွသင့်ကြောင်းကို သံဃာများလျှောက်တင် သည် တွင် "ရဋ္ဌပိဏ္ဍ (နိုင်ငံကို ညှဉ်းဆဲသော) ဆွမ်းကို မစားလို၍ ငါ မလိုက်သည်။ သံဃာများ အလိုရှိမူကား လိုက်တော့မည်" ဆို ၍ ဆွမ်းဘုဉ်းပေးပင့်သည်ကို ဝန်ခံလေသည်။

"ဘုန်းတော်ကြီး ကြွတော်မူလျှင် စေတီအကြားနှင့် ကျောင်း အကြားကို ကြွတော်မူခဲ့ပါ လျှောက်ရမည်" မင်းအမိန့်တော်ရှိ သည့်အတိုင်း လျှောက်ကြလျှင် "လမ်းမနှင့်ပင် ဖြစ်သည်။ လာ မည်" မိန့်ဆို၏။ နောက်တနေ့ လျှောက်ချက်အတိုင်း ကြွသဖြင့် နန်းတော်သို့ရောက်သော် မင်းက လျှောက်သည်။

"စေတီအကြားနှင့် ကျောင်းအကြားကို ကြွတော် မူခဲ့ပါစ့ံ" ဘုန်းကြီးက မိန့်ဆိုသည်။

"တရားမင်းမြတ် အမိန့်တော်ရှိသည်ဆို၍ လာခဲ့ပါ၏" မင်းက လျှောက်သည်။

"ကျောင်းလည်း ကြီးကျယ် သာယာသည်။ စေတီနှင့် မနီး မဝေး အာရုံ-အာရုမ္မဏိက သင့်တော်လှသည်။ သူတော်ကောင်းတို့ မွေ့လျော်ဘွယ် ရှိလှသည်"

"ဒါမိန့်တော်အတိုင်း မှန်ပေ၏။ တောနေ ရဟန်းနှင့်မူကား သမင်ကို လင်းလွှားပြသကဲ့သို့ ရှိမည်"

"ဘုန်းတော်ကြီးကို ကျွန်ုပ် ကျောင်းမဖိတ်ပါသေး"

"ဖိတ်သော်လည်း မနေနိုင်ပါ"

ထိုနောက် ဆွမ်းဘုဉ်းပေးပြီးသော် တရားဟော၍ ကြွလေသည်။

တူးရွှင်းတောင်ခြေနေ ဆရာ လေးထပ်ကျောင်းမှာ မနေလိုကြောင်းကို အတပ်သိတော်မူ၍ "အထပ်ထပ်ပင့်သော် ဘုန်းကြီး ပင်ပန်းတော်မည်။ မပင့်နှင့် တော့။ ကျောင်းတော်နှင့်သင့်လျော်သည့် ပုဂ္ဂိုလ်ကို ညွှန်တော်မူပါဟူ၍သာ လျှောက်တော့" အမိန့်တော်ရှိ၍ လျှောက်လျှင် ရှင်မဟာရာမကို ညွှန်တော်မူသည်။ ရှင်မဟာရာမအား လေးထပ်ကျောင်းကို တင်လှူတော်မူသည်။မဟာသံဃာနာထ တံဆိပ်နာမံလည်း ပေးအပ်တော်မူသည်။အရံကျောင်းလေးဆယ်တွင် အရှေ့မြောက်ထောင့် ကျောင်းနေ ဝရာဘိ သံဃနာထ ပုဂ္ဂိုလ်သည် မဏိကုဏ္ဍလဝတ္ထုကို စီရင်သည်။ အနောက်တောင်ထောင့်ကျောင်းနေ ပုဂ္ဂိုလ်လည်း သတ္တရာဇ ဓမ္မဝတ္ထုကို စီရင်သည်။

ထိုရောအခါ ဟံသာဝတီ ငါးဘူဒါယကာ တောင်ငူရောက် မင်းတရားက နိဿယည်းမေးရာ မရ၍ နှင်ထုတ်လိုက်သော ဘားမဲ့ အကျော် အာစာရအားကျော်ဟု သမုတ်ခေါ်ဝေါ်သော မွန်ဘုန်းကြီးတို့ကို ဆရာပြု၍ လောကမှုဩ ကိုးကွယ်တော်မူ၏။ ထို မွန်ဘုန်း

ကြီးတို့ အားကား လူမှုလူရာ၊ ဗေဒင်ဆေးမှု၊ အင်းအိုင် ယတြာ လေ့လာတတ်ကျွမ်းကြ၏။ ပရိယတ်၊ ပဋိပတ်ကို အလေးအမြတ် မပြုကြ။

× × ×

## သာမဏေကျော် ပဉ္စင်းကျော်

မင်းခေါင် ညီတော် သတိုးကျော်စွာ စလင်းမြို့ကို စား၍ စလင်းမှာ နေခဲ့ သတိုးကျော်စွာ မိဖုရားသည် အသည်ကြီးသား ငါးနှစ်အရွယ် သူငယ်ကို ယူ၍ မွေးဘွားတော် မူသည်။ သတိုးကျော်စွာ လွန်သည့်နောက် သားသမီးတစုလုံးကိုခေါ်၍ မိဖုရား အဝသို့ လာရာတွင် တိုအသည်ကြီးသားလည်း ပါလာသည်။ အရွယ်ရောက်လျှင် မိဖုရားက ရဟန်းပဉ္စင်းပြု၍ စာပေကျမ်း ဂန်တတ်မြောက်သော အားဖြင့် ထင်ရှားကျော်ကြားလှသည် ဖြစ်၍ ဒုတိယမင်းခေါင် ကိုးကွယ်တော်မူသည်။ နောက် သား တော် နန်းကြွရှင် နရပတိလည်း မင်းဝံ လေးသပ် မြေရာတွင် ရွှေကျောင်းဆောက်လုပ်၍ တင်လှူတော် မူသည်။ ကျောင်း တော်ပတ်လည် ဆီးပင်များ၍ ဆီးတောရွှေကျောင်း ဆီးတော ဘုရင်ဆရာဟုတွင်သည်။

ထိုဆီးတောဆရာ လွန်သောအခါ စလင်းမြို့မှာ မိန်းမ တ ယောက်ကို "ငါ ဆီးတောဘုရင်ဆရာ ဝင်၍ နေမည်" ဆိုလှာ သည်ဟု အိပ်မက်မြင်လေသည်နှင့် သန္ဓေနေ၍ ဆယ်လမြောက် လျှင် သားယောကျ်ား ဖွားမြင်၏။ ထိုနောက် တဆယ့်သုံးနှစ် ရွှယ်ရှိလျှင် ရှင်ပြု၍ စာပေ သင်သည်။ နောက် ငါးဆူဒါယကာ သားတော် မင်းကြီး ပင့်၍ ပြည်သို့ ရောက်လျှင် သာမဏေ

ကျော်ဟု ထင်ရှားသည်။ ၉၅၄ ခု တဆယ့်ငါးနှစ်ရွယ်တွင် ဝေဿန္တရာပျို့ကို စပ်ဆိုသည်။

၉၅၉ ခု ရန်နိုင်မှူး မင်းဖြစ်သောအခါ ပြည်မြို့တွင် ရန်နိုင်မှူးက သာမဏေကျော်ကို ပဋ္ဌင်းခံသည်။ ထိုအခါ ကျမ်းဂန်အလွန် တတ်မြောက်တော်မူ၍ ပြည်ပဋ္ဌင်း ကျော်ဟု ကျော်စောထင်ရှားပြန်လေသည်။ သာလွန် မင်းတရားကြီးက တိပိဋကာလင်္ကာရ တံဆိပ်နာမံ ပေးအပ်တော်မူသည်။ သာလွန် မင်းတရားမေးတော်မူသမျှကို ဖြေဆိုတော်မူသော အစုစုစကား အမေးတော်ပုံလည်း ယခုတိုင် ထင်ရှားရှိသည်။

ထိုအခါ အဝတွင် ရှင်အရိယာ လင်္ကာရလည်း ကျမ်းဂန် အလွန်တတ်သူ အဝ ပဋ္ဌင်းကျော်ဟု ကျော်စော ထင်ရှား၏။ ပြည်ပဋ္ဌင်းကျော်လည်း အလွန်ကျော်စော ထင်ရှား၏။ သိက္ခာဝါလည်း ခုနစ်ဝါစီသာ ရကုန်၏။ ပြည်ပဋ္ဌင်းကျော် ရောက်လာကြောင်းကို အဝ ပဋ္ဌင်းကျော် ကြား၍

"တောမှာသာ ကျော်လိမ့်မည်။ မင်း နေပြည်မှာ မကျော်လေရာ" ပြောလေရာ ဘားတမော့ ဆရာတော်က "မပုပ်ဘဲကို မပေါ်၊ မဟုတ်ဘဲကို မကျော် ဟူ၍ သူကောင်းတို့ ဆိုရိုးရှိသည်။ မဟုတ်ဘဲကို ကျော်ဘိမည်လော" ဟု ဆို၏။

"ပညာရှိ ရောက်သည်ကို သွား၍ ပြောဟော လည်ဆယ် ချင်သည်"

"ကိုယ်တိုင် သွား၍ မသင့်။ အာဂန္တုက ဖြစ်ပလေသည်။ အကြောင်းကိုသိလျှင် ဂါထာဗန္ဓဖွဲ့စီ၍ မေးသော် သိရတော့မည်"

ဘားတမော့ ဆရာတော် ဆိုသည့်အတိုင်း အဝပဋ္ဌင်းကျော်က တွေ့မြင်ချင်ကြောင်း၊ သိက္ခာဝါ အသက်အရွယ် မည်မျှရှိကြောင်းများကို ဂါထာဗန္ဓ ဖွဲ့၍ မေး၏။ ပြည်ပဋ္ဌင်းကျော် ကလည်း

ဂါထာဗန္ဓ ဖွဲ့၍ ပြေ၏။ ပဉ္စင်းကျော် နှစ်ပါး အကြောင်းကို အနောက်ဖက်လွန်မင်းတရား ကြား၍ ပဉ္စင်းကျော် နှစ်ပါးနှင့် သည့် ပြင် ကျမ်းဂန်တတ် ပုဂ္ဂိုလ်တို့ကို လေးထပ်ကျောင်းတော်မှာ လည် ဆယ် ပြောဟောကြရန် စီစဉ်ပေး၏။ ခေတ္တကာလာ ဌီကာကို ပြော ဟောကြရာတွင် "အဝ ပဉ္စင်းကျော်ကို ပြည်ပဉ္စင်းကျော်က နှစ် ကြိမ်သာပလေသည်" ဟု လေးထပ် ဆရာတော်ကြီး မိန့်တော်မူ၏။ ပရိသတ် အစည်းအဝေးကြီးတွင်လည်း ဤသို့ဆိုစမှတ် ပြုတော် မူ၏။

"ဂန္ထန္တရနှင့် စပ်သည်ကို ပိဋကာလင်္ကာရကို မေးလျှင် ဝါးခွဲ သကဲ့သို့ ရှိပေသည်။ ဝိဂ္ဂဟ် ဝစနတ္ထနှင့် စပ်သည်ကို အရိယာ လင်္ကာရကို မေးလျှင် မိုးသေး မိုးဖွဲ့ ကျသကဲ့သို့ ရှိပေသည်"

ပြည်ပဉ္စင်းကျော်သည် သက်တော် ခြောက်ဆယ် ပြည့်သော အခါ တောင်ဘီလာတောသို့ ဝင်တော် မူလေသည်။

× × ×

## သံသရာ ဆရာတော်

သက္ကရာဇ် ၁၀၀၉ ခုနှစ်တွင် ညီတော် မင်းရဲကျော်စွာ လွန်၍ မရှိလျှင် သားတော် အမြင့်မြို့စား ရှင်တရုပ်သည် လူသွမ်း လူပျက် တို့ စကားကို နာယူ၍ ခမည်းတော် သာလွန်မင်းတရားကြီးကို လုပ်ကြံရန် နန်းတော်သို့ ဝင်၏။ မြနန်းရှေ့သို့ ရောက်မှ ပြောင်း သေနတ်သံ ပေး၏။ တိုက်စည် တီး၏။ ထိုအခါ မင်းကြီးသည် မြင်းစီး၍ ကလေးတံခါးက ထွက်တော်မူပြီး လေးထပ်ကျောင်း သို့ သွားကာ ဆရာတော်အား လျှောက်၏။

"လူဆိုး လူသွမ်းတို့ မဝင်သာအောင် တပည့်များကို ဆီးတား ပါစေ"

"ငါ ရဟန်းသား ဖြစ်သည်။ မည်သို့ အထူး မကြံသာ။ စံကျောင်း သူတော်ကို ပင့်ပါရစေဦး"

လေးထပ်ကျောင်း ဆရာတော်သည် စံကျောင်း ဆရာတော်ကို ပင့်စေ၏။ စံကျောင်းဆရာတော် ရောက်လေလျှင် မင်းကြီး ကျက်သရေ တိုက်မှာ ထား၏။ ရဟန်း သာမဏေဘထောင်ကျော်တို့ကို ခေါ်၍ ထီးရိုး၊ တောင်ငူနှင့် ကျောင်းတော်သို့ လူတယောက်မျှ မဝင်ရအောင် စောင့်စေ၏။ ယင်းသို့မှ မင်းညီ မင်းသား မှူးတော် မတ်တော် မှူထမ်း ရာထမ်းတို့ အစုံအညီ ရောက်လာကြ၏။ တလခန့်ရှိမှ အတွင်းသားတို့ လုပ်ကြံသဖြင့် ရှင်တရုပ်ကို အလိုတော်ပြည့်၏။

တနေ့တွင် သာလွန်မင်းတရားကြီးသည် နန်းတော်သို့ ဆရာတော်တို့ကို ပင့်ကာ ဆွမ်းလုပ်ကျွေးပြီး လျှောက်ကြား၏။

လေးထပ်ကျောင်း ဆရာတော်သည် သံသရာ ဆရာတော်ဖြစ်သည်။ ရဟန်း ပီသလှပေသည်။ စံကျောင်း ဆရာတော်သည် ပစ္စုပ္ပန် ဆရာတော် ဖြစ်သည်။ စစ်သူကြီးသို့ ကောင်းလှပေသည်။

လေးထပ်ကျောင်း ဆရာတော်ကား အခြားဘပါး အမှတ်မဲ့ ဂိုဏ်းသံဃာတို့၏ ပစ္စည်းလေးပါးကို မထုံးဆောင်။ ရေကိုမျှ မသောက်ရအောင် သွားလေရာရာ ကရား သားရေနွယ် လွယ်၍ သွားစမြဲတည်း။

X X X

## ရေနံ နတ်စက်ရောင်

သာလွန် မင်းတရားကြီးသည် သားတော် အမြင့်မြို့စား ရှင်တရုပ်၏ ဘေးရန်ကြောင့် လေးထပ်ကျောင်းတွင် ခိုအောင်းနေစဉ်

တနေ့၌ "သံဃာတော်တို့တွင် ဗေဒင် ဂဏန်း မှတ်သားသသူ ရှိပါသလော"ဟု မေးတော်မူ၍ ရဟန်းတို့က ဖြေဆိုကုန်၏။

"ရဟန်းတော်တို့ ဗေဒင် ဂဏန်း မလေ့ မကျွမ်းချေ။ ရေနံမြို့က လာနေသည် ပဥ္စင်းပျို တဦးမှကား ဗေဒင် ဂဏန်း လေ့လာ မှတ်သားဟန် ရှိသည်"

ထိုပဥ္စင်းကိုခေါ်၍ မေးမြန်းသည်တွင် "ဗေဒင်ကို များများ မသော်ပါ။ ကာလကြီး တခုကိုသာ တတ်သည်"ဟု ဆို၏။

"ကာလကြီးကိုပင် ချပါတော့"ဟု ဆို၍ ချပြီး ဟောကြား၏။

"ကာလကြီးအလို စိုးရိမ်ဖော် မမူနှင့်။ သီတင်းကျွတ်လပြည့်ကို အောင်မြင်တော်မူမည်"

ထိုသည်အတိုင်း မှန်လေ၍ အမတ်တဦးဆောက်သော ရွှေကျောင်းကို တင်လှူတော်မူလေ၏။ ဝမ်းဘဲအင်းစုံ မင်းတရားလက်ထက် ရေနံ့ နတ်စက်ရောင်ဟု ကျော်စော ထင်ရှား၏။ ရွှေစည်းခုံ ဘုရား အနီး အရှေ့မြောက်တွင် မုခ် မှန်ကင်းနှင့် ယှဉ်း ကျောင်း ဆောက်၍ တင်လှူတော်မူ၏။ မေ့နန္ဒ မေ့ရာဇ ဂုရု တံဆိပ် နာမံလည်း ပေးအပ်တော်မူ၏။

× × ×

# အိမ်သာတက်သော စည်းစိမ်

ပြည်မင်း လက်ထက်တွင် မြောက်နန်းကျောင်း ရှင် အဂ္ဂ ဓမ္မာလင်္ကာရမှာ ထင်ရှားကျော်ကြားလှ၏။ ထိုဆရာသည် သဒ္ဒါနိသျည်း၊ အဘိဓမ္မတ္ထ သင်္ဂြိုဟ် နိသျည်း၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း အရကောက်များကို စီရင်၏။ ထို့ပြင် ပြည်မင်း

တရား တောင်းပန်၍ ရာဇဝင်ချုပ်လည်း ပြု၏။ ယခုထက်တိုင် မြောက်နန်းကျောင်း ရာဇဝင်ဟု ခေါ်ဝေါ်ကုန်၏။

မြောက်နန်းကျောင်း ဆရာတော်သည် ပြည်မင်း အမတ် နေမျိုးနော်ရထာ၏ သားဖြစ်၏။ တရံသောအခါ ရဟန်းလူထွက်ဖြစ်သော သတိုးမင်းကြီးသည် မှူး မတ် အဆောင်အရွက် အခင်းအကျင်းနှင့် ကျောင်းတော်သို့ လာ၍ ဆရာတော်နှင့် စကားစမည် ပြောဟောကြ၏။ အမတ်ကြီးသည် မိမိ၏ အဆောင်အရွက် အခင်းအကျင်းကိုပြ၍ လျှောက်၏။

"အရှင်ဘုရား၊ လူဖြစ်လျှင် ဤမျှလောက် မှူးမတ် စည်းစိမ်ကို ရလိမ့်မည်"

ထိုအခါ ဆရာတော်က ပြန်ကြား၏။

"ဤမျှလောက်သော စည်းစိမ်သည် ငါတို့ အိမ်သာတခါတက်ကိုမျှ မတန်လေ။ အိမ်သာ တကြိမ်တက်လျှင်ပင် အသုဘကမ္မဋ္ဌာန်း များစွာ ပွားသည် မဟုတ်တုံလော"

×    ×    ×

# လူထွက်မည့် ရဟန်းပျို

သက္ကရာဇ် ၁၀၃၄ ခုတွင် သားတော် အိမ်ရှေ့မင်း နရာဝရ ရွှေနန်းတက်၍ ဥကင်သ ဖွင့်တော်မူ၏။ ထိုအခါ ရွှေစည်းခုံ မြောက် စောင်းတန်းအနီး ဇေတဝန် ခြေတိုင်ကျောင်းနေ ပဥ္စင်း ပျိုတဦးသည် ကျမ်းဂန်တက်လျက် အရွယ်ပျိုသည်နှင့် ပျိုစိတ်သို့ လိုက်၍ လူဝတ်လဲမည် အကြံဖြင့် အဝတ်တန်ဆာ ယူလျက် အဖော် ရဟန်းများနှင့် ယင်းရဲဆိပ်သို့ လာကြသော် ရဟန်းအဖြစ်နှင့် ဘုရားကို ရှိခိုးဦးမည်ဟု လိုဏ်တွင်းသို့ဝင်၍ ရှိခိုးပူဇော်၏။ ထို

အခိုက်တွင် တကာမတယောက်သည် လိုဏ်ပြင်က ရေချမ်းသွန်း၍ ဆုတောင်း၏။

"ညှိုကောင်းမှုဖြင့် ဆင်းရဲ ငရဲ ကင်းပါလို၏။ ဖြစ်လေတိုင်းသော ဘဝ၌လည်း လူထွက်မယား မဖြစ်ပါလို"

ထိုသို့ ဆုတောင်းသံကို ပဥ္စင်းကြီး ကြားလေလျှင် 'အံ့ဘွယ်သရဲ ငါလည်း လူထွက်မည်လာသည်။ တကာမလည်း ပြင်က ဆုတောင်းသည်။ မေးရစေဦး' ကြံ၍ လိုဏ်ပြင်သို့ ထွက်ပြီး မေး၏။

"လူထွက်မယား မဖြစ်ပါလိုဟု ဘယ့်ကြောင့် ဆုတောင်းသနည်း"

"လူထွက်မယား မဖြစ်ပါလိုဟု ဆုတောင်းသည်ကား လူမိုက်မယား မဖြစ်ပါလိုဟု ဆိုလိုပါသည်"

"လူထွက်လျှင်ပင် မိုက်လေတော့သလော"

"လူထွက်သော ရဟန်းသည် ဘယ့်ကြောင့်မမိုက်ဘဲ ရှိတော့မည်နည်း။ ရဟန်းမည်သည်ကား သူလှူသော အဝတ်၊ အစား၊ အရိပ် သင်္ခမ်းကို သုံးဆောင်စားသောက်၍ ချမ်းသာစွာ နေထိုင်ရပေသည်။ ခပေကျမ်းဂန် သင်ကြားလိုသော်လည်း သင်ရ၏။ မသင်လိုလျှင်လည်း သင်္ကန်းကြီးကို ခြုံကန့်ကာသာ အိပ်လိုသမျှ အိပ်နေရသည်။ ထိုသို့စဉ်လျက် သူ့ကျွန်ခံဦးမည်။ မယားကျွန်ပြု၍ လုပ်ကျွေးဦးမည်။ လူထွက်သော ရဟန်းထက် မိုက်သောသူ မရှိပြီ။ လူမိုက်မယား ဖြစ်ချေက ကျွန်ုပ် မဆင်းရဲပြီလော"

ဟကာမဆိုသည်ကို ကြားလျှင် ထိုပဥ္စင်းပျိုသည် သတိ သံဝေဂ ရသဖြင့် ယင်းရဲ တံခါး အပြင်သို့ထွက်၍ ကြံမှိုင်ကာ ရပ်လျက် နေ၏။ ထိုအခိုက်တွင် ဝတ်စားတန်ဆာ ယူဆောင်ခဲ့သော

အဘော်တို့က ခေါ်သည်ကို "လာခဲ့ကြပါဦး" ခေါ်ကာအကြောင်းကို ပြန်ပြော၍ "လူဝတ် မလဲပြီ" ဟု စစ်ကိုင်းသို့ ကူးလေ၏။

စစ်ကိုင်းသို့ရောက်လျှင် ကျမ်းဂန်တတ်သော ဆရာတို့ထံ နည်းနာခံပြီးမှ ပုညစေတီတောင်၊ ယခုရှိသည့် တိလောကဂုရုကျောင်းရာတွင် ကျောင်းငယ်နှင့်နေ၏။ ရဟန်းသံဃာများကို သင်ကြားပို့သပေး၏။ စာသင် စာနာများ၍ ကျောင်းမနေလောက်သောကြောင့် တဲဆောက်ကာ မိုးကာနေကြရ၏။

တရံရောအခါ အဝမင်း ပုညစေတီသို့ ထွက်တော်မူသည်တွင် တဲဆောက်ကာ နေကြသည်ကို မြင်၍ ဥမင်နှင့်တကွ ကျောင်းဆောက်၍ ထိုပဉ္စင်းပျိုအား တင်လှူတော်မူ၏။ တိလောကဂုရု တံဆိပ်နာမံလည်း ပေးအပ်တော်မူ၏။

× × ×

## ရွှေဥမင်နှင့် တောင်ဘီလာ

ပုခန်းကြီးမြို့ ရွှေဥမင်ကျောင်းနေ ရှင်ဇမ္ဗုဓဇသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းဂန် ကျန်၏။ အနက်မြန်မာ နိုင်နင်း၏။ ဝိနည်းငါးကျမ်းပါဠိတော် အဋ္ဌကထာ နိဿယည်းကို စီရင်၏။ ယခုထက်တိုင် မှီခိုရာဖြစ်၏။ ရှင်ဇမ္ဗုဓဇကိုယ်တိုင်ရေးသားသော ဝိနည်းပါဠိတော်၊ အဋ္ဌကထာ နိဿယည်းလည်း ဆရာစဉ်ဆက် လက်စွဲ လက်မကွာ ကိုးကွယ် ပူဇော်၍ လာ၏။ ယခုထက်တိုင်ပင် ကျောင်းတော်တွင် ရှိသည်ဟူ၏။

တရံရောအခါ တောင်ဘီလာဆရာတော်သည် မန်းစက်တော်ရာကို အဖူးအမြော် ကြွတော်မူ၍ အပြန်တွင် ပုခန်းကြီး ရွှေဥမင်

ရှင်ဇမ္ဗုဓဇထံဝင်၍ ဆွေးနွေး ပြောဟောတော်မူကြ၏။ လင်္ကာဒီပေသလ၊ သိက္ခာကာမ သူတော်ကောင်းချင်း ပက်လဲတကင်း မြတ်နိုး စုံမက်စွာ ရှိကြ၏။ ရှင်ဇမ္ဗုဓဇနှင့် တောင်ဘီလာ ဆရာတော်သည် သိက္ခာဝါ အတူမျှရှိ၏။ ကျောင်းကဆင်း၍ အပြန်ကို လိုက်၍ပို့သည်တွင် တောင်ဘီလာဆရာတော်က ဆို၏။

"အကျွန်ုပ် မင်းဆရာဖြစ်သည်။ ငါ့ရှင် ရှေ့ကကြွပါ"

ရှင်ဇမ္ဗုဓဇက ပြန်၍ဆို၏။

"ငါ့ရှင် မင်းဆရာဖြစ်ပေသည်။ ငါ့ရှင် ရှေ့ကကြွပါ"

တောင်ဘီလာဆရာတော်လည်း ရှင်ဇမ္ဗုဓဇ အကြောင်းကို သာလွန်မင်းတရားကြီးမှာ စကားစပ်ပြောဆို၍ ကြည်ညိုတော်မူသဖြင့် အမည်တော်ရင်းတွင် အက္ခရာနှစ်လုံးတိုး၍ ဇမ္ဗုဒီပဓဇ ဟု တံဆိပ်နာမံ အပ်တော်မူ၏။

× × ×

## တင်ဂိုဏ်း ရုံဂိုဏ်း

မြန်မာနိုင်ငံ ဗုဒ္ဓ သာသနာတွင် ဂိုဏ်းကွဲ အများ အပြားပင်ရှိ၏။ ပုဂံဂိုဏ်း၊ အဝဂိုဏ်း၊ သီဟိုဠ်ဂိုဏ်း စသဖြင့် အရပ်၊ ဒေသ၊ အလိုက် ကွဲပြားခြင်းလည်းရှိ၏။ ရှင်အရဟံဂိုဏ်း၊ ဥတ္တရဇီဝဂိုဏ်း စသဖြင့် ပုဂ္ဂိုလ်အလိုက် ကွဲပြားခြင်းလည်းရှိ၏။ ဂါမဝါသီ မြို့တွင်း ရွာတွင်းမှာ နေသောဂိုဏ်း၊ အရညဝါသီ တောတောင်တွင် နေသောဂိုဏ်း စသဖြင့် နေရာဌာနအလိုက် ကွဲပြားခြင်းလည်း ရှိ၏။ ဦးထုပ်၊ ဒေါက်ချာ၊ တရပတ် ဆောင်းဆောင်သောဂိုဏ်း မဆောင်းမဆောင်ဂိုဏ်း စသည်ဖြင့် အဆောင်းအဆောင် အလိုက် ကွဲပြားခြင်းလည်းရှိ၏။ ရဟန်းတို့ သေရည်ပျော့ပျော့

ကို သောက်သုံးနိုင်သည် စသည်ဖြင့် အဖျော်ယမကာ သောက်သုံးမှုအလိုက် ကွဲပြားခြင်းလည်း ရှိ၏။ ဒွတင်ဂိုဏ်းနှင့် အရုံဂိုဏ်း မှာရွာတွင်းသို့ဝင်လျှင် သင်္ကန်းရုံခြင်း၊ မရုံခြင်းအားဖြင့် ကွဲပြားသော ဂိုဏ်းဖြစ်၏။

အတင်ဂိုဏ်းမှာ ရဟန်းသာမဏေတို့ ရွာတွင်းသို့ဝင်လျှင် ယာလက်မောင်းကိုဖော်ကာ သင်္ကန်းကို လက်ကန်တော့တင်ပြီး ဝင်သောဂိုဏ်းဖြစ်၏။ ထိုဂိုဏ်းကို စတင်သူ ရှင်ဂုဏာဘိလင်္ကာရမှာ ချင်းတွင်းမြစ် အနောက်ဖက် တုံရွာကျောင်းတွင် နေ၍ တုံဂိုဏ်း ဟုလည်း ခေါ်ကုန်၏။ တုံရွာကျောင်း ရှင်ဂုဏာလင်္ကာရသည် သာမဏေတို့ကို ရွာဝင် ရွာသွား တဘက် လက်ကန်တော့ တင်စေ၍ ဦးထုပ်တရပတ်ကို မဆောင်း မကိုင်စေဘဲ ယပ်ကိုသာ စွဲကိုင်စေလျက် တုံတောနေဟု ဂိုဏ်းသီးထောင်၏။

ထိုရှေးအခါ တောင်ငူရှင် ဗုဒ္ဓင်္ကုရ၊ ရှင်စိတ္တ၊ တပယင်းကျေးရှင်သုန္ဒရတို့က သာမဏေတို့ကို ရွာဝင်ရွာသွား တဘက် လက်ကတော့ မတင်စေဘဲ ဦးထုပ်တရပတ်ကို မဆောင်း မကိုင်စေဘဲ ယပ်ကိုသာ စွဲကိုင်စေလျက် အရုံတောနေဂိုဏ်းဟု ဂိုဏ်းသီးထောင်၏။

ထိုသို့ ဂိုဏ်းနှစ်ဂိုဏ်း ကွဲပြားခဲ့သည်မှာ သာသနာ ၁၂၄၂ နှစ်၊ သက္ကရာဇ် ၁၀၆၀ ခုနှစ်တွင် ဖြစ်သော်လည်း အရေးမကြီးလှသေးချေ။ ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ ပြဿနာမှာ တဖြည်းဖြည်း ကြီးပွားလာ၏။ အလောင်းမင်းတရားကြီးသည် ဥသျှစ်ကျေးရွာ ရှင်ယသကို မဟာအတုလယသဓမ္မရာဇဂုရု တံဆိပ်နာမံပေးပြီး မင်းဆရာပြု၍ ကိုးကွယ်၏။ မင်းဆရာ ရှင်ယသကား အတင်ဂိုဏ်း ဖြစ်၏။ မင်းကြီးသည် 'ဤနိုင်ငံအတွင်း၌ နေကုန်သော ရဟန်းသံဃာတို့သည် မင်းဆရာ၏ အလိုအယူသို့လိုက်၍ ကျင့်ကြံ နေထိုင်ကြရမည်' ဟု အမိန့်ပြန်တမ်းထုတ်၏။

မောင်းထောင်ရွာ၌နေသော မထေရ်ကြီး နှစ်ပါးကား မိမိတို့၏ ပရိသတ်ကို ရွာဝင်သောအခါ သင်္ကန်းရုံ၍ ဝင်ကြရမည်ဟု ဆုံးမ၏။ ထိုသတင်းကို မင်းဆရာကြား၍ ထိုမထေရ်ကြီးနှစ်ပါးကိုခေါ်ကာ သံဒဏ်ပေး၏။ ထိုအခိုက်၌ မင်းဆရာကျောင်းနှင့် မင်း၏နန်းတော်၌ မိုးကြိုးကျသော ဟူ၏။

ပုခန်းကြီး ကျေးရွာမှ ကျမ်းဂန် တတ်မြောက်သော မုနိန္ဒဃောသကား အရုံဂိုဏ်းဘက်မှ မားမားမတ်မတ် ရပ်တည်နေ၏။ အလောင်းမင်းတရားကြီးသည် မုနိန္ဒဃောသကို ပင့်၍ အဘင် ဂိုဏ်းဆရာများနှင့် ဆွေးနွေးစေ၏။ မထေရ်ကြီးတပါးက ထိုအရှင်အား ရှင်းပြ၏။

"ငါ့ရှင်၊ မြန်မာနိုင်ငံလုံးရှိ သံဃာများသည် မင်း၏အလို မင်းဆရာ၏ အလိုကို လိုက်ကုန်ပြီ။ ငါ့ရှင် တပါးတည်းသာလျှင် အရုံသင့်သော ဘက်က ရှိ၏။ အဘယ်ကြောင့် မာနခက်ထန်ဘိသနည်း။ သင်၏ဝါဒကို စွန့်ပါသော်"

မုနိန္ဒဃောသက ပြန်ကြား၏။

"အရှင့်ကို လဇ္ဇီ ပေသလ သိက္ခာ ကာမဟု ရှေးက ကြားဘူးပါ၏။ လဇ္ဇီ သူတော်ကောင်း ဖြစ်ပါက ဤစကားကို မဆိုသင့်ပါ။ အရှင်တို့သည် ငါ့ကို ကိုးကွယ်ရာမဲ့ဟုထင်ကုန်သလော။ ငါ၏ ဆရာရှိ၏။ ငါ့ဆရာ၏ မျက်နှာကို ထောက်ထားသင့်၏"

"သင်၏ ဆရာကား မည်သူနည်း"

ထိုအခါ မုနိန္ဒဃောသသည် သုဓမ္မာစရပ်တွင်ရှိသော ရုပ်ထုတော်ကို ရှိခိုး၍ "ဤသည်လျှင် ငါ့ဆရာဖြစ်ပါ၏" ဟု ဆိုပြီးလျှင် လျှောက်ကြား၏။

"မြတ်စွာဘုရား၊ ငါသည် အသက်ဆုံးသည်တိုင်အောင် ငါ၏ အသက်ကိုသာ စွန့်ပါမည်။ မြတ်စွာဘုရား ပညတ်တော်မူသော သိက္ခာပုဒ်တော်ကို စွန့်မည်မဟုတ်ပါ"

တိုအကြောင်းကို မင်းကြီး ကြား၍ "ဤမထေရ်ကား မာန ခက်ထန်လှသည်။ ငါ၏ နိုင်ငံတွင် နေရန် မသင့်" ဟု ပြောကြားပြီး တိုင်းတပါးသို့ နှင်ထုတ်လိုက်လေ၏။

သို့ဖြင့် အရှုံဂိုဏ်း ပျောက်ကွယ်၍ မသွားချေ။ တစ တစ အင် အားကြီးမားလာ၏။ သာသနာ အရှိန်အဝါ ထက်သည်နှင့်အမျှ အရှုံဂိုဏ်းလည်း အင်အားတက်လာ၏။ ဘိုးတော် ဦးဝိုင်း လက် ထက်သို့ ရောက်သောအခါ အတင်ဂိုဏ်းဝင် သာသနာပိုင်ဟောင်း အတုလယသမှာ တိုင်းပြည်မှ နှင်ထုတ်ခြင်း ခံရ၏။ ကြက်ငှက် တိရစ္ဆာန်တို့ကဲ့သို့ အဝတ်မပါ ပလာကိုယ်ထည်းထားပြီးလျှင် လှေ ဦးတွင် ခြင်းကြားနှင့်လှောင်၍ စလောင်းဖုံးနှင့် ထမင်းကျွေး၏။

## အတုလ ဘွဲ့ခံ ယယ်မည် ပေန်းထွေး

ဟူသော ကမ္ဗည်းစာလုံးကြီးရေး၍ လုံခား ရဲကာသျက် သရက်မြို့ ရောက်အောင် ဧရာဝတီမြစ်ကြောင်းလိုက် စုန်မျှော ပို့လွှတ်စေ ၏။ ရောက်ရာဆိပ်ကမ်းကလည်း လူတို့ကထွက်၍ မေးရန် အမိန့် ဆင့်ဆိုထားသောကြောင့် မေးကြရ၏။

"ခါးရောင်လုံ့ရောင်၊ ပြူးပြူးပြောင်၊ အမောင် ဘယ်က လူပေ လဲ"

ထိုအခါ လှေပေါ်တွင်ပါသော အမှုထမ်းတို့က ဖြေကြ၏။

"ဝိနည်းတတ်ယောင်၊ ပဏ္ဍိဆောင်၊ နှယောင်ကောက်နှင့် လူ မဲမဲ"

ထိုနောက် သရက်မြို့တဖက် အာလံကျွန်းစွယ်တွင် လွှတ်ခဲ့ကြ၏။ ဘိုးတော်လည်း "ငါ၏နိုင်ငံတော်အတွင်း၌ နေထိုင်ကုန်သော ရဟန်းတို့သည် သင်္ကန်းရုံ၏ အစွမ်းဖြင့် တူသောအယူ ရှိကြစေ"ဟု မင်းအာဏာ ထားတော်မူ၏။

× × ×

# နိဂုံး

# သာသနာ ကွယ်ခြင်း

သာသနာကွယ်ခြင်း အကြောင်း ငါးပါးရှိ၏။

(၁) ကျမ်းဂန်ပိဋကဟူသော ပရိယတ်၏ ကွယ်ခြင်း။

(၂) ပရိယတ်နှင့် လျော်သော အကျင့်ဟူသော ပဋိပတ်၏ ကွယ်ခြင်း။

(၃) မဂ်ဖိုလ်ဟူသော ပဋိဝေဓ၏ ကွယ်ခြင်း။

(၄) ရဟန်း၏အဝတ်အရုံဟူသော အသွင်အပြင်၏ ကွယ်ခြင်း။

(၅) ဘုရားရှင်၏ ကိုယ်တော်အစိတ်ဟူသော ဓာတ်တော် မွေတော်၏ ကွယ်ခြင်း။

ထိုငါးပါးတို့တွင် ကျမ်းဂန် ပိဋကဟူသော ပရိယတ် သည်သာလျှင် သာသနာတည်ခြင်း၏ အကြောင်းရင်းတည်း။ထိုစကားသည်လျှင် မှန်စွ။ ပညာရှိသောသူသည် ပရိယတ်ကိုသင်၍ ပဋိပတ်၊ ပဋိဝေဓ နှစ်ပါးကိုပင် ဖြည့်ကျင့်နိုင်၏။ ပရိယတ် တည်သည် ရှိသော် သာသနာတော်မြတ် တည်၏။ ပရိယတ် မတည်သည် ရှိသော် သာသနာတော်မြတ် မတည်လေ။

နောက်ကာလရောက်သော် ကလိယုဂ်မင်းတို့လက်ထက် လူတို့ တရားမစောင့်ကုန်လျှင် မိုးလေမမှန်၍ ပစ္စည်းရှားပါးသဖြင့် ပရိ

ယုတ်ယုတ်လျော့လျော့လေ၍ အနက်ပါဠိအားဖြင့် မဆောင်ရွက်နိုင်ကုန်။ အဘိဓမ္မာ ပိဋကသည် ရှေးဦးစွာ ပဋ္ဌာန်းကျမ်းကြီးကစ၍ အစဉ်အတိုင်း တရွေ့ တရွေ့ ကွယ်ပလေ၏။ ထို့နောက်သုတ္တန် ပိဋကသည် အင်္ဂုတ္တရနိကာယ် ဧကာဒသနိပါတ်ကစ၍ အစဉ်အတိုင်း တရွေ့ရွေ့ ကွယ်ပလေ၍ ထို့နောက် သံယုတ္တနိကာယ်၊ မဇ္ဈိမနိကာယ်၊ ဒီဃနိကာယ်တိုင်အောင် အစဉ်အတိုင်း တရွေ့ တရွေ့ ကွယ်ပလေ၏။ ဝိနည်းပိဋကကိုလည်း လဇ္ဇီပုဂ္ဂိုလ်တို့သာ ဆောင်ရွက်ကုန်အံ့။

လာဘ်ကိုလိုသော တရားဟောပုဂ္ဂိုလ်တို့လည်း အခြားတရားကို ဟောသော် မှတ်သားလိုသူမရှိ၍ ဇာတ်ကိုသာ ဆောင်ကုန်အံ့။ ထို့နောက် ဇာတ်ကိုမျှ အစေ့ အစုံ မဆောင်နိုင်ကုန်သဖြင့် ဝေဿန္တရာဇာတ်ကစ၍ အစဉ်အတိုင်း တရွေ့ တရွေ့ ကွယ်ပလေ၏။

အကြင်မျှလောက်သော ကာလ၌ လူတို့ဝယ် လေးပါဒရှိ တဂါထာပင်လည်း ထင်ရှားသေး၏။ ထိုမျှလောက် ကာလပတ်လုံး ပရိယတ်ကွယ်သည် မမည်လေ။

အကြင်အခါ၌ သာသနာ၀ယ် သဒ္ဓါကြည်ညိုသောမင်းသည် ဆင်ကျောက်ကုန်းထက် ရွှေပန်းတောင်း၌ အသပြာထောင်ထုပ်ကိုတင်၍ "သဗ္ဗညုဘုရား ဟောကြားသော လေးပါဒမျှရှိသော တဂါထာခန့်ကိုပင် သိသသူတို့သည် ဤသပြာထောင်ထုပ်ကိုယူစေကုန်"ဟု မြို့တွင်း မြို့ပြင် သုံးကြိမ်တိုင်အောင် စည်လှည့်စေသော်လည်း တဂါထာခန့်ကိုပင် တတ်သသူ၊ သပြာထောင်ထုပ်ကို ယူဝံ့သသူ မရှိ၍ ထိုသပြာထောင်ထုပ်ကို မင်းအိမ်သို့သာ သွင်းရလေကုန်၏။ ထိုသို့သောအခါ ပရိယတ္တိသာသနာ ကွယ်သည်မည်၏။

သာသနာတော် ကာလရှည်လျားလတ်သော် စျာန်-ဝိပဿနာ၊ မဂ်-ဖိုလ်တို့ကို မဖြစ်စေနိုင်ကုန်။ စတု ပါရိ သုဒ္ဓိ သီလ လေးပါးမျှကိုသာ စောင့်ရှောက်ကုန်အံ့။ ထိုနောက် ကာလလျားပြန်သော် ထိုသီလလေးပါးကိုပင်လည်း အပြည့်အစုံ မစောင့်ရှောက်ကြကုန်ဘဲ၊ ကမ္မဋ္ဌာန်း ဘာဝနာ မစီးဖြန်းကြကုန်ဘဲ "ယခုအခါ မဂ်ဖိုလ် မရနိုင်ပြီ" ဟု လုံ့လလျော့ကြကုန်လျက် ပျင်းရိခြင်းများသည်ဖြစ်၍ တဦးကိုတဦး အပြုအမူ သင့် မသင့်၊ ရာ မရာကို မစောဒနာကြကုန်၊ မအောက်မေ့စေကုန်၊ နောင်တ ပူပန်ခြင်း မရှိကြကုန်၊ ငယ်ငယ် ကြီးကြီးသော အကျင့်သိက္ခာပုဒ်တို့ကို ကျော်နင်းကြကုန်အံ့။ ထိုနောက် ကာလရောက်သော် ပါစိတ်အာပတ်၊ ထုလ္လစ္စည်း အာပတ်၊ သံဃာဒိသိသ် အာပတ်များသင့်ကြကုန်အံ့။ ပါရာဇိကအာပတ် လေးပါးမျှသာ ကြွင်းအံ့။ ထိုပါရာဇိက အာပတ် လေးပါးကို စောင့်ရှောက်သော ရဟန်း အရာအယောင်ပင်ရှိသော်လည်း ပဋိပတ္တိသာသနာ ကွယ်သည် မမည်သေး။ ထိုရဟန်းတို့တွင် နောက်ဆုံးဖြစ်သော ရဟန်း၏ ပါရာဇိက လေးပါးတွင် တပါးပါး သင့်ခြင်းဖြင့်၎င်း၊ သေလွန်ခြင်းဖြင့်၎င်း ပဋိပတ္တိသာသနာ ကွယ်သည် မည်လေ၏။

ဘုရားကိုယ်တော် ထင်ရှားရှိသည်ကစ၍ သာသနာတော် စည်ပင်သောကာလ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ ပဋိသမ္ဘိဒါ လေးပါး၊ ဝိဇ္ဇာသုံးပါး၊ အဘိညာဉ် ခြောက်ပါးဟု ဆိုအပ်သော ပဋိဝေဓတရားကို အပြည့်အစုံ ရကြ၏။ သာသနာတော် ကာလလျားလတ်သော် ပဋိသမ္ဘိဒါ လေးပါးကစ၍ တစတစ ကွယ်ပလေအံ့။ မဂ်ဖိုလ်ရသော အရိယာတို့တွင် နောက်ဆုံးဖြစ်သော သောတာပန်၏ သေလွန်ခြင်းဖြင့် ပဋိဝေဓ သာသနာတော်မြတ် ကွယ်ပသည် မည်၏။

သာသနာတော်မြတ် ကာလရှည်လျား၍ ဆုတ်ယုတ်လတ်သော် သပိတ်ဝှဲခြင်း၊ သင်္ကန်းဝတ်ခြင်း၊ လက်ခြေကွေးခြင်း၊ ဆန့်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ အပြုအမူ အနေအထားများသည် ကြည်ညိုဘွယ် မရှိ။ တက္ကတွန်း ရဟန်းများကဲ့သို့ အိမ်ဖူးတောင်းကို သပိတ်အဟန် လက်ရုံးတွင် ကွယ်လျက် ယူဆောင်၍ ထိုမှ ဤမှ သွားလာကုန်အံ့။ ထိုသို့ပင် သွားလာသော်လည်း ရဟန်းအသွင် မကွယ်ပသေး။

ထို့နောက် ရှည်လျားလတ်သော် လက်ရုံးဖျားမှ လျှော၍ လက်ဖြင့်ရှင်း၊ ဆိုင်းဖြင့်ရှင်း တွဲလွဲဆွဲ၍ ထိုမှဤမှ သွားလာကြကုန်အံ့။ သင်္ကန်းကိုလည်း ဆိုးရည်ဖြင့် လျှောက်ပတ်အောင် မဆိုးဘဲ ကုလားအုတ် ကျောက်ကုန်းအဆင်းကဲ့သို့ ဆိုး၍ ထိုမှဤမှ သွားလာကုန်အံ့။

ထိုနောက် ကာလရောက်လသော် အလျှင်းပင် ဆိုးရည်မဆိုးဘဲ အမြိတ်အဆာ ဖြတ်ကာမျှဖြင့်ရှင်း၊ မြောင်းတလုပ် ချုပ်ကာမျှဖြင့်ရှင်း၊ ကပ္ပဗိန္ဒုထိုးကာမျှရှင်း သုံးဆောင်ကြကုန်အံ့။

ထိုနောက် ကာလလျားလတ်သော် မြောင်းတလုပ် ချုပ်ခြင်း၊ ကပ္ပဗိန္ဒု ထိုးခြင်းမျှ မပြုဘဲ အမြိတ်အဆာဖြတ်ကာမျှကိုသာ ပြုလျက် ပုရဗိုဇ်ရဟန်းတို့ကဲ့သို့ ထိုမှ ဤမှ သွားလာကြကုန်အံ့။

ထိုနောက် ကာလရောက်ပြန်လတ်သော် 'ဤသင်္ကန်းဖြင့် ငါတို့အား အဘယ်အကျိုး ရှိအံ့နည်း' ဟု ဖန်ရည်စွန်းသောသင်္ကန်းပိုင်းငယ်ကို လက်၌ရှင်း၊ လည်၌ရှင်း ရစ်ဖွဲ့ကုန်လျက် ထိုသင်္ကန်းပိုင်းငယ်ဖြင့် ဆံနှိုက်မှုလည်း အုပ်ကုန်လျက် ထိုမှ ဤမှ သွားလာကြကုန်အံ့။ မယားမွေးခြင်း၊ လယ်ထွန်ခြင်း၊ စိုက်ပျိုးခြင်း စသဖြင့် အသက်မွေးမှု တခုခုကို ပြုကုန်၍ ထိုမှ ဤမှ သွားလာကြကုန်အံ့။ ထိုသို့ ဖန်ရည်စွန်းသော သင်္ကန်းပိုင်းငယ်ကို ဆောင်

သည်တိုင်အောင်လည်း ရဟန်းအသွင် ကွယ်သည် မမည်သေး။ ထိုအခါ၌လည်း သံဃာတော်ကိုရည်၍ အလှူပေးသော် သံဃာ ဒါနအကျိုး အတိုင်းမသိ ရသေး၏။

ထို့နောက် ကာလလျှောလတ်သော် အထူးထူးအပြားပြား အခင်းအမှု ပြုကုန်လျက် 'ငါတို့အား ဖန်ရည်စွန်းသော သင်္ကန်း ပိုင်းငယ် ဝတ်ခြင်းသည် ကြွန့်ကြာ၏။ ဤသင်္ကန်းပိုင်းငယ်ဖြင့် အ ဘယ်မူ စအံ့နည်း' ဟု သင်္ကန်းပိုင်းငယ်ကို ဆုတ်ဖြတ်၍ ပစ်လွှတ် ကြကုန်လတ္တံ့။ ထိုအခါ ရဟန်း၏ အသွင် ကွယ်သည် မည်လေ၏။

မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ် "ငါ၏ ဓာတ်တော် မွေ တော်တို့သည် ပူဇော်သက္ကာရ ရရာအရပ်သို့ ပြောင်း၍ သတ္တဝါ တို့ စီးပွားများအောင် တည်ရစ်စေ"ဟု အဓိဋ္ဌာန်ပြုတော်မူ၏။ ထို့ကြောင့် ဓာတ်တော်မွေတော်တို့သည် ပူဇော်သက္ကာရ ရရာကို ပြောင်း၍ ပူဇော် သက္ကာရကို ခံကုန်မြဲတည်း။ ကာလလျှောလတ် သော်ကား ဓာတ်တော်မွေတော်တို့ကို အလေးအမြတ်ပြုသော အရပ်နည်း၍ မပြုသောအရပ် များလေ၏။ ထိုအခါ ဓာတ်တော် မွေတော်တို့သည် သီဟိုဠ် မဟာစေတီကြီး၌သာ ရှေးဦးစွာ တပေါင်းတည်း စုဝေးလာကုန်လတ္တံ့။ ထို့နောက် နာဂ ဒီပ ကျွန်း လင်းလွန်းပင် စေတီမှာ စုဝေးလာကုန်လတ္တံ့။ ထို့နောက် ပွင့်တော်မူရာ မဟာဗောဓိမဏ္ဍိုင်မှာ စုဝေး လာကုန်လတ္တံ့။ လောကတွင် ရှိလေသမျှ ဓာတ်တော်မွေတော်တို့သည် တမုန်ညင်း ခန့်မျှ မကြွင်းမကျန် မဟာဗောဓိမဏ္ဍိုင်မှာ စုဝေးလာကုန် သတည်း။

ထိုသို့ မဟာဗောဓိဝယ် စုဝေးပြီးလျှင် ဓာတ်တော်မွေတော် တို့ပင် မြတ်စွာဘုရားအသွင်တော်ကို ပီပြင်စွာ ဖန်ဆင်း၍ လက် မှန်ရှေးဦး ပွင့်တော်မူစ ကာလကဲ့သို့ မဟာဗောဓိပင်ဝယ် ထက်

ဝယ်ဖွဲ့ခွေ နေတော်မူလျက် အသရေ အပေါင်းဖြင့် တင့်တယ်စွာသော ကိုယ်တော်မြတ်ကို ပြကုန်လတ့်။ ထိုသို့ သက်တော်ထင်ရှား ဘုရားကိုယ်တော်အတု ဖန်ဆင်းပြီးမှ ရေမီး အစုံ ထွက်သော ယမိုက်ပြာဋိဟာကို ပြကုန်လတ့်။ ရောင်ခြည်တော် ခြောက်သွယ်လွှတ်ကုန်သုက် စကြဝဠာ တသောင်း ပြန့်နှံ့လတ့်။

ထိုအခါ လူတို့ မပြုံး မတွေ့ရကုန်။ နတ်၊ ဗြဟ္မာတို့သာ ဖူးတွေ့ရကုန်လတ့်။ ထိုနတ်၊ ဗြဟ္မာတို့ ညည်းငေး ဖူးတွေ့ကုန်၍ ‘ယနေ့ သာသနာကွယ်လေပြီ။ ယနေ့ကစ၍ လောကဝယ် အမိုက်အတိသာ ဖြစ်လေတော့အံ့’ ဟု နှလုံးပြုကုန်၍ ဘုရား နိဗ္ဗာန်လားသော နေ့ကထက် လွန်ကဲစွာ သနားစုံမက် ငိုကြွေး မည်တမ်း ကြကုန်လတ့်။ ထိုငေ့တွင် ဓာတ်တော်တို့မှ မီးကျက်၍ အလုံးစုံ အကြွင်းမရှိ ကျွမ်းလေသတ့်။ ထိုအခါ နတ်၊ ဗြဟ္မာတို့သည် စည် စောင်း ညင်းသံ ဝသည်တို့ဖြင့် ပူဇော်သက္ကာရ ပြုကုန်လျက် မဟာဗောဓိကို သုံးကြိမ် လက်ယာရစ်လှည့်၍ ရှိခိုးကုန်လျက် နောင်အခါ ပွင့်လတ့်သော ဘုရားရှင်ကို ဖူးတွေ့ရပါလိုသောဟု ဆုပန်၍ ပြန်သွားကြကုန်လတ့်။

ဤသို့လျှင် ဓာတ်တော် မွှေတော်တို့ မီးသ၍ လောင်သဖြင့် ကုန်စင်ခြင်းသည် ဓာတ်တော်မွှေတော်တို့ ကွယ်သည် မည်၏။

ဦးသော်ဇင် ဘာသာပြန်

## မိလိန္ဒ ပဉှာ

မြတ်စွာဘုရား ထင်ရှားရှိခဲ့ပါသလော။

သူသည် လောကတွင် အမြတ်ဆုံးလော။

သူသည် အလုံးစုံကို အကုန်သိသော သမ္ဗုဒ္ဓ ဥာဏ်ရှင်လော။

ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ ရှိပါသလော။

ထိုကံတို့၏ အကျိုးဖလ အာနိသံသ ရှိပါသလော။

ရှေးဘဝ ရှိခဲ့သလော။ နောက်ဘဝ ရှိဦးမည်လော။

နိဗ္ဗာန်သည် အဟုတ်တကယ် ချမ်းသာသလော။

ရဟန်းပြုရန် လိုသေးသလော။

ဤသို့ အစရှိသော ပြဿနာအသီးသီး၊ ယုံမှားခြင်း အသွယ်သွယ်တို့ဖြင့် ရှုပ်ထွေးပွေရှက် အဖြေခက်နေပါသလား။ ထိုထို ပြဿနာတို့၏ တခုတည်းသော အဖြေမှာ

**'မိလိန္ဒ ပဉှာ' ဖြစ်၏။**

မကြာမီ

ပဌမအကြိမ် ထုတ်ဝေမည်။

၃- ကျပ်။

ဖတ်ရှုလေ့လာရန် ခဲယဉ်းသော၊ မလွယ်ကူသော၊
အခွင့်မကြုံနိုင်သော၊ လွယ်ကူ၍ အခွင့်ကြုံနိုင်ငြား
ရုတ်ချည်း သဘောမပေါက်နိုင်သော၊ နားမလည်နိုင်သော
အင်မတန် လေးနက်၍ ခန့်ငြားသည့်

ပိဋကတ် သုံးပုံ-နှင့်
ယင်း၏ အဆီအနှစ်ကို

လူတိုင်း အလွယ်တကူ နားလည်နိုင်အောင်၊ လူတိုင်း အလွယ်တကူ
သဘောပေါက်နိုင်အောင် လူတိုင်းအလွယ်တကူလေ့လာနိုင်အောင်
ထုတ်နုတ်ဖွင့်ဆို၍ ရှင်းလင်းအပ်သော စာအုပ်ထူး

# ဝိမုတ္တိရသ

## [လွတ်မြောက်ကြောင်းအရသာ]

## ဦးသော်ဇင်

ထို့ပြင် ဗုဒ္ဓ၏ ဝိမုတ္တိရသ မည်သော လွတ်မြောက်ခြင်း၏ အရသာ အနက် အဓိပ္ပာယ်ကို အိန္ဒိယမှ ကမ္ဘာကျော် ဒဿနိက ဆရာကြီးများ၏ ဒဿန (ဖီလိုဆိုဖီ) ပေါင်း ၆၄ မျိုးဖြင့်လည်း နှိုင်းယှဉ်ထားပေးသေးရာ

လူသားတိုင်း၏ နောက်ဆုံးလိုလားချက်
(သို့မဟုတ်)
လူ့ဘဝအတွက် မွန်မြတ်သောခံယူချက်ကို
လွယ်လင့်တကူ သဘောပေါက်လာချိမ့်မည်။

ပုဂံ စာအုပ်တိုက်မှ ထုတ်ဝေမည်။